

လယ်တွင်းသား
တေချစ်
တစ်ခုလပ်ပေမယ့်
ကွက်လပ်မရှိ

ဤ လယ်တွင်းသားစောချစ်၏ "တစ်ခုလပ်ပေမဲ့ ကွက်လပ်မရှိ" ဝတ္ထုက
စာမူခွင့်ပြုချက်အမှတ် ၃၃၁/၉၅ (၆)အရ၊ ဒေါ်တင်ရွှေ (၀၁၄၄၀)၊ အောင်ချမ်
သာပုံနှိပ်တိုက်၊ ၅၄၊ ၉၃လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့မှ ပုံနှိပ်ပြီး
ချက်နှာဖုံး ခွင့်ပြုချက်အမှတ် ၂၉၈/၉၅ (၆)အရ၊ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်၊ ၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ဦးလှရွှေ
(၀၁၁၈၃) လှရွှေးစာပေ၊ ၂၅၊ ၁၂၆လမ်း၊ ရန်ကုန်မြို့မှ ၁၉၉၅ ခု၊ ဇူလိုင်လတွ
အုပ်ရေ ၅၀၀ ကို တန်ဖိုး ၉၀/ကျပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။

ဖြန့်ချိရေး - ပြုံးပန်းတစ်ရာစာပေ၊ ဖုံး - ၇၅၁၂







# လယ်တွင်းသားစောချစ်

## တစ်ခုလပ်ပေမယ့် ကွက်လပ်မရှိ

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

စည်းကမ်းလိုက်နာ အောင်ကာဆွ

ရိုးသားကြိုးစား လုပ်အားဖြင့် နိုင်ငံတည်

ရပ်ရွာအေးချမ်းစေလို့ ဥပဒေရိုပ်ကိုခို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ဓမ္မနကျသောတာဝန်ဖြစ်သည်

အခန်း (၁)

"မေမေရယ်...."
မိုးမိုးအေး ရင်ထဲမှာ မြည်တမ်းနေမိသည်။
ခေါင်းထဲမှာ ပြဿနာထည့်ပေးလိုက်သော မေမေ....
"အဲဒါက ဘဝထဲအထိ ပြဿနာကြီး ဖြစ်လာရင်း...."
မိုးမိုးအေး စိတ်မောရသည်။
ညရဲ့တိတ်ဆိတ်မှုကြောင့် မိုးပေါက်သံ တဖြောက်ဖြောက်က ပို၍ အသံကျယ်နေသည်။
ညဉ့်နက်ပြီ ဖြစ်သော်လည်း မိုးမိုးအေး အိပ်၍မပျော်နိုင်။
အိပ်ချင်စိတ်လည်းမရှိ။
တစ်ဘဝလုံးနှင့်ဆိုင်သော ပြဿနာကြီးက လူတစ်ကိုယ်လုံးကို ဖိစီးနေသည်။

ရာသီဥတုအေးနေပါလျက် မိုးမိုးအေးရင်ထဲမှာ ပူလောင်နေသည်။

နေမင်းတစ်ရာ....

"ဟုတ်တယ်၊ နာမည်ကိုက ပူလောင်နေတာ"

နေမင်းတစ်ရာကို မိုးမိုးအေး မကျေနပ်။

"ဒေါ်တင်တင်မော်"

"ဟင်း....သူ့သားအတွက်ပဲကြည့်တယ်"

ဒေါ်တင်တင်မော်ကိုလည်း မကျေနပ်။

ထိုပြဿနာကြီးကို လက်ခံသဘောတူလာသူ....

"ဩော်....မေမေရယ်"

မေမေ့ကိုတော့ မကျေနပ်မဖြစ်ရက်။

မေမေသည် သဘာဝတရား၏ သေဒဏ် စီရင်ချက်ချထားခြင်းကို ခံရသူ။

သားအိမ်ကင်ဆာ....ရောဂါက ပြန့်နေပြီ။ နောက်ထပ် အလွန်ဆုံးခံမှ ငါးလခြောက်လဟု ဆရာဝန်က မိုးမိုးအေးကို တိုးတိုးလေး ပြောပြသည်။

သို့သော် မေမေသိသွားသည်။

ဒေါ်တင်တင်မော်တစ်ယောက်ကိုသာ မိုးမိုးအေး ပြောမိသည်။

"ဟင်....ဒီယုန်မြင်လို့ ဒီချုံထွင်တာ"

မေမေ ဘာလို့သိသွားရတယ်ဆိုတာ၊ ဒေါ်တင်တင်မော် ဘာကြောင့်ပြောလိုက်ရသလဲဆိုတာ ခုမှ မိုးမိုးအေး နားလည်သွားသည်။





သူ့ရောဂါ သူနေရမည့်အချိန်နှင့်တွက်ပြီး မေမေက အကျပ်ကိုင်လာသည်။

ငြင်းရန်ခက်သောပြဿနာကို အဆိုပြုလာပြီ။

ခြံကျယ်ကျယ်မှာ အိမ်ကြီးကြီးနှင့် သမီးလေးကို တစ်ယောက်တည်း မထားခဲ့ချင်၊ နေမင်းတစ်ရာနှင့် လက်ထပ်ပေးခဲ့လျှင် စိတ်အေးရမည်ဟု ဆိုသည်။

ဒေါ်တင်တင်မော်၏စကားကို နားဝင်နေပြီ။

နေမင်းတစ်ရာမှာ ငယ်ငယ်ကတည်းက အလိုလိုက်ထား၍ လူတကာကို အနိုင်ကျင့်ချင်သူ။

စစ်တွေမှာ အတူနေခဲ့ရသော ကောင်ဆိုးလေးကို မြင်ယောင်မိသည်။

သူ့အဖေ ဦးအောင်ကျော်က ဒုရဲမှူးကြီး၊ ဖေဖေက ဦးအောင်ကျော်၏လက်အောက်မှာ ရဲမှူး။

နေမင်းတစ်ရာက မိုးမိုးအေးထက် လေးနှစ် အသက်ငယ်သည်။ သို့သော် ထိုအချိန်ကတည်းက မိုးမိုးအေးကို အနိုင်ကျင့်ခဲ့သည်။

"သူက ကလေးပဲသမီးရယ်"

မေမေက ဖျောင်းဖျသည်။

သူ့အဖေမျက်နှာနှင့် သည်းခံရသည်။

ဦးအောင်ကျော် ရန်ကုန်မှာ ရဲမှူးကြီးဖြစ်တော့ သူ့အကူအညီနှင့် ဖေဖေ ရန်ကုန်ကိုရောက်ရသည်။ ဒုရဲမှူးကြီး ရာထူးနှင့် ဖြစ်သည်။

ထိုကျေးဇူးကို မေ့က အကြီးကြီးတင်နေသည်။

ဒေါ်တင်တင်မော်ကလည်း မေမေ့အပေါ် လွှမ်းမိုးနိုင်လွန်းသည်။ မေမေ့ခမျာ ငယ်ကြောက်လို ဖြစ်နေရှာသည်။

အကြောင်းပြချက်တွေကလည်း သိပ်ကောင်း။ ဆွေလိုမျိုးလိုဖြစ်နေသော မိသားစုနှစ်ခုမှ တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီး လက်ထပ်၊ နှစ်ဖက်ရှိသမျှ စည်းစိမ်ပုံပေး၊ တစ်သက်လုံး ချမ်းချမ်းသာသာ နေကြပေတော့။

“အဲဒါဆိုရင် မေမေလဲ သေရမှာမကြောက်တော့ဘူးပေါ့ သမီးရယ်၊ စိတ်ချလက်ချ မျက်စိနှစ်လုံးပိတ်လို့ရပြီပေါ့”

ပြော၍…. မေမေမှာ စိတ်ချလက်ချ မျက်စိနှစ်လုံးပိတ်သွားပြီး၊ သမီးကတော့ မျက်စိနှစ်လုံးပွင့်လျက် တစ်သက်လုံး ဒုက္ခကို ခံစားနေရမယ့် အဖြစ်။

နှစ်ဖက်စည်းစိမ်ပေါင်းလျှင် စိန်မရှား၊ မြမရှား အလွန်ပင်များမည်မှာ မှန်သော်လည်း အိမ်ထောင်တစ်ခုမှာ မေတ္တာမပါလျှင် မည်သို့သာယာပါမည်နည်း။

နေမင်းတစ်ရာကို မိုးမိုးအား ချစ်၍ရမည်မထင်။ အသက်ချင်းကွာသလို ပညာအဆင့်ကလည်း ကွာလွန်းသည်။

ကိုယ်က ဘွဲ့ရပြီး၍ မဟာသိပ္ပံနောက်ဆုံးအပိုင်းရောက်နေပြီ၊ သူက ခုထိ ဆယ်တန်းဖြင် မအောင်သေး။ အောင်တော့မည်လည်း မထင်။ သုံးနှစ်ဆက်တိုက်ကျထားပြီး….





လက်ရှိလည်း အပေါင်းအသင်းစုံ၍ ပေတေသောက်စားနေသောကြောင့် သူ့အမေ မနိုင်၍ ကိုယ့်လက်ထဲအပ်ချင်သူ။

“မဖြစ်ပါဘူး မေမေရယ်၊ ဒီလောက်ဆိုးပေတေနေတာ” မိုးမိုးအား ငြင်းပါသည်။ သို့သော်….

“အဲဒီလို ဆိုးပေတေနေလို့ကို သူ့အမေမမတင်က သမီးနဲ့ လက်ထပ်ပေးချင်တာပေါ့၊ လူငယ်ဆိုတာ ဒီလိုပါပဲ သမီးရယ်၊ မိဘကလဲ တစ်ဦးတည်းသောသား၊ အလိုလိုက်ထားတော့ ဆိုးရလို့ ဆိုးနေတာပါ၊ အိမ်ထောင်ကျသွားရင် ငြိမ်သွားကြတာပါပဲ၊ သမီးက လိမ္မာတယ်၊ ဉာဏ်ပညာရှိတယ်၊ ရုပ်ရည်ကလဲ ချောတယ်၊ သူ သမီးကို သိပ်ချစ်မှာပါ၊ ခုပဲ သူ့အမေကမေးတော့ မိုးမိုးနဲ့ဆိုရင် ငြင်းစရာမရှိပါဘူးတဲ့၊ သူ့ဘက်ကလက်ခံတာ သမီးကို သူချစ်လို့ပေါ့၊ သမီးကသာ မေတ္တာနဲ့ သူ့ကို ပြုပြင်ထိန်းချုပ်သွားရင် လူကောင်းလေး ဖြစ်သွားမှာပါ….

“အဲဒါဆိုရင် သာယာတဲ့ သမီးတို့အိမ်ထောင်လေးကို ကြည့်ပြီး မတောင်ရော မေမေရော စိတ်ချမ်းသာကြရမှာပါ သမီးရယ်….”

လူကြီးတွေ သူတို့အတွေးနဲ့သူတို့ ဇာတ်ညွှန်းလှလှရေးနေကြသည်။

တကယ်ကရမည့် လူငယ်နှစ်ယောက်၏ ဇာတ်လမ်းအတွက် မိုးမိုးအားသာ ရင်လေးနေရသည်။

"ကောင်းသွားရင် တော်ပါရဲ့ မေမေရယ်"

"ဪ….ကောင်းသွားရမှာပေါ့ သမီးရယ်"

မေမေက စိတ်ချလက်ချ ယုံနေသည်။

"ကောင်းမသွားရင်…."

"ကောင်းသွားအောင် ငါ့သမီးက တတ်နိုင်တယ်လို့ မေမေယုံပါတယ် သမီးရယ်၊ မေမေ့ကို စိတ်ချမ်းသာစေချင်ရင် မေမေ့စကား နားထောင်ပါ သမီးရယ်၊ မေမေ့မှာ နေချိန်လဲ သိပ်မရှိတော့ဘူး၊ အလွန်ဆုံး နေရမှ ငါးလ ခြောက်လဆိုပေမယ့် မြန်ချင်ရင် သုံးလေးလလဲ ဖြစ်နိုင်ပါတယ်၊ မေမေ့ဝေဒနာကို မေမေ သိပါတယ်"

အခု ပြန်စဉ်းစားသည်ပင် မိုးမိုးအေး မျက်ရည်များ ရစ်ဝိုင်းလာရသည်။ မေမေ ပြောသည်ကို ကြားရစဉ်က မျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။

မေမေ့ကို သိပ်သနားသည်။

"ဒါပေမယ့် သမီးရယ်၊ ကိုယ်ခံရတဲ့ ဝေဒနာထက် သမီးလေးကို လောကအလယ်မှာ တစ်ယောက်တည်း ထားခဲ့ရမှာကို စိုးရိမ်တဲ့စိတ်က ပိုပြီး ခံရပါတယ်"

မေမေက ပြောရင်းမှ ငို၍ မိုးမိုးအေးပါ ငိုရသည်။

"ဒီသုံးလလောက်အတွင်းမှာ ဖြစ်နိုင်ရင်တော့ ဒီတစ်လအတွင်းပေါ့ သမီးရယ်၊ မေမေလဲ ထူထူထောင်ထောင်ရှိတုန်း သမီးကို အိမ်ထောင်ချပေးချင်တယ်၊ သမီးမှာလဲ ခုထိ ချစ်သူမရှိတူးဆိုတော့ ဒီတစ်လအတွင်း တခြားတစ်ယောက် စဉ်းစားဖို့လဲ ဘယ်လိုလုပ် ဖြစ်နိုင်မလဲ"





ကိုယ့်မှာ ချစ်သူမရှိသော အဖြစ်ကိုပင် ကိုယ့်ဘာသာ အပြစ်တင်ရမလို ဖြစ်နေသည်။

ဆယ်တန်းအောင်ပြီးစက မလိမ်မိုးမလိမ္မာနှင့် ချစ်သူတစ်ယောက် ရှိဖူးပါသည်။

ချမ်းသာသည်။ သုံးနိုင်ဖြုန်းနိုင်သည်။ ဆိုင်ကယ်တစ်စီးနှင့် အထင်ကြီးစရာ။ သူက ချစ်ရေးဆို၍ အပေါင်းအသင်းများကလည်း ကောင်းချီးပေးကြသောကြောင့် အဟုတ်ထင်ပြီး သူ့မေတ္တာကို တုံ့ပြန်ခဲ့ဖူးသည်။

ရည်းစားသက် ခြောက်လကျော်မှာ သူ့ဆိုင်ကယ်တွင် တခြားမိန်းကလေး တင်သွားသည်ကို ကိုယ်တိုင်မြင်၍ မေးတော့ သူ မငြင်းနိုင်။ လိမ်ညာရန် ကြိုးစားရင်း ဘွင်းဘွင်းပေါ်သည်။ သစ္စာမရှိသူ၊ မျက်နှာများသူ။

စိတ်အနာကြီးနာ၍ ရပ်တမ်းကရပ်ပြီး ပြတ်တမ်းကပြတ်ခဲ့သည်။ ယောကျ်ားတွေကို စိတ်ပျက်သွား၍ နောက်ထပ် ချစ်သူမထားဘဲ ပညာရေးကိုသာ ကြိုးစားခဲ့သည်။ တက္ကသိုလ်ဝန်းကျင်မှာ သူငယ်ချင်းများနှင့်သာ ပျော်ပျော်ရွှင်ရွှင် နေခဲ့သည်။

ကြိုးစားသူတွေ ရှိပါသည်။ ဘယ်သူ့မှ လက်မခံခဲ့။

ခုတော့ မောင်ငယ်အရွယ် နေမင်းတစ်ရာကို ချစ်ရတော့မည်။

ချစ်၍ရပါမည်လား။

ရင်ထဲမှ ဘာခံစားချက်မျှမရှိ။

လက်ထပ်ပြီးရင် ချစ်သွားနိုင်မလား။

နေမင်းတစ်ရာ၏ပုံကို စဉ်းစားကြည့်သည်။

ရုပ်ကတော့ ခြွင်းစရာမရှိပါ။

အသားဖြူသည်။ အရပ်က အမြင့်ကြီး မဟုတ်သော်လည်း ငါးပေခုနစ်လက်မခန့်ရှိ၍ မြန်မာထဲမှာတော့ အရပ်မြင့်သူဖြစ်သည်။ ဂျင်းဘောင်းဘီအပြာနုရောင်ကို အမြဲလိုပင် ဝတ်ဆင်သည်။ ဘောင်းဘီနှင့်အဆင်ပြေသော ကိုယ်လုံးကိုယ်ပေါက်ရှိသည်။

မျက်နှာမှာ ပြုံးပြုံးရွှင်ရွှင်နေလျှင် ကြည့်ကောင်းသူဖြစ်ပါလျက် အလိုလိုက်ခံရသောသားတို့၏ ထုံးစံအတိုင်း အနိုင်ကျင့်လိုဒိတ်၊ ဆိုးချင်တေချင်စိတ်များကြောင့် အလှပျက်နေသည်။

"ပြုံးပြုံးရွှင်ရွှင်နဲ့ ချစ်တတ်ကြင်နာတတ်တဲ့ လူကောင်းလေး ဖြစ်လာအောင် ငါ သူ့ကိုပြုပြင်လို့ ရနိုင်မလား"

မိုးမိုးအေး မရှက်မကြောက် စဉ်းစားနေရပြီ။

မဘတ်နိုင်ပါ။ မေမေ့ကို တစ်ည စဉ်းစားခွင့်တောင်းထားသည်။ ဘက်စုံ စဉ်းစားရမည်။

အိမ်အမိုးပေါ်မှာ တဖြောက်ဖြောက်ကျနေသော မိုးပေါက်သံလေးများကို ကြားနေရသည်။

မေမေကတော့ 'စဉ်းစားတာလဲ စဉ်းစားပေါ့ သမီးရယ်၊ ဒါပေမယ့် မေမေ့ဆန္ဒအတိုင်း ဖြစ်အောင်လဲ စဉ်းစားပါ' ဟု ဆိုသည်။

မေမေ့ဘက်ကတော့ သူပြောသည့်အတိုင်း ဖြစ်ရေးက အဓိကဖြစ်နေသည်။





ဒေါ်တင်တင်မော်ကိုလည်း မေမေ ကတိပေးပြီးဟန်တူသည်။

မေမေ့ကို သနားပါသည်။

ဆရာဝန်စကားကိုလည်း ကြားယောင်မိသည်။

'သူစားချင်တာကိုကျွေးပါ၊ သူ စိတ်ချမ်းသာအောင်ထားပါ' ဟူ၍ဖြစ်သည်။

မေမေ၏ နောက်ဆုံးရက်ကလေးများမှာ မေမေ စိတ်ချမ်းသာစေချင်သည်။

မေမေ့ဆန္ဒကို ဖြည့်ဆည်းချင်ပါသည်။

သို့သော်....

နေမင်းတစ်ရာနှင့် တွေ့ချင်သေးသည်။ သူ့ဆန္ဒ၊ သူ့သဘောထားကို တီးခေါက်ကြည့်ချင်သေးသည်။

သူ့ဘက်က လက်ခံသည် ဆိုသောအချက်က ပြောင်းစားစရာ။

သူက ကိုယ့်ကို မေတ္တာရှိသည်ဆိုလျှင် ကိုယ်ကလည်း သူ့ကို မေတ္တာပုံပေးပြီး ပြုပြင်ယူရမည်။

မခြင်းသာသည့်အဆုံးမှာ ဖြစ်လာသည်ကိုပင် အကောင်းဆုံးဖြစ်အောင် ကြိုးစားရတော့မည်။

အဖြေက သူနှင့်တွေ့ဆုံသည့်အပေါ်မှာ တည်မည်။

မိုးမိုးအေး သက်ပြင်းတစ်ချက် ချလိုက်သည်။

နံနက်လင်းလျှင် မေမေလိုချင်သော အဖြေကိုတော့ ယတိပြတ် မပေးနိုင်သေး။

"ကိုနေနဲ့ တွေ့ချင်သေးတယ်၊ တွေ့ပြီးမှ အဖြေပေးမယ်လို့ ပြောရလိမ့်မယ်"

မိုးမိုးအေး ဆုံးဖြတ်ချက်တစ်ခုချ၍ရသည်။

"ဟုတ်တယ်၊ ဒါ အကောင်းဆုံးပဲ"

ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ့်ဘာသာ ထောက်ခံလိုက်သည်။

မိုးက ဖွဲ့ရာမှ သည်းလာသည်ကို မိုးမိုးအေး ကြားနေရပါသည်။

❖



## အခန်း (၂)

ဒေါ်ခင်ခင်နှင့် မိုးမိုးအေးတို့ ဒေါ်တင်တင်မော်၏ အိမ်သို့ သွားကြသည်။

ဒေါ်ခင်ခင်က အလျင်စလိုဖြစ်နေသည်။ သမီးစကားကို ကြားပြီးသည်နှင့် ဒေါ်တင်တင်မော်အိမ်သို့ ဖုန်းဆက်သည်။

ဒေါ်တင်တင်မော်က ခဏကြာတော့ ဖုန်းပြန်ဆက်သည်။ သူ့သားနှင့် ညှိနှိုင်းဟန် တူပါသည်။ လာခဲ့ကြပါဟု ခေါ်သည်နှင့် သားအမိနှစ်ယောက် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ဒေါ်တင်တင်မော် အိမ်ရောက်တော့ ဧည့်ခန်းထဲမှာ နေမင်းတစ်ရာရှိနေသည်။

မျက်နှာက အရင်လို မှုန်တေတေ ရှုသိုးသိုး မဟုတ်။ ကြည်ကြည်လင်လင် ဖြစ်နေသည်ကို မိုးမိုးအေး သတိထားမိသည်။

သို့သော် မိုးမိုးအေးစိတ်ထဲမှာ ရှက်နေသည်။

ယခင်က မောင်လို သဘောထားသော လူငယ်တစ်ယောက်။ ခုတော့ လက်ထပ်ရန် ချစ်သူအဖြစ် သဘောထားရမည့်သူ။

"ဟဲ့....သားနဲ့သမီး၊ ဘာမှရှက်မနေကြနဲ့၊ လူကြီးနှစ်ယောက်ကတော့ သဘောတူထားကြပြီ၊ အားလုံးလဲ အစီအစဉ်တွေ လုပ်ပြီးပြီ၊ မောင်နှမနှစ်ယောက် ခြံထဲသွားပြီး အေးအေးဆေးဆေး စကားပြောချေကြ"

ဒေါ်တင်တင်မော် ပြောပုံက အပိုင်ဖြစ်သည်။ အားလုံးပြီးစီးနေသော သဘော။

မိုးမိုးအေး ခေါင်းငုံ့လျက် ဆက်တီမှာ ဆက်ထိုင်နေသည်။

ကိုယ့်ရင်ခုန်သံကိုလည်း ကိုယ်ပြန်ကြားနေရသည်။

ယခင်က တရင်းတနှီး ဆက်ဆံခဲ့သော နေမင်းတစ်ရာကိုပင် မကြည့်ဝံ့သလို ဖြစ်နေသည်။

ရှက်ကြောက်စိတ်က တစ်ကိုယ်လုံး ဖုံးလွှမ်းနေ၏။

"သားက မိုးမိုးကိုခေါ်လေ"

ဒေါ်တင်တင်မော်က သူ့သားကို လှမ်းပြောသည်။

နေမင်းတစ်ရာ ပြုံးသည်။ သူလည်း ရှက်ပြုံးနှင့်....

"မိုးမိုးလာလေ"

နေမင်းတစ်ရာ၏အသံက ခပ်တုန်တုန်။





သူ့ဘေးမှာရပ်လာသော အရိပ်တစ်ခုကို မိုးမိုးအေး သတိထားမိသည်။

"သမီး....လိုက်သွားလေ"

ဒေါ်ခင်ခင်၏အသံ။

မိုးမိုးအေး ထိုင်နေရာမှ အတော်အားယူ၍ မတ်တတ်ရပ်လိုက်ရသည်။

သူ့ကို စီး မိုး ကြည့် နေ သော အပြုံးများနှင့် နေမင်းတစ်ရာ။

မိုးမိုး၏ ပါးပြင်လေးများ ပန်းနုရောင်သမ်းသွားကြသည်။

ကိုယ်က မောင်ငယ်တစ်ယောက်လိုထင်သူက ကိုယ့်ထက် ခေါင်းတစ်လုံးပိုမြင့်နေသည်။

ကိုယ့်ခေါင်းက သူ့မေးစေ့အောက်မှာ၊ ကိုယ့်မျက်နှာက သူ့ရင်ခွင်တည့်တည့်လောက်မှာ။

မေမေ့ရှေ့မှာ နေမင်းတစ်ရာ လက်ကို ဆွဲခေါ်မည်စိုး၍ မိုးမိုးအေး ရှေ့လျှောက်ရသည်။

မိခင်နှစ်ယောက်က လူငယ်နှစ်ယောက်ကို ပီတိမျက်လုံးများနှင့် ကြည့်နေသည်။

ထိုအကြည့်များကိုပင် မိုးမိုးအေး ရှက်နေရပြန်သည်။

နေမင်းတစ်ရာက ရှေ့မှထွက်သွား၍ မိုးမိုးအေး နောက်ပါးမှာ လိုက်ပါသွားခဲ့ရသည်။

ဩော်....ခုကတည်းက ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ပါနေရပြီလား....

မိုးမိုးအေးရင်ထဲမှာ စဉ်းစားလိုက်မိသေးသည်။

*　*　*

"မိုးမိုး အဲဒီမှာထိုင်လေ"

ခြံထဲမှာ ပိတောက်ပင်အောက်ရှိ ဒန်းစင်မှာထိုင်ရန် နေမင်းတစ်ရာက ညွှန်ပြနေသည်။

"ငယ်ငယ်ကတည်းက မိုးမိုးလို့ခေါ်ခဲ့တာ တော်သေးတာပေါ့၊ မမမိုးလို့သာ ခေါ်ခဲ့ရင် အခက်" ဟု မိုးမိုးအေး တွေးနေသည်။

ပိတောက်ပင်ရိပ်က အေးအေးမြမြရှိသည်။ ဘေးမှာ သစ်ခွရုံလေးနှင့်....။

နေရာလေးက စိတ်ကူးယဉ်စရာ။

သို့သော် မိုးမိုးအေး ထိုင်ရခက်နေသည်။

ဒန်းစင်ရှေ့မှာ တခြားထိုင်စရာမရှိ။ မိုးမိုးအေးထိုင်ပြီး နေမင်းတစ်ရာပါထိုင်လျှင် နှစ်ယောက် ယှဉ်တွဲလျက် ဖြစ်မည်။

အေးလေ....လက်ထပ်တဲ့အထိတောင် ရောက်ဦးမှာပဲ။

မိုးမိုးအေး ထိုင်လိုက်သည်။

ဒန်းစင်က လှုပ်သွားသည်။





"မိုးမိုးက တွေ့ချင်လို့ဆို"

နေမင်းတစ်ရာက မထိုင်ဘဲ ဒန်းစင်ရှေ့မှာ ရပ်လျက်မေးသည်။

မျက်နှာလေးက နူသော်လည်း လူကြီးပုံဖမ်းထားသည်။

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"ဘာကိစ္စရှိလို့လဲ"

နေမင်းတစ်ရာမေးပုံက ပြုံးစိစိ။

မိုးမိုးက နေမင်းတစ်ရာကို လှမ်းကြည့်လိုက်သည်။ ခုပုံအတိုင်းဆိုရင်တော့ မဆိုးလှဟုလည်း စဉ်းစားလိုက်မိသည်။

"လူကြီးတွေသဘောထားကို နေ သိပြီးဖြစ်မှာပေါ့"

မပြောမပြီး၍ အားမွေးပြီး ပြောလိုက်ရသည်။

နေမင်းတစ်ရာ ခေါင်းညိတ်ပြသည်။

"အဲဒါ ကိုနေ့သဘောထားသိချင်လို့"

"မိုးမိုးသဘောထားက အရေးကြီးတာပါ"

မိုးမိုးအေး ခေါင်းယမ်းပြသည်။

"ကိုနေ့ သဘောထားကို မိုးမိုးသိချင်တယ်"

"ကျွန်တော် ဘက်က ငြင်းစရာမရှိပါဘူး"

"ဘာဖြစ်လို့ ငြင်းစရာမရှိတာလဲ"

"ဗျာ...."

မိုးမိုး ဘာဆိုလိုသည်ကို နေမင်းတစ်ရာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

မိုးမိုးအေးလည်း ဘာဆက်ပြောရမှန်းမသိ။

မိုးမိုးက ငြင်းစေချင်လို့လား....

မိုးမိုး ခေါင်းကိုခါမိပြီးမှ....

"မဟုတ်ပါဘူး၊ ဟိုလေ...."

မိုးမိုးအေး မပြောတတ်။

တည်ငြိမ်အေးဆေးစွာ လှပသော မိုးမိုးအေး၏ မျက်နှာလေးကို နေမင်းတစ်ရာ ငေးကြည့်နေသည်။

ကိုယ့်ထက် အသက်ကြီးသော်လည်း ငယ်ငယ်ကတည်းက အနိုင်ကျင့်ခဲ့သော မိုးမိုး။

သို့သော် မိုးမိုးက သူ့ကို ခပ်မှန်မှန်သာ ဆက်ဆံခဲ့သည်။

မိတ၏ အရှိန်အဝါကြောင့် အကြီးနေရာမှ ညှာတာသော သဘောကိုလည်း ပြခဲ့သည်။

ခုတော့ ကိုယ့်ဇနီးဖြစ်လာရန် လူကြီးများက စီစဉ်နေပြီ။

အစတုန်းက တွေ့မြင်နေရသော်လည်း စိတ်ဝင်စားခြင်း မဖြစ်ခဲ့။ မေမေပြောမှ စဉ်းစားစရာ ဖြစ်လာခဲ့ရသည်။

အပေါင်းအသင်းများကို ပြောပြတော့ အားလုံးက ကောင်းချီးဩဘာပေးကြသည်။

"ဟာ....သိပ်ကောင်းတာပေါ့"

"ပညာလဲတော်တယ်၊ ရုပ်လဲလှတယ်"

"စထရပ်ချာကလဲ အပျံစား၊ အမှန်စားလေး"

"ဟုတ်တယ်၊ မမချောချောလေး"

တစ်ယောက်တစ်မျိုး ဩဘာပေးကြသည်။

"ငါ့ထက် လေးနှစ်ကြီးတယ်ကွ"

နေမင်းတစ်ရာက ထောက်ကွက် ပေးသည်။





"နားလိုက်စမ်းပါ၊ ဒီလောက်က ထည့်တွက်နေစရာမလိုပါဘူး၊ မင်း မလိုချင်ဘူးလား၊ ဟင်း....ငါနဲ့ လဲလိုက်ချင်တယ်ကွာ"

"ခွေးကောင်"

နေမင်းတစ်ရာ မကျေမနပ်ပြော၍ အားလုံး ဝိုင်းရယ်ခဲ့ကြသည်။

ခုတော့ မမချောချောလေးကို ကိုယ့်ရှေ့မှာ အားပါးတရ ကြည့်ခွင့်ရနေသည်။

"ကျွန်တော့်သဘောထားက ငြင်းစရာမရှိဘူးလို့ ပြောပြီးပြီလေ"

မိုးမိုး သဘောထားက....

နေမင်းတစ်ရာက စကားရပ်ထားလိုက်သည်။

"အိမ်ထောင်ရေးမှာ စီးပွားဥစ္စာ ပြည့်စုံဖို့ လိုပေမယ့် အရေးကြီးတာက ဟိုလေ....ချစ်ခြင်းမေတ္တာ"

မိုးမိုးအေး ကြိုးစားပြီး စွန့်စွန့်စားစား ပြောလိုက်ရသည်။

"မိုးမိုးမှာ ချစ်သူရှိလား"

မိုးမိုးအေး ခေါင်းခါလိုက်သည်။

သူပြောချင်သော အဓိပ္ပာယ်ကို မရောက်သေးမှန်းလည်း နားလည်သည်။

"ဒီလိုလေ....လူကြီးတွေ သဘောတူတာ ဟုတ်ပေမယ့် လူငယ်ချင်းလဲ...."

မိုးမိုးအေးမှာ အရေးကြီးသော အပိုင်း ရောက်တိုင်း ပြောမထွက်နိုင်အောင် ဖြစ်နေရသည်။

သို့သော် နေမင်းတစ်ရာ သဘောပေါက်သွားသည်။

"ကျွန်တော် မိုးမိုးကို ချစ်တယ်"

နေမင်းတစ်ရာထံမှ ရုတ်တရက် ထွက်ပေါ်လာသော စကား။

"ဟင်...."

ကြားချင်သောစကား ဖြစ်သော်လည်း မိုးမိုးအေး အံ့အားသင့်သွားသည်။

"ကဲ....မိုးမိုးပြော"

မိုးမိုးအေး ခေါင်းကလေး ငုံ့သွားသည်။

ပန်းနုရောင် မျက်နှာလေးက ပို၍ နူးညံ့မွတ်ချောမောနေသည်။

"ပြောလေ မိုးမိုး"

နေမင်းတစ်ရာက ဒန်းပေါ်မှာ မိုးမိုးနှင့် ယှဉ်လျက် ဝင်ထိုင်လိုက်သည်။

"ကိုနေက လိမ်မှာမှာလား"

မိုးမိုးအေး ခေါင်းငုံ့လျက်မှ မေးသည်။

"လိမ်မှာမှာပေါ့"

"မိုးမိုးကို စိတ်ချမ်းသာအောင် ထားမှာလား"

ဤစကားကိုတော့ နေမင်းတစ်ရာကို ကြည့်၍မေးသည်။

"ထားမှာပေါ့"





မိုးမိုးအေး နှလုံးသားမှာ ကြည်နူးစွာနှင့် လှုပ်ရှားရသည်။

နေမင်းတစ်ရာက မိုးမိုးအေး၏ ပခုံးလေးကို လှမ်းဖက်လိုက်သည်။

"ဟေး....မလုပ်နဲ့"

မိုးမိုးအေး ရှောင်လိုက်ခါမှ ဒန်းကလှုပ်ရှား၍ နေမင်းတစ်ရာဘက်သို့ ယိမ်းယိုင်သွားရသည်။

နေမင်းတစ်ရာက မိုးမိုးအေးကို ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်။

"အို...."

နွေးထွေးသော ရင်ခွင်နှစ်ခု ထိကပ်လျက်....

## အခန်း (၃)

ဒေါ်တင်တင်မော်က သားအတွက် တစ်သက်တစ်မင်္ဂလာဆိုပြီး ဂုဏ်အတင့်ဆုံး ဖြစ်ချင်သည်။

ဒေါ်ခင်ခင်ကလည်း သမီးအတွက် တစ်သက်တစ်မင်္ဂလာသာမက သူ့ဘဝ နောက်ဆုံးအချိန်လေးမှာ သမီး၏မင်္ဂလာဆောင်ကို အကြီးကျယ်ဆုံး ဖြစ်ချင်သည်။ မိခင် စိတ်ချမ်းသာအောင် လိမ္မာသော သမီးလေးကို ချီးမြှောက်ချင်သည်။

မင်္ဂလာ အခမ်းအနားအတွက် ဖြည့်စွက်ရန် စိန်လက်ကောက်တစ်ကွင်း ဒေါ်တင်တင်မော်ကို ချွတ်ပေးလိုက်သည်။

မိခင်နှစ်ယောက် သဘောထားညီ၍ ပြည်သူ့ဥယျာဉ် မြက်ခင်းပြင်မှာ မင်္ဂလာ အခမ်းအနားကို ကြီးကြီးကျယ်ကျယ် ကျင်းပသည်။





အကောင်းဆုံး တီးဝိုင်း၊ အကောင်းဆုံး အဆိုတော်တွေငှားသည်။

မင်္ဂလာအခမ်းအနားမှူး၏ဖိတ်ခေါ်ချက်အရ ဖုံကတ္တီပါသို့ စုံညီစွာ ကြွချီရသည့်အခါတွင် သတို့သားရော သတို့သမီးပါ သိပ်လှကြောင်း လိုက်ဖက်ညီကြောင်း ပရိသတ်က တအံ့တဩ ချီးကျူးကြသည်။

မိုးမိုးအေးမှာ ဖြူစင်နူညက်စွာ လှပသော မိန်းကလေးဖြစ်၍ နေမင်းတစ်ရာနှင့် လေးနှစ်ကွာသည်ပင် မပြောလျှင်မသိသာ။ သက်တူရွယ်တူ ထင်ရသည်။

ဘီးဆံထုံးနှင့် ရွှေရောင်ဝတ်စုံကို ဝတ်ဆင်ထားသောရွှေမင်းသမီးလေးသည် ခြုံပဝါအရှည်ကြီး ခင်းပြင်မှာလျှောတိုက်လျက် ရွှေရောင်ဝတ်စုံ ဆင်ထားသည့် ရွှေမင်းသားလေး၏ လက်မောင်းကို ဆွဲကိုင်ပြီး ပီတိမှိန်ရွှဲလျက်ဖြည်းညင်းသာသာ လိုက်ပါလာသည်။

မိခင်နှစ်ယောက်က နောက်မှ။

ကြီးကျယ်သော မင်္ဂလာ အခမ်းအနားကိုကြည့်၍ မိခင်နှစ်ယောက်လုံး ပီတိဖြစ်နေကြသည်။

သတို့သားနှင့် သတို့သမီးကို ချီးကျူးသံများ ကြားရတော့ မိခင်နှစ်ယောက်လုံး ရွှင်ပြုံးအားရ ဖြစ်ကြသည်။

ဒေါ်ခင်ခင်မှာ ဝေဒနာကို မေ့သွားသည်။ သေမှာကိုပင် သတိမရ၊ ပီတိတွေ ဖြစ်နေရသည်။

မိခင်၏ စိတ်ချမ်းသာ ပျော်ရွှင်မှုအတွက် မိုးမိုးအေးလည်း ဝမ်းသာရပါသည်။

မိခင်၏ နောက်ဆုံးရက်လေးများကို စိတ်ချမ်းသ
အောင် ဂုဏ်တင့်အောင် ဆောင်ရွက်ပေးနိုင်သည့်အဖ
မိမိဆုံးဖြတ်ချက်ကိုလည်း ကျေနပ်ဝမ်းသာ ဖြစ်ရသည်။

မင်္ဂလာအခမ်းအနားမှာ တင့်တောင့်တင့်တယ်နှင့် ကြ
နူးစရာ ပြီးစီးသွားပါသည်။

မင်္ဂလာဆောင်က ညနေမှာ ကျင်းပခြင်းဖြစ်၍ မင်္ဂ
အခမ်းအနား ပြီးသည်နှင့် နေမင်းတစ်ရာကို သူငယ်ခ
အပေါင်းအသင်းများက အတင်း ဆွဲခေါ်သွားကြသ
လူပျိုညှ (ဘချလာနိုက်) အတွက် တိုက်ရ ကျွေးရမည
ဆိုသည်။

မိုးမိုးအေး မိခင်နှစ်ယောက်နှင့်အတူ အိမ်ပြန်ခဲ့ရသ
ပြန်ရသည့်အိမ်က ဒေါ်တင်တင်မော်၏အိမ်။

သျှောင်နောက် ဆံထုံးပါရပြီ။

အိမ်အပေါ်ထပ်မှာ ဒေါ်တင်တင်မော်နှင့် ဒေါ်ခင်
က မင်္ဂလာအခန်းအပ်သည်။ နှစ်ယောက်မဟုတ်၊ မိုးမိုးအ
တစ်ယောက်တည်း လက်ခံလိုက်ရသည်။

မင်္ဂလာအခန်းနှင့် မင်္ဂလာခုတင်ကို လှလှပပ အထ
တန်းကျကျ ပြင်ဆင်ထားသည်။

မိုးမိုးအေးအတွက် နံ့ရုံကပ် အဝတ်ဗီရို၊ နေမင်းတစ်
အတွက် နံ့ရုံကပ် အဝတ်ဗီရိုရှိသည်။ မိုးမိုးအေး၏ အဝ
များအားလုံး နံ့နက်ခင်းကတည်းက ပို့ထားပြီးပြီ။

မင်္ဂလာအခန်းထဲမှာ ပန်းအိုးများတွင် ပန်းလှလှဝေ
များ ထိုးထားသည်။





အိပ်ရာခုတင်ပေါ်မှာ ပန်းနုရောင် ခေါင်းအုံးနှစ်လုံးကို ယှဉ်တွဲ၍ တွေ့မြင်ရသည်။ ရင်ထဲမှာ စိုးရွံ့စိတ်ကလေး ဖြစ်ပေါ်ရ၏။

ယနေ့မှစ၍ အပျိုဘဝကလို တစ်ယောက်တည်း အိပ်ရတော့မည် မဟုတ်။

ခုတင်တစ်လုံးမှာ ကျားသတ္တဝါ တစ်ဦးနှင့်အတူ နှစ်ယောက်အတူ အိပ်ရမည်။

"ကျားသနားမှ၊ ဟင်း...."

ဆက်မတွေးဘဲ သက်ပြင်းတစ်ချက် ချလိုက်သည်။

ပန်းနုရောင် အိပ်ရာခင်းပေါ်မှာ စံပယ်ပန်းများကို ဖွေးဖွေးလှုလှု ကြဲဖြန့်ထားသည်။

တစ်ခန်းလုံး စံပယ်နံ့ သင်းနေသည်။

"ခြော်....မနက်ဖြန်ဆိုရင် ဒီပန်းလေးတွေ နွမ်းနေကြတော့မယ်"

မိုးမိုးအေးရင်မှာ မောသလို ခံစားရသည်။

မင်္ဂလာဦးညဆိုတော့ အံသိက,စိတ်မှာ ချောက်ချားစရာ။

တကယ်တော့ မိခင်ဆန္ဒအရသာ လက်ထပ်လိုက်ရခြင်း ဖြစ်သည်။ လက်ထပ်သူနှင့် ချစ်သူမင် ပီပီပြင်ပြင် ဖြစ်လိုက်ရသည် မဟုတ်။

အတွေ့အထိဆို၍လည်း ဒန်းစင်ပေါ်မှာ တစ်ကြိမ်တစ်ခါသာ အပွေ့အဖက် ခံလိုက်ရဖူးသည်။ နောက်ထပ် နှစ်ယောက်တည်း မတွေ့ရ။ မင်္ဂလာကိစ္စအတွက် အလုပ်တွေ ရှုပ်နေခဲ့ကြသည်။

"ဒီနေ့ညတော့....ဟင်း...."

ဆက်မတွေးချင်ပါ။

မင်္ဂလာဦးညမဖြစ်ခင် အချစ်ညလေး ဖြစ်ချင်သေးသည်။

မိုးမိုးအေး စိတ်ကူးယဉ်လိုက်မိသည်။

"ကျွန်တော် မိုးမိုးကို ချစ်တယ်"

ကိုနေ ပြောခဲ့သည်ကိုကြားယောင်ပြီး ရင်ထဲမှာကြည်နူးစိတ် ဖြစ်မိသည်။

မင်္ဂလာဆောင် အများရှေ့မှာ တွဲမှီသွားစဉ်ကလည်း ကြင်ကြင်နာနာ။

နံရံပေါ်မှနာရီကို လှမ်းကြည့်လိုက်သည်။

ည (၉) နာရီ။

ရင်ထဲမှာ မျှော်စိတ်ကလေး ဖြစ်သွားသည်ကို ကိုယ့်ဘာသာ သတိထားလိုက်မိသည်။

အဝတ်များကို ချွတ်လဲပြီး ရေချိုးချင်စိတ် ဖြစ်မိသည်။

"ကောင်းတယ်၊ လန်းလန်းဆန်းဆန်း ဖြစ်သွားတာပေါ့"

လက်ဝတ်လက်စားများကိုချွတ်ရင်း မေမေ့ ကျေးဇူးကို သတိတရ ဖြစ်ရပြန်သည်။ ရှိသမျှ လက်ဝတ်လက်စား အားလုံးကို မေမေက လွှဲအပ်ပေးသည်။

အဖိုးတန်စိန်များနှင့် ပတ္တမြားများ ဖြစ်သည်။

လက်ဝတ်ရတနာများကို ဘူးလေးတစ်ခုမှာ ထည့်သိမ်းလိုက်သည်။





အဝတ်များချွတ်လဲပြီး အိပ်ခန်းနှင့်ဆက်လျက်မှာရှိသော ရေချိုးခန်းသို့ ဝင်ခဲ့သည်။

ရေအေးအေးလေး ချိုးလိုက်ရ၍ လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။

မိတ်ကပ်များကို ဖျက်လိုက်ရသည်ကလည်း စိတ်မှာ ပိုပြီး လွတ်လပ်သွားသည်။

ရေချိုးပြီးတော့ သနပ်ခါးရေကျဲလေး ပါးပါးလိမ်းသည်။

သနပ်ခါးနံ့ သင်းသင်းလေးကြောင့် စိတ်မှာကြည်နူးရသည်။

မိန်းမဝတ် တီရှပ်အဖြူလေး ဝတ်ဆင်လိုက်သည်။

ကိုးနာရီရှိပြီ၊ ခုထိ ကိုနေ ပြန်မလာသေး။

အေးလေ....သူ့ သူငယ်ချင်းတွေက အနိုင်ကျင့်နေကြလို့ ဖြစ်မှာပေါ့။

ခွင့်လွှတ်စိတ်နှင့် တွေးလိုက်သည်။

အိပ်ရာခုတင်ပေါ် အိပ်ပြီး နားချင်သော်လည်း တစ်ယောက်ဘည်း မအိပ်ချင်သေး၍ အိပ်ရာခုတင်ဘေးမှ ဒရင်းဘက်မှာ နားနေလိုက်သည်။

"ဩော်....ဘာလိုလိုနဲ့ မမျှော်လင့်ဘဲ အိမ်ထောင်သည့်ဘဝကို ရောက်လာခဲ့ရပြီ"

ကိုယ့်အဖြစ်ကို အံ့ဩနေမိသည်။

ခဏကြာတော့ တစ်ယောက်တည်းနေရသည်ကို ပျင်းလာသည်။

နံရံပေါ်မှနာရီကို လှမ်းကြည့်မိပြန်သည်။

"အို....ဆယ်နာရီတောင် ထိုးတော့မှာ ပါလား"

ကိုနေ ခုထိ ပြန်မလာသေးသည်ကို စိုးရိမ်စိတ် ဖြစ်မိ
သည်။

"အောက်ကဆင်းစောင့်ရင် ကောင်းမလား"

တစ်ယောက်တည်းမနေချင်၍ အောက်ကို ဆင်းလာခဲ့
သည်။

အောက်ထပ်ဧည့်ခန်းမှာ ဒေါ်တင်တင်မော်နှင့် အိမ်
ဖော် ဒေါ်သောင်းကို တွေ့ရသည်။

"ဩော်....မိုးမိုး၊ လာ....သားကတော့ ဘချုလာနိုက်မှာ
သူငယ်ချင်းတွေ ဝိုင်းညှဉ်းနေပြီ ထင်တယ်၊ ဒီလိုညကတော့
ဒီလိုပါပဲ၊ သူ့အဖေတုန်းကလဲ ညဉ့်နက်မှ မူးပြီးပြန်လာ
တာပဲ"

"ရှင်...."

မိုးမိုး ထိတ်လန့်သွားသည်။ ဤအချက်ကို သူ မစဉ်းစား
မိ။ သူငယ်ချင်းများကို တိုက်ကျွေးနေသည်ဟုသာ ထင်ခဲ့
သည်။ သူပါသောက်ရမည်ကို ခုမှ နားလည်လာသည်။

မင်္ဂလာဦးညမှာ မူးပြီးပြန်လာမှာကို စိတ်ထဲမှာ မနှစ်
သက် ဖြစ်ရသည်။

"ကဲ....မသောင်း၊ ကော်ဖီဖျော်၊ ဘီစကွတ်လဲ ထည့်ခဲ့"

ဒေါ်တင်တင်မော်မှာ သားကို မျှော်နေကျ ဖြစ်ဟန်တူ
ပါသည်။





ကော်ဖီ သောက်ပြီးကြသည်အထိလည်း နေမင်းတစ်ရာ
ပေါ်မလာသေး။

ကိုနေ၏ သူငယ်ချင်းဆိုသူများကို စိတ်ထဲမှာ မကျေမနပ်
ဖြစ်လာသည်။

ဆယ့်တစ်နာရီထိုးခါနီးမှ ဆက်ကာဆက်ကာ တီးလိုက်
သော ကားဟွန်းသံများနှင့်အတူ ကားသုံးစီး ခြံထဲသို့ဝင်
လာသည်။

တဝါးဝါး တဟားဟား ရယ်သံများကို ကြားရသည်။

"အို...."

သူငယ်ချင်းများတွဲ၍ ဒယီးဒယိုင်ဝင်လာသော ကိုနေကို
တွေ့ရသည်။

တွဲသူများကလည်း ယိမ်းယိမ်းယိုင်ယိုင်။

တစ်သက်တာ မမေ့နိုင်တဲ့ မင်္ဂလာဦးည ဖြစ်ပါစေ။

"အပျော်ရွှင်ဆုံး ညတစ်ည ဖြစ်ပါစေ"

ကျယ်လောင်သောအသံများနှင့် ဗလုံးဗထွေး ဆုတောင်း
နေကြသည်။

"သတို့သမီး....သတို့သားကို ကောင်းကောင်း ပြုစု
လိုက်ပါ"

"အန်တီ ပြန်မယ်"

"သူငယ်ချင်း....ပြောထားတဲ့ အတိုင်းနော်၊ အထား....
ဟား"

ရယ်သံများ ထွက်ပေါ်လာပြန်သည်။

"ဂွတ်နိုက်....ဂွတ်နိုက်"

တော်ပါသေးသည်။ အော်ဟစ်နှုတ်ဆက်ပြီး အိမ်ပေါက်မှပင် မြင်သွားကြသည်။

"မိုးမိုး၊ လာတွဲပါဦး"

တံခါးပေါက်မှာ တံခါးပေါင်ကိုကိုင်၍ ရပ်နေသော နေမင်းတစ်ရာ။

"သွားတွဲလိုက်ပါဦး မိုးမိုး"

ဒေါ်တင်တင်မော် ပြောနေ၍ မိုးမိုးအေး သွားတွဲရသည်။

ရယ်သံများနှင့်အတူ ကားများ မောင်းထွက်သွားသံကို ကြားရသည်။

"အော့....အဝေါ....ဝေါ"

"အို...."

နေမင်းတစ်ရာ အိမ်ထဲမှာ အန်ချလိုက်သည်။

အရက်နံ့နှင့်အတူ ချဉ်စူးစူး အန်ဖတ်စော်များကြောင့် မိုးမိုးအေး ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားသည်။

ရုတ်တရက်မို့ အထိတ်တလန့်နှင့် တွဲထားသော နေမင်းတစ်ရာကိုလည်း လွှတ်ပစ်လိုက်မိသည်။

"ဟင်....အား....အား"

နေမင်းတစ်ရာ ယိုင်လဲသွား၍ နီးရာကုလားထိုင်ကို လှမ်းဆွဲလိုက်သည်။

ကုလားထိုင်ရောလူပါ လဲကျသွားသည်။

"ဟဲ့....မိုးမိုး၊ ဘာလို့ လွှတ်ပစ်လိုက်ရတာလဲ"

ဒေါ်တင်တင်မော်က မိုးမိုးအေးကို မကျေနပ်။





"ငါ့သားရယ်....ဖြစ်မှဖြစ်ရလေ၊ ကဲ....ထ....ထ"

ဒေါ်တင်တင်မော်က သွားထူသည်၊ မရ။

"ဟဲ့....မိုးမိုး၊ လာထူလေ၊ ကြော်....ကြည့်နေလိုက်တာ"

ဒေါ်တင်တင်မော် အပြစ်တင်သည်။

မိုးမိုးအေး သွားထူရသည်။

"အား....ရတယ်၊ ရတယ်"

နေမင်းတစ်ရာ ကြိုးစားထသည်

အရက်နံ့ကြီးကို မိုးမိုးအေး စိတ်ပျက်သည်။

"တွဲပြီး အပေါ်ကအခန်း ရောက်အောင် ခေါ်သွား"

ဒေါ်တင်တင်မော်၏လေသံက မာသည်။

"ဟဲ့....မသောင်း၊ ငါ့သားအန်ထားတာတွေ ရေဆေးပစ်လိုက်"

မိုးမိုးအေး မနိုင်မနင်းနှင့် လှေကားပေါ်မှာ တွဲခေါ်သွားရသည်။

နေမင်းတစ်ရာ၏ အင်္ကျီနှင့်ပုဆိုးမှာလည်း အန်ဖတ်များ ပေကျံနေ၍ ချဉ်စူးစူးအနံ့များ ထွက်နေသည်။

မိုးမိုးအေး အသက်ပင် မရှူချင်အောင် ဖြစ်ရသည်။

သူ့ကိုမှီထားသော နေမင်းတစ်ရာကိုလည်း မနိုင်မနင်း တွဲထားရသည်။

"နှစ်ယောက်စလုံး လိမ့်ကျရင်တော့ ဒုက္ခ"

လက်တစ်ဖက်က ဘေးမှ လှေကားလက်ရန်းကို မြဲအောင် ထွဲကိုင်ထားရသည်။

အခန်းထဲ ရောက်သည်နှင့် နေမင်းဘစ်ရာက မင်္ဂလာ အိပ်ရာခုတင်ကြီးပေါ်မှာ ပစ်လှဲပြီး အိပ်လိုက်သည်။

ဖွေးလွှသော စံပယ်ပန်းလေးများ အမူးသမားအောက် မှာ ပိပြားနေကြပြီ။

"မိုးမိုး လာလေ"

နေမင်းတစ်ရာက မျက်စိမဖွင့်ဘဲ လက်ကမ်း ခေါ်နေ သည်။

မိုးမိုးအေး သူ့အနားကို မသွားချင်၊ ခုတင်ပေါ်မှာ လည်း မအိပ်ချင်။ အရက်နံ့ အန်ဖတ် အနံ့များကိုလည်း မခံချင်။

"ကျွန်တော် မိုးမိုးကိုချစ်တယ်၊ မိုးမိုးကို လိုချင်တယ်၊ မိုးမိုး ကျွန်တော့်ကို မချစ်ဘူးလား"

မိုးမိုးအေး ဘာမျှပြန်မပြောနိုင်။ ပြောချင်စိတ်လည်း မရှိ။

ဤပုံဤအနံ့များနှင့်တော့ ဘာချစ်စိတ်မျှလည်း မဖြစ်။

မျက်ရည်များကသာ ပါးပြင်ပေါ်မှာ စီးဆင်းလာကြ သည်။

"မိုးမိုး....ခင်ဗျား မလာဘူးလား၊ ကျွန်တော် အတင်း ဆွဲခေါ်ရမှာလား"

အိပ်ရာပေါ်မှ မထနိုင်သူက ခြိမ်းခြောက်နေသည်။

မိုးမိုးအေးကတော့ မတုန်မလှုပ် ကျောက်ရုပ်။ သူ့နေ ရာမှာ ရပ်နေဆဲ။





"မိုးမိုး....ခင်ဗျားဟာ ကျွန်တော့်မိန်းမ၊ ကျွန်တော်နဲ့ လက်ထပ်ထားတဲ့မိန်းမ၊ ခင်ဗျား မလာဘူးလား လာမှာ လား"

နေမင်းတစ်ရာ၏အသံက ကျယ်လောင်လွန်းလှသည်။

အောက်ထပ်မှ ဒေါ်တင်တင်မော် ကြားမှာကို မိုးမိုး အေး စိုးရိမ်မိသည်။

ဒေါ်တင်တင်မော်ကြားလျှင် ပြစ်တင်ဆူပူ ပြောဆိုခံရ ဦးမည်။

အခန်းတံခါးကို သွားပိတ်လိုက်သည်။

"ဟုတ်ပြီ၊ တံခါးပိတ်ပြီးရင် ခုတင်ပေါ်လာ"

အမိန့်ပေးသံနှင့် ခေါ်နေခြင်း ဖြစ်သည်။

မိုးမိုးအေး မျှော်လင့်သည်က အချစ် အကြင်နာနှင့် သာယာကြည်နူးမှု၊ ခုတော့ အနိုင်ကျင့်ခံနေရသည်ဟု ခံစား ရသည်။

"လာလေဗျာ"

အသံက ပိုကျယ်၍ ဒေါသသံ ဖြစ်လာသည်။

မိုးမိုးအေး ကြောက်လန့်စွာ ခုတင်ဆီသို့ ဖြည်းဖြည်း ချင်း သွားနေသည်။

"ဒီခုတင်ပေါ်မှာ အိပ်လှည့်"

ကျားက ဟိန်းဟောက်နေသည်။

ရက်စက်စွာ ကိုက်စားမည့်ကျား၏ အာခံတွင်းဆီသို့ ကြောက်လန့်စွာ ဝင်ရောက်နေရသော သမင်လေး၏အဖြစ်။

မိုးမိုးအေး ခုတင်နားသို့ ရောက်သွားပြီ။

ခုတင်ပေါ်သို့ မတက်ဝံ့။

"ဝုန်း...."

ကျားသတ္တဝါက သနားမညှာ ခုန်အုပ်လိုက်သည်။

မိသွားပြီ။

မိုးမိုးအေး ခုတင်ပေါ်သို့ လဲကျသွားပြီ။

ထိတ်လန့်တုန်လှုပ်စွာ ရုန်းကန်နေရင်းမှာပင် ကျား၏ ခံတွင်းသို့ သမင်မလေး သက်ဆင်းသွားရရှာလေသည်။



အခန်း (၄)

မိုးမိုးအေး နံနက်အစောကြီးထပြီး ရေချိုးခန်းဝင်၍ ရေချိုးပစ်သည်။

ကိုယ့်ကိုယ်ကိုပင် စက်ဆုပ်သလို ခံစားရသည်။ အရက်နံ့နှ အန်ဖတ်စော်များ စွဲကပ်နေသလို ခံစားရ၍ ဆပ်ပြာအ ကြိမ်တိုက်ပစ်မိသည်။

လာဦးညဆိုသည်မှာ စိတ်ပျက်စရာ၊ ရွံမုန်းစရာဟု ခ းစွာ ခံစားရသည်။

ထွာများမှာ ဖက်ရသလို တစ်သက်တာ စွဲမက်စရာ ကဲ့ စက်ဆုပ်စရာ ဖြစ်နေသည်။

သတာအတွက် လောကငရဲကို ခံစားလိုက်ရခြင်းဖြစ်

၊ အကြင်နာနှင့် ကြည်နူးသာယာမှုများကို မျှော် ည်။ ကကယ်ရသည်က ရမွှက်၊ ကြမ်းတမ်းစွာ

ဆက်ဆံမှု၊ ထိတ်လန့်ကြောက်ရွံ့မှု၊ နံစော်မှုနှင့် ဝမ်းနည်းကြေကွဲစရာများ၊ စိတ်ပျက်စရာများ။

နံနက် လင်းတော့ နေမင်းတစ်ရာ အိပ်ရာပေါ်မှာ ပိုးစိုးပက်စက် အိပ်ပျော်နေသည်။ လက်မထပ်ခင်က ရှိခဲ့သော သံယောဇဉ်လေး နည်းနည်းပါးပါးပင် ထွက်ပြေးပျောက်ကွယ်သွားကြပြီ။

သူမနိုးအောင် ခုတင်ပေါ်မှ ဆင်းခဲ့ရသည်။

သူအိပ်ရာမှနိုးမှာကိုပင် စိုးရိမ်နေမိသည်။လင်ယောက်ျားတစ်ယောက်အဖြစ် ချစ်စိတ်ဟူ၍ မြူမျှမရှိ။ သာမန် ခင်မင်ချင်သောစိတ်ပင်မဖြစ်။

"မေမေရယ်....မှားကုန်ပြီ"

မျက်ရည်များသည် ရေပန်းမှကျလာသော ရေပေါက်များနှင့် ရောနှောသွားကြသည်။

ခုပုံအတိုင်းဆိုလျှင် ရှေ့ဆက်ဘယ်ပုံ ခရီးသွားရ...ပင်မသိ။

ရေချိုးပြီး၍ သူနိုးလာလျှင် ဘယ်လိုဆက်ဆံရမှ...ည်းမသိ။

ရေပန်းမြည်သံကြောင့် သူနိုးလာမှာကိုပင် စိုး...မိသည်။ ရေပန်းကို ပိတ်ပစ်လိုက်သည်။

ရေချိုးခန်းမှ အသာအယာ ထွက်ခဲ့သည်။

သနပ်ခါးသွေးလျှင် သူနိုးမည်စိုးသည်။ သနပ်ခါး...ရန် ဆုံးဖြတ်လိုက်သည်။ မျက်နှာပြောင်ချင်ပြော...အဝတ်အစားလဲသည်။





သူမနိုးခင် အမြန်ထွက်ပြီး အမေ့အိမ်သို့ ပြေးချင်သည်။ အမေ့ရင်ခွင်မှာ မျက်နှာအပ်ပြီး အားပါးတရ ငိုပစ်လိုက်ချင်သည်။

...ဝတ်လဲပြီးသည်နှင့် တံခါးလက်ကိုင်ကို အသာလှည့်...သည်။

"...တင်...စ်"

ခုမှ...ထိတ်နေ၍ အသံက ကျယ်လောင်သည်။

"...မိုး"

...မှ ခေါ်သံကြောင့် မိုးမိုးအေး တစ်ကိုယ်လုံးတုန်သွားသည်။

"ဘယ်သွားမလို့လဲ"

မေးသော လေသံက ညင်ညင်သာသာဖြစ်သည်။ ညက လေသံမျိုး မဟုတ်။

မိုးမိုးအေး ဘာဖြေရမှန်းမသိ။

"ခဏလေး နေပါဦး၊ အတူဆင်းတာပေါ့"

သူ အိပ်ရာပေါ်မှထသည်။

"ကျွန်မတော်ရေချိုးလိုက်ဦးမယ်နော်၊ မြန်ပါတယ်၊ ခဏလေးပါ"

ပြောပုံက တောင်းတောင်းပန်ပန်။

မိုးမိုးအေးဇွတ်ထွက်သွားရန် ခက်နေသည်။

ဆွဲလားငင်လားလည်း မလုပ်။

"ဟိုမှာ ခဏထိုင်ပါဦး"

ဒရင်းဘက်ကို ညွှန်ပြသည်။

သူ့မျက်နှာပေါ်မှာ ကြင်နာသော အပြုံးရိပ်ကလေးနှင့်။

"ရပါတယ်၊ အဲဒါဆို သနပ်ခါးလိမ်းလိုက်ဦးမယ်"

"သိပ်ကောင်း၊ မိုးမိုးကို မွှေးချင်လိုက်တာ၊ ဒါပေမယ့် သန့်သန့်ရှင်းရှင်းဖြစ်အောင် ရေချိုးလိုက်ဦးမယ်"

သူ ရေချိုးခန်းထဲသို့ အပြေးအလွှား ဝင်သွား၏

ညကပုံနဲ့လည်း လုံးဝမတူပါလား၊ သူ ညက လို့ ထင်ပါရဲ့။

မချော့ခင်က ပျော့ချင်နေသော ကိုယ့်သူ... သတိထားမိသည်။

သက်ပြင်းလေးတစ်ချက် မသိမသာချပြီး ကျောက်ပျဉ်ရှေ့မှာ ထိုင်လိုက်ရသည်။

သနပ်ခါးသွေးပြီး လိမ်းသည်။

သူ ရေချိုးခန်းမှ ထွက်လာသံ ကြားရသည်။ အဝတ်အစားလဲသည်။ ခေါင်းဖြီးသည်။ ဘော်ဒီစပရေးပန်းသည့်အသံနှင့်အတူ သင်းပျံ့သော ရနံ့လေး ရသည်။

သူပြောသည့်အတိုင်းပင် မြန်သည်။

မိုးမိုးအေး သနပ်ခါးလိမ်းပြီး မတ်တတ်ရပ်လိုက်တော့ မိုးမိုးအေးဘေးမှာ မားမားကြီး ရပ်နေသည်။

ဂျင်းဘောင်းဘီအပြာနုနှင့် စပို့ရှပ်အင်္ကျီအဖြူ ဝတ်ထားသည်။ သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်း၊ မျက်နှာကလည်း ကြည်ကြည်လင်လင်။





"ညက သူငယ်ချင်းတွေ အတင်းဝိုင်းတိုက်ကြတာနဲ့ ကျွန်တော် အတော်မူးသွားတယ် မိုးမိုး"

မိုးမိုးအေး၏ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"ဟေ့....မငိုနဲ့လေ၊ သနပ်ခါးတွေ ပျက်ကုန်မှာပေါ့"

သူက မျက်ရည်များကို ကပျာကယာ သုတ်ပေးသည်။ တကယ့်ကို ကြင်ကြင်နာနာ။

ခုမှ မိုးမိုးရင်ထဲမှာ ဝမ်းနည်းလာ၍ မဆင်ဘဲနှင့် ရွာသောမိုးလို ရှိုက်ကြီးတငင် ငိုပစ်လိုက်မိသည်။

"အို...မိုးမိုးရယ်၊ ကျွန်တော် စိတ်မကောင်းလိုက်တာ၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

နေမင်းတစ်ရာက မိုးမိုးအေးကို ရင်ခွင်မှာ ပွေ့ပိုက်ထားလိုက်သည်။

မေမေ့ရင်ခွင်မှာ မငိုရတော့ဘဲ သူ့ရင်ခွင်မှာ မျက်နှာအပ်၍ မိုးမိုးအေး အားပါးတရ ငိုပစ်လိုက်သည်။

"ကျွန်တော် မှားသွားတယ်ဗျာ၊ ကျွန်တော် ညက သိပ်မူးသွားတယ်"

နေမင်းတစ်ရာက မိုးမိုးအေး၏ ကျောပြင်လေးကို ပွတ်ပေးရင်း ချော့နေသည်။

မိုးမိုးအေးက ငိုနေဆဲ။

"မိုးမိုးကို အားနာလိုက်တာဗျာ"

အားပါးတရ ငိုလိုက်ရ၍ မိုးမိုးအေး ရင်ထဲ၌ ပေါ့ပါးသွားသည်။ သို့သော် ရှိုက်သံက ကျန်နေဆဲ။

...လာဦးညလေး မလှမပဖြစ်သွားရတာ ကျွန်တော့် ကြောင့်ပါ၊ မိုးမိုး မကျေနပ်ရင် ကျွန်တော့်ကို ရိုက်လေ"

သူက မိုးမိုးအေးမျက်နှာလေးကို ရင်ခွင်မှခွာလိုက်သည်၊ မိုးမိုးအေး၏လက်ကို ဆွဲယူသည်။

"ရိုက်ပါ မိုးမိုးရဲ့၊ ကျွန်တော့်ကို အပြစ်ပေးစမ်းပါ"

မိုးမိုးအေးက မရိုက်။

"မိုးမိုးကို သနားလိုက်တာဗျာ"

သူက မိုးမိုးအေး၏ မျက်ရည်များကို သူ့လက်နှစ်ဖက်နှင့် သုတ်ပေးသည်။

သူ့ရှေ့မှောက်မှာ မိုးမိုးအေးက ကလေးငယ် တစ်ယောက်လို ဖြစ်သွားသည်။

"မော့ပါဦး မိုးမိုးရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

နေမင်းတစ်ရာက မိုးမိုးအေး၏ မေးစေ့ကလေးကို ဆွဲကိုင်၍ မျက်နှာကို အသာအယာမော့လိုက်သည်။

မိုးမိုးအေး၏ မျက်နှာလေး အလိုက်သင့် မော့ပါလာသည်။

နေမင်းတစ်ရာက ကြင်ကြင်နာနာ မွှေးသည်။

တကယ့်ကို ညင်ညင်သာသာလေး။

မိုးမိုးအေး ရင်ထဲမှ အမုန်းအနာများ ပြေသွားသည်။

နှလုံးခုန်သံများပင် မြန်လာသည်။

"ကျွန်တော် မိုးမိုးကို ချစ်တယ်"

တိုးတိုးလေး ပြောသောစကား။





မင်္ဂလာဦးည လွှန်မြောက်ပြီးမှ အချစ်စကား ကြားနေရသည်။

အနမ်းပွင့်လေးများ တစ်ပွင့်ပြီးတစ်ပွင့် မိုးမိုးအေး၏ ပါးပေါ်မှာ ကြွေကျနေသည်။

"ကျွန်တော့်ကို မတုံ့ပြန်တော့ဘူးလားဟင်"

မိုးမိုးအေး မျက်နှာပေါ်မှာလည်း အမုန်းအနာများ ပျောက်ကွယ်နေပါပြီ။

သို့သော် မမွှေးရဲသေး။ မွှေးရမှာ ရှက်နေသည်။

ရင်ထဲမှာ အချစ်ကိုတုံ့ပြန်စိတ်များ ဖြစ်နေပါပြီ။

"ကျွန်တော့်ကိုခွင့်လွှတ်ရင် မွှေးမနော်"

နေမင်းတစ်ရာက သူ့ပါးကို အတင်းတိုးကပ်ပေးနေသည်။

မိုးမိုးအေး သာသာဖွဖွလေး မွှေးလိုက်သည်။

"အို....ဝမ်းသာလိုက်တာ မိုးမိုးရယ်"

နေမင်းတစ်ရာက မိုးမိုးအေးကို သူ့ရင်ခွင်ထဲမှာ ပွေ့ယူလိုက်သည်။

နှစ်ဦးသား မင်္ဂလာခုတင်ပေါ်သို့ ရောက်သွားကြသည်။

စိတ်ပျက်စက်ဆုပ်စရာ မင်္ဂလာဦးကို လွှန်မြောက်ပြီးမှ ကြည်နူးနှစ်သက်စရာ မင်္ဂလာနံနက်ကို ကြုံတွေ့ကြရသည်။

အခန်း (၅)

နေမင်းတစ်ရာ အိမ်မြဲနေသည်။

မိုးမိုးအေးနှင့်မဲ့ဘဲ တတွဲတွဲဖြစ်နေသည်။

ချမ်းကြခင်ကြ၊ ကြင်နာကြ၊ ညားခါစ ဇနီးမောင်နှံ အအာအီအံ ဆိုသလို ပျော်စရာကြည်နူးစရာ။

မိုးမိုးအေးလည်း မင်္ဂလာဦးည အနိဋ္ဌာရုံများကို မေ့သွားပြီ။

နှစ်ယောက်စလုံးကလည်း အလုပ်မရှိ။

ကားလေးတစ်စီးနှင့် ထွက်လည်လိုက်ကြ၊ အိမ်မှာ စားလိုက်ကြ၊ သောက်လိုက်ကြ၊ ကိုယ့်အခန်းကိုယ်ပြန်ပြီး ချစ်ခင်ကျီစယ်လိုက်ကြ။

သန်းခေါင်ကို နေ့မှတ်သလို နေ့ကြောင်တောင်လည်း သန်းခေါင်မှတ်နေကြသည်။





အချစ်၏ ကြည်နူးစရာ၊ အိမ်ထောင်ရေး၏ စွဲမက်စရာများမှာ သာယာနေကြသည်။

အပေါင်းအသင်းစုံ၍ အတတ်မျိုးစုံသော နေမင်းတစ်ရာ အချစ်ကမ္ဘာလေးထဲမှာ သူငယ်ချင်းများနှင့် အဆက်ပြတ်သွားသည်။

"ငါလုပ်တာ မှန်တယ်"

ဒါရိုက်တာကြီး ဒေါ်တင်တင်မော်၏ ဂုဏ်ယူနေသလို၊ ဒေါ်ခင်ခင်လည်း စိတ်ချမ်းသာနေသည်။

"သမီးနဲ့သားကို ကြည့်ရမြင်ရတာ စိတ်ချမ်းသာလိုက်တာရှင်"

ကိုယ့်ရောဂါကိုပင် မေ့နေသည်။

"စိတ်ချမ်းသာရမှာပေါ့ မခင်ရယ်၊ မမတင် စီစဉ်ရင် ဘယ်တုန်းကများ လွဲဖူးလို့လဲ"

ဒေါ်တင်တင်မော်က မဏ္ဍပ်တိုင်တက်ပြလိုက်သည်။

ဒေါ်ခင်ခင်ခမျာ ဒေါ်တင်တင်မော်အိမ်သွားပြီး သားနှင့်သမီးကိုကြည့်၍ ကြည်နူးနေရရှာသည်။

သို့သော် တစ်လခန့်သာ ကြည်နူးနိုင်ပါသည်။ နောက်လများတွင် ရောဂါက ပိုဆိုးလာသည်။

နေမင်းတစ်ရာနှင့် မိုးမိုးအေးက ဆေးရုံဆေးခန်းလိုက်ပို့သည်။ သက်သာသလိုရှိလိုက် ပိုဆိုးလာလိုက်နှင့် လုံးချာလိုက်နေသည်။

ဒေါ်ခင်ခင် ကျေနပ်ပါသည်။ကိုယ့်ဘဝနောက်ဆုံးအချိန်မှာ သမီးလေးအတွက် စီစဉ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ။

မနေရ၍ သေရလျှင်လည်း သေပျော်ပြီဟု စိတ်နှလုံး တုံးတုံးချထားသည်။

မိုးမိုးအေးခမျာသည်း မိခင်ကြီး၏ ရောဂါအတွက် စိတ်မကောင်းဖြစ်သော်လည်း မိခင်ကြီး စိတ်ချမ်းသာအောင် ဆောင်ရွက်နိုင်သည့်အတွက် စိတ်သက်သာအောင် ဖြေရ ဖြစ်ရသည်။

ဒုတိယမြောက်လတွင် ဒေါ်ခင်ခင်၏ ရောဂါမှာ သိသိသာသာ ဆိုးလာသည်။ နောက်ဆုံးတွင် ဆေးရုံတင်လိုက်ကြရသည်။

မိုးမိုးအေးခမျာ အိမ်ထောင်ဦးကာလမှာ ကြည်နူးစရာနှင့် ဝမ်းနည်းကြေကွဲစရာနှစ်ခုကို ဒွန်တွဲခံစားနေရသည်။

ဆေးစွမ်းကောင်းများနှင့် ဆရာဝန်ကြီးများ ကြိုးစားကုသကြသော်လည်း ဒေါ်ခင်ခင်၏ ရောဂါမှာ တိုးတက်သက်သာမှုမရှိပါ။

ကုရာနတ္ထိ ဆေးမရှိသေးသော ကင်ဆာရောဂါဖြစ်သည်။ တစ်ရက်ထက်တစ်ရက် ပို၍သာ ဆိုးလာသည်။

"သမီးလေးရယ်....မေမေ ကျေနပ်ပါတယ်၊ မေမေ့စကား နားထောင်တဲ့ သမီးအလိမ္မာလေး၊ သမီးလေးအတွက် စိတ်ချလက်ချဖြစ်အောင် စီစဉ်နိုင်လို့ မေမေ သေရရင်လဲ စိတ်ချလက်ချ သေသို့ရပါပြီ၊ မေမေ့အတွက် ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့ သမီး၊ မေမေ ကျေနပ်တယ်"

မိုးမိုးအေး လက်ထပ်ပြီး လေးလမပြည့်မီ ဒေါ်ခင်ခင် ကွယ်လွန်ရှာသည်။





မိုးမိုးအေး ဝမ်းနည်းပူဆွေးသော်လည်း မေမေ့ကို ထိုက်ထိုက်တန်တန် ပြုစုကုသလိုက်ရသည်။ မေမေ၏ နောက်ရက်များ စိတ်ချမ်းသာသွားသည်ကို မြင်လိုက်ရသည်။

ကိုယ့်မှာလည်း တစ်ယောက်တည်း အထီးကျန်မဟုတ်၊ နေမင်းတစ်ရာဟူသော အားကိုးအားထား လင်သားရှိနေပြီ။

နေမင်းတစ်ရာ၏ ချစ်ခင်ကြင်နာမှုဖြင့် ဝမ်းနည်းစရာကို ဖြေနိုင်ခဲ့ပါသည်။

ဒေါ်ခင်ခင် ကွယ်လွန်ပြီးနောက် ဒေါ်တင်တင်မော်၏ အစီအစဉ်အရ ဒေါ်ခင်ခင်နေခဲ့သော အိမ်ကြီးနှင့် ခြံကြီးကို ရောင်းလိုက်သည်။ နှစ်စီးပွားကို တစ်စီးပွားဖြစ်အောင် ပူးပေါင်းလိုက်သည်။

"ရှိသမျှ စည်းစိမ်ဥစ္စာ မိုးမိုးနဲ့ သားအတွက်ချည်းပါပဲ၊ အန်တီမရှိတော့လဲ ဒီလင်ဒီမယားပဲ အားလုံးရကြမှာပါ၊ ချမ်းချမ်းသာသာ အေးအေးဆေးဆေးနေကြ"

ဒေါ်တင်တင်မော်က သူ့သားကိုလည်း ဘာမျှမခိုင်းရက်၊ ပင်ပင်ပန်းပန်း လုပ်ရကိုင်ရတာ မကြည့်ချင်၊ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေစေချင်သည်ဟု ဆိုသည်။

ရသည့်ငွေကို သူ့နည်းသူ့ဟန်နှင့် တိုးအောင်ပွားအောင် လုပ်ပေးသည်။ မိုးမိုးအေးကတော့ နေမင်းတစ်ရာကို အလုပ်လုပ်စေချင်သည်။ အလုပ်မရှိ၍ စိတ်ပေါ့မှာကို စိုးသည်။

ခုအချိန်တွင် ချစ်စခင်စ ချစ်မဝ၍ အိမ်မြဲနေခြင်းဖြစ်သည်။ မေမေ့ကိစ္စကလည်း ပြီးသွားပြီ၊ ကြာလျှင် အိမ်ထဲမှာ

စာပူးတွဲတွဲ နေရသည်ကို ငြီးငွေ့ပြီး အပြင်ပြန်ထွက်မှာစိုးသည်။ ကိုယ့်မှာလည်း ငွေရင်းရှိသည်။

သို့သော် ကုန်သည်လုပ်ဖို့ကျတော့ ဒေါ်တင်တင်မော်က အလိမ်အညာခံရမှာစိုးသည်။ ကား ထောင် ဖို့ ပြော တော့ ပင်ပန်းမှာစိုးသည်။ ဈေးတစ်ခုခုမှာ ဆိုင်ထွက်ဖို့ပြောတော့ အောက်တန်းကျသည်ဟု ဆိုသည်။

သူ့သားကို ဘာမျှမခိုင်းရက်၊ သက်သက်သာသာနှင့် အိမ်မှာပင် ကြည့်နေချင်သည်။

ထိုသို့ပြောသော မိုးမိုးအေးကိုပင် သဘောမကျ။

"ညည်းတို့ အခု ဘာလိုလို့လဲ၊ ဒီလောက် ပြည့်စုံနေတာပဲ၊ ငါ့သားကို ဘာလို့ ပင်ပန်းစေချင်တာလဲ" ဟုပင် စွပ်စွပ်စွဲစွဲ ပြောလာသည်။

မိုးမိုးအေးဆန္ဒက ငွေကြေးတစ်ခုတည်းအတွက် အလုပ်လုပ်စေချင်သည်မဟုတ်။ နေမင်းတစ်ရာကို တည်ငြိမ်စေချင်သည်။ စီးပွားရေးအလုပ်များ လုပ်ရင်းကိုင်ရင်း ဘဝအတွေ့အကြုံရ၍ ရင့်ကျက်လာစေချင်သည်။

လူရိုသေ၊ ရှင်ရိုသေ၊ ကိုယ့်ကိုယ်ကိုလည်း ရိုသေနိုင်သော အလုပ်အကိုင်နှင့် အိမ်ထောင်ဦးစီးပီပီ ဖြစ်လာစေချင်သည်။

ဘာမှအလုပ်မရှိ၍ ဘာမှတာဝန်ခံရခြင်းမရှိ။ လူငယ်တစ်ယောက်လို စိတ်က လွတ်လပ်နေသည်။ အပေါင်းအသင်းပြည့်စုံပြီး ပြန်ပျက်သွားမှာ မိုးမိုးအေး စိုးရိမ်သည်။

သို့သော် ဒေါ်တင်တင်မော်က လုံးဝလက်မခံ။





"အခုလဲ ငါ့သား အိမ်ထောင်ကျပြီးကတည်းက ခြေငြိမ်သွားတာ ညည်းလဲတွေ့နေရတာပဲ....

"ဒီထက်ငြိမ်မှဖြင့် မလုပ်မယှက် နေဖို့ပဲ ရှိတော့တယ်" ဟု ဒေါ်တင်တင်မော်၏ အငေါ်တူးခြင်း ခံရသည်။

"ဒါဖြင့်ရင်လဲ ဒေါ်ဒေါ်ရယ်၊ မိုးမိုး အလုပ်လုပ်ပါရစေ"

မိုးမိုးအေးက ဆရာမလောက်ဖြစ်ဖြစ် လုပ်ချင်သည်။သည်အတိုင်း ထိုင်စားနေရသည်ကို သဘာဝမကျဟု ထင်သည်။

"ညည်းအလုပ်က ဘယ်လောက်ရမှာမို့လဲ၊ ထ"င်းဖိုး၊ အဝတ်အစားဖိုးတောင် ရမှာမဟုတ်ဘူး၊ ညည်းအလုပ်သွားနေမှ ငါ့သားတစ်ယောက်တည်း ပျင်းပြီး အပြင်ပြန်ထွက်ရင် အပေါင်းအသင်းစုံနဲ့ တွေ့မှာ၊ အဲဒါ ညည်းစဉ်းစားရဲ့လား၊ အဲဒီကျမှ ပျက်မှာ၊ ညည်းတို့ကို ငါက သက်သက်သာသာ ပျော်ပျော်ရွှင်ရွှင် နေစေချင်လို့ ဒီလိုထားတာ၊ ငါ့လို ယောက္ခမမျိုး ရှာကြည့်စမ်း၊ ကမ္ဘာဆုံးသွားမယ်"

ဒေါ်တင်တင်မော် ပြောသည်မှာ မှန်၍ မိုးမိုးအေး ဘာမှ ဆက်မပြောဝံ့။

ကိုနေ အပေါင်းအသင်းစုံနဲ့ ပြန်ပေါင်းပြီး ပြန်ပျက်သွားမှာကို အကြောက်ကြီး ကြောက်သည်။

"ညည်းတာဝန်က ငါ့သားကို စိတ်ချမ်းသာအောင် ထားဖို့ပဲ၊ သူ ဘာကြိုက်သလဲ၊ ကြိုက်တာတွေကို ကိုယ်တိုင် ချက်ကျွေးနိုင်အောင် ကြိုးစား၊ ညည်း အပြုအစုကောင်းရင် ညည်း စိတ်ချမ်းသာရမှာပဲ"

ထိုမှနောက်တွင် မိုးမိုးအေးကိုယ်တိုင် မီးဖိုချောင်သို့ ဝင်ရသည်။ ကိုနေအကြိုက် ကော်ဖီ၊ လက်ဖက်ရည် ကိုယ်တိုင်ဖျော်ရသည်။ ကိုယ်တိုင် ဟင်းချက်ပြုတ်ကျွေးရသည်။ ကိုယ်တိုင်ဈေးသွားရသည်။ ကိုနေက မော်တော်ကားဖြင့် ဈေးလိုက်ပို့သည်။

မိုးမိုးအေး အပြင်မှာ အလုပ်မရသော်လည်း မီးဖိုချောင်မှာ အလုပ်ရသွားသည်။

ထိုအချိန်မှာပင် မိုးမိုးအေးတွင် ကိုယ်ဝန်ရှိလာသည်။

နေမှင်းတစ်ရာရော မိုးမိုးအေးပါ ဝမ်းသာသွားကြသည်။

ဒေါ်ဘင်တင်မော်လည်း မြေးကလေး ချီရတော့မည်ကို တွေးပြီး ပျော်နေသည်။

မြေးကလေးကို မြင်မသွားရရှာသော မေမေ့ကိုတော့ တွေးမိတော့ မိုးမိုးအေး စိတ်မကောင်း ဖြစ်လိုက်ရသေးသည်။

"သားလေးမွေးပေးနော် မိုးမိုး၊ အဖေလို ချောချောလှလှ ဟုတ်လား"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

သားတစ်ယောက်အဖေဖြစ်လျှင် ပို၍အတည်တကျ ကူ၍ခြွေရသွားလိမ့်မည်ဟု တွေး၍လည်း ကိုနေအတွက် စိတ်ချလက်ချ ဖြစ်ရသည်။

သို့သော် အထင်နှင့်အမြင် လွဲခဲ့ရသည်။



ခန်း (၆)

မိုးမိုးအေး ကိုယ်ဝန်လေးလ ဗိုက်ကလေးပုံ့ပုံ့ ဖြစ်လာ
န်မှစ၍ နေမင်းတစ်ရာ အပြင်သို့ အထွက်များလာသည်။
မိန်းမရခါစတွင် အတွေ့အကြုံသစ်မှာ သာယာ၍ အိမ်
ှင် မြဲနေသော်လည်း ကြာသောအခါ ငြီးငွေ့လာဟန်
ပါသည်။
မိန်းမက မပေါ့မပါးဖြစ်လာသောအခါ မိန်းမအနား
ပ်ချင်စိတ်လည်း နည်းသွားသည်။
အလုပ်တာဝန်က မရှိ၍ လွတ်လပ်နေသည့်အထဲ ခြေအပ်
းထားသော ကားကလေးကလည်း ရှိနေသည်။
ပထမပိုင်းတွင် အချိန်တန် အိမ်ပြန် စား သော် လည်း
ာက်ပိုင်းမှာ ညဉ့်နက်မှပြန်လာခြင်းနှင့်အတူ အရက်နံ့
ည်း ပါလာသည်။

မိုးမိုးအေးက ဒေါ်တင်တင်မော်ကို အကြောင်းစုံပြောပြသည်။

"ယောကျ်ားပဲအေ၊ ဒီလောက်တော့ လွတ်လွတ်လပ်လပ်ရှိရမှာပေါ့၊ နေရာတကာ လိုက်ပြောနေလို့လဲ ဘယ်ဖြစ်ပါ့မလဲ"

ဒေါ်တင်တင်မော်က သားဘက်က....

"သူ အရက်သမား ဖြစ်သွားမှာစိုးလို့ ပြောတာပါ အန်တီ"

"သူတို့အဖေလဲ ဒီလိုပဲ နည်းနည်းပါးပါးတော့ သောက်တာပါပဲ၊ ဒါပေမယ့် အရက်သမားတော့ မဖြစ်ပါဘူး"

"အန်ကယ်က လုပ်ငန်းတာဝန် ရှိတယ်အန်တီ၊ သူ့မှာက ဘာတာဝန်မှ ရှိတာမဟုတ်ဘူး"

"အိုအေ....တစ်ခါလာ ဒီအလုပ်မရှိတာပဲ ပြောနေတယ်၊ အလုပ်ဆိုတာ စားဖို့ ဝတ်ဖို့ ငွေရှာတာပဲ မဟုတ်လား၊ ခုအိမ်မှာ ဘာပူရလို့လဲ၊ စားဖို့ ဝတ်ဖို့ ရှိနေတာပဲ၊ သူ့ခမျာ အမေ့စကား နားထောင်တဲ့သားမို့သာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်သည်ဖြစ်နေရတာ၊ တကယ်ကတော့ အသက်နှစ်ဆယ်ကျော်ဆိုတာ ကလေးသာသာပဲ ရှိပါသေးတယ်၊ ဒီလောက်တော့ အလိုလိုက်ရမှာပေါ့"

သူ့သားအကြောင်းပြောတိုင်း ဒေါ်တင်တင်မော်ရှေ့မှာ ဆီးဆီးကာကာလုပ်နေ၍ မိုးမိုးအေး ဘာမျှမပြောသာ။





ညကျမှ အိပ်ခန်းမှာ နှစ်ယောက်တည်းဆုံသော်လည်း မူးလာချိန်ဖြစ်၍ ပြောသောစကား နားဝင်မည် မထင်။ မိုးမိုးအေးကိုယ်တိုင်လည်း ပြောချင်စိတ်မရှိ။

နံနက်မိုးလင်း ပြောပြန်တော့လည်း....

"စိတ်ညစ်တယ်ဗျာ၊ အိမ်မှာနေရင် နားကိုပူနေတာပဲ၊ အပြင်သွားနေတာပဲ အေးတယ်"

မကျေမနပ် ပြောဆိုထွက်သွားတော့ ဒေါ်တင်တင်မော်ကြားသည်။

"မိုးမိုး ညည်း အဲဒီလိုလုပ်နေရင်တော့ ငါ့သားကို ပျက်စီးအောင် ဖျက်ဆီးသလိုဖြစ်နေပြီ...."

ဒေါ်တင်တင်မော် မကျေမနပ် ပြောသည်။

မပျက်စီးအောင် ပြောသူပင် အပြစ်တင်ခံရသည်။ အစတုန်းကတည်းက ပျက်စီးခဲ့သည်မှာ မပေါ်လွင်။

လိမ္မာအောင် ဆုံးမနိုင်မည့် မိန်းကလေးအဖြစ် အိမ်ထောင်ချပေးခဲ့သော်လည်း လိမ္မာအောင် ဆုံးမပြန်တော့လည်း မကြိုက်။

ကိုယ့်ကြောင့်ပင် အပြင်ထွက်ရသလိုလို၊ ကိုယ့်ကြောင့်ပင် ပျက်စီးရသလိုလို အပြောအဆိုခံရသည်။

မိုးမိုးအေး ဝမ်းနည်းစိတ်နှင့် မျက်ရည်ကျရသည်။

သားအမိနှစ်ယောက်ကြားမှာ ကိုယ်သာ တရားခံဖြစ်ရတာတွေ များလာ၍ နောက်တော့ မိုးမိုးအေး ဘာမျှမပြောတဲ့ နေသည်။

မပြောတော့လည်း နေမင်းတစ်ရာက ထွက်မြဲထွက်သည်။ အခွင့်ကောင်းရပြီး ပို၍ ညဥ့်နက်မှ ပြန်သည်။

"မိန်းမက ယောကျ်ားကို အိမ်မှာပျော်အောင်မှ အစွမ်းအစမရှိတာ၊ ကိုယ်ကတော့ ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်မယ်လို့ အထင်ကြီးခဲ့တာ၊ လက်တွေ့ကျတော့ ဘာမှအစွမ်းအစ မရှိဘူး၊ ဆူချင်ဆူ၊ ပြောချင်ပြော၊ နားငြီးအောင်လုပ်၊ မပြောပြန်တော့လဲ ကိုယ်နဲ့မဆိုင်တာကျလို့ နေဆိတ်လိုက်တာ၊ တကယ်ဆို ကိုယ့်ယောကျ်ားကို ချော့ချော့မော့မော့နဲ့ စည်းရုံးနိုင်ရမှာပေါ့....

"နည်းအမျိုးမျိုးနဲ့ အိမ်မှာပျော်အောင် ကြိုးစားရမှာပေါ့၊ ပြောချင်တော့ နင်းပြော၊ မပြောတော့လဲ တေမိ၊ သိသားပဲ အရွဲ့တိုက်တာ၊ ဟင်း...ကိုယ့်ဒုက္ခကိုယ်ရှာတာ"

ဒေါ်တင်တင်မော်က မိုးမိုးအေးကိုသာ ဆူပြောနေသည်။

မိုးမိုးအေး ငိုရုံမျှတစ်ပါး ဘာမျှမတတ်နိုင်။

*  *  *

ဒေါ်တင်တင်မော်ပြောသလို ချော့ချော့မော့မော့နှင့် စည်းရုံးသိမ်းသွင်းနိုင်ရန် မိုးမိုးအေး ကြိုးစားသည်။

စိတ်ကောက်နေ၍ မဖြစ်။ စိတ်ပျက်လက်လျှော့၍ မရ။ မောတော့ ကိုယ်သာမောရမည်။





"ကိုနေ၊ ဒီနေ့ညစာတော့ အိမ်ပြန်စားနော်"

နေမင်းတစ်ရာ အိမ်မှထွက်ခါနီးတွင် မိုးမိုးအေး ချော့ချော့မော့မော့ပြောသည်။

"ဘာဖြစ်လို့လဲ"

နေမင်းတစ်ရာမေးပုံက မာသည်။

"မိုးမိုး ကိုနေနဲ့အတူ ညစာမစားရတာကြာပြီ၊ အတူတူစားချင်လို့ပါ"

မိုးမိုးအေးက လေသံကို အညင်သာဆုံးဖြစ်အောင် ကြိုးစားသည်။

"ဟာ....ဗိုက်ချင်းဆုံတာမှ မဟုတ်တဲ၊ ကိုယ့်ဘာသာစားပါ"

"ကိုနေကြိုက်တာလေးတွေ မိုးမိုးကိုယ်တိုင် ချက်ထားလို့ပါ၊ ကြက်သားရေချိုရယ်၊ မှိုဟင်းရယ်၊ ပြောင်းဖူးကြော်ရယ်၊ ခရမ်း...."

"ဟာ....တော်ပြီဗျာ၊ ကျွန်တော် ဒီနေ့ သူငယ်ချင်းတွေနဲ့ ဘော့ပ်စတားမှာ စားဖို့ချိန်းထားတယ်၊ သွားမယ်၊ မိုးချုပ်ရင်လဲအိပ်နှင့်၊ ဒေါ်သောင်း တံခါးဖွင့်ပေးလိမ့်မယ်"

မိုးမိုးအေး ပြောသည်ကို ဆုံးအောင် နားမထောင်။ စကားကိုဖြတ်ပြောပြီး အိမ်ထဲမှ ထွက်သွားသည်။

## အခန်း (၄)

ကိုယ်ဝန်ခြောက်လတွင် မိုးမိုးအေး၏ဗိုက်မှာ အပြင်သို့ အတော်ထွက်လာသည်။

နေမင်းတစ်ရာလည်း အပြင်သို့ ပို၍ အထွက်များလာသည်။ နံနက်စာရော ညစာပါ ပြန်မစားရုံမက အချို့ညများမှာ ပြန်၍ပင် မအိပ်တော့ပါ။

သူ့သား ညပြန်မလာလျှင် ဒေါ်တင်တင်မော်ကလည်း မိုးမိုးအေးကိုသာ တဖျစ်တောက်တောက်နှင့် အပြစ်ပြောနေတော့သည်။

"ညည်းတပူပူတဆူဆူလုပ်လို့ ငါ့သား အိမ်ပြန်မအိပ်တာ နေမှာ၊ လူပျိုတုန်းက လည်တယ်ဆိုတာတောင် အချိန်တန်ရင်တော့ အိမ်ပြန်အိပ်သေးတယ်"





"မိုးမိုးအေး သူ့ကို လုံးဝ မဆူမပြောပါဘူး အန်တီရယ်၊ အန်တီပြောတဲ့အတိုင်း ချော့ချော့မော့မော့ပဲ ပြောပါတယ်"

"ငါ့ရှေ့မှာ မဆူပေမယ့် အိပ်ခန်းထဲကျမှ ဆူလို့နေမှာပေါ့ဟဲ့၊ ခုဟာက အိမ်ပြန်အိပ်ချင်စိတ်တောင် မရှိတော့လို့ အပြင်မှာပဲအိပ်တာ ရှင်းနေတာပဲ"

မိုးမိုး ရှင်းပြသည်ကို ဒေါ်တင်တင်မော် လက်မခံ။

သူ့သား သူ့ဘာသာပျက်သည်ကို ကိုယ့်အပြစ်ဖြစ်နေ၍ မိုးမိုးအေး ပိုပြီး စိတ်မကောင်းဖြစ်ရသည်။

"ငါ့သား ပျက်စီးသွားရင် ညည်းလဲ ဒုက္ခရောက်မှာပဲ၊ အဲဒါဆိုရင်တော့ ဘယ်သူမပြုမိမိမှုပဲ"

"မိုးမိုး နားလည်ပါတယ် အန်တီရယ်"

မိုးမိုးအေး ရင်ထဲမှာ အားငယ်စိတ်များ ကြီးမားလာတိုင်း မျက်ရည်သာ ကျနေရသည်။

လင်ဖြစ်သူကလည်း ဘယ်လို ချော့ ပြောလို့ မှ မရ။ စကားကို လုံးဝနားမထောင်။

ညားခါစ ချစ်ခင်ကြင်နာပုံမျိုးကို လုံးဝမတွေ့ရတော့။ ဆက်ဆံပုံကိုက သူစိမ်းပြင်ပြင် ရေသွင်သွင် ဖြစ်လာသည်။

ပြန်လာပြန်လျှင်လည်း အလွန်အကျွံ မူးလာသည်ချည်း ဖြစ်သည်။ ထိုသို့မူးလာတိုင်းလည်း ပြောပုံဆိုပုံ ဆက်ဆံပုံက ကြမ်းတမ်းခက်ထန်သည်။

နောက်တစ်နေ့ အမူးပြေမှ ချော့မော့ပြောပြန်လျှင်လည်း....

နားငြီးတယ်ဗျာ၊ မပြောနဲ့ ဆိုပြီး ထွက်သွားမြန်သည်
ဘာမျှမပြောလည်း သူ့ဘာသာထွက်သွားပါသည်။

အချစ်ကို အသာထား၍ သံယောဇဉ်နှင့် အကြင်နာပ
မရှိသလောက် ရှားပါးသွားသည်။

ဤအချိန်တွင် မွေးရဖွားရမည့်အတွက် ကြောက်
လင်သား၏ ယုယစွာ အားပေးမှုကို ခံချင်သည်။

သို့သော် လင်သားက အားမပေးရုံမက ဥပေက္ခာပြုလွှ
သူ ဖြစ်နေသည်။

ကိုယ့်ဘာသာ ဆရာဝန်နှင့် ဝိုက်အပ်ပြီး ကိုယ့်ဘာသ
ဆေးခန်းသွားရသည်။

နည်းမျိုးစုံနှင့်လည်း ချော့ချော့မော့မော့ ပြောပြီးပါပြီ
"ကိုနေ....မိုးမိုးကို မချစ်တော့ဘူးလားဟင်"

"ဟာဗျာ....ဘယ်သူက မချစ်တော့ဘူး ပြောလို့လဲ
ပြဿနာမရှိ ပြဿနာမရှာစမ်းပါနဲ့"

"ကိုနေက အပြင်ချည်းသွားနေတော့ မိုးမိုး တစ်ယောက်
တည်းနေရတာ အားငယ်လို့ပါ"

"ဘာအားငယ်စရာရှိလဲ၊ ကိုယ့်အိမ်ကိုယ်နေတာပဲ၊ အိမ်
မှာ အမေလဲရှိတယ်၊ ဒေါ်သောင်းလဲရှိတယ်"

"ကိုနေ ပြန်မအိပ်တဲ့ညဆိုရင် မိုးမိုးတစ်ယောက်တည်း
စိတ်မကောင်းလို့ မျက်ရည်ကျနေရတာ"

"အဓိပ္ပာယ်မရှိတာဗျာ၊ ကျွန်တော် လူပျိုကတည်းက
ဒီလိုနေတာ မိုးမိုး သိတာပဲ"





"အခု ကိုနေက လူပျိုမဟုတ်တော့ဘူးလေ၊ မယားနဲ့၊
မကြာခင် ရင်သွေးလေးလဲ ရလာတော့မှာ"

"အဲဒါဘာဖြစ်လဲဗျာ၊ ဒါသဘာဝတရားပဲ၊ အဆန်းမှ
မဟုတ်တာ"

"ဆန်းတယ် ကိုနေ၊ မိုးမိုးအတွက်ကတော့ သိပ်ဆန်းနေ
တယ်၊ ကိုနေ ဖြစ်ချင်တာပြောပါ၊ ကိုနေစားချင်တာပြော၊
ကိုနေ အိမ်မှာပဲ မိုးမိုးနဲ့အတူ နေပါနော်....

"မိုးမိုး ကိုနေနဲ့အတူ နေချင်လို့ပါ"

သံမဏိအသည်းပင် အရည်ပျော်လောက်အောင် မိုးမိုး
အေးခမျာ အသနားခံ၍ ပြောရှာသည်။

"ခုလဲ ကျွန်တော် ပြန်လာနေတာပဲဗျာ၊ အဲဒီလို ပြောသံ
တွေကြားနေရတာ ကျွန်တော် နားပူတယ်၊ ကျွန်တော်က
လွတ်လွတ်လပ်လပ်နေရတာ ကြိုက်တယ်၊ ကျွန်တော့်ကို
ဘယ်သူကမှ ချုပ်ချယ်တာမကြိုက်ဘူး"

"အခုဟာက ချုပ်ချယ်နေတာမဟုတ်ပါဘူး ကိုနေ၊
ကိုနေ့ကို မိုးမိုး တောင်းပန်နေတာပါ၊ ဒီအချိန်မှာ ဘယ်
မိန်းမမဆို ကိုယ့်လင်အနား ကပ်နေချင်တာပဲ၊ ကိုယ့်လင်ရဲ့
ကြင်နာယုယတာ ခံချင်တာပဲ၊ မိုးမိုးကို သနားပါဦး ကိုနေ
ရယ်"

"ဟာဗျာ....အဲဒါမျိုးတွေကြောင့် ကျွန်တော် အရမ်း
စိတ်ညစ်တာ၊ အိမ်ပြန်လာတိုင်း ခင်ဗျားက အပျော့ဆွဲဆွဲ
ပြီး အမျိုးမျိုး နားပူနားဆာလုပ်နေတာ၊ အိမ်ကို ပြန်မလာ
ချင်တော့ဘူး၊ နားထဲ သံရည်ပူလောင်းနေသလိုပဲ"

နေမင်းတစ်ရာ မကျေမနပ်ပြောပြီး ထွက်သွားပါသည်။

ကိုယ်ပြောသမျှမှာ သူ့အတွက် နားခါးစရာဖြစ်နေပြီဟု မိုးမိုးအေး ဝမ်းနည်းစွာ နားလည်လိုက်ပါသည်။

ထိုနေ့ညက နေမင်းတစ်ရာ အိမ်ပြန်မလာပါ။

နောက်နေ့နှင့် ညမှာလည်း လုံးဝပြန်မလာပါ။

အဲဒါ ညည်းအသုံးမကျလို့၊ ငါ့သားကို နားဝင်အောင် မပြောနိုင်ဘဲ နားပူအောင်လုပ်လို့ဟု ဒေါ်တင်တင်မော်က အပြစ်တင်ပြန်သည်။

မိုးမိုးအတွက် ငိုရုံမှတစ်ပါး အားထားစရာမရှိတော့ပါ။

သမီးအတွက် စိတ်ချချင်တယ်ဆိုတဲ့ မေမေရေ၊ သမီး ဒုက္ခဖြစ်နေတာ လာမြင်လှည့်ပါဦး....

ရင်ထဲမှာ မေမေ့ကိုသာ တမ်းတနေမိသည်။

၂၆



## အခန်း (၈)

"ဒါ ဘာပြောပြော သူ နားမဝင်တော့ဘူး၊ သူ ငါ့ကို မချစ်တော့ဘူး၊ သူ့မှာ ချစ်သူအသစ်များ ရှိနေလို့လား"

ထိုအတွေးက မိုးမိုးအေးရင်ကို ပို၍ ပူလောင်စေသည်။

"ဖြစ်နိုင်တယ်၊ ခုဆိုရင် ညတွေပါ ပြန်မလာတော့ဘူး၊ သူသွားချင်သလိုသွားပြီး သူနေချင်သလိုနေတာ၊ ဘယ်သွားလို့ ဘယ်သူတွေနဲ့နေတယ်ဆိုတာ ကိုယ်က လိုက်ကြည့်နိုင်တာမဟုတ်ဘူး၊ သူငယ်ချင်းတွေဆီသွားတယ်ဆိုတာ ဟုတ်ချင်မှဟုတ်မှာ"

မကျေနပ်စိတ်တွေ ဖြစ်လာသည်။

"ညားခါစတုန်းကတော့ ငါ့နားကပ်မှာပေါ့၊ ငါက လှတာကိုး၊ ခုတော့ ငါက ဗိုက်ကြီးတကားကားနဲ့"

ပုံပျက်ပန်းပျက်ဖြစ်နေသော ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိသည်။

"ဟင်း.... နောက်ထပ်အချောအလှလေး တစ်ယောက်နဲ့ တွဲနေတာ နေမှာ"

မျက်ရည်ပူများ ပါးပေါ်မှာ အဆက်မပြတ် စီးဆင်းလာကြသည်။

ပူလောင်လွန်းလှသော ဝေဒနာကို တစ်ယောက်တည်း ခံနိုင်စွမ်း မရှိတော့ပါ။

အားကိုးစရာမရှိသည့်အဆုံးမှာ မိမိကို တစ်ချိန်လုံး အပြစ်ပြောနေသော ဒေါ်တင်တင်မော်ကို အားကိုးအားထားပြုမိသည်။

မိုးမိုးအေး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

"အန်တီ၊ မိုးမိုးကိုယုံပါ၊ မိုးမိုး သူ့ကို ဆူတာပူတာ လုံးဝမလုပ်ပါဘူး၊ မကျေနပ်တဲ့ လေသံတောင် မပါအောင် ချော့ပြောပါတယ်၊ ဒါပေမယ့် မိုးမိုး ဘာပြောပြော သူ အကောင်းမထင်တော့ဘူး....

"မိုးမိုးက ဗိုက်ကြီးတကားကားနဲ့ ပုံပျက်ပန်းပျက်ဖြစ်နေတော့ သူ မိုးမိုးကို မချစ်ဘော့ဘူး....

"ခုလဲ ပြန်မလာတာ သုံးရက်ရှိသွားပြီ၊ သူ့မှာ ချောချောလှလှ နောက်ထပ် ချစ်သူအသစ် ရှိနေပြီထင်တယ် အန်တီ"

မိုးမိုးအေး ငိုရင်း ပြောသည်၊ မေးသည်။

"အိုအေ....အဲဒီလိုတော့ မဟုတ်နိုင်ပါဘူး"





"ဟုတ်နိုင်တယ် အန်တီ၊ မိုးမိုးကို ကယ်ပါဦး"

"ငါ့သားက အဲဒီလိုတော့ လုပ်မှာမဟုတ်ပါဘူး၊ သူ့သူငယ်ချင်းတွေနဲ့ပဲ ပျော်ပျော်ပါးပါးနေတာ ဖြစ်မှာပါ"

"သူတို့ ဘယ်မှာနေလဲ ဒေါ်ဒေါ်"

"ဟဲ့....အဲဒါတော့ ငါလဲ ဘယ်သိမလဲ၊ ဘာလဲ၊ ညည်းက လိုက်သွားမလို့လား"

"မိုးမိုး လိုက်သွားချင်တယ်"

"အဲဒါမှ တစ်ခါတည်း ပြဿနာတက်မှာ၊ အဲဒါမျိုးလုပ်တာ ဘယ်ယောကျ်ားမှ မကြိုက်ဘူး"

"ဒါဖြင့် မိုးမိုးက သူ ဘာလုပ်လုပ် အိမ်ထဲမှာ ဒီလိုပဲငြိမ်နေရမှာလား"

"ဟဲ့....အဲဒီလိုမလုပ်ပါဘူးလို့ ပြောနေတာ"

"အန်တီပြောသလို မိုးမိုး သူ့ကိုပြုပြင်နိုင်အောင် ကြိုးစားပါတယ်၊ မရဘူး၊ သူ့အကြိုက်တွေ လိုက်လျောတယ်၊ မျက်ပြုတ်ကျွေးတယ်၊ မအောင်မြင်ဘူး၊ အန်တီက ချော့ချော့မော့မော့ ပြောရမယ်ဆိုလို့ ပြောတာလဲ နားမဝင်ပါဘူး....

"မိုးမိုး ဘာဆက်လုပ်ရမှာလဲ"

မိုးမိုးအေး ဝမ်းနည်း၍ ငိုသည်။

ဒေါ်တင်တင်မော်က မိုးမိုးအေး၏ ဗိုက်ကို လှမ်းကြည့်လိုက်သည်။

"အေး....ဒီတစ်ခါ သူပြန်လာရင် ဗိုက်ထဲက ကလေးကို သံယောဇဉ်ရှိအောင် ပြောကြည့်၊ သူ့အဖေတုန်းကတော့

သူ့သား ကိုယ်ဝန်ရှိကတည်းက အိမ်ပြန်ကို မှန်နေတာပဲ၊ ကလေးလူပ်ရင် သူ့ကို စမ်းကြည့်ခိုင်းရတယ်၊ ခိုင်းဖူးလား"

မိုးမိုးအေး ခေါင်းယမ်းပြသည်။

"မမြင်ရသေးပေမယ့် သူ့ရင်သွေးဖြစ်တဲ့ ကလေးကို ချစ်အောင် ပြောရတယ်"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

ဒေါ်တင်တင်မော်၏ အကြံဉာဏ်ပေးသည်ကို ကျေးဇူးတင်မိသည်။



အခန်း (၉)

လေးရက်မြောက် နံနက်မှာ နေမင်းတစ်ရာ အိမ်ပြန်လာသည်။

အိမ်ရောက်သည်နှင့် ဆာလာသည်။

မိုးမိုးအေးက သူကြိုက်တတ်သော ကော်ဖီခါးခါးဆိမ့်ဆိမ့်နှင့် ပေါင်မုန့်မီးကင် ထောပတ်သုတ်၊ ကြက်ဥဟာပ်ဖရိုက်နှစ်လုံး လုပ်ပေးသည်။

စားပြီးသည်နှင့် အိမ်ပေါ်တက်သွား၍ အခန်းထဲမှ အိပ်ရာ ခုတင်မှာ အိပ်သည်။

ညတုန်းက တစ်ရေးမှ မအိပ်ခဲ့ရသည့်ပုံ။

မိုးမိုးအေး စိတ်ထဲမှာ သံသယ ပို၍ ကြီးထွားလာသည်။

သို့သော် မဆူမိ၊ မပြောမိအောင် စိတ်ကို ထိန်းချုပ်ထားသည်။

နေမင်းတစ်ရာ ဝတ်ထားသော အင်္ကျီကို အသေအချာ ကြည့်သည်။ နှုတ်ခမ်းနီ စွန်းထင်နေသည်များ တွေ့ရမည်လားအထင်နှင့်။

သို့သော် ဘာမျှမတွေ့။

စိုးရိမ်စိတ်၊ မကျေနပ်စိတ်များကို မျိုသိပ်ပြီး ဇော်တင်တင်မော် အကြံပေးသလို ရင်သွေးနှင့် သံယောဇဉ်ကြိုး ချည်ရန် ဆုံးဖြတ်လိုက်သည်။

သူအိပ်နေစဉ် ရေချိုးပြီး သနပ်ခါးကို ဖွေးဖွေးညီညီလေး လိမ်းသည်။

မှန်ထဲမှာ မျက်နှာ နုနုလှလှလေးကို ကြည့်ပြီး အားတက်ရသေးသည်။

သို့သော် ဗိုက်ဆီသို့ ငုံ့ကြည့်တော့ အားပျက်သည်။

ဗီရိုထဲမှ ဗိုက်ဖုံးအင်္ကျီလှလှလေးကို ထုတ်ဝတ်သည်။

ဘော်ဒီစပရေး ဖျန်းသည်။

ပြီးတော့ အိပ်ရာခုတင်ပေါ်တွင် ကိုနေ၏ဘေးမှာ ဝင်အိပ်၍ မိခင်နှင့် ကလေးဆိုသော စာအုပ်ကိုဖတ်ရင်း သူအိပ်ရာမှ နိုးအောင် စောင့်သည်။

နေ့လယ် ၁၂ နာရီကျော်မှ အိပ်ရာက နိုးသည်။

"ကိုနေ နိုးပြီလား"

မိုးမိုးအေးက ညင်ညင်သာသာလေး မေးသည်။

"အင်း....အိပ်လို့ကောင်းလိုက်တာ"

"ကိုနေ မနေ့ညက မအိပ်ခဲ့ရဘူးလား"





"အင်း....သူငယ်ချင်းတွေနဲ့ တစ်ညလုံး ကစားနေကြလို့"

မိုးမိုးအေး မယုံချင်သော်လည်း ယုံလိုက်ရသည်။

"ကိုနေ ပြန်မလာတဲ့သုံးညလုံး မိုးမိုး စိတ်ပူလိုက်တာ"

"ဘာပူစရာရှိလဲ"

"ကိုနေကလဲ၊ ကားနဲ့သွားတာဆိုတော့ သောက်စားပြီး ကားမှောင်းရင် ပူတာပေါ့"

"ဘာမှမဖြစ်ဘူး"

"ဖြစ်ရင် ကိုနေမှာ အခု လူပျိုလူလွတ်မဟုတ်ဘူးနော်၊ မိုးမိုးရင်ထဲမှာ ကိုနေ့ရင်သွေးလေး ရှိနေပြီ"

"အဲဒါ သိသားပဲ၊ ဘာဆန်းလို့လဲ"

"ဆန်းတာပေါ့ ကိုနေရယ်၊ မကြာခင် ကိုနေ ကလေးအဖေဖြစ်တော့မှာ"

မိုးမိုးအေးက နေမင်းတစ်ရာဘက်သို့ စောင်းလှည့်လိုက်သည်။

ထိုအချိန်မှာ အဆင်သင့်ပင် ကလေးက အတွင်းမှ လှုပ်နေသည်။

"ဟော....အတွင်းက သားလေးလှုပ်နေတယ်၊ ဖေဖေကြီးကလဲ တစ်ခါမှ စမ်းမကြည့်ရသေးဘူး၊ ကိုနေ ဗိုက်ပေါ်လက်တင်ပြီး စမ်းကြည့်"

မိုးမိုးအေးက နေမင်းတစ်ရာ၏လက်ကို ဆွဲယူလိုက်သည်။

"ဟာ....မစမ်းချင်ဘူးဗျာ၊ ကျွန်တော် အူယားတယ်"

နေမင်းတစ်ရာက လက်ကို ပြန်ဆွဲရုပ်သွားသည်။

"အို...."

မိုးမိုးအေး ရင်ထဲမှာ နာကျင်စွာ ခံစားလိုက်ရသည်၊ ကိုယ့်ရင်သွေးကိုပင် စိတ်ဝင်စားမှုမရှိသော အဖေ။

သုတကာတွေများ ဗိုက်ထဲမှာ ကလေးလှုပ်လျှင် မိခင်က ပြောပြ၊ ဖခင်က စမ်းကြည့်နှင့် အလွန်ကြည်နူးစရာ ဖြစ်ကြောင်း ကြားဖူးဖတ်ဖူးသည်။

ခုတော့ တူးတူးခါးခါးငြင်းရက်သည်။

"ဘာလဲ ကိုနေ၊ မိုးမိုးဗိုက်ကို မကိုင်ချင်လို့လား"

"မဟုတ်ပါဘူး၊ ကလေးလှုပ်တယ်ပြောတာ အူယားလို့ပါ"

"ဒါဆိုရင် ခု ကလေးမလှုပ်တော့ဘူး၊ ဗိုက်ကိုကိုင်ကြည့်"

"ဟာဗျာ.... အဲဒါကတော့ တမင် အကျပ်ကိုင်ခိုင်းတာပဲ"

"ကိုနေ့မှာ မိုးမိုးအပြင် တခြားမိန်းကလေးချစ်သူရှိတယ် မဟုတ်လား၊ မှန်မှန်ပြော"

မိုးမိုးအေး လေသံက မာလာသည်။

"ဟာ....ပြဿနာမရှိ ပြဿနာရှာတယ်ဗျာ၊ ဘယ်ကမိန်းမမှ မရှိဘူး"

"ဒါဖြင့် သုံးညတောင် အိမ်ပြန်မအိပ်တာက"

"သူငယ်ချင်းတွေဆီသွားပြီး သူငယ်ချင်းတွေနဲ့ နေတာလို့ ပြောပြီးသားပဲ"

"သူငယ်ချင်းတွေနဲ့ ဒီလောက် အကြာကြီး နေစရာမရှိပါဘူး၊ ကိုယ့်မိန်းမက ဗိုက်ကြီးတကားကားနဲ့မို့ ငြီးငွေ့





သွားလို့ ကောင်မလေးချောချောတွေနဲ့ သွားပျော်နေတာ ဟုတ်လား"

မိုးမိုးအေးရင်ထဲမှာ ခံစားချက်များ ပွင့်ထွက်လာသည်။

"အခိုပ္ပာယ်မရှိတာဗျာ၊ ဘယ်မိန်းမနဲ့မှ အဲဒီလို ရှုပ်ရှုပ်ယှက်ယှက်မလုပ်ဘူး၊ သူငယ်ချင်းတွေနဲ့ နေတာဗျ၊ သူငယ်ချင်းတွေနဲ့နေရတာ ပျော်လို့"

"ဪ....ဒါဖြင့် မိုးမိုးနဲ့နေရတာကျတော့ မပျော်ဘူးပေါ့"

"သူငယ်ချင်းတွေက ကျွန်တော့်ကို ဘယ်သူကမှ နားပူနားဆာ မပြောဘူးဗျ....

"စားမယ်၊ သောက်မယ်၊ ကစားမယ်၊ ပျော်ပျော်ရွှင်ရွှင်နေတာ ဘယ်သူ့ ဘယ်သူမှ မချုပ်ချယ်ဘူး"

"ဒါပေမယ့် ကိုနေက ခု အိမ်ထောင်သည်ဖြစ်နေပြီ၊ ကိုယ့်မှာ မိန်းမရှိနေပြီ၊ မိန်းမကလဲ ကိုယ်နဲ့ရတဲ့ ကိုယ်ဝန်ကြီးကို လွယ်ထားရတယ်ဆိုတာလဲ သတိထားဦးမှပေါ့"

"ကျွန်တော့် သူငယ်ချင်းတွေက မိုးမိုးနဲ့ မညားခင်တုန်းက ပေါင်းလာခဲ့တာဗျ၊ မိုးမိုးနဲ့ညားမှ ကျွန်တော်က သူတို့ကို သစ္စာဖောက်တာ၊ သူတို့လဲ အိမ်ထောင်သည်တွေပါပဲ၊ အားလုံး လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေတာပဲ....

"ကျွန်တော်က အားလုံးပြောတာ ခံရတယ်၊ မယားကြောက်တဲ့"

"ကိုနေ မိုးမိုးကို မကြောက်ရပါဘူး"

မိုးမိုးအေးက ဖြတ်ပြောသည်။

"မကြောက်ပါဘူး၊ ကျွန်တော် ဘယ်သူ့မှမကြေ... ဘူး၊ ဘယ်သူနိုင်တာမှလဲ မခံဘူး၊ ဒါပေမယ့် သူငယ်... တွေကပြောတယ်၊ မိန်းမရပြီးတာနဲ့ သူငယ်ချင်းမျ... လေစိမ်းတိုက်တဲ့ကောင်တဲ့....

"အဲဒီတုန်းက သူတို့ခဏခဏ ဖုန်းဆက်ခေါ်ပါတ... ဒါပေမယ့် မိုးမိုးက မသွားပါနဲ့ ပျင်းတယ်ဆိုလို့ ကျွန်... မသွားခဲ့ဘူး"

"မိုးမိုး ကိုနေကိုချစ်လို့၊ ကိုနေနဲ့ အတူနေရတာ ... လို့ ပြောခဲ့တာပါ"

"ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းတွေကတော့ ... တော့်ကို ချည်တိုင်မှာမြဲအောင် နဖားကြိုးထိုးခံထားရ... တဲ့"

"ဘာ...."

မိုးမိုးအေး စိတ်မကောင်းဖြစ်ရသည်။

သူငယ်ချင်းများက ဆိုးဆိုးရွားရွား စကားလုံးမျာ... မြှောက်ပင့်ပေးနေကြသည်ကို နားလည်လိုက်ရသောကြေ... ဖြစ်သည်။

"မိုးမိုး ကိုနေကို အဲဒီလို မကောင်းတဲ့စိတ်ထား မရှိ... ဘူး"

"ဒါပေမယ့် သူတို့အားလုံးထဲမှာတော့ ကျွန်တော်... အညံ့ဆုံးလူ ဖြစ်နေတယ်ဗျ"





သူငယ်ချင်းများ၏ စကားကို ကိုနေ နားဝင်နေပြီ ဖြစ် ...ကြောင်း မိုးမိုးအေး သတိထားမိပါသည်။

"သူတို့အားလုံးဟာ အိမ်ထောင်သည်ဖြစ်ပေမယ့် လူပျို ...ကလိုပဲ လွတ်လပ်တယ်....

"သူငယ်ချင်းတွေစုပြီး ကစားကြတယ်၊ စားတယ်၊ ...ာက်တယ်၊ ညနေကျရင် နိုင်တဲ့ကောင်က ဒကာခံပြီး ...းသောက်ဆိုင်တစ်ခုမှာ သွားစားတယ်၊ ဒါပဲ"

"ဒါဖြင့်လဲ သူတို့ကို အိမ်ခေါ်ခဲ့ပါလား"

မိုးမိုးအေးက ကိုယ့်ယောက်ျားကို ကိုယ့်ရှေ့မှာပင် မြင် ...ချင်သည်။

"မရဘူး၊ ကျွန်တော်တို့အဖွဲ့က ဘယ်သူ့ အိမ်မှာ မှ ...ကိုက်ဘူး၊ မိသားစုတွေရှိရင် မလွတ်လပ်ဘူး၊ ဂျော့ချ် ...န်းခြံကြီးထဲမှာက လွတ်လပ်တယ်၊ တိုက်တစ်လုံးရှိတယ်၊ ...တို့ အဝေးပြေးကားတွေမောင်းတဲ့ ကားသမားတွေ ...လာအိပ်တယ်....

"မိသားစုလဲ ဘယ်သူမှမရှိဘူး၊ သူ့မိဘတွေက တောင် ...းမှာ နေတာ....

"သူ့တိုက်မှာ ထမင်းချက်အဘိုးကြီးတစ်ယောက်နဲ့ သူ ...းဖို့ ကောင်လေးတစ်ယောက်ပဲ ရှိတယ်၊ အဘိုးကြီးက ...ချက်အပြုတ်ကောင်းတယ်၊ စားချင်တာ အကုန်လုပ်ပေး ...ယ်၊ ဂျော့ချ်အုန်းကလဲ သိပ်ထောတယ်၊ ငွေရေးကြေးရေး ...မှ အားနာစရာမရှိဘူး....

"ဒီကောင်က အပေါင်းအသင်းသိပ်ခင်တာ၊ သူများ
လာလို့ မလာနိုင်ဘဲ့သူငယ်ချင်းဆိုရင် သိပ်မုန်းတယ်....

"ဒီကောင်က အားလုံးထဲမှာ ကျွန်တော့်ကို အခင်ဆုံး
မင်္ဂလာဆောင်ညကလဲ ကျွန်တော့်ကိုပဲ သူက အမူးတိုက်
တယ်"

ဪ....မူလလက်ဟောင်း ကျေးဇူးရှင်ပါလားဟု မိုးမိုး
အေး ရင်ထဲမှာ မှတ်ချက်ချလိုက်မိသည်။

"ဒါပေမယ့် သူက ကိုယ်ချင်းစာတတ်ရှိပါတယ်၊ ကျွန်
တော်တို့ ညားခါစတုန်းက သူများတွေ ဖုန်းဆက်ခေါ်တာ
တောင် သူက တားတယ်တဲ့၊ ဒီကောင် သုံးလေးလလောက်
တော့ ရောဂါတက်နေမှာ၊ နေပါစေဦး၊ နောက်တော့ အချိန်
တန်ရင် တို့ဆီ ပြန်လာမှာပါတဲ့"

"အခုလဲ ကိုယ်ချင်းစာတရားဆက်ထားပေးဖို့ ပြောပါ
ကိုနေရယ်၊ ကိုနေ့မှာ သားလေးရတော့မယ်၊ ဒီအချိန်မျိုး
မှာ ဘယ်မိန်းမသားမဆို ကိုယ့်လင်သားကို အားကိုးချင်ပါ
တယ်၊ မွေးခါနီးလေ စိတ်အားငယ်လေ ဖြစ်လို့ပါ....

"ညကျရင်တော့ အိမ်ပြန်အိပ်ပါ၊ ညရေးညတာ မွေးဖို့
ဖွားဖို့ဖြစ်လာရင် ကိုနေမရှိတော့ ဒုက္ခဖြစ်မှာမို့ပါ၊ မိုးမိုး
ကို သနားရင် ကိုနေ့ရင်သွေးလေးကိုချစ်ရင် ညနေတိုင်း
တော့ အိမ်ပြန်လာပါနော်"

မိုးမိုးအေး အညင်သာဆုံးလေသံနှင့် တောင်းတောင်းပန်
ပန် ပြောသည်။

နေမင်းတစ်ရာ ပက်လက်အိပ်နေရင်းမှ ပြုံးလိုက်သည်။





"ကိုနေ ဘာလို့ပြုံးတာလဲဟင်"

"ဂျော့ချ်အုန်းပြောတာကို သတိရလို့ပါ"

"သူက ဘယ်လိုပြောလို့တုံး"

"သူပြောတာ မှန်တယ်"

နေမင်းတစ်ရာက သူ့သူငယ်ချင်းကို ချီးကျူးနေပြန်
သည်။

"ပြောလေ....သူက ဘယ်လိုပြောလို့တုံး"

"ဟင်း....ဟင်း....မင်းမိန်းမပုံက အပျော့ဆွဲ ဆွဲမယ့်ပုံတဲ့"

မိုးမိုးအေး သက်ပြင်းချလိုက်သည်။

"အပျော့ဆွဲ ဆွဲတာ မဟုတ်ပါဘူး ကိုနေရယ်၊ ကိုနေ့ကို
ချစ်လို့၊ အားကိုးလို့ပါ"

"ဟား....ဟား....ဟား"

နေမင်းတစ်ရာက ရယ်သည်။

"ဘာဖြစ်လို့ရယ်တာလဲ ကိုနေ"

"အဲဒါကိုက အပျော့ဆွဲဆွဲတာ ဖြစ်နေလို့"

နေမင်းတစ်ရာ ပြုံးတာရယ်တာ တွေ့ရ၍ မိုးမိုးအေး
ပါ ပြုံးမိသည်။

"ကဲ....ကိုနေ အိပ်ရာနိုးတော့ ဆာမှာပေါ့၊ ရေချိုးလိုက်၊
ထ...."

မိုးမိုးအေးက ဆွဲထူပေးသည်။

"မိုးမိုး အောက်သွားပြီး ကိုနေ ပူပူနွေးနွေးစားရအောင်
ပြင်ထားလိုက်မယ်"

မိုးမိုးအေး အောက်ထပ်သို့သွားသည်။

နေမင်းတစ်ရာ ဆင်းလာတော့ စားစရာများကို ပူပူနွေး နွေးဖြစ်အောင် ပြင်ဆင်ကျွေးမွေးသည်။

နေမင်းတစ်ရာက စားသောက်ပြီးသည်နှင့် အိမ်ထဲမှထွက်၍ ကားပေါ် ရောက်သွားသည်။

ထုံးစံအတိုင်း အပြင်ထွက်တော့မည်။

"ကိုနေ ညနေပြန်လာနော်"

မိုးမိုးအေးက ထွက်ပြီးမှာသည်။

နေမင်းတစ်ရာက ဘာမျှ ပြန်မပြောဘဲ ကားကို မောင်း ထွက်သွားသည်။

ထိုနေ့ညက ပြန်မလာပါ။



အခန်း (၁၀)

နေမင်းတစ်ရာ ငါးရက်အထိ ပြန်မလာ၍ မိုးမိုးအေးရော ဒေါ်တင်တင်မော်ပါ စိတ်ပူလာကြသည်။

တစ်ကြိမ်ထက်တစ်ကြိမ် ပိုဆိုးနေသည်။

"ငါပြောလိုက်လို့များ အပျော့ဆွဲ ဆွဲတယ်ဆိုပြီး ပိုအရွဲ့ တိုက်တာလား"

မိုးမိုးအေး ရင်ထဲမှာ တွေးတွေးတောတော ဖြစ်ရသည်။

"ညည်း ဘာတွေပြောလိုက်လို့လဲ"

ဒေါ်တင်တင်မော်မေးပုံက မကျေမနပ်။

"ဘာမှ ထူးထူးထွေထွေ မပြောပါဘူး၊ အန်တီပြောသလိုပဲ ရင်ထဲက ကလေးကိုချစ်အောင်၊ သံယောဇဉ်ဖြစ်အောင် ပြောတာပါ"

"ညည်းပြောတာ နေရာမကျလို့ ဖြစ်မှာပေါ့"

အပြစ်က မိုးမိုးအေးအပေါ်မှာလာသည်။

"မိုးမိုးလဲ ချော့ပြောတာပါ အန်တီ၊ ပြီးတော့ သူ နားပူမှာစိုးလို့ များများတောင် မပြောပါဘူး"

"ညည်းကို ငါအထင်ကြီးမိတာ မှားတာပဲ၊ ညည်း တစ်ခါတစ်ခါပြောလိုက်တိုင်း ငါ့သားက ပုံပုံဆိုးလာတယ်၊ နောက်တော့ တော်ပါပြီ၊ ဘာမှမပြောပါနဲ့တော့"

မိုးမိုး ပါးစပ်ကို အဝိတ်ခံလိုက်ရသည်။

သားက တစ်မျိုး၊ အမေကတစ်မျိုး၊ မိုးမိုးအေး မျက်ရည်ကိုသာ အဖော်ပြုရသည်။

ဒေါ်တင်တင်မော်က သား၏ အပေါင်းအသင်းများကို ဖုန်းဆက်မေးသည်။

ဘာမျှ ရေရေရာရာ အဖြေမရ။

ခြောက်ရက်မြောက်ညကျမှ နေမင်းတစ်ရာ ပြန်ရောက်လာသည်။ အရက်တွေလည်း အလွန်အကျွံ မူးလာသည်။

"ဘယ်မှာလဲ ဒေါ်မိုးမိုးအေး"

အိမ်အဝင် အမေ့ကို မမေး၊ မိုးမိုးအေးကို မေး၍ ဒေါ်တင်တင်မော် မျက်နှာမဲ့ရွဲ့သွားသည်။

"မိုးမိုးရှိပါတယ် ကိုနေ"

မိုးမိုးအေးက တွဲရန် ပြေးသွားသည်။

"မတွဲပါနဲ့....မကိုင်ပါနဲ့၊ ခင်ဗျား ကျွန်တော့်ကို မထိပါနဲ့"





နေမင်းတစ်ရာက လက်တစ်ဖက်နှင့် တံခါးပေါင်ကို ဆုပ်ကိုင်ရင်း လက်တစ်ဖက်က မိုးမိုးအေးကို ဆီးကာလိုက်သည်။

ဗိုက်ကြီးဘကားကားနှင့် ဆီးကြိုရန်သွားသော မိုးမိုးအေး တန့်ခနဲ ရပ်သွားသည်။

"ခင်ဗျား ကျွန်တော့်ထက် အသက်လေးနှစ် ကြီးတယ်"

နေမင်းတစ်ရာ အာလေး လျှာလေးနှင့် ပြောသည်။ မျက်စိများကလည်း ရီဝေမှေးစင်းလျက်....

"ဟုတ်တယ်....အဲဒါကို အကြောင်းပြုပြီး ခင်ဗျားက ကျွန်တော့်ကို ကလေးတစ်ယောက်လို ဆုံးမချင်တယ်၊ ချည်တိုင်မှာ မြဲအောင် နဖားကြိုးထိုးပြီး ချုပ်ချယ်ချင်တယ်၊ ဒါကြောင့်မို့ ကျွန်တော့် သူငယ်ချင်းတွေက ကျွန်တော့်ကို နွားလို့ ခေါ်တယ်"

မိုးမိုးအေး ခေါင်းယမ်းပြရင်း မျက်ရည်များ စီးကျလာသည်။

"ကျွန်တော် နွားမဟုတ်ဘူးဗျ....လူ၊ ခင်ဗျား ကျွန်တော့်ကို နဖားကြိုး ထိုးချင်လို့ မရဘူး"

ထိုကိစ္စများမှာ အကျေအလည်ပြောပြီးသား ဖြစ်ပါလျက် အရက်မူးမှ ပြန်ပြီး ပြဿနာရှာခြင်းဖြစ်သည်။

"ဟင်း....ဟင်း.... ခင်ဗျားက မိန်းမလည် သိန်းကြွယ်၊ ကျွန်တော့်ကို နဖားကြိုးထိုးလို့မရမှန်း သိတော့ အပျော့ဆွဲဆွဲတယ်၊ သိပ်ရယ်ဖို့ကောင်းတယ်၊ လေသံ ချိုချို လေးနဲ့

ဗိုက်ထဲက ကလေး အကြောင်းပြပြီး အိမ်မှာနေပါ၊ ညပြန်အိပ်ပါတဲ့"

မိုးမိုးအေးက ဒေါ်တင်တင်မော်ကို လှမ်းကြည့်လိုက်၏။

ဒေါ်တင်တင်မော် ဘာမျှဝင်မပြောဘဲ ကုလားထိုင်မှာ ငြိမ်သက်စွာ ထိုင်လျက်....

"ကျွန်တော့် အမေတောင် အဲဒီလို မချုပ်ချယ်ခဲ့ဘူးဗျ"

ဒေါ်တင်တင်မော်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။

မိုးမိုးအေး ဝမ်းနည်းလွန်း၍ စားပွဲဘေးမှ ကုလားထိုင်တစ်ခုမှာသွားထိုင်ပြီး စားပွဲပေါ် မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုသည်။

"ခင်ဗျား အပျော့ဆွဲနဲ့ ကျွန်တော့်ကို အချုပ်သတ်နေမှန်း သိလို့ ခင်ဗျားနားလည်အောင် ပြန်ပြီး အကြောင်းပြတာ၊ အတော်ပဲ၊ ကျွန်တော့် သူငယ်ချင်း ဂျော့ချ်အုန်းကလဲ တောင်ကြီးသွားဖို့ကိစ္စ ပေါ်လာတာနဲ့ တောင်ကြီးကို လိုက်သွားတယ်....

"ကောင်မလေး ချောချောလေးတွေနဲ့ သွားပျော်နေတယ်လို့ စွပ်စွဲဦးမလား၊ စွပ်စွဲချင်လဲ စွပ်စွဲလိုက်၊ ကျွန်တော် အရေးမစိုက်ဘူး၊ ကျွန်တော် နေချင်ရင် နေမှာပဲ"

မိုးမိုးရင်ထဲမှာ နာလွန်းသည်။

အရက်မူးနေ၍ ပြောသည်ပင် ဖြစ်သော်လည်း နေမင်းတစ်ရာရင်ထဲကို မြင်လိုက်ရသလို ရှင်းလင်းစွာ နားလည်သွားသည်။

သူ မှားပြီဆိုသည်ကိုလည်း သိလိုက်ပါပြီ။





"ကဲပါ ငါ့သားရယ်၊ လာ....လာ....မေမေ တွဲပါ့မယ်"

ဒေါ်တင်တင်မော်က ထိုင်နေရာမှထပြီး သွားတွဲသည်။

"ရတယ် မေမေ၊ သား မမူးပါဘူး၊ သူ ကျွန်တော့်ကို အဲဒီလို ချုပ်ကိုင်လို့ မရဘူးဆိုတာ ပြောချင်လို့ နည်းနည်းလေး သောက်လာတာပါ"

သို့သော် ဒယီးဒယိုင်ဖြစ်နေ၍ ဒေါ်တင်တင်မော် မနိုင်မနင်း တွဲရသည်။

"ငါ့သား ထမင်းစားပြီးပြီလား၊ မေမေခူးကျွေးမယ်နော်"

ဒေါ်တင်တင်မော်က ချော့ချော့မော့မော့ ပြောနေသည်။

"စားခဲ့ပြီ မေမေ၊ မစားတော့ဘူး၊ သားအိပ်မယ်"

"အေး....အေး.... ဒါဖြင့်.... လာ အိမ်ပေါ်ကို တစ်ခါတည်း တက်"

အိမ်လှေကားအတက်မှာ သားအမိနှစ်ယောက် မနိုင်မနင်း ဖြစ်နေကြသည်။

"ဟဲ့....မိုးမိုး လာတွဲလှည့်လေ၊ ငါတစ်ယောက်တည်း မနိုင်ဘူးဟဲ့၊ ညည်းကလဲ လိမ့်ကျကျန်အောင် ကြည့်နေတယ်"

မိုးမိုးအေး ငိုနေရာမှထပြီး ကိုယ်ဝန်ကြီးနှင့် သွားတွဲ၊ လှေကားပေါ်သို့ ဟက်သွားသည်။

"ဟာ....မတွဲနဲ့ မတွဲနဲ့၊ ရတယ်"

နေမင်းတစ်ရာက မိုးမိုးအေးကို အတွဲမခံ။

မိုးမိုးအေး လှေကားပေါ်မှာ ရပ်လျက် ငိုရပြန်သည်။

"ဒေါ်သောင်း...,ဒေါ်သောင်း ဘယ်မလဲ၊ လာတွဲလှည့်"

နေမင်းတစ်ရာက ဒေါ်သောင်းကို လှမ်းခေါ်သည်။
"လာပါပြီ"
ဒေါ်သောင်း မီးဖိုထဲမှ ပြေးထွက်လာပြီး နေမင်းတစ်ရာကို တွဲတင်ပေးရသည်။

မိုးမိုးအေး ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။ တမင်သက်သက် နှိပ်စက်သည်ဟုလည်း နားလည်လိုက်သည်။

သူနှင့်ညားကတည်းက အားလုံး အရှုံးပေးထားသည်။ ကိုယ့်ဘက်က ဘာမျှ မလွန်အောင် သတိထားခဲ့သည်။ သူပြုသမျှ နုခဲ့သည်၊ သူဆိုးသမျှ ခံခဲ့သည်။

ဤမျှ အပြစ်ကင်းအောင် နေသည့်ကြားက အပြစ်မရှိ အပြစ်ရှာပြီး နှိပ်စက်နေသည်မှာ ယုံနိုင်စရာဖြစ် အကြောင်းမရှိ။

ငြိုးသူရန်ဘက်လည်း မဟုတ်။တမင်သက်သက် လက်စားချေစရာလည်း ဘာအကြောင်းမျှမရှိ။

တစ်ဖက်သတ် အရှုံးပေးထားသူကို တစ်ဖက်သတ် အနိုင်ကျင့်ရက်လွန်း၍ ရင်ထဲမှာ နာသည်။ ချစ်ခင်စိတ် ဟူသမျှလည်း ရင်ထဲမှ ထွက်ပြေးကုန်ကြပြီ။

ခုမှ တကယ့်အထီးကျန်ဘဝကို ခံစားရသည်။

တစ်ကိုယ်လုံးမှာ အားမရှိတော့သလို ဖြစ်လာ၍ ရောက်နေသော လှေကားထစ်မှာပင် ထိုင်ချလိုက်ရသည်။

ဝမ်းနည်းကြေကွဲရသည်ထက် နာကြည်းစွာ ခံစားရသော ဝေဒနာက ပို၍ပင်ပန်းသည်။ ရင်ကို မီးနှင့်မြှိုက်နေသလို ခံစားရသည်။





အရေးထဲမှာ ဗိုက်ထဲက ကလေးက လှုပ်နေသေးသည်။
"ဩော်....ကံဆိုးလိုက်တဲ့ သားလေးရယ်"
ဤအိမ်ထောင်မှာ သာယာချမ်းမြေ့စရာမရှိဟု သိလိုက်ဗိုက်ထဲမှ ကလေးကို သနားမိသည်။

လှုပ်ယောနေရာလို လက်ဖြင့် အသာအယာ သပ်ပေးရင်းက်ရည်များက အဆီးအတားမရှိ စီးဆင်းနေသည်။

နှုတ်ခမ်းကို သွားအစွယ်နှင့် ဖိ၍ တင်းတင်းပါအောင်ကိုက်ထားလိုက်သည်။

နာကျင်သော ဝေဒနာကိုပင် မေ့လျော့နေသည်။

သွေးနံ့ရသည်၊ ပါးစပ်ထဲသို့ သွေးများ စီးဝင်လာသည်ို သိလိုက်သည်။

"ဘဝက ဝဋ်ကြွေးပါလို့ ဖြစ်ရတာ"
စိတ်ကို တင်းလိုက်သည်။

ဖြစ်နိုင်လျှင် ထောင်းခနဲ ပြတ်သွားသည်အထိ တင်းချင်သည်။

ကိုက်ထားသော နှုတ်ခမ်းဆီမှ ပို၍ နာကျင်သော ဝေဒနာကို ထပ်မံ ခံစားရပြန်သည်။

## အခန်း (၁၁)

မိုးမိုးအေး နားလည်သွားပြီဖြစ်၍ နေမင်းဝစ်ရာကို
မှု မပြောတော့ပါ။ ဆူ၍မပြောသလို ချော့၍လည်း မ
တော့ပါ။

မေတ္တာနှင့်လည်း မပြောတော့ပါ။ မေတ္တာစိတ်
မဖြစ်တော့ပါ။

သူ့ဘာသာ သွားချင်သလိုသွား၊ လာချင်မှလာ။
မလာ၍လည်း မမျှော်တော့ပါ။

မိခင်စိတ်ချမ်းသာအောင် မိခင်စကားကို နားထော
မဟုတ်၊ သာယာ ချမ်းမြေ့သော အိမ်ထောင် ဖြစ်အေ
လည်း ကြိုးစားခဲ့ပြီးပြီ။ တကယ်ချစ်သော မေတ္တာစိတ်
ကြိုးစားခဲ့သည်။





စီးပွားဥစ္စာနှင့်တကွ လူပါ ဘဝတစ်ခုလုံး ပုံအပ်ခဲ့ပြီ။ အရာအားလုံး သူတို့စိတ်တိုင်းကျ စီစဉ်သည့်အတိုင်း နာခံခဲ့သည်။

သားက တမင်သက်သက် အနိုင်ကျင့်သည်။ သော် မိခင်ဖြစ်သူက အနိုင်ကျင့်သူကို အပြစ်မမြင်။ အနိုင်ကျင့်ခံရသူကိုသာ အပြစ်တင်သည်။

ဤအိမ်တွင် တရားမျှတမှု လုံးဝမရှိ။

မိခင်မရှိတော့၍ လင်၏မိခင်ကို ကိုယ့်မိခင်လို သဘောထားခဲ့သည်။

သို့သော် ထိုမိခင်က သားဘက်မှ တစ်ဖက်သတ် ရပ်တည်ခဲ့သည်။

သူတို့အပေါ်မှာ မကောင်းစိတ် မထားဘဲနှင့် ကိုယ့်အပေါ်မှာ မကောင်းစိတ် ထားကြသည်။

အန်တုဖက်ပြိုင်ခြင်း မပြုသူကို အပြစ်အသတ် ဖိနှိပ်အနိုင်ယူနေကြသည်။

ငြိုးသူ ရန်ဘက်နှယ် ရက်စက်ကြသည်ကို ခံနေရသည်။

နှစ်ယောက်လုံးကို နာကြည်းစွာမုန်းသည်။

သို့သော် အခြေအနေအားလုံးက လွန်နေပြီ။

ကိုယ့်မှာ အပျိုမဟုတ်တော့ရုံမက ကိုယ်ဝန်ဆောင်ဘဝသို့ပင် ရောက်နေပြီ။

ကိုယ့်မှာ ရှိသမျှစည်းစိမ်ဥစ္စာအားလုံးနီးပါး သူတို့လက်ဝယ် ရောက်နေပြီ။

နှစ်စီးပွားကို တစ်စီးပွား ပေါင်းမည်ဟု ဆိုခဲ့သည်။

နှစ်ဖက်ပေါင်း ချမ်းသာသမျှ ဤလင်ဤမယားအတွက်ဟု ဆိုခဲ့သည်။

ကျောချမှ ဓားပြမှန်း သိရပြီ။

ကိုယ့်နာမည်နှင့် ဗဟန်းဖိုးစိန်လမ်းမှာ အိမ်တစ်လုံးသာ ကျန်တော့သည်။

ထိုအိမ်ကိုလည်း သူတို့ အကြိမ်ကြိမ်ရောင်းသည်။

ရောင်းမရသေး၍ ကျန်နေခြင်း ဖြစ်သည်၊

လူရော ပစ္စည်းပါ မိုးမိုးအေး ဘာမျှဂရုမစိုက်တော့ပါ။

ရင်ထဲမှ သားလေးကိုသာ အကောင်းဆုံးစောင့်ရှောက်ရန် ဆုံးဖြတ်လိုက်သည်။

တစ်လောကလုံးမှာ အားကိုးတွယ်တာစရာဆို၍ ရင်သွေးကလေးသာ ရှိတော့မည်။

နေမင်းတစ်ရာက သူပြန်လာချင်သည့်အခါ လာသည်။

မိုးမိုးအေးက ဘာမှမမေးသလို သူကလည်း ဘာမျှ မပြောတော့ပါ။

ဒေါ်တင်တင်မော်လည်း မိုးမိုးအေးကို အပြစ်ပြောစရာ မရှိတော့ပါ။

သို့သော် မိုမိုးအေး ကိုယ့်တာဝန်ကိုတော့ ကျေအောင် ကြိုးစားသည်။ ယခင်က လုပ်ခဲ့သည့်အတိုင်း မီးဖိုချောင်ဝင်ပြီး ချက်ပြုတ်သည်။

ဒေါ်တင်တင်မော်ကို ခူးခပ်ကျွေးသည်။

ကိုယ့်အတွက် မဟုတ်သော်လည်း ကိုယ့်ရင်သွေးအတွက် အာဟာရ ပြည့်ဝအောင် စားသည်။





ဒေါ်သောင်းကတော့ သားအမိနှစ်ယောက် မတရားဟု ထင်မြင်သည်။ မိုးမိုးအေးကို သနားသည်၊ အားပေးစကား ပြောသည်။

မိုးမိုးအေး နေတတ်အောင်နေပါသည်။

သို့သော်....

"ညည်းက ဘာသဘောလဲ၊ ငါ့သားကိုလဲ စကားမပြော ဘူး၊ ငါ့ကိုလဲ စကားမပြောဘူး၊ ငါတို့သားအမိကို ညည်းက ရန်သူလို ဆက်ဆံတာလား"

တစ်နေ့တွင် ဒေါ်တင်တင်မော်က စကားစလာသည်။

"မိုးမိုး ဘယ်သူ့ကိုမှ ရန်သူလို သဘောမထားပါဘူး၊ မိုးမိုးသာ ဒီအိမ်မှာ ရန်သူလို အဖိနှိပ်ခံနေရတာပါ"

"ညည်းကို ဘယ်သူက ဖိနှိပ်လို့လဲ၊ ဒီနေ့အထိ ငါ့သား ကကော ညည်းကို လက်ဖျားနဲ့ဘောင် တို့ဖူးလို့လား"

"လက်ဖျားနဲ့သာ မထိတာလေ၊ မိုးမိုးကို တမင်သက် သက် အပြစ်ရှာပြီး အနိုင်ကျင့်ပြောနေတာ"

"ငါ့သားပြောတာ အားလုံး ငါကြားတယ်၊ ဘာမှအနိုင် ကျင့်တာမပါဘူး၊ သူ အချုပ်အချယ်မခံဘူးဆိုတဲ့အကြောင်း ပဲ ပြောတာ"

ဒေါ်တင်တင်မော် အမြင်မှာ မိုးမိုးအေးသာ အပြစ်ရှိ သူ ဖြစ်သွားရပြန်သည်။

"ညည်း သူ့ကို မချုပ်ချယ်ရင် ပြီးတာပဲ၊ မပြောနိုင် မဆိုနိုင် ရန်သူလို ဆက်ဆံစရာ ဘာအကြောင်းမှမရှိဘူး"

"မိုးမိုးလဲ သူ့ကို ရန်သူလို သဘောမထားပါဘူး၊ မိုး
ပြောမိတိုင်း ပြဿနာဖြစ်လို့၊ ပြဿနာမရှိအောင် ဘာ
မပြောဘဲ နေတာ"

"ဒါဖြင့် ငါ့ကိုစကားမပြောတာကော"

"ဒါလဲ မိုးမိုးပြောတိုင်း မိုးမိုးအပြစ်ချည်း ဖြစ်နေ
အပြစ်ကင်းအောင် နေတာပါ"

"ညည်းက စေတနာကို ဝေဒနာထင်တဲ့မိန်းမ ငါ
ကော ညည်းကို နိုင်လိုမင်းထက် ဘာပြောလို့လဲ"

"ဟုတ်ပါတယ် အန်တီ၊ အားလုံးဟာ မိုးမိုးအပြစ်
ချည်းပါပဲ"

မကျအောင် ထိန်းချုပ်ထားသည့် ကြားမှပင် မျက်
များက ပါးပြင်ပေါ်မှာ စီးဆင်းလာကြသည်။



န်း (၁၂)

"ဒေါ်မိုးမိုးအေး၊ ထပါဦးဗျ"

တစ်ညတွင် မိုးကြိုးချုပ်မှ နေမင်းတစ်ရာ အခန်းထဲသို့
လာသည်။ ထုံးစံအတိုင်း အရက်မူးလာသည်။
မိုးမိုးအေး အိပ်ရာမှ နိုးသွားသည်၊

"ခင်ဗျားက ကျွန်တော့်ကိုလဲ စကားမပြောဘူး၊ ကျွန်
တော့်အမေကိုလဲ စကားမပြောဘူး၊ အဲဒါ ဘာသဘောလဲ"
အောက်ထပ်မှာ ဒေါ်တင်တင်မော်နှင့် တွေ့ခဲ့ပြီဟု မိုးမိုး
း နားလည်လိုက်ပါသည်။

"ခင်ဗျားက ကျွန်တော်တို့ သားအမိကို ရန်သူလို ဆက်
နေတာလား၊ ပြောပါဦး"

သူ မေးပုံမှာ နိုင်လိုမင်းထက်ဖြစ်သည်။
မိုးမိုးအေး ခုတင်ပေါ်မှာ ထိုင်လိုက်သည်။

"ခင်ဗျားက ကျုပ်တို့သားအမိကို ဘယ်လိုသဘော
းတာလဲ"

နေမင်းတစ်ရာက မိုးမိုးအေးနားသို့ ရောက်လာသည်။

ကိုယ်ထိလက်ရောက် ရိုက်လိုက်မှာကို မိုးမိုးအေး နှံသိ
ကြောက်သည်။

သူ့ကိုလည်း ပြန်ခုခံနိုင်မည်မဟုတ်၊ ကိုယ့်မှာ အားကို
စရာလည်း ဘာမျှမရှိ။

"ပြောလေ"

ဒေါ်သတကြီး လေသံနှင့်ပြောရင်း အနားပိုပြီး တိုးက
လာ၍ မိုးမိုးအေး ထိတ်လန့်သွားရသည်။

"ဘယ်လိုမှ သဘောမထားပါဘူး"

မိုးမိုးအေး ဖြေမိဖြေရာ ဖြေလိုက်သည်။

"ဒါဖြင့် ဘာလို့ ဘာမှမပြောတာလဲ"

"မိုးမိုးပြောသမျှ မိုးမိုးအပြစ်ချည်း ဖြစ်နေလို့ ဘာ
မပြောဘဲ နေတာပါ"

"ပြောသမျှအပြစ်ဖြစ်တာ မဟုတ်ဘူးဗျ၊ ကျွန်တော့်
ချုပ်ချယ်တဲ့စကား၊ ဟန့်တားတဲ့ စကားတွေကို မပြောဖို့
လိုတယ်၊ မာရေကျောရေလဲ မထားနဲ့၊ အပျော့ဆွဲနဲ့
မတားနဲ့၊ မရဘူး၊ ကျွန်တော်ကြိုက်သလို နေမယ်၊ ခင်ဗျာ
ဟာ ကျွန်တော့်မိန်းမ၊ ကျွန်တော်ကသာ ခင်ဗျားကိုချု
ချယ်ခွင့်ရှိတယ်၊ ခင်ဗျားက ကျွန်တော့်ကို ချုပ်ချယ်ခွ
မရှိဘူး"

တစ်ဖက်သတ်ကျသောစကားဖြစ်သော်လည်း မိုးမိုးအေ
ဘာမျှ ပြန်မပြောတော့ပါ။ ဤမျှ အနိုင်ကျင့်လိုသူများ
အပြန်အလှန် ပြောနေ၍လည်း အကြောင်းထူးမည် မဟု
ပါ။ ပြဿနာက ပို၍ကြီးထွားလာမည်ဖြစ်သည်။





"ကျွန်တော်ပြောတာ ခင်ဗျားနားလည်လား"

နေမင်းတစ်ရာက ထပ်ပြောနေပြန်သည်။

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

မိုးမိုးအေး အဖြေနှင့်အတူ မျက်ရည်များ စီးဆင်းလာ
ပါသည်။

မေမေ့ခမျာ သူမရှိလျှင် အိမ်ကြီးတစ်လုံးနှင့် သမီးလေး
တစ်ယောက်တည်း ကျန်ခဲ့မှာ စိတ်မချဖြစ်ခဲ့သည်။

ထိုသို့ကျန်ခဲ့လျှင် ကိုယ့်အိမ်မှာ ကိုယ့်ဘာသာ အေးချမ်း
စွာ နေရမည်။ အမျိုးအဆွေထဲမှ သက်ကြီးရွယ်ကြီး တစ်
ယောက်ကို ခေါ်နေရင် ရသည်။ သူငယ်ချင်းတစ်ယောက်
ကို ခေါ်ထားလျှင်လည်း ဖြစ်သည်။

ကိုယ့်အိမ်မှာ ကိုယ်နေခြင်းဖြစ်၍ ဘာမျှ ကြောက်စရာ
မရှိ။ မင်းမဲ့တိုင်းပြည်မဟုတ်။

ခုတော့ စိတ်ချရအောင်ဆိုပြီး စီစဉ်ခဲ့ပါမှ ပစ္စည်းရော
လူပါ အသိမ်းခံရသည့်ဘဝသို့ ရောက်သည်။

မေမေ စိတ်ချစွာ မျက်စိနှစ်လုံးမှိတ်သွားခြင်းသည် အနှိပ်
စက်ခံ သုံ့ပန်းအကျဉ်းသားဘဝသို့ ပို့ဆောင်ပေးခဲ့ခြင်း
ဖြစ်သည်။

ထိုအဖြစ်များကို မေမေ ဘာမျှမသိတော့ပါ။

ကိုယ့်မှာသာ ဒုက္ခကို ခါးစည်းခံနေရသည်။

မိုးမိုးအေး စဉ်းစားရင်းမှ ရှိုက်ကြီးတငင် ငိုရပြန်သည်။

## အခန်း (၁၃)

မိုးမိုးအေး ကိုယ်ဝန်အရင့်အမာ ဖြစ်လာသော်လည်း နေမင်းတစ်ရာ အပြင်ထွက်၍ ကောင်းနေဆဲ။

ကြင်နာမှု အားပေးခြင်း၊ ပြုစုခြင်းဆိုသည်မှာ အဝေးကြီး။

မွေးခါနီး ဖွားခါနီးဟူ၍ စိုးရိမ်စိတ်လည်း လုံးဝမရှိ။

သူများ လင်ယောကျ်ားများ ကိုယ်ဝန်ဆောင်ဇနီးသည်ကို တယုတယ စောင့်ရှောက်ကြသည်ဟု ကြားဖူးသည်။ ၊

မိုးမိုးအေးအဘွက်တော့ ပုံပြင်များသာဖြစ်နေသည်။

ညားပြီးခါစ သုံးလေးလလောက်သာ ချစ်ခင်မှုရာကို မြင်ခဲ့ရသည်။

အံ့ဩစရာ ကောင်းလှသည်။ကျိန်စာသင့်သူလို အပြောင်းကြီး ပြောင်းလဲသွားပုံက မယုံနိုင်စရာ။

"အေးလေ....သူ တ ကယ် ချစ် တာ မဟုတ်လို့ ညားခါစ လှတုန်းပတုန်းသာ အသစ်စက်စက်အဖြစ် ချစ်တယ်လို့ ထင်ခဲ့တာ နေမှာပေါ့"





ကိုယ်ဝန်ရှိ၍ ဗိုက်ထွက်လာသည်နှင့် အနားမကပ်တော့ပဲ စိမ်းကားသွားသည်မှာ နာကြည်းစရာသာမက စက်ဆုပ်ရလည်း ကောင်းလှသည်။

မွေးဖွားရက်ကနီးနေပြီ၊ နေ့လား ညလားမသိ။

ဒေါ်တင်တင်မော်ကလည်း မေးဖော်ပင် မရ။

ကိုယ့်ဘာဝကိုယ်သိ၍ မိုးမိုးအေး လက်စွပ်ကလေး တစ်ကွင်းရောင်းပြီး လက်ထဲမှာ ငွေခြောက်ထောင် အသင့်ဆောင်ထားသည်။

နှစ်စီးပွားကို တစ်စီးပွားပေါင်းထားသော်လည်း သူတို့ထံမှာ လက်ဖြန့်ခံ မတောင်းချင်။

မေမေဆုံးပြီးနောက် မိုးမိုးအေးတို့ခြံနှင့် အိမ်ကြီးကို ရောင်းသည်မှာ နှစ်ဆယ့်ရှစ်သိန်းရသည်ဟုသာ သိရသည်။ ငွေတစ်ပြားမျှ မထိမကိုင်လိုက်ရ။

ဘဏ်မှာ အပ်ထား သည်ဟု ဆိုသည်။ မည်သူ့နာမည်နှင့် အပ်သည်ဟု မသိ။ မေးလည်း မမေးမိ။

ထိုအချိန်က ချစ်တုန်းခင်တုန်းမို့ အားလုံးကိုယုံသည်။ ခုတော့ သိနေပြီ၊ ဘာကိုမျှလည်း မမျှော်လင့်ချင်။

ကိုယ့်ဘာသာ အဆင်ပြေအောင်သာ စဉ်းစားသည်။

လက်စွပ်ရောင်းသောငွေကုန်လျှင် ကိစ္စမရှိ။ လက်ဝတ်လက်စားများ ရောင်းစရာ အများကြီးကျန်ရှိသေးသည်။

တော်သေးသည်။ လက်ဝတ်လက်စားများကို တယ်သူ့မျှ မအပ်မိ။ ကိုယ့်လက်ထဲမှာ အားလုံးရှိသည်။

မွေးလျှင်ဖွားလျှင် လိုအပ်မည် ထင်သည်တို့ကို ဒေါ်သောင်းအကူအညီနှင့် ကိုယ့်ဘာသာ ဝယ်ယူစုဆောင်းထားရသည်။

ကလေးအတွက်လည်း အနှီးပိတ်နှင့်တကွ ဝတ်စရာ ဆင်စရာလေးများကို ဝယ်ထားပြီးဖြစ်သည်။

ကိုယ့်ရင်သွေးကို မေတ္တာအပြည့် ပေးချင်သည်။ ကိုယ်တိုင် နို့တိုက်မွေးမည်ဟု ဆုံးဖြတ်ထားသည်။

သို့သော် နို့မထွက်ခဲ့သော် လိုလိုမည်မည် နို့ဘူး၊ နို့မှုန့်ဘူး၊ ဖျော်ခွက် စသည်တို့ကို ဝယ်ထားသည်။

မွေးရမည်ကိုကြောက်သော်လည်း ကလေးအတွက် ပြင်ရဆင်ရသည်က အားတက်သည်။

သားလေးများဖြစ်လျှင်....

မမွေးခင်ကပင် အတွေးနှင့် အားကိုးချင်မိသည်။

သို့သော် သမီးကလေးမွေးလျှင်လည်း ချစ်မည်။

"ငါ့သမီးလေးကျရင်တော့ ငါ့လို ကံမဆိုးစေရဘူး၊ ငါ့လို အနိုင်ကျင့်ခံ၊ အနှိပ်စက်ခံ မဖြစ်စေရဘူး"

သမီးလေးကို ချစ်သူနှင့်အတူ ကြည်နူးစရာ၊ သာယာသော အိမ်ထောင်ဖြစ်အောင် ကြိုကြိုတင်တင် ပြင်ဆင်ပေးမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

သားမှန်း သမီးမှန်း မသိရသေးသော ဗိုက်ထဲမှကလေးကို ရှိမည့်နေရာမှန်း၍ ဗိုက်ပေါ်မှ ကြင်နာစွာ ပွတ်သပ်ပေးနေမိသည်။



## အခန်း (၁၄)

မိုးမိုးအေး အိပ်ရာမှ လန့်နိုးလာသည်။

"အို....ကျွတ်....ကျွတ်...."

နာကျင်သောဝေဒနာကြောင့် အိပ်ရာမှ လန့်နိုးလာခြင်းဖြစ်သည်။

ခါးဆီမှ ကိုက်ခဲ၍ ဗိုက်ထဲကနာသည်။ အသေအချာ စဉ်းစားကြည့်တော့ ဘယ်နားက နာနေသည်ဟု အတိအကျမသိ။ တစ်ကိုယ်လုံး နာနေသလို စိတ်ထဲမှာထင်မိသည်။

အခန်းထဲရှိ နံရံပေါ်မှ နာရီကို လှမ်းကြည့်လိုက်တော့ ည (၁၁) နာရီထိုးခါနီးနေပြီ။

ထုံးစံအတိုင်း ထိုနေ့ညက အိမ်မှာ နေမင်းတစ်ရာမရှိ။ ကားလည်းမရှိ။နေမင်းတစ်ရာက သွားလေရာ ကားယူသွားသည်။

မိုးမိုးအေး အိပ်နေရာမှ အသာအယာထသည်။

"အား....ကျွတ်....ကျွတ်"

ခါးထဲမှ ပိုနာသည်။

ဘေးနားတွင် အသင့်ရှိသော ပိုက်ဆံအိတ်ကို ယူလိုက်သည်။

အိမ်အောက်သို့ ဆင်းခဲ့သည်။

နာလွန်း၍ မြန်မြန်မဆင်းနိုင်။ လှေကားလက်ရန်းကိုကိုင်၍ ဖြည်းဖြည်းချင်းဆင်းရသည်။

ဘေးမှာ တွဲသူကူသူမရှိ။ စိတ်ထဲမှာ အားငယ်မိသည်။

"အမေရယ်...."

အမေရှိလျှင် ကောင်းမှာဟု အမေ့ကို တမ်းတမိသည်။

"အား...."

ဗိုက်ထဲမှာ မခံမရပ်နိုင်အောင် နာသည်။

မွေးတော့မည်ထင်သည်။

အိမ်အောက်ထပ်ရောက်တော့ ဒေါ်သောင်း အိပ်သောနေရာသို့သွားသည်။ ဒေါ်သောင်း အိပ်ပျော်နေပြီ။

"ဒေါ်သောင်း...ဒေါ်သောင်း"

"ဟေ"

"မိုးမိုး ဗိုက်သိပ်နာနေလို့၊ မွေးခါနီးပြီထင်တယ်"

"ဟင်....ညကြီးမှအေ၊ ကိုနေကလဲ မရှိ၊ ကားလဲမရှိ"

ဒေါ်သောင်းအိပ်နေရာမှ ထလိုက်သည်။

"မမတင်ကို နှိုးလိုက်ရမလား"





"မနှိုးပါနဲ့ဒေါ်သောင်းရယ်၊ လမ်းထိပ်သွားပြီး လေးဘီးတစ်စီးလောက် ခေါ်ပေးပါ၊ ဒီအချိန်ဆိုရင် လေးဘီးရနိုင်ပါသေးတယ်"

"အေး....အေး....အဒေါ်သွားခေါ်ပေးမယ်"

ဒေါ်သောင်းက မိန်းမချင်းစာနာသည်။ မညည်းမညူနှင့် ထွက်သွားသည်။

မိုးမိုးမှာ နာလွန်း၍ ဧည့်ခန်းထဲမှ ကုလားထိုင်တစ်လုံးမှာ သွားထိုင်ရင်း တညည်းညည်း တညူညူ နှင့် ဝေဒနာကို ခံစားနေရသည်။

တော်တော်လေးကြာမှ ဒေါ်သောင်း ကားငှား၍ရလာသည်။

"ဒေါ်သောင်း၊ အပေါ်က မိုးမိုးအခန်းမှာ ခြင်းရယ်၊ အိတ်တစ်လုံးရယ် မိုးမိုးအိပ်ရာဘေးမှာ အသင့်လုပ်ထားတာရှိတယ်၊ တစ်ခါတည်း ဆေးရုံတက်ချင် တက်ရမှာ၊ သွားယူပေးပါနော်"

"အေး....အေး"

ဒေါ်သောင်း မိုးမိုးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသေးသည်။

မိုးမိုးမှာ ကိုယ့်ကိုယ်ကို စိတ်အားတင်းထားရသည်။

ဒေါ်သောင်း ခြင်းနှင့် အိတ်ကိုယူပြီး ဆင်းလာသည်။

"မိုးမိုးတစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်မလဲ၊ ဒေါ်သောင်း လိုက်ခဲ့မယ်"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် အိမ်ဝ . . းပိတ်ဖို့ မမတင်ကို နှိုးရဦးမှာပေါ့"

ဒေါ်သောင်းက အဝတ်အစားအမြန်လဲပြီး ဒေါ်တင်တင်မော်ကို နှိုးသည်။

ဒေါ်တင်တင်မော် အိပ်ရာမှထလာသည်။

ဒေါ်သောင်းက မိုးမိုးအေး ဗိုက်နာနေပြီမို့ ဆေးရုံပို့ရမည် ဖြစ်ကြောင်းနှင့် သူလိုက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ဒေါ်တင်တင်မော် ဘာမျှမပြော။

ဒေါ်သောင်းက မိုးမိုးအေးကိုတွဲပြီး ကားပေါ်တင်သည်။

ဒေါ်တင်တင်မော် တံခါးပိတ်၍ ကျန်ရစ်သည်။



အခန်း (၁၅)

မိုးမိုးအေး ဆေးရုံမှာ သားကလေးမွေးသည်။

သား ဆိုသောစကားကို ကြားရသည်နှင့် တစ်ကိုယ်လုံးမ့်သွားအောင် နှစ်သိမ့်ပီတိ ဖြစ်ရသည်။

"ငါ့သား"

ရင်ထဲမှာ အားရဝမ်းသာ ကြွေးကြော်မိသည်။

"လောကမှာ ငါဟာ အထီးကျန်မဟုတ်ဘူး၊ ငါ့မှာ ားကိုးအားထား သား ရှိပြီ"

သား မာန်တက်လာ၍ အင်အားများ ပိုမိုပြည့်ဝလာလို ခံစားရသည်။

ငါ့သားကို အကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်မယ်၊ နေမင်းတစ်ရာရဲ့သွေးပါပေမယ့် သူ့အဖေလို မဖြစ်စရဘူး၊ လိမ္မာတဲ့သား၊ စည်းကမ်းရှိတဲ့သား၊ ပညာတော်ဲ့သား ဖြစ်စေရမယ်....

ငါ့သားကို ငယ်ငယ်ကတည်းက စနစ်တကျဖြစ်အေ
ဆုံးမပြုပြင်ပေးရမယ်၊ အလိုလိုက်လွန်းပြီး စည်းပျက်က
ပျက်နေတာမျိုး လုံးဝမဖြစ်စေရဘူး....

သားလေးကို သားကောင်းသားမြတ်ဖြစ်အောင် မွေ
လင့်သည်။

မိခင်ရော ကလေးပါ ကျန်းမာ၍ ဆေးရုံမှာ သုံးရက်
နေပြီး အိမ်ပြန်လာရသည်။

"ဟဲ့....ပြန်လာကြပြီလား သားကလဲ ခရီးလွန်နေတ
ထင်ပါရဲ့၊ သား ပြန်မလာတော့ ကားမရှိတာနဲ့ ဆေးရုံ
လာချင်တာ မလာရဘူး၊ဒီနေ့ညနေ ကားငှားပြီး လာမ
လုပ်နေတာ၊ ငါ့မြေးက အိမ်ပြန်ရောက်လာပြီကိုး၊ ပြ
ပါဦး ငါ့မြေးကို၊ ပေး....ပေး....ငါချီမယ်"

ဒေါ်တင်တင်မော်က မိုးမိုးအေးလက်မှ ကလေး
တောင်းယူသည်။

မိုးမိုးအေး မငြင်းသာ၍ ပေးလိုက်ရသည်။

"အို....ဖြူဖြူဖွေးဖွေးကြီး၊ သူ့အဖေနဲ့တူလိုက်တ
ဟင်း ဟင်း....လူချောကြီး၊ စာကယ့်ကို သူ့အဖေအတိုင်း

မီးဖိုချောင်ထဲမှ ဒေါ်သောင်းက လှမ်းကြည့်ရင်း မ
လျက်သားဖြစ်သွားသည်။

မွေးပြီးခါမှ တော်ချင်သော ဒေါ်တင်တင်မေ
အံ့သြနေသည်။

"ငါ့မြေးကို ယောကျ်ားလေးဆိုကတည်းက နာ
ပေးဖို့ ငါစဉ်းစားပြီးပြီ၊ အဖေက နေမင်းတစ်ရာဆိုဖေ





အဖေ့သားကို လမင်းတစ်ရာလို့ နာမည်ပေးရမယ်၊ သိပ်
ကောင်းတယ်၊ ငါ့မြေးကို ဒီနေ့ကစပြီး လမင်းတစ်ရာလို့
ခေါ်ကြ"

ဒေါ်တင်တင်မော်က သူပေးသောနာမည်ကို သူ့ဘာ
သာ သဘောကျနေသည်။

မိုးမိုးအေး ဘာမျှမပြောတော့ပါ။

လက်ခံရမှာပဲဖြစ်သည်ကို သိပါသည်။ နာမည်လေးက
လည်း လမင်းတစ်ရာဆိုတော့ အေးအေးချမ်းချမ်း ရှိပါ
သည်။

မြေးကိုတော့ ချစ်သားဟု နားလည်လိုက်သည်။

"အေးလေ....သူ့သားသွေးပါနေတော့ သူ့မျိုးဆက်
သူ့သွေးလဲ ဖြစ်နေတာကိုး"

ကိုယ်ချစ်သော သားလေးသည် အဘွား၏ ချစ်ခြင်း
မေတ္တာကိုပါ ရသည်မှာ ကောင်းသည်ဟုလည်း ဝမ်းသာ
လိုက်သည်။

"အင်း....မြေးချီရပြီ၊ မြေးတစ်ယောက်ရပြီ"

ဒေါ်တင်တင်မော်မှာ ကလေးကိုချီထားရင်း ဝမ်းသာ
အားရဖြစ်နေသည်။

သူ ပြောခါမှ မြေးကလေးကို မြင်မသွားရရှာသော
မေမေ့ကို သတိရပြီး မျက်ရည်များ ရစ်ဝဲလာသည်။

"မြေးကြီး....မေမေကြီး မြေးကြီး....လမင်းတစ်ရာ"

ဒေါ်တင်တင်မော် အပျော်ကြီး ပျော်နေသည်။

မျက်နှာမှာလည်း အပြုံးများဝေလျက်။

ကလေးကို မိုးမိုးအေး လက်သို့ ပြန်ပေးမည့်ပုံပင်မရှိ။

"ဟဲ့....ငါ့မြေးက ပါးစပ်ကလေးတပြင်ပြင်ဖြစ်နေတယ်၊ နို့ဆာလို့ထင်တယ်၊ နို့ဘူးဖျော်ပါဟဲ့"

"ကျွန်မနို့ပဲ တိုက်ပါတယ်"

မိုးမိုးအေး ကလေးပြန်ခေါ်ရန် လက်ကမ်းလိုက်သည်။

"ဟဲ့....ဘာဖြစ်လို့လဲ၊ လူကြီးအစားမှားတိုင်း ကလေး ဝမ်းပျက်နေမှာပေါ့အေ၊ နို့မှုန့်တိုက်တာ ပိုကောင်းတာ ပေါ့"

"မိခင်နို့က ကလေးအတွက် အကောင်းဆုံးပါ အန် တီ....

"မိုးမိုး စာအုပ်တွေ အများကြီးဖတ်ပြီးပါပြီ၊ မိခင်နို့က အပျစ်အကျဲကစပြီး ကလေးအသက်အရွယ်နဲ့ လိုက်အောင် သဘာဝအတိုင်း အဆင်ပြေနေပါတယ်....

"ကလေးအရွယ်မှာ ဖြစ်တတ်တဲ့ရောဂါတွေကို ကာကွယ် နိုင်တဲ့ အစွမ်းသတ္တိတွေလဲ နို့ထဲမှာပါတယ်၊ နို့မှုန့်ဆိုတာ မိခင်နို့မရနိုင်မှသာ တိုက်သင့်တာပါ"

မိုးမိုးအေးက ရှင်းပြသည်။

"အိုအေ....ညည်းလဲ သက်သာတာပေါ့၊ ပြီးတော့ အလှ လဲ့ မပျက်ဘူးပေါ့"

"မိုးမိုး မလှချင်ပါဘူး၊ ကိုယ့်သားကို ကိုယ်တိုင်နို့တိုက် မွေးဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒါမှလဲ မိခင်မေတ္တာ အပြည့် အစ ပေးနိုင်တယ်ထင်လို့ပါ"





"ဟဲပါ....ညည်းသဘောအတိုင်းပေါ့၊ ငါက စေတနာနဲ့ ပြောတာပါ"

ဒေါ်တင်တင်မော် မျက်နှာပေါ်မှ အပြုံးများ ပျောက် ကွယ်သွားသည်။

ကလေးထံမှ တအဲ့အဲ့ငိုသံ ထွက်ပေါ်လာသည်။

ဒေါ်တင်တင်မော် ကလေးကို ပြန်ပေးသည်။ မိုးမိုးအေး လှမ်းယူပြီး ရင်ခွင်ထဲမှာ ပွေ့ပိုက်၍ နို့ချိုတိုက်ကျွေးလိုက် ပါသည်။

ကလေးငိုသံ တိတ်သွားသည်။

အခန်း (၁၆)

နေမင်းတစ်ရာကတော့ သားတစ်ယောက် ရလာသော်
လည်း မထူးခြားဘဲ အပြင်သို့ ထွက်မြဲထွက်၍ သူငယ်ချင်
များနှင့် စားမြဲစား၊ သောက်မြဲသောက်သည်။

သားမွေးပြီးနောက် ပထမဆုံး အိမ်ပြန်လာသောအခ
တွင် ဒေါ်တင်တင်မော်က သားကိုချီကြည့်ရန်ပြော၍ မိုးမို
အေးထံမှယူပြီး နေမင်းတစ်ရာကို ပေးသည်။ နေမင်းတစ်ရ
ချီကြည့်သည်။

ထိုအချိန်မှာပင် ကလေးက ဝမ်းသွားချလိုက်သည်။

ဝမ်းက အပျော့များဖြစ်၍ နေမင်းတစ်ရာ၏ ပုဆိုးနှ
အင်္ကျီကို ပေကုန်သည်။ လက်မှာလည်း ညစ်ပတ်ကုန်သည်

"ဟာ....သွားပါပြီဗျာ၊ စိတ်ပျက်စရာကောင်းလိုက်တာ
ရေ....ရေ....မင်းကလေး"





သားကို မိုးမိုးအေးထံသို့ ခပ်ကြမ်းကြမ်း တွန်းထိုးပေး
ည်။

ကလေးငိုသည်။

"အို....သားလေး....သားလေး"

မိုးမိုးအေးက မစင်များပေနေသောကလေးကို အမြတ်
နိုး ပွေ့ယူပြီး အိမ်အောက်ထပ်မှ ရေချိုးခန်းသို့သွား၍
ဆေးကြောသန့်စင်ပေးသည်။

အဝတ်လဲရန် အိမ်ပေါ်တက်လာတော့ နေမင်းတစ်ရာ
ရေချိုးခန်းထဲမှာ ရေချိုးနေသည်။

ကလေးကို မိုးမိုးအေး ပေါင်ဒါလူးပြီး အဝတ်အစား
န်လဲနေစဉ် နေမင်းတစ်ရာ ရေချိုးခန်းထဲမှထွက်ပြီး အဝတ်
စားလဲသည်။

"စိတ်ပျက်စရာ သိပ်ကောင်းတာပဲ၊ အိမ်ပြန်လာရင်
သနာ တစ်မျိုးမဟုတ် တစ်မျိုး ကြုံရတယ်၊ ဒါကြောင့်မို့
မ်ပြန်မလာချင်တာ"

နေမင်းတစ်ရာ ပြန်ထွက်သွားသည်။

သားငယ်ကတော့ မိုးမိုးအေး ရင်ခွင်မှာ ပြုံးရွှင်စွာ
ပေါက်လျက်....

## အခန်း (၁၇)

သားလေး ခြောက်လခန့်အထိ ပြဿနာမရှိ။

နေမင်းတစ်ရာက လာချင်သည့်အခါ ပြန်လာသည်
ညမပြန်သော ရက်တွေလည်း များသည်။ တစ်ခါတစ်
တောင်ကြီးလိုက်သွားလျှင် (၁၅) ရက်ခန့်အထိကြာသည်
သူ့အပေါင်းအသင်းများနှင့် မူဆယ်သွားစဉ်က တစ်လအ
ကြာသည်။

မိုးမိုးအေးမှာ သားလေးရပြီမို့ သဲကန္တာရထဲမှ အိုအ
စစ်ကလေး တွေ့နေရပြီ။

ဒုက္ခငရဲဘုံမှာ သားကိုချစ်သည့်စိတ်နှင့် ဖြေသိမ့်ရသည်

သားလေး တစ်နှစ်ကျော်ကျော်တွင် စကားပြောတတ်
အရွယ်ရောက်လာသည်။





အမေ့ကို "မေမ...." ဟုပင် စခေါ်တတ်နေပြီ။

သားထံမှ မေဟု ခေါ်သံကြားရတိုင်း မိုးမိုးအေး ကြည်နူးမဆုံး ဖြစ်ရသည်။

(၇)လ (၈)လတွင် သားလေးကို ဆန်မှုန့်နှင့် နို့မှုန့် နယ်ကျွေးခဲ့သည်။ သားလေးက စုံရေမကာ်ရေစားသည်။ ကြက်ဥပြုတ်၊ ငှက်ပျောသီးမီးဖုတ်တို့ကိုလည်း စားတတ် နေပြီ။

မိုးမိုးအေး နို့ စဖြတ်သည်။

သားက နို့စို့သည်ကို မဖြတ်ချင်သေး။ အထူးသဖြင့် ညမှာ ပို၍ အခက်အခဲကြုံရသည်။

သားက အတင်းငိုတောင်းလျှင် မိုးမိုးအေး တင်းမထားချင်။

ထိုအချက်ကို အခွင့်ကောင်းယူ၍ ဒေါ်တင်တင်မော်ထံမှ တောင်းဆိုချက်တစ်ခု ပေါ်လာသည်။

"ဟဲ့....ကလေးက အမေနဲ့အတူအိပ်ရင် ဘယ်လိုလုပ် နို့ ဖြတ်မလဲ၊ လွယ်ပါတယ်၊ နို့ပြတ်သွားအောင် ငါနဲ့သိပ်"

မိုးမိုးအေးရင်ထဲမှာ ထိတ်သွားသည်။

"အို....ရပါတယ်၊ မိုးမိုး ပြတ်အောင်ဖြတ်ပါမယ်"

မိုးမိုးအေးက သားလေးနှင့် ခွဲမအိပ်ချင်။

"ဟဲ့ —အဲဒီလို ခွဲမအိပ်ရင် ဒီကလေးက ဘယ်နေမလဲ၊ ဆိုးမှာပေါ့၊ အမေကလဲ အလိုသိပ်လိုက်၊ ဒီကလေးကတော့ ျက်မယ်"

မိုးမိုးအေး ရယ်ချင်စိတ်ဖြစ်ရသည်။

"ကဲပါအေ....ဒီည စမ်းကြည့်စမ်းပါ၊ ကလေး နို့ပြတ်သွားအောင်လို့ပါ"

ဒေါ်တင်တင်မော်က သားငယ်ကို သူ့အခန်းသို့ ခေါ်သွားသည်။

"အန်တီ....ညကျ သားငိုနေလိမ့်မယ်"

"အိုအေ....ငိုရင် ငါ့မြေး ငါချော့မှာပေါ့၊ ညည်းက သိပ်အလိုလိုက်တော့ ဒီကလေးနို့ပြတ်မှာမဟုတ်ဘူး၊ တော်ကြာ ငါ့မြေးသွားတွေ နို့ပိုးစားလို့ အရုပ်ဆိုးကုန်လိမ့်မယ်"

"မိုးမိုး လုံးဝမတိုက်ဘဲ နေပါမယ်"

"မရပါဘူးအေ၊ အတူတူအိပ်မှတော့ ဘယ်လိုလုပ်ငြင်းလို့ရမလဲ၊ နို့ပြတ်သွားတဲ့အထိတော့ ခွဲအိပ်စမ်းပါ၊ သိပ်ငိုရင် တစ်အိမ်တည်းနေတာ ဘယ်လောက်ဝေးတာလိုက်လို့"

ဒေါ်တင်တင်မော်က ဇွတ်အတင်းဖြစ်နေသည်။

အမှန်ကတော့နို့ပြတ်ဖို့ထက် မြေးလေးနှင့်အတူအိပ်ချင်သောဆန္ဒက အဓိကဖြစ်နေမှန်း မိုးမိုးအေးသိပါသည်။

ဒေါ်တင်တင်မော် သားလေးကို သိပ်ချစ်မှန်း နေ့စဉ်တွေ့မြင်နေရသည်။

"အေးလေ၊ နို့ပြတ်သွားရင် သားလေးအတွက် လဲကောင်းတာပဲ"

မိုးမိုးအေးစိတ်လျှော့လိုက်သည်။





သားအတွက် ညရေးညတာ လိုအပ်မည်ထင်သော အနှီးပိတ်၊ ရေဘူး၊ အဝတ်လဲစရာနှင့် ပေါင်ဒါဘူးတို့ကိုပင် ဒေါ်တင်တင်မော်အခန်းသို့ ပို့ပေးလိုက်ရသေးသည်။

သို့သော် ညအိပ်တော့ တော်တော်နှင့်အိပ်မပျော်၊ သားလေးနှင့်ခွဲအိပ်ရသည်ကို လွမ်းလွမ်းဆွေးဆွေးခံစားရ၍ မျက်ရည်ကျရသေးသည်။

"ဩော်....သားလေးနဲ့ တကာယ်များခွဲရရင်"

ဆက်မတွေးရဲအောင် ရင်ထဲမှာခံစားရသည်။

## အခန်း(၁၈)

နောက်ရက်တွင်လည်း ဒေါ်တင်တင်မော် သားလေး
နို့ပြတ်သွားအောင် သူနှင့်ဆက်အိပ်သွားဖို့ပြောသည်။

"သူ မနေ့ညက မငိုဘူးလား အန်တီ"

မိုးမိုးအေးက စိုးရိမ်စွာမေးသည်။

"မငိုပေါင်တော်"

ဒေါ်တင်တင်မော်က ဂုဏ်ယူစွာပြောသည်။

"ရှူးပေါက်လို့ အနှီးတစ်ခါလဲပေးရတယ်၊ရှူးပေါက်
ပြီးတော့ ရေကို နို့ဘူးထဲ ထည့်တိုက်လိုက်တယ်၊ ရေ
သောက်ပြီး အိပ်ပျော်သွားတာပဲ"

ဒေါ်တင်တင်မော် နို့ဘူးထဲရေထည့်တိုက်သည်ကို မိုးမိုး
အေး စိတ်ထဲမှာ ချီးကျူးမိသည်။





သားလေးအတွက် အဆင်ပြေသည်ဆို၍ မိုးမိုးအေး
ဝမ်းသာရသည်။

တစ်ညတာအတွက် သားလေး နို့ပြတ်သွားသည်။ ပြတ်
လက်စနှင့် ဆက်ပြတ်သွားစေချင်၍ သားလေးကို ဒေါ်တင်
တင်မော်နှင့် ဆက်သိပ်သည်။

တစ်လခန့်ကြာတော့ သားလေးလုံးဝနို့ပြတ်သွားသည်။

ဒေါ်တင်တင်မော်နှင့်သားလေး ပို၍ခင်မင်သွားကြသည်။

ဒေါ်တင်တင်မော်ကလည်း သူ့ကို ပိုပြီးခင်မင်အောင်
ကြိုးစားသည်။

အစာစားတတ်နေပြီဖြစ်သော ကလေးအတွက် မုန့်နူးနူး
လေးတွေအမျိုးစုံ ဝယ်ကျွေးသည်။

အစကတော့ ညမှာ သူနှင့်အိပ်ချင်အောင် ကျွေးခြင်းဖြစ်
သည်။

နောက်တော့ နေ့ပါ မုန့်အမျိုးမျိုးကျွေးသည်။

ကလေးက ခါတိုင်းလို အာဟာရပြည့်ဝမည့် အစာများ
ကို အစားနည်းလာသည်။

မိုးမိုးအေးခမျာ သားလေးဝစေချင်၊ ကြီးထွားအားရှိစေ
ချင်၍ ကြိုးစားကျွေးသော်လည်း ကလေးက မုန့်လောက်
မမက်ဖြစ်လာသည်။

ထစ်ခနဲရှိလျှင် အဘွားထံသို့ ပြေးသွားသည်။

ဒေါ်တင်တင်မော်က ဝမ်းသာအားရ ဆီးပွေ့ထား၏။

"ဟင်း...."

မိုးမိုးအေး သက်ပြင်းချရပြီ။

သားကိုသာမက မြေးကိုပါ အကျင့်ပျက်အောင် ဖျက်နေပြန်ပြီဟု နားလည်လိုက်သည်။

"မဖြစ်ဘူး၊ ကလေးက သူ့ကို ပိုခင်သွားရင် ခက်မယ်၊ ဒါနဲ့ အတူပြန်သိပ်မှ ဖြစ်မယ်"

"အန်တီ၊ သား နို့ပြတ်သွားပါပြီ၊ မိုးမိုးနဲ့အတူ ပြန်ခေါ်သိပ်တော့မယ်"

မိုးမိုးအေးက သားကို ပြန်ခေါ်လိုကြောင်း ပြောသည်။

"အိုအေ....ခုမှ ဆယ့်နှစ်ရက်ပဲ ရှိသေးတယ်၊ တော်ကြာ ညည်းနဲ့အတူ ပြန်အိပ်တာနဲ့ နို့ပြန်စို့ပြီး စည်းကမ်းပျက်သွားပါဦးမယ်၊ သူ့ဘာသာ နေပါစေဦး၊ ကလေးကလဲ နေသားနဲ့ဥစ္စာ"

မိုးမိုးအေး ပြောရခက်သွားသည်။

နေမင်းတစ်ရာ ပြန်လာတော့လည်း သားက ဘွားအေနှင့် အိပ်သည်ကို သဘောကျနေသည်။

သားလေးကြီးလာမှ အိမ်သည် ပို၍ စိုစိုပြည်ပြည် ဖြစ်လာသည်။

မိုးမိုးအေးနှင့် ဒေါ်တင်တင်မော်မှာလည်း သားကို ဗဟိုပြု၍ ဆက်ဆံရေးကောင်းလာသည်။

စကားတတ်စ သားလေးမှာ အိမ်၏ဆည်းလည်း ဖြစ်နေသည်။

ဂျော့ချ်အုန်း သူ့အလုပ်ကိစ္စနှင့် ဗန်ကောက်သို့ တစ်လသွားနေ၍ နေမင်းတစ်ရာလည်း အိမ်ပြန်ကပ်နေသည်။





ညနေပိုင်း အပြင်ထွက်၍အရက်သောက်တတ်သော်လည်း နေ့ခင်းပိုင်းနှင့် ညပိုင်းတွင် အိမ်မှာပင် ရှိသည်။

မိုးမိုးအေး ဘာမျှမပြောဆိုတော့၍ ဘာပြဿနာမှလည်း မရှိတော့ပါ။

အိမ်ထောင်ရေး အခြေအနေမှာ အသာယာကြီး မဟုတ်သော်လည်း စိတ်ဆင်းရဲစရာမရှိပါ။ ကလေးကြောင့် ပျော်စရာလေးများပင် ဖြစ်ရသည်။

"သားလေးက မိသားစုအတွက် ကောင်းကျိုးပေးတယ်" မိုးမိုးအေးရင်ထဲမှာ သားလေးကို ကျေးဇူးတင်နေမိ၏။

## အခန်း (၁၄)

"မေမေကြီးလို့ ခေါ်...."

ဒေါ်တင်တင်မော်က သားလေးကို သင်ပေးနေသည်။

"မေ....ကြီး...."

သားလေးက ကြိုးကြိုးစားစား ခေါ်သည်။

"တော်လိုက်တာ.... တော်လိုက်တာ.... ငါ့မြေးက တော်လိုက်တာ"

ဒေါ်တင်တင်မော်က လမင်းတစ်ရာကို ပွေ့၍ မွှေးလိုက်သည်။

"မုန့်ပေး"

ကလေးက မုန့်တောင်းသည်။

"ပေးရမှာပေါ့တော်....ပေးရမှာပေါ့"

ဒေါ်တင်တင်မော်က မိသားစုဘီစကွတ်ပုံးကို ဖွင့်ပေးသည်။





"မိုးမိုးလို့ ခေါ်...."

မိုးမိုးအေးကိုပြပြီး ဒေါ်တင်တင်မော်က သင်ပေးသည်။

"မိုး....မိုး"

သားလေးက ခေါ်ကြည့်သည်။

"မေမေလို့ သင်ပေးပါ အန်တီရယ်"

"အိုအေ....ကလေးက ငယ်ပါသေးတယ်"

"မေမေခေါ်ခိုင်းရင် မေမေကြီးနဲ့ ရောကုန်မှာပေါ့၊ မိုးမိုးလို့ခေါ်တာ ပိုချစ်စရာကောင်းပါတယ်"

"မိုး....မိုး"

သားလေးက ထပ်ခေါ်ပြီး မိခင်ကို ပြုံးပြုံးကြီး ကြည့်နေသည်။

"ဩော်....သားလေးရယ်၊ တတ်လိုက်တာ"

မိုးမိုး ကျေနပ်စွာ ဆွဲယူပွေ့ချီ၍ မွှေးလိုက်မိသည်။

သားလေး တစ်နှစ်ကျော်၍ စကားကောင်းကောင်းပြောတတ်သောအခါ အဘွားကို မေမေကြီး၊ အဖေကို ဖေဖေ၊ အမေကို မိုးမိုးဟူသော အခေါ်များ နှုတ်ကျိုးသွားပါသည်။

မိုးမိုးခမျာ သားလေးထံမှ 'မေမေ' ဟု ခေါ်သည်ကို ကြိမ်ဖန်များစွာ ကြားချင်သော်လည်း ကြားခွင့်မရရှာ။

"အေးလေ....ကြီးလာတော့မှ ပြောင်းပြီး အခေါ်ခိုင်းရမှာပေါ့"

ကိုယ့်ဘာသာ အတွေးနှင့် ဖြေသိမ့်ရသည်။

## အခန်း (၂၀)

ဂျော့ချ်အုန်း ဗန်ကောက်မှ ပြန်လာသောအခါ နေမင်း
တစ်ရာ အိမ်ပြန်အိပ်သောရက် နည်းလာသည်။ မူးယ
သောက်စား ပို၍များလာပြန်သည်။

အော်သေးသည်။ ဂျော့ချ်အုန်းသည် ရန်ကုန်မှာ လေး
ခန့်သာ နေပြီး တောင်ကြီးမှာရှိသော လုပ်ငန်းများကို ဦ
စီးရန် တောင်ကြီးသို့ ပြန်နေရသည်။

ကျန်အပေါင်းအသင်းများကို နေမင်းတစ်ရာ ခင်
သည်။ ထိုအပေါင်းအသင်းများနှင့်လည်း အပြင်ထွက်
စားလိုက်သောက်လိုက် လုပ်ပါသည်။ သို့သော် ဂျော့ချ်အုန်
ကို ခင်သလောက် မခင်။





ဂျော့ချ်အုန်း မရှိသော ရက်များတွင် ညအိပ်ညနေ အပြင်ထွက်လေ့ သိပ်မရှိပါ။ အိမ်ပြန်အိပ်သောရက်က များပါသည်။

ဂျော့ချ်အုန်း ရန်ကုန်ပြန်မလာဘဲ တောင်ကြီးမှာနေလျှင် ကောင်းမည်ဟု မိုးမိုးအေး ဆန္ဒဖြစ်မိသည်။

သို့သော် ဘာမျှထုတ်မပြောရဲပါ။ ပြောလိုက်လျှင် အရွဲ့တိုက်မှာ စိုးရသည်။

"မိုးမိုး၊ ထမင်းစားမယ်၊ ထမင်းခူးပေး"

လမင်းတစ်ရာက မိုးမိုးအေးကို မိခင်တစ်ယောက်လိုထက် အခိုင်းအစေတစ်ယောက်လို ဆက်ဆံသည်။

"ဟင်းကပူတယ်၊ မှုတ်ပေး"

"မှုတ်ပေးပါမယ် သားရယ်"

မိုးမိုးအေးခမျာ ပူသောဟင်းကို တဖူးဖူး မှုတ်ပေးရသည်။

မိုးမိုးအေးက သားကို အားရှိစေချင်၍ ကြက်ဥပြုတ်ကို ဇွန်းကလေးနှင့် ခွံ့ကျွေးသည်။

"မစားချင်ဘူး"

"နည်းနည်းလေး စားလိုက်ပါ၊ သားရယ်"

"မစားဘူး"

ဇွန်းထဲမှ ကြက်ဥပြုတ်အဖတ်များကို လက်နှင့် ပုတ်ချလိုက်သည်။

မိုးမိုးအေး မျက်နှာပျက်သွားသည်။

"ဟုတ်ပါရဲ့အေ၊ ကလေးက မစားချင်ဘူး ဆိုတာ အတင်းကျွေးနေတာကိုး"

သားငယ်က ထမင်းစားနေရာမှ ထပြီး အဘွားရင်ခွင်မှာ သွားထိုင်သည်။

ထမင်းက တစ်ဝက်ပင် မကုန်သေး။

မိုးမိုးအေး ချော့ချော့မော့မော့ လိုက်ကျွေးရသည်။

"တော်ပြီ....မစားဘူး"

"ဒီငါးဖတ်လေးတော့ စားလိုက်ပါ သားရယ်"

မိုးမိုးအေးက သား၏ပါးစပ်ထဲသို့ ခွံ့ပေးသည်။

"ဖွ"

သားက ထွေးထုတ်လိုက်သည်။

"အို....သားရယ်"

မိုးမိုးအေး အံကျိတ်၍ လက်မှာ ပေကုန်သည်။

သားလေးက သူ့အဖေလိုမျိုး ဆိုးချင်၊ တေချင်၊ အနိုင်ကျင့်ချင်စိတ်တွေ ရှိနေသလား....

မိုးမိုးအေး တွေးပြီး စိတ်မကောင်းဖြစ်ရသည်။

သားလေးကို စိတ်ကောင်းရှိသော လူကောင်းလေး ဖြစ်စေချင်သည်။

ဒေါ်တင်တင်မော်နှင့် အတူနေရင် သားလေးကို သူက လွှမ်းမိုးသွားမှာလား။

စိုးရိမ်စိတ် ဖြစ်မိသည်။





အိမ်ခွဲနေဖို့ ဆိုသည်ကလည်း မည်သို့မျှမဖြစ်နိုင်။ နေမင်းစ်ရာကို အိမ်ခွဲနေရန်ပြောလျှင် ပြဿနာအကြီးကြီး ပေါက်သွားလိမ့်မည်။

ဒီအတိုင်းဆိုရင် သားလေးကို ငါဖြစ်စေချင်သလို ပြုင်လို့ ရပါ့မလား....

သားလေးကို ကျောင်းနေတဲ့အရွယ် ရောက်ရင် ငါ ပ်လိုလုပ်ရမလဲ....

မိုးမိုးအေး ရင်မောရသည်။

## အခန်း (၂၁)

ခုတလောမှာ နေမင်းတစ်ရာ၏ အပေါင်းအသင်းမ
တစ်မြို့စီ ပြန့်ကွဲသွားသည်က အခြေအနေကို အကော
ဘက်သို့ ဖန်တီးပေးသည်။

နေမင်းတစ်ရာ အခင်ဆုံးနှင့် နေမင်းတစ်ရာကို အလွမ်း
နိုင်ဆုံး ဂျော့ချ်အုန်းက တောင်ကြီးမှာ ရောက်နေသည်။

နေမင်းတစ်ရာ ဒုတိယ အခင်ဆုံး ကိုခင်ဌေးက ငါးပု
ဖက်စပ်လုပ်ငန်းမှာ အလုပ်ဝင်၍ မြိတ်မှာ သွားနေရသ

အရက်အသောက်ဆုံးနှင့် သူများကိုလည်း အရက်အတို
ဆုံး ပက်ထရစ်က အမေရိကန် ရောက်သွားပြီ။

နေမင်းတစ်ရာမှာ အပေါင်းအသင်းများ ကွဲကုန်၍
တိုင်း အိမ်ပြန်အိပ်သည်။





စ်ခါတစ်ရံ ဂျော့ချ်အုန်း ရန်ကုန်ဆင်းလာလျှင် ဂျော့ချ်
မပြန်မချင်း အိမ်ပြန်မအိပ်ပါ။

စ်ခါတစ်ရံ သိပ်ပျင်းလျှင် ဂျော့ချ်အုန်းရှိရာ တောင်
ထိ လိုက်သွားသည်။ ဆယ်ရက်၊ ဆယ့်ငါးရက်ကြာ
သာတတ်သည်။

မ်မှာ ရှိနေလျှင်လည်း မိုးမိုးအေးက ဘာမျှမပြော၍
ဿနာမှ မရှိပါ။ မိုးမိုးအေးကိုလည်း ညားခါစက
က် အချစ်ကြီး မဟုတ်သည့်တိုင် ဇနီးတစ်ယောက်လို
ဆက်ဆံသည်။

မ်ထောင်ရေးမှာ အားပြိုင်မှုများ မရှိတော့ဘဲ တစ်
က်ကိုတစ်ယောက် နားလည်၍ နေသားကျသလို ဖြစ်
ည်။

မိုးအေးကတော့ ဇနီးကောင်းတစ်ယောက် ဖြစ်စေရန်
ဘက်မှ အကောင်းဆုံး တာဝန်ကျေအောင် ကြိုးစား

စ်အိမ်လုံးစားရန် ကိုယ်တိုင်ချက်ပြုတ်သည်။ နေမင်း
အိမ်မှာ ထမင်းစားလျှင် ကိုယ်တိုင်ခူးခပ်ပြင်ဆင်
မွေးသည်။ မစားလျှင်လည်း ဘာမှမပြောဘဲ နေလိုက်
။

ူ့ သူငယ်ချင်းများ အလုပ်ကိုယ်စီနှင့် ဖြစ်လာကြသလို
င်းတစ်ရာကိုလည်း အလုပ်တစ်ခုခု လုပ်စေချင်သော
ဖြစ်မိသည်။

သို့သော် ကိုယ့်ဆန္ဒကို ဘာမျှ မဟာဝံ့ပါ။ ဟမိလ
ပြဿနာပေါ်မည်။

နေမင်းတစ်ရာက ဘာအလုပ်မျှ လုပ်ချင်ပုံမပြ။ ဒေါ်တ
တင်မော်ကလည်း သူ့သားကို ဘာအလုပ်မျှ ခိုင်းချင်ပုံမ
ပေါ်ကြေ့နေသည်ကို ကြည့်ပြီး ကြည်နူးနေပုံရသည်။

ယေဘုယျအားဖြင့် အိမ်မှာ ဘာပြဿနာမှမရှိ၊ အေး
နေသည့် သဘောမျိုး ဖြစ်သည်။ သို့သော် မိုးမိုးအေးရင်
မှာ နေ့စဉ်ခံစားနေရသော ပြဿနာလေးရှိသည်။

ခုဆိုလျှင် လမင်းတစ်ရာက သုံးနှစ်သား ဖြစ်လာပြီ။

သားအချစ် မြေးအနှစ် ဆိုသည့်အတိုင်း ဒေါ်တင်
မော်က အလိုလိုက်လွန်း၍ ကလေးမှာ ဗိုလ်ကျချင်၊ အ
ကျင့်ချင်သော ကလေးဆိုးလေး ဖြစ်လာသည်။

ဒေါ်သောင်းကို အနိုင်ကျင့်သည်။

သူဖြစ်ချင်တာ မဖြစ်ရလျှင် ဆဲဘတ်လာသည်။ တွေ့
နှင့် ကောက်ပေါက်တတ်သည်။

"ဟဲ့....သား....လူကြီးကို အဲဒီလိုမလုပ်ရဘူးလေ"

မိုးမိုးအေးက ဝင်ပြောလျှင် မိုးမိုးအေးကိုပါ ဆဲသ
ထုသည်၊ ရိုက်သည်။ ပြီးတော့ အာပြဲကြီးနှင့်ငိုသည်။

"ဟဲ့....မြေး....ဘာဖြစ်တာလဲ၊ ဘယ်သူက ဘာ
လို့လဲ"

သူ့မြေးငိုသည်နှင့် ဒေါ်တင်တင်မော် ပျာယီးပျာယာ
နေပြီ။

မိုးမိုးအေးက အကြောင်းစုံရှင်းပြသည်။





"အိုအေ....ညည်းတို့ကလဲ စိတ်ပျက်စရာ၊ ကလေးကို ပြဿနာဖြစ်အောင် လုပ်နေကြတယ်၊ ကလေးက ထုတာ ရိုက်တာပဲ ဘယ်လောက်နာတာမှတ်လို့"

ဘာဖြစ်ဖြစ် ဒေါ်တင်တင်မော်မှာ ကလေးဘက်က....

ကလေးကလည်း သူ့ကို အလိုလိုက်သော ဒေါ်တင်တင်မော်ကိုသာ ချစ်သည်။ ဒေါ်တင်တင်မော်သာ သူ့ကိုချစ်သည်ဟုလည်း ထင်လာသည်။

ဒေါ်တင်တင်မော်နှင့် အတူအိပ်သည်၊ ဒေါ်တင်တင်မော်နှင့်အတူ နေသည်။

ဒေါ်တင်တင်မော်ကိုအားကိုးပြီး ဒေါ်သောင်းနှင့် မိုးမိုးအေးကို အနိုင်ကျင့်သည်။

ဒေါ်သောင်းခမျာ ပြဿနာမဖြစ်ချင်၍ ကလေးဆိုးသမျှ သည်းခံရသည်။ ပြောလျှင်လည်း ချော့ချော့မော့မော့သာ ပြောရသည်။

မိုးမိုးအေးပြောလျှင်လည်း နားမထောင်ရုံမက အရွဲ့တိုက်သည်များပင် ရှိလာသည်။

ဒီကလေးကို ဘယ်လိုလုပ်ရပါမလဲ....

မိုးမိုးအေး ဧးရင်းမောရင်း တွေးတောရပြီ။

ကျောင်း နေ တဲ့ အ ရွယ် ကျ ရင် လိမ္မာ လာ မ လား။ ကျောင်းက ဆရာ ဆရာမများကို အားကိုးမိသည်။

ကျောင်းနေဖို့က ၂ နှစ်လိုသေးသည်။

အခုမှ သုံးနှစ်သာရှိသေးသည်။

"အို....မေ့နေလိုက်တာ"

မူကြိုထားရန် စဉ်းစားမိသည်။

ကောင်းတယ်၊ မူကြိုထားရင် သားလေးကို ငါပဲ သွားပို့ရမယ်၊ သွားကြိုရမယ်၊ အဘွားကြီး လိုက်နိုင်မှာ မဟုတ်ဘူး၊ ဒါဆိုရင် မူကြိုက ဆရာမတွေနဲ့ တိုင်ပင်ပြီး ကလေးကို လိမ္မာအောင် ဆုံးမရမယ်....

ငါ့ကိုလဲ မေမေလို့ခေါ်ဖို့ အင်ပေးရမယ်၊ ကျောင်းပို့ ကျောင်းကြိုလုပ်ရင်း သားနဲ့ ရင်းနှီးအောင်လုပ်ပြီး သားကို လိမ္မာအောင် ဆုံးမရမယ်....

ကိုယ့်အတွေးနှင့် ကိုယ် မိုးမိုးအေး ရင်ထဲမှာ ဝမ်းသာ ကြည်နူး ဖြစ်နေရသည်။

သားလေးနှင့်အတူ မူကြိုသွားရမည်ကို တွေးပြီး ပျော် နေမိသည်။

နောက်တစ်နေ့တွင် နေ့ခင်းမှာ သားလေး အိပ်ပျော်နေ စဉ် ဒေါ်တင်တင်မော်ကို ပြောပြသည်။

"အန်တီ၊ သားလေးလဲ သုံးနှစ်ပြည့်သွားပြီ"

"အဲဒါ ဘာဖြစ်လဲ"

"သားလေးကို မူကြိုထားချင်လို့"

"အိုအေ....ရှုပ်ရှုပ်ယှက်ယှက်၊ မထားချင်ပါဘူး"

ဒေါ်တင်တင်မော်က အပြတ်ငြင်းလိုက်၍ မိုးမိုးအေး အံ့အားသင့်သွားသည်။

"တခြားကလေးတွေလဲ ထားနေကြတာပဲ အန်တီ၊ ကလေးတွေ ပိုပြီး စည်းကမ်းရှိလာတယ်၊ လိမ်လဲလိမ္မာ တယ်၊ ကဗျာလေးတွေလဲ သင်ပေးတယ်"





ငါ့မြေးက မလိမ္မာလို့လား၊ ဘာတွေများ စည်းကမ်း နေလို့လဲ၊ ကဗျာသင်တာများအိမ်မှာသင်လဲ ရတာပဲ"

ဒေါ်တင်တင်မော်က လုံးဝလက်မခံ။

ကောင်းသောကိစ္စကို မလုပ်မျှင်၍ မိုးမိုး မကျေမနပ်ဖြစ် ည်။

"မိုးမိုးကတော့ ထားချင်တာပဲ"

ခင်၏ ဆုံးဖြတ်ပိုင်ခွင့်နှင့် မိုးမိုးအေးက ဆက်ပြော ။

"ငါကတော့ မထားဘူး၊ ဘယ့်နှယ်တော်....ကလေးငယ် လေးကို ကိုယ့်မျက်စိအောက်မှာပဲ ဂရုတစိုက်ထားရမယ့် ယ် သူများယုံလို့ ပုံမအပ်နိုင်ပါဘူး"

ဒေါ်တင်တင်မော်ကလည်း တင်းတင်းမာမာငြင်းသည်။

မိုးမိုးအေး၏ စိတ်ကူးယဉ်အိပ်မက်ကလေး ပျက်သွားရ ည်။

"ကိုယ့်ကလေးကို ညည်းမို့ စဉ်းစားရက်တယ်၊ ငါတို့ ာ့ စိတ်တောင်မကူးဘူး"

ဒေါ်တင်တင်မော်မှာ သူကိုယ်တိုင်လည်း ရှစ်တန်းပင် အောင်၊ အရာရှိကြီးနှင့် ညားခဲ့သော အရာရှိကတော် ဖြစ် ရသည်။ ကလေး၏ပညာရေးကို လုံးဝ စိတ်ဝင်စား း မရှိ။

သား၏ နောင်ရေးကိုပါ ရှည်ရှည်ဝေးဝေးတွေးပြီး း အေး ရင်လေးရသည်။

ပြဿနာက ဤမျှနှင့် မပြီးသေး။ညနေမှာ နေမင်းတစ်ရ
ပြန်လာတော့ ဒေါ်တင်တင်မော်က ထိုကိစ္စကို ပြောပြသည်

"ဟ....အမိပ္ပာယ်မရှိတာ၊ လုံးဝမထားရဘူး"

နေမင်းတစ်ရာကလည်း မူကြိုမထားရေးဘက်မှ ရ
တည်သည်။

"နေစမ်းပါဦး၊ ခင်ဗျားက ဘယ်လိုအတွေးနဲ့ ကလေ
ကို မူကြိုထားချင်ရတာလဲ"

နေမင်းတစ်ရာက မိုးမိုးအေးကို မကျေမနပ်မေးသည်

"မိုးမိုးက ကလေးအတွက် ကောင်းစေချင်လို့ပါ"

"ဘာ....ဒါဖြင့် မေမေက ကလေးကို မကောင်းစေချ
လို့လား၊ ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲ၊ မထားဘူ
လုံးဝမထားရဘူး၊ ကလေးကဖြင့် ခုမှ အသက်သုံးနှစ်ရှိသေ
တယ်၊တစ်သက်လုံး ကျောင်းနေရမှာတွေ အများကြီးရှိသေ
တယ်၊ ပျင်းစရာကြီး၊ဘယ်မူကြိုမှ မထားရဘူး၊ သူ့ဘာသ
ကြိုက်သလိုနေပစေ၊ခင်ဗျားစိတ်ကူးယဉ်တိုင်း ကလေး ဒု
ဖြစ်မခံနိုင်ဘူး"

ခုမှ ကလေးကို အဇွမ်းကုန်ချစ်နေကြ၍ မိုးမိုးအေး ရင်
မှာ နာသည်။

ကိုယ်ဝန်ဆောင်တုန်းကတော့ ဘယ်သူမှ အသိအမှ
မပြု၊ လက်ကလေးနှင့် စမ်းကြည့်ဖို့ပင် သူတို့ ဝန်လေး
စဉ် ကိုယ်ဝန်ဆောင်ဘဝကတည်းက ဤကလေးကို
တစိုက်စောင့်ရှောက်ခဲ့ရသည်။





မွေးဖွားတော့လည်း ဆေးရုံကို တစ်ယောက်မျှ တစ်
ခေါက်ပင် မရောက်။

ကိုယ့်ဘာသာ လက်မှတ်ထိုးပြီး ကိုယ့်ဘာသာ ဆင်းရဲ
ပင်ပန်းစွာ မွေးခဲ့ရသည်။

ခုတော့ ကလေးကိစ္စကို မိခင်က ဘာမျှ ပြောခွင့်မရ။
သူတို့သာ ဆုံးဖြတ်ပိုင်ခွင့် ရနေကြသည်။

ကောင်းစေချင်သူက မကောင်းဖြစ်၍၊ ကလေးကို ဖျက်
ဆီးမည့်သူများက အသံကောင်းဟစ်နေကြပြီ။

မိုးမိုးအေး ဝမ်းနည်းကြေကွဲ၍ ရှိုက်ကြီးတငင် ငိုချလိုက်
သည်။

ကိုယ့်သားကို ဘာမျှ စီမံပိုင်ခွင့်မရှိသော ဘဝကိုလည်း
နာကြည်းမိသည်။

ကလေး၏ နောင်ရေးအလားအလာမှာ သူ့အဖေလို
ရေစုန်မျောတော့မည်ဟုလည်း နားလည်လိုက်သည်။

ကိုယ့်ဘဝပျက်ခဲ့ရသည်ထက် ကိုယ့်သားဘဝပါ ပျက်ရ
ဦးမည်ကို ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။

အခန်း (၂၂)

"မိုးမိုး....စက်ဘီးတွန်းပေး"

သားငယ်က မိုးမိုးအေးကို စက်ဘီးတွန်းခိုင်းသည်။

"အေး....အေး၊ မေမေ တွန်းပေးမယ် သား"

သားက "မေမေ" ဟု မခေါ်သော်လည်း မိုးမိုးအေးကတော့ သားနားစွဲသွားအောင် မေမေ ဟုသာ အမြဲတမ်းပြောသည်။

သုံးဘီး စက်ဘီးလေးကို အိမ်ကြီးနှင့်ဝေးအောင် တွန်းလာခဲ့သည်။

တော်တော်ဝေးဝေး ရောက်လာပြီ။

"မြန်မြန်တွန်းလေ"

ကလေးငယ်က ပျော်နေသည်။

"မေမေမောလို့ပါ သားရယ်၊ ခဏနားရအောင်"





"ဟာ....မနားရဘူး၊ မြန်မြန်တွန်း"

"အဲဒီလိုဆိုရင် မေမေလို့ခေါ်နော် သား၊ မေမေလို့ခေါ်ရင် အမြန်တွန်းပေးမယ်"

"ဟာ....မခေါ်ဘူး၊ မြန်မြန်တွန်း"

"သားရယ်....မေမေက သားကို ဗိုက်နဲ့လွယ်ပြီး မွေးခဲ့ရတာပါ၊ မေမေလို့ခေါ်စမ်းပါ သားရယ်"

"မခေါ်ဘူး....မခေါ်ဘူး၊ မတွန်းဘူးလား၊ မေမေကြီးကို ငိုတိုင်မှာနော်"

"မေမေက မေမေပါ သားရယ်၊ မေမေကြီးက မေမေမဟုတ်ပါဘူး"

မိုးမိုးအေး ပြောရင်း မျက်ရည်များ လည်လာသည်။

"မဟုတ်ဘူး၊ မေမေကြီးက မေမေ၊ မိုးမိုးက မိုးမိုး"

မိုးမိုးအေး၏ ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"တွန်းလေ"

မိုးမိုးအေး ဆက်တွန်းပေးရသည်။

"မြန်မြန်တွန်း"

မိုးမိုးအေးရင်ထဲမှာ နာသော်လည်း သားလေး ဆန္ဒအတိုင်း မြန်မြန်တွန်းပေးလိုက်ပါသည်။

## အခန်း (၂၄)

"မိုးမိုးအေး....လာစမ်းပါဦး၊ ညည်းက အဘွားနဲ့ မြေး ကြားမှာ သွေးခွဲပေးချင်တဲ့ မိန်းမ"

ဒေါ်တင်တင်မော် ပြောသည်ကို ရုတ်တရက် မိုးမိုးအေး နားမလည်ပါ။

သားငယ်က ဒေါ်တင်တင်မော်ရင်ခွင်မှာထိုင်၍ သကြား ညှပ် ဘီစကွတ်မုန့်များကို လက်နှစ်ဖက်အပြည့် ဆုပ်ကိုင် ထားသည်။

"မေမေကြီးက မေမေ မဟုတ်ဘူး၊ မိုးမိုးကမှ မေမေတဲ့၊ ဟုတ်လားဆိုပြီး ငါ့မြေးက မေးနေတယ်လေ"

မနေ့က စက်ဘီးတွန်းပေးရင်း ပြောသော စကားမှ ပြဿနာဖြစ်လာပြီကို မိုးမိုးအေး သိလိုက်ပါသည်။ နေမင်း





်ရာ ပြန်ကြားလျှင် မိုးမီးလောင်ဦးမည်ကို ကြို၍ နား ည်လိုက်ပါသည်။

"သားဆီက မေမေလို့ခေါ်တာ ကြားချင်လို့ ပြောမိတာ အန်တီ"

မိုးမိုးအေးက တောင်းတောင်းပန်ပန်ပြောသည်။

သားက ခြေထောက်လေး တယမ်းယမ်းနှင့် ဒေါ်တင် ်မော်၏ ရင်ခွင်မှာ ဆော့ကစားရင်း ဘီစကွတ်မုန့် းကို အားပါးတရ စားနေသည်။

"ညည်းက တော်တော်စိတ်ကောင်းမရှိတဲ့ မိန်းမ၊ အမြင် ဲ တိုလိုက်တာ၊ အမေဟာ အမေပဲ၊ ဘယ်လိုခေါ်ခေါ် မှ မဖြစ်ဘူး၊ ဒါပေမယ့် မေမေကြီးဟာ မေမေ မဟုတ် လို့ ညည်း မပြောသင့်ဘူး၊ ဒါက မြေးအဘွားချင်း ချစ် တာကို သွေးခွဲတဲ့စကား"

ဒေါ်တင်တင်မော်၏ မျက်နှာမှာ ကြောက်စရာကောင်း ာင် တင်းမာနေသည်။

ဩော်....သူကပဲ ပြောရထယ် ရှိသေး....

မိုးမိုးအေး ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။

သူကတော့ သားကို မိခင်မမှတ်အောင် မိုးမိုးဟု ခေါ်ဖို့ င်ပေးခဲ့သည်။ ကလေးကို မတရား အလိုလိုက်ပြီး သူ့ကို ်အောင် မိခင်အရင်းကိုတော့ အခိုင်းအစေလို သဘော းအောင် လုပ်ခဲ့သည်။

"ညည်းသာ သဘောပေါက်မယ် ဆိုရင် ကလေ
အဘွားကချစ်တာ ဝမ်းတောင်သာရဦးမယ်၊ ညည်း ဘ
မနာလိုစရာမရှိဘူး၊ ဒါဟာ ငါ့သားက မွေးတဲ့ ငါ့
ငါ့သွေးလဲ ပါတယ်"

မိုးမိုး ဘာမျှပြန်မပြောတော့ပါ။ ပြောချင်စိတ်လ
မရှိပါ။

ထုံးစံအတိုင်း မျက်ရည်များသာ ပါးပြင်ပေါ်မှာ စီးဆ
လာကြသည်။



အခန်း (၂၄)

"ဒီမှာ ဒေါ်မိုးမိုးအေး....ခင်ဗျားက သဘောထားသေး လှချည်လားဗျ"

မိုးမိုးအေး မျှော်လင့်ထားသည့်အတိုင်း ညနေတွင် နေမင်းတစ်ရာ၏ လက်ညှိုးတထိုးထိုးနှင့် ရန်လုပ်ခြင်းကို ခံရသည်။

ဒေါ်တင်တင်မော်က သူ့သားကို ပြန်ပြောလိုက်ပါပြီ။

"မိုးမိုး ဘာများ သဘောထားသေးမိလို့လဲ"

မိုးမိုးအေး ပြန်မေးသည်က မဝံ့မရဲ။

"ဩော်....ခင်ဗျားမသိဘူးလား၊ အဘွားနဲ့မြေးကို သွေးခွဲတာလေဗျာ"

"မိုးမိုး ဘာသွေးခဲ့လို့လဲ"

"မေမေကြီးဟာ မေမေ မဟုတ်ဘူးလို့ပြောတာ သွေး
တာမဟုတ်လို့ ဘာလဲ၊ ခင်ဗျားဗျာ....ဒီလောကသဘောထာ
ညှံ့လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး"

ထိုအချိန်က နေမင်းတစ်ရာ အရက်နည်းနည်းမူးနေသည်

"မိုးမိုးက သားကို ဝမ်းနဲ့လွယ်မွေးရတဲ့ အမေပါ ကိုနေ
အမေကို သားက မေမေလို့ တစ်ခါမှ မခေါ်ဖူးဘူး၊ အဲဒ
ခေါ်စေချင်လို့ မေမေလို့ခေါ်ဖို့ ပြောတာပါ၊ သား
မေမေကြီးကမှ မေမေ၊ မိုးမိုးက မိုးမိုးပဲတဲ့၊ အဲဒါကြော
မေမေကြီးက မေမေ မဟုတ်ဘူး၊ မေမေကမှ မေမေဖြစ်
အကြောင်း ပြောတာပါ"

"ကလေးက ငယ်ငယ်လေး ရှိသေးတယ်ဗျ၊ ခင်ဗျား
ဒီဘာမဟုတ်တာလေးကို ဘာလို့ ပြဿနာပုံကြီးချဲ့နေရတ
လဲ၊ ခင်ဗျားလိုပြောရင် ဒီကလေးက ခင်ဗျားတစ်ယော
တည်း မွေးတာမဟုတ်ဘူး၊ ကျွန်တော်နဲ့လဲ သားပဲ၊ ကျွ
တော့်သားဆိုရင် မေမေ့သွေးပါတဲ့ မေမေ့မြေးပဲ၊ အဘွာ
ကို မေမေကြီးခေါ်တာ ဘာမှမဆန်းဘူး၊ ဒီလိုခေါ်နေ
တာပဲ၊ ဘာမှ ခင်ဗျား မနာလိုဖြစ်နေစရာမရှိဘူး"

"မိုးမိုး မနာလိုဖြစ်တာမဟုတ်ဘူး၊ အဘွားကို မေ
ကြီးလို့ခေါ်တာ ဘာမှ မကျေနပ်စိတ် မရှိပါဘူး၊ မိုးမိုး
သားက မေမေလို့ ခေါ်စေချင်လို့ ပြောမိတာပါ"





မိုးမိုးအေး ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ရပြန်ပါသည်။

"ဒီအိမ်မှာ ခင်ဗျား အမြဲတမ်း ပြဿနာမရှိ ပြဿနာ
ာနေတာ၊ အေးအေးဆေးဆေးကို မနေချင်ဘူး"

မိုးမိုးအေး ငိုရှိုက်၍သာ နေရပါသည်။

သူ့ဘဝမှာ အားလုံး အရှုံးချည်းဖြစ်နေပြီ။ ထိုအရှုံးများ
ွင် သားကိုရှုံးလိုက်ရခြင်းအတွက် ဝမ်းအနည်းဆုံး ခံစား
သည်။

"နောက်ကို ခင်ဗျား ပါးစပ် ပိတ်ထားပါ၊ ခင်ဗျား
ာလေးကို မဟုတ်မတရားတွေ ဘာမှမပြောနဲ့၊ ဒါ နောက်ဆုံး
ဖြစ်ပစေ၊ နောက်ကို ဒါမျိုးပြောလို့တော့ ကျွန်တော် ခွင့်
လွှတ်ဘူး"

နေမင်းတစ်ရာက ဒေါသတကြီး ခြိမ်းခြောက်နေသည်။

"အဲ့ဩစရာဗျာ၊ ယုံဖို့တောင်မကောင်း၊ ခင်ဗျား စိတ်
ထားသိမ်ညံ့တဲ့ မိန်းမ"

နေမင်းတစ်ရာက ပက်ပက်စက်စက်ပြောပြီး အိမ်ပေါ်သို့
တက်သွားသည်။

မိုးမိုးအေးရင်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။

တစ်ဖက်သတ် ဝိုင်းအနိုင်ကျင့်ပြီး မတရားစွပ်စွဲသည်ကို
မခံနိုင်ဖြစ်သွားသည်။

အံကိုတင်းတင်းပါအောင် ကိုက်လိုက်သည်။

သို့သော် ဆက်ပြီး ပြဿနာတက်လျှင် သူက ယောကျ်ား
ကိုယ်က မိန်းမ။ ပြီးတော့ သူက ကြင်နာစိတ်ရှိသူမဟုတ်
အရက်ကလည်း သောက်ထားသေးသည်။

ဆက်ဖြစ်လျှင်လည်း ဤအိမ်တွင် ဖြစ်သမျှ ကိုယ့်အပြ
ချည်း အပြောခံရမည်။

"ငါသေလိုက်ပါ၊ ဒီအတိုင်း ခံနေရတာထက် သေလို
ရတာ ကောင်းပါတယ်"

စိတ်၏ ထွက်ပေါက်အဖြစ် မိုးမိုးအေး ကိုယ့်ခေါင်း
အဆက်မပြတ်ထုပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်မိသည်။

❧



န်း (၂၅)

သားကို မှုကြို့ထားရေးကိစ္စ မိုးမိုးအေး လုံးဝ စိတ်
ျာ့လိုက်ပါပြီ။

ဤအိမ်တွင် ကိုယ့်စိတ်ကူး ကိုယ့်ဆန္ဒဟူသမျှ ဘာမျှလုပ်၍
နိုင်တော့သည်ကို နားလည်သွားပါပြီ။

"အင်း....ငါ့ဘဝမှာ အိမ်ထောင်ကျတယ်ဆိုတာ စည်းစိမ်
 လူပါပေးပြီး နောက်ဖေး မီးဖိုချောင်မှာ အခိုင်းခံ
ကို ကျရောက်သွားရတဲ့ အဖြစ်ပါလား"

ပြဿနာပေါ်တိုင်း စိတ်ဆင်းရဲရ၊ ရှိုက်ကြီးတငင် ငိုရ
ည်ကို မိုးမိုးအေးစိတ်ပျက်သည်။ ငိုပြီးလျှင် နောက်တစ်နေ့
 ခေါင်းကိုက်ဝေဒနာကို ဆိုးဆိုးရွားရွား ခံစားရသည်။
သို့သော် ခေါင်းကိုက်၍လည်း အိပ်ရာထဲမှာ လှဲနေခွင့်
။

သားကို ချစ်လှပါသည်ဆိုသော အတွားသည် သား
ဝေယျာဝစ္စကိုတော့ ဘာမျှမလုပ်ချင်။ အဖေဆိုသည်ကလည်
အစေးကြီး။ သူ့လွတ်လပ်မှုကိုသာ သူ တန်ဖိုးထားသည်

သားကို ရေချိုးပေးဖို့ စိတ်ကူးပင်မထည့်။

သားကို အပေါ့အလေး အညစ်အကြေး သုတ်သင်ပေး
အဝေးကြီးက ရှောင်သည်။

ထိုကိစ္စများအားလုံးကို မိုးမိုးအေးသာ လုပ်ပေးရသည်
ကလေး၏ ချေးဝတ်၊ သေးဝတ်ကအစ မိုးမိုးအေးသာ လျှော်
ရသည်။

အဝတ်လဲပေးတော့လည်း မိုးမိုးအေး၊ သနပ်ခါးလိမ်
ပေးတော့လည်း မိုးမိုးအေး။ သူတို့က လှလှပပလေး ပြ
ဆင်ပြီးမှ ချစ်ချင်ကြသည်။

ပြီးတော့ ကလေး သဘောကျအောင် မုန့်ပုံးကိုဖွင့်ပြ
ကျွေးမည်။

ကလေးခများ မုန့်ကျွေးသူကိုသာ ချစ်သည် ထင်နေရ
သည်။

သားကိုသည်း မိုးမိုးအေး သနားသည်။

"မေမေကြီး....သား မြင်းစီးချင်တယ်၊ သားကို ထမ်းပြ
မြက်ခင်းပေါ် ပြေး"

သားငယ်က ဒေါ်တင်တင်မော်၏ ကုပ်ပေါ် ခွစီးသည်

"အမယ်လေး....မလုပ်ပါနဲ့ သားရယ်၊ မေမေကြီး
အသက်ကြီးပြီ၊ မပြေးနိုင်ဘူး၊ ဟိုမှာ မိုးမိုးကို ခိုင်း"

သားငယ်က ဟင်းချက်နေသော မိုးမိုးအေးဆီ သွား





"မိုးမိုး၊ မြင်းစီးမယ်၊ သားကို ပခုံးပေါ်ထမ်းပြီးပြေး"

"မေမေ ဟင်းချက်နေလို့ မအားသေးပါဘူး သား
ယ်"

"ဟင့်အင်း....ဟင့်အင်း၊ မရဘူး၊ ခုထမ်း"

မိုးမိုးမှာ ဟင်းအိုးတန်းလန်းနှင့် အခက်ကြုံရသည်။

"ဟဲ့....ကလေးကို ထမ်းပြေးလိုက်ပါ"

ဒေါ်တင်တင်မော်က လှမ်းအော်ပြောသည်။

ကလေးက မိုးမိုးအပေါ်သို့ အတင်းတက်နေပြီ....၊

"ကဲ....လာ"

ဟင်းအိုးကို ပစ်ထားခဲ့ပြီး မိုးမိုးအေး မြင်းအဖြစ် အသုံး
တော်ခံရသည်။

"ဩော်....နောင်ကြီးလာရင်တော့ သူ့ကို ဘယ်သူက
နစ်နာခံတယ်၊ ဘယ်သူက တကယ်ချစ်တယ်ဆိုတာ သိလာ
ကောင်းပါရဲ့"

မျှော်လင့်ချက်ကလေးထားပြီး မောမှန်းမသိ၊ ပန်း
သိ မြင်းလို ပြေးရရှာသည်။

ဒေါ်တင်တင်မော်က မိုးမိုးအေးကို ညြဇာ
ည်း ဟင်းအိုးကို ကြည့်ပေးခြင်းမရှိ။ ဒေါ်
ည်း ဈေးသွားနေသည်။

မိုးမိုးအေး ချွေးရွှဲပြီး ပြန်လာသောအခါ ဟင်းအိုးက
ူးနေပြီ။

## အခန်း (၂၆)

"မေမေရေ၊ သားတော့ အလုပ်ရလာပြီ"

နေမင်းတစ်ရာက အိမ်ထဲသို့ ဝင်လာရင်း ဝမ်းသာအားရ ကြွေးကြော်လိုက်သည်။

"ဟဲ ....ဘာအလုပ်လဲ သားရယ်၊ ဘယ်မှာလုပ်ရမှာလဲ"

ဒေါ်တင်တင်မော် တအံ့တသြ ဖြစ်နေသည်။

"ဂျော့ချ်တို့ ဖက်စပ် ကုမ္ပဏီမှာ လုပ်ရမှာ မေမေ"

မိုးမိုးအေး မီးဖိုထဲမှ ချက်ရင်းပြုတ်ရင်း နားထောင်နေသည်။

ကိုယ့်ကို တိုက်ရိုက်ပြောခြင်းမဟုတ်။ ခပ်လှမ်းလှမ်းမှ နားထောင်ပြီး သိရခြင်းဖြစ်သည်။





ဂျော့ချ်အုန်း၏ မိဘများက သယ်ယူပို့ဆောင်ရေး လုပ်နန်းကို တိုးချဲ့ပြီး ဖက်စပ်ကုမ္ပဏီ ထောင်ခြင်း ဖြစ်ကြောင်း၊ ဂျော့ချ်အုန်းမှာ ရန်ကုန် ပြန်နေရပြီး မန်နေဂျာအဖြစ် တာဝန်ယူရမည်ဖြစ်ကြောင်း၊ သူ့ကို လက်ထောက်မန်နေဂျာ ခန့်ကြောင်း နေမင်းတစ်ရာက အားရဝမ်းသာ ပြောပြသည်။

"လခက ဘယ်လောက်ပေးမှာလဲ သားရဲ့"

"သုံးထောင်"

"ဟင်....အများကြီးပါလား၊ ဟင်း....ဟင်း၊ ဘွဲ့ရတဲ့လူတွေတောင် လခလေး တစ်ထောင်၊ ထောင့်ငါးရာနဲ့ လုပ်နေကြရတာ"

"ဟာ....ဘာဆိုင်လို့လဲ မေမေရာ၊ မတူတာတွေ"

နေမင်းတစ်ရာက နှိုင်းယှဉ်ပြောသည်ကို သဘောမကျ။

"ဟုတ်ပါတယ်၊ အဲဒီမတူတာကိုပဲ မေမေက ပြောတာပါ။ အဲဒါပဲ ငါ့သားရဲ့၊ အပေါင်းအသင်း မိတ်ဆွေကောင်းဆိုတာ အားကိုးရတယ်၊ ငါ့သားက အပေါင်းအသင်း သိပ်ကောင်းတယ်၊ ဒါကြောင့်မို့ ဒီအလုပ်မျိုးကို မရှာရမဖွေရဘဲနဲ့ ရတာပေါ့"

"ဟင်း....ဟင်း၊ လျှောက်လွှာတောင် မတင်ရဘူး မေမေ၊ ဘာထောက်ခံစာမှလဲ မလိုဘူး"

"အေးပေါ့၊ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေကိုး"

"သူကလဲ အလုပ်ကြီးအကိုင်ကြီးဆိုတော့ ဘယ်နိုင်မလဲ၊ အဲဒီတော့ ယုံကြည်ရတဲ့လူကို အကူအညီကောင်းတာပေါ့"

သားအမိနှစ်ယောက် အတိုင်အဖောက် ညီနေကြသည်။

"အဲဒါပဲ ငါ့သား၊ အရည်အချင်းဆိုတာ၊ ပညာတွေ အများကြီးတတ်ပေမယ့် အရည်အချင်းမရှိတဲ့လူတွေ အများကြီး၊ အလုပ်ရတယ်ဆိုပြန်တော့လဲ ရယ်စရာ၊ လခလေး မစားလောက် မသောက်လောက်နဲ့"

ထိုစကားများကိုတော့ ဒေါ်တင်တင်မော်က မိုမိုးအေး ကြားအောင် ရည်ရွယ်ဟန် တူပါ၏။ အသံကို ခပ်ကျယ်ကျယ်ဒလး ပြောသည်။

မိုးမိုးအေး မီးဖိုထဲမှ အားလုံး ကြားနေရပါသည်။

နောက်မော့ လုပ်ငန်းက ဒီထက် ပိုကျယ်ပြန့်လာရင် သားကို မန်နေဂျာရာထူး တိုးပေးမယ်တဲ့၊ လခလဲ ငါးထောင်အထိ တိုးပေးမယ်တဲ့"

"ဟင်း....ဟင်း၊ ဒီအလုပ်မျိုး ဘယ်သူစိတ်ကူးလို့ ရမှာလဲ သားရယ်၊ အလုပ်လုပ်ရတယ်ဆိုရင်လဲ ဒီလို ထိုက်ထိုက်တန်တန် အလုပ်မျိုးမှ ကောင်းဘယ်၊ အလုပ်ရှိပြီးရောဆိုပြီး တွေ့ကရာအလုပ်တော့ မလုပ်နိုင်ပေါင်တော်"

ထိုစကားကလည်း မိမိကို ရည်စူးမှန်း မိုးမိုးအေး နားလည်ပါသည်။

မိုးမိုးအေးက နေမင်းတစ်ရာ အလုပ်လုပ်ရန် ပြောခဲ့ဖူးသည်ကို ချေပနေခြင်း ဖြစ်သည်။





"အေးလေ....ဘယ်လိုပဲဖြစ်ဖြစ် သူ အလုပ်ရတယ်ဆိုတာ ဝမ်းသာစရာပါပဲ"

ကိုယ့်ကို ဇနီးမယားအဖြစ် အဖက်လုပ် ပြောခြင်းမဟုတ်သော်လည်း ကိုယ့်ယောကျ်ား အလုပ်နှင့်အကိုင် နှင့်ဖြစ်လာသည်ကို မိုးမိုးအေး သဘောကျနေပါသည်။

အလုပ်အကိုင်ရှိလျှင် အလုပ်တာဝန်က သူ့ကို ထိန်းသွားလိမ့်မည်။ လူရိုသေရှင်ရိုသေ အတည်တကျ ဖြစ်ငတော့ ည်။ အလုပ်လုပ်ရင်း ဘဝအတွေ့အကြုံများလည်း ရလာ ည်။

တစ်နေကုန် သွားချင်ရာသွား၊ နေချင်ရာနေ၊ ပေါ့ပြက်ပြက် နေ၍ ရတော့မည်မဟုတ်။ အလုပ်တာဝန်ထမ်းရင်း ည်းကမ်းတကျ ဖြစ်လာမည်။

အဆင်သင့်လျှင် ဘဝအတွေ့အကြုံများမှတစ်ဆင့် ဇနီးင့် သားကိုပါ အရေးပေး အလေးထားရမှန်း နားလည်လာလိမ့်မည်ဟု မဝံ့မရဲ မျှော်လင့်မိသည်။

သို့သော် အလုပ်ရှင်မှာ မိတ်ဟောင်း အကောင်းဆုံးဂျော့ချ်အုန်း ဖြစ်နေသည်ကိုသာ ရင်ထဲမှာ စိုးရိမ်စိတ် ဖြစ်သည်။

အေးလေ၊ လုပ်ငန်းတာဝန် ကြီးကြီးမားမား ယူရမှာဆိုတော့ နှစ်ယောက်စလုံးလဲ ကောင်းသွားနိုင်ပါတယ်....

ကောင်းစေချင်စိတ်နှင့် မိုးမိုးအေး တွေးလိုက်သည်။

ကောင်းသွားကြရင်တော့ ဝမ်းသာစရာ၊ ငါတို့ အိမ်ထောင်လေး အကောင်းဘက်ကို ပြောင်းလာတော့မှာ ထင်ပါရဲ့၊ ဩော်....ခုမှ သတိရတယ်၊ ဟန်ကျလိုက်တာ၊ ဒါဟာ သားလေးရဲ့ ကုသိုလ်ကံကြောင့်များ ဖြစ်နေမလား....

နေမင်းတစ်ရာ အလုပ်ရသည်မှာ သားလေး (၄) နှစ်ပြည့်ပြီး သုံးရက်မြောက်မှာ ဖြစ်သည်ကို စဉ်းစားမိ၍ မိုးမိုးအေး အံ့ဩဝမ်းသာ ဖြစ်ရသည်။



အခန်း (၂၃)

"ဟောဒါက မေမေ့ဖို့ လုံချည်၊ အင်္ကျီနဲ့ ပန်းသီးငါးလုံး၊ သားကန်တော့တာ"

နေမင်းတစ်ရာ လခထုတ်လာသည့်နေ့တွင် မိခင် ဒေါ်တင်တင်မော်ကို ကန်တော့သည်။

"ဩော်....သားရယ်၊ လိမ္မာလိုက်တဲ့ ငါ့သား၊ မွေးရကျိုး နပ်ပါ့၊ သာဓုတော်....သာဓု....သာဓု"

ဒေါ်တင်တင်မော် ဆုတွေပေးရင်း ဝမ်းသာကြည်နူးလွန်း၍ မျက်ရည်များ စီးကျလာသည်။

"ဖေဖော်ချီက ဒီလရတဲ့ အမြတ်ငွေထဲက ဘောနပ်စ် တစ်ထောင် ပေးသေးတယ် မေမေ၊ လခနဲ့ဆိုတော့ အားလုံး လေးထောင်"

နေမင်းတစ်ရာ ပြောပုံက ဝင့်ဝင့်ကြွားကြွား။

"ဟန်ကျလိုက်တာ သားရယ်"

"နောက်လတွေဆို ပိုတောင်ရဦးမယ်"

"အင်း.... မောင်မင်းကြီးသားရျော့ချ်လှဲ ကျန်းမာချမ်း သာပါစေ"

ဒေါ်တင်တင်မော်က ရျော့ချ်အုန်းကိုပါ ဆုတောင်းပေး သည်။

"သားရေ၊ လာပါဦးကွ"

နေမင်းတစ်ရာက စက်ဘီးစီးနေသော သားကို လှမ်း ခေါ်လိုက်သည်။ သားဘေးမှာ မိုးမိုးအေး ရှိသည်။

လမင်းတစ်ရာ သူ့ဖေဖေထံသို့ စက်ဘီးစီးသွားသည်။

"ရော့....ဟောဒါက သားအတွက်ကွ"

ဝတ်စုံလေးတစ်စုံ ဝယ်ပေးသည်။

သားငယ်က သုံးဘီးစက်ဘီးလေးကို ရပ်ပြီး သူ့အဖေ ပေးသော စက္ကူအိတ်ကလေးကို ယူသည်။

သားကိုကြည့်ပြီး မိုးမိုးအေးပါ ဝမ်းသာရသည်။

ကောင်းသော အပြောင်းအလဲများကိုမြင်ရ၍ ရင်ထဲမှာ ကြည်နူးမိသည်။

မိမိအတွက် မရချင်နေပါစေ၊ သားရသည်ကို ကိုယ် ရသလို ဝမ်းသာနေသည်။

"ရော့....လာယူလေ"





အို....ငါ့ကို ခေါ်ပေးနေတာလား။

ကိုယ့်ကို ပေးသည်ဟုပင် မထင်ရဲ။

နေမင်းတစ်ရာက သူ့လက်ထဲမှ ပလတ်စတစ်အိတ် တစ် အိတ်ကို မိုးမိုးအေးထံ လှမ်းပေးနေသည်။

"ငါ့ကိုလဲ ဇနီးတစ်ယောက်အနေနဲ့ သူ အမှတ်တရ ရှိ ပါလား"

အံ့ဩခြင်းနှင့်အတူ ဝမ်းသာကြည်နူးရပြန်သည်။

သွားယူရသည်ပင် ရှက်ရွံ့သလို ခံစားရသည်။

ကိုယ့်လင်လုပ်စာကို ပထမဆုံး ခံစားရဖူးခြင်း ဖြစ် သည်။

နေမင်းတစ်ရာလက်မှ အိတ်ကိုယူလိုက်သည်။

မျက်လုံးထဲမှာ ရစ်ဝဲနေသော မျက်ရည်များကို ဘယ်သူမှ မမြင်စေချင်၍ အမြန်လှည့်ထွက်ခဲ့ပြီး အိမ်ပေါ်သို့ တက်ခဲ့ သည်။

အခန်းထဲရောက်မှ ပလတ်စတစ်အိတ်ကလေးကို ဖွင့်လိုက် သည်။

အပြာရောင်မှာ အဖြူအနားကွပ်ထားသည့် အပေါ် ထပ် အနွေးအင်္ကျီ ပေါ့ပေါ့ပါးပါးလေး၊ အပြာနုရောင် ထဘီလေးက ပြောင်လက်တောက်ပနေသည်။

"အို....လှလိုက်တာ"

အင်္ကျီလေးကို ရင်မှာကပ်ထားလိုက်မိသည်။

ထိုနေ့ညက နေမင်းတစ်ရာ၏ရင်မှာ မျက်နှာ အပ်

မိုးမိုး ေမ်းသာကြည်နူးစွာ ငိုရှိုက်မိသည်။

နေမင်းတစ်ရာ နည်းနည်းသောက်ထားသော်လည်း

တိုင်းလို ကြမ်းတမ်းခြင်း မရှိ၊ မိုးမိုးအေးကို သူ့ရင်မှာ

ပိုက်ထားခဲ့သည်။

ဩော်....ဒီလိုဆိုပြန်တော့လဲ လောကကြီးက လှလှ

ဖြစ်နေပြန်ပါရောလား....

ခါးသီးစွာ ခံစားခဲ့ရသော ဝေဒနာအားလုံးကို မိုး

ေအး မေ့လျော့သွားခဲ့ရသည်။



အခန်း (၂၈)

ယနေ့ နံနက်အစောကြီးကတည်းက ဒေါ်တင်တင်မေ၌

အသံကို စွာစွာကျယ်ကျယ် ကြားနေရသည်။

မျက်နှာကလည်း ပြုံးလို့ မော်လို့။

မနေ့က သူ့သားကန်တော့ထား၍ ပျော်သည့်အရှိန်က

တက်နေဆဲ။

မိုးမိုးအေးကိုယ်တိုင်လည်း နေရထိုင်ရသည်မှာ ပေါ့ပေါ့

ပါးပါးနှင့် လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

ဒေါ်တင်တင်မေ၌ ထိုင်နေသော နံနက်စာစားပွဲမှာပင်

သားကို မိုင်လိုတိုက်နေစဉ်....

"တော်ပြီ"

သားက မိုင်လိုခွက်ကို ပုတ်ချလိုက်သည်။

"ဩော်....သားရယ်"

သား၏ အင်္ကျီများ ပေကုန်သည်။

"ဟဲ့....မနေ့က သူ့အဖေဝယ်ပေးတဲ့ ဝတ်စုံအသစ်လေး ဝတ်ပေးလိုက်၊ ငါမြေး ဘယ်လောက်လှသွားလဲ ကြည့်မယ်''

မိုးမိုးအေးက သားအင်္ကျီကိုချွတ်ပြီး ရင်ဘတ်မှာပေသွား သည့် မိုင်လိုကို ရေစိုအဝတ်နှင့် သုတ်ပေးသည်။ ဒေါ်တ တင်မော်၏ ဆန္ဒအတိုင်း သူ့အဖေဝယ်ပေးသော ဝတ် အသစ် လဲပေးလိုက်သည်။

"လှလိုက်တာတော်၊ ငါမြေးက ကြည့်လို့ကောင်းလို တာ၊ သူ့အဖေကလဲ သူ့သားနဲ့လိုက်အောင် ဝယ်တ လိုက်တာ''

ဒေါ်တင်တင်မော်မှာ သူ့သားကို ချီးမွမ်းမဆုံး ဖြစ် သည်။

"ဒီဝတ်စုံမျိုးဆိုရင် လေးရာကျော် ငါးရာလောက် တ တယ်၊ ရိုးရိုးလခစားတွေ ဘယ်လိုလုပ် ဝယ်စားနိုင်မ အဲဒါပဲအေ၊ အလုပ်လုပ်ပါအလုပ်လုပ်ပါဆိုတိုင်း တွေ့က အလုပ်လုပ်လို့ ရတာမဟုတ်ဘူး၊ ခပ်ညံ့ညံ့အလုပ်ဝင်လုပ် ဂုဏ်မတက်ဘဲနဲ့ ဂုဏ်တောင်ပျက်သေးတယ်....

"တွေ့လား၊ ခု ငါ့သား အလုပ်ဝင်ဝင်ချင်း လက်ထော မန်နေဂျာ၊ လခက သုံးထောင်၊ ဆုကြေးနဲ့ဆို လေးထော နည်းတဲ့ငွေလား၊ နောက်မကြာခင် မန်နေဂျာဖြစ်ဦးမ လခက ငါးထောင်၊ ဆုကြေးနဲ့ဆို ခြောက်ထောင် ဖ သောင်းရမယ်....





"အခု ဆယ်နှစ် ဆယ့်ငါးနှစ်လုပ်နေကြတဲ့လူတွေ ဘယ် ဒီလောက်ရလို့လဲ၊ ညည်းတို့ ဘာတွဲညာတွဲတွေ ဘယ် လောက်ရရ ဒီလိုအလုပ်မျိုး၊ ဒီလိုလခမျိုး ဘယ်လိုလုပ် မလဲ....

"ငါ့သားက အပေါင်းအသင်းကောင်းလို့ ရတာ၊ ငါ မွေးထားတဲ့သား ငါသိတာပေါ့၊ ငါ့သားမှာ အရည် ချင်း ရှိတယ်အေ့....

"အဲဒါ ညည်းကို ပြောထားရဦးမယ်၊ သူ့သူငယ်ချင်း တွေနဲ့ ပေါင်းသင်းတာ သွားတာလာတာ ဘာမှမပြောနဲ့၊ ပြုစုနဲ့၊ အပေါင်းအသင်းကောင်းလို့ အလုပ်ကောင်းရ ....

"သူ့အပေါင်းအသင်းတွေ အိမ်လိုက်လာရင်လဲ ကိုယ်က ရမယ်၊ အပေါင်းအသင်းတွေ အိမ်လိုက်သွားရင်လဲ ကျမနပ် ပြောစရာမရှိဘူး....

"ငါ့သားက ငယ်ငယ်ကတည်းက အပေါင်းအသင်း ကောင်းတယ်၊ အပေါင်းအသင်း ခင်တယ်....

"သေသွားတဲ့ သူ့အဖေကို ခေါ်ပြလိုက်ချင်တယ်၊ သား ပေါင်းနေတဲ့ အပေါင်းအသင်းတွေကို သဘောမကျဘူးတဲ့၊ င်း....အန်တီကတော့ မတားပါဘူး၊ သားသူငယ်ချင်း တွေက ပိုက်ဆံချမ်းသာတယ်၊ အဆက်တန်းစားတွေ၊ ကိုယ်ပိုင် ားစီးနိုင်တဲ့ လူတွေ၊ သားက အဆင့်အတန်းရှိတဲ့ လူချင်း ပါင်းတာ၊ ဟော....ခုတော့ အကျိုးမရှိဘူးလား၊ ဆင်းရဲ

သားနဲ့ ပေါင်းရင် ဒီအလုပ်မျိုး ဘယ်လိုလုပ်ရမလဲ၊ ဒ
ဆင်းရဲသားကိုတောင် ထောက်ပံ့နေရဦးမယ်....

"ဟင်း... ဟင်း....ငါ့သား မှန်တယ်၊ သူ့အဝ သူသိ
ပေါ့၊ ညည်း ငါ့သားကို ဘာမှမပြောနဲ့၊ ဘာမှမတားနဲ့

"အခု ညည်းဖြစ်စေချင်သလို အလုပ်နဲ့အကိုင်နဲ့ ဖြစ်
ပြီ၊ ဒါပေမယ့် ညည်းပြောတဲ့ အလုပ်မျိုး မဟုတ်ဘူးနေ
ညည်း စိတ်တောင်မကူးနိုင်တဲ့ အလုပ်မျိုး"

ဒေါ်တင်တင်မော် ပြောသည်မှာ ချီးမွမ်းခြေကျော
စကားများ ဖြစ်နေသည်။

သားကို ချီးမွမ်းလိုက်၊ ချွေးမကို ခြေနင့်ကျောက်လို
ဖြစ်နေသည်။

မိုးမိုးအေးခမျာ မပြေးသာ မရှောင်သာနှင့် စိတ်ပျက်
နားထောင်နေရသည်။



န်း (၂၉)

"မေမေ....သားကို ငွေငါးထောင်လောက် ပေးစမ်းပါ"

"ဟင်.... များလှချည်လား သားရယ်၊ ဟိုတစ်နေ့ကပဲ
ထောင် ပေးလိုက်ရသေးတယ်....

"လတစ်ဝက်လောက်ကလဲ သုံးထောင်"

ဒေါ်တင်တင်မော်ပြောသည်ကို ကြားမှ ငွေငါးထောင်
တောင်းသုံးထားသည်ကို မိုးမိုးအေး သိရသည်။
လခထုတ်စဉ်က သူ့ဝယ်ပေးခဲ့သည်မှာ အားလုံးမှ အလွန်
ချင် သုံးထောင်ဖိုးခန့်ဖြစ်မည်။ အိမ်ကပင် နှစ်ထောင်
ပြီ။ ခု ငါးထောင်တောင်းနေပြန်ပြီ။

"ဟာ....မေမေကလဲဗျာ၊ ဒီနေ့ တောင်ကြီးက သူငယ်
တွေ ရောက်လာလို့ဗျ၊ ကျော့ချိုသူငယ်ချင်းတွေ၊ သား
ာင်ကြီးသွားတုန်းက သူတို့ ကျွေးတာ အများကြီးဗျ၊

အခု ရန်ကုန်လာတော့ ကိုယ်က ပြန်ကျွေးမွေးမှကောင်းမှ
ပေါ့၊ ကျော့ချ်မျက်နှာကလဲ ရှိသေးတယ်”

“အေးပါ သွားရယ်”

ဒေါ်တင်တင်မော် လေးလေးလံလံသွားပြီးငွေငါးထော
ယူပေးရသည်။

“တော်သေးတာပေါ့၊ ငါ့ကို ငွေမအပ်လို့”

မိုးမိုးအေး စိတ်သက်သာရာရသွားသည်။

ကိုယ့်သာ ငွေအပ်လျှင် ပြန်ပေးရမည်က ရ သည်နှ
မကာမိ။

နေမင်းတစ်ရာ ကားလေးနှင့် ပြန်ထွက်သွားသည်။

ဒေါ်တင်တင်မော် ဘာမှမပြောဘဲ သူ့နေရာတွင် ပြ
ထိုင်မိမှ လေးလံသော သက်ပြင်းတစ်ချက်ချသည်။

မိုးမိုးအေး မသိချင်ယောင်ဆောင်နေလိုက်သည်။

ကိုယ်တိုင်လည်း သက်ပြင်းချချင်စိတ်ကို မျိုသိပ်ထားရ
ဖြစ်သည်။

ခုတလော အိမ်ပြန်မအိပ်သည်မှာလည်း ကြာပြီ။ အလု
ရပြီးမှ အသောက်အစားလည်း ပိုများလာသည်။

“အလုပ်ရတာဟာ ကောင်းကျိုးမှ ဟုတ်ပါလေစ”

သံသယအတွေးများ ဝင်လာရသည်။



# အခန်း (၃၀)

“မေမေ....ဒီလတော့ နှစ်ထောင်ပဲယူနော်”

ငွေငါးထောင် တောင်းသွားပြီးနောက် ငါးရက်မြောက်
တွင် လခထုတ်သည်။

ဒေါ်တင်တင်မော်လက်သို့ ငွေနှစ်ထောင်ထည့်သည်။

“အေးပါ သွားရယ်”

နည်းသော်လည်း ရငွေဖြစ်၍ ဒေါ်တင်တင်မော် ကျေနပ်
လိုက်သည်။

ဆုကြေးငွေ မည်မျှရသည်ပင် ပြောခြင်းမရှိ။ အိမ်ထဲမှ
ပြန်ထွက်သွားသည်။

“ဖေဖေ....မုန့်ပုံးဝယ်ပေး”

သားငယ်က လှမ်းအော်ပြောသည်။

“ဟေ....အေး....အေး”

...တကူ အော်ဟစ်သွားသည်။ သားကို ပြန်၍ပင် ...ကြည့်မကြည့်။

ကားကလေးကို မောင်းထွက်သွားသည်။

သားလေးကိုကြည့်ပြီး မိုးမိုးအေး သနားနေမိသည်။

ပထမဆုံး တစ်လသား အားလုံးကို စိတ်ကူးယဉ်အောင် လုပ်ခဲ့သည်။ ခုတော့ ဒိုရင်းကိုပင် ပြန်ဆိုက်သည်။

သူ ဘာတွေလုပ်နေလဲ၊ ဘယ်သူတွေနဲ့ နေတာလဲ၊ ညကျတော့ ဘယ်မှာအိပ်သလဲ၊ ဘယ်သူတွေနဲ့ အိပ်သလဲ....

မိုးမိုးအေး တွေးကြည့်မိသည်။ သို့သော် မေး၍မဖြစ်၊ မေးလျှင် ဒေါ်သတင်း ပြဿနာတက်သွားမည်။

ဒေါ်တင်တင်မော်ကလည်း သူ့သားကို ဘာမျှမပြောရတု အမြတ်မှသာထားပြီးဖြစ်သည်။

ကိုယ့်ဘာသာလည်း မပြောရန်ဆုံးဖြတ်ထားပြီးဖြစ်သည်၊

...ခန်း(၃၁)

"မေကြီး....ဒီမှာကြည့်၊ မိုးမိုးက မုန့်ပုံးဝယ်ပေးတယ်"

...သားလေးက မုန့်ပုံးကို ယူသွားပြီး သူ့အဘွားကို ကြွား...ည်။

...ဒေါ်တင်တင်မော် မျက်နှာပျက်သွားသည်။

"ဘကယ်ဆို....ညည်း....ဖေဖေ ဝယ်ပေး သွားဘယ်လို့...လေးကို ပြောဖို့ကောင်းတယ်"

...ဒေါ်တင်တင်မော်က အပြစ်တင်စကားဆိုသည်။ ဘာ...ပ်လုပ် ဤအိမ်မှာ အပြစ်မလွတ်။

"သား....မုန့်ပုံးရရင် ကျေနပ်သွားမယ်ထင်လို့ ဝယ်ပေး...က်တာပါ"

...မိုးမိုးအေးက ဖြေရှင်းချက်ပေးသည်။

"ညည်းကိုတော့ ကျေနပ်မှာပေါ့၊ ငါ့သားကိုတော့...ကျေနပ်ဖြစ်သွားမှာပေါ့"

"ကလေးက အဲဒီလောက်အထိ တွေးမှာ မဟုတ်ပါဘူး အန်တီ"

"မတွေးရင် ကိစ္စမရှိပါဘူး၊ တွေးရင် မကောင်းဘူးပေါ့"

မိုးမိုးအေး ဘာမျှ ဆက်မပြောတတ်တော့ပါ။

"ညည်း အဲဒီပိုက်ဆံ ဘယ်ကရလဲ"

ဒေါ်တင်တင်မော် မေးပုံက စစ်ဆေးသောလေသံ။

"မိုးမိုး လက်စွပ်တစ်ကွင်း ရောင်းထားတာ"

"အံ့သြပါရဲ့အေ....ညည်းကလဲ တော်တော်အကျင့်ပျက်နေတယ်၊ မရောင်းတတ်ဘဲ ရောင်းတော့ ဈေးနှိမ်ခံရမှာပေါ့"

"မိုးမိုး သားကို ဆေးရုံတက်မွေးတုန်းက ငွေလိုလို့ရောင်းတာပါ၊ အဲဒီက ကျန်သေးတဲ့ ငွေပါ"

"ညည်း ဆေးရုံတက်တုန်းက ငါ့ကိုမှ မတောင်းဘဲ၊ မာနခံနေတာကိုး၊ တောင်းရင် ငါပေးမှာပေါ့"

မွေးလူနာကို လုံးဝဂရုမစိုက်။ ဆေးရုံကိုလည်း တစ်ခေါက်မျှ လိုက်မလာသူက အပြစ်ပြောနေပြန်သည်။

ထိုအချိန်က ဤနည်းနှင့်သာ ငွေမရှာခဲ့လျှင် ကိုယ့်ဘာသာ ဒုက္ခရောက်ရုံသာ ရှိသည်။

သို့သော် မိုးမိုးအေး ဘာမျှ ပြန်မပြောချင်တော့ပါ။

"နောက်ကို ငါမသိဘဲနဲ့ ညည်း ဘာပစ္စည်းမှ မရောင်းနဲ့"

ဒါကတော့ မတရား ချုပ်ချယ်သည်ဟု မိုးမိုးအေး နားလည်လိုက်သည်။





လွယ်ပါတယ်။ ကိုယ့်ဘာသာရောင်းပြီး သူ့ကို မပြောဘဲနေလိုက်ရုံပေါ့။ သုံးရင်လဲ သူမသိအောင် သုံးရုံပေါ့။

ကိုယ့်ထွက်ပေါက်ကို ရှာထားလိုက်သည်။

"ငါ့သားသီရင်လဲ ညည်း အဲဒီလိုလုပ်တာ ကြိုက်မှာ မဟုတ်ဘူး၊ သူများကြားချင် ငါတို့ နာမည်ပျက်တယ်"

ဒေါ်တင်တင်မော်က ဆူ၍ပြော၍ မပြီးသေး။

"အခုလဲ နေ့တိုင်း ညည်းကို ငါ ပိုက်ဆံပေးနေတာပဲ"

ဒေါ်တင်တင်မော် အသံကောင်းဟစ်လိုက်ခြင်းပင် ဖြစ်သည်။ အမှန်စင်စစ် နေ့စဉ် ပိုက်ဆံပေးသည်မှာ ဈေးသုံးပေးခြင်းဖြစ်သည်။

ဒေါ်သောင်းဈေးသွားလျှင် ထိုငွေ ဒေါ်သောင်းကို ပေးရသည်။ ကိုယ်တိုင်ဈေးသွားလျှင် ကိုယ်တိုင်ကိုင်သုံးရသည်။ ပိုသမျှငွေ ဒေါ်တင်တင်မော်ကို ပြန်အပ်ရသည်။

ပိုသည်ဟူ၍လည်း သိပ်မရှိ။ တိုင်းကာထွာကာ ပေးခြင်းဖြစ်သည်။

"မဖြစ်ပါဘူး၊ လက်ဝတ်လက်စားတွေ ညည်းဆီထားရင် စိတ်မချရပါဘူး၊ တစ်ခုပြီးတစ်ခု ရောင်းစားတာနဲ့ ကုန်မှာ သေချာတယ်၊ ငါသိမ်းထားမှဖြစ်မယ်၊ သွားစရာလာစရာရှိမှ ထုတ်ပေးမယ်"

မိုးမိုးအေး ထိတ်လန့်သွားသည်။ သူ့လက်ဝတ်လက်စားများကို ဒေါ်တင်တင်မော်ဆီမှာ အပ်မထားချင်။

"မိုးမိုး နောက်မရောင်းတော့ပါဘူး"

မအပ်ရအောင် ကတိပေးလိုက်ခြင်းဖြစ်သည်။

ဒေါ်တင်တင်မော် ဘာမျှဆက်မပြောတော့ပါ။ သို့သော် မျက်နှာက မကြည်သာ။

ဤကိစ္စ၏ နောက်ဆက်တွဲအဖြစ် လက်ဝတ်လက်စားများ သိမ်းယူခံရမှာ စိုးရိမ်စရာဖြစ်လာသည်။

ကိုယ့်သားကို ကိုယ့်ပိုက်ဆံနှင့် မုန့်ပုံးဝယ်ပေးခြင်းမှာ ဤမျှအထိ ပြဿနာကြီးလာမည်ဟု မထင်ခဲ့။

ဩော်....ငါ့မှာ တစ်ယောက်တည်း ဘာမဆို အားလုံး ကြောက်နေရတာပါလား။

အားငယ်သောအတွေးစင်၍ မျက်ရည်များ စီးကျလာသည်။



အခန်း (၃၂)

"မေမေ သားကို ငွေတစ်သောင်းပေးစမ်းပါ"

"ဟင်....များလှချည်လား သားရယ်"

နေမင်းတစ်ရာကိုကြည့်၍ ဒေါ်တင်တင်မော် မျက်လုံးပြူးသွားသည်။ ဒေါ်တင်တင်မော်သာမက အေးမှ မိုးမိုးအေးနှင့် ဒေါ်သောင်းပါ အံ့အားသင့်သွားကြသည်။

"အရေးကြီးလို့ပါ မေမေရာ....ပေးစမ်းပါ"

"ဘာကိစ္စများလဲ သားရယ်"

"သားတို့အလုပ်မှာ ငွေလိုနေလို့ပါ၊ ဈေးချိမှာလဲ ငွေပြတ်နေလို့"

ဒေါ်တင်တင်မော် မယုံသင်္ကာမျက်လုံးများနှင့် နေမင်းတစ်ရာကို ကြည့်နေသည်။

"သား အလုပ်လုပ်မှ မေမေ ငွေနှစ်ထောင်ပဲ သားဆီက ရဖူးတယ်၊ ဒါပေမယ့် ပထမဆုံးလမှာပဲ မေမေ့ဆီကာ သား ငွေငါးထောင် ပြန်တောင်းတယ်....

"နောက်တစ်လကျတော့ မေမေ့ဆီက ငွေတစ်သောင်း တောင်းတယ်၊ ပြီးခဲ့တဲ့လက ပေးရတာလဲ အားလုံးပေါင်း ရင် ငွေတစ်သောင်းနှစ်ထောင်၊ အဲဒီလက သားလခ မေမေ တစ်ပြားမှ မရဘူး၊ ခုလဲ တစ်ကြိမ်တည်းနဲ့ တစ် သောင်းဆိုတော့ မေမေ မပေးနိုင်ဘူး သားရယ်"

ထိုမျှ များသောငွေများ ပေးနေရသည်ကို မိုးမိုးအေး လုံးဝ မသိခဲ့။

"ဟာဗျာ....မေမေကလဲ အရေးကြီးလို့ တောင်းတာပါ၊ ပေးစမ်းပါ"

နေမင်းတစ်ရာတောင်းပုံက အလောတကြီးဖြစ်နေသည်။

"မေမေ စိတ်ညစ်လာပြီ သားရယ်"

ဒေါ်တင်တင်မော် ညည်းညူသည်။

"ဟာဗျာ....မေမေကလဲ၊ ငွေလေးတစ်သောင်းလောက် များ ဒီလောက်တောင်းနေရတာ မဟုတ်တော့ဘူး"

နေမင်းတစ်ရာ လက်ထဲမှ စီးကရက်တိုကို အောက်သို့ပစ် ချပြီး ခြေထောက်ဖြင့် နင်းခြေလိုက်သည်။

ဒေါ်တင်တင်မော်က မိုးမိုးအေးကို လှည့်ကြည့်လိုက် သည်။





"သား အခုတလော အရက်တွေလဲ သိပ်သောက်နေ တယ် ထင်တယ်၊ အိမ်လဲ ပြန်မအိပ်တာ ကြာပြီ၊ အစားကော မှန်မှန်စားရဲ့လား၊ ပိန်လာလိုက်တာ အလွန်ပဲ"

"ဟာဗျာ....နားပူလိုက်တာ၊ စိတ်ပျက်စရာကောင်းလိုက် တာ၊ ပိုက်ဆံလေးတစ်သောင်း တောင်းတာနဲ့ ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး၊ မပေးဘူးလား ပေးမလား ပြောဗျာ၊ မပေးရင်သွားမယ်၊ သွားရင်လဲ ဘယ်တော့မှ ပြန်မလာဘူးလို့ မှတ်ထားလိုက်"

"အင်း....ဒုက္ခ....ဒုက္ခ"

ဒေါ်တင်တင်မော် ညည်းညည်းညူညူနှင့် ငွေ တစ် သောင်းသွားယူသည်။

အမြဲတမ်း သူ့သားအလိုဆန္ဒဟူသမျှ မညည်းမညူ ဖြည့် ဆည်းပေးခဲ့သော ဒေါ်တင်တင်မော် ခုတစ်ခါကျမှ ဘာ ကြောင့် ဤမျှ ခက်ခဲနေသည်ကို မိုးမိုးအေး နားမလည်နိုင် အောင်ဖြစ်ရသည်။

"သားမှာ လခရော....ဆုကြေးတွေရော အများကြီးရနေ တာပဲ၊ မေမေ့ကို သားလခ တစ်ပြားမှ မပေးချင်နေပါ၊ နောက်တစ်ခါတော့ မေမေ့ဆီက ထပ်မတောင်းပါနဲ့ သား ရယ်"

ဒေါ်တင်တင်မော်က ငွေတစ်သောင်း လှမ်းပေးသည်။

ကျွန်တော်က မေမေ့ဆီ မတောင်းလို့ ဘယ်သူ့ဆီ သွ
တောင်းရမှာလဲဗျ"

နေမင်းတစ်ရာက ဒေါ်တင်တင်မော်လက်မှ ငွေ တ
သောင်းကို လှမ်းယူပြီး အိမ်ထဲမှ ထွက်သွားသည်။

ဘေးနားက ပုခက်ထဲမှာ အိပ်ပျော်နေသော သားလေ
ကို မိုးမိုးအေး လှမ်းကြည့်လိုက်သည်။

သားလေးကြီးလာလျှင် သူ့အဖေလိုဖြစ်မှာ စိုးရိမ်စိ
နှင့် သက်ပြင်းတစ်ချက် ချလိုက်မိသည်။



ခန်း (၃၃)

"ကဲ....မိုးမိုး၊ ထိုင်ပါဦး"

ဒေါ်တင်တင်မော့်မျက်နှာ ကြည့်ရသည်က မသက်
သာ။

ဒေါ်တင်တင်မော် ညွှန်ပြသော ကုလားထိုင်မှာ မိုးမိုး
အေး ထိုင်လိုက်သည်။

"ညည်း သူ့ကို ဘာမှမပြောဘူး မဟုတ်လား"

"ရှင်....ဘာမှမပြောပါဘူး"

မိုးမိုးအေး ပျာပျာသလဲ ဖြေသည်။

"ဟင်း....ကောင်းတယ်"

ဒေါ်တင်တင်မော် စိတ်ပျက်သွားသည်။

"ဘာလို့မပြောတာလဲ"

"ရှင်....အန်ထီပဲ ဘာမှမပြောရဘူးလို့ ပြောထားတာ

ဒေါ်တင်တင်မော် သက်ပြင်းတစ်ချက်ချသည်။

"ညည်း ဘာမှလဲ မသိဘူး မဟုတ်လား"

"ရှင်...."

"အိုအေ....ညည်းကလဲ တရှင်ရှင်နဲ့"

"သားက လိမ္မာတယ်၊ သူ့ဘာသာ အားလုံးသိတယ်၊ ညည်း ဘာမှဟန့်တားစရာမရှိဘူးဆိုတော့ မိုးမိုးလဲ စိတ် လက်ချ နေတာပေါ့"

"အေး....အရင်တုန်းက ငါပြောတာ ဟုတ်တယ်၊ မဟုတ်တော့ဘူး"

ပြောင်းလဲစွာ ပြောဆိုနေသော ဒေါ်တင်တင်မော်ကို မိုးမိုးအေး ငေးကြည့်နေမိသည်။

"အခု ညည်း သူ့ကို ပြောရတော့မယ်၊ ဒီလိုအေး၊ ပြော မှကို ဖြစ်မယ်"

"မိုးမိုးစကားကိုမှ သူက နားမထောင်ဘဲ၊ မိုးမိုးကို ငယ် ငယ်လေးကတည်းက အနိုင်ကျင့်လာခဲ့တာ၊ အန်တီပြော တာတောင် မရရင် မိုးမိုးပြောတာ ဘယ်ရမလဲ"

"ကဲ့....ခုဟာက မရလို့ မဖြစ်ဘူး၊ အန်တီလဲ ပြော မယ်၊ မိုးမိုးလဲ ပြောရမယ်၊ အပြင်းအထန်ကို ပြောရမယ်"

ဟိုတစ်ခါ ချော့ပြောရန် အကြံပေးခဲ့သည်က သူ။ ချော့ ပြော၍ ပြဿနာတက်လာတော့လည်း အပြစ်တင်သည်က သူဖြစ်နေသည်ကို မိုးမိုးအေး သတိရမိသည်။

'ခု အပြင်းအထန်ကို ပြောရမယ်' ဟု ဆိုနေပြန်ပြီ။





သူခိုင်းသည့်အတိုင်း လုပ်ရန် သင့်မသင့် မိုးမိုးအေး ချင့် ချိန်နေရပြီ။

"ခုဟာက မပြောလို့ မရတော့ဘူး၊ မထူးပါဘူး၊ အားလုံး ဖွင့်ပြောမှ ဖြစ်မှာပါ၊ ညည်းယောကျ်ား ဘိန်းဖြူစွဲနေပြီ ဟေ့"

"ရှင်...."

မိုးမိုးအေး ထိတ်လန့်တုန်လှုပ်သွားရသည်။

"အို....ဒါကြောင့်မို့ သူ ဒီလောက် ပိန်ကပ်နေတာပါ လား၊ မယားမခင် သားမခင်နဲ့ အိမ်ကိုတောင် ပြန်မအိပ် တာ ဒါကြောင့်ကိုး"

တည့်တည့်ပြောမှ မိုးမိုးအေး တည့်တည့်သိတော့သည်။

"အရင်ကတည်းက ငါသိတယ်၊ သူ့သူငယ်ချင်း ခင်ဌေး က ဖုန်းဆက်ပြီး သတိပေးတာ၊ အဲဒီတုန်းက မစွဲသေးဘူး၊ စမ်းတဲ့အဆင့်ပဲ ရှိသေးတယ်၊ သူ့သူငယ်ချင်း ဂျော့ချ်အုန်း က ဖိုးသမား၊ သူ လေ့ကျင့်ပေးတာ"

"ကြော်...."

မိုးမိုးအေး မအံ့ဩတော့ပါ။

'ဒါကြောင့်မို့လဲ လခသုံးထောင်ပေးပြီး လက်ထောက် မန်နေဂျာ ခန့်ခဲ့တာကိုး' ဟုလည်း မိုးမိုးအေး နားလည် လိုက်ပါသည်။

"နောက်တော့ ဂျော့ချ် ဘိန်းဖြူပြတ်သွားတယ်၊ ဒါ ကြောင့်မို့ သူ့မိဘတွေက ဖက်စပ်ကုမ္ပဏီထောင်ပြီး တာဝန် ပေးတာလို့ သားပြောခဲ့တာကို ငါယုံခဲ့မိတယ်"

"ငါ့သားက အပေါင်းအသင်းကောင်းလို့ အလု
ကောင်းကောင်းရတာ၊ ဘာဘွဲ့ညာဘွဲ့ရတဲ့လူတွေ ဒီလ
အလုပ်မျိုး ဘယ်လိုလုပ်ရနိုင်မလဲ"

ဒေါ်တင်တင်မော် ပြောခဲ့သော စကားများကို မိုးမို
အေး သတိရနေမိသည်။

ထိုအချိန်က ကိုယ့်မှာ ဘာမျှပြန်မပြောနိုင်၊ ခေါင်းငုံ့
နေခဲ့ရသည်။

"ခုဟာက ဂျော့ချ်ရော သူပါ ဘိန်းဖြူစွဲနေကြပြီ၊ တ
လ တစ်လ တောင်းလိုက်တဲ့ငွေ၊ လစဉ်တိုင်း သောင်းကျော်ပဲ
ဒီကြားထဲက ငါ့စိန်လက်စွပ်လဲ မှန်တင်ခုံပေါ် ထားရင်
ပျောက်သွားသေးတယ်"

"အို...."

မိုးမိုးအေး အဝတ်ဗီရိုထဲမှာ ခပ်လွယ်လွယ်သိမ်းထား
သော လက်ဝတ်ရတနာများအတွက် စိတ်သောက ဖြစ်
သည်။

ငါ့အထဲကလဲ ဘာတွေယူလို့ ဘာတွေပျောက်နေလဲ မသိ
ဘူး၊ ပြန်စစ်ကြည့်ရဦးမယ်....

မိုးမိုးအေး ရင်ထဲမှာ ပူပူလောင်လောင် ခံစားရသည်
ဒါပေမယ့် သူ ငါ့ဗီရိုကိုတော့ တစ်ခါမှမဖွင့်ဖူးပါဘူး
ငါလဲ အမြဲလိုလို သော့ခတ်ထားတာပါပဲ....

နည်းနည်း စိတ်ပြန်အေးရသည်။

မဖြစ်ဘူး၊ ငါ့ပစ္စည်းတွေကို လုံလုံခြုံခြုံ သိမ်းထား
ဖြစ်မယ်....





သားအမိနှစ်ယောက်၏ ရှေ့ရေးအတွက် ဤရတနာ
းကိုသာ အားကိုးအားထား ပြုရမည်။

"ညည်းပစ္စည်းတွေကော သေသေချာချာ သိမ်းထားရဲ့
ား"

"ဟုတ်ကဲ့....သိမ်းထားပါတယ် အန်တီ"

မိုးမိုးအေး ခပ်မြန်မြန် ဖြေလိုက်သည်။

"ညည်းဆီမှာ စိတ်ချရပါ့မလား၊ အန်တီ့ဆီ ပေးထား
လား၊ အန်တီ သိမ်းထားပေးမယ်"

"ရပါတယ် အန်တီ၊ မိုးမိုး ပိုပြီး လုံခြုံအောင် သိမ်း
ားပါ့မယ်"

"ငါ့ဆီ ဘာလို့အပ်မထားချင်တာလဲ"

ဒေါ်တင်တင်မော့် လေသံက ချက်ချင်း မာကျောသွား
ည်။

"အန်တီ့ကိုကျတော့ သူက အတင်း အနိုင်ကျင့်ပြီး
တောင်းမှာ စိုးလို့ပါ"

"ညည်းကိုတော့ အနိုင်ကျင့် မတောင်းရဲဘူး ထင်လို့
ား"

မိုးမိုးအေး ပြောရခက်သွားသည်။

"မိုးမိုး သူမတွေ့အောင် အသေအချာ သိမ်းပါ့မယ်"

"အတင်းမေးရင်ကော"

"အတင်းမေးရင် မိုးမိုးဆီမှာ မရှိဘူးလို့ ပြောပါ့မယ်"

"အေးလေ၊ ကြည့်ကြသေးတာပေါ့"

ဤကိစ္စကို ဒေါ်တင်တင်မော်က အရှင်ထားလိုက်သည်။

ရ...ဝတ်ရတနာများမှာ အန္တရာယ် ရှိနေပြီဟု မိုးမိုး
အေး သိလိုက်သည်။ အန္တရာယ်မှာ နေမင်းတစ်ရာ၏ ရန်သာ
မက ဒေါ်တင်တင်မော်၏ရန်ပါ နှစ်မျိုးရှိနေသည်ကိုလည်း
နားလည်ပါသည်။

"အဲဒါ ညည်းရော ငါရော အပြင်းအထန် စားရမယ်၊
သားလေး ရွှေ့ရေး နောင်ရေး တွေးဖို့ငဲ့ဖို့လဲ ပြောရမယ်"

"အန်တီပြောရင် ပြဿနာ မရှိပေမယ့် မိုးမိုးပြောရင်
သူက အကြီးအကျယ် ရန်လုပ်တယ်"

မိုးမိုးအေး ပြောရမှာ ကြောက်နေသည်။

ပြဿနာဖြစ်မည်ဆိုလျှင် ဘာမှ ရင်ဆိုင်ချင်စိတ် မရှိ
အောင်လည်း သတ္တိနည်းနေသည်။

"ရန်လုပ်လဲ ပြောရမှာပဲ၊ မတတ်နိုင်ဘူး၊ မပြောရင်
စီးပွားဥစ္စာအားလုံးလဲ တက်တက်ပြောင်မယ်၊ သူလဲသေ
မယ်၊ မိသားစုအားလုံး ဒုက္ခရောက်မယ်၊ အဲဒါကော ညည်း
ထည့်တွက်ရဲ့လား"

မိုးမိုးအေး သက်ပြင်းချ၍ပြန်သည်။

ဒေါ်တင်တင်မော်၏ အိမ်ကြီးကိုလည်း တကယ့်ဒုက္ခဘုံ
ကြီးအဖြစ် စက်ဆုပ် ရွံမုန်းမိသည်။



...ခန်း (၃၄)

မိုးမိုးအေး လက်ဝတ်ရတနာထုပ်ကလေးကိုင်ပြီး လုံခြုံ
...ာနေရာ ရှာမရ ဖြစ်နေသည်။

စစ်ဆေးကြည့်ရာတွင် ခုထိ ဘာမျှအပျောက်အရှမရှိသေး
စိတ်အေးရသော်လည်း မကြာခင် ရန်ရှာလာကြမည်ကို
...တ်ပူနေရသည်။

ယခင်က သူ့သေတ္တာလေးနှင့်ဘူ သော့ခတ်၍ ဗီရိုထဲ
...ည့်ထားခဲ့သည်။ ဗီရိုကို သော့ဘပ်ခတ်သည်။

ခုတော့ ဗီရိုသော့မှာ လုံခြုံသည်ဟု မထင်၊ သော့တုနှင့်
...င်လျှင် ရသည်။ ဖျက်ဖွင့်လျှင်လည်း ရသည်။

သေတ္တာနှင့်လည်း မထားရဲတော့ပါ။ သေတ္တာလိုက်
...သွားလျှင် အားလုံးပြောင်မည်။

လက်ဝတ်ရတနာများက သားအမိနှစ်ယောက် ဝတ်ခဲ့
...င်းဖြစ်၍ စိန်နှစ်ဆင်စာ၊ ပတ္တမြား နှစ်ဆင်စာ၊ နီလာ

နှစ်ဆင်စာ ရှိသည်။ ရွှေထည်သန့်သန့် လက်ဝတ်လက်စာ
ကလည်း အများကြီး ရှိသေးသည်။

လည်ပင်းမှ နှစ်ကျပ်သားဆွဲကြိုးကို ဖြုတ်လိုက်သည်
သုံးမတ်သား ကြိုးသေးလေးကို ပြောင်းဆွဲသည်။

ဝတ်ဆင်ထားသည်ကို အတင်းဆွဲဖြုတ်ယူလျှင် ကြီးကြီ
ကျန်၍ ငယ်သည်သာ ပါအောင် ကြံစည်ရသည်။

"အို.....ဒါလေးလည်း သိမ်းထားမှ"

လက်မှ ဝတ်ထားသည့် စိန်လက်စွပ်ကိုလည်း ချွတ်လိုက်
သည်။

"ဒါတွေအားလုံး ဘယ်လိုသိမ်းမလဲ၊ ဘယ်နေရာမှာ
သိမ်းမလဲ"

အကြံကောင်းဉာဏ်ကောင်းထွက်အောင် ခေါင်းပူသည်
အထိ မိုးမိုးအေး တွေးနေရပြီ။



ခန်း (၃၅)

အိမ်ရှေ့မှ ကားသံကြားရသည်။

"အို....ဒုက္ခ"

မိုးမိုးအေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟုတ်တယ်၊ ဒါသူ့ကားသံ"

ကားအသံကို မိုးမိုးအေး မှတ်မိသည်။

"မနေ့က ငွေတစ်သောင်းတောင်းသွားတာ ဒီနေ့ ဘာလို့
င်လာတာပါလိမ့်"

အချိန်ကလည်း ခါတိုင်း လာဖူးသည့် အချိန်မဟုတ်။
နေ့လယ် ထမင်းစားပြီးစအချိန်။

"ဖေဖေလာပြီ"

သားငယ်၏ ဆီးကြိုသံ ကြားရသည်။

မိုးမိုးအေး ပစ္စည်းများကို စိတ်ချရမည်ထင်သောနေရာ၌ ကပျာကယာ ဝှက်ထားလိုက်သည်။

ပြီးတော့ အိမ်ရှေ့ဘက်တံခါးဆီသို့ သွား၍ အောက်သို့ လှမ်းကြည့်သည်။

"ဖေဖေ မုန့်ပုံးပါလား"

သားငယ်ကို မြင်ရသည်။

သနားစရာ သားငယ်က သူ့အဖေကို မေးနေသည်။

"မပါ့ ပါဘူးကွာ"

ဆီးကြို နေရှာသော သားငယ်ကို ပွေ့ချီခြင်းမပြုဘဲ နေ မင်းတစ်ရာ ရှောင့်ကွင်း၍ အိမ်ထဲသို့ ဝင်သွားသည်။

သူ့အဖေနောက်မှ လိုက်သွားသော သားလေးကိုကြည့် ပြီး သနား၍ မိုးမိုးအေး မျက်ရည်ကျရသေးသည်။

အခန်းထဲလည်း ပြန်မဝင်ချင်၊ အိမ်အောက်သို့လည်း မဆင်းချင်။ ဆင်းလျှင် ပြဿနာတစ်စုံတစ်ခုဖြစ်မှာ စိုးသည်။

အပေါ်ထပ် ဧည့်ခန်း ဆိုဖာမှာပင် အိပ်ပျော်ချင်ယောင် ဆောင်နေလိုက်သည်။

သူ အပေါ်များဘက်လာပြီး အခန်းထဲဝင်ရင်....

ဖြစ်သလိုဆို ဝှက်ထားရသော ပစ္စည်းများအတွက် စိတ် မချနိုင် ဖြစ်နေသည်။

ကိုယ့်ရင်ခုန်သံများကို ကိုယ်ပြန်ကြားနေရသည်။

ကြာရင်တော့ ငါ နှလုံးရောဂါရမယ်။

အောက်ထပ်မှ ဘာသံမျှမကြားရ။ သားအမိနှစ်ယောက် စကားပြောနေကြဟန် တူသည်။





တစ်ချက်တစ်ချက်မှာ သားငယ်၏အသံကို ကြားရသည်။ သားအမိနှစ်ယောက် ဘာတွေပြောနေကြပါလိမ့်၊ ငါ့ ကြောင်းတွေများ ပြောသလား....

ဒေါ်တင်တင်မော်ကိုလည်း ယုံကြည်စိတ်လုံးဝမရှိ။ မိုးမိုးအေး နားစွင့်ထားသော်လည်း ဘာသံမျှ သဲကွဲစွာ ကြားရ။ စကားပြောနေကြသည်ဟုတော့ ထင်ရသည်။

အို....ပြောချင်တာပြောကြ၊ ဖြစ်သမျှအကြောင်းပဲ.... စိတ်ကို လျှော့ချလိုက်သည်။

လှေကားပေါ်တက်လာသော ခြေသံကြားရသည်။ဖြည်း ဖြည်းသာသာ တက်လာနေသောအသံ ဖြစ်သည်။

"ဘုရား....ဘုရား....သူလာနေပြီ"

မိုးမိုးအေး ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ကြားနေရသည်။

ခြေသံက အိမ်ပေါ်ရောက်လာပြီ။

မျက်စိကို ဖွင့်ကြည့်ချင်သော်လည်း မကြည့်ရဲ။ ရိပ်မိ လျှင် သူပြန်လာမှ အိပ်ချင်ယောင်ဆောင်သည်ဟု သနာဘက်မှာစိုးသည်။

အို....ငါ့ဆီကို လာနေတာလား....

ခြေသံက အခန်းဆီသို့မသွား၊ ဧည့်ခန်းဆီသို့ လာနေ ပြီ။

ဆက်ပြီး အိပ်ချင်ယောင် ဆောင်နေရသည်။

"မိုးမိုး"

"အမယ်လေး....လန့်လိုက်တာ သားရယ်"

လာပြီး ခေါ်လိုက်သူမှာ သားငယ်ဖြစ်နေသည်။

...ားလေးကို ဆွဲပွေ့ယူ၍ ပါးပြင်နူနူကို အားပါးတ...
...မွှေးလိုက်သည်။ မောနေသောရင်မှာ အေးမြသွားရသည်...

"သားရယ်"

သားကို ကျေးဇူးတင်မိသည်၊

"အောက်မှာ ဖေဖေရောက်နေတယ်"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"မုန့်ပုံးလဲမပါဘူး"

သားက မျက်နှာမှုန်မှုန်ကြီး လုပ်ထားသည်။

"မေမေဝယ်ပေးမှာပေါ့ သားရယ်"

"ဖေဖေ့ကို မချစ်ဘူး၊ မိုးမိုးကိုပဲ ချစ်တယ်"

"မေမေကလဲ ဒီတစ်လောကလုံးမှာ သားကိုပဲချစ်တ...
သားကိုပဲ အားကိုးတယ်"

ကလေး နားလည်သည်မလည်သည်မသိ၊ မိုးမိုးအေ...
ကိုယ့်ရင်ထဲမှာရှိသည့်အတိုင်း ပြောလိုက်မိခြင်းဖြစ်သည်။

ပြီးတော့ သားလေး၏ပါးကို အားပါးတရ ထပ်မွှေး...
မိပြန်သည်။

ထိုအချိန်မှာပင် အောက်မှ မော်တော်ကားစက်နှိုး...
ကြားရသည်။

ဪ....သူပြန်သွားပြီ"

စိတ်ထဲမှာ ဝမ်းသာလိုက်မိသည်။



...ခန်း (၃၆)

"ဟယ်....မိုးမိုး"

ဈေးထဲမှာ ငါးဝယ်နေစဉ် ဘေးမှ ခေါ်သံကြား၍ လှည့်
...ကြည့်လိုက်တော့ တင်နွယ်လတ်ကို တွေ့ရသည်။

"ဟယ်....မိနွယ်"

မိုးမိုးအေး သိပ်ကိုဝမ်းသာသွားသည်။

တက္ကသိုလ်မှာ နှစ်များစွာ အချစ်ခင်ဆုံးတွဲခဲ့သော သူငယ်
...င်းဖြစ်သည်။

အိမ်ထောင်သည်ဘဝမှာ ကိုယ့်ဒုက္ခနှင့်ကိုယ် နစ်မြုပ်နေ
သူငယ်ချင်းများကိုပင် မေ့လျော့နေခဲ့ရသည်။

"နင်ကလဲဟာ အိမ်ထောင်ကျပြီးကတည်းက ပျောက်
...ားလိုက်တာ ခုမှပဲ တွေ့ရတော့တယ်....

"ငါတို့လဲ ခု အရင် အိမ် မ ဟုတ် တော့ ဘူး ဟ၊ ဗိုလ် တထောင်မှာ ပြောင်းနေတယ်"

လက်ထပ်ပွဲတုန်းက တင်နွယ်လတ်လာသည်ကို သတိတ ဖြစ်မိသည်။

"နင် အိမ်တွင်းပုန်းလုပ်နေတာလား"

"ဒီဈေးကိုတော့ တစ်ခါတလေ ရောက်ပါတယ်ဟာ"

"နင့်ကြည့်ရတာ ကျောင်းတုန်းကပုံနဲ့ တခြားစီပဲဟာ"

မိုးမိုးအေး၏ နွမ်းနွမ်းနယ်နယ်ရှိပုံကို တင်နွယ်လတ် သတိ ထားမိသွားသည်။

ချိန်ပြီးသားငါးကို မိုးမိုးအေး ခြင်းထဲထည့်ပြီး ငါးဖို ငွေ ပေးချေလိုက်သည်။

"နင် အခု ဘယ်ကနေ ဒီဈေးကို ရောက်လာတာလဲ"

တင်နွယ်လတ်ကို မိုးမိုးအေး မေးလိုက်သည်။

"ဟိုမှာလေ ငါ့အစ်မက အိမ်ထောင်ကျပြီးကတည်းက ဒီအင်းစိန် ဗိုလ်ကုန်းမှာနေတယ်၊ သူခေါ်လို့ ခဏလိုက်လ တာ"

ခပ်လှမ်းလှမ်းမှာ ဈေးဝယ်နေသော သူ့အစ်မကို တ နွယ်လတ်က ညွှန်ပြသည်။

"ဟယ်....အဲဒါဆို ငါလဲ နံ့သာကုန်းမှာနေတာပဲ၊ ဗိုလ် ကုန်းနဲ့ ဘာဝေးလို့လဲ"

"ဟုတ်ပါတယ်၊ နင့်ယောက္ခမ ဒေါ်တင်တင်မော်ကို ငါ့အစ်မရဲ့အိမ်က လူတွေက သိပါတယ်"





"ငါ နင်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ် ာ"

မိုးမိုးအေး၏ မျက်လုံးများမှ ရစ်ဝဲလာသော မျက်ရည် ားက လျှင်မြန်စွာ ပါးပြင်နှစ်ဖက်ပေါ်သို့ တလိမ့်လိမ့်စီး ျလာကြသည်။

"ဪ....မိုးမိုးရယ်"

သူငယ်ချင်းကိုကြည့်၍ တင်နွယ်လတ်ပါ မျက်ရည်လည် ာသည်။

"ငါ နားထောင်ချင်တယ် သူငယ်ချင်း၊ လာ....ငါ့အစ်မ ပြောလိုက်ဦးမယ်"

တင်နွယ်လတ်က သူ့အစ်မကို သွားပြောပြီး သူငယ်ချင်း ယောက် လူရှင်းသော အအေးဆိုင်တစ်ဆိုင်မှာ သွားထိုင် သည်။

တင်နွယ်လတ်က ပက်ပ်စီ တစ်ပုလင်းစီ မှာလိုက်သည်။

"ကဲ....ပြော သူငယ်ချင်း"

မိုးမိုးအေးက လက်ထပ်ပြီးချိန်မှစ၍ ကြုံတွေ့ရသော အိမ် ောင်သည်ဘဝ၏ ဒုက္ခမျိုးစုံကို တင်နွယ်လတ်သိအောင် ုန်လုံး ပြောပြလိုက်သည်။

တင်နွယ်လတ် စုတ်တသပ်သပ်နားထောင်ရင်း မခံချင် တ်ဖြစ်မိသည်။ သူငယ်ချင်းကို သနား၍ မျက်ရည် အကြိမ် ိမ်ကျရသည်။

သူငယ်ချင်း မိုးမိုးအေးကိုလည်း 'ဒီလောက်အထိ ခံနိုင် န်းရန်ကော' ဟု အားမရဖြစ်မိသည်။

"နေစမ်းပါဦး မိုးမိုးရယ်၊ နင်ကျောင်းတုန်းက ဒီလ[...] မဟုတ်ပါဘူး၊ ခုမှ ဘယ်လိုဖြစ်ပြီး ဒီလောက်ညှိုးသွားရတ[...] လဲ"

မိုးမိုးအေး ရှင်းမပြတတ်ပါ။

"နင်မှတ်မိသေးလား မိုးမိုး၊ တစ်နေ့မှာ နင်ရယ်....င[...] ရယ် နှစ်ယောက် သီရိဆောင်ရှေ့ကနေ ဂျပ်ဆင်ဘက်[...] လျှောက်သွားတုန်း နောက်ကပါလာတဲ့ လူနှစ်ယောက်[...] တယ်ဘက်က အဝါလေးက ပိုချောတယ်၊ အသားလေးက[...] ဖြူဝင်းနေတာပဲ၊ အချိုးအစားကလဲ သိပ်မှန်တယ်၊ ငါတေ[...] အရမ်းသဘောကျတယ်၊ လမ်းလျှောက်ပုံလေးကလဲ ယ[...] လိုက်တာ၊ ခိုက်တယ်ကွာ....တကယ်ပဲ၊ ငါဦးထားလိုက်[...] နော်၊ မင်း စိတ်တောင်မကူးနဲ့ဆိုပြီး နင့်ကို ချီးကျူးတယ်[...]

"အဲဒီတုန်းမှာ နောက်တစ်ယောက်က ရတယ်ကွာ[...] ဒါဆိုရင် ညာဘက်က အပြာလေးက ငါ့ဟာပဲ၊ အပြာလေ[...] က အရပ်ပိုမြင့်တယ်၊ အချိုးအစားကလဲ အမှန်စားတင်မ[...] ဘူး၊ အပိုစားဆိုပြီး ငါ့ကိုပြောတယ်၊ ငါရှက်လိုက်တာ[...] လမ်းလဲ ဆက်မလျှောက်တတ်တော့ဘူး၊ ဘာလုပ်ရမှန်း[...] မသိဘူး၊ ငါ့ကိုတောင်ပစ်လိုက်ချင်တယ်....

"အဲဒီတုန်းမှာ နင်က ရုတ်တရက်ရပ်ပြီး နောက်ဘ[...] လှည့်ရင်ဆိုင်လိုက်တယ်....

"ရှင်တို့ ယောကျ်ားမဟုတ်ဘူးလား၊ မျက်နှာတွေက[...] ပြောင်လိုက်တာ၊ ရှင်တို့မှာ နှမ မရှိဘူးလား၊ နှမ မရှိရ[...] လဲ မအေတော့ ရှိမှာပေါ့၊ အမျိုးသမီးတွေကို ဂုဏ်ဖြေဖျ[...]





အောင် လိုက်နှောင့်ယှက်ရဲတာ သတ္တိလား၊ ရှင်တို့ မရှက်ဘူးလား၊ အို....ဒါငါမှတ်မိသလောက်ပြောတာ၊ နင် သိပ်ပြောတတ်တာပဲ....

"ဟိုယောကျ်ားနှစ်ယောက် ဘာမှပြန်မပြောတတ်ဘူး၊ နင့်ကိုကြောက်ပြီး တစ်ချိုးတည်းလစ်ကြရော....

"အဲဒီတုန်းက နင့်သတ္တိကို ငါ သဘောကျလိုက်တာ၊ အခု နင့်မှာ အဲဒီသတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ"

တင်နွယ်လတ် မကျေမနပ်ဖြစ်နေသည်။

"အေးဟာ....နင်ပြောလဲ ပြောစရာပဲ၊ မေမေ စိတ်ချမ်းသာအောင် မေမေ့စကား နားထောင်ရင်း သူတို့သားအမိလက်အောက် ငါရောက်သွားရတာပဲ၊ သူတို့သားအမိကို ငါတို့က ငယ်ကြောက်လို ဖြစ်ခဲ့ရတာလဲပါတယ်ထင်ပါရဲ့ဟာ"

မိုးမိုးအေး ပြောပုံက အားပျော့လှသည်။

တင်နွယ်လတ် သဘောမကျ။

"ဒီမယ် သူငယ်ချင်း၊ လောကကြီးမှာ ကြောက်တဲ့လူဆိုရင် ခြောက်ချင်ကြတာပဲ၊ အရှုံးပေးတဲ့လူဆိုရင် အနိုင်ယူချင်တဲ့လူတွေ အများကြီး၊ တစ်သက်လုံး အရှုံးပေးလို့ဆုံးမှာ မဟုတ်ဘူး၊ သူငယ်ချင်း သူတို့ကို အများကြီး အရှုံးပေးခဲ့ပြီးပြီ....

"အခုအခြေအနေက စဉ်းစားရမယ့်အချိန်ရောက်ပြီလို့ ငါထင်တယ်၊ သူငယ်ချင်းအတွက်တင်မဟုတ်ဘူးနော်၊ သူငယ်ချင်းရဲ့ သားလေးအတွက်ပါ စဉ်းစားရမှာ"

တစ်ချိန်က သူ့ကို အထင်ကြီးခဲ့သော တင်နွယ်လတ်ကို ခုတော့ မိုးမိုးအေးက အထင်ကြီးစွာ ပြန်ကြည့်နေရသည်။

"မိုးမိုးအဘွားကြီးက သုံးဝ စိတ်ရင်းကောင်း မရှိဘူး၊ မိုးမိုးပြောတာတွေ နားထောင်ရတာနဲ့တင် ငါသိတယ်၊ သူ ငယ်ချင်းလူကလဲ သိပ်တစ်ကိုယ်ကောင်းဆန်တဲ့လူ၊ နစ်နာ လိုက်တာ မိုးမိုးရာ၊ ဒီရုပ်ရည်၊ ဒီပညာ၊ ဒီစည်းစိမ်ဥစ္စာတွေနဲ့ များ ဒီလိုလူမျိုးနဲ့ညားပြီး သားအမိနှစ်ယောက် အနိုင်ကျင့် တာကို ခံနေရတယ်....

"ဒီသားအမိနဲ့ဆက်နေရင် သူငယ်ချင်းဘဝမှာ ကောင်း စရာ....တိုးတက်စရာ ဘာမှမရှိဘူး"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"အခုဆိုရင် ပိုဆိုးတဲ့အချိန် ရောက်လာပြီနော်၊ ဒီလူ တိန်းဖြုန်းစွဲနေပြီ၊ ဘယ်သူ့မှလဲ ကြောက်ရမယ့်လူ မရှိဘူး၊ သူငယ်ချင်းလက်ဝတ်လက်စားတွေ အားလုံး ကုန်မှာပဲ....

"ကုန်သွားပြီးတဲ့နောက်လဲ အေးသွားမှာ မဟုတ်ဘူး၊ ပေးစရာမရှိတော့ရင် သူငယ်ချင်းကို နှိပ်စက်မယ်၊ အဲဒီကျမှ သူငယ်ချင်း ပိုဒုက္ခရောက်မယ်၊ မယုံမရှိနဲ့၊ ငါတို့ရဲ့ တစ်အိမ် ကျော်မှာ သား ဖိုးသမားနှိပ်စက်လို့ အဘိုးကြီးနဲ့ အဘွား ကြီး ရှိသမျှ တက်တက်ပြောင်ပြီး အသက်ကြီးမှ နှိပ်စက်ခံရ လို့ နေ့တိုင်း စိတ်ဆင်းရဲနေကြရတယ်"

"ဒါဖြင့် ငါ ဘယ်လိုလုပ်ရမလဲ နွယ်ရယ်၊ ငါ့ကို အကြံ ပေးပါဦး၊ ခုထိ နင်ပြောတာတွေအားလုံး မှန်တယ်ဟာ"

တင်နွယ်လတ်ကို မိုးမိုးအေး အားကိုးအားထားပြုမိ၏။





"နင် ဒီလူကို သံယောဇဉ်ရှိနေလား"

"လုံးဝမရှိဘူး"

"ဒါဆိုရင် ဒီလူကို ဆက်မပေါင်းသင့်ဘူး"

"ဟုတ်တယ်"

မိုးမိုးအေး သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

"ဒါပေမယ့်ဟာ နင်က နင့်စီးပွားတွေကို အားလုံးပေါင်း လိုက်တော့ နင်ရသင့်တာကို ပြန်ခွဲဖို့ ခက်သွားတာပေါ့"

တင်နွယ်လတ် စဉ်းစားနေသည်။

"ဘာမှ မခင်ဘူးသူငယ်ချင်း၊ ငါ အဲဒါတွေ ဘာမှမမက် ၊ သူတို့လက်က လွတ်ရင် ပြီးရော၊ ငါ့မှာ ခုရှိတဲ့ လက်ဝတ် က်စားတွေသာ မဆုံးရှုံးရင် ငါ့သားလေးနဲ့ ငါ့ဘဝကို ပန်တီးသ်ရတယ်၊ ပြော်....နေဦး၊ ငါ့နာမည်နဲ့ အိမ်တစ် ရှိသေးတယ်"

"ဘယ်မှာလဲ"

"ဗဟန်းက ဖိုးစိန်လမ်းမှာ"

"အဲဒါ ခုထိ နင့်နာမည်နဲ့လား"

"ဟုတ်တယ်၊ အဲဒီအိမ်ကိုလဲ သူတို့ အကြိမ်ကြိမ်ရောင်း တ်နေကြတာ၊ ခုထိ ရောင်းမရသေးလို့ ကျန်နေတာ"

"အဲဒါဆို နင် ဘာမှ ရှုပ်ရှုပ်ဝေးဝေး စဉ်းစားမနေနဲ့၊ သူ့ကို အမြန်ဆုံးကွာလိုက်"

"ငါက ကွာချင်ပေမယ့် သူတို့ကကွာပေးမှာမဟုတ်ဘူး"

"ဒါက နင် သတ္တိရှိဖို့ပဲလိုတယ်"

"ရှိတယ်မိန္မယ်၊ နင်နဲ့ ဒီနေ့တွေ့ရတာ ငါ့အတွက် 
တန်ဖိုးရှိတာပဲ၊ ဟုတ်တယ်၊ ငါ့မှာ ပျောက်နေတဲ့သတ္တိ
ပြန်ပေါ်လာသလိုပဲဟာ၊ နင်ပြောတာ မှန်တယ်ဟာ၊ 
မရှိလို့ ဆက်ခံနေရင် ဒီဖိုးသမားဖြုန်းလို့ ငါ့ပစ္စည်းအား
ကုန်မှာပဲ"

"ဒါတင်ဘယ်ကမလဲဟာ၊ နင့်လူက အိမ်မှာလဲ ပြန်မ
ဘူး၊ အပေါင်းအသင်းတွေကလဲ စည်းကမ်းရှိတဲ့လူတွေ ဟု
ပုံမရဘူး၊ အရက်သောက် ဘိန်းဖြူစွဲဆိုတော့ တခြားမိန်
တွေနဲ့ မရှုပ်ဘူးဆိုတာလဲ ပြောလို့မရဘူး"

မိုးမိုးအေး ခေါင်းညိတ်မိပြန်သည်။

"နင့်လူ အခု ဆေးထိုးအပ် သုံးနေပြီလား"

မိုးမိုးအေး ခေါင်းယမ်းပြသည်။

"ငါဘာမှမသိဘူး"

"သူ အိမ်ပြန်အိပ်ရင် သူ့လက်ကောက်ဝတ်တို့ သူ့လ
မောင်း လက်ဖျံတို့ နင် တစ်ခါမှ မကြည့်မိဘူးလား"

မိုးမိုးအေး ခေါင်းယမ်းပြပြန်သည်။

"ငါမှမသိဘဲ"

"အေး....နင့်လူက ဆေးစွဲနေပြီဆိုတော့ ကြာရ
စီးကရက်ထဲထည့်သောက်တာနဲ့ အားမရတော့ဘူး၊ ဘိန်းဖြ
ကို အရည်ဖျော်ပြီး သွေးကြောထဲ ထိုးသွင်းမယ်၊ ငါတို့
တစ်အိမ်ကျော်က ကောင်လေးဆိုရင် အဲဒီအခြေအနေရောက်
နေပြီ၊ ခုတော့ သူ့မိဘတွေက သူ့ဒဏ်မခံနိုင်လို့ ရဲတို
လိုက်တာ ပါသွားပြီ"





ဒါတင်တင်မော်ကတော့ သူ့သားကို ဘယ်တော့မှ
လုပ်မှာမဟုတ်ဘူး"

အဲဒါ ပိုဆိုးတာပေါ့ဟာ၊ ဘိန်းဖြူထိုးတာများလာရင်
ခင် နင့်လူမှာ အိပ်ချ်အိုင်ဗွီ ဝင်မယ်၊ အဲဒါတော့ နင်
ယ်နော်"

မိုးအေး ခေါင်းညိတ်သည်။

အဲဒါဆိုရင် နင့်ပါကူးမယ်"

ငါနားလည်ပြီ မိန္မယ်"

အဲဒါ နင် ပြတ်သားတော့"

အေး....ငါပြတ်သားတယ်"

မိုးအေး မျက်နှာတင်းသွားသည်။

ျောက်ဆုံးသွားခဲ့သော သတ္တိများ ပြန်ပေါ်လာသည်။
သော် အတွေးတစ်ခုကြောင့် သတ္တိများ ပြေးထွက်
လို ဖြစ်ရပြန်သည်။

သားလေး....ငါ့သားလေးကိစ္စ"

တွေးကို မိုးမိုးအေး နှုတ်မှ ထုတ်ပြောမိသည်။

အေး....နင့်သားလေးကိုလဲ သူတို့နဲ့ မထားခဲ့နဲ့၊ တစ်ခါ
ခေါ်ခဲ့"

သူတို့က မပေးဘူးဆိုရင်"

ရတဲ့နည်းနဲ့တောင်း"

အေး....ကောင်းတယ်"

တ်သားစိတ်နှင့်တကွ သတ္တိများ ရလာပြန်သည်။

"ညြော်....ဧမ့်နေလိုက်တာ၊ နင် အခုနေတဲ့ နေရာ
စာ ငါ့ပေး၊ ဖုန်းနံပါတ်ရောရှိလား"

"ရှိတယ်"

တင်နွယ်လတ်က လိပ်စာနှင့် ဖုန်းနံပါတ်ပေးသည်။

"အရေးဆိုရင် နင့်ကိုပဲ တိုင်ပင်ရမှာ"

"အေး....နင်တို့သားအမိ လွတ်မြောက်တဲ့ဘဝရောက်
ငါ သိပ်ဝမ်းသာမှာပဲဟာ၊ နင်ပြောတဲ့အတိုင်းဆိုရင်
ဘဝက သိပ်ဆိုးတာပဲ"

"အေး....တကယ်က ငါပြောတာထက် ပိုဆိုးတယ်ဟ"

"အဲဒါသိရင် နင် ဖြစ်တဲ့နည်းနဲ့ထွက်"

"ထွက်မှာပါ၊ စိတ်ချ"

မိုးထစ်ချုန်းသံတစ်ခုကို ကြားရသည်။

မကြာခင် မိုးရွာတော့မည်ထင်သည်။

မိုးမိုးအေး အပြင်ကိုလှမ်းကြည့်လိုက်တော့ ညို့မှ
သော မိုးသားတိမ်တောင်များက ကောင်းကင်တစ်ခုလုံ
ပိတ်ဖုံးနေသည်။ နောက်ထပ်လည်း ညိုမည်းသော
တောင်လိပ်များက တရိပ်ရိပ်တက်လာနေကြဆဲ....

ဘယ်လိုပဲဖြစ်ဖြစ် ပေါက်အောင် ဖောက်ထွက်ရမ

တိမ်မည်းညိုများကိုကြည့်ပြီး မိုးမိုးအေး တွေးနေမိသ

ရှေ့မှာရှိသည့် ပုလင်းထဲမှ ပင်(ပ)စီတစ်ကျိုက်ကို
နှင့် စုပ်ယူလိုက်သည်။

ရှုတခြင်းနှင့်အတူ ရင်ထဲမှာ အေးသွားသည်။



အခန်း (၃၄)

မိုးမိုးအေး အိပ်ရာထဲရောက်၍ အိပ်ပျော်ခါနီးမှ အိမ်ရှေ့
မှကားရပ်သံကြားရသည်။

နေမင်းတစ်ရာ၏ ကားသံ ဖြစ်သည်။

မိုးမိုးအေး ထပြီး မီးဖွင့်မည်ပြုပြီးမှ မထဘဲ ငြိမ်ငြိမ်လေး
ပြန်အိပ်နေလိုက်သည်။

"မေမေ....မေမေ"

"ဟော....လာပြီ ငါ့သား"

အောက်ထပ်မှ ခေါ်သံ ထူးသံ၊ တံခါးဖွင့်သံများ ကြား
ရသည်။

အပေါ်တက်လာမည်လားဟု မိုးမိုးအေး နားစွင့်နေ
သည်။

အောက်ထပ်မှ စကားပြောသံသဲ့သဲ့ ကြားနေရသည်။

သားအမိနှစ်ယောက် စကားပြောနေကြခြင်း ဖြစ်သည်။ အသေအချာ နားထောင်ကြည့်သော်လည်း သဲသဲကွဲကွဲ မကြားရ။

ဘော်တော်နှင့် အိမ်ပေါ်တက်မလာ။

ဘာတွေပြောနေကြတာလဲ၊ ဘာတွေကြံစည်နေကြတာ လဲ....

သို့သော် မိုးမိုးအေးရင်ထဲမှာ ကြောက်စိတ်မရှိ။ ဘာကို မဆို ရင်ဆိုင်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။

ဟော.... လှေကားပေါ် တက်လာတဲ့အသံ။

တော်တော်ကြာပြီးမှ အိမ်ပေါ်တက်လာသံကြားရသည်။

အခန်းတံခါးက ပိတ်မထား၍ ခြေသံက အခန်းထဲဝင် လာသည်။

"ချောက်"

မီးဖွင့်သံနှင့်အတူ တစ်ခန်းလုံး လင်းသွားသည်။

မိုးမိုးအေး အိပ်ပျော်နေသည့်ဟန် ဆောင်နေလိုက်သည်။

ခြေသံက မိုးမိုးအေး၏ နံရံကပ်ဗီရိုရှိရာဘက်သို့ ညင်သာ စွာ ရွေ့လျားသွားသည်။

ဗီရိုမှာ မိုးမိုးအေး မျက်နှာမူရာဘက်မှာ ရှိနေ၍ မျက်စိ ကို မှေးမှေးလေးဖွင့်ပြီး လှမ်းကြည့်လိုက်သည်။

နေမင်းတစ်ရာ ဗီရိုတံခါး ဆွဲဖွင့်နေတာ တွေ့ရသည်။

တံခါးက မပွင့်၊ သော့ခတ်ထားသည်။

အနီးဝန်းကျင်မှ စားပွဲပေါ်မှာ နေမင်းတစ်ရာ သော့ လိုက်ရှာသည်၊ မရှိ။





မိုးမိုးအေးအိပ်နေသောနေရာဆီသို့ နေမင်းတစ်ရာ ဖြည်း ဦးချင်း လျှောက်လာနေသည်။

"ဘုရား.... ဘုရား.... သူ ငါ့ကိုများ လည်ပင်းညှစ်သတ်မှာ း"

မိုးမိုးအေး သတိထားလိုက်သည်။ လည်ပင်းကိုလာညှစ် အတင်းရုန်းကန် အော်ဟစ်ရန် ပြင်ဆင်ထားလိုက် ည်။

နှလုံးခုန်သံ တဒိန်းဒိန်းမြည်လာသည်။

တဖြည်းဖြည်း သူ့အိပ်နေရာဆီသို့ ချဉ်းကပ်လာသည်။

တစ်ခုခုလုပ်တော့မှာတော့ သေချာသွားပြီ။

မိုးမိုးအေး ရုတ်တရက်ထပြီး ခုခံရန် စဉ်းစားပြီးမှ သူ လုပ်မည်ဆိုသည်ကို သိချင်၍ အသာငြိမ်နေလိုက်သည်။

နေမင်းတစ်ရာ၏ပုံမှာ သိပ်ကိုပိန်၍ မျက်နှာကလည်းကျ ပါးရိုးများ ပေါ်နေသည်။

ဆေးသမား၏ပုံမှန်း သိသာလွန်းနေသည်။

"အရေးအကြောင်းဆိုရင် ငါ သူ့ကို ဆောင့်တွန်းပစ် တယ်၊ သူ ဘာမှ အားရှိပုံမရဘူး"

မိုးမိုးအေး ကိုယ့်ဘာသာ အားပေးနေလိုက်သည်။

အို.... ဘုရား.... ဘုရား....

လက်တစ်ဖက်က မိုးမိုးအေးမျက်နှာဆီသို့ လာနေပြီ။

လည်ပင်းကို ညှစ်တော့မှာလား....

မိုးမိုးအေး ရင်ထဲမှာ ပူလောင်ခြောက်ကပ်နေသည်။

သော် လက်က လည်ပင်းကိုလာမထိ၊ မျက်နှာက
လည်း ၊ ခေါင်းအုံးဆီသို့ ရောက်သွားသည်။ခေါင်းအုံး
အောက်မှာ နှိုက်စမ်းနေသည်။

ဗီရိုသော့ ရှာနေခြင်းဖြစ်ကြောင်း မိုးမိုးအေး နားလည်
လိုက်ပါသည်။

"မိန္ဒယ်ပြောတာ မှန်နေပြီ"

မိုးမိုးအေး မျက်စိကို မှေးမှေးထားပြီး သတိနှင့် ကြည့်
နေသည်။

နေမင်းတစ်ရာ၏ လက်မောင်း တံတောင်ဆစ်ကွေးနေရာ
မှာ အပ်စိုက်ထားသော အပေါက်နေရာများကို တွေ့ရ၏။

သူ ဆေးထိုးရတဲ့ဘဝကို ရောက်နေပြီကိုး....

သူနဲ့ လုံးဝ ပတ်သက်ဆက်ဆံလို့ မဖြစ်တော့ဘူး။

နေမင်းတစ်ရာ၏ လက်က ခေါင်းအုံး အောက်ဘက်သို့
ပိုတိုးလိုက်၍ မိုးမိုးအေး၏ခေါင်း လှုပ်သွားရသည်။

"ဟင်....ဘယ်သူလဲ"

မိုးမိုးအေး အိပ်ရာမှ လန့်နိုးချင်ယောင်ဆောင်လိုက်သည်။

နေမင်းတစ်ရာ၏လက် ခေါင်းအုံးအောက်မှ လျင်မြန်စွာ
ထွက်သွားသည်။

"မိုးမိုး....ကျွန်တော်ပါ၊ အိပ်ပျော်နေပြီလား"

နေမင်းတစ်ရာအသံက အက်ကွဲကွဲ ခြောက်ကပ်ကပ်။

မိုးမိုးအေး ခုတင်ပေါ်မှာ ထထိုင်လိုက်သည်။





နေမင်းတစ်ရာက ဟန်မပျက်အောင် မိုးမိုးအေးဘေးမှာ
ကပ်ထိုင်ပြီး မိုးမိုးအေး တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်လိုက်
သည်။

"မိုးမိုးကို သတိရလို့ ပြန်လာတာ၊ မိုးမိုး အိပ်ပျော်နေလို့
အသာလေး နှိုးလိုက်တာ"

မိုးမိုး ပြုံးချင်သော်လည်း မပြုံးဘဲနေလိုက်သည်။

သူက မိုးမိုးကို နမ်းရန် ကြိုးစားသည်။

သူ ဟန်ဆောင်ပန်ဆောင် လုပ်နေသည်ကို ကိုယ်ကပါ
ဟန်ဆောင်ပန်ဆောင်လုပ်ပြီး မလိုက်လျော့မိရန် မိုးမိုးအေး
ဆုံးဖြတ်လိုက်သည်။

"သူ့မှာ အိပ်ချ်အိုင်ဗွီပိုး ရှိနေရင်"

မိုးမိုးအေး ကြောက်စိတ်ကြောင့် အလိုအလျောက် ရှန်း
ဖယ်မိပြီးသား ဖြစ်သွားသည်။

"ဒီနေ့တော့ မိုးမိုးကို ခွင့်လွှတ်ပါ၊ မိုးမိုး ဟိုလေ....
မသန့်မရှင်းဖြစ်နေတဲ့ ရက်မို့ပါ၊ ခါးထဲက တအား ကိုက်နေ
တယ်၊ ခေါင်းလဲ သိပ်ကိုက်နေလို့ အိပ်ပျော်သွားတာပါ၊
ကိုနေက တကယ့်ရက်မှ ပြန်လာတာကိုး"

"ဩော်....ရပါတယ်"

နေမင်းတစ်ရာ နောက်သို့ခွာသွားသည်။

"ဒါဆိုရင် ကျွန်တော် ကုမ္ပဏီမှာပဲ ပြန်အိပ်တော့မယ်"

မိုးမိုးအေး ဘာမျှမပြောဘဲ နေလိုက်သည်။

သူ ပြန်သွားလျှင် ခုတစ်ခေါက်မှာ ပြဿနာကို ရင်ဆိုင်
ဖြေရှင်း၍ မရနိုင်သေးပါ။

ခင်က ပြဿနာနှင့် ထိပ်တိုက်ရင်ဆိုင်ရမှာ ကြောက်ခဲ့သည်။

ခုတော့ ပြဿနာကို စောင့်နေရပြီ။

ထိပ်တိုက် ရင်ဆိုင်တိုးသည်နှင့် တစ်ခါတည်း အပြတ်ရှင်းရမည်။

ရှင်း၍ရမည့်နည်းမျိုးစုံကိုလည်း အဘက်ဘက်က စဉ်းစားကြံဆထားသည်။

ယခင်က အရာရာကို ကြောက်စိတ်နှင့် တွေးခဲ့၍ ကြောက်စရာများချည်းထင်နေခဲ့သည်။ အနိုင်ကျင့်ခံရမှာကိုကြောက်၍ အနိုင်ကျင့်ခံနေခဲ့ရသည်။ အရှုံးစိတ်နှင့် တွေး၍ အရှုံးပေးခဲ့ရသည်။

ယခု လွတ်မြောက်လိုစိတ်နှင့် တွေးသောအခါ လွတ်မြောက်စေမည့် နည်းများစွာကို ကြံဆ၍ရသည်။

နေမင်းတစ်ရာ ခုတင်ပေါ်တွင် ထိုင်နေရာမှ ထလိုက်သည်။

မိုးမိုးအေး၏ ဗီရိုဆီသို့ မသိမသာ အကြည့်တစ်ချက်ဝ လိုက်ပြီး စိတ်ပြောင်းသွားဟန်တူပါ၏။

"ညဉ့်နက်နေပါပြီဗျာ....မပြန်တော့ပါဘူး၊ ဒီမှာပဲ အိပ်တော့မယ်၊ မိုးမိုး ဒီအစွန်ဘက်တိုးအိပ်"

မိုးမိုးအေး၏ခေါင်းအုံးကို မ,ပြီး ဘယ်ဘက်အစွန်သို့ ရွှေ့ပေးသည်။

ခေါင်းအုံးအောက်မှာ သော့ရှိမရှိကြည့်ခြင်းဖြစ်ကြောင်း မိုးမိုးအေး သိလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်"





မိုးမိုးအေး ပြုံးပြီး ပြောလိုက်သည်။

နေမင်းတစ်ရာ ခုတင်ပေါ်သို့ တက်သည်။ မလှဲသေး။ အကြံဉာဏ် ထုတ်နေဟန်တူသည်ဟု မိုးမိုးအေး အကဲခတ်မိသည်။

"ဪ....မိုးမိုး ဒီနင်းပုလင်း ဗီရိုထဲမှာလား၊ ကျွန်တော် ရေမချိုးခဲ့ရလို့၊ ချိုင်းကနံနေမှာ စိုးလို့"

"ဟိုမှာ မှန်တင်ခုံအံဆွဲထဲမှာ ရှိတယ်"

နေမင်းတစ်ရာ ခုတင်ပေါ်မှဆင်းသွားပြီး ချိုင်းကို ဒီနင်းလိမ်းသည်။

မိုးမိုးအေး ပြုံးရင်း အိပ်ရာပေါ်မှာ လှဲအိပ်လိုက်ပါ၏။

## အခန်း (၃၈)

နံနက်လင်း၍ မိုးမိုးအေး အိပ်ရာမှနိုးတော့ နေမင်းတစ်ရာ အိပ်ပျော်နေဆဲ....

မိုးမိုးအေး အခန်းဝန်းကျင်ကို အကဲခတ်လိုက်သည်။ ဘစ်ခန်းလုံး ရှာဖွေထားသည်ကို သတိထားမိသည်။ ဗီရို တံခါးကတော့ ပကတိအတိုင်း ပိတ်လျက်။ သို့သော် ညက ဖွင့်လိမ့်မည်ကို မိုးမိုးအေး သိနေသည်။ ဗီရိုသော့က မှန် တင်ခုံအံဆွဲထဲမှာ ရှိသည်။ ညက ဒီနှင်းပုလင်း ယူတော့ သော့တွေ့မည်။

ဗီရိုကို ဖွင့်ကြည့်သည်ထင်သည့်အတိုင်းပင် ဖွပြီးရှာထား တာ တွေ့ရသည်။

မိုးမိုးအေး ပြုံးလိုက်သည်။ ပစ္စည်းများက လုံခြုံသည့် နေရာ ရောက်နေပြီ။ တင်နွယ်လတ် အကူအညီနှင့် ဘဏ်မှာ အပ်ထားပြီးသား ဖြစ်သည်။





မိုးမိုးအေး ရေချိုး အဝတ်လဲပြီး အောက်ထပ်ဆင်းသည်။ ားနိုးလာလျှင် ကျွေးရန် ပြင်ဆင်သည်။

ဒေါ်တင်တင်မော်ကို ဟောလစ်ဖျော်တိုက်သည်။ ပေါင် မီးကင်နှင့် ကြက်ဥဟာပ်ဖရိုက်တစ်လုံး လုပ်ပေးသည်။

ဒေါ်သောင်းကို ဝယ်ရမည့်စာရင်းပေးပြီး ဈေးလွှတ် ည်။

သားနိုးလာ၍ နံနက်စာကျွေးပြီး အိမ်ရှေ့မှာ စက်ဘီး နေမှ နေမင်းတစ်ရာ အောက်ထပ်သို့ ဆင်းလာသည်။

"ငါ့သား....ကော်ဖီသောက်မလား၊ ဟောလစ်သောက် လား"

ဒေါ်တင်တင်မော်က မိုးမိုးအေးကို အော်ဒါမှာပေးရန် သင့်။

"ဘာမှ မသောက်တော့ဘူး၊ ကုမ္ပဏီကို စောစောသွား မယ်၊ ဒီနေ့ အလုပ်တွေ အများကြီးရှိတယ်၊ မိုးမိုး ကျွန် တော့်ကို ငွေ စ်သောင်း ပေးစမ်းပါ"

'ပြဿနာက လာမယ့်လာတော့ နံနက်အစောကြီးပါ ား'ဟု မိုးမိုးအေး တွေးလိုက်သည်။

"မိုးမိုးမှာ အဲဒီလောက် ငွေမရှိပါဘူး"

"ဒါဖြင့် ဘယ်လောက်ရှိလဲ"

နေမင်းတစ်ရာမေးပုံက ခပ်မာမာဖြစ်သည်။

"ရာဂဏန်းလောက်ပဲရှိတယ်"

"ဒါဖြင့်လဲ မထူးဘူးဗျာ၊ ခင်ဗျား စိန်လက်ကောက် စ်ကွင်း ကျွန်တော့် ပေးလိုက်ဗျာ"

မိုးမိုးအေး ဘာမျှမပြောဘဲ နေမင်းတစ်ရာကို ကြည့်
သည်။

"အခုလောလောဆယ် ကုမ္ပဏီမှာ ငွေလိုနေတယ်၊ ကျွ
တော် ကုမ္ပဏီထဲကို ငွေတစ်သိန်းလောက် ထည့်ချင်တယ
ရှေ့နှစ်ဆိုရင် နှစ်သိန်းလောက် အမြတ်ရမှာ"

နေမင်းတစ်ရာ ပြောနေပုံက အပိုင်။

"ဟယ်....အဲဒါဆို ကောင်းတာပေါ့၊ ပစ္စည်းဆိုတာ
ပွားအောင်လုပ်မှ တိုးတာ၊ သိမ်းထားလို့ အလကားပဲ"

"ဟုတ်တယ်၊ တိုးမှာသေချာတယ်၊ ကျွန်တော် အာ
တယ်ဗျာ....

"နောက်နှစ် ဒီအချိန်မှာ အဲဒီစိန်လက်ကောက်မျိုး
ကွင်း ဖြစ်နေရမယ်၊ အမြတ်ကမပြည့်ရင် ကျွန်တော် 
ဖြည့်ပေးမယ်"

"ကဲ....ငါ့သား အာမခံရင် စိတ်ချလိုက်"

ဒေါ်တင်တင်မော်က ထပ်ဖြည့်နေသေးသည်၊

ဩော်....သူတို့ ငါ့ကို ဒီလောက်အထိ အထင်သေး အ
သေး ဖြစ်နေကြပြီကိုး၊ အေးလေ....ငါကလဲ အထင်သေ
လောက်အောင် နေခဲ့မိတာကိုး၊ ဒီအချိန်ဟာ အကြော
ပြဖို့ အကောင်းဆုံးပဲ....

မိုးမိုးအေး ဆုံးဖြတ်လိုက်သည်။

ကျောထဲမှာ စိမ့်ခနဲဖြစ်သွားပြီး တစ်ကိုယ်လုံး တော
တင်းသွားသလို ခံစားရသည်။





"မိုးမိုး....ဘာအတိုးမှလဲ မလိုချင်ဘူး၊ မိုးမိုးမိဘ ဝယ်
ပေးခဲ့တဲ့ လက်ဝတ်လက်စားတွေကိုလဲ ဘယ်သူ့မှ မပေးနိုင်
း"

"ဘာပြောတယ်ဗျ"

နေမင်းတစ်ရာ ဒေါသတကြီး ရှေ့တိုးလာသည်။

စားပွဲပေါ်မှ ပေါင်မုန့်လှီးထားသော သားလှီးဓား
မိုးမိုးအေး ကောက်ကိုင်လိုက်သည်။

"ရှင် ရှေ့မတိုးခဲ့နဲ့၊ တိုးရင်တော့ တကယ်ထိုးသတ်
"

"ဟင်....ခင်ဗျား...."

လူကျယ်တို့ထုံးစံအတိုင်း နေမင်းတစ်ရာမှာ သတ္တိမရှိ။
ရှေ့ဆက်မတိုးဝံ့။

"ဟဲ့....သား၊ နောက်ဆုတ်လိုက်"

ဒေါ်တင်တင်မော် ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။

"အန်တီ့သား ဘိန်းဖြူစွဲနေတယ်ဆိုတာ အန်တီ သိပြီး
သား၊ အန်တီ့ဆီက တောင်းတဲ့ငွေတွေ ဘယ်နှစ်ခါ ပြန်ရ
လို့လဲ၊ ဒါနဲ့များ အန်တီက မိုးမိုးစိန်လက်ကောက်ကို ပေး
လိုက်ဖို့ ပြောနေတာ အံ့ဩစရာကောင်းလိုက်တာ"

"အမယ်လေး.... ငါ့ကို ပြန်ပြောနေလိုက်တာ၊ ငါက စေ
တနာနဲ့ ပြောတာဟဲ့"

ဒေါ်တင်တင်မော် ရင်ဘတ်ပေါ် လက်နှစ်ဖက်တင်၍
တအံ့တဩ ဖြစ်နေသည်။

"ဘာစေတနာလဲ၊ မသိရင် ခက်မယ်၊ လက်ဝတ်လက်စား တွေ တောင်းဖို့ လမ်းညွှန်လိုက်တာ အန်တီ"

"အမယ့်လေး....မိုးမိုး၊ ညည်း ဘာလို့ ငါ့ကို ဒီလိုပြော ရတာလဲ"

တစ်ခါမျှ ပြန်မပြောရဲသူက ဖွံ့ဖွံ့စားစား ပြောနေ၍ ဒေါ်တင်တင်မော် အခံရခက်နေထည်။

"တောက်"

နေမင်းတစ်ရာလည်း အခံရခက်စွာနှင့် တောက်တစ်ချက် ခတ်လိုက်သည်။

"ခင်ဗျားကို ကျွန်တော် သတ်မယ်"

နေမင်းတစ်ရာ ဒေါသတကြီး ရှေ့သို့ ခြေတစ်လှမ်းတိုး လိုက်သည်။

"သတ္တိရှိရင် ဝင်လိုက်လေ၊ ဘယ်သူက အသေသတ်မှာလဲ သိရအောင်"

မိုးမိုးအေးကလည်း ရှေ့သို့ ခြေနှစ်လှမ်းတိုးလိုက်သည်။ လက်ထဲမှာ ကိုင်ထားသော သားလှီးဓားကို အပေါ်သို့ မြှောက်လိုက်သည်။

"ဟဲ့....သား၊ အမယ်လေး....လုပ်ကြပါဦး၊ သား နောက် ဆုတ်စမ်း"

ဒေါ်တင်တင်မော် သူ့သားကို စိုးရိမ်တကြီး သတိ ပေးလိုက်သည်။

ပြုံးပန်းတစ်ရာစာပေ



နေမင်းတစ်ရာ နောက်သို့ ခြေနှစ်လှမ်းဆုတ်သွားသည်။

မိုးမိုးအေးက သားအမိနှစ်ယောက်စလုံးကို တင်းမာသာ မျက်လုံးများနှင့် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ပြဿနာ မဖြစ်ချင်လို့ အနိုင်ကျင့်သမျှ သည်းခံနေတာ၊ ကြာက်လို့များ မှတ်မနေ့နဲ့၊ သားအမိ နှစ်ယောက်စလုံး လျှော့ပေးလေ ပိုပြီးအနိုင်ကျင့်လေလုပ်နေကြတာ၊ သည်း နိုင်တဲ့ အတိုင်းအတာ လွန်သွားပြီ"

ဒေါ်တင်တင်မော်က သားဖြစ်သူ နေမင်းတစ်ရာကို မှမ်းကြည့်လိုက်သည်။

နေမင်းတစ်ရာကိုယ်တိုင်လည်း မိုးမိုးအေးကို ကြည့်၍ ကြီးအကျယ် ပြောင်းလဲသွားသည်ကို အံ့အားသင့်နေ သည်။

"သေခါနီးဖြစ်တဲ့ အမေ စိတ်ချမ်းသာအောင် အမေ့ ကား နားထောင်ခဲ့တာ၊ ခုတော့ လူကို သိမ်းရုံမကဘူး၊ စ္စည်းအားလုံးကိုလဲ သိမ်းတယ်....

"ဘယ်မလဲ၊ ကျွန်မခြံနဲ့ အိမ်ကို ရောင်းလို့ရတဲ့ငွေတွေ"

မိုးမိုးအေးက ဒေါ်တင်တင်မော်ဘက် ရုတ်တရက်လှည့် ပြီး မေးလိုက်သည်။ အသံကလည်း ကျယ်သွား၍ ဒေါ်တင် တင်မော် လန့်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။

"အဲဒီလောက်များတဲ့ငွေတွေ အပိုင်စီးထားတာတောင် ကျန်နေတဲ့ လက်ဝတ်လက်စားတွေကို အမေကလဲ လိုချင်၊ သားကလဲ ရောင်းပြီး ဘိန်းဖြူ ရှူ ချင်တယ်"

ပြုံးပန်းတစ်ရာစာပေ

"တဲ့....ငါလိုချင်တယ်လို့ ညည်း ဘာလို့ ပြောရတာလဲ" ဒေါ်တင်တင်မော် မကျေမနပ် ပြန်မေးသည်။

"အပ်ထားဖို့ တောင်းနေတာလေ၊ ဟင်း....အပ်ထားရင် အပိုင်စီးချင်လို့"

"ဟင်....ညည်း ငါ့ကို အဲဒီလို စွပ်စွဲတာပေါ့လေ"

"စွပ်စွဲတာ မဟုတ်ဘူး၊ အသေအချာသိလို့ ပြောနေတာ"

"ခင်ဗျား စကားတွေ လွန်နေပြီနော် မိုးမိုး"

"ဘာမှမလွန်ဘူး၊ အမှန်အတိုင်းပဲ ပြောနေတာ၊ နှစ်စီးပွား ပေါင်းတာတောင် ကလေးမွေးတော့ ကိုယ့်လက်စွပ် ကိုယ်ရောင်းပြီး မွေးရတယ်၊ ရှင်တို့ တစ်ပြား ပေးသလား၊ သားအမိနှစ်ယောက်စလုံး ဆေးရုံ တစ်ခေါက်လာကြည့်လား၊ ရှင်တို့ ဘယ်လောက်ရက်စက်သလဲ၊ မေတ္တာတရားဆိုတာ အဝေးကြီးထားလိုက်၊ ရှင်တို့မှာ အကြွင်နာနဲ့ ကိုယ်ချင်းစာစိတ်တောင် မရှိဘူး"

မိုးမိုးအေး ရင်ထဲမှာ ရှိသမျှ အကုန်ဖွင့်ချနေသည်။

"ပိုတဲ့ပိုက်ဆံလေးနဲ့ ကိုယ့်သားကိုယ် မုန့်ပုံး ဝယ်ပေးမိတော့ ပြဿနာကြီးကျယ်အောင် ပြောလိုက်ဆိုလိုက်တာ၊ ရှင်တို့မှာ ကိုယ်ချင်းစာတရားဆိုလို့ဘာမှမရှိဘူး၊ ရှေ့ဆက်ပေါင်းနေလို့လဲ ဘာမှကောင်းစရာမရှိဘူး၊ အခု ဘိန်းဖြူစွဲနေပြီဆိုတော့ ပိုဆိုးဖို့ပဲ ရှိတယ်"





"ကျွန်တော် ဘိန်းဖြူစွဲနေတယ်လို့ ခင်ဗျားကို ဘယ်သူက ပြောလို့လဲ"

"ရှင့်အမေက ပြောတာ"

"ဟင်....မေမေ"

နေမင်းဘစ်ရာက မိခင်ကို မကျေမနပ် လှမ်းကြည့်လိုက်သည်။

"ရှင့်အမေ မပြောလဲ ရှင့်ပုံက သက်သေခံနေပါတယ်၊ ထက်သေချာတာ ပြောရဦးမလား၊ ရှင့်လက်မောင်းမှာ အပ်ရာတွေ အများကြီး"

"ဟင် ..."

နေမင်းတစ်ရာ သူ့လက်မောင်းကို လှမ်းကြည့်လိုက်၏

"ညတုန်းက ခေါင်းအုံးအောက်မှာသော့နှိုက်ရှာတုန်းညီ။ မြင်လိုက်တာလေ"

"ဟင်...."

"လက်ဝတ်လက်စားတွေခိုးဖို့ ဗီရိုကိုမွှေတယ်၊ တစ်ခန်းလုံး လိုက်ရှာတယ်"

နေမင်းဘစ်ရာ ဘာမျှ ပြန်မပြောနိုင်အောင် ဖြစ်နေရ၏။

"ရှင် ကျွန်မကို ကွာရှင်းတဲ့စာချုပ်မှာ လက်မှတ်ထိုးပေးပါ"

မိုးမိုးအေးက စားပွဲပေါ်မှာရှိသည့် သူ့ပိုက်ဆံအိတ်ကို လှမ်းယူ၍ အတွင်းမှာ အသင့်ထည့်ထားသော စာချုပ်ကို ထုတ်ယူလိုက်သည်။

"ဒီမှာ အားလုံး အသင့် စာရေးထားပြီးသား၊ အောက်
မှာ လက်မှတ်ထိုးရုံပဲ"

မိုးမိုးအေးက စာချုပ်ကို နေမင်းတစ်ရာရှေ့သို့ လှမ်း
ပေးလိုက်သည်။

"ကွာမပေးနိုင်ဘူး"

နေမင်းတစ်ရာက မာမာတင်းတင်း ငြင်းသည်။

"ဘာလို့ ကွာမပေးနိုင်တာလဲ၊ ရှင် ကျွန်မကို မချစ်ဘူး၊
တော်ယောဇဉ်လဲမရှိဘူးဆိုတာ ရှင်းနေတာပဲ၊ ဘာလို့ကွာမပေး
တာလဲ၊ မကွာလို့မရဘူး"

"ဘယ်လိုဖြစ်ဖြစ် ကွာမပေးဘူးဗျ"

နေမင်းတစ်ရာ တူးတူးခါးခါး ငြင်းသည်။

"ကွာမပေးရင် ရှင် ဘိန်းဖြူမှုနဲ့ အဖမ်းခံရမှာပေါ့"

"ဟင်....ဘာပြောတယ်"

နေမင်းတစ်ရာ ထိတ်လန့်သွားသည်။

"ညည်း....ညည်း....ဘာလုပ်မလို့လဲ"

"ဘိန်းဖြူသုံးစွဲနေမှုနဲ့ ရဲတိုင်လိုက်ရုံပေါ့"

"ဟင်....ညည်း အကြံပက်စက်လှချည်လား"

ဒေါ်တင်တင်မော် မခံမရပ်နိုင် ဖြစ်လာသည်။

"အကြံပက်စက်တာက ကျွန်မ မဟုတ်ဘူး၊ ရှင့်သား....
အခု စိန်လက်ကောက် တောင်းတာက ဘိန်းဖြူသုံးရုံတင်
မကဘူး၊ တစ်ဆင့်ဝယ်ပြီး လက်လီထပ်ဖြန့်ဖို့"





"ခင်ဗျား ထင်တာတွေ လျှောက်ပြောမနေနဲ့"

"ထင်တာမဟုတ်ဘူး၊ နားနဲ့ ကြားတာ"

"ဟင်....ခင်ဗျား ဘာကြားတာလဲ"

နေမင်းတစ်ရာ မျက်နှာပျက်နေပြီ။

"တစ်အိမ်လုံး အိပ်နေကြပြီထင်ပြီး မနေ့ညက နှစ်နာရီ
မှာ ရှင့်သူငယ်ချင်း ဂျော့ချ်အုန်းဆီကို ဖုန်းဆက်တာလေ"

"ဟင်....ခင်ဗျား....ခင်ဗျားကို သတ်မယ်"

မိုးမိုးအေးက ရင်ဆိုင်ရန် အဆင်သင့်....
လက်ထဲမှာ ဓားရှိသည်။

"ဟဲ့....သား....မလုပ်နဲ့ သား"

ဒေါ်တင်တင်မော် ပြေးလာပြီး သူ့သားကို ဆွဲသည်။

"လွှတ်ပေးလိုက်ပါ အန်တီ၊ သတ္တိချင်း ပြိုင်ကြတာပေါ့"

"အို....ညည်းကလဲအေ၊ ကဲပါ၊ ပြီးတာတွေ အားလုံး
ပြီးပါစေတော့....

"ကွာလဲ မကွာကြပါနဲ့၊ အိမ်ထောင်တစ်ခုဆိုတာ ပျက်
ကောင်းတာ မဟုတ်ဘူး၊ သားလေးကလဲ ရှိသေးတယ်"

မိုးမိုး ခေါင်းယမ်းလိုက်သည်။

"အားလုံး နောက်ကျသွားပြီ၊ ကွာပေးဖို့ကလွဲပြီး ဘာမှ
မလိုချင်ဘူး"

'ဟာ....ဒီလောက်ဖြစ်နေရင် ကွာပေးမယ်ဗျာ....

"ကျွန်တော်လဲ ခင်ဗျားမျက်နှာကို မကြည့်ချင်ဘူး"

"ကျွန်မက သာဘောင် မကြည့်ချင်သေး၊ ကွာပေးမယ် ဆိုရင် အဲဒီစာချုပ်မှာ လက်မှတ်ထိုးပါ"

ထိုအချိန်တွင် သားငယ် လမင်းတစ်ရာ အိမ်ရှေ့မှာ စက်ဘီးရပ်ပြီး အိမ်ထဲသို့ ပြေးဝင်လာသည်။

ဒေါ်ဘင်တင်မော်က မြေးကို လှမ်းကြည့်လိုက်သည်။

"ဟဲ့....ကွာပြီးတော့ ကလေးကို ဘယ်သူက ယူမှာလဲ"

"ကလေးကို ကျွန်မခေါ်သွားမယ်"

"မပေးနိုင်ပေါင်တော်၊ ကျုပ်မြေးနဲ့ ကျုပ်မခွဲနိုင်ပါဘူး"

"ကျွန်မက ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ အမေပါ အန်တီ"

သားငယ်က ဘာမျှနားမလည်၊ ပြေးလာသည်ကို ရပ်၍ မျက်လုံးအပြူးသားနှင့် လူကြီးများကို ကြည့်နေသည်။

"အို....ဘယ်လိုပဲဖြစ်ဖြစ် မပေးနိုင်ဘူးအေ....

"ညည်းက ကွာချင်တဲ့လူ"

မိုးမိုးအေးက ဒေါ်ဘင်တင်မော်ကို လှမ်းကြည့်ပြီး ခဏ စဉ်းစားနေသည်။

"ရတယ်လေ၊ အဲဒါဆိုရင်လဲ ကွာရှင်းစာချုပ်သာ လက်မှတ်ထိုးလိုက်၊ ကျွန်မအတွက် လွတ်လွတ်လပ်လပ်တောင် ဖြစ်သွားသေးတယ်"

"ဟင်....ညည်း အဲဒီလို သဘောထားလား"

"အန်တီက တာဝန်ယူနိုင်နေတာကိုး၊ ကျွန်မအတွက် အားလုံး ကင်းကင်းရှင်းရှင်းနဲ့ ဘဝသစ်တစ်ခု တည်ထောင်ရုံပဲပေါ့"





ဒေါ်တင်တင်မော် တွေဝေသွားသည်။

"မေမေ....ကလေးတာဝန်တွေ အားလုံး ယူနိုင်လို့လား၊ ကျွန်တော်တော့ မယူနိုင်ဘူးနော်"

နေမင်းတစ်ရာက တာဝန်ကြောက်သူ....

ဒေါ်တင်တင်မော် ဘေးနားမှာ ရပ်နေသော လမင်းတစ်ရာကို လှမ်းကြည့်လိုက်သည်။

"မြေးလေး....မိုးမိုးက ဒီအိမ်က ထွက်သွားတော့မလို့တဲ့၊ မြေးလေး မေမေကြီးနဲ့ ဒီအိမ်နေခဲ့မှာလား၊ မိုးမိုးနဲ့ လိုက်သွားမှာလား"

မိုးမိုးရင်ထဲမှာ ထိတ်လန့်သွားသည်။

သားလေးအဖြေကို ကြားရမှာ ကြောက်နေသည်။

စိုးရိမ်သောကကြီးစွာနှင့် သားလေးကို လှမ်းကြည့်လိုက်သည်။

လမင်းတစ်ရာက အဘွားဖြစ်သူ ဒေါ်တင်တင်မော်ကို လှမ်းကြည့်သည်။

ဒေါ်တင်တင်မော် ပြုံးပြသည်။

မိုးမိုးအေးဆီ လမင်းတစ်ရာ ကြည့်လိုက်ပြန်သည်။

လမင်းတစ်ရာကို ကြည့်နေသော မိုးမိုးအေး၏ မျက်လုံးများမှ မျက်ရည်များ စီးဆင်းလာကြသည်။

"သားလေး....သားလေး"

မိုးမိုးအေးရင်ထဲမှာ မြည်တမ်းနေသည်။

တဒင်္ဂ အချိန်လေးမှာ ကြာလွန်းလှသည်။

ရင်ခုန်သံတွေ မုန်တိုင်းထန်နေပြီ။

"မိုးမိုးနဲ့ လိုက်သွားမယ်"

လမင်းတစ်ရာက ရုတ်တရက် ဖြေလိုက်သည်။

"အို....သားလေးရယ်"

မိုးမိုးအေး မမျှော်လင့်ရဲသော်လည်း နားနှင့်ဆတ်ဆတ်ကြားလိုက်ရပြီ။

မယုံနိုင်အောင် ဖြစ်မိသည်။

ဝမ်းသာကြည်နူးရလွန်း၍ တစ်ကိုယ်လုံး အေးစိမ့်သွားသလို ခံစားရသည်။

ဘကယ့်အရေးကျတော့ သွေးကစကားပြောပြီ။ စစ်မှန်သော မေတ္တာတရားက အနိုင်ရပြီဟု မိုးမိုးအေး နားလည်လိုက်သည်။

ဒေါ်တင်တင်မော် မျက်နှာပျက်နေပြီ။

နေမင်းတစ်ရာကတော့ ဘာမျှထူးခြားမှုမရှိ။ သူ့မှာ ဘာခံစားချက်မျှမရှိ။

"လာ....သားလေး၊ မေမေ့ဆီလာ"

မိုးမိုးအေးက သားလေးကို လှမ်းခေါ်လိုက်သည်။

လမင်းတစ်ရာက စားပွဲပေါ်မှ သူ့မုန့်ပုံးကို လှမ်းယူပြီး မိုးမိုးအေး ဘေးမှာ သွားရပ်သည်။

"ညည်း....ကွာရှင်းပြီးတာနဲ့ ကလေးကိုခေါ်ပြီး ဒီအိမ်ပေါ်က ဆင်းသွားမှာလား"





ဒေါ်တင်တင်မော်က ပစ္စည်းခွဲဝေရေးစကား ထပ်ပြောမှာကို စိုးရိမ်ဟန်တူသည်။

"လက်မှတ်ထိုးပါ၊ သားကိုခေါ်ပြီး ဆင်းသွားမှာပါ"

သားကိုရပြီးမှတော့ ဘယ်ပစ္စည်းမှမမက်။

သားကို မိုးမိုးအေး ပွေ့ချီထားလိုက်သည်။

ခုမှ ကိုယ့်သားကို ကိုယ်ပိုင်ပိုင်ရခြင်းဖြစ်သည်။

သားအမိနှစ်ယောက် ဘဝတစ်ခုကို လွတ်လပ်ပျော်ရွှင်စွာ တည်ဆောက်ရတော့မည်။

မိုးမိုးအေး ဝမ်းသာအားရဖြစ်နေသည်။

"ကဲ....ငါ့သား လက်မှတ်ထိုးပေးလိုက်"

နေမင်းတစ်ရာက စာချုပ်ကိုယူပြီး လက်မှတ်ထိုးပေးသည်။

"အေး....ညည်းကို ငါတစ်ခုတော့ ပြောထားလိုက်မယ်နော်၊ ညည်းလုပ်ချင်တာအားလုံး ငါလုပ်ပေးပြီးပြီ၊ အဲဒါမှ ညည်းတိုင်လို့ ငါ့သား အဖမ်းခံရရင် ညည်းကို ငါကိုယ်တိုင်သတ်မယ်"

မိုးမိုးအေး ပြုံးလိုက်သည်။

"မိုးမိုးကို မခြိမ်းခြောက်ပါနဲ့ အန်တီ၊ မိုးမိုး မကြောက်တတ်ပါဘူး၊ လူတစ်ယောက်ကို သတ်ချင်တိုင်းသတ်လို့ရတာမှ မဟုတ်ဘဲ၊ ဒါမင်းမဲ့တိုင်းပြည် မဟုတ်ဘူးလေ၊ တရားဥပဒေရှိနေတာပဲ၊ အန်တီသားကို မိုးမိုး မတိုင်ပေမယ့် သူ့

မှာ အပြစ်ရှိရင် သက်ဆိုင်ရာက တစ်နည်းနည်းနဲ့ သိပြီး ဖမ်းကြမှာပဲ၊ အဲဒါဆိုရင်တော့ မိုးမိုးကိုလာမစွပ်စွဲနဲ့၊ အကောင်းဆုံးကတော့ အပြစ်ဒဏ် မခံစေချင်ရင် ကိုယ့်သားကိုယ် အပြစ်ကင်းအောင်နေဖို့ ဆုံးမပေါ့"

"အေး....အဲဒါ ညည်းပြောစရာမလိုဘူး၊ ငါ့သား ငါဆုံးမမယ်"

"ကောင်းပါတယ်၊ နိုင်အောင်ဆုံးမကြည့်ပါဦး"

မိုးမိုးအေးက ဧည့်ခန်းမှာရှိသော တယ်လီဖုန်းကို အသုံးပြု၍ တင်နွယ်လတ်ကို အိမ်ပြောင်းရန်အတွက် ကားတစ်စီး ခေါ်လာရန် အကူအညီတောင်းလိုက်သည်။



အခန်း (၃၉)

"စားကြဟာ....အားပါးတရ၊ ဒါမှ တကယ့်ပျော်ပွဲစားဟာ၊ ငါ့စိတ်ထဲမှာ ပျော်လိုက်တာ၊ တကယ့်ကို လက်မရွံ့ အကျဉ်းထောင်က လွတ်လာရသလိုပဲ"

ဖိုးမိန်လမ်းမှအိမ်ကို ဝိုင်းဝန်းရှင်းလင်းပြင်ဆင်ပေးသော တင်နွယ်လတ်တို့ညီအစ်မနှင့် သူတို့အသိ မိန်းကလေး နှစ်ယောက်ကိုမိုးမိုးအေး ဆိုင်မှဝယ်သော အစားအစာများနှင့် ပင် နံနက်စာ ဝယ်ကျွေးရသည်။

သားငယ်လေးကတော့ သူ့အတွက် ပြင်ဆင်ပေးသော ခေါက်ဆွဲကြော်ပန်းကန်ကိုယူ၍ ကြမ်းပေါ်မှာပင် ထိုင်ပြီး အေးအေးဆေးဆေးစားနေသည်။

"နင် ဒီလောက် လွယ်လွယ်ကူကူနဲ့ ရန်းထွက်နိုင်မယ် တောင် ငါမထင်ဘူး"

"အင်း....လွယ်လွယ်ကူကူတော့ မဟုတ်ဘူးဟ၊ သားလှီး ခါးကိုင်ပြီး ခပ်ကြမ်းကြမ်းတော့ ရင်ဆိုင်ရတယ်၊ ခပ်မိုက်မိုက်လဲ ပြောရတယ်"

"ကျောင်းတုန်းက ပုံစံအတိုင်းပေါ့"

"အေး....အဲဒါ နင့်ကျေးဇူးပဲ၊ ပျောက်နေတဲ့ ငါ့သတ္တိတွေ နင်ပြန်ဖော်ပေးတာ"

"နင် ဒီလောက်အထိ ခံနေခဲ့တာတောင် ငါ အံ့ဩနေတာ"

"အေး....ငါ့ဘာသာလဲ အံ့ဩတာပဲ၊ ဒါပေမယ့် သတ္တိပြန်ရှိပြီဆိုတော့လဲ ဘာမှမကြောက်ဘူးဟ၊ ဘာမဆို ရင်ဆိုင်ဖို့ အဆင်သင့်ပဲ....

"ငါ့ဘက်က ကြမ်းပြီလဲဆိုရော တစ်ချိန်လုံး အနိုင်ကျင့်ခဲ့တဲ့ သားအမိနှစ်ယောက် ကြောက်ကုန်ကြတယ်"

"ဒါနဲ့ လက်မှတ်ထိုးပေးရောလား"

"သူ့သား ဆေးမှုနဲ့ အဖမ်းခံရအောင်တိုင်မယ်ဆိုမှ လက်မှတ်ထိုးပေးတာဟ၊ အဲဒါက မခက်ဘူး၊ ပြဿနာက သားကိစ္စ"

မိုးမိုးအေးက ပြောရင်းမှ သားလေးကို သတိရ၍ လှမ်းကြည့်လိုက်သည်။

တင်နွယ်လတ်တို့ပါ သားငယ်ဆီသို့ အကြည့်ရောက်သွားကြသည်။





သားငယ်မှာ ခေါက်ဆွဲကြော်စားနေဆဲ။

"ကြည့်ပါဦးဟယ်....ငါ့သားလေးသနားစရာ၊ အေးအေးးဆေး စားနေလိုက်တာ၊ ဟိုမှာဆိုရင် ဒီလိုပုံမျိုး တစ်က်မှ မရှိဘူး"

"အေး....နင် သတိတော့ ထား၊ သူ့ဘာသာ အေးအေးတာကို သနားတယ်ဆိုပြီး တအားအလိုမလိုက်နဲ့နော်၊ ်ပျက်သွားမယ်"

"အေး....ဟုတ်တယ်၊ ငါ သတိထားရမယ်၊ ဟိုမှာတော့ ါတင်တင်မော် မြှောက်ပေးနေလို့ဟ၊ ငါ့ကို မေမေလို့ ာင် မခေါ်ရဘူး၊ မိုးမိုးလို့ပဲ ခေါ်ခိုင်းတယ်၊ သူ့ကျ ာ့ မေမေကြီးတဲ့"

"အတော်ဆိုးတာပဲနော်၊ ခုကော မေမေလို့ ခေါ်ပြီ း"

"လမ်းမှာ ကားပေါ်ကတည်းက သား ခုချိန်ကစပြီး ိုးလို့ မခေါ်နဲ့တော့၊ မေမေလို့ ခေါ်ရမယ်ပြောတော့ ါင်းညိတ်ပြတယ်"

"ခေါ်ကော ခေါ်ပြီလား"

"ခေါ်ပြီ၊ လမ်းမှာကတည်းက ခေါ်ကြည့်စမ်းလို့ပြော ာ့ မေမေတဲ့"

"ငယ်....နင့်ရင်ထဲ သိပ်ကြည်နူးမှာပေါ့နော်"

"ကြည်နူးတာပေါ့ဟာ၊ မျက်ရည်တောင် မဆည်နိုင် "

မိုးမိုးအေး ပြောရင်းနှင့် မျက်ရည်များလည်လာသည်။

"မေမေ....ကုန်သွားပြီ"

သားငယ်က ပန်းကန်လေးကိုင်ပြီး မိုးမိုးအေးဆီသို့ လာ
သည်။

ပန်းကန်ထဲမှာ ပြောင်နေပြီ။ သားငယ်လေးမှာ ဆာ
နေဟန်တူပါသည်။ အားပါးတရ စားထားခြင်းဖြစ်သည်။

"ဝပြီ မေမေ"

"လာ....သား"

မိုးမိုးအေးက သားငယ်၏ ပါးစပ်နှင့် လက်များကို
လက်သုတ်ပဝါနှင့် သုတ်ပေးသည်။

"ရေသောက်မလား သား"

သားငယ်က ခေါင်းညိတ်၍ မိုးမိုးအေး ရေတိုက်သည်။

တင်နွယ်လတ်တို့ ညီအစ်မတစ်စု မိုးမိုးအေးတို့ သားအမိ
ကိုကြည့်၍ ကြည်နူးနေကြသည်။

"သား အိပ်ချင်တယ် မေမေ"

"ဪ....သိပ်မှာပေါ့ သားရယ်၊ ဒီနားမှာပဲ အိပ်လိုက်
နော်"

ဘေးမှာရှိသည့် သင်ဖြူးလေးပေါ်မှာ မျက်နှာသုတ်
တဘက်ကို ခေါင်းအုံးလုပ်ပေးသည်။

သားငယ်က မျက်ချင်းပင် လှဲအိပ်လိုက်သည်။

မိုးမိုးအေးက သားငယ်၏ ကျောပြင်လေးကို ကြင်နာစွာ
ပွတ်သပ်ပေးနေသည်။





"ကွာရှင်းတာက မခက်ဘူးဟ၊ သားကိုမရမှာပဲ ငါ
ကြောက်တာ"

"ကလေးကို မပေးဘူး လုပ်နေသေးလား"

တင်နွယ်လတ်ညီမလေးက မေးသည်။

"အင်း....ကလေးအဖေက မလုပ်ဘူး၊ အဘွားကြီးက
မပေးနိုင်ဘူးလို့ အကျပ်ကိုင်တယ်"

"အဲဒီတော့...."

တင်နွယ်လတ်က အောက်ပေးသည်။

"သူတို့သဘောထားကို ငါသိနေပြီဟ၊ သူတို့က အသနား
ခံလို့ရတဲ့ဟာတွေ မဟုတ်ဘူး၊ ဒါနဲ့ ငါလဲစွန့်ကြည့်လိုက်တယ်"

"ဘယ်လိုစွန့်တာလဲ"

တင်နွယ်လတ် စိတ်ဝင်စားနေသည်။

"အန်တီတို့ ကလေးကိစ္စ တာဝန်ယူချင်တယ် ဆိုရင်
ရတယ်၊ ကျွန်မအတွက် ပိုပြီးတော့ လွတ်လွတ်လပ်လပ် ရှိသေး
တယ်ဆိုတာမျိုး ငါက ပြောလိုက်တယ်၊ ငါသိတာပေါ့....

"ဒီအဘွားကြီး ကလေးကို တစ်ခါတောင် ရေချိုးပေးဖူး
တာမဟုတ်ဘူး၊ ထမင်းလဲ မကျွေးဖူးဘူး....

"အညစ်အကြေးကိစ္စဆိုတာ အဝေးကြီး"

တင်နွယ်လတ် ခေါင်းညိတ်သည်။

"ဒါပေမယ့် ပြောသာပြောလိုက်ရတာဟ၊ အဲဒီအချိန်က
ငါ့ရင်ထဲမှာ ပူလောင်နေတာပဲ၊ သူကသာ တာဝန်ယူမယ်
ဆိုပြီး ခေါ်ထားလိုက်ရင် ပြဿနာပဲ"

တင်နွယ်လတ်ရော သူ့ညီမများပါ မိုးမိုးအေးကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

"ဒါပေမယ့် တော်သေးတယ်၊ သူ့သားက ငါ့စကားကြောင့် တွေဝေသွားဘယ်၊ မေမေ တာဝန်ယူနိုင်မှာလား၊ သူ့ဗျော့ မလုပ်နိုင်ဘူးတဲ့"

"တစ်ကိုယ်ကောင်းသိပ်ဆန်တဲ့လူ"

တင်နွယ်လတ်က မကျေမနပ်ရှုတ်ချသည်။

"အဲဒါနဲ့ ဒေါ်တင်တင်မော်လဲ နည်းနည်း တွေဝေသွားဟန်တူတယ်....

"ဒီအချိန်မှာ သားလေးက စက်ဘီးစီးရာကနေ အိမ်ထဲ ဝင်လာတယ်ဟ"

"ဟယ်....စိတ်ဝင်စားစရာ"

"ဒါနဲ့ ဒေါ်တင်တင်မော် ကလေးကိုလှမ်းကြည့်ပြီး ဘယ်လို အတွေးရတယ်မသိဘူး၊ မြေးလေး....မိုးမိုးက ဒီအိမ်မှာ မနေတော့ဘူး၊ ထွက်သွားတော့မယ်၊ မြေးလေး မေမေကြီးနဲ့ နေခဲ့မလား၊ မိုးမိုးနဲ့လိုက်သွားမလားတဲ့ မေးတယ်....

"သားလေးက သူ့ကိုလှမ်းကြည့်တော့ သူ့မျက်နှာက ပြုံးလို့ချိုလို့ သိပ်သဘောကောင်းတဲ့ပုံနဲ့ သားလေးကို ဆွဲဆောင်နေတယ်ဟ....

"အဲဒီ တဒင်္ဂလေးဟာ ငါ့ရင်ထဲမှာ ပူလောင်နေအောင် ခံစားရတယ်....





"ငါ့စိတ်ကို ဘယ်လိုမှ ထိန်းချုပ်ထားလို့မရဘူး၊ မျက်ရည်တွေက ဒလဟော စီးကျလာတယ်၊ သားလေးကို စွန့်လွှတ်ရမှာ သိပ်ကြောက်တာပဲဟ၊ အဲဒါဆိုရင်တော့ ငါ့အသည်းတွေ နှလုံးတွေ အားလုံး စွန့်လွှတ်လိုက်ရသလို ဖြစ်သွားမှာပဲ....

"အဲဒီအချိန်မှာ သားလေးက ငါ့ကို လှမ်းကြည့်တယ်၊ ငါ့ သားလေးကို ကြည့်ရင်း ရင်ထဲမှာတင် သားလေး....သားလေးလို့ ခေါ်နေမိတယ်....

"အံ့ဩစရာဟာ၊ သားလေးက ဘယ် လို ဖြေလိုက် လဲသိလား"

တင်နွယ်လတ်တို့ညီအစ်မ စိတ်ဝင်စားနေသည်။

"မိုးမိုးနဲ့ လိုက်သွားမယ်တဲ့"

"ကောင်းလိုက်တာဟာ၊ မိခင်မေတ္တာကို ဘယ်သူ ယှဉ်နိုင်မှာလဲဟာ"

"ငါ ဝမ်းသာလိုက်တာဟာ၊ သားလေးက သူနဲ့ နေခဲ့မယ်လို့ ဆုံးဖြတ်ရင် ငါ ရင်ကွဲအောင် နာရမှာဟ၊ ခုတော့ သားလေးက ငါ့ကို ပိုချစ်မှန်းသိရတာ ဘယ်လိုဝမ်းသာမှန်း မသိဘူးဟာ၊ ငါ့ရင်ထဲမှာ ကြည်နူးလွန်းလို့ သားလေးကို ပွေ့ချီပြီး ငိုရတယ်ဟ၊ တကယ်ကျတော့ သူတို့မြှောက်ပေးလို့ ကလေးက ငါ့အပေါ် ရိုင်းနေပေမယ့် တကယ့်အရေးကျတော့ ငါ့သားက ငါ့ကိုပဲ ချစ်ပါတယ်ဟာ"

မိုးမိုးအေး သားငယ်၏ကျောပြင်ကို ညင်သာစွာပွတ်သ
ပေးနေရင်း မျက်ရည်များ စီးကျလာသည်။

တင်နွယ်လတ်တို့ ညီအစ်မလည်း မျက်ရည်များ ရစ်ဝဲနေ
ကြပြီ။

"ကဲ....ခုတော့ အားလုံး ဝမ်းသာစရာဖြစ်နေပါပြီဟာ၊
စားကြ၊ ပျော်ပျော်ပ ါးပါးစားကြ"

မိုးမိုးအေး မျက်ရည်များကိုလက်ဖြင့်သုတ်ပစ်ရင်း စကား
လမ်းကြောင်း ပြောင်းပစ်လိုက်ပါသည်။



န်း (၄၀)

ညသည် အေးချမ်းစွာ ဆိတ်ငြိမ်လျက်ရှိ၏။

သားအမိနှစ်ယောက်တည်းဆိုတော့ အိမ်ကကြီးနေသည်။
သော် ကြောက်စိတ်မရှိ။ ကိုယ့်အိမ်ဟာ ကိုယ်သာ အရှင်
ခင်ဖြစ်သည်။ ဘယ်သူ့မှ ကြောက်စရာမရှိ။ တစ်ယောက်
ည်း ကျန်ခဲ့မှာကို စိုးရိမ်၍ မေမေခမျာ အိမ်ထောင်ချပေး
ါမှ သူများကို ကြောက်နေခဲ့ရသည်။ ' ရှိသမျှစည်းစိမ်
ည်း ဆုံးရှုံးရသည်။

ပရိဘောဂအစုံအလင်နှင့် ယခင်အိမ်ကြီးကို နှမြောမိ
ည်။ ခုတော့ ဆွဲကြိုးတစ်ကုံးရောင်းပြီး လိုသော အိမ်
ာင်မှုပရိဘောဂများ ဝယ်ရသည်။

သားလေး၏ အသုံးအဆောင်ပစ္စည်းများနှင့် ကစားစရာ
ားကိုတော့ စက်ဘီးကစပြီး မျက်နှာပြောင်တိုက်ပြီး ယူလာ

ည။ ဘယ်သူမှ မတားဝံ့။ တားလျှင် ပြောမည့်စကားလ
များ ရွေးပြီးသား။ ပြောခွင့်မရခဲ့။

သည်အိမ်ရောက်လာမှ သားလေးက သိသိသာသာ
အေးဆေးသိမ်မွေ့သွားသည်။

ကစားလျှင်လည်း အေးအေးလေး၊ စားလျှင်လည
အေးအေးလေး၊ ညစ်ကျယ်ကျယ်အမူအရာ တစ်ခုမှမတွေ့
မြင်ရသည်မှာ သနားစရာပင် ကောင်းသည်။

သို့သော် သနားစိတ်နှင့် အခွင့်အရေးသိပ်မပေးမိအော
သတိထားရသည်။ သားလေး ပြန်ပြီး စိတ်ဓာတ်ပျက်သွ
မှာကို စိုးသည်။

သားလေးနာမည်ကိုလည်း လမင်းတစ်ရာမှ ငြိမ်းချ
အေးဟု ပြောင်းလိုက်သည်။

လမင်းတစ်ရာဆိုသော နာမည်မှာ နေမင်းတစ်ရာနှ
ဆက်နွှယ်နေသည်။

သားလေးသည် နေကို အမှီပြုပြီး အရောင်လင်းရသေ
လမင်း မဖြစ်စေချင်။

နေမင်းတစ်ရာသည် ဖခင်အဖြစ် မှီခိုအားထားစ
ဘာမျှရှိသူ မဟုတ်။

ပူသောဇောင်သော နေမင်းတစ်ရာနှင့် သားလေး
ဘာမျှ မပတ်သက်စေချင်။





သားလေးကို ငြိမ်းချမ်းစေချင် အေးမြစေချင်၍ ငြိမ်း
ချမ်းအေးအမည် ပြောင်းသည့်အကြောင်း ပြောတော့ သား
က သဘောကျပါသည်။

သားလေး ငြိမ်းချမ်းအေးသည် မိုးမိုးအေးဘေးမှာ ငြိမ်း
ချမ်းစွာ အိပ်ပျော်နေရှာသည်။

မီးရောင် ပြာလဲ့လဲ့အောက်မှာ သားလေး၏ မျက်နှာနုနု
လေးကို မိုးမိုးအေး ချစ်မြတ်နိုးစွာ ကြည့်နေမိသည်။

သားလေး၏ ပါးမို့မို့လေးကို မွှေးလိုက်ချင်စိတ် ဖြစ်မိ
သည်။

သို့သော် အိပ်ပျော်နေရှာသော သားလေးအတွက်
အနှောင့်အယှက်ဖြစ်မည်စိုး၍ ဖွဖွလေးပင် မနမ်းရက်။
အတွေးနှင့်သာ ချစ်မဝစွာ မွှေးလိုက်ရသည်။

သားလေးကို အမြန်ဆုံး မူကြိုကျောင်းသို့ အပ်ရမည်။
နောက်ကျသွားပြီဖြစ်သော်လည်း (၄) လလောက် မိသေး
သည်။

ခုမှ ကိုယ့်သားကို ကိုယ့်စိတ်ကြိုက် စီမံခန့်ခွဲရတော့မည်။

ကျောင်းဝတ်စုံနှင့် သားလေး ကျောင်းတက်ရတော့မည်။
ကျောင်းကပွဲမှာ သားလေးကဗျာရွတ်ပြသည်ကိုနားထောင်
ရတော့မည်။ ကျောင်းကပွဲမှာ သားလေး ကသည်ကို
ကြည့်ရမြင်ရတော့မည်။

သ[illegible] မှုကြို ကျောင်းအပ်ပြီးမှ တင်နွယ်လတ်၏ [illegible]နွယ်ပေးမည်ဆိုသော အလုပ်ကို စဉ်းစားရမည်။ ရှိသမျှ [illegible]ရောင်းချပြီး ထိုင်စားနေ၍ မဖြစ်။ သားအမိနှစ်ယောက် စားဝတ်နေရေးအတွက် အလုပ်လုပ်မှ ဖြစ်မည်။

သားလေးရှေ့ရေးအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားရမည်။ သားအတွက်ဆိုသောအသိက တစ်ကိုယ်လုံးမှာ အားမာန်တွေပြည့်လာသလို ခံစားရသည်။



အခန်း (၄၁)

ယနေ့ အလုပ်တစ်ခုအတွက် လူတွေ့ စစ်ဆေးခံရန် မိုးမိုးအေး သွားရမည်။

သားငယ်ကို မူကြို ပို့ပြီး ပြန်လာမှ ရေချိုးရသည်။ လှချင်၍ မဟုတ်သော်လည်း ကိုယ့်ကိုယ်ကို သပ်သပ်ရပ်ရပ်ရှိအောင် ပြင်ရဆင်ရသည်။

ဤကဲ့သို့ ပြင်ပြင်ဆင်ဆင်မလုပ်ရသည်မှာ ကြာပြီ။
"ပြင်လိုက်တော့လဲ မဆိုးသေးပါဘူး"

မှန်ထဲမှ ကိုယ့်ပုံရိပ်ကိုပြန်ကြည့်ပြီး ကျေနပ်လိုက်မိသေးသည်။ ယခင်ကတော့ အရှုံးဘဝမှာ နစ်မွန်းနေခဲ့ရ၍ ညှိုးနွမ်းနယ်လွန်းသောမျက်နှာမှာ တင့်တယ်မှု ပျောက်နေသည်။

ခုတော့ လွတ်လပ်သောဘဝမို့ စိတ်က လန်းဆန်းနေ
သည်။

ပြင်ဆင်ပြီး၍ အိမ်မှထွက်လာတော့ နံနက်ကိုးနာရီခွဲ

ဘာမျှကျက်မှတ်ထားစရာမလိုသော အင်တာဗျူးဖြစ်၍
စိတ်လက်ပေါ့ပါးနေသည်။

တင်နွယ်လတ်၏ သူငယ်ချင်း ချိုဝေဇင် ဆက်သွယ်ပေး
ခြင်းဖြစ်သည်။

ချိုဝေဇင်ကို ကျေးဇူး တင်မိသည်။ ရလျှင် လခက
မဆိုးလှ။

စစချင်း ထောင့်ငါးရာရမည်ဟုဆိုသည်။ ဆောက်လုပ်
ရေးလုပ်ငန်းမှာ စာရေးအဖြစ် တာဝန်ယူရမည်။

အလုပ်လုပ်ရင်း ကွန်ပျူတာပါ သင်ပေးမည်။ ကွန်ပျူ
တာကျွမ်းကျင်လျှင် လခ နှစ်ထောင့်ငါးရာအထိ တိုးရမည်ဟု
ဆိုသည်။

တက်လမ်းရှိသော အလုပ်ဖြစ်သည်။

အလုပ်က တကယ်ရှာတော့ တကယ်မလွယ်။

ဒေါ်တင်တင်မော်ကို သတိရမိသည်။

သူ့သား အလုပ်ရတော့ ကြွားလိုက်သည့်ဖြစ်ခြင်း။





"ပညာဘွဲ့တွေ မယ့် အလုပ်ရဖို့မလွယ်ဘူးတဲ့၊ ရပြန်
တော့လဲ လခလေး မဖြစ်စလောက်နဲ့၊ သူ့သားက အပေါင်း
အသင်းကောင်းလို့ အလုပ်ရတာတဲ့"

ဘွဲ့မရသော သူ့သားအတွက် ဝါကြွားရင်း ဘွဲ့ရပညာ
တတ်များကို နှိမ်ချင်သောစကားဖြစ်သည်။ မိုးမိုးအေး ဘာမျှ
ပြန်မပြောခဲ့ပါ။

ဟင်း....အပေါင်းအသင်း ကောင်းတာပေါ့၊ အရက်
သမား၊ ဘိန်းဖြူသမားနဲ့ပေါင်းပြီး အရက်အတူသောက်၊
ဘိန်းဖြူအတူရှူ....ခုမှ အတွေးထဲမှာ ချေပနေရသည်။

ရှေ့မှာ ဘတ်စ်ကားမှတ်တိုင်ရောက်ပြီ။

ဘတ်စ်ကားစီးရသည့်ခရီးက မဝေးလှ။

"အင်း....အလုပ်ရရင် ဒီလိုပဲ နေ့စဉ် ဘတ်စ်ကားနဲ့သွား
ရမယ်၊ အပြန်ကျတော့ သားလေးကို အရင်ဝင်ကြိုရမယ်"

စိတ်ကူးယဉ်နေမိသည်။

အင်တာဗျူးဖြေရမည့်နေရာရောက်မှ ခမ်းခမ်းနားနား
နှင့် သီးခြားရုံးကြီးတစ်ခုမဟုတ်မှန်း သိရသည်။

တိုက်ခန်းတစ်ခန်း၏ ဒုတိယအထပ်ကို ဖွင့်ထားသော
ရုံးခန်းဖြစ်သည်။

အပြင်ဘက် ခန်းမထဲမှာ စားပွဲလေးလုံးရှိသည်။

ယောက်ျားလေးသုံးယောက် သူ့စားပွဲနှင့်သူထိုင်နေကြသည်။

စားပွဲတစ်လုံး လစ်လပ်နေတာ ငါထိုင်ရမှာ ထင်ပါရဲ့။

လွတ်နေသောစားပွဲကို လှမ်းကြည့်ပြီး တွေးလိုက်မိသေးသည်။

"ဘာကိစ္စရှိလို့ပါလဲ"

လူငယ်တစ်ယောက်က ဆီးကြို၍မေးသည်။

"ကျွန်မ အလုပ်လျှောက်ထားတာ၊ အင်တာဗျူးဖြေဖို့ ခေါ်ထားလို့ပါ"

"ဪ....မမိုးမိုးအေးဆိုတာ ထင်တယ်"

"ဟုတ်ပါတယ်"

"ဟိုမှာထိုင်စောင့်ပါ၊ ကျွန်တော့်ဆရာ သွားပြောပေးပါမယ်"

မိုးမိုးအေးထင်သည့်အတိုင်းပင် လွတ်နေသော စားပွဲရှေ့မှ ကုလားထိုင်မှာ ဝင်ထိုင်ရသည်။

နှုတ်ခမ်းမှာ ဆိုးလာသောချွေးများကို လက်ကိုင်ပဝါနှင့် အသာအယာသုတ်လိုက်သည်။

တေးမ လူငယ်နှစ်ယောက် မိမိကို မသိမသာကြည့်နေကြလိမ့်မည် ထင်သည်။





စားပွဲပေါ်မှာ တွေ့ရသော သံတင်းစာကို ကြည့်နေလိုက်သည်။ သတင်းစာက ရက်လွန်နေသော အဟောင်း ဖြစ်သည်။

"မမိုးမိုးအေး....

"ဆရာနဲ့တွေ့ဖို့ အထဲကိုလာပါ"

လူငယ်ခေါ်ရာသို့ လိုက်ခဲ့သည်။

အခန်းထဲမှာ အသက်လေးဆယ်အရွယ် လူလတ် တစ်ယောက်နှင့် အသက်သုံးဆယ့်ငါးနှစ်ခန့် လူတစ်ယောက်ကို တွေ့ရသည်။

အသက်ပိုကြီးသူက စားပွဲခုံ၏ အလယ်မှ ဆုံလည်ကုလားထိုင်မှာ ထိုင်နေသည်။

ကတ္တီပါစိမ်းနုခင်းပြီး မှန်အုပ်ထားသော စားပွဲကြီးက ကြီးကျယ်ခမ်းနားလှသည်။

"ထိုင်ပါ"

အသက်ပိုကြီးသူက မိုးမိုးအေးကို ခုံအလွတ်မှာ ထိုင်ရန် ညွှန်ပြသည်။

မိုးမိုးအေး ထိုင်လိုက်သည်။

"ဒါက ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းကို ဦးစီးပြီး ဆောင်ရွက်နေတဲ့ ဦးစောအောင်ပါ"

စားပွဲ၏ ဘေးတစ်ဖက်မှာ ထိုင်နေသူက မိတ်ဆက်ပေးသည်။

"ဟုတ်ကဲ့ပါရှင်"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဦးစောင်အောင်က မတ်တတ်ထပြီး လက်ကမ်းပေး၍ မိုးမိုးအေး မတ်တတ်ထပြီး လက်ကမ်းပေးလိုက်သည်။

ဦးစောအောင်က မိုးမိုးအေး၏ ဖြူနုသောလက်ကလေးကို လှုပ်ယမ်းနှုတ်ဆက်လိုက်သည်။

မတ်တတ်ရပ်လိုက်မှ ဦးစောအောင် ဗိုက်ထွက်နေပြီကို ထင်ရှားစွာ သိသာစေသည်။

"ကျွန်တော်ကတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ရတဲ့ အင်ဂျင်နီယာလှမြင့်ပါ"

မိတ်ဆက်ခြင်းနှင့်အတူ မတ်တတ်ရပ်သော်လည်း လက်ကမ်းပေးခြင်းမရှိ၍ မိုးမိုးအေး လက်ဆွဲနှုတ်ဆက်စရာမလိုပါ။ ဦးလှမြင့်က ကိုယ်ခန္ဓာ ကျစ်ကျစ်လျစ်လျစ်နှင့် အရပ်မြင့်သည်။ ဘောင်းဘီဝတ်နှင့် ကြည့်ကောင်းသော ကိုယ်ခန္ဓာ အချိုးအဆစ်ဖြစ်သည်။

"ထိုင်ပါ"

မိုးမိုးအေး ပြန်ထိုင်သည်။





"မမိုးမိုးအေးက သင်္ချာနဲ့ မဟာသိပ္ပံ အပိုင်း(ခ)အထိ က်ဖူးတယ်နော်....ဟုတ်လား"

ဦးစောအောင်က သူ့ရှေ့မှာရှိသော မိုးမိုးအေး၏ ျှောက်လွှာစာရွက်ကိုကြည့်ပြီး မေးခြင်းဖြစ်သည်။

"ဟုတ်ပါတယ်"

"ပညာအရည်အချင်းကတော့ ကျွန်တော်တို့ လိုချင်တာ က်တောင် ပိုနေပါသေးတယ်"

မိုးမိုးအေး အားတက်သွားမိသည်။

"အရင်က ဘယ်မှာလုပ်ဖူးလဲ"

ဦးလှမြင့်၏ အမေးကို မိုးမိုးအေး ခေါင်းယမ်း၍ ဖြေ က်သည်။

"ဘယ်မှ မလုပ်ဖူးပါဘူး"

"ကွန်ပျူတာသင်တန်းတက်ဖူးလား"

ဦးစောအောင်မေးခွန်းကိုလည်း မိုးမိုးအေး ခေါင်းခါ၍ ာ အဖြေပေးရသည်။

"သင်တန်းတက်ရမယ်ဆိုရင်ကော"

"ဟုတ်ကဲ့....တက်နိုင်ပါတယ်"

"အိမ်ထောင်ရှိလား"

ရှင်....”

ဦးစောအောင် မေးသည်ကို မိုးမိုးအေး ကြားလျက်နှင့် နားမလည်သလိုဖြစ်သွားသည်။

“မိုးမိုးအေးမှာ အိမ်ထောင်ရှိသလားလို့ မေးတာပါ”

ဦးလှမြင့်က ထပ်ရှင်းပြသည်။

“မရှိပါဘူး”

“အပျိုလား”

“ရှင်....”

ဦးစောအောင်၏ အမေးကို ကြားလျက်နှင့် အဖြေကို နေရပြန်သည်။

ဦးလှမြင့်က ထပ်ရှင်းမပြတော့ဘဲ မိုးမိုးအေးကို ကြည့်ပြီး အားနာဟန်နှင့် ပြုံးနေသည်။

“အိမ်ထောင်မရှိဘူးဆိုတော့ အပျိုလားလို့ မေးတာ”

ဦးစောအောင်က သူ့ဘာသာ ထပ်ရှင်းသည်။

မိုးမိုးအေး ရှက်သွားသည်။

ယောကျ်ားကြီးနှစ်ယောက်ရှေ့မှာ မိန်းကလေး တစ်ယောက်တည်း။

သို့သော် မဖြေ၍ ပြီးမည်မဟုတ်။

ပြုံးပန်းတစ်ရာစာပေ



“ကျွန်မ အိမ်ထောင်နဲ့ ကွဲနေပါတယ်”

“သြော်....ဟုတ်ပြီ....ဟုတ်ပြီ၊ နားလည်ပါပြီ”

ဦးစောအောင်က မိုးမိုးအေးကို ရွှန်းရွှန်းစားစားကြည့်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ဦးစောအောင် ကြည့်နေပုံမျိုးကို မိုးမိုးအေး သဘောကျပါ။

“အခု မိဘတွေနဲ့ အတူနေတာလား”

ဦးလှမြင့်က မှန်းဆပြီး မေးခြင်းဖြစ်သည်။

“မိဘတွေလဲ မရှိတော့ပါဘူး”

“ညီအစ်ကိုမောင်နှမတွေကော”

“တစ်ယောက်မှ မရှိပါဘူး”

“သြော်”

မိုးမိုးအေးအတွက် စိတ်မကောင်း ဖြစ်ရပါကြောင်း ကြင်သော အကြည့်များနှင့် ဦးလှမြင့် အားပေးသည်။

“လိုအပ်မယ်ဆိုရင် ကိုယ့်ပီအေအဖြစ်နဲ့ မိုးမိုးအေး လုပ်မလား”

ဦးစောအောင်၏ စူးစမ်းသော အမေးကို မိုးမိုးအေး ဘောမကျပါ။

ပြုံးပန်းတစ်ရာစာပေ

"ဒါကတော့ အလုပ်ခန့်ပြီးပြီဆိုရင် အလုပ်ရဲ့ လိုအပ်
ချက်အရ အလုပ်ရှင်ခိုင်းတဲ့ တာဝန်ကို လုပ်ရမှာပါ"

မိုးမိုးအေးဖြေပုံကို ဦးလှမြင့် သဘောကျသည်။

ဦးစောအောင်ကလည်း သူ့တာသာ သဘောကျ၍
တဟားဟား ရယ်နေသည်။

"ဟုတ်တာပေါ့....ဟုတ်တာပေါ့၊ အလုပ်ရှင် ခိုင်းတာ
လုပ်ရမှာပေါ့၊ ဟား....ဟား....ဟား....ဟား"



ခန်း (၄၂)

နောက်တစ်နေ့မှစ၍ မိုးမိုးအေး အလုပ်ဆင်းရသည်။

အလုပ်က ရမည့်ရတော့ လွယ်လှချည်လားဟုပင် အံ့ဩရ
သေးသည်။

သားကို မူကြိုပို့ပြီးသည်နှင့် ရုံးကိုဆက်လာခဲ့၍ ကိုးနာရီ
မထိုးခင် ရုံးရောက်သွားသည်။

ဒုတိယထပ်မှ ရုံးခန်းမထဲကို ဝင်လိုက်တော့ တံခါးပွင့်
နေပြီဖြစ်သော်လည်း ဘယ်သူ့ကိုမျှ မတွေ့ရ။

လူကြီးတွေ အစောကြီးရောက်ပြီး အလုပ်လုပ်နေကြတယ်
ထင်ပါရဲ့။

မိုးမိုးအေး ဘယ်စားပွဲမှာ ထိုင်ရမှန်းမသိ။

"မနေ့ကထိုင်တဲ့ စားပွဲမှာ ထိုင်ရမှာလား"

အတွင်းဘက်မှာ အင်ဂျင်နီယာ ဦးလှမြင့်အခန်းရှိသည်၊ ဦးလှမြင့်အခန်းကို လွန်ပြီးမှ ဦးစောအောင်အခန်း ရောက် သည်။

အတွင်းခန်းဘက်ကို ဝင်ကြည့်လိုက်တော့ ဦးစောအော အခန်းထဲဝင်သွားသော ဦးလှမြင့်၏ နောက် ပိုင်း ကို သာ မျက်တရက် မြင်လိုက်ရသည်။

ရုံးကိုရောက်ပြီ ဖြစ်ကြောင်း သတင်းပို့ပြီး ဘယ်နေရာ ထိုင်ရမလဲဆိုသည်ကို မေးချင်သည်။

ဝင်မေးရန် သင့်မသင့် စဉ်းစားနေစဉ် အတွင်းဘက်မှ စကားပြောသံ ကြားရသည်။

"အပြင်မှာ ဘယ်သူတွေရှိလဲ"

ဦးစောအောင်၏အသံ ဖြစ်သည်။

"ဘယ်သူမှ မရှိပါဘူး၊ မောင်မျိုးက ဒီနေ့မနက် ဆိုက်ထဲ သွားရမှာ၊ မနေ့ကညနေ ပြောလိုက်ပြီးသား....

"ဖိုးဇော်လဲ စည်ပင်ရုံးသွားတယ်"

"ဟုတ်ပြီ၊ အဲဒါဆိုရင် ကိုလှမြင့်ကို ကျွန်တော် မေးချင် တယ်၊ ပွင့်ပွင့်လင်းလင်းပေါ့ဗျာ၊ မနေ့က ကျွန်တော်တို့ အလုပ်ခန့်လိုက်တဲ့ မိန်းကလေးကို ဘယ်လိုမြင်လဲ"

မိုးမိုးအေး အပြင်ဘက်မှ နားစွင့်နေမိသည်။ ရင်ထဲမှာ တထိတ်ထိတ်နှင့်။





"တော်ပုံရပါတယ်၊ ပညာအရည်အချင်းလဲ ရှိတာပဲ"

ဦးလှမြင့်ဖြေပုံက ရိုးရိုးသားသား ဖြစ်သည်။

"ဟာ....ခင်ဗျားကလဲ ကျွန်တော်မေးတာ အဲဒါမဟုတ် ဗျ၊ အဲဒီမိန်းကလေးရဲ့ ရုပ်ရည်ကို ပြောတာ"

မိုးမိုးအေး ရောက်သည့် နေရာမှာပင် မလှုပ်မယှက်ရပ် က် နေလိုက်သည်။

"ရုပ်ရည်ကလဲ မပြောရင် အပျိုလို့ ထင်ရတဲ့ ရုပ်မျိုးပဲ"

"ဒါပေမယ့်အပျိုမဟုတ်တော့ဘူးဗျ၊ သူ့ခမျာတစ်ခုလပ်"

"တစ်ခုလပ်"

မိုးမိုးအေး ရင်ထဲမှာ ပဲ့တင်ထပ်သွားသည်။

ယောက်ျားနှင့် ကွဲကွာစဉ်က လွတ်လပ်သွားသည်ဟူ၍ း သာခဲ့ရသည်။ တစ်ခုလပ် ဖြစ်သွားသည်ဟု မစဉ်းစားမိ။ ဦးစောအောင် ပြောမှပင် တစ်ခုလပ်အဖြစ်ကို သတိပြုမိ ားသည်။

"စာဆိုရှိတယ်ဗျ....ကိုလှမြင့် ကြားဖူးလား၊ တစ်ခုလပ်နဲ့ ပျိုစင်....ဘယ်သင်းသာလို့ယဉ်တဲ့၊ ကြက်တော်ပျ၊ စကုဗြတ် တစ်ခုလပ်တဲ့....ကောင်းတာတွေကို ပြောတာ၊ တချို့ ပြောတာလဲ ရှိသေးတယ်၊ စပါးစကုဗြတ်....မယားတစ်ခုလပ် "

မိုးမိုးအေးမျက်နှာတစ်ခုလုံး ပူခနဲဖြစ်သွားအောင် ခံစား သည်။

"ဒါပေမယ့် ဆရာ့မှာ မိန်းမကြီး ရှိပြီးသားပဲ"

နားရှက်စရာကောင်းသော စကားများဖြစ်သည်။

"ကျွန်တော်တော့ ဆုံးဖြတ်ပြီးပြီဗျ၊ သူ့ကို ပီအေခ
မယ်"

"အို...."

မိုးမိုးအေး ဒေါသဖြစ်မိသည်။

ဦးစောင်အောင်က ဆက်ပြောနေသေးသည်။

"ပီအေဆိုတော့ နယ်ကို ညအိပ်ညနေ ခရီးသွားရင်
ခေါ်သွားလို့ ရတာပေါ့၊ သူ့ကြည့်ရတာ တော်တော် လွ
လပ်ပုံရတယ်...."

"မိဘလဲမရှိ၊ ညီအစ်ကိုမောင်နှမလဲ တစ်ယောက်မှမရှိ
တစ်ခုလပ်ဖြစ်ရတဲ့အထဲ ကွက်လပ်တွေ အများကြီးရှိနေသေ
တယ်"

"ဦးစောအောင်က ဖြည့်ဆည်းပေးချင်လို့လား"

"ဟား....ဟား....ကျောင်းသားပြန်လုပ်မလို့လေ၊ အောက်
ပါ ကွက်လပ်များကို ဖြည့်ပါ"

"သူ့ပုံက တည်တည်လေးနော်၊ ခပ်လွယ်လွယ်တော့ ရမှာ
မဟုတ်ဘူး"

"ဟာ....ခင်ဗျားကလဲ အပျိုလောက်တော့ ဘယ်ခက်
မလဲဗျ၊ နာမည်ကိုက တစ်ခုလပ်လေဗျာ၊ ယောက်ျားနဲ့
ထိတွေ့ဆက်ဆံပြီးပြီ၊ အကြောသိရင် လွယ်ပါတယ်ဗျာ"





ဦးလှမြင့် မြင်ပုံ ပြောပုံက ထိန်းထိန်းသိမ်းသိမ်းဖြစ်သော်
လည်း ဦးစောအောင်မှာ ရွံမုန်းစရာ သဘောထားရှိသူ
အဖြစ် မိုးမိုးအေး စက်ဆုပ်မိသည်။

ထိုနေရာမှာပင် ရပ်လျက် အခိုင်အမာ ဆုံးဖြတ်လိုက်၏။

"ဟုတ်တယ်....ပြန်မယ်"

မိုးမိုးအေး လှည့်ထွက်တော့မည်အပြုမှာ....

"ဩော်....မိုးမိုးအေး"

ဦးစောအောင်အခန်းမှ ထွက်လာသော ဦးလှမြင့် မိုးမိုး
အေးကိုကြည့်ပြီး အံ့အားသင့်နေသည်။

"ဟုတ်ပါတယ်၊ ကျွန်မ ဒီနေရာမှာ ရောက်နေတာအတော်
ကြာသွားပါပြီ"

မိုးမိုးအေးက အသံကို ကျယ်ကျယ်မာမာ ပြောလိုက်၏။
အတွင်းမှ ဦးစောအောင် ကြားစေချင်၍ဖြစ်သည်။

"အို...."

မိုးမိုးအေးဆိုလိုသော အဓိပ္ပာယ်ကို နားလည်၍ ဦးလှမြင့်
အားနာနေမိသည်။

"ဦးလှမြင့်၊ ဘယ်သူလဲဗျ"

အတွင်းမှ ဦးစောအောင် မေးသံနှင့်အတူ အခန်းအပြင်
သို့ ထွက်လာသည်။

"ဩော်....မိုးမိုးအေး၊ အလုပ်လာတာ အစောကြီးပါ
လား"

"အလုပ်လာတာ မဟုတ်ပါဘူး၊ အလုပ်မလုပ်နိုင်ကြောင်း လာပြောတာပါ"

မိုးမိုးအေးက ခပ်လေးလေး ပြောသည်။

"အို....ဘာဖြစ်လို့လဲ၊ ကျွန်တော်က ကျွန်တော့် ပီအေခန့်ဖို့ စိတ်ကူးထားတာ၊ အဲဒါ ဆိုရင် လစာလဲ တစ်ထောင့်ငါးရာက နှစ်ထောင့်ငါးရာအထိ တိုးပေးနိုင်တာပေါ့"

"ဘယ်သူ့ ပီအေမှ ကျွန်မမလုပ်ဘူး၊ ရှင် ပီအေခန့်ချင်တာက ယုတ်မာတဲ့ အကြံအစည်နဲ့"

"ဟင်....မင်း ဘာတွေပြောနေတာလဲ"

"ရှင်တို့ အထဲမှာစကားပြောကြတာတွေအားလုံး ကျွန်မ ဒီအပြင်ကကြားနေရတယ်လေ၊ တစ်ခုလပ်ဆိုတာ ယောကျ်ားနဲ့ ထိတွေ့ဆက်ဆံဖူးပြီးသား ဆိုပြီးတော့ ရှင်က လွယ်လွယ် ရဖို့ မျှော်လင့်နေတယ်....

"ရှင် မစဉ်းစားမိတာ ရှိတယ်၊ ယောကျ်ားနဲ့ညားပြီးမှ ကွဲကွာရတယ်ဆိုတာက တော်ရုံသင့်ရုံ စိတ်ပျက်စိတ်နာရုံနဲ့ ကျွန်မတို့ မိန်းကလေးတွေဟာ တစ်မျက်နှာကတစ်မျက်နှာ မပြောင်းရဲကြပါဘူး၊ အတော့်ကို မခံမရပ်နိုင်လောက် အောင် စိတ်ဆင်းရဲပြီးမှ ကွဲကွာကြတာ၊ အဲဒီကတည်းက ယောကျ်ားကို သိပ်ပြီး စိတ်ပျက်စိတ်ကုန်နေကြတယ်လေ....

"ရှင်တို့လို တဏှာရူးနေတဲ့ ကာမဘီလူးနဲ့တွေ့တော့ ပိုပြီး စိတ်ပျက်စရာ ကောင်းတာပေါ့"





ဦးစောအောင် ဘာမျှပြန်မပြောနိုင်ဘဲ မျက်လုံးအပြူး ားနှင့် နားထောင်နေသည်။

သူပြောသော စကားအားလုံး ကြားသွားမှန်း သိ၍ ည်း မျက်နှာပူနေရသည်။

"ရှင့်ကို ကျွန်မ နောက်ဆုံး နှုတ်ဆက်စကား တစ်ခွန်း ပြောခဲ့မယ်....

"တစ်ခုလပ်ပေမယ့် ကျွန်မမှာ ကွက်လပ်မရှိဘူး၊ အား ုံး ပြည့်စုံတယ်၊ ဘာလို့လဲ သိလား...."

မိုးမိုးအေးက ဦးစောင်အောင်ကို မေးခွန်းနှင့်အတူ စူးစူး က်စိုက် ကြည့်လိုက်သည်။ မိုးမိုးအေး၏ အကြည့်ကို ရှောင် ့်န် ဦးစောအောင် မျက်လွှာချလိုက်သည်။

ဦးလှမြင့်ကတော့ သူ့ စကား မလွန်သော်လည်း ကြားမှ မျက်နှာပူအားနာ ဖြစ်နေရသည်။

"ကျွန်မမှာ သားရှိတယ်ရှင့်၊ သားကိုချစ်တဲ့စိတ်နဲ့ ကျွန်မ မှာ အကြားအလပ် ဘာမှမရှိဘူး၊ ဘာမှလဲ ကွက်လပ်ဖြည့် စရာမလိုဘူး၊ ဒါကြောင့်မို့ တစ်ခုလပ်လို့သိရုံနဲ့တင် ကွက် လပ်ဖြည့်ချင်စိတ်၊ အထင်သေးစိတ် များနေတဲ့ ရှင်တို့အလုပ် မျိုးမှာ လခဘယ်လောက်ပေးပေး ကျွန်မ မလုပ်တော့ဘူး....

"ကျွန်မ ရှင့်လိုလူမျိုးကို သိပ်အထင်သေးတယ်"

မိုးမိုးအေးက နောက်ဆုံးစကားကို ဦးစောအောင်မျက်နှာ အသေအချာကြည့်ပြီး ပြောပစ်ခဲ့ခြင်း ဖြစ်သည်။

ဦးစောဉ္စ်ထွာင် ဘာမျှ ပြန်မပြောနိုင်ပါ။

ကိုယ့်အားနည်းချက်နှင့်ကိုယ်မို့ ဆွံ့အနေသူတစ်ယောက်လို နှုတ်ဆိတ်စွာ ကျန်ခဲ့ရသည်။

မိုးမိုးအေး ခြေသံက ပြင်းသည်။ အခန်းထဲမှ ထွက်သွားသည်။

ကျန်နေခဲ့သော ယောက်ျားကြီး နှစ်ယောက်လုံး ဘယ်သူမှ မခေါ်ဝံ့တော့ပါ။



## အခန်း (၄၃)

ဒုတိယအလုပ်မှာ အိမ်နီးချင်းတစ်ယောက်၏ ဆက်သွယ်ပေးမှုနှင့် ရခြင်းဖြစ်သည်။

ဆီပွဲရုံတစ်ခုမှာ လုပ်ရသည်။ ကီလီအထိ သွားရသော်လည်း လိုင်းကားတစ်ဆင့်တည်းနှင့် ရောက်သည်။

ဆီစက်ပိုင်ရှင်က ဖွင့်ထားသော ဆီပွဲရုံ ဖြစ်သည်။ ထိုပွဲရုံမှာ စာရင်းစစ်ဆေးပြီး လုပ်ငန်းကြီးကြပ်ကွပ်ကဲသော တာဝန်ယူရသည်။

ဆီချိန်ပေးသည့်၊ ဆီရောင်းသည့် မိန်းကလေးများရှိသည်။ ဆီပုံးသယ်၊ ပေပါရွှေ့၊ ဘုံပိုင်ထိုးသော အလုပ်သမားများလည်း ရှိသည်။ ထိုဆိုင်မှာ တာဝန်ခံသည် ဆီစက်ပိုင်ရှင်၏ သား ဘွဲ့ရလူငယ် မောင်မြင့်သိန်း ဖြစ်သည်။

မောင်မြင့်သိန်းသည် လုပ်ငန်းကို စိတ်ဝင်စားပုံမရ။ သတော်သားရှူး၊ ဂျပန်ရှူး ရှူးနေသူ ဖြစ်သည်။

ထို့ကြောင့် ဆိုင်မှာ အလေအလွင့်များ၍ မိုးမိုးအေးကို သ ကြပ်ကွပ်ကဲပေးရန် အလုပ်ခန့်ထားခြင်းဖြစ်သည်။

မိုးမိုးအေးက လုပ်ငန်းကို စနစ်တကျနှင့် စည်းကမ်းရှိ စွာင် ထိန်းကိုင်ပေးသည်၊ အလေအလွင့်မရှိအောင် ကြီး ကြပ်ပေးသည်။

နှစ်လခန့်မှာ ဝင်ငွေက သိသိသာသာ ကွာခြားပြီး တိုး တက်လာသည်။ မောင်မြင့်သိန်း၏ ဖခင် ဦးတင်ဆွေကိုယ် တိုင် ဆီပွဲရုံသို့လာ၍ မိုးမိုးအေးကို ချီးကျူးသည်။

ဆက်ပြီး တာဝန်ယူ လုပ်ပေးဖို့၊ သူ့လုပ်ငန်း တိုးချဲ့မည် ဖြစ်၍ မိုးမိုးအေးလို အရည်အချင်းရှိသော မိန်းကလေးမျိုး လိုအပ်ကြောင်း ပြောဆိုသည်။ လခရော ဆုကြေးပါ တိုး မည့်အကြောင်းကိုလည်း ပြောသွားသည်။

"မမအေးကို ကျွန်တော့် အဘိုးကြီးက တော်တော် သဘောကျသွားပြီ"

မောင်မြင့်သိန်း၏ စကားကို မိုးမိုးအေး ဘာမျှမတုံ့ ပြန်ဘဲ နေလိုက်သည်။

"တကယ်လဲ မမအေးက တော်ပါတယ်"

ချီးမွမ်းခြင်း ဖြစ်သော်လည်း အပေါ်စီးလေး၊ အပေါ် ယံလေးနှင့် ပြောနေမှန်း မိုးမိုးအေး နားလည်သည်။





"မမအေးက ချောလဲချောတယ်"

မောင်မြင့်သိန်း ကြည့်ပုံများကို မိုးမိုးအေး သတိထားမိ နေသည်မှာ ကြာပြီ။

ထိုမျက်လုံးများကို မိုးမိုးအေး သိသည်။ ရိုးသားစွာ ရင်း နှီး ခင်မင်စိတ်နှင့် ကြည့်ခြင်းမဟုတ်။ မရိုးသားသော အကြည့်၊ ညစ်ညမ်းသော သဘောထားများ ပါသည့် အကြည့် ဖြစ်သည်။

ထိုအကြည့်မျိုးများကို လမ်းပေါ်မှာလည်း တွေ့ရသည်၊ ဘတ်စ်ကားပေါ်မှာလည်း တွေ့ရသည်။

တချို့က အကြည့်နှင့်ပင် အားမရ၍....

'မခက သိပ်လှတယ်ဗျာ၊ မမကို စ,မြင်ကတည်းက ကျွန် တော် သိပ်သဘောကျတယ်' ဟု လိုက်ပြောသူများရှိသည်။

'နင့်အစ်မ သွားပြောချေ၊ ငါ့လာမပြောနဲ့၊ နားငြီး တယ်၊ ဆက်ပြောရင် ထီးနဲ့ရိုက်မယ်' ဆိုမှ ရှောင်သွားကြ သည်။

ငယ်ရွယ်သူများက ရိသဲ့သဲ့ ပြောသလို ကြီးသူများက လည်း ဘတ်စ်ကားပေါ်မှာ တိုးချင်တိုက်ချင်သည်၊ အနီး ကပ်ပြီးရစ်ချင်သည်၊ အကြည့်စူးစူးများနှင့် ဒဲ့ရှက်နည်းစွာ ကြည့်တတ်ကြသည်။

ငယ်ရွယ်သူတို့ ခပ်ကြမ်းကြမ်း တိုးတိုက်သည်ကိုကြောက် ၍ ကြီးသူများဆက်သို့ တိုးကပ်လျှင် သူတို့က မရိုးသား သော အကြံနှင့် ရေင်ဖွင့်နေတတ်သည်။

ကြီးသူရော ငယ်သူပါ မည်သူ့ကိုမျှ မိုးမိုးအေး အားမကိုး၊ ကိုယ့်အားကိုသာ ကိုးသည်။

မောင်မြင့်သိန်းက ရိသဲ့သဲ့တော့ မပြော။ သို့သော် အကြည့်များကတော့ မရိုးသား။

သူ မုန့်စားတိုင်း မိုးမိုးအေးကို ကျွေးသည်၊ လက်ဖက်ရည် သောက်လျှင်လည်း တစ်ခွက်ပို့ပေးသည်။

တစ်ခါတစ်ရံကျတော့ မိုးမိုးအေး စားပွဲရှေ့မှ ကုလားထိုင်မှာ လာပြီး မိုးမိုးအေးကို တစိမ့်စိမ့် ကြည့်နေတတ်သည်။

"မမအေးက တစ်ခုလပ်ပေမယ့် အပျိုနဲ့မခြားပါဘူးဗျ၊ တချို့အပျိုတွေထက်တောင် အများကြီးပိုလှတယ်"

မောင်မြင့်သိန်း ချီးကျူးသည်ကို မိုးမိုးအေး မကြိုက်။

"မင်း နောက်ကို ဘယ်တော့မှ ဒါမျိုးမပြောနဲ့၊ အဲဒါမျိုးတွေပြောရင် ငါဒီပွဲရုံမှာ ဆက်မလုပ်တော့ဘူး"

"ဟာ....မမအေးကလဲဗျာ၊ ကျွန်တော်က ရိုးရိုးပြောတာပါ၊ မမအေး မကြိုက်ရင် မပြောတော့ပါဘူးဗျာ"

မိုးမိုးအေး ပြောမိသည်ကိုပင် အားနာသွားမိသည်။

သို့သော်....

တစ်နေ့မှာတော့ ဂိုဒေါင်ထဲမှာ ဆီပေပါ လက်ကျန်များကို မိုးမိုးအေး စစ်ဆေးနေစဉ် မောင်မြင့်သိန်း ရောက်လာသည်။





"မမအေးကို ကျွန်တော် သိပ်ချစ်တယ်ဗျာ"

ပြောရင်းနှင့် ပခုံးနှစ်ဖက်ကို လှမ်းကိုင်လိုက်သည်။

"မောင်မြင့်သိန်း၊ ငါ့ကိုမထိနဲ့၊ ငါမကြိုက်ဘူး"

"ချစ်လို့ပါဗျာ"

အတင်းဖက်ပြီးပါးကိုနမ်းဖို့အထိ ကြိုးစားသည်။

သူ့အမူအရာကို ကြည့်ရုံနှင့် သိသာသည်။ တကယ်ချစ်၍ ဟုတ်၊ ခပ်ကဲကဲလေး ကြမ်းလိုက်လျှင် အလွယ်တကူ လက်ခံ ...ားမည်ထင်၍ ကြံစည်ခြင်းဖြစ်သည်။

မိုးမိုးအေး ကြောက်စိတ်မဖြစ်မိပါ။ ကြောက်စိတ်ဖြစ် ...ည်နှင့်တစ်ပြိုင်နက် ကိုယ့်ဘက်မှာ အားနည်းချက်တွေ ...ည်း ဖြစ်တတ်သည်ကို သိခဲ့ပြီ။

ကြောက်စိတ်မရှိမှ သူ့အားနည်းချက်ကို ရှာနိုင်သည်၊ ...တွေ့သည်နှင့် အမိအရ အသုံးချနိုင်သည်။

မောင်မြင့်သိန်းက ပါးကိုထိအောင် နမ်းဖို့ကြိုးစားစဉ် ...ပင် နှာခေါင်းကို ခေါင်းနှင့် တိုက်ပစ်လိုက်သည်။

"အား....အမယ်လေးဗျာ"

မောင်မြင့်သိန်း လက်နှစ်ဖက်လုံး လွတ်သွားသည်။

မိုးမိုးအေး ပါးကိုရိုက်မည်ပြုပြီးမှ ကိုယ့်လက်ကို အမြန် ...ိန်းချုပ်လိုက်သည်။

"မင့်အဖေမျက်နှာကိုထောက်ပြီး မင်းပါးကို ငါမရိုက်ခဲ့ ...ဘူး၊ တစ်ခုလပ်ဆိုပြီး အချောင်ရမယ်ထင်လို့ ကျောရုံကြံချင်

တဲ့ လူယုတ်မာ၊ မင့်အဖေရဲ့ သဘောထားကို လေးစားပေ
မယ့် မင့်သဘောထားကို စက်ဆုပ်လို့ ဒီနေ့ကစပြီး ငါ အလုပ်
ထွက်တယ်"

"မမအေး....ကျွန်တော် မှားသွားပါတယ်၊ ကျွန်တော်
တောင်းပန်ပါတယ်၊ အလုပ်ကတော့ မထွက်ပါနဲ့ဗျာ"

မြင့်သိန်း စိုးရိမ်တကြီး တောင်းပန်သည်။

သို့သော် မိုးမိုးအေး ဆုံးဖြတ်ပြီးဖြစ်၍ ပြန်လှည့်မကြည့်
တော့ပါ။



အခန်း (၄၄)

"ဝမ်းနည်းစရာလဲ ကောင်းတယ်၊ ဒေါသဖြစ်စရာလဲ
ကောင်းတယ် မိန္နယ်၊ နင်စဉ်းစားကြည့်စမ်း၊ ယောကျ်ား
တွေဟာ ဘာဖြစ်လို့များ တစ်ခုလပ်ဆိုတဲ့ မိန်းမတွေကို
အထင်သေး အမြင်သေးနဲ့ စော်ကားချင်ကြတာလဲ"

မိုးမိုးအေးကို ကြည့်၍ တင်နွယ်လတ် စိတ်မကောင်းဖြစ်မိ
သည်။

"အပျိုဆိုရင်လဲ အမျိုးဂုဏ်နဲ့ လေးစားတယ်ဟ၊ အထင်
သေး အမြင်သေး သိပ်မလုပ်ရဲဘူး၊ အိမ်ထောင်ရှိရင် ပိုဆင်
ခြင်ကြတာပေါ့ဟာ၊ ဘာသာရေးအရရော ဟရားဥပဒေ
အရရော ယောကျ်ားရဲ့ အရှိန်နဲ့ရောပေါ့၊ မုဆိုးမဆိုရင်
တော့ သနားတာတို့၊ အားနာတာတို့ကြောင့်လား မသိ
ဘူး၊ သိမ့်နဲ့ပြောင်ပြောင်ကြီး မစော်ကားရဲဘူး....

"တစ်ခုလပ်ကျတော့ မကောင်းပါဘူးဟာ၊ သိပ်ကို အထင်သေးခံရတာပဲ၊ မျက်နှာပြောင်တိုက်ပြီး ခေါ်ကား ချင်ကြတယ်....

"တစ်ခုလပ်တိုင်း ခပ်ပျက်ပျက် ခပ်နန့်နန့်လို့ သဘော ထားသလား မသိဘူး၊ လွယ်လွယ်ရမယ်ထင်ကြတယ်၊ သိပ် အသည်းနာစရာကောင်းတယ်....

"တကယ်ကတော့ တစ်ခုလပ် ဆိုတာ ကံမကောင်း အကြောင်းမလှလို့ အိမ်ထောင်ပျက်လာရသူတွေပါဟာ၊ သနားညှာတာဖို့ ကောင်းပါသေးတယ်"

"ခပ်ကဲကဲ....ခပ်ပျက်ပျက် တစ်ခုလပ်တွေလဲ ရှိခဲ့ကြလို့ ဖြစ်မှာပေါ့ဟာ"

တင်နွယ်လတ်က မိုးမိုးအေး စိတ်သက်သာစေချင်သည်။

"အေး....ဟုတ်တယ်၊ သူတို့ အိမ်ထောင်ကွဲရတာကိုက ခပ်ကဲကဲ....ခပ်ပျက်ပျက်ဖြစ်လို့ နေမှာ"

"အဲဒါမျိုးတွေနဲ့ ရောပြီး ကောင်းတဲ့လူလဲ မကောင်း အထင်ခံရတာပေါ့၊ ဒါပေမယ့်ဟာ ယောကျ်ားတိုင်းလဲ အဲဒီ လိုချည်းတော့ ဖြစ်မှာမဟုတ်ပါဘူး၊ ကောင်းတဲ့လူတွေလဲ ရှိမှာပါ"

"ရှိချင်တော့ ရှိမှာပေါ့ဟာ၊ ဒါပေမယ့် ယောကျ်ား အများစုကတော့ မကောင်းတာတော့ အမှန်ပဲဟာ၊ ဒီတစ်ခါ ငါ့အလုပ်ရှာပေးရင် ယောကျ်ားတွေ ဦးစီးတဲ့ အလုပ်၊ ယောကျ်ားတွေအများကြီးနဲ့ တွဲလုပ်ရတဲ့ အလုပ်မျိုး ရှာ မပေးနဲ့ဟာ၊ မိန်းမချင်းဆိုရင် ပိုအဆင်ပြေမယ်"





"ဟဲ့....နေဦး၊ မိုးမိုး အဲဒီလိုပြောမှ ငါသတိရတယ်၊ ပ်ချုပ်စျေးထဲမှာ ငါတို့အသိမမဦးဆိုင်ရှိတယ်၊ယောကျ်ား းမ အင်္ကျီအမျိုးစုံ၊ မိန်းမအသုံးအဆောင် ပစ္စည်းအမျိုးစုံ ာင်းတာ၊ မမဦးကိုယ်တိုင်ထိုင်တယ်၊ ရောင်းတာလဲ အား း မိန်းကလေးတွေချည်းပဲ၊ ဟိုတစ်နေ့ကပဲ သူ့ဆိုင်ရောက် ာ့ ဝါးခယ်မက ကောင်မလေး ပြန်သွားလို့ အရောင်း ိုင်ဘူးဖြစ်နေတယ်၊ အစားမထိုးရသေးဘူးဆိုရင် ငါပြော းလို့ရတယ်၊ နင်လုပ်မလား"

မိုးမိုးအေး စဉ်းစားနေသည်။

"တစ်ခုပဲရှိတယ်ဟာ၊ ငါက မနက်ရှစ်နာရီ သားလေး ကျိုပို့ရမယ်၊ ညနေလေးနာရီ သားလေးမူကြို ပြန်ကြိုရ ယ်၊ မနက်ကိုကိုးနာရီ ဆိုင်အရောက်လာနိုင်တယ်၊ ညနေ ျတော့ သုံးနာရီလောက် ပြန်ခွင့်ရချင်တယ်၊ အဲဒီလိုပြော မှာလဲ အားနာတယ်"

"အားနာပါနဲ့ဟာ၊ ပြောကြည့်ရမှာပေါ့၊ ငါက မမဦး ိုင်မှာ ဝယ်နေကျဖောက်သည်ဟ၊ ငါပြောပါမယ်၊ နင် ပြောတဲ့အချိန်အတိုင်း ဖြစ်တယ်ဆိုရင် လုပ်မလား"

"အေး....လုပ်မယ်"

ကိုယ်ရထားသောဘွဲ့နှင့် မကိုက်ညီသော်လည်း မတတ် ်။ ယောကျ်ားကြောက်သောမိန်းကလေးဖြစ်၍ မိန်းမချင်း ဆိုင်မှာ ထိုင်ရန် ဆုံးဖြတ်လိုက်ရသည်။

## အခန်း (၄၅)

မိုးမိုးအေးက အလုပ်တစ်ခုလုပ်လျှင် တာဝန်ကျေချ
သည်။ သူ့ဆန်စား ရဲမှ ဆိုသကဲ့သို့ လခပေးထားသေ
အလုပ်ရှင် ကျေနပ်စေချင်သည်။

တခြားမိန်းကလေးတွေ ကိုးနာရီမှ ရောက်သော်လည်း
မိုးမိုးအေးက ဆိုင်ကို ရှစ်နာရီခွဲရောက်သည်။ သားကို မူကြို
ပို့ပြီးသည်နှင့် ဆက်လာရခြင်းဖြစ်သည်။

မမဦးနှင့်အတူ ဆိုင်ဖွင့်ဆိုင်ခင်း အလုပ်အားလုံး လုပ်
သည်။

အပြန်အလှန် လိုက်လျောမှုအဖြစ် မမဦးက မိုးမိုးအေးကို
ညနေ သုံးနာရီခွဲမှ ပြန်ခွင့်ပြုသည်။

မမဦးကို မိုးမိုးအေး သိပ်ကျေးဇူးတင်သည်။





တင်နွှယ်လတ်နှင့် မိုးမိုးအေး သွားပြောကြတော့ လွယ်
ယ်ကူကူနှင့် ဝမ်းပန်းတသာ လက်ခံသည်။

လခကတော့ ၁၄ဝဝ-သာ ရသည်။

ဆိုင်မှာ မမဦးနှင့် သူ့ညီမ ဝမ်းကွဲနှစ်ယောက် အပါ
ဝင်အားလုံး မိန်းကလေးတွေချည်း ဖြစ်သည်။

သို့သော် မိုးမိုးအေး တာဝန်ယူရသော ကောင်တာမှာ
သာကျော်ဝတ်အင်္ကျီများ၊ စပို့ရှပ်များ ရှိနေသည်။ ယခင်
းကလေးထွက်သွား၍ လစ်လပ်သည့်နေရာမှာ ဝင်ရခြင်း
စ်သည်။

မိုးမိုးအေးက မမဦး ရောင်းဝယ်ပုံ၊ ပြောပုံကို အတုယူ
ည်။

မမဦးက သွက်လက်ချက်ချာသည်။ ချိုချိုသာသာနှင့် ရင်း
ခင်မင်စွာ ပြောတတ်သည်။

"ဒီအရောင်လေးက မောင်လေးနဲ့ သိပ်လိုက်တာ"

"ဟင်း....ဟင်း၊ ဒီအင်္ကျီဝတ်လိုက်ရင် အစ်ကိုကြီး ပိုနု
ားလိမ့်မယ်"

"ဒါက ခုမှ လာတဲ့ ပုံစံသစ်ပါ၊ အမျိုးအစားလဲကောင်း
ယ်၊ အဆင်လဲဆန်းတယ်၊ အစ်ကိုက အကောင်းကြိုက်
တ်လို့ ထုတ်ပြတာ"

ရောင်းလိုက်ရသည်က များသည်။ ယူသွားကြသည်ချည်း
စ်သည်။

မမဦးနည်းကိုသုံးပြီး မိုးမိုးအေး ကြိုးစားပြောသည်။
ထမ တစ်ရက်နှစ်ရက်တော့ ပြောရမှာ ရှက်နေသည်။

နောက်တော့ တဖြည်းဖြည်း ပြောကျင့်ရလာသည်။

မိုးမိုးအေး ချောချောမောမော ပြောနိုင်၍ ရောင်းရဝ
ရ အဆင်ပြေသည်။

"တွေ့လား....မိုးမိုးက မရှက်ဘူး၊ တော်လိုက်တာ၊ န
ရက် သုံးရက်နဲ့ ပြောတတ်ဆိုတတ်သွားပြီ၊ ညည်းတို့လုပ်
တာ ကြာလှပြီ၊ အလကားပဲ၊ သင်လို့ကို မတတ်ဘူး"

မဦးက မိုးမိုးအေးကို ချီးကျူးပြီး သူ့ညီမဝမ်းကွဲ န
ယောက်ကို ဆူပြောသည်။

မိန်းကလေးနှစ်ယောက် မျက်နှာတင်းသွားသည်ကို မိုး
အေး လှမ်းမြင်လိုက်သည်။

"ဘယ်ရှက်မလဲ....သူက တစ်ခုလပ်ပဲ"

မိန်းကလေးတစ်ယောက်က ခပ်တိုးတိုးပြောသော်လည်
ကောင်တာချင်းနီးနေသော မိုးမိုးအေး ကြားလိုက်ရ
သည်။ မမဦးနေရာကတော့ ကြားနိုင်မည် မထင်ပါ။

"ဩော်....ဒုက္ခ"

ဤတစ်ခုလပ်ပြဿနာသည် မိန်းမချင်းချင်းသာ ရှိ
သည့် နေရာမှာပင် မလွတ်နိုင်ပါလားဟု မိုးမိုးအေး စိ
အားငယ်မိသည်။

သို့သော် မိုးမိုးအေးရောက်မှ သူရောင်းသောကောင်တ
မှ အဝတ်အထည်များ အများကြီး ရောင်းနေရသည်ကို တ
ဆိုင်လုံး မည်သူမျှ မငြင်းနိုင်။

"မောင်လေး....ဘာလိုချင်လို့လဲ၊ ဆိုင်ထဲဝင်ကြည့်ပါ"

"အစ်ကိုကြီး ဘာရှာတာပါလဲ ရှင့်၊ ဝင်ကြည့်ပါရှင်"





ချိုသာ၍ ဆွဲဆောင်မှုရှိသော အသံနှင့် မိုးမိုးအေးက အစဉ်အမြဲဖိတ်ခေါ်နေသည်။

အထဲရောက်လျှင်လည်း တစ်ထည်မဟုတ် တစ်ထည်၊ တစ်မျိုးမဟုတ် တစ်မျိုး ဝယ်သွားကြသည်ချည်းဖြစ်သည်။

လက်ချည်းသက်သက် လွတ်ထွက်သွားသူနည်းသည်။

တစ်နေ့တော့ မိုးမိုးအေးခမျာ ဈေးဝယ်အခေါ်ကောင်းမိ၍ တစ်ဆိုင်လုံး ဝိုင်းဟားသည်ကို ခံရသည်။

အသက်လေးဆယ့်ငါးနှစ်ခန့် လူကြီးတစ်ယောက် ဆိုင်ထဲဝင်လာသည်။

"အစ်ကိုကြီး ဘာရှာပါသလဲရှင်၊ ကျွန်မ ဘာကူညီရပါမလဲရှင်"

မိုးမိုးအေး မေးသည်ကို လူကြီးက လှည့်မဖြေ၊ ကောင်တာ အခန်းများကိုသာ လိုက်ကြည့်နေသည်။

"အစ်ကိုကြီး လိုချင်တာကို အမိန့်ရှိပါရှင်၊ ရှပ်အင်္ကျီဆိုက်အမျိုးမျိုး ရှိပါတယ်၊ မာတင် ယူမလား၊ သရီးရိုင်ဖယ်လား၊ မိကျောင်းလဲ ရှိပါတယ်၊ ဒိုင်ပစ္စည်းမဟုတ်တာ အာမခံပါတယ်"

မဦးအပါအဝင် ဆိုင်ထဲရှိလူအားလုံး အံ့အားသင့်စွာနှင့် မိုးမိုးအေးကို လှမ်းကြည့်နေကြသည်။

ဘာပြောရမှန်းမသိလည်း ဖြစ်နေသည်။

ထိုအချိန်တွင် ကောင်တာများကို လိုက်ကြည့်နေသော လူကြီးက သူ့ကိုပြောနေမှန်း သိသွား၍ မိုးမိုးအေးကို တအံ့တသြ လှမ်းကြည့်လိုက်သည်။

"ဟာ....မင်းက ငါ့ကို ဈေးရောင်းနေတာလား၊ ကောင်းပါကွာ၊ ဟား....ဟား....ဟား"

ကောင်တာများကို လိုက်ကြည့်နေသော ယောက်ျားကြီးက ရယ်၍မဉီးအပါအဝင် ဆိုင်ထဲမှ မိန်းကလေးများ အားလုံး ရယ်သံ ပေါက်ကွဲသွားကြသည်။

ဘေးဆိုင်များမှပင် လှမ်းကြည့်ကြသည်။

မိုးမိုးအေး အံ့အားသင့်နေသည်။ ဘာကြောင့် ရယ်ကြမှန်းမသိ။

မိန်းကလေးများက ရယ်၍ ကောင်းနေကြဆဲ။ သည်အထဲမှာ ဟားချင် သရော်ချင်သည့် သဘောများကိုလည်း မိုးမိုးအေး တွေ့မြင်သတိထားမိပါသည်။

"အင်း....မင်း တော်တယ်၊ ဈေးရောင်းတယ်ဆိုတာ အဲဒီလို သွက်လက်ချက်ချာနေရမယ်ကွ"

အံ့အားသင့်ပြီး အားလုံးကို နားမလည်နိုင်သော မျက်လုံးများနှင့် ကြည့်နေသည့် မိုးမိုးအေးကို လူကြီးက ချီးကျူးလိုက်သည်။

"မိုးမိုးက တစ်ခါမှ မတွေ့ဖူးသေးဘဲကိုး၊ ဟုတ်တာပေါ့၊ နောက်တော့ မှတ်ထားလိုက်၊ အဲဒါ မမဉီးရဲ့ အိမ်ဦးနတ် ဦးအောင်သန်းတဲ့၊ သူက ဈေး ဝယ် ဖို့ လာ တာ မဟုတ်ဘူး၊ ကောင်တာမှာ ဘာတွေလျော့သွားလဲ၊ ဘာတွေရောင်းကောင်းလဲ လာစစ်တာ၊ လိုတာတွေ ထပ်ဝယ်ပြီး ပြန်ဖြည့်ပေးရတယ်"

"ဩော်...."





ဆိုင်ရှင်၏ ယောက်ျားကို ဈေးအတင်း ရောင်းနေမိသည့်အတွက် အားနာစိတ်၊ ရှက်စိတ်များကို ခံစားရသည်။

"ကောင်းပါတယ်၊ အဲဒီအတိုင်းပဲ ရောင်းပါ"

ဦးအောင်သန်းက မိုးမိုးအေးကို အားပေးသွားသည်။

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

မိုးမိုးအေး ရှက်လည်းရှက်၊ မျက်နှာလည်းပူဖြစ်၍ ကျွန်...စ်ခဲ့ပါသည်။

## အခန်း (၄၆)

ဦးအောင်သန်းက ဆိုင်ကို သုံးရက်တစ်ခါ လေးရက်တစ်ခါ လာကြည့်ပြီး လိုသောပစ္စည်းများကို ဝယ်ယူဖြည့်ဆည်းပေးသည်။

မိုးမိုးအေး၏ကောင်တာမှ အရောင်းရများ၍ ထိုကောင်တာကို အမြဲတမ်း ဝင်ကြည့်ပြီး အမြဲတမ်း ဖြည့်ဆည်းနေရသည်။

"အစ်ကိုကြီး၊ ဂျင်းရှပ်အညို တွေ များများဖြည့်ပေးပါ၊ အဝယ်သိပ်လိုက်တာပဲ"

"အေး....အေး၊ ဝယ်ပေးမယ်"

"အစ်ကိုကြီး၊မိကျောင်းစပို့ရှပ်အဖြူရောင် ဒီဇိုင်းရှပ်ရှပ် ယှက်ယှက်မပါ၊ အစ်ကိုကြီး တစ်နေ့က ဝတ်လာတဲ့ အင်္ကျီမျိုး၊ ရရင် တင်ပေးပါနော်"

"အင်း....အရောင်က အဖြူချည်း၊ အဲဒီလိုခွဲပ ချင်လို့ မလွယ်ဘူး၊ ကြိုးစားတော့ ကြည့်ဦးမယ်"





"တီရှပ်ကတော့ အနက်ရောင် စတစ်ကာမှ လိုချင်တယ်နော်"

"ရပါတယ်"

ဦးအောင်သန်းမှာ ယခင်က လေးရက်တစ်ခါ ငါးရက်တစ်ခါသာ ဆိုင်ရောက်သည်။ ခုဆိုလျှင် နှစ်ရက်တစ်ခါလောက် ဆိုင်ရောက်နေရသည်။ မိုးမိုးအေး ရောင်းသောကောင်တာမှ လိုအပ်သည်များကို ဖြည့်ဆည်းနေရသည်။

ကျန်ကောင်တာများက အရောင်းရနည်း၍ ဖြည့်ပေးရလည်း နည်းသည်။

"ဟဲ....ခြားနားချက်ကတော့ မြင် တဲ့ အ တိုင်း ပဲ နော်၊ ကိုယ့်ကောင်တာကို ရောင်းကောင်းအောင် ကြိုးစားကြ၊ ခုတိုင်းဆိုရင် မိုးမိုးကို ဘောက်ဆူးပေးရလိမ့်မယ်"

ညီမနှစ်ယောက်က ဦးအောင်သန်းမမြင်အောင် မဲ့ကြရွဲ့သည်။

မိုးမိုးအေးကို ချီးကျူးတိုင်း သူတို့ သဘောမကျ။ မိုးမိုးအေး ရောက်လာမှ သူတို့အားလုံး နှိုင်းယှဉ်အပြောခံရ၊ အပြစ်ပြောခံရသည်ကိုလည်း မကျေမနပ် ဖြစ်ကြသည်။

နေ့ခင်းတွင် အားလုံး လက်ဖက်သုပ်စားကြရန် မိုးမိုးအေးနှင့် အရောင်းမိန်းကလေး စိုးစိုးမာတို့ လက်ဖက်သုပ်သွားဝယ်သည်။

အပြန်တွင် စိုးစိုးမာက ဒိန်ချဉ်သောက်ချင်သည်ဆိုပြီး ခဏကျန်ရစ်သည်။

မိုးမိုးအေးတစ်ယောက်တည်း ပြန်လာသည်။

ဆိုင်နှင့် ဘေးချင်းကပ်လျက် သစ်ခွဆိုင်ရှေ့ ရောက်တော့ အလွန်လှသော မိတ်ကပ်မရောင်မှာ အနီအစက်အပြောက် ကလေးများပါသည့် သစ်ခွပွင့်ကို တွေ့ရသည်။

"ဟယ်....လှလိုက်တာ"

ယခင်က တစ်ခါမျှမတွေ့ဖူးသော သစ်ခွပန်းမျိုး ဖြစ်သည်။

ဒိန်ချဉ် သောက်ကျန်ခဲ့သော စိုးစိုးမာလည်း လိုက်မလာသေး၍ စောင့်ရင်း သစ်ခွပန်းကို အနီးကပ် အသေအချာ သွားကြည့်သည်။

ကိုယ့်ဆိုင်နှင့် နံရံတစ်ချပ်သာ ခြားသည်။

ရှေ့ဘက်မှာ အင်္ကျီများ ချိတ်ဆွဲထား၍သာ ဆိုင်ထဲမှ လူများ မိုးမိုးအေးကို မမြင်ရခြင်း ဖြစ်သည်။

"အို....ငါ့အကြောင်း ပြောနေကြတာလားမသိ"

ကြားရသောစကားအတွက် မိုးမိုးအေး အံ့အားသင့်မိသည်။

မဦး၏ဝမ်းကွဲညီမ ကြော့ကြော့စိုး၏အသံဖြစ်သည်။

"မပြောမရှိနဲ့နော်၊ ကြိုတင် အသိပေးထားလိုက်မယ်၊ မမဦး သတိထား၊ အဲဒီမိန်းမက သူ့အသက်အရွယ်နဲ့ဆိုရင် ဦးကို အစ်ကိုကြီးလို့ မခေါ်သင့်ပါဘူး၊ ကြော့ကြော့တို့ခေါ်သလို ဦးခေါ်ချင်ခေါ်၊ ဒါမှမဟုတ် အန်ကယ်လို့ခေါ် ပေါ့၊ ခုဘော့ အစ်ကိုကြီးချင်း ထပ်နေတာပဲ....

"အပြောကလဲ သိပ်ရဲတယ်နော်၊ မလွယ်ဘူး၊ အစ်ကိုကြီး၊ ဂျင်းရှပ်အင်္ကျီ ရောင်းကောင်းတယ်၊ အစ်ကိုကြီး၊ စပို့





ရှပ်အဖြူ မရှိတော့ဘူး၊ ဦးက တစ်သက်လုံး လုပ်လာတာ၊ သူ့ထက်ပိုသိတာပေါ့"

"ဘာမှမဟုတ်ဘူး၊ တစ်ခုလပ်မက အသံပေးနေတာ"

ကြော့ကြော့စိုးညီမ မိုးသူဇာပြောသည့် အမိပ္ပာယ်က ကြမ်းလှသည်။

မိုးမိုးအေး တစ်ကိုယ်လုံး ထူပူသွားသည်။ ဒေါသဖြစ်လွန်း၍ အသား ဆတ်ဆတ်တုန်လာသည်။

စိတ်ကို ထိန်းချုပ်မထားလျှင် မိုးသူဇာထံအမြန်သွားပြီး ပါးရိုက်ပစ်မိမည် ဖြစ်သည်။

ထိုအချိန်မှာ ကြော့ကြော့စိုးပြောသည့်စကားကို ကြားရတော့ ပိုပြီး မခံရပ်နိုင်စရာ ဖြစ်ရသည်။

"ဦးကလဲ၊ အဲဒီတစ်ခုလပ်မကို တော်တော် သဘောကျနေပုံရတယ်၊ အရင်ကဆို လေးငါးရက်ကြာမှ ဆိုင်လာကြည့်တယ်....

"လိုတဲ့ပစ္စည်း ဝယ်ဖြည့်တယ်၊ အခု မမဦး သတိထားမိလား၊ သုံးရက်တောင် မကြာဘူး၊ နှစ်ရက်တစ်ခါလာတယ်၊ လာရင်လဲ သူ့ကောင်တာဘက်မှာချည်းပဲ"

"ဟဲ့....အဲဒါကတော့ သူ့ကောင်တာဘက်က ရောင်းရတော့ အကုန်မျှားလို့ပါဟယ်"

မဦးက ဖြေသိမ့်စကားပြောသည်။

"ဟင်....မမဦးကလဲ၊ ဘာမှ သတိမထားမိဘူး၊ အဲဟာမ မျက်လုံးကြည့်ပုံက တစ်မျိုး၊ ကြော့တော့ သဘောမကျဘူး"

"အဲဒါမျိုးတွေကြောင့် သူ့ယောက်ျားနဲ့ ကွဲခဲ့တာဖြစ်မှာပေါ့တဲ့"

မိုးသူဇာက ဖြည့်ပေးသည်။

ကျန်သည့်မိန်းကလေးများမှာ ဘယ်သူမှ ဝင်ပြောသံမကြားရ၊ သူတို့ညီအစ်မသာ အားမနာတမ်း အတင်းချနေကြသည်။

"ကဲ....ဘာမှစိုးရိမ်မနေကြနဲ့၊ ငါက ငါ့ယောက်ျားကို မျက်ခြည်ပြတ်ခံတာ မဟုတ်ပါဘူး၊ ရိုးရိုးသားသားဆက်ဆံရင် ဘာမှမဖြစ်ဘူး၊ ငါ့ယောက်ျားကို မရိုးမသားဆိုရင်တော့ တစ်ခုလပ်လဲ မရဘူး၊ အပျိုလဲမရဘူး၊ ဘယ်သူမှ သည်းမခံဘူး၊ မိုးမီးလောင်ပြီသာမှတ်"

မဦးက မိုးမိုးအေးကို ပြောသလိုနှင့် အားလုံးကိုလည်း သတိပေးလိုက်ခြင်းဖြစ်သည်။

"အပျိုက အစိမ်းသက်သက်၊ ရှက်တတ်တယ်၊ ဒီလောက်မဆိုးဘူး၊ အဲဒီ တစ်ခုလပ်ကသာ နပ်လဲနပ်ပြီးသား၊ အရှက်ကလဲ သိပ်ရှိတာမဟုတ်ဘူး၊ ပိုကြောက်ရတယ်"

စိုးစိုးမာကို မစောင့်နိုင်တော့ပါ။

ကွယ်နေသေ အင်္ကျီများကိုဖယ်ပြီး အထည်ဆိုင်ဘက်သို့ ကူးခဲ့သည်။

"ဟယ်....ဟင်....ဘယ်ကနေ ဘယ်လိုထွက်လာတာလဲ"

ကြော့ကြော့စိုးနှင့် မိုးသူဇာ မလုံမလဲဖြစ်နေကြသည်။

"ဟိုဘက်ဆိုင်က ကူးလာတာလေ၊ နင်တို့ပြောတာတွေ ငါအားလုံးကြားရတယ်"





မိုးမိုးအေးက ခပ်မာမာပြော၍ ဆိုင်ထဲမှ မိန်းကလေး
ား စိုးရိမ်စွာနှင့် မိုးမိုးအေးကို လှမ်းကြည့်နေကြသည်။

"ရှင်....ဟိုဘက်ဆိုင်ကနေ ချောင်းနားထောင်တာပေါ့
တ်လား"

မိုးသူဇာက မကျေနပ်။

"အဲဒီလို အောက်တန်းကျတဲ့အလုပ်ကို ငါမလုပ်ဘူး၊ ငါ
ာသာ စိုးစိုးမာကိုစောင့်ရင်း သစ်ခွပန်းအသစ်ရောက်နေ
ာ သိပ်လှလို့ ခဏဝင်ကြည့်တာ၊ နင်တို့ညီအစ်မ အတင်းချ
နတာတွေ ကြားရတော့ ငါ သိပ်အံ့ဩတယ်"

မဦးက မိုးမိုးအေးကို လှမ်းကြည့်လိုက်သည်။

တစ်[illegible]တစ်ခု ဖြတ်ပြောရန် ကြိုးစားသည်ကို မိုးမိုးအေး
 လက်ပြပြီး တားလိုက်သည်။

"ခဏလေးပါ မမဦး၊ မိုးမိုး ဆက်ပြောပါရစေ၊ မိုးမိုး
ဩတာက မိန်းမအချင်းချင်း ဒီလောက်အထိ [illegible]
ော်ကားလိမ့်မယ်လို့ မိုးမိုး လုံးဝ မထင်ခဲ့ဘူး....

"မှန်ပါတယ်၊ မိုးမိုး တစ်ခုလပ်ပါ၊ ဒါပေမယ့် မိုးမိုး
ယောက်ျားမယူချင်ဘူး၊ မေမေပေးစားလို့ မိဘစကားနား
ထောင်ပြီး ယူခဲ့တာပါ၊ ယောက်ျားက ဆိုးလွန်း အနိုင်ကျင့်
န်းတာတောင် မိုးမိုး သည်းခံပြီးပေါင်းခဲ့ပါတယ်၊ နောက်
း ဘိန်းဖြူထိုး၊ လူကိုနှိပ်စက်၊ ဆက်ပေါင်းရင် ဘယ်လိုမှ
ကောင်းတော့လို့ လမ်းခွဲခဲ့တာပါ....

"မိုးမိုးကဲလို့၊ မကောင်းလို့ ကွဲခဲ့တာ မဟုတ်ပါဘူး....

"ယောက်ျားနဲ့ ကွဲပြီးလို့ အလုပ်ဝင်လုပ်တော့လ
ယောက်ျားတွေက တစ်ခုလပ်မဆိုပြီး အထင်သေးချင်တယ်
အတွေ့အထိရှိပြီးသား ခပ်လွယ်လွယ်ရမယ်ထင်ပြီး စော်ကာ
ချင်ကြတယ်....

"ဒါကြောင့်မို့ အဲဒီအလုပ်တွေကနေ တစ်ခုပြီးတစ်
ထွက်ခဲ့တယ်....

"ဒီဆိုင်မှာတော့ မိန်းမတွေချည်းဆိုတော့ အရင်အလု
တွေနဲ့စာရင် လခနည်းပေမယ့် မိန်းမချင်း စာနာမယ်ထ
လို့ ဝင်လုပ်တာပါ၊ ယောက်ျားတွေကို ကြောက်လို့ မိန်း
အချင်းချင်း အားကိုးတာပါ....

"မိုးမိုး သူများကို စော်ကားဖို့မပြောနဲ့၊ မလေးမစာ
တောင် မလုပ်ပါဘူး၊ မမဦးတို့လင်မယားက မိုးမိုးကျေးဇူ
ရှင်တွေပါ၊ သားလေးကြို့ ခွင့်ရအောင်လဲ စီစဉ်ပေးလို့ သိ
ကျေးဇူးတင်နေတာပါ....

"အဲဒီလိုကျေးဇူးရှိတဲ့ မမဦးကို စော်ကားဖို့ဆိုတာ မိုးမို
စိတ်နဲ့တောင် မဖြစ်နိုင်ပါဘူး....

"မမဦးကို ကျေးဇူးတင်လွန်းလို့ မိုးမိုး အလုပ်
အကောင်းဆုံးစေတနာထားပြီး လုပ်တာပါ၊ လုပ်တဲ့အတိုင်
ရောင်းကောင်းလို့ မိုးမိုး ဝမ်းသာနေတာ....

"ဒါပေမယ့် မမဦးတို့လင်မယားက မိုးမိုးကို ချီးကျူ
တော့ သူတို့ညီအစ်မ မိုးမိုးကို မကျေနပ်ဘူး၊ မိုးမိုး ရောက်
တုန်းကတည်းက မမဦးသင်ပေးတဲ့အတိုင်း လုပ်တော့ မရှ





ဘူး၊ တော်တယ်လို့ မမဦး ချီးကျူးတယ်၊ အဲဒီအချိန်မှာ
သူ....မိုးသူဇာ"

မိုးမိုးအေးက မိုးသူဇာကို လက်ညှိုးထိုးပြသည်။

"ဘယ်ရှက်မလဲ၊ သူက တစ်ခုလပ်ကိုးတဲ့၊ မမဦး မကြား
အောင် ပြောတယ်၊ မိုးမိုးက ကောင်တာချင်းကပ်နေတော့
ကြားတယ်၊မိုးမိုးသိပါတယ်၊ကြားအောင်လဲ ပြောတာပါ....

"အခုလဲ တမင်သက်သက် အားမနာဘဲ ညီအစ်မနှစ်
ယောက် ဝိုင်းပြီး ထိုးနှက်တိုက်ခိုက်နေကြတာပါ၊ သူတို့
အပျိုလေးတွေပါ၊ သူတို့ရုပ်ကလေးတွေနဲ့ ဒီလောက်အောက်
တန်းကျလိမ့်မယ်၊ ယုတ်မာလိမ့်မယ် မိုးမိုး မထင်ဘူး"

မိုးမိုးအေး ဒေါသအရှိန်တက်လာ၍ စကားလုံးများပါ
ကြမ်းလာသည်။

"ရှင်....နော်...."

"ရှင်...."

ကြော့ကြော့စိုးနှင့်မိုးသူဇာ စကားဖြတ်ဝင်ရန် ကြိုးစား
ကြသည်။

သို့သော် မိုးမိုးအေးက သူတို့နှစ်ယောက်လုံးကို စူးစိုက်
သော မျက်လုံးများနှင့် လှမ်းကြည့်ရင်း ဆက်ပြောသည်။

"ငါကိုယ်တိုင်ကြားရတဲ့ စကားတွေ၊ မမဦးလဲ ကြား
တာပဲ၊ ဘယ်သူ ဘာစကားတွေ ဘာကြောင့်ပြောတယ်ဆို
တာ မမဦး သိပါလိမ့်မယ်....

"ဒီမှာ၊ နင်တို့ကို ငါ ပြောခဲ့မယ်၊ စိတ်ချ၊ ကိုယ်ရတဲ့ ယောကျ်ားတောင် စိတ်ပျက်လို့ စွန့်ခွာလာတာ၊ သူများ ယောကျ်ားကို စိတ်နဲ့တောင် မပြစ်မှားဘူး....

"ကံမကောင်းလို့ တစ်ခုလပ်မ ဖြစ်လာရတဲ့ မိန်းမတစ် ယောက်ကို နင်တို့ မိန်းမချင်း စာနာသင့်တယ်"

"ကဲပါ မိုးမိုးရယ်၊ မမဦး ကြားထဲက တောင်းပန်...."

"အို....မတောင်းပန်ပါနဲ့မမဦး၊ မမဦးက မိုးမိုး ကျေးဇူး ရှင်ပါ....

"မိုးမိုး ကံမကောင်းဘူး မမဦး၊ ယောကျ်ားတွေကြောက် လို့ မိန်းမချင်း အားကိုးတော့လဲ မိန်းမချင်း အနိုင်ကျင့်ခံရ တယ်၊ တစ်ခုလပ်ဖြစ်ရတာ ယောကျ်ားတွေလဲ အထင်သေး တယ်၊ မိန်းမချင်းလဲ အထင်သေးတယ်....

"တစ်ခုလပ်ပေမယ့် မိုးမိုးမှာ ကွက်လပ်မရှိပါဘူး မမဦး၊ မိုးမိုးမှာ သားလေးရှိပါတယ်၊ အဲဒီသားလေးကြောင့် မိုးမိုး ဘဝတစ်ခုလုံး ပြည့်စုံနေပါတယ်"

"ကောင်းပါတယ် မိုးမိုးရယ်၊ ဒီမှာပဲ ပျော်ပျော်ရွှင် ရွှင် ဆက်လုပ်ပါ"

မိုးမိုးအေး၏ မဟုတ်မခံ မှန်သောသတ္တိကို မဦး သဘော ကျမိသည်။

မိုးမိုးအေးထွက်သွားမှာကို စိုးနေသည်။

"ဟုတ်ကဲ့ မမဦး၊ ကျေးဇူးတင်ပါတယ်၊ဒါပေမယ့် မိုးမိုး မလုပ်တော့ပါဘူး မမဦး၊ မိုးမိုး ဆက်လုပ်နေရင် သူတို့လဲ





သဘောကျမှာ မဟုတ်ဘူး၊ ဆက်ပြီးရန်လုပ်နေရင် မိုးမိုးလဲ ခံချင်မှာမဟုတ်ဘူး၊ မမဦးလဲ စိတ်ဆင်းရဲရလိမ့်မယ်....

"မိုးမိုး.....ဒီနေ့ပဲ အလုပ်ထွက်ပါရစေ"

"ဟယ်....မဟုတ်တာ၊ မိုးမိုးမထွက်ရဘူး၊ ဟဲ့ ကောင်မ တွေ၊ မိုးမိုးပြောတာအားလုံးမှန်တယ်၊ ငါ့သူငယ်ချင်းမိန္ဒယ် က မိုးမိုးအကြောင်း ငါ့ကို ပြောပြီးသား၊ နင်တို့ တောင်း ပန်လိုက်"

ညီမနှစ်ယောက် တောင်းပန်ရခက်နေသည်။တစ်ယောက် ကို တစ်ယောက် လှမ်းကြည့်ပြီး ခေါင်းများငုံ့နေသည်။

"မိုးမိုးရောက်မှ ငါတို့ဆိုင် ရောင်းကောင်းတာ၊ မိုးမိုး ထွက်သွားရင် နင်တို့ဦးလဲ စိတ်ဆိုးလိမ့်မယ်၊ ဟဲ့....တောင်း ပန်လိုက်ကြလေ"

မဦးက ပြဿနာရှာသော သူ့ညီမနှစ်ယောက်ကို စိတ် ဆိုးနေသည်။

"မတောင်းပန်ပါနဲ့၊ မမဦး တောင်းပန်မခိုင်းပါနဲ့၊ သူ တို့က မိုးမိုးထက် ငယ်ပါတယ်....

"မိုးမိုးသွားတော့မယ် မမဦး"

ဆိုင်ထဲမှာ အသင့်ရှိနေသော သူ့ခြင်းလေးကို ဆွဲယူပြီး မိုးမိုးအေး ရုတ်တရက် ထွက်သွားသည်။

"ဟဲ့....မိုးမိုး....ခြေဉ်"

မဦး စိတ်ပျက်စွာ မြည်တမ်းရင်း ကျန်ရစ်ခဲ့ပါသည်။

## အခန်း (၄၇)

“မိုးမိုးရယ်....ငါဖြင့် ကြားရတာ ယုံတောင် မယုံနိုင်အောင်ပါပဲ၊ ခုနပဲ မမဦး အိမ်လာပြောတယ်၊ ငါ စိတ်မကောင်းလိုက်တာဟယ်”

“စိတ်မကောင်းမဖြစ်ပါနဲ့ သူငယ်ချင်းရယ်”

မိုးမိုးအေး ပြောပုံက တည်တည်ငြိမ်ငြိမ်ဖြစ်သည်။တကယ်လည်း မိုးမိုးအေး တုန်လှုပ်ခြင်း မဖြစ်တော့ပါ။

“ဘာလို့ စိတ်မကောင်းမဖြစ်ရမှာလဲ မိုးမိုးရယ်၊ ငါ့သူငယ်ချင်းဘဝလေးဗီတစ်ခါတော့ အေးအေးဆေးဆေးမြင့်ပြီလို့ ဝမ်းသာနေတာ၊ ခုလို ပြဿနာ ဘယ်ဖြစ်စေချင်ပါ့မလဲ၊ မမဦး ပြန်သွားတာနဲ့ ငါ ချက်ချင်း နင့်အိမ် ပြေးလာတာ”

“မမဦးတို့ လင်မယားတော့ နင် ဘာမှ စိတ်နာစရာမရှိပါဘူး”

“မနာပါဘူး”

“အေး....သူတို့ လင်မယားကတော့ နင် မနက်ဖြန်ခါ အလုပ်ပြန်ဆင်းစေချင်တယ်၊ ငါ့ကိုလဲ အဲဒီလို ပြောပေးပါ





လို့ အကူအညီ တောင်းကြတယ်၊ နင်ပြန်လုပ်ပါဟယ်၊ သူတို့ကလဲ တောင်းပန်နေတာပဲ”

“သူတို့ တောင်းပန်စရာ မလိုပါဘူး၊ သူတို့မှာ ဘာအပြစ်မှ မရှိဘဲ”

“ဒါဆိုရင် နင် လုပ်မှာလား၊ ပြန်လုပ်ပါဟယ် နော်”

မိုးမိုးအေး ခေါင်းယမ်းပြသည်။

“ပစ်ခွာခဲ့တဲ့ နေရာတစ်နေရာကို နောက်တစ်ခါ ပြန်မသွားချင်တော့ဘူးဟာ”

“နင့်စိတ်ကလဲ သိပ်ဘင်းတာပဲကိုးဟာ”

“ငါ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တာပဲဟာ၊ တကယ်ဆို အကောင်းမဖြစ်ရင်တောင် ငါ ကျေနပ်သေးတယ်၊ ခုဟာက အဆိုးဆုံးတွေ အထင်ခံရ....အပြောခံရတာ”

“အဲဒီကောင်မလေးနှစ်ယောက်ကို ဦးအောင်သန်း စိတ်ဆိုးလွန်းလို့ ဆိုင်က ထုတ်ပစ်ခိုင်းတယ်ဟ”

“ဟယ်....အဲဒီလိုတော့ မကောင်းပါဘူး၊ အဲဒါတော့ မလုပ်ပါစေနဲ့ဟာ”

“အခုတော့ မမဦးက တောင်းပန်လို့ ထုတ်တော့ပစ်မှာ မဟုတ်ပါဘူးဟာ၊ဒါပေမယ့် ဦးအောင်သန်းက အဲဒီကောင်မလေး နှစ်ယောက်ကို တော်တော်ပြောဆိုပစ်တယ်တဲ့....

“အလကားဟာတွေ၊ ကိုယ်လဲ တိုးတက်အောင် မကြိုးစားဘူး၊ ကြိုးစားတဲ့လူရှိလို့ ဆိုင်မှာ ရောင်းကောင်းလာတော့လဲ အဲဒီလူကို မနာလိုဘူး၊ကတုန်းကတိုက်လုပ်တယ်....

"သူငါ့ကို အစ်ကိုကြီးခေါ်တာ ၊ ရိုးရိုးသားသားခေါ်တာ၊ မရိုးသားတဲ့မျက်လုံး၊ မရိုးသားတဲ့လေသံ၊ မရိုးသားတဲ့ အမူအရာ ဘာမှမရှိဘူး....

"နင်တို့လို ဟာမျိုးတွေပေါ့၊ ဟိုတစ်ယောက်ကို တွန်းချင် တိုက်ချင်တာနဲ့၊ သူများလင်မယားကြားမှာ ယုန်ထင် ကြောင်ထင်ဖြစ်အောင် လျှောက်ပြောချင်တဲ့ဟာတွေ....

"ငါ့မှာ အဲဒီလို ယုတ်ညံ့တဲ့စိတ်မရှိဘူး၊ ငါ့ကို အဲဒီလို ထင်တာမျိုး၊ ပြောတာမျိုး ဘယ်တော့မှ မလုပ်နဲ့၊ ဆူသိုက် ပြောလိုက်တာတဲ့....

"ကောင်မလေးနှစ်ယောက် ငိုကြတယ်တဲ့၊ မိုးမိုးပြန်လုပ်ရင် သူတို့ တောင်းပန်ပါမယ်လို့လဲ ပြောကြတယ်တဲ့"

"ဩော်....မိန္ဒယ်ရယ်၊ အဲဒီလို တောင်းပန်တာမျိုးမလုပ်စေချင်ပါဘူး၊ တောင်းပန်ရတယ်ဆိုတာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ထိခိုက်ပါတယ်၊ အားနာစရာကောင်းပါတယ်၊ မှားတာလဲ မှားပြီးပြီပဲ၊ ငါလဲ ပြန်မလုပ်တော့ဘူးလို့ ပြောပြီးသားပဲ"

"နင့်စိတ်ကလဲ ပြတ်သားလွန်းပါတယ်ဟာ"

"ဒီလောက်တော့ ပြတ်သားမှ ဖြစ်မယ်ဟ၊ အဲဒီလို မပြတ်သားခဲ့မိလို့ ငါ့ဘဝမှာ ဘယ်လောက်အထိ နာခဲ့တယ်ဆိုတာ နင်သိပြီးသားပဲ"

တင်နွယ်လတ် သက်ပြင်းတစ်ချက်သာ ချလိုက်နိုင်ပါသည်။



အခန်း(၄၈)

"မိုးမိုးရေ....နောက်ဘက်က ရေကပြင်လေးတော့ ကျွန်တော် ပြန်ရိုက်တာ အားလုံးပြီးသွားပြီ....

"မင်းတုပ်ထိုးလို့မရတဲ့ တံခါးပေါက်တွေလဲ အားလုံး ပြင်ပြီးပြီ"

ရပ်မိရပ်ဖတစ်ဦးဖြစ်သော ဦးခင်မောင်သည် တူနှင့်လွှကို ကိုင်၍ အိမ်ရှေ့ဘက်သို့ ထွက်လာသည်။

"ဦးခင်မောင်....ခဏလေး နေပါဦး"

မိုးမိုးအေး အဝတ်လျှော်နေရာမှ ခပ်မြန်မြန်ထွက်လာသည်။

အိမ်ရှေ့ခန်းတွင် ဦးခင်မောင် သူ့ပစ္စည်းများကို သိမ်းနေသည်။

"ကျွန်မ ဘယ်လောက်ပေးရမလဲ ဦးခင်မောင်"

"ဗျာ...."

ဦးခင်မောင် အံ့အားသင့်သွားသည်။

"တစ်ပြားမှ မပေးရပါဘူးဗျာ၊ ကျွန်တော် စေတနာနဲ့ ကူညီတာပါ"

စိတ်မကောင်းဖြစ်သွားပုံရသော လေသံဖြစ်သည်။

မိုးမိုးအေး အားနာပါသည်။ သို့သော် မတတ်နိုင်။

ယခင်ရက်များကလည်း ဦးခင်မောင် မကြာခဏ လာရောက်ကူညီထားသည်။

အိမ်ဘေးမှာ ရေသွယ်မြောင်း ဖောက်ပေးသည်၊ အိမ်ရှေ့ ဖိနပ်ချွတ်မှ ပျဉ်ချပ်များ ကျိုးနေသည်ကို ပြန်ဖာပေးသည်။

ထိုလုပ်ငန်းများမှာ အသေးအဖွဲများဖြစ်၍ ခဏလုပ်ရသောကြောင့် မိုးမိုးအေး ဘာမျှမပေးခဲ့။

ယနေ့အလုပ်ကတော့များသည်။တစ်နံနက်ခင်းလုံး လုပ်ရခြင်းဖြစ်သည်။

ဤပုံစံအတိုင်းဆိုလျှင် ကြာလေ သူ့မကျေးဇူးတွေ များလေ ဖြစ်လာမည်။

ကိုယ့်အိမ်မှာ အရာရာ သူက ကူညီပံ့ပိုးနေရသူ ဖြစ်လာတော့မည်။

ဦးခင်မောင်က စိတ်ရင်း သဘောထား ကောင်းသည်၊ လူတကာကို ကူညီတတ်သူဖြစ်သည်။

သို့သော်....

ဟင်း....ကိုယ်က တစ်ခုလပ်မ....





မိုးမိုးအေး နာကြည်းစွာ တွေးလိုက်သည်။

သူများထင်မှာ ပြောမှာကို မခံနိုင်၊ သူ့ဇနီး အထင်လွဲ ည်ကို ပို၍မခံနိုင်။

စေတနာနှင့် ကူညီသူကလည်း ကူညီရင်း ကူညီရင်းနှင့် ာစ်ခုလပ်ဖြစ်သူကို အခွင့်အရေး ယူချင်လာမည်။ အဖြစ် ခံနိုင်။

အစကဗျာည်းက ကင်းရှင်းဘာ ကောင်းသည်။

"ဦးခင်မောင်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လူ တွက ပြောချင် ဆိုချင် သိပ်များတယ်၊ အခကြေးငွေနဲ့ ိုရင် ဘာမျှ ထင်စရာ ပြောစရာမရှိဘူး၊ စေတနာနဲ့ ကူညီ ာဆိုရင် ကြာလာတာနဲ့ ပြောကြဆိုကြမှာ သေချာတယ်....

"နောက်ပြီး လူတွေက တစ်ခုလပ်ဆိုရင် အထင်သေးချင် ကြတယ်လေ၊ ဦးခင်မောင် စေတနာနဲ့ ကူညီတာတွေ များ လာရင် ဦးခင်မောင်ရဲ့ မိသားစုကာစပြီး ပြောလာနိုင်တယ်၊ ဘေးကလဲ ကိုယ့်အမစ်းကိုယ်စားပြီး ပြောဖို့ စောင့်နေကြတဲ့ လူတွေ အများကြီး....

"တစ်ခုလပ်ဆိုတာကို အထင်သေး အမြင်သေး ထိခိုက် ပြောမှာကိုကြောက်လို့ပါ၊ဦးခင်မောင်စေတနာကိုစော်ကား တာ မဟုတ်ပါဘူး၊ ကျွန်မကို သနားရင် အခကြေးငွေ ယူပါလို့ တောင်းပန်တာပါ"

ဦးခင်မောင် ခေါင်းညိတ်ပြသည်။

မိုးမိုးအေးပြောသည်ကို နားလည်လက်ခံသည်။

သို့သော် အဖြစ်က စိတ်မကောင်းစရာဟုလည်း ခံစားရသည်။ သူ့ပစ္စည်းများကို အိတ်ထဲ အားလုံး ထည့်ပြီးပြီမို့ အိတ်ကို ပိတ်လိုက်သည်။

မတ်တတ်ရပ်ပြီး အိတ်ကိုဆွဲယူ၍ လွယ်လိုက်သည်။

"ကျွန်တော် တစ်ပြားမှ မယူပါဘူး....

"နောက်လဲ တတ်နိုင်သမျှ မလာပါဘူး....

"ဒါပေမယ့် တကယ် လိုအပ်တဲ့ အကူအညီရှိရင်တော့ ပြောပါ၊ အဲဒီအခါတွေကျရင် ဒေါ်မိုးမိုးအေးရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ပေးဖို့ ကျွန်တော် အခကြေးငွေယူပြီး ကူညီပါ့မယ်"

ဦးခင်မောင် အိမ်ထဲမှ ရုတ်တရက် ထွက်သွားသည်။

မိုးမိုးအေး ရင်ထဲမှာ အားနာစိတ်ကြောင့် အနေရခက်လှသည်။

ကိုယ့်အဖြစ်က စေတနာနှင့် ကူညီသည်ကိုပင် မခံယူရဲသောဘဝ ဖြစ်နေရသည်ကိုလည်း စိတ်မကောင်းဖြစ်ရသည်။

....



## အခန်း (၄၉)

မိုးမိုးအေး နေ့ခင်းပိုင်းမှာ အလကား အားနေ၍ ကွန်ပျူတာသင်တန်း သွားတက်သည်။

ညနေကျမှ သင်တန်းစောစော ဆင်းပြီး မူကြို သွား၍ သားကိုကြိုသည်။

မူကြို ကျောင်းရှေ့မှ သရက်ပင် များ အောက် တွင် ကလေးကျောင်းကြိုသော မိခင်များ၊ အဒေါ်များ၊ အစ်မများ သူ့အစုနှင့်သူ ဝိုင်းဖွဲ့ စကားပြောနေကြသည်။

မိုးမိုးအေး ဘယ်သူနှင့်မျှ အသိမိတ်ဆွေ ဖွဲ့ချင်စိတ်မရှိ။ သူ့အကြောင်း ကိုယ့်အကြောင်း မေးရင်း ဖြေရင်းနှင့် တစ်ခုလပ်မ ဖြစ်သည်ကို အသိမပေးချင်။

...ကျောင်းကြိုလာတိုင်း စာအုပ်အငှားဆိုင်ဝင်ပြီး ...စာအုပ်တစ်စောင် ငှားခဲ့သည်။

ဟန်ကျသည်။ ကိုယ့်ဘာသာ တစ်နေရာမှာထိုင်ပြီး မဂ္ဂဇင်း ဖတ်နေလိုက်သည်။

ကိုယ့်ကို လှမ်းကြည့်ပြီး ပြောချင် ပြောနေကြလိမ့်မည်။ သည်...ကျတော့ မိုးမိုးအေး မစိုးရိမ်၊ ပြောချင် ပြောကြ။ ကိုယ့်ကို တိုက်ရိုက် မစော်ကားလျှင် ရသည်။

ကလေးသံများ ကြားမသည်။
"ဟော....ကျောင်းဆင်းပြီ"

လက်ထဲမှ မဂ္ဂဇင်းကို ပိတ်လိုက်သည်။

သားလေး ထွက်လာမည့် တံခါးဆီသို့ မတ်တတ်ရပ်ပြီး ကြည့်လိုက်သည်။

"မေမေ"

တံခါးမှ ထွက်သည်နှင့် တစ်ပြိုင်နက် အသံပေး၍ ပြေးထွက်လာသော သားလေး....

"မေမေ"

"လဲများလဲမှဖြင့် သားရယ်"
လက်ကိုဆန့်တန်း၍ အသင့်ကြိုထားလိုက်သည်။

"အွန့်...."
"အမယ်လေး သားရယ်....လဲမှဖြင့်"





ရင်ခွင်ထဲရောက်လာသော သားကို မွှေ့ချီလိုက်သည်။

သူများတွေက တော်တော်များများ မော်တော်ကားနှင့် ...လာကြိုကြသည်။

ဆိုင်ကယ်နှင့် ကြိုသူလည်း ရှိ၊ စက်ဘီးနှင့် ကြိုသူလည်း ...ရှိသည်။

မိုးမိုးအေးကတော့ သားကို ကိုယ်တိုင် ချီပိုးပြီး ခေါ်... ...သည်။

"သားကိုချီရတာ မောလိုက်တာ၊ မေမေ အမောပြေ... ...အောင် ကဗျာတစ်ပုဒ်လောက် ဆိုပြပါ သားရယ်"

မိုးမိုးအေးက တောင်းဆိုသည်။ သားငယ် ငြိမ်းချမ်း...အေးက ချက်ချင်းဆိုပြသည်။

"လူလေးကြီးရင် ဘာလုပ်မယ်....မေမေမေးရင်
ကွယ်....တံတားဆောက်လို့ စက်ရုံတည်၊ ဗိသုကာကြီး
လုပ်ပါ့မယ်....လူလေးကြီးရင် ဘာလုပ်မယ်....မေမေ
မေးရင်ကွယ်....ဖျားနာသူတွေ သနားတယ်၊ ဆရာဝန်
လုပ်လို့ ဆေးကုမယ်....လူလေးကြီးရင် ဘာလုပ်မယ်
မေမေမေးရင်ကွယ်....စာမတတ်တဲ့ ညီမငယ်၊ ကကြီး
ခကွေး သင်ပေးမယ်....သင်ပေးမယ်....သင်ပေးမယ်"

အသံနေအသံထားနှင့်တကွ လှုပ်လှုပ်ရှားရှား အမူအရာ...င့် သီဆိုပြသော သားကိုကြည့်ပြီး မိုးမိုးအေး ကြည်နူးမဆုံး...စ်နေသည်။

"တော်လိုက်တာ....မေမေ့သားလေးက တော်လိုက်တာ"

မိုးမိုးအေးက သူ့ရင်ခွင်မှ သားကို အားပါးတရ မွှေးလိုက်သည်။

ငြိမ်းချမ်းအေးက မိုးမိုးအေး၏ပါးကို ပြန်မွှေးသည်။

"ဩော်....သားလေးရယ်"

မိုးမိုးအေး ရင်ထဲမှာ သားကိုချစ်သည့်စိတ်နှင့် ပြည့်လျှံနသည်။ သားအမိနှစ်ယောက် ခုလိုနေရသည်ကို ပျော်သည်၊ ကြည်နူးသည်။ နောက်ထပ် ဘာမျှမလိုချင်၊ ဘာအနှောင့်အယှက်မှလည်း မခံချင်။

"ကဲ....သားလေးက ကြီးရင် ဘာလုပ်မှာလဲ၊ မေမေ့ပြောပါဦး၊ အင်ဂျင်နီယာကြီး လုပ်မှာလား၊ ဆရာဝန်ကြီးလုပ်မှာလား၊ ကျောင်းဆရာကြီး လုပ်မှာလား"

"အကုန်လုပ်မှာ"

သား၏ အဖြေကြောင့် မိုးမိုးအေး သဘောကျပြီး လမ်းပေါ်မှာပင် တဟားဟား ရယ်မိသည်။

"ဟုတ်တယ်၊ ကောင်းတယ်၊ အကုန်လုပ်၊ ငါ့သားကသိပ်တော်တာ"

သူ့သားဘာလုပ်လုပ် ဘာပြောပြော မိုးမိုးအေး သဘောကျနေသည်။

မွှေးလိုက်ရသည်ကလည်း မမောနိုင် မပန်းနိုင်။





ကျောင်းနှင့် အိမ်မှာ မဝေး။ (၁၅)မိနစ်ခန့်သာ လျှောက်ရသည်။

"ကဲ....အိမ်မရောက်ခင် နောက်တစ်ပုဒ်လောက် ဆိုပြပါဦး သားလေးရယ်"

"မေမေ မောလို့လား"

"ဒါပေါ့၊ မေမေ အမောပြေအောင်ပေါ့"

"တစ် နှစ် သုံး....လေး ငါး....ငါးလေးတစ်ကောင် ဖမ်းတယ်၊ ဘာဖြစ်လို့ လွှတ်လိုက်တယ်၊ ကျွန်တော့်လက်ကို ကိုက်တယ်၊ အားလာလား....အားလာလား...."

ငြိမ်းချမ်းအေးက သူ့လက်ကလေးကို ခါပြသည်။

မိုးမိုးအေး သဘောကျလွန်း၍ အပြုံးတွေ ဝေနေသည်။ ချစ်စရာကောင်းလိုက်တာ သားလေးရယ်။

"အမောပြေလား"

"ပြေပါပြီ သားလေးရယ်"

ခဏဆက်လျှောက်ပြီးတော့ မိုးမိုးအေးက အသက်ရှူသံပြင်းပြင်းနှင့် မောဟန်ပြုသည်။

"မေမေ မောနေပြန်ပြီလား"

"မောတာပေါ့ သားရယ်"

"ကဗျာဆိုရဦးမှာလား"

"ကဗျာဆိုရင် သားလေး မောနေပါ့မယ်၊ မေမေ့ပါးကို မွှေးလိုက်ရင် အမောပြေသွားမှာပါ"

ငြိမ်းချမ်းအေးက မိခင်၏ ပါးပြင်နှစ်ဖက်ကို အားပါးတရ မွှေးလိုက်သည်။

"အင်း....အမောပြေသွားတာပဲ သားလေးရယ်"

လမ်းနည်းနည်းလျှောက်လိုက် မောပြလိုက်၊ သားလေးက မွှေးလျှင် အမောပြေပြလိုက်နှင့် သားအမိနှစ်ယောက်၏ အိမ်အပြန်လမ်းမှာ အနမ်းပန်းများစွာ ပွင့်လန်းလျက်....

ပထမပိုင်းပြီး

လယ်တွင်းသားစောချစ်

ပြုံးပန်းတစ်ရာစာပေ

ဤ လယ်တွင်းသားစောချစ်၏ "တစ်ခုလပ်ပေမဲ့ ကွက်လပ်မရှိ"
စာမူခွင့်ပြုချက်အမှတ် ၃၃၁/၉၅ (၆)အရ၊ ဒေါ်တင်ရွှေ (၀၁၄၄၀)၊
သာပုံနှိပ်တိုက်၊ ၅၄၊ ၉၃လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့မှ
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၂၉၈/၉၅ (၆)အရ၊ ဦးကျော်စိန်
ကျောက်စိမ်းပုံနှိပ်တိုက်၊ ၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး
(၀၁၁၈၃) လှရွှေစာပေ၊ ၂၅၊ ၁၂၆လမ်း၊ ရန်ကုန်မြို့မှ ၁၉၉၅ ခု၊
အုပ်ရေ ၅၀၀ ကို တန်ဖိုး ၉၀ိ/ကျပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။
ဖြန့်ချိရေး - ပြုံးပန်းတစ်ရာစာပေ၊ ဖုံး -







# လယ်တွင်းသားစောချစ်

## တစ်ခုလပ်ပေမယ့် ကွက်လပ်မရှိ

(ဇာတ်သိမ်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေ
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေ
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေ

---

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

မိုးဆာဇကြိုးစား လုပ်အားဖြင့် နိုင်ငံတည်

ရပ်ရွာအေးချမ်းစေလို့ ဥစ္စာဒေရိပ်ကိုခို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ဓမ္မအဓိကတာဝန်ဖြစ်သည်

း (၅၀)

အိမ်ရှေ့မှာ ကားရပ်သံ ကြားရသည်။
၏ကားသံကို သိသည်။
"နေမင်းတစ်ရာများ ဖြစ်နေမလား"
"တီ....တီ....တီ....တီ....တီ"
သချ ပြီ။
နေမင်းတစ်ရာ၏ ကား။ ကားဟွန်းတီးသူမှာ နေမင်းတစ်

ဘေးမှာ သားလေးကို ကြည့်လိုက်တော့ နှစ်နှစ်ခြိုက်
် အိပ်ပျော်နေပြီ။
အိပ်ရာဘေးရှိ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်
ဉ်။ ည (၁၀) နာရီ။
သည်အချိန် သူဘာလို့ လာတာပါလိမ့်....

ပြုံးပန်းတစ်ရာစာစဉ်

မိုးမိုးအေး မထဘဲ နေလိုက်သည်။

သူတို့နှင့် လုံးဝ မပတ်သက်ချင်။ သူတို့အကြော
တွေးရုံပင် မတွေးဘဲ နေခဲ့သည်။

ဘာအနှောင့်အယှက်ပေးချင်လို့ပါလိမ့်....

စိတ်ထဲမှာ မကျေနပ်။

"မိုးမိုး....မိုးမိုး"

ခြံဝင်းတံခါး ပိတ်ထား၍ တားကို ခြံဝင်းရှေ့မှာရ
လှမ်းခေါ်နေခြင်းဖြစ်သည်။

မိုးမိုးအေး မထူးဘဲ နေလိုက်သည်။

"မိုးမိုး....ကျွန်တော်ပါ၊ တံခါးဖွင့်ပေးပါ"

မူးသံနှင့် အော်ပြောနေခြင်းဖြစ်သည်။

မိုးမိုးအေး မကျေနပ်။ ပတ်ဝန်းကျင်အမြင်မှာ သိက္ခ
မှာ စိုးရိမ်သည်။

"မိုးမိုး....ခင်ဗျား ဒီအချိန် မအိပ်သေးပါဘူးဗျ၊
တော် သိပါတယ်၊ ကျွန်တော့်ကို စောင့်နေကျအချိန်
တံခါးဖွင့်စမ်းပါ"

မိုးမိုးအေး ရင်ထဲမှာ တင်းခနဲ ခံစားရသည်။

ကွဲကွာပြီးဖြစ်ပါလျက် စော်ကားဝံ့သူကို သင့်ခန်
ပေးရန် ဆုံးဖြတ်လိုက်သည်။

သားလေးမသိအောင် ခုတင်ပေါ်မှ အသာဆင်းသ
အိမ်ရှေ့ခန်းမီးကို ဖွင့်လိုက်သည်။

"ဟော....မီးပွင့်သွားပြီ"

တခြားတစ်ယောက်၏ အသံဖြစ်သည်။





နမင်းတစ်ရာ တစ်ယောက်တည်း မဟုတ်သည်ကို မိုးမိုး
သတိထားလိုက်မိသည်။

မ်ရှေ့မီးကိုပါ ဖွင့်လိုက်သည်။

မ်ရှေ့မှာ မီးရောင်လင်းသွားသည်။

းမိုးအေး တံခါးဖွင့်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့သည်။

နေမင်းတစ်ရာ....နင် မိုက်ရိုင်းလှချည်လား၊ နင်နဲ့ ငါနဲ့
းသား....ရှင်းပြီးသား၊ ဘာမှမဆိုင်ဘူး၊ နင် ဘာလို့
နှောင့်ယှက်ရတာလဲ"

မိုးအေး တင်းတင်းမာမာ မေးလိုက်သည်။

နှောင့်ယှက်တာ မဟုတ်ဘူး၊ ကျွန်တော့်သားနဲ့ တွေ့
"

မတွေ့ရဘူး၊ နင်နဲ့ ဘာမှမဆိုင်ဘူး"

ဘာ....မဟုတ်တာဗျာ၊ ခင်ဗျားနဲ့က ကွာထားလို့ မဆိုင်
် သားနဲ့ ကျွန်တော်က ကွာလို့မရဘူးဗျ၊ သွေးတော်

နင်....ဟောချင်သလို ဟော၊ ပေချင်သလိုပေ၊ သားသမီး
ဘာသံယောဇဉ်မှမရှိ၊ ဘာတာဝန်မှလဲ မယူတဲ့လူ၊
တော်ပေမယ့် တာဝန်မဲ့တဲ့လူနဲ့ သားနဲ့ ဘာမှ မဆိုင်

ဆိုင်တယ်ဗျာ....တွေ့ချင်တယ်"

မတွေ့ရဘူး၊ နင် အခုပြန်သွား"

မပြန်ဘူးဗျာ....ခင်ဗျား တံခါးဖွင့်"

"မဖွင့်ဘူး၊ နင် အခု ငါ့ကို နှောင့်ယှက်မှုနဲ့ တရားစွဲ
နေပြီ"

"နှောင့်ယှက်တာမှ မဟုတ်ဘဲ၊ ကိုယ့်သားကို ငွေ
တောင်းတာပဲ"

"မတွေ့ရဘူးလို့ ပြောထားပြီ မဟုတ်လား"

"ရတယ်ဗျာ၊ မတွေ့ရရင် ခင်ဗျား ကျွန်တော့်ကို
ငါးထောင် ပေးလိုက်"

"ဟင်...."

မိုးမိုးအေး ဒေါသဖြစ်မိသည်။

ခုထိ ငွေလိုက်ညှစ်နေသော ဆေးသမား။

"အေး....နင် ငါ့ဆီက ငွေတော့မရဘူး၊ ထောင်ကျ
ရမယ်၊ နင် ခုမြန်မြန်ပြန်သွား"

"မသွားဘူး"

နေမင်းတစ်ရာက တင်းမာနေသည်။

"ဟေ့ ကောင်....ကိုနေ၊ သွားကြပါစို့ကွာ"

"မသွားဘူး....လုံးဝမသွားဘူး၊ ဒီမိန်းမကို စိတ်ဆ
အောင် သင်ခန်းစာပေးရမယ်"

မိုးမိုး ဆုံးဖြတ်ချက် ပြတ်သားသွားပါသည်။

ငါ ညှာနေစရာ မလိုတော့ဘူး....

ခြံထောင့်မှ အုတ်ခဲပိုင်းတစ်ခုကောက်ပြီး ကားမှန်
ပစ်ခွဲလိုက်သည်။

"ဒိုင်း....ချလွမ်"





"ဟောဒီမှာရှင့်....ဆေးသမားတွေ ကျွန်မကို အတင်း
ခြိမ်းခြောက်ပြီး ငွေတောင်းနေကြပါတယ်ရှင်၊ ရပ်ကွက်ထဲက
လူကောင်း သူကောင်းများ ကူညီကြပါရှင်"

မိုးမိုးအေးက အော်ဟစ် အကူအညီတောင်းလိုက်သ

"ဟင်...."

နေမင်းတစ်ရာရော သူ့အဖော်ပါ ပျာသွားကြသ

မိုးမိုးအေး ဤသို့လုပ်မည် မထင်။

ရပ်ကွက်ထဲမှ လူသံများကြားရသည်။

"ဘာဖြစ်တာလဲ၊ ဟေ....ဘယ်သူတွေလဲ၊ ဘယ
အသံများကြားရပြီ။

နေမင်းတစ်ရာနှင့် သူ့အဖော်များ ကားပေါ် ပြေ
ကြသည်။

"အဲဒီကားပေါ်မှာပါရှင်၊ ဆေးသမား နှစ်ယောက်
ကျွန်မကို ခြိမ်းခြောက်ငွေတောင်းနေကြပါတယ်"

မိုးမိုးက ထပ်အော်သည်။

"ခင်ဗျား မအော်နဲ့"

နေမင်းတစ်ရာ လှမ်းတားရင်း ကားစက်နှိုးသည်။

"ဟေ့ ကောင်တွေ နေဦး....မပြေးနဲ့"

ရပ်ကွက်ထဲမှ လူငယ်များ ကားဆီသို့ ပြေးသွားကြသည်။

"ဟာ....မောင်းပြေးပြီ၊ ထုကွာ"

တစ်ယောက်က လမ်းဘေးမှတွေ့သော ကျောက်ခဲနှင့်
ကောက်ထုသည်။

"ဒိုင်း...."

"ချလွှမ်"

ကားနောက်မှန်ကွဲသွားသည်။

နေမင်းတစ်ရာ ကားကို အမြန်ဆုံး မောင်းပြီး ထွက်ပြေး

။

ားဘရိတ်အုပ်သံ၊ ကွေ့သည့်အခါ မြည်သော အသံ

တကျွိကျွိကြားနေရသည်။

ငါး အနံ့ပြုံးလိုက်သည်။

တစ်ရာ နောက်တစ်ခါ လာဝံ့တော့မည် မဟုတ်

၍ ဖြစ်သည်။

ဤ



ခန်း (၅၁)

သားလေးကို မူကြိုပို့ပြီးသည်နှင့် တင်နွယ်လတ်တို့အိမ်

မိုးမိုးအေး ဆက်သွားသည်။

"ဟယ်....မိုးမိုး၊ ဟန်ကျတာပဲ၊ ငါတောင် နေ့လယ်ကျ

နှင့်အိမ်လာမလို့ဟာ၊ အတော်ပဲ"

မိုးမိုးအေးကို တင်နွယ်လတ် ဝမ်းသာအားရဆီးကြို

သည်။

"အလုပ်တစ်ခုတော့ အဆက်အစပ်ရနေပြန်ပြီဟ"

"ဟင်....ဟုတ်လား၊ ဘာအလုပ်လဲ ပြော"

မိုးမိုးအေး စိတ်ဝင်စားသည်။ အလုပ်မရှိဘဲနေရသည်မှာ

လကျော်သွားပြီ။

ကွန်ပျူတာသင်တန်းတက်လိုက်၊ သားလေးကြိုပို့လုပ်

က်နှင့် ရှိတာလေး ထိုင်စားနေရသည်။

လုပ်က ငါ့အစ်ကိုကြီးမိတ်ဆွေတစ်ယောက်ရဲ့ကုမ္ပ
ဟ၊ အစ်ကိုကြီးက အဆက်အစပ်လုပ်လာတာ”

“ကျေးဇူးတင်ပါတယ်ဟာ၊ ငါနဲ့ပတ်သက်ပြီး နင်
မောင်နှမတွေရော နင့်သူငယ်ချင်းတွေရော အလုပ်ရှုပ်နေ
ပြီ”

“မရှုပ်ပါဘူးဟာ၊ သွားရင်းလာရင်း အဆက်အစပ်
ရတာလောက်ပါ၊ နေဦး၊ နင် ခုမနက်စာ ဒီမှာစားဟ
အိမ်ပြန်ရင်လဲ နင်တစ်ယောက်တည်း စားရမှာ”

“တစ်ယောက်တည်းစားရတာ မပျင်းပါဘူးဟာ၊အမ
နဲ့စားပြီး နှိပ်စက်ခံရတဲ့ ဘဝမျိုး ပြန်မရောက်ရင် ပြီး
ပါပဲ”

မိုးမိုးအေးခမျာ ခံခဲ့ရသည့်ဒုက္ခကို မမေ့နိုင်သေး။

“အဲဒီဘဝမျိုးကတော့ ပြန်မရောက်တော့ပါဘူးဟာ”

“ကဲ....ငါ ဒီမှာ နင်နဲ့အတူ ထမင်းစားမယ်၊
အလုပ်လဲ ငါ့ကိုပြော”

မိုးမိုးအေး အလုပ်ကိုစိတ်ဝင်စားနေသည်။

“အေး....အလုပ်က တစ်ခုတော့ရှိတယ်ဟ၊ ကုမ္ပဏီ
ရှင်က ဒီမှာမရှိဘူး၊ စင်ကာပူမှာ၊ လုပ်ငန်းကတော့
တယ်၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းပဲ၊မန်နေဂျင်းဒါရိုက်တ
အမျိုးသား၊ တခြားလဲ စာရင်းစစ်တို့၊ ဒါရိုက်တာအဖွဲ့
တို့ အားလုံး အမျိုးသားချည်းပဲ....





“စာရေးတွေကလဲ အမျိုးသားတွေချည်းပဲ၊ သူတို့ကလဲ အမျိုးသမီးထားရင် ဇယားရှုပ်လို့ အစကတည်းက အမျိုးသားတွေချည်း ခန့်ခဲ့တာ....

“ခုတော့ ကွန်ပျူတာတတ်သူတစ်ယောက် လိုနေလို့ ရှာဖို့စဉ်းစားတုန်း အစ်ကိုကြီးကလဲ ရောက်သွားတော့ မိုးမိုး အကြောင်း ပြောပြတယ်၊ ကွန်ပျူတာ တတ် ထား တဲ့ အကြောင်းလဲ ပြောပြထားတယ်....

“အဲဒါ နင်စဉ်းစားလေ၊ လုပ်မယ်ဆိုရင် လျှောက်လွှာ တစ်စောင်ရေးရမယ်”

မိုးမိုးအေး စဉ်းစားနေသည်။

ယောကျ်ားတွေချည်းရှိသည်။ မိန်းကလေးတစ်ယောက် တည်း....

မထူးပါဘူး၊ မိန်းမတွေချည်း ရှိသည့်နေရာလည်း စော်ကားခံနေရတာပဲ....

ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူး၊ စော်ကား လာရင် ဘယ်သူမဆို ရင်ဆိုင်ရုံပဲပေါ့....

သတ္တိစိတ်ကို မွေးလိုက်သည်။

“စာရွက်တစ်ရွက်ပေးဟာ၊ ငါ လျှောက်မယ်”

မိုးမိုးအေး၏ ပြတ်သားပုံကိုကြည့်ပြီး တင်နွယ်လတ် ပြုံး လိုက်သည်။

အခန်း (၅၂)

အခန်းထဲမှာ တိတ်ဆိတ်နေ၍ လေအေးပေးစက်အသံကို
ညှင်ညှင်သာသာလေး ကြားနေရသည်။

အခန်းထဲမှာ အေးစိမ့်နေသော်လည်း မိုးမိုးအေးရင်ထဲ
မှာ မအေးပါ။

ဤအလုပ်ကို စွန့်လွှတ်ရမှာ နှမြောနေသည်။ လခက စစ
ချင်း ၁၆၀၀၊ ရှေ့ဆက် တက်လမ်းအများကြီးရှိသည်။

ခက်နေသည်က အလုပ်ချိန်ပြဿနာ။ အထွေထွေမန်နေ
ဂျာက အလျှော့ပေးမည့်ပုံမရှိ။

နိုင်ငံဘကာအဆင့်မီ ကုမ္ပဏီတစ်ခုအနေနှင့် စည်းကမ်း
ကျ လှုင်ချင်သည်။ နားလည်မှုဆိုသည်မှာ စည်းကမ်းကို
ဖျက်ဆီးသောစကားဟု ခံယူသားသည်။

ကိုယ့်ဘက်ကပဲ လျှော့ရမလား၊ လျှော့ရင် လေးနာရီ
ကျောင်းဆင်းတဲ့သားကို ဘယ်သူကြို့မလဲ....





မိုးမိုးအေး ဘာလုပ်ရမှန်းမသိ။

"ကျွန်တော့်ဘက်ကတော့ အဘိုးအလျှော့လုပ်စရာ မရှိ
ပါဘူး၊ အလုပ်ချိန်က သူ့စည်းကမ်းအတိုင်းပါပဲ၊ အများ
နည်းတူ ရုံးတက်ရမယ်၊ မနက် ကိုးနာရီခွဲပေါ့၊ ညနေမှာလဲ
အများ လိုက်နာရတဲ့စည်းကမ်းအတိုင်းပေါ့၊ လေးနာရီခွဲမှ
ရုံးဆင်းရမယ်"

ကွာခြားချိန်က တစ်နာရီတည်း ဖြစ်သည်။

"စဉ်းစားနိုင်ရင် စဉ်းစားပေးဖို့ မေတ္တာရပ်ခံတာပါ၊
ကျွန်မတို့မှာ သားအမိနှစ်ယောက်တည်း ရှိတာမို့ပ ။ သား
ကလဲ ငါးနှစ်မပြည့်သေးတဲ့ မူကြို အရွယ်မို့ပါ၊ နောက်ပြီး
အလုပ်ချိန်ကလဲ လျော့သွားတာမဟုတ်ဘူး ယူဆလို့ပါ၊
မနက်ကို ကျွန်မ ၈ နာရီခွဲမှာစပြီး ရုံးတက်ပေးမှာပါ"

အထွေထွေမန်နေဂျာ ဦးမြတ်ထွန်းက ခေါင်းကို ခါယမ်း
ပြလိုက်ပါသည်။

"ခင်ဗျားရောက်ပေမယ့် ကုမ္ပဏီကလူကြီးတွေမှ မရောက်
သေးဘဲ၊ တခြားလူတွေလဲ မရောက်သေးဘူး၊ အလုပ်က
ဘယ်လိုလုပ်မလဲ၊ ရုံးကို ရောက်ရုံတင် ရောက်နေလို့တော့
အလကားပေါ့"

ဦးမြတ်ထွန်းပြောပုံကို မိုးမိုးအေး မကျေနပ်။

"ကျွန်မကလဲ ရှစ်နာရီခွဲရောက်ပြီး ထိုင်နေမယ့်သဘော
မျိုး ပြောတာမဟုတ်ပါဘူး၊ မနေ့ညနေက စောပြန်သွားရ
တော့ မပြီးပြတ်ခဲ့တာတွေ ဆက်ပြီးလုပ်ရမှာပေါ့"

ဦးမြတ်ထွန်း ခေါင်းကို ထပ်ပြီး ခါယမ်းလိုက်ပြန်သည်။

"အဆင်ပြေမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရုံးချိန်သတ်
မှတ်တာကိုက အကြောင်းမဲ့ မှမဟုတ်ဘဲ၊ ကျန်တဲ့ရုံးတွေ၊
အစိုးရရုံးတွေနဲ့ ရုံးတက်ရုံးဆင်း ကိုက်ညီအောင် လုပ်ထား
ရတာ၊ နောက်တစ်ခုက မင်း အခုတောင်းဆိုသလို ကျန်တဲ့
သူတွေက တောင်းဆိုလာရင် ကျွန်တော်တို့ လိုက်လျောနိုင်
မလား၊ ဥပမာဆိုပါစို့ကွာ၊ လူတစ်ယောက်က မနက်ပိုင်း
ဒီပြင်အလုပ်တစ်ခုလုပ်ချင်လို့ ဆယ်နာရီခွဲမှ ရုံးတက်မယ်၊
ညနေကျတော့ ငါးနာရီခွဲအထိ နေပေးမယ်၊ ကဲ....အဲဒီလို
ပြောလာရင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ"

မိုးမိုးအေး စိတ်လျှော့လိုက်သည်။ သူပြောတာ သဘာဝ
ကျသည်ဟုလည်း ခံယူလိုက်သည်။

"ဟုတ်ပါတယ်၊ သဘာဝမကျတာကို အခွင့်အရေး
တောင်းမိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်"

"မတောင်းပန်ပါနဲ့၊ ဒါ တောင်းပန်စရာ မဟုတ်ပါဘူး၊
မိုးမိုးအေးဘက်ကလဲ မင်း သားလေးအတွက် အခက်အခဲ
ရှိလို့ ရိုးရိုးသားသား တင်ပြတာပဲ၊ ကျွန်တော်တို့ကလဲ
မလိုက်လျောနိုင်လို့ စိတ်မကောင်းဖြစ်ရတာပဲ"

သားလေး ညနေကျောင်းကြိုရေးအတွက် မိုးမိုးအေး
ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားနေရသည်။

"ဒါဆိုရင် ဒီအလုပ်ကို မိုးမိုးအေး လက်ခံနိုင်မလား"

ဦးမြတ်ထွန်းဘေးမှ မန်နေဂျာဦးစောလှိုင်းက မေး
သည်။

"ဟုတ်ကဲ့၊ လက်ခံပါမယ်"





"ဒါဆိုရင် မမိုးမိုးအေးကို ကျွန်တော် အလုပ်ခန့်လိုက်ပြီ၊
က်ဖြန်ကစပြီး အလုပ်ဆင်းပေတော့"

"ဟုတ်ကဲ့ပါ"

မူကြို ကျောင်းမှ ဆရာမတစ်ယောက်ကို သားလေးအတွက်
ကူအညီတောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ဆရာမကို အပိုကလေးထိန်းခ ပေးရမည်။

ရုံးဆင်းလျှင် သားလေးကို ဆရာမအိမ် ဝင်ခေါ်ရမည်။

သားလေးကိုတော့ သနားမိသည်။

ကျောင်းဆင်းချိန်မှာ သူများနည်းတူ လာကြိုသူ မရှိရှာ။
တော့ သားအမိနှစ်ယောက် လမ်းတလျှောက်လျှောက်မှာ
န်းပန်းတွေ ပွင့်နေကျ။ ခုတော့ ပွင့်ခွင့်မရ။

"သားလေးရယ်"

မိုးမိုးအေး သက်ပြင်းတစ်ချက်ချလိုက်သည်။

အခန်း (၅၃)

နံနက် (၈) နာရီခွဲမှာ မိုးမိုးအေး ရုံးကိုရောက်သွားသ
ရုံးစောင့်လေး သန်းတင် ရုံးတံခါးများကို ဖွင့်ပြီး
ရှင်းရေးလုပ်နေ၍ အပြင်မှာ ခဏစောင့်နေရသည်။
သန်းတင်ကို ကြည့်ရသည်မှာ ရိုးရိုးသားသားဖြစ်သ
ရုပ်ကလည်း ဖြူဖြူသန့်သန့်လေး။ သူ့မျက်လုံးကြည့်
မရိုးသားသော အဆန်းအပြားများ မတွေ့ရ။ ရိုးသ
လေးစားစွာ ခင်မင်ရင်းနှီးလိုမှုကို တွေ့ရသည်။

"လာလို့ရပါပြီ ခင်ဗျာ၊ အထဲမှာထိုင်ပါ"

သန်းတင်က လာခေါ်သည်။

"ဟို....အစ်မနာမည်က...."

"မိုးမိုးအေးပါ"





"ဩော်....ဟုတ်တယ်၊ မနေ့က ဆရာဦးမြတ်ထွန်း မှာ
ားတယ်၊ အစ်မလာရင် ကွန်ပျူတာခန်း ဖွင့်ပေးလိုက်
ါတဲ့၊ ကျွန်တော် ကွန်ပျူတာခန်း မနေ့ကရှင်းထားတယ်"

သန်းတင်က ကွန်ပျူတာခန်း ဖွင့်ပေးသည်။ ပေး
အခန်းက ကျယ်သည်၊ သန့်ရှင်းသပ်ရပ်သည်။
ျယ်ကြီးတစ်ခုပေါ်တွင် ကွန်ပျူတာစက်ကို တင်ထားစ်ယောက်
ားမှာ စားပွဲအသေးတစ်လုံးလည်း ရှိသေးသည်လေးပေါ့"

ခြင်းနှင့် အိတ်ကို စားပွဲအသေးပေါ် တင်လိုက်း
လက်တန်းပါကြိမ်ကုလားထိုင်ရှိသလို သားရေဖုံးနာမည်က
ုလားထိုင်လေးလည်း ရှိသည်။

အလင်းရောင် အားကောင်းသည်။ လေဝင် လေ အချို့
ကောင်းသည်။ အခြားအခန်းများနှင့်လည်း သီးခြားဖြ
ရောချင်လျှင် ဘယ်သူနှင့်မျှ ဆက်ဆံ ရောနှောနေစရာမ
အလုပ်ခန်းနေရာလေးကို သဘောကျသွားပြီ....

"အစ်မ....အကူအညီလိုရင် ခိုင်းစရာရှိရင် ကျွန်တော့်ကို
ခေါ်လိုက်နော်"

သန်းတင်က အပြင်ထွက်တော့မည်။

"အေး....အေး၊ ဩော်....မောင်သန်းတင် ခဏမ "

သန်းတင် အခန်းထဲမှ ထွက်တော့မည့် ခြေလှမ်းကို ပြန်
ိမ်းလိုက်သည်။

"ကွန်ပျူတာ စမ်းကြည့်ချင်လို့၊ မီးကြိုးတွေ တပ်ချင်
တယ်၊ မမကို ကူညီပါဦး"

"ဟုတ်ကဲ့"

သန်းတင်အကူအညီနှင့် ပလပ်ပင်များကို သူ့မီးခလုတ်နှင့်သူ ဆက်သွယ်လိုက်သည်။
ကွန်ပျူတာခလုတ်ကို ဖွင့်လိုက်သည်။
တောက်ပသည့် အစိမ်းရောင်သင်္ကေတလေးများ ဖန်သားမှာ ပေါ်လာသည်။
ပြီ မောင်သန်းတင်”
ာင် အခန်းထဲမှ ထွက်သွားသည်။
ကာစက်ခလုတ်များပေါ်မှာ မိုးမိုးအေး၏ဖြူသွယ်
က်ကလေးများနှင့် မထိတထိ လှုပ်ရှားကြည့်သည်။
ကျွမ်းကျင်သော ကွန်ပျူတာမဟုတ်သေး။
ဉ်ရီများ ထည့်ကြည့်သည်။
အျဂရမ်များ တင်ကြည့်သည်။
သူကိုင်ရမည့် ကွန်ပျူတာနှင့် အရင်းနှီးဆုံး မိတ်ဆွေများဖြစ်အောင် မိတ်ဆက်နေရသည်။

* * *

“မမ...ဆရာဦးမြတ်ထွန်းက အခေါ်ခိုင်းလို့”
အပြင်ဘက် အခန်းကျယ်မှာ စားပွဲရှည်ကြီးတစ်လုံးတွင် လူအားလုံး ထိုင်နေကြသည်။
ထိပ်ဘက်တွင် ဦးမြတ်ထွန်း ထိုင်နေသည်။
“မမိုးမိုးအေး....ထိုင်ပါ”





စားပွဲရှည်၏ တစ်ဖက်ထိပ်မှ ခုံလွတ်မှာထိုင်ရန် ဦးမြတ်ထွန်းက ညွှန်ပြသည်။
မိုးမိုးအေးကို အားလုံး ကြည့်နေကြသည်။
မောင်သန်းတင်က လက်ဖက်ရည်ခွက်များကို လိုက်ချပေးသည်။
“ကဲ....ဒီနေ့ကတော့ ငါတို့ ရုံးမှာ လူသစ်တစ်ယောက် ရောက်လာတဲ့အတွက် ကြိုဆိုတဲ့ လက်ဖက်ရည်ပွဲလေးပေါ့”
ဦးမြတ်ထွန်းက စပြောသည်။
“ရောက်လာတဲ့ လူသစ်ကလဲ အမျိုးသမီး၊ သူ့နာမည်က မိုးမိုးအေးတဲ့”
အားလုံးက မိုးမိုးအေးကို လှမ်းကြည့်နေကြသည်။ အချို့က ခေါင်းညိတ်ပြသည်။
မိုးမိုးအေးအတွက် မျက်နှာအထားရခက်သော တဒင်္ဂလေး ဖြစ်သည်။
ဦးမြတ်ထွန်းက ရုံးမှ လူတစ်ယောက်ချင်းနှင့် မိတ်ဆက်ပေးသည်။ မိတ်ဆက်ခံရသူက မတ်တတ်ရပ်ပြသည်။
မမိုးမိုးအေး လှမ်းကြည့်၊ ခေါင်းညိတ်ပြီး ဦးမြတ်ထွန်းပြောသော နာမည်ကိုမှတ်သည်။ အားလုံး မိတ်ဆက်၍ပြီးတော့ မည်သူ့နာမည်မျှ ခေါင်းထဲမှာ မရှိတော့ပါ။
“အေးလေ....နောက်တော့လဲ လုပ်ရင်းကိုင်ရင်းနဲ့ ရင်းနှီးသူတွေ ဖြစ်သွားမှာပေါ့”
နာမည်များကို မမှတ်မိသည့်အတွက် မိုးမိုးအေး စိတ်အနှောင့်အယှက် ဖြစ်မနေတော့ပါ။

"မစိုးမိုးအေးက ခုထိတော့ ငါတို့ရုံးမှာ တစ်ဦးတည်းသော အမျိုးသမီးပဲ....

"ဒါက ပြဿနာမဟုတ်ပါဘူး....

"အားလုံးဟာ ကိုယ့်အလုပ်ကို စည်းကမ်းရှိရှိနဲ့ ကြိုးစားလုပ်ကြဖို့ပဲ လိုပါတယ်"

ဦးမြတ်ထွန်းက မိုးမိုးအေးကို လှမ်းကြည့်လိုက်သည်။

"ကျွန်တော်တို့နိုင်ငံမှာ အခု အလုပ်လုပ်နေကြတာ စည်းကမ်းမရှိဘူး၊ အလုပ်ချိန်မှာ စုထိုင်စကားပြောတယ်၊ အလုပ်ချိန်မှာ လက်ဖက်ရည်ဆိုင် သွားတယ်၊ အလုပ်အချိန်မှာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ လုပ်တတ်ကြတယ်....

"အလုပ်ရှင်အတွက် ထိခိုက်တယ်၊ မထိခိုက်ဘူး ဆိုတာထက် အလုပ်တစ်ခုအနေနဲ့ သဘာဝမကျဘူး၊ အဓိပ္ပာယ်မရှိဘူး၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ ယှဉ်ပြိုင်လုပ်ရတဲ့ နေရာမှာ အဲဒီလို စည်းကမ်းမရှိ၊ စနစ်မကျတဲ့ လုပ်ငန်းတွေဟာ ပြုတ်ကျကျန်နေခဲ့မှာပဲ"

သန်းတင်က လက်ဖက်ရည်ခွက်များ ချနေဆဲ။

"ဒါဟာ စည်းကမ်းလို့တောင် သဘောထားဖို့မသင့်ဘူး၊ စည်းဆိုရင်မှ လိုက်နာရတာ တင်းကျပ်မှုကြီး ပါနေဦးမယ်၊ တကယ်တော့ ဒါဟာ မှန်ကန်တဲ့အသိပါ၊ အလုပ်တစ်ခုအတွက် လိုအပ်ချက်ပါပဲ"

နောက်ဆုံး လက်ဖက်ရည်ခွက်ကို သန်းတင်က ဦးမြတ်ထွန်းရှေ့မှာ ချလိုက်သည်။





"ကဲ....အားလုံး လက်ဖက်ရည်သောက်ကြပါဦး၊ တကယ်တော့ အခုလုပ်တဲ့ မိတ်ဆက်လက်ဖက်ရည် သောက်တာကိုက အလုပ်ချိန်ကို ထိခိုက်တာပါပဲ"

ရယ်သံအချို့ ထွက်လာသည်။ ဦးမြတ်ထွန်းက ပြုံးရုံမျှသာ ဖြစ်သည်။

မိုးမိုးအေးကိုယ်တိုင်လည်း နည်းနည်းတော့ ပြုံးလိုက်မိသည်။

ဒါဆို သူ ဘာလို့ လုပ်သေးလဲဟု တွေးမိ၍ဖြစ်သည်။

## အခန်း (၅၄)

ညနေ လေးနာရီခွဲတိတိမှာ မိုးမိုးအေး ရုံးဆင်းလာခဲ့သည်။ သူ့စည်းကမ်းကို လိုက်နာပြီးပြီ။ ကိုယ့်ဘက်ကလည်း တစ်မိနစ်ပင် အစွန်းမခံနိုင်။

ဆရာမအိမ်ရောက်တော့ ၄ နာရီ ၅၀ မိနစ်။

သားလေးက မိခင်ဆီပြေးလာပြီး ပါးနှစ်ဖက်လုံးကို နမ်းရှင်း ငိုသည်။

"အို....သားလေးရယ်"

မိုးမိုးအေးပါ မျက်ရည်ကျရသည်။

"ဒေါ်မိုးမိုးအေးသားက လိမ္မာပါတယ်၊ သူ့ဘာသာ စာအုပ်ထဲမှာ ပုံတွေဆွဲနေတယ်....

"အေးအေးဆေးဆေးနေတာပဲ၊ ခုမှ အမေလာလို့ မျက်ရည်ကျတာ၊ နောက်နေ့တွေကျတော့ နေသားကျသွားမှာပါ"





ဆရာမက သားကို ချီးကျူးစကားဆိုသည်။ မိုးမိုးအေး မျက်ရည်များကို သုတ်ပစ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာမရယ်....ကျေးဇူးတင်ပါတယ်"

"သားလေးက ပုံတွေဆွဲနေတယ် ဟုတ်လား"

မိခင်၏ အမေးကို သားငယ်က ခေါင်းညိတ်ဖြေသည်။

"ပြစမ်းပါဦး....မေမေ့ကို"

မိုးမိုးအေး သား၏ ပါးပေါ်မှ မျက်ရည်စလေးများကို ကြင်ကြင်နာနာသုတ်ပေးသည်။

ငြိမ်းချမ်းအေးက လွယ်အိတ်ထဲမှ သူ့စာအုပ်ကို ထုတ်ပြသည်။

"အို....ဒါက အိမ်လေး ဟုတ်လား သား"

ငြိမ်းချမ်းအေး ခေါင်းညိတ်သည်။

"ဒါက သစ်ပင် ဟုတ်လား သား"

ခေါင်းညိတ်သည်။

"ဒါကရော....သား"

"ပန်းပွင့်"

"ဩော်....ဟုတ်သားပဲ၊ ပန်းပွင့်လေး လှလိုက်တာ"

မိုးမိုးအေးက ချီးကျူးသည်။

ဆရာမက သားအမိနှစ်ယောက်ကိုကြည့်ပြီး ပြုံးသည်။

"မေမေ မနက်ဖြန်ခါ အလုပ်ကပြန်လာရင် သားဖို့ မော်တော်ကား ပုံဆွဲခဲ့ပေးပါနော်"

"ဩော်....အေး....အေး၊ ဆွဲခဲ့ပေးမှာပေါ့သားရယ်"

မိုးမိုးအေး ခပ်လွယ်လွယ်ပင် သဘောတူ ကတိပြုလိုက်သည်။

"ဆရာမ....ကျွန်မတို့ ပြန်ပါဦးမယ်နော်"

မိုးမိုးအေး နှုတ်ဆက်သည်ကို ဆရာမက ပြုံးရင်း ခေါင်းညိတ်ပြသည်။

"လာ....သားလေး"

မိုးမိုးအေးက သားငယ်ကို ပွေ့ချီပြီး ဆရာမ အိမ်ဝင်းထဲမှ ထွက်လာခဲ့သည်။

သားငယ်က မိုးမိုးအေး၏ ပါးကို မွှေးလိုက်သည်။

"ဩော်....မမောသေးပါဘူး သားရယ်"

မိုးမိုးအေး ကြည်နူးကျေနပ်စွာပြုံးလျက် လမ်းမကြီးပေါ်မှာ လျှောက်လှမ်းနေပါသည်။



ခန်း (၅၅)

ကွန်ပျူတာခလုတ်များကို နှိပ်၍ တစ်နေ့လုံး အလုပ်လုပ်သည်မှာ မိုးမိုးအေးအတွက် ဘာမျှ ပင်ပန်းသည် မဟုတ်ပါ။

အလုပ်လုပ်ချင်တုန်းမှာ အလုပ်လုပ်ရသည့်ကို ကျေနပ်နေသည်။

အလွန်ချစ်သော သားလေးကိုပင် မေ့နေမိ၏။

ညနေကျတော့ ခါတိုင်း သားလေးကို ကြိုနေကျအချိန်ရောက်သည်နှင့် စိတ်က အလိုလိုသိသည်။

နံရံပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။

လေးနာရီ....

သားလေး ကျောင်းဆင်းပြီ။

သူတကာမိဘတွေလာကြိုသည်ကိုကြည့်ပြီး စိတ်မကောင် ဖြစ်ရှာလိမ့်မည်။

သားလေးကို သနားမိသည်။ ခုမှ မောသွားသလိုခံစား သည်။

"မေမေ မနက်ဖြန်ခါပြန်လာရင် မော်တော်ကားပုံဆွဲ ပေးပါနော်"

သားလေးမှာသည်ကို နားထဲမှာ ကြားယောင်လာသည်

မော်တော်ကား....

မော်တော်ကားပုံဆွဲရန် ခေါင်းထဲမှာ စဉ်းစားကြည် သည်။

ကွန်ပျူတာကိုသုံး၍ မော်တော်ကားပုံဆွဲကြည့်ရန် အဖြ ရသည်။

ကောင်းတယ်၊ အဲဒါဆိုရင် သားလေး သိပ်သဘောက မှာပဲ....။

မိုးမိုးအေး ကြည်နူးဝမ်းသာဖြစ်ရသည်။

ကွန်ပျူတာ၏ ခလုတ်များကို အသုံးပြု၍ မျဉ်းကြောင် များ၊ မျဉ်းအထူကြီးများ ပုံဖော်သည်။

တဖြည်းဖြည်းနှင့် မော်တော်ကားပုံ ပေါ်လာသည်။

ဖြူဖွေးသော စာရွက်ပေါ်မှ ကားပုံကိုကြည့်၍ သဘော ကျနေသည်။





သားလေးမြင်လျှင် ပျော်ရွှင်သွားမည်ကို တွေး၍ ပြုံး လိုက်မိသည်။

ထိုအချိန်တွင် ကွန်ပျူတာပေါ်သို့ အရိပ်တစ်ခု ကျရောက် လာသည်။

"ဘယ်သူပါလိမ့်"

နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"အို...."

အထွေထွေမန်နေဂျာ ဦးမြတ်ထွန်းဖြစ်နေသည်။

"အဲဒါ ဘာပုံတွေဆွဲနေတာလဲ မမိုးမိုးအေး"

"သားလေးက ရုံးပြန်ရင် မော်တော်ကားပုံဆွဲခဲ့ဖို့ မှာ လိုက်လို့ပါ"

မိုးမိုးအေးက ရိုးရိုးသားသားပင် ဖြေလိုက်သည်။

"ဟာ....အဲဒါမှ ပြဿနာပဲ၊ မနက်ကပဲ ကျွန်တော် ပြောသေးတယ်လေဗျာ....

"ရုံးချိန်မှာ လက်ဖက်ရည်သောက်တာ၊ အပြင်ထွက် စွည်းဝယ်တာ၊ စုပြီး စကားပြောတာတွေ မလုပ်သင့် ကြောင်း၊ အခု နောက်တစ်ခု ထပ်တိုးရမယ်လိုဖြစ်နေပြီ၊အလုပ် ချိန်အတွင်းမှာ အရုပ်မဆွဲရလို့"

ဦးမြတ်ထွန်းကို ကြည့်လိုက်တော့ နောက်ပြောင်နေခြင်း ဟုတ်၊ အတည်ပြောနေခြင်းဖြစ်သည်။

မိုးမိုးအေးစိတ်ထဲမှာ မခံချင်ဖြစ်သွားသည်။ နည်းနည်း
လေးမှ ခွင့်လွှတ်သော မျက်စိနှင့် မကြည့်နိုင်သည့် ကိုမြတ်
ထွန်းကိုလည်း တစ်ပါးကျွန်ုပ်သလွန်းသည်ဟုမုန်းတီးမိသည်။

"ရပါတယ်၊ ကျွန်မ လေးနာရီအထိ အလုပ်တွေ တစ်နေ့
လုံး မနားတမ်း လုပ်ခဲ့တာပါ၊ လေးနာရီထိုးပြီးလို့ မခွဲခင်
နာရီဝက်ကျမှ ဒီပုံကိုဆွဲတာပါ၊မိနစ်သုံးဆယ်အတွက် ကျွန်မ
လုပ်ခကို ဖြတ်ပါ"

မိုးမိုးအေး မာရေကျောရေ ပြောလိုက်သည်။

"ကျွန်တော် လုပ်ခဖြတ်ချင်လို့ပြောတာ မဟုတ်ဘူး၊ကျွန်
တော်တို့လူမျိုးတွေ အကျင့်ပါနေတာကို မကြိုက်တာ
အလုပ်ချိန်မှာ အလုပ်ပဲ လုပ်စေချင်တယ်၊ အလုပ်နဲ့ မဆိုင်ထဲ
အချိန်ဖြုန်းတာမျိုး ဘာမှမလုပ်စေချင်လို့ ပြောတာ"

မိုးမိုးအေးရင်ထဲမှာ မကျေနပ်စိတ်ကြောင့် မျက်လုံးအိမ်
မှာ မျက်ရည်များ ပြည့်လျှံလာသည်။

ဟင်....ကြီးကျယ်လိုက်တာ၊ သူသာ ပိုင်ရှင်ဆိုရင်တော
မလွယ်ဘူး၊ အထွေထွေ မန်နေဂျာ လုပ်ရတာလေးနဲ့တော
ကြီးကျယ်နေလိုက်တာ....

ဦးမြတ်ထွန်းကို အမြင်ကတ်၍ အလုပ်အပေါ်မှာပါ စိတ်
စေတ ၁ ပျက်လာရသည်။

"ကျွန်တော်က ဂျပန်မှာနဲ့ စင်ကာပူမှာ ငါးနှစ်လောက်
နေခဲ့ အလုပ်လုပ်ခဲ့ဖူးတယ်၊ သူတို့ဆီမှာ ဒါမျိုးမရဘူး၊ ကျွန်





တော့် ဖြစ်စေချင်တာက ကျွန်တော်တို့ လူတွေ အားလုံး
တိုးတက်စေချင်တာ၊ အလုပ်မှာ ပေါ့ပေါ့ဆဆ သဘော
မထားစေချင်တာ၊ ဒါမှ ကျွန်တော်တို့ သူတို့ကို ယှဉ်နိုင်မှာ၊
သူတို့ထက်သာအောင်ကို လုပ်ရဦးမှာ"

ဦးမြတ်ထွန်း အခန်းထဲမှ ထွက်သွားသည်။

မော်တော်ကားပုံပါသော စာရွက်ကို ကွန်ပျူတာထဲမှ
ဆွဲထုတ်ပြီး မိုးမိုးအေး အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပစ်လိုက်
သည်။

* * *

"ဟာ....ကားလေးလှလိုက်တာ"

ဆရာမအိမ်မှာ စောင့်နေရှာသော ငြိမ်းချမ်းအေး မိခင်
လက်မှ မော်တော်ကားလေးကို မြင်၍ ဝမ်းသာအားရ ဖြစ်
သွားသည်။

မိခင်လှမ်းပေးနေသော ကားလေးကို အပြေးသွားယူ
လိုက်သည်။

ဦးမြတ်ထွန်းကြောင့် ရေးဆွဲပြီးသား မော်တော်ကားပုံ
ကို ဆုတ်ဖြဲခဲ့ရ၍ မိုးမိုးအေး ရုံးမှအပြန်တွင် အရုပ်ဆိုင်ဘက်

သို့ လှည့်ဝင်ပြီး သံပတ်ပေးသော ကားရုပ်တစ်ခု ဝယ်ခဲ့ခြင်း
ဖြစ်သည်။

"ဆရာမ....သားလေးကို ခေါ်သွားတော့မယ်နော်"

"ဟုတ်ကဲ့ပါရှင်"

သားအမိနှစ်ယောက်ကို ကြည့်ပြီး ဆရာမ ပြုံးနေသည်။

ကားရုပ်လေး ကိုင်ထားသော သားငယ်ကို မိုးမိုးအေး
ပွေ့ချီလိုက်သည်။

သားငယ်က မိခင်၏ ပါးပြင်နှစ်ဖက်ကို အားပါးတ
မွှေးလိုက်သည်။

▣



အခန်း (၅၆)

ယနေ့ ရုံးပိတ်ရက် ကျောင်းပိတ်ရက်။

ငြိမ်းချမ်းအေး သံပတ်ပေးသော ကားလေးနှင့် ဆော့
စားနေစဉ် မိုးမိုးအေးက မုန့်ပုံးအသစ်ကို ဖောက်နေ
သည်။

မနေ့က လခ ရ၍ ယနေ့နံနက် ဈေးသွားစဉ် မုန့်ပုံး
ဝယ်လာခဲ့ခြင်း ဖြစ်သည်။

ဤအိမ်ရောက်မှ သားလေးအတွက် ပထမဆုံး ဝယ်ပေး
သော မုန့်ပုံးဖြစ်သည်။

ကိုယ့်လုပ်အားခနှင့် ဝယ်ကျွေးရသော မုန့်ပုံးဖြစ်၍လည်း
မိုးမိုးအေး ပီတိပြီး ကျေနပ်နေသည်။

"ဒုတ်...."

သံပတ်အရှိန်နှင့် ပြေးလာသော မော်တော်ကားလေး
မုန့်ပုံးကို ဝင်တိုက်သည်။

"ဟာ....ဟာ....ကားလေးက သူလဲ မုန့်စားချင်တယ်
မေမေ"

"ကျွေးမယ်.... ကျွေးမယ်၊ သားရေ ကားလေးကို
ကျွေးမယ်"

မိုးမိုးအေးက ဖောက်ပြီးသွားသော မုန့်ပုံးအသစ်ထဲ
တီစကွတ်မုန့်များကို ထုတ်ယူ၍ သားလေးကို ပေးလိုက်သည်

ဒေါ်တင်တင်မော်အိမ်မှာ နေစဉ်က ကိုယ့်သားကို
မုန့်ပုံးတစ်ပုံး လွတ်လွတ်လပ်လပ် ဝယ်ကျွေးခွင့်မရှိ။ ပြ
ဆူပြောခံခဲ့ရသည်။

"မိုးမိုးရေ"

အိမ်ရှေ့မှ ခေါ်သံ။

"ဟယ်....မိနွယ်....လာ"

မိုးမိုးအေး အိမ်တံခါးသွားဖွင့်ပေးသည်။

"ဒီနေ့တော့ နင်တို့သားအမိ အိမ်မှာရှိမယ်လို့ တွက်ပြ
လာခဲ့တာ၊ သားအမိ ဘာတွေလုပ်နေကြတာလဲ"

"သားဖို့ မုန့်ပုံးဝယ်လာလို့ ဖောက်ပေးနေတာ"

"ဟယ်....ဟန်ကျတာပဲ၊ အန်တီ့ကိုရော ကျွေးမှာလ
သားလေး"

"ကျွေးမယ်၊ ရော့....စား"

သားလေးက သူ့လက်ထဲမှ မုန့်ချပ်များကို တင်နွယ်လ
သို့ ပေးသည်။





"သြော်....လီမွှာလိုက်တာ သားလေးရယ်၊ အန်တီမစား
ပါဘူး၊ သားလေး စားပါ"

သား၏ အပြုအမူအတွက် မိုးမိုးအေး ကျေနပ်ရသည်။
သားက အကြီးအကျယ် ပြောင်းလဲသွားသည်။
ဒေါ်တင်တင်မော်၏ အိမ်မှာ နေစဉ်က မုန့်စားလျှင်
မည်သူမျှ ကောင်း၍မရ။

ညစ်ကျယ်ကျယ် ဂျစ်ကတ်ကတ်ပုံလေး ဖြစ်သည်။

သြော်.... အရိပ်တွေက မလှခဲ့တော့ သားလေးလည်း
အကျည်းတန်ခဲ့ရတာပဲ။

ခုတော့ စိတ်ထားလှသွားသော သားလေး။

"နင့်ဘဝလေး ခုလို အေးချမ်းသွားတာ ငါဝမ်းသာ
တယ်ဟယ်"

မိုးမိုးအေးတို့ သားအမိကိုကြည့်ပြီး တင်နွယ်လတ်သဘော
ကျနေသည်။

"ဝဋ်ဆိုတာ လည်တတ်တယ်ဟ၊ ဒေါ်တင်တင်မော်
ကြာသပတေးနေ့ ညနေက ငါ့အိမ်ရောက်လာတယ်"

"ဟင်....ဘာကိစ္စလဲ"

မိုးမိုးအေး အံ့ဩသွားသည်။

"သူ့သား နေမင်းတစ်ရာက ခုသိပ်ဆိုးနေပြီဟ၊ သူ့ဆီက
ပိုက်ဆံတောင်း၊ ပစ္စည်းတွေတောင်း၊ မရတော့ ရန်လုပ်၊
တွေ့ရာပစ္စည်းတွေ ယူရောင်း၊ နင့်ကို အနိုင်ကျင့်ခဲ့သမျှ ခုတော့
သူ့သားက သူ့ကို အနိုင်ကျင့်နေတယ်"

"အဲဒါတွေ နင့်ဆီ လာပြောတာလား"

"အေး....အဲဒါတွေပြောပြီး နင့်ကို ပြောပေးပါတဲ့၊ သူ[...] မှားပါတယ်တဲ့၊ သူ့သားကို ပြန်ပေါင်းဖို့ ထိန်းထိန်းသိမ်း[...] သိမ်း လုပ်ပေးဖို့ ပြောပေးပါတဲ့၊ သူ တစ်ယောက်တည်း[...] ဘယ်လိုမှ မနိုင်တော့လို့ပါတဲ့"

မိုးမိုးအေး ပြုံးလိုက်သည်။

"သူ့သားက လူတော်၊ သူ့သားကိုဘယ်သူမှ ပြောစရာ[...] မလိုဘူးလို့ သူပြောခဲ့တာပဲလေ"

"အဘွားကြီး တော်တော် စိတ်ဆင်းရဲနေပုံရတယ်၊ ပိန်[...] ပြီး မျက်နှာကလဲ နွမ်းလို့"

"နင်နဲ့ ဘယ်လိုအဆက်အသွယ်ရတာလဲ"

"နင်နဲ့ငါ သူငယ်ချင်းဆိုတာ သူသိတယ်လေဟာ၊ သူ[...] အိမ်ကထွက်တော့လဲ ငါ့ပဲလာခေါ်တာ၊ အဲဒါနဲ့ ငါ့အိမ်[...] အိမ်ကလူတွေကို သွားပြောပြီး လိုက်အပို့ခိုင်းတာ"

"အဲဒါ နင်ကဘာလဲ....ငါ့ကို ပြန်ပေါင်းဖို့ လာပြောတာ[...] လား"

"ဟုတ်ပါလိမ့်မယ်....အားကြီး၊ နင်က ပြန်ပေါင်းမယ်[...] ဆိုရင်တောင် ဖျက်မှာ"

"ဒါဖြင့် နင် ဘာလို့ ငါ့လာပြောနေတာလဲ"

"သူလာပြောတာကို နင်သိအောင်လို့ပါ"

"ငါ သူတို့အကြောင်း သိလဲမသိချင်ဘူး၊ စိတ်လဲ မဝင်[...] စားဘူး၊ တစ်နေ့ကျရင် ဒီလိုဖြစ်လာမှာကို နင်ရော ငါရော[...] တွက်လို့ရတာပဲ၊ အဲဒီ ဇာတ်လမ်းမျိုး ဖြစ်လာအောင်[...] ဒီအဘွားကြီး လုပ်ခဲ့တာပဲလေ"





"ငါသိပါတယ်၊ နင် အခုလောက် စောစော လွတ်[...]မြောက်လာတာ သိပ်ကောင်းတယ်၊ အခု နင့်အလုပ်က[...]ရာ အဆင်ပြေတယ်မဟုတ်လား"

"အလုပ်က ကောင်းပါတယ်၊ ဒါပေမယ့် အထွေထွေ[...]န်နေဂျာဆိုတဲ့ လူကိုတော့ ငါကြည့်လို့မရဘူး၊ ဘဝင်ဟ....[...]့ကိုယ်သူ စည်းကမ်းသမား သိပ်ဖြစ်ချင်နေတဲ့လူ"

တင်နွယ်လတ် ပြုံးသည်။

"နင့်ကို ဘာတွေကျိုင်လို့လဲ"

မိုးမိုးအေးက အလုပ်ချိန်ကိစ္စနှင့် မော်တော်ကားရပ်လေး[...]ွဲသည့်ကိစ္စကို ပြောပြသည်။

"အဲဒီလောက်နဲ့တော့ ဆိုးတယ်ပြောလို့ မရပါဘူးဟာ"

"ဆိုးတယ်လို့ ငါမပြောပါဘူး၊ ခွင့်လွှတ်စိတ်နည်းတာကို[...]ပြောတာပါ"

"သူက လူပျိုကြီးလား၊ အိမ်ထောင်နဲ့လား"

"ငါမသိဘူး၊ စိတ်လဲမဝင်စားဘူး"

"တခြားယောကျ်ားတွေလို ရိသဲ့သဲ့ လုပ်ချင်တာမျိုး"

"အဲဒါမျိုးမဟုတ်ဘူးဟ၊ သူက ရိဖို့ထားလို့ ပြုံးပြုံးရွှင်[...]င်တောင် ရှိတဲ့လူမျိုး မဟုတ်ဘူး၊ သူ့ကိုယ်သူ ကမ္ဘာ့[...]ဆင့်မီ ဖြစ်ချင်နေတဲ့လူ"

မိုးမိုးအေးပြောပုံကို တင်နွယ်လတ် သဘောကျနေသည်။

"ဩော်....ဒါနဲ့ နေဦးဟ၊ ပြီးခဲ့တဲ့အပတ်ထဲက မမဦးတို့[...]င်ကို ငါရောက်သွားသေးတယ်၊ သူတို့လင်မယားကတော့[...]့ကို သိပ်နှမြောနေကြတယ်၊ နင်ပြန်လာမယ်ဆိုရင် လာဖို့

ပြောပေးစမ်းပါတဲ့၊နှင့်မန်နေဂျာကို သဘောမကျရင် မမဦ
တို့ဆိုင် ပြန်လုပ်ဖို့ စဉ်းစားပါလား၊ နောင် အတွေ့အကြုံ
ပြီးရင် ကိုယ့်ဘာသာ အဲဒီလိုဆိုင်မျိုးတစ်ဆိုင် ထွက်လို့
ရတာပဲ"

"ငါ့ဘာသာ ဆိုင်ဖွင့်ချင်ရင် ဖွင့်မယ်၊ သူတို့ဆိုင်တော
ပြန်မသွားချင်ပါဘူး၊ ဘယ်သူ့မှ မုန်းလို့ မကျေနပ်လို့
မဟုတ်ပါဘူး၊ အဲဒီလိုဖြစ်ပြီးရင် ပြတ်ပြီးသားကြိုးကို ပြ
မဆက်တော့ဘူး၊ ပြန်ဆက်ရင် အထုံးကလေးကတော့ ရှိ
တတ်တယ်ဟ"

တင်နွယ်လတ် ခေါင်းညိတ်လိုက်သည်။

ဝူး....

ငြိမ်ချမ်းအေး သံပတ်ကုန်တင်ပြီး လွှတ်လိုက်သော မော်
တော်ကားလေး မိုးမိုးအေးနှင့် တင်နွယ်လတ်ကြားမှ ဖြတ်
ပြေးသွားလေသည်။



အခန်း (၅၃)

ဝူး....

တီ....

အလုပ်ရုံမှအပြန် လမ်းတွင် နောက်မှ ကားသံနှင့် ဟွန်း
တီးသံကြား၍ မိုးမိုးအေး နောက်ကြည့်လိုက်သည်။

ဆန်နီဆူပါဆလွန်း ကားအဖြူလေး မိုးမိုးအေးဘေးမှာ
ရပ်သွားသည်။

ဦးမြတ်ထွန်း ဘေးမှ မှန်တံခါးဖွင့်လိုက်သည်။

"မိုးမိုးအေးအိမ်က ဒီဘက်မှာလား"

"မဟုတ်ပါဘူး၊ သားတို သူ့ဆရာမအိမ် ဝင်ခေါ်မလို့
ပါ"

"လိုက်ခဲ့လေ၊ ကျွန်တော် ဒီဘက်ကို သွားစရာရှိလို့ လာ
ပါ၊ လိုက်စို့လိုက်ပါမယ်"

ဦးမြတ်ထွန်းက ကားတံခါးဖွင့်ပေးသည်။

"ကျွန်မ မလိုက်တော့ပါဘူး၊ ဘတ်စ်ကားနဲ့ သွား[illegible] ကျပါ"

မိုးမိုးအေး ရှေ့မှ ဘတ်စ်ကားမှတ်တိုင်ဆီသို့ ခေါင်းငုံ့[illegible] ပြသည်။ ကားမှတ်တိုင်ဆီသို့ ဦးမြတ်ထွန်း လှမ်းကြည့်လို[illegible] သည်။

"လမ်းကြုံနေတာပဲဗျာ၊ အားနာစရာမရှိပါဘူး၊ မှ[illegible] တိုင်မှာကလဲ လူတွေအများကြီး"

ရုံးဆင်းချိန်ဖြစ်၍ မှတ်တိုင်မှာ လူတွေများနေသည်။

"ကျွန်မ ဒီလိုပဲသွားနေကျပါ"

မိုးမိုးအေးက ထပ်ငြင်းသည်။ ဦးမြတ်ထွန်း ပြုံးလို[illegible] သည်။

"ဟိုတစ်ခါ ကျွန်တော်ပြောမိတာကို မမိုးမိုးအေး မ[illegible] နပ်ဘူးနဲ့တူပါတယ်၊ အဲဒါက အလုပ်ချိန်အတွင်းမို့ အလ[illegible] စကားပြောတာပါဗျာ၊ ကဲပါဗျာ တက်ပါ၊ ကျွန်တေ[illegible] လိုက်ပို့ပါမယ်"

ကားကရပ်နေဆဲ၊ ကားတံခါးကို ဖွင့်ထားဆဲ၊ ဦးမြ[illegible] ထွန်းကို ကြည့်ရသည်က မတက်မချင်း စောင့်နေမည့်ပုံ။

မိုးမိုးအေး ဆက်ငြင်းရန် ခက်နေသည်။ ကားပေါ်[illegible] တက်လိုက်ရသည်။

အပြင်မှာ ပူနေသော်လည်း ကားထဲမှာ လေအေးစ[illegible] ကြောင့် အေးနေသည်။

ကားလေးက လမ်းမကြီးပေါ် ပြေးနေပြီ။





"ကွေ့ရမယ့်နေရာကျရင် မမိုးမိုးအေး ကျွန်တော့်ပြောပါ"

"ရပါတယ်၊ လမ်းမမှာပဲဆင်းပြီး ကျွန်မ လျှောက်သွားပါမယ်"

"မဟုတ်တာဗျာ၊ ကျွန်တော် ပို့ပေးပါမယ်"

ဘယ်လိုဖြစ်နေတာပါလိမ့် ဟူသော သဘောနှင့် ဦးမြတ်ထွန်းကို မိုးမိုးအေး ကြည့်လိုက်သည်။

ဦးမြတ်ထွန်းကတော့ ရှေ့ဘက်သို့ကြည့်၍ တည်ငြိမ်စွာ ကားကို မောင်းနေသည်။

ကဲ....သည်လောက်ပို့ချင်တာ ပို့စမ်း....

မိုးမိုးအေး စိတ်ထဲမှ ပြောလိုက်မိခြင်း ဖြစ်သည်။

## အခန်း (၅၈)

ဆရာမအိမ်ရှေ့ရောက်၍ ကားရပ်သည်နှင့် မိုးမိုးအေး ကားပေါ်မှဆင်းလာသည်။

"ကျေးဇူးတင်ပါတယ် ဦးမြတ်ထွန်း"

"သားကို ခေါ်လိုက်လေ၊ ကျွန်တော် အိမ်အထိပို့ပေးပါမယ်"

"ရှင်...."

မိုးမိုးအေး အံ့သြသွားသည်။

သည်လူ ဘာအဓိပ္ပာယ်နဲ့ သည်လိုလုပ်နေတာပါလိမ့်။

မိုးမိုးအေး သံသယဖြစ်မိသည်။

"ကျွန်တော် ဧည့်သည်တစ်ယောက်ကို ခြောက်နာရီမှာ ညစာကျွေးရမယ်၊ အချိန်ပိုနေလို့ပါ"





"ဒီကနေ ဆက်လျှောက်သွားရင် ကျွန်မအိမ်က မဝေးတော့ပါဘူး"

မိုးမိုးအေးက လိုက်မပို့စေချင်ပါ....

"မဝေးတော့ရင်လဲ ပို့အဆင်ပြေတာပေါ့ဗျာ"

"မေမေ"

သားငယ်ငြိမ်းချမ်းအေးက ဆရာမအိမ်ထဲမှ ပြေးထွက်လာသည်။

"သားလေး" ကွ"

ဦးမြတ်ထွန်းကို မိုးမိုးအေး ဂရုမစိုက်နိုင်တော့ပါ။ သားငယ်ကို ပွေ့ချီလိုက်သည်။

သားငယ်က မိုးမိုးအေး၏ ပါးပြင်နှစ်ဖက်ကို အားပါးတရ မွှေးလိုက်သည်။

"ဩော်....သားရယ်"

မိုးမိုးအေး၏ မျက်နှာမှာ သားကိုချစ်စိတ်ကြောင့် ဖြစ်သော ပီတိအပြုံးပန်းများ ပွင့်လန်းနေသည်။

"မေမေ ဒီကားနဲ့လာတာလား"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"ကဲ....သား ကားပေါ်တက်၊ ဦးဦး လိုက်ပို့ပါမယ်"

ဦးမြတ်ထွန်းက သားငယ်ကို လှမ်းပြောရင်း ကားတံခါးဖွင့်ပေးသည်။

"မေမေ....ကားပေါ်တက်မယ်"

ငြိမ်းချမ်းအေးက မိခင်ရင်ခွင်မှ လျှောဆင်းနေပြီ။

မိုးမိုးအေး ချပေးလိုက်သည်နှင့် သားငယ် ကားပေါ်
ပြေးတက်သည်။

"မေမေ....လာလေ"

မိုးမိုးအေးပါ ကားပေါ် ရောက်သွားရပြန်သည်။

တံခါးပိတ်ပြီးသည်နှင့် ကားလေးက ဆရာမအိမ်ရှေ့
ပို့မှ ထွက်ခွာသည်။

"ကားထဲက အေးနေတာပဲနော်....မေမေ"

မိုးမိုးအေးက ခေါင်းညိတ်ပြသည်။

"ကားလေးက ကောင်းလိုက်တာနော် မေမေ"

မိုးမိုးအေး ခေါင်းမညိတ်တော့ပါ။

"သားမှာလဲ ကားရှိတယ် ဦးဦး"

ငြိမ်းချမ်းအေးက ရှေ့ခန်းမှာ ကားမောင်းနေသော
ဦးမြတ်ထွန်းကို လှမ်းပြောလိုက်သည်။

"ဟေ....ဟုတ်လားကွ"

သားငယ်က သူ့ကို တရင်းတနှီး စကားပြော၍ ဦးမြတ်
ထွန်း သဘောကျသွားသည်။

ဦးမြတ်ထွန်းက ကွေ့ရန် အချက်ပြမီးခလုတ်ကို ဖွင့်လိုက်
သည်။

အချက်ပြနေသော မီးစိမ်းကလေးကိုကြည့်ပြီး ငြိမ်းချမ်း
အေး သဘောကျနေသည်။

"သား ကားမောင်းချင်လိုက်တာ"

"သားကြီးလာတော့ မောင်းရမှာပေါ့ကွ"

"ဒီလိုကားလေးမှ မောင်းချင်တာ ဦးရ"





"ဒီထက်ကောင်းတဲ့ကား မောင်းရမှာပေါ့ကွ"

"အဲဒီလို မီးစိမ်းလေး မှိတ်တုတ်မှိတ်တုတ်ပါမှ"

"ပါမှာပေါ့ကွ"

ငြိမ်းချမ်းအေးနှင့် ဦးမြတ်ထွန်း အပြန်အလှန် လေပေး
ဖြောင့်နေကြသည်။

"ဟော....မီးစိမ်းလေး ပျောက်သွားပြီ"

ကွေ့ပြီးသွား၍ မီးစိမ်းအချက်ပြရပ်သွားသည်။

"သား....ရှေ့လာစီးမယ် ဦးရ"

"လာလေကွာ၊ ပိုကောင်းတာပေါ့"

ငြိမ်းချမ်းအေးက ထိုင်ခုံမှ ထလိုက်သည်။

"သားရယ်....နောက်မှာပဲ မေမေနဲ့ စီးပါ"

"ဟင့်အင်း....ရှေ့မှာ စီးချင်တယ်"

ငြိမ်းချမ်းအေးက ထိုင်ခုံနှစ်ခုကြားမှတစ်ဆင့် ကားရှေ့
ခန်းသို့ ကူးသွားသည်။

"အဲဒီမှာ ထိုင်"

ဦးမြတ်ထွန်းက ငြိမ်းချမ်းကို လက်တစ်ဖက်နှင့် လှမ်းထိန်း
ပြီး ရှေ့ခန်းထိုင်ခုံမှာ နေရာချပေးလိုက်သည်။

ပျော်နေသည့် ငြိမ်းချမ်းအေးမျက်နှာလေးက လန်းလန်း
ဆန်းဆန်းနှင့် ချစ်စရာ။

"တီ....တီ"

ဦးမြတ်ထွန်းက ဟွန်းတီးပြီး ရှေ့မှ လေးဘီးလေးကို
ကျော်လိုက်သည်။

"ဟင်....ဟင်....ဦးက ကားလေးကို ကျော်တက်လိုက်ပြီ"

ငြိမ်းချမ်းအေးကိုကြည့်ပြီး ဦးမြတ်ထွန်း သဘောကျနေ
သည်။

"ဟိုတစ်ခါ မမိုးမိုးအေး ၊ ကားပုံလေး ဆွဲထားတာ
ဒီကလေးအတွက်လား"

ဦးမြတ်ထွန်းက နောက်ဘက်ထိုင်ခုံမှ မိုးမိုးအေးကို လှမ်း
းလိုက်ခြင်းဖြစ်သည်။

ိုးမိုးအေး ဘာမျှမဖြေဘဲ နေလိုက်သည်။

'အဲဒီနေ့က မမိုးမိုးအေး ဆွဲသွားတဲ့ ကားပုံကိုကြည့်ပြီး
' သဘောကျနေမှာပေါ့"

ုမြတ်ထွန်း မမိုးမိုးအေး စိတ်ပြေသွားအောင် ကြိုးစား
ုကခြင်းဖြစ်သည်။

"ကျွန်မ အဲဒီပုံကို ဆုတ်ဖြဲပစ်လိုက်တယ်"

"ဗျာ...."

မိုးမိုးအေးစကားကြောင့် ဦးမြတ်ထွန်း ဘာဆက်ပြော
ရမှန်း မသိအောင် ဖြစ်သွားသည်။

"မေမေက ကားပုံဆွဲမပေးဘူး ဦးဦးရဲ့၊ ကားရုပ်လေးပဲ
ဝယ်ပေးတာ"

ဦးမြတ်ထွန်း နားလည်သွားပါသည်။

"အဲဒီနေ့ကပဲ ဝယ်ပေးလိုက်တာ မဟုတ်လား မမိုးမိုး
အေး"

ဦးမြတ်ထွန်းမေးသည်ကို မိုးမိုးအေး ဘာမျှ ပြန်မဖြေပါ။

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ သားငယ်ရဲ့ ဆန္ဒ
ကို ဖြည့်ချင်ရှာတဲ့ မိခင်ကို ပြောမိဆိုမိတာ ဖြစ်သွားတယ်၊





အားနာလိုက်တာဗျာ၊ မိခင်တစ်ယောက်ရဲ့ စေတနာအလှကို
စော်ကားမိတာ ဖြစ်သွားတယ်"

ဦးမြတ်ထွန်းပြောနေသည်ကို မိုးမိုးအေး နားလည်သော်
လည်း သားငယ်ခမျာ ဘာမျှ နားမလည်ရှာ။

"မေမေက လခထုတ်ရင် သားကို မုန့်ပုံးလဲ ဝယ်ကျွေး
တယ်"

"အေး....အေး....သားမေမေက သားကိုသိပ်ချစ်တာကွ"

ဦးမြတ်ထွန်း လှိုက်လှဲသော စိတ်နှင့် ပြောလိုက်မိခြင်း
ဖြစ်သည်။

"ဟို....ရှေ့လမ်းကျရင် ဘက်ဘက်ကွေ့ရမယ်"

မိုးမိုးအေးက သူ့ဘာသာ ပြောသလို ပြောခြင်းဖြစ်၏။

ဦးမြတ်ထွန်းက လမ်းထဲသို့ ကားကို ကွေ့ဝင်လိုက်သည်။

"ဟိုခါတ်တိုင်ရှေ့က ကံ့ကော်ပင်နဲ့ အိမ်"

မိုးမိုးအေးပြောသည့် အိမ်ရှေ့မှာ ဦးမြတ်ထွန်း ကားရပ်
လိုက်သည်။

"ဦး....အိမ်ထဲလိုက်ခဲ့နော်၊ သား ကားလေးပြမယ်၊ မုန့်ပုံး
ထဲမှာ မုန့်တွေရှိသေးတယ်၊ ဦးဦးကို ကျွေးမယ်"

"ကောင်းတာပေါ့ကွာ၊ ဦးဦးက ဆာနေတာကွ၊ သား
ကားလေးကိုလဲ ကြည့်ချင်တယ်"

"လာ....ဦး ဆင်း"

ငြိမ်းချမ်းအေးက ဦးမြတ်ထွန်းလက်ကို ဆွဲခေါ်သည်။
မိုးမိုးအေး နောက်ဘက်မှာ ကားပေါ်မှ ဆင်းလိုက်၏။

"မမိုးမိုးအေး....ကျွန်တော့်ကို အိမ်ထဲဝင်ဖို့ မခေါ်တော့ဘူးလား"

"သားက ခေါ်နေပြီပဲ"

မိုးမိုးအေးလေသံမှာ မတင်းမာသော်လည်း ပျော့ပျော့ပျောင်းပျောင်း မဟုတ်။

"အေးလေ....သားရဲ့ ညွှဲသည် အဖြစ်နဲ့ပဲ လိုက်ခဲ့ရမှာပေါ့"

ဦးမြတ်ထွန်း ကားပေါ်မှ ဆင်းလိုက်သည်။

သားအမိနှစ်ယောက်သာ နေသည်။ ဆိတ်ငြိမ်အေးချမ်းသော အိမ်ကလေး။

"ဒီမှာ ဦးဦး....သား ကားလေး"

ငြိမ်းချမ်းအေးက ကားရုပ်လေးကို သံပတ်ပေးပြီး လွှတ်လိုက်သည်။

ကားလေးက ကြမ်းပြင်ပေါ်မှာ လိမ့်ပြေးသွားသည်။

"သားကားလေးက သိပ်လှတာပဲကွာ....နော်"

ဦးမြတ်ထွန်း ကားရုပ်လေးကို ကောက်ယူလိုက်သည်။

မိုးမိုးအေးက နောက်ဘက်မှ အခန်းထဲသို့ ဝင်သွားသည်။

"ဦးဦး....ကားရုပ်လေးနဲ့ ဆော့နေနော်၊ သား မုန့်ပုံး သွားယူလိုက်ဦးမယ်"

"အေး....အေး"

ဦးမြတ်ထွန်း ကားရုပ်လေးကို သံပတ်ပေးပြီး ကြမ်းပြင်ပေါ်မှာ လွှတ်လိုက်သည်။

"ဝိုး...."





ကားလေး ပြေးသွားသည်။

မိုးမိုးအေး အဝတ်အစား မလဲနိုင်သေး။

လိမ္မော်ရည် အအေးတစ်ခွက် ဖျော်နေရသည်။

ယခင်က မကျေမနပ် ဖြစ်ခဲ့ဖူးသော်လည်း ခုတော့ ကိုယ့်အိမ်ရောက်နေသည့် ကိုယ့်အလုပ်ဌာနမှ လူကြီး။ ပြီးတော့ သားငယ်လေးက ရင်းနှီးခင်မင်သူ။

"ရော့....ဦးဦး....မုန့်ပုံး"

သားငယ်က မုန့်ပုံးကို ဦးမြတ်ထွန်းသို့ ပေးနေသည်။

သူမြတ်နိုးသည့် မုန့်နှင့် သူ့ဘာသာ ညွှဲခံနေခြင်းဖြစ်၏။

"သားက သိပ်ချစ်စရာကောင်းတဲ့ ကလေးပဲကွာ"

သားငယ်ကို ဦးမြတ်ထွန်း ခင်မင်သွားမိသည်။

မိုးမိုးအေး လိမ္မော်ရည်ဖန်ခွက်ကို အောက်ခံဗန်းလေးနှင့် ထည့်ယူလာသည်။

"မေမေ....ဦးဦးကို မုန့်ပုံးဖွင့်ပေးပါဦး"

သားငယ်က ဦးမြတ်ထွန်းကို သူစားသလို မုန့်ကို ပုံးလိုက်ကျွေးချင်သည်။

သူစားချင်လျှင် မေမေဖွင့်ပေးနေကျအတိုင်း ပုံးဖွင့်ခိုင်းသည်။

"ရပါတယ်ကွာ၊ ဦးဦးဘာသာ ဖွင့်စားမှာပေါ့"

ဦးမြတ်ထွန်းက မုန့်ပုံးကိုဖွင့်ပြီး ဘီစကွတ်တစ်ချက်ယူလိုက်သည်။

"အဲဒါမစားနဲ့ ဦး....နေဦး"

ငြိမ်းချမ်းအေးက သူ ကြိုက်သော သကြားညှပ်မုန့် အ
ထပ်လေးတစ်ခု ထုတ်ယူပေးသည်။

ဦးမြတ်ထွန်းက သူယူထားသော ဘီစကွတ်ကို ပုံးထဲပြ
ထည့်ပြီး ငြိမ်းချမ်းအေးပေးသော သကြားညှပ်မုန့်ကိုစား

ပြီးတော့ မိုးမိုးအေး ချပေးထားသော လိမ္မော်ရည် တ
ခွက်ကို သောက်လိုက်သည်။

"မမိုးမိုးအေး သားကို ကျောင်းမကြိုနိုင်တော့ ဆရာ
အိမ် ဝင်ခေါ်ရတာပေါ့နော်"

မိုးမိုးအေး ဘာမျှ ပြန်မပြောပါ။

ဦးမြတ်ထွန်းအတွက် အားနာစရာတစ်ခု တိုးလာရ
သည်။

"ကဲ....ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ဦးမြတ်ထွန်း ထိုင်နေရာမှ ထလိုက်သည်။

မိုးမိုးအေး ဘာမျှမပြောမိ။

"ဦး....ပြန်တော့မှာလား"

"အေး....ပြန်တော့မယ် သား"

"မနက်ဖြန်ခါကျတော့လဲ သားကို လာကြိုဦးမှာလာ
ဦး...."

"ဟော...."

"တဲ့....သား"

မိုးမိုးအေးက ဟန့်တားသည်။

"သားက ကြိုစေချင်ရင် ကြိုမှာပေါ့ကွာ"

"ကြိုချင်တယ်"





ပြီးတော့ ဦးမြတ်ထွန်း၏လက်ကို ဆုပ်ကိုင်၍ ကားနား
ထိ လိုက်ပို့သည်။

ကားနားရောက်သည်နှင့် ဦးမြတ်ထွန်းက သားငယ်ကို
ချီပြီး ပါးနုနုလေးကို မွှေးလိုက်သည်။

"သားက သိပ်ချစ်စရာကောင်းတဲ့ ကလေးပဲကွာ"

အားလုံးကို မိုးမိုးအေး အိမ်ထဲမှ ကြားနေရ မြင်နေရပါ
ည်။

ကားလေး ထွက်သွားသည်အထိ သားလေး လက်ပြ
နှ်ခဲ့သည်ကိုလည်း တွေ့နေရသည်။

## အခန်း (၅၉)

နေ့လယ် ၁၂ နာရီမှာ နံနက်စာစားပြီးသည်အထိ မိုးမို
အေး ရုံးခန်းထဲမှ ဘယ်မျှ မထွက်ဖြစ်။ ဦးမြတ်ထွန်းနှင့် တေ
ရမည်ကို စိတ်ထဲမှာမတွေ့ချင် ဖြစ်နေသည်။

ဦးမြတ်ထွန်းကို မကျေမနပ် ဖြစ်နေသေးခြင်းကြော
မဟုတ်၊ မနေ့က မမျှော်လင့်ဘဲ ဦးမြတ်ထွန်းကားကိုစီး
အိမ်ပြန်ခဲ့ရသည်။ သားနှင့် ဦးမြတ်ထွန်း တရင်းတနှီး ဖြ
သွားကြသည်။ ကိုယ်တိုင်နှင့်တော့ မရင်းနှီးခဲ့ပါ။

သို့သော် သားနှင့်ရင်းနှီးသည်ကို အကြောင်းပြုပြီး ကိုယ
တိုင်နှင့် ခင်မင်မှု တိုးမြင့်လာရသည်မျိုးကို မိုးမိုးအေး မဖြ
ချင်၊ အလုပ်သဘောအရ ခပ်မှန်မှန်သာ ဆက်ဆံချင်သည်





ဦးမြတ်ထွန်းကို ယခင်က မုန်းခဲ့သည်။

မနေ့က ဆက်ဆံရေးကြောင့် အမုန်းစိတ်များ ပြေပျောက်သလို ဖြစ်သွားသော်လည်း ခင်ချင်စိတ်တော့ ဖြစ်မလာ။

နေ့ခင်း (၁) နာရီလောက်မှာ အခန်းထဲသို့ မောင်သန်းဟာင် ဝင်လာသည်။

“မမမိုး၊ ဆရာဦးမြတ်ထွန်းက တွေ့ချင်လို့တဲ့”

“ဟင်”

အစိုးရွံ့ဆုံးကို ရင်ဆိုင်ရတော့မည်။

“ဘာကိစ္စရှိလို့လဲ မောင်သန်းတင်”

“အဲဒါတော့ ကျွန်တော်မသိဘူး”

“အေး....အေး”

ဘာမျှမတတ်နိုင်။ သူက အလုပ်ရှင်၊ ကိုယ်က အလုပ်သမား၊ သူခေါ်လျှင် သွားရမည်။

မှတ်စုစာအုပ်နှင့် ဘောလ်ပင်ယူပြီး သွားလိုက်သည်။

အခန်းထဲမှာ ဦးမြတ်ထွန်းတစ်ယောက်တည်း။

သူ့ရှေ့မှာ ဖွင့်ထားသော ဖိုင်တစ်ခု။ ဖိုင်ထဲမှ ဆွဲထုတ်ထားဟန်တူသော စာရင်းစာရွက်တစ်ခုကို ကြည့်နေသည်။

မိုးမိုးအေး သူ့ရှေ့မှာ ထိုင်မိသည်အထိ စာရွက်ကိုသာ ကြည့်နေဆဲ။

မိုးမိုးအေး မှတ်စုစာအုပ်ကိုဖွင့်ပြီး ဘောလ်ပင်ကိုင်လျက် စောင့်နေသည်။

“ဟောဒီစာရွက်မှာပါတဲ့ ကိန်း ဂဏန်း တွေ အားလုံး မနေ့က ကျွန်တော်ပေးတဲ့စာရင်းတွေနဲ့အတူ မယ်မိုရီထဲမှာ

ထည့်ထားပေးပါ၊ ပြီးတော့ တိုတယ်လီလဲ ကျွန်တော်သိချင်
တယ်၊ မယ်မိုရီသွင်းပြီးရင် ဒီစာရွက်ပြန်ပေးပါ”

ဦးမြတ်ထွန်းက မိုးမိုးအေးကို စာရွက်လှမ်းပေးသည်။
မိုးမိုးအေး စာရွက်ကိုယူလိုက်သည်။

ဦးမြတ်ထွန်းအခန်းမှ ပြန်ထွက်လာခဲ့သည်။ စကားတစ်
ခွန်းမျှ မပြောရဘဲ ကိစ္စပြီးသွား၍ ဝမ်းသာရသည်။

အလုပ်သဘောနှင့်သာ ဆက်ဆံရသည်ကို မိုးမိုးအေး
သဘောကျသည်။



အခန်း (၆၀)

ညနေ (၄) နာရီခွဲမှာ မိုးမိုးအေး ကိုယ့်ခြင်းကိုဆွဲပြီး
ရုံးဆင်းလာခဲ့သည်။

မနေ့က သားကိုကြို့မည်ဟု ဦးမြတ်ထွန်း ပြောခဲ့သည်။
တော့ အလုပ်များ၍ မေ့သွားဟန်တူသည်။

“ကောင်းတယ်”

မမေ့ဘဲ သတိတရနှင့် တလေးတစားဖြစ်နေမှ ရုံးအဆင်း
သူ့ကားနှင့် လိုက်ရအခက်၊ မလိုက်ရအခက် ဖြစ်နေဦး
ည်။

လိုက်လျှင် အများမြင်၍ ပြောချင်ဆိုချင် ဖြစ်ကြမည်။
ကိုယ်က တစ်ခုလပ်၊ ဆင်ခြင်လွန်းမှ တန်ကာကျမည်။
ဆိုးသည်မှာ ဦးမြတ်ထွန်းက လူပျိုကြီး။

အိမ်ထောင်မရှိသော လူပျိုလူလွတ်များနှင့် ပို၍ပင် မရင်းနှီးချင်။

ရှေ့မှာ လှမ်းမြင်နေရပြီဖြစ်သော ဘတ်စ်ကားမှတ်တိုင်ဆီသို့ ခပ်မြန်မြန်လေး လျှောက်ခဲ့သည်။

သားလေးကို တွေ့ချင်လှပြီ။

သားလေးကို မြင်လိုက်ရလျှင် ရင့်ထဲမှာ အေးမြသည့်အရာအားလုံး ပြည့်စုံသွားသလို ခံစားရသည်။

"တီ....တီ...."

နောက်မှ ကားဟွန်းသံကြားရ၍ လမ်းဘေးအထိ ဖယ်ပေးလိုက်သည်။

"တီ....တီ...."

ဘေးမှာရပ်လာသည်က ဦးမြတ်ထွန်း၏ ကားအဖြူလေး။

"အို"

မိုးမိုးအေး မျက်နှာပျက်သွားသည်။

"ကားပေါ်တက်လေ မမိုးမိုးအေး"

ဦးမြတ်ထွန်းက ကားတံခါးဖွင့်ပေးသည်။

"ကျွန်မ မလိုက်တော့ပါဘူး ဦးမြတ်ထွန်း၊ ဘတ်စ်ကားနဲ့ပဲ သွားတော့မယ်"

"ဟာ....မဟုတ်တာဗျာ၊ ကျွန်တော် မနေ့က သားကို ကားနဲ့လာကြိုမယ်လို့ ကတိပေးထားခဲ့တယ်"

"သားက ကလေးပဲ ဦးမြတ်ထွန်းရယ်၊ ဦးဦး အလုပ်တွေများလို့ လာမကြိုနိုင်ဘူးလို့ ကျွန်မ ပြောလိုက်ပါမယ်"





"ဟာ....မှားလိုက်တာဗျာ၊ ကလေးကိုပေးတဲ့ကတိဆိုပြီး ဒီလို လွယ်လွယ်မဖျက်ရဘူးဗျ၊ သူတို့နှလုံးသားလေးတွေက ဖြူစင်တယ်၊ အဲဒါကိုပို့လေးစားရတယ်၊ တက်ပါဗျာ"

မိုးမိုးအေး စိတ်ပျက်သွားသည်။

အားနာ၍ အားပါပြီး ဘဝပါ နာခဲ့ ပျက်ခဲ့ရသည်ကို မိုးမိုးအေး သတိရလိုက်သည်။

"အဲဒါဆိုရင်လဲ ဦးမြတ်ထွန်း မနေ့က သားကိုကြိုတဲ့ ဆရာမအိမ်ကိုသာ လိုက်ခဲ့ပါ၊ ကျွန်မ ဘတ်စ်ကားနဲ့ပဲ လာခဲ့မယ်"

"ဩော်....ဘာထူးမှာလဲ မမိုးမိုးအေးရာ၊ အဲဒီကိုသွားမယ့်အတူတူတော့ ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ပေါ့"

ဤမျှ ငြင်းနေပါလျက် ဇွတ်တရွတ်ဆက်ပြောနေသော ဦးမြတ်ထွန်းကို မိုးမိုးအေး မကျေနပ် ဖြစ်သွားသည်။

"ကျွန်မ မလိုက်ချင်လို့ပါ ဦးမြတ်ထွန်း"

"ဘာဖြစ်လို့လဲဗျာ"

"ကျွန်မက တစ်ခုလပ်ရှင်၊ လူတွေက တစ်ခုလပ်ဆိုရင် အလိုလိုမှ အထင်သေး အမြင်သေး ပြောချင်နေကြတာ၊ အဲဒီလို ပြောတာဆိုတာမျိုးကို ကျွန်မ မခံနိုင်ဘူး၊ တစ်ခုလပ်ဆိုရင် လွယ်လွယ်ရတယ်ဆိုတဲ့ အထင်မျိုးလဲ မခံနိုင်ဘူး"

မိုးမိုးအေးလေသံက တင်းတင်းမာမာ ဖြစ်သွားသည်။

"ဩော်....ကျွန်တော် အဲဒီလိုအထင်မျိုး မရှိပါဘူး၊ လူတွေက ဘယ်လိုပြောမယ်ဆိုတာမျိုးလဲ ကျွန်တော် စဉ်းစားမနေပါဘူး၊ မြည်းတစ်ကောင်နဲ့ 'သားအဖနှစ်ယောက်လို

ပေါ့ဗျာ၊ လူတွေပြောတာကိုသာ ကြောက်ပြီး လျှောက်လု
နေရင် အရူးဖြစ်သွားမှာပေါ့”

“လူတွေပြောတာကြောက်ပြီး လျှောက်လုပ်ရင် အရူ
ဖြစ်သလို လူတွေပြောမှာ မကြောက်ဘဲ ထင်ရာတွေလုပ်ရ
လဲ လူအများ တံတွေးခွက်မှာ ပက်လက်မျောတတ်တာပဲ
ဦးမြတ်ထွန်းက ယောကျ်ားတစ်ယောက်၊ ကိစ္စမရှိဘူးလို့ပြေ
လို့ရပေမယ့် ကျွန်မက မိန်းမသား၊ ပြီးတော့ တစ်ခုလပ်”

“အဲဒီ တစ်ခုလပ်ဆိုတာကြီးကို မမိုးမိုးအေး ဘာဖြစ်လို
ထပ်ခါထပ်ခါ ပြောနေရတာလဲ”

“အဲဒီ တစ်ခုလပ်ဖြစ်လို့ ယောကျ်ားတွေ အထင်သေးတာ
မိန်းမချင်းပြောတာတွေ ခံရလွန်းလို့ပါ”

“အဲဒီအထဲမှာ ကျွန်တော်မပါဘူးလို့ မမိုးမိုးအေးကို
ပြောပြီးပြီပဲ”

“ကျွန်မပတ်ဝန်းကျင်မှာ ဦးမြတ်ထွန်းတစ်ယောက်တည်း
ရှိတာမှ မဟုတ်ဘဲ”

“ကျွန်တော် ခုလိုလိုက်ပို့တာ မမိုးမိုးအေးကို ပို့ချင်လို့
မဟုတ်ဘူး၊ မမိုးမိုးအေးအပေါ်မှာ မရိုးသားတဲ့စိတ် ကျွန်
တော့်မှာ ဘာမှမရှိဘူး၊ သားကိုပို့ချင်လို့၊ သားရဲ့အမေ
ဖြစ်တဲ့ မမိုးမိုးအေးကိုပါ လမ်းကြုံခေါ်တာ....

“ကျွန်တော်က တစ်ယောက်တည်းသမား၊ အထီးကျန်၊
ဘာမှ သံယောဇဉ်ရှိတဲ့ကောင်မဟုတ်ဘူး၊ မနေ့က မမိုးမိုး
အေးကို လမ်းကြုံလိုက်ပို့ရင်း သားကိုတွေ့တယ်၊ အဲဒီမှာ
စကားပြောရင်းနဲ့ သားအတွက် ဆွဲထားတဲ့ ကားပုံလေး





ျွန်တော့်ကြောင့် မမိုးမိုးအေး ဆုတ်ဖြဲပစ်ခဲ့ကြောင်း သိရ
တယ်၊ သား ရမသွားရှာဘူး....

“ဒါပေမယ့် သားက ကျွန်တော့်ကိုတွေ့တာနဲ့ ခင်တယ်၊
ရင်းတနှီးဖြစ်သွားကြတယ်၊ ကျွန်တော့်ကို ကားနဲ့ လာ
ကြိုစေချင်တယ်၊ ကျွန်တော် ကတိပေးခဲ့တယ်....

“အဲဒီလို ကတိပေးတာကလဲ သားနဲ့ ထပ်တွေ့ချင်လို့၊
ားနဲ့ ထပ်တွေ့ချင်တာကလဲ သားကိုတွေ့ချင်တာသက်သက်
၊ တခြားအကြောင်း ဘာမှမရှိဘူး၊ ပွင့်ပွင့်လင်းလင်းပြော
တာ ကောင်းပါတယ်ဗျာ၊ သားကို အကြောင်းပြပြီး မမိုးမိုး
အေးနဲ့ ဆက်ပြီး ရင်းနှီးချင်လို့ မဟုတ်ဘူး”

မိုးမိုးအေးမျက်နှာ အနီရောင်သမ်းသွားသည်။ အထင်
သေး၊ အမြင်သေး အစော်ကားခံလိုက်ရသလိုလည်း ခံစာ ရ
သည်။

“ကျွန်မကလဲ အဲဒီလို မဖြစ်ချင်ဘူး၊ အဲဒီလို သူများပြော
ာလဲ မခံချင်ဘူး”

“ကျွန်တော်ကတော့မကြောက်ဘူး၊ကိုယ့်ဘာသာ ရိုးရှင်း
နေတာပဲ”

“ကိုယ့်ဘာသာရိုးရှင်းပေမယ့် ကြောက်ရတာတွေ အများ
ကြီး ရှိတာပဲ”

“ခင်ဗျားနဲ့ ကျွန်တော် မတူတာ အဲဒါပဲ”

“ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ဦးမြတ်ထွန်းသွားပါ၊
ကျွန်မ ဘတ်စ်ကားနဲ့ပဲ သွားပါ့မယ်”

တင်းမာလွန်းသော မိုးမိုးအေးကို ဦးမြတ်ထွန်း စူးစူး
စိုက်စိုက်ကြည့်လိုက်သည်။

သားတစ်ယောက်အမေ တစ်ခုလပ်ဆိုသော်လည်း ချော
ချောလှလှဖြစ်နေသော အမျိုးသမီးတစ်ယောက်ဆိုသည်ကို
အသေအချာကြည့်မှ သတိထားမိသည့်အကြည့်ကို မကြာမီ
အောင် သိမ်းဆည်းလိုက်သည်။

ဤတင်းမာပြတ်သားသော မိန်းမ၏ အထင်သေးခြင်းကို
မခံချင်။

"ကောင်းပြီလေ၊ ခင်ဗျားသဘောအတိုင်းပဲ"

ဦးမြတ်ထွန်း ကားကလေး ဖြည်းဖြည်းသာသာ လိုမ
ထွက်သွားပါသည်။



အခန်း (၆၁)

မိုးမိုးအေး ဘတ်စ်ကားပေါ်မှ ဆင်းပြီး သားဆရာမ
အိမ်ရှိရာ လမ်းထဲသို့ ချိုးဝင်လိုက်သည်နှင့် လမ်းဘေးမှာ
ရပ်ထားသော ဦးမြတ်ထွန်း၏ ကားလေးကို တွေ့ရသည်။

"မေမေကလဲ ကြာလိုက်တာ"

သားငယ်က ကားထဲမှာ ရောက်နေသည်။

ဆရာမအိမ်မှာ သားကို သွားကြို့ပြီး လမ်းထိပ်မှာ လာ
စောင့်နေခြင်းဖြစ်သည်။

"ဒီမှာကြည့်....ဦးဦးက သားကိုပေးတာ"

သားငယ်က ကတ်ထူးကြီးတစ်ခုကို ဆွဲမြှောက်ပြသည်။

"အထဲမှာ မီးရထားပါတယ်တဲ့၊ မီးရထားပြေးတဲ့လမ်း
လဲပါတယ်တဲ့"

သားငယ်က ဘူးကြီးကို ပြန်ချလိုက်သည်။

"ဒီမှာလဲကြည့်"

သားငယ်က နောက်တစ်ခု ထုတ်ပြနေပြန်သည်။

မုန့်ပုံးဘူးဝိုင်းလေးတစ်ခုနှင့် ဒိန်ခဲဘူးဝိုင်းလေးတစ်ခုက ထုတ်ပြသည်။

မြူးကြွစွာ ပျော်နေရှာသော သားငယ်ကို မိုးမိုးအေး လှမ်းကြည့်နေမိသည်။

ဦးမြတ်ထွန်းကတော့ ဒရိုင်ဘာနေရာမှာ ထိုင်လျက်။

မိုးမိုးအေးကို လှည့်၍ပင် မကြည့်။

"ဒါမျိုးတွေ အမြဲတမ်း ဝယ်မကျွေးနိုင်ရင် ကျွန်မအတွက် အခက်အခဲရှိပါတယ် ဦးမြတ်ထွန်း"

မိုးမိုးအေး၏ စကားတွင် ကန့်ကွက်ရိပ်များပါသည်။

"ကျွန်တော် ဝယ်ကျွေးမှာပေါ့"

"ဦးမြတ်ထွန်းကလဲ အမြဲတမ်း ဝယ်ပေးလို့ ဘယ်သင့်ပါ့မလဲ"

"မမိုးမိုးအေးကို ပေးတာမှမဟုတ်ဘဲ၊ ကလေးကိုပေးတာပဲ"

"ကလေးက ကျွန်မသားလေ"

"ကျွန်တော်က ကျွန်တော့်ကို ခင်မင်တဲ့ ငြိမ်းချမ်းအေးဆိုတဲ့ ကလေးငယ်လေးကို ချစ်ခင်လို့ ပေးတာပဲဗျာ၊ ဒါမျိုးကို ဘယ်မိဘကမှ မကန့်ကွက်သင့်ပါဘူး"





"ကျွန်မ အနေအထားက"

သားရှေ့မှာ မိုးမိုးအေး စကားကို ရပ်ထားလိုက်သည်။

"မေမေ ကားပေါ်တက်လေ"

သားကခေါ်နေပြီ၊ ငြင်းနေ၍လည်း ရတော့မည်မဟုတ်။ မိုးမိုးအေး နောက်ဘက်မှ ကားတံခါးကိုဖွင့်ပြီး တက်ထိုင်လိုက်ရသည်။

ကားစက်နှိုးသံနှင့်အတူ ကားလေး ထွက်သွားသည်။

သားငယ်က သူ့ဘက်မှ ထိုင်ခုံပေါ်မှာ မတ်တတ်ရပ်ပြီး ဦးမြတ်ထွန်း၏ ထိုင်ခုံနောက်မှီကို လက်နှင့် သှမ်းကိုင်ထားသည်။

ဩော်....ဖခင်ဖြစ်သူသာ ဖခင် ပီသတဲ့ လူကောင်း သူကောင်းဖြစ်ပြီး မိသားစု အခုလိုအတူသွားကြရရင်....

သားအတွက် မိုးမိုးအေး စိတ်မကောင်းဖြစ်မိသည်။

ခုတော့ သားခမျာ သူစိမ်းကို ခင်မင်နေရရှာသည်။

ဖခင်က ဆေးသမား၊ တစ်ကိုယ်ကောင်းဆန်လွန်းသူ၊ တာဝန်မဲ့နိုင်လွန်းသူ။

မိုးမိုးအေး နာကြည်းစွာ တွေးမိသည်။

တစ်စက်မျှ သံယောဇဉ်ဖြစ်စရာ မရှိ။ တိခနဲသာမက ချောက်ကမ်းပါးခြားသလို ပြတ်ခဲ့ပြီ။

"အိမ်ကျရင် ဦးဦးနဲ့သား မီးရထားနဲ့ ကစားမယ်နော်"

"ကစားမှာပေါ့ကွ"

"မိးရထားက ပြေးမှာလား ဦး"

"ပြေးမှာပေါ့ကွ၊ သံလမ်းပေါ် လှည့်ပတ်ပြေးမှာ၊အချ
ပြမီးတွေလဲ ပါတယ်ကွ"

"မြန်မြန်မောင်း ဦးဦး၊ သား ကစားချင်လှပြီ"

ကားအရှိန် မြှင့်လိုက်၍ ယိမ်းယိုင်သွားသော သား
ဦးမြတ်ထွန်းက လက်တစ်ဖက်နှင့် လှမ်းဖက်၍ ထိန်းထ
လိုက်သည်။

သားထံမှ ချစ်စဖွယ်ရယ်သံလေး ထွက်ပေါ်လာသည
ဦးမြတ်ထွန်း၏ လက်တစ်ဖက် သားကို ဆက်ပြီး ဖက်ထ
ရင်း ကျန်လက်တစ်ဖက်နှင့် ကားကိုမောင်းနေသည်။

သားပြောသည့်အတိုင်း မြန်မြန်မောင်းနေခြင်းဖြစ်သည
သူကိုယ်တိုင်ကပါ မြန်မြန်ကစားချင်သည့်ပုံမျိုး ဖြစ်
သည်။

သားက သူ့ကို တွေ့တွေ့ချင်း ဘာလို့ သည်လောက်
နေရတာလဲ၊သူ့ကိုအလိုလိုက်လို့လား၊လက်ဆောင်တွေ
လို့လား၊ သူကရော သားကို ဘာလို့ သည်လောက် ချစ်
နေရတာလဲ....။

မိုးမိုးအေး နောက်မှကြည့်ပြီး တစ်ယောက်တည်း
နေမိသည်။

ရှေ့မှ နှစ်ယောက်ကတော့ နောက်မှာ သူပါသည်ကို
သတိမေ့နေကြဟန်တူသည်။

ပြုံးပန်းတစ်ရာစာပေ



"ဒီနေရာကို နှိပ်ကြည့်လိုက်"

ဦးမြတ်ထွန်းပြသော နေရာကို သားက သူ့လက်ကလေး
နှင့် ဖိနှိပ်လိုက်သည်။

"တီ...."

ကားဟွန်းမြည်သွား၍ သား သဘောကျပြီး ရယ်သည်။

"တီ"

သားက ထပ်နှိပ်သည်။

သဘောကျစွာ ရယ်ပြန်သည်။

တစ်လမ်းလုံး ကားဟွန်းသံ ကြားနေရသည်။

ဦးမြတ်ထွန်း လုံးဝ ဟန့်တားခြင်း မရှိ။

"တော်တော့လေ သား"

မိုးမိုးက နောက်မှ ဟန့်တားရသည်။

"ရောက်ပြီ ဦး"

"တီ...."

အိမ်အဝင်မှာ သားက ဟွန်းကို ထပ်တီးလိုက်ပြန်သည်။

ဘယ်ဘက်ဘေးရှိ အိမ်ဆိုင်လေးမှ ဒေါ်မြနှင့် သူ့သမီး
လှမ်းကြည့်နေသည်ကို မိုးမိုးအေး သတိထားမိသည်။

ဟင်း....ပြောကြဦးမယ်....

စိတ်ထဲမှာ တွေးမိလျက်သား ဖြစ်သွားရသည်။

ခြံဝင်းတံခါးရှေ့မှာ ခေါင်းတည်လျက် ကားလေးရပ်
သွားသည်။

ပြုံးပန်းတစ်ရာစာပေ

သော့က ကိုယ့်ဆီမှာရှိ၍ မိုးမိုးအေး ကားတံခါးဖွင့်ပြီ ဆင်းသွားသည်။

ခြံဝင်းသော့ကို ဖွင့်သည်။

"မေမေ တံခါးနှစ်ဖက်လုံး ဖွင့်လိုက်လေ"

သားငယ်က လှမ်းအော်ပြောသည်။

"ဦးဦး ခြံထဲအထိ ကားဝင်လိုက်လေ"

"အေးပါကွ၊ ဝင်မှာပေါ့"

မိုးမိုးအေး တံခါးနှစ်ဖက်လုံး ဖွင့်လိုက်ရသည်။

ကိုယ့်အိမ်ထဲကို ဝင်လာအောင် ကိုယ်တိုင်တံခါးဖွင့်ပြီ ခွင့်ပေးသလို ဖြစ်နေပြီဟု စဉ်းစားမိသေးသည်။

ကားလေး ခြံထဲအထိ မောင်းဝင်လာပြီး အိမ်ဘေးရှိ မရန်းပင်အောက်မှာ ရပ်သွားသည်။

မိုးမိုးအေး အိမ်တံခါးသော့ကို သွားဖွင့်ရပြန်သည်။

လှောင်ပိတ်နေသော အိမ်ကို အလင်းရောင်ရရန် လေ ကောင်းလေသန့်ရရန် ပြတင်းပေါက်များ ဖွင့်နေစဉ် ဦးမြတ် ထွန်းနှင့် သားငယ် အိမ်ထဲသို့ ဝင်လာသည်။

ဦးမြတ်ထွန်းက လက်တစ်ဖက်နှင့် စက္ကူကတ်ပုံးကြီး ဆွဲယူ လာပြီး ကျန်လက်တစ်ဖက်က သား၏ရေဘူး ဆွဲယူလာသည်။

သားငယ်က ကျောင်းလွယ်အိတ်ကို လွယ်ပြီး မုန့်ပုံးကို ပွေ့ပိုက်လျက်။ ဦးမြတ်ထွန်းက ကတ်ပုံးကြီးကို ဧည့်ခန်းထဲမှ ကြမ်းပြင်ပေါ်မှာ ချလိုက်သည်။

"ဟန်ကျတယ်ကွ၊ ဒီနေရာကကျယ်တော့ မီးရထားပြေးဖို့ အတော်ပဲ"





သားက သူ့လွယ်အိတ်ကို သတ်မှတ်ပေးထားသော နေရာလေးမှာ အပြေးအလွှား သွားချိတ်ပြီး ဦးမြတ်ထွန်းထံ ပြန်ပြေးသည်။

"ရော့....သား၊ ဒီရေဘူးရော သွားထားဦး"

သားငယ်က ဦးမြတ်ထွန်းပေးသော ရေဘူးကို လှမ်းယူပြီး ရေဘူးချိတ်ရန် သတ်မှတ်ပေးထားသော သံချိတ်မှာ အပြေးအလွှား သွားချိတ်သည်။

မိုးမိုးအေးကတော့ အိပ်ခန်းတံခါးကိုသော့ဖွင့်ပြီး အဝတ်လဲရန် အထဲသို့ဝင်သွားသည်။ တံခါးကို ပြန်ပိတ်လိုက်သေးသည်။

ဦးမြတ်ထွန်းက ကတ်ပုံးကိုဖွင့်ပြီး အထဲမှ မီးရထားတွဲများကို ထုတ်သည်၊ မီးရထားလမ်းများကို ထုတ်ယူသည်။

ဦးစွာ သံလမ်းအဆက်များကို တပ်ဆင်သည်။ ပြီးသောအခါ အဝိုင်းပတ် မီးရထားလမ်း တစ်ခုနှင့် လမ်းခွဲတစ်ခု၊ မီးရထားတွဲများကို သံလမ်းပေါ်တင်ပြီး တစ်ခုနှင့် တစ်ခု ဆက်သည်။ ခေတ်ခဲထည့်သည်။ ဦးမြတ်ထွန်း လုပ်နေသည်ကို သားကလေးမှာထိုင်ပြီး စိတ်ဝင်စားစွာ ကြည့်နေသည်။

"ဟား....ဟား....မီးရထားကြီး ဖြစ်သွားပြီ"

ငြိမ်းချမ်းအေး သဘောကျစွာ ရယ်ရင်း လက်ခုပ်တီး၍ ပျော်နေသည်။

"ဟေး....မီးအချက်ပြနေပြီဟေ့၊ ရထားကြီး ထွက်တော့မယ်"

ငြိမ်းချမ်းအေး သိပ်ကို ဝမ်းသာနေသည်။

"ဒီမှာကြည့် သား၊ မီးရထားကြီး ထွက်စေချင်ရင် ဒါကို ဒီလိုလုပ်ရမယ်"

မီးရထားစက်ခေါင်းမှ ခလုတ်ကိုပြသည်။

"လုပ်ကြည့်"

ငြိမ်းချမ်းအေး လုပ်ကြည့်သည်။

စက်သံများ မြည်လာပြီး မီးရထားက သံလမ်းအဝိုင်းပေါ်မှာ လှည့်ပတ်ပြေးနေသည်။

"ဟေး....ဟေး....မီးရထားကြီး ပြေးနေပြီဟေ့"

သားငယ်က မီးရထားအားမှ လှည့်ပတ်ပြေးရင်း အော်ဟစ်နေသည်။

"မေမေရေ....ဒီမှာလာကြည့်၊ သား မောင်းလိုက်တာ မီးရထားကြီး ပြေးနေပြီ"

ဦးမြတ်ထွန်းက ဂမ်းသာအားရ မြူးကြွနေသော ငြိမ်းချမ်းအေးကို ကြည့်ပြီး သဘောကျနေသည်။

"မေမေ မြန်မြန်လာကြည့်စမ်းပါ"

သား၏ မြူးရွှင်နေသော ခေါ်သံ အော်သံနှင့် ဆူညံ သော မီးရထားစက်သံများကို မိုးမိုးအေး အင်္ကျီလဲဝတ်ရ ကြားနေရသည်။

အင်္ကျီကို အောက်ဆွဲဆန့်လိုက်ရင်း ခေါင်းမှဆံပင်များ သပ်ရပ်သွားအောင် ဘီးနှင့် သုံးလေးချက် ဆွဲခြစ်လိုက်သည်

"မေမေရေ"

မိုးမိုးအေး အခန်းအပြင်သို့ ထွက်လာခဲ့သည်။





သံလမ်းအဝိုင်းပေါ်မှာ ရထားလေး လှည့်ပတ်ပြေးနေ ည်။ ရောင်စုံမီးများက မှိတ်ချည်လင်းချည်နှင့် အချက်ပြ သည်။

သားက ပြေးလာပြီး မိုးမိုးအေးလက်ကို ဆွဲခေါ်သည်။

"သား မောင်းလိုက်တာ"

ငြိမ်းချမ်းအေးက လက်ခုပ်တီးပြီး မီးရထားကို အားပေး သည်။

"မေမေ လက်ခုပ်တီးလေ"

ငြိမ်းချမ်းအေးက မိခင်၏ လက်နှစ်ဖက်ကို ဆွဲကိုင်ပြီး က်ခုပ်တီးခိုင်းနေသည်။

"ပြေးနေပါတယ် သားရဲ့၊ မေမေ လက်ခုပ်တီးဖို့ မလိုပါ း"

"ဒီမှာကြည့် သား၊ လမ်းပြောင်းချင်ရင် ဒါလေးကို ဖိချ က်"

ဦးမြတ်ထွန်းက မောင်းတံလေးတစ်ခုကို နှိမ့်ချလိုက် ည်။ လမ်းခွဲပေါ်လာသည်။

အဝိုင်းပေါ်မှာပြေးနေသော ရထားလေး လမ်းကြောင်း ပြာင်းသွားသည်။

"ရပ်ချင်ရင် ဒါကိုနှိပ်လိုက်"

ရထားရပ်သွားသည်။

"ပြန်သွားချင်ရင်ရော ဦးဦး"

"ဒါကို နှိပ်လေကွာ"

ငြိမ်းချမ်းအေးက ဦးမြတ်ထွန်းပြောသော ခလုတ်ကို
လိုက်သည်။ ရထားက ဆက်ထွက်သွားသည်။

"တွဲမချော်အောင် လမ်းကို ပြန်ပြောင်းပေးရမယ်"

ဦးမြတ်ထွန်းက လမ်းပြောင်းခလုတ်ကို နှိပ်လိုက်သ
ရထားက အဝိုင်းပတ်လမ်းပေါ် ပြန်ရောက်သွားသည်။

မိုးမိုးအေး သေသေချာချာကြည့်ပြီး မှတ်ထားလိုက်သ

ဦးမြတ်ထွန်း ပြန်သွားလျှင် သူ့ဘာသာ လုပ်ကြည့်
မည်။ မရလျှင် အမေကို အကူအညီတောင်းလိမ့်မည်။

"ကဲ....ရပြီလား၊ သား လုပ်ကြည့်"

ဦးမြတ်ထွန်းက လမ်းအပြောင်းအလဲ သင်ပေးသည်
သားက သူ့ဘာသာလုပ်ကြည့်သည်။

"ပေါ်း....ရထားကြီး လမ်းပြောင်းသွားပြီကွ"

သား ပျော်နေသည်ကိုကြည့်ပြီး မိုးမိုးအေးပါ အပ
ကူးစက်လာသည်။

သားနှင့် ရထားကိုကြည့်ပြီး ပြုံးမိလျက် ဖြစ်နေသ

ဦးမြတ်ထွန်းကတော့ အဖြစ်သည်းလွန်းသော မိုးမိုး
ကို လှည့်စောင်း၍ပင် မကြည့်။

"ကဲ....သား ကစားတတ်သွားပြီ၊ သားဘာသာ စိ
တိုင်းကျကစားတော့၊ ဦးဦး ပြန်တော့မယ်"

"ဟင်....ဦးဦး ပြန်တော့မှာလား"

သားက ရထားကိုမေ့သွားပြီး ဦးမြတ်ထွန်းကို လှ
ကြည့်လိုက်သည်။





ဦးမြတ်ထွန်း၏ ဘေးသို့ လျှောက်သွား၍ လက်ကို ဆုပ်
ထားလိုက်သည်။

ဦးမြတ်ထွန်းက သားကိုကြည့်နေသည်။

သားကလည်း ဦးမြတ်ထွန်းမျက်နှာကို မော့ကြည့်နေ
သည်။

ဦးမြတ်ထွန်းက သားကိုဆွဲယူပြီး ပါးကို မွှေးလိုက်သည်။
သားမျက်နှာ ပြုံးနေသည်။

"မနက်ဖြန်ခါ သားကိုလာကြိုမှာလား ဦး"

ဦးမြတ်ထွန်း တစ်ချက်တွေသွားသည်။

"မနက်ဖြန်ခါကျတော့ ဦးက မအားဘူး သားရဲ့"

"ဘယ်တော့အားမှာလဲ ဦး"

"ဦး ကြောက်ရတဲ့သူတစ်ယောက် ရှိတယ်ကွ၊ သူက
းစေချင်မှ အားမှာ"

"သူ့ကို ဘာလို့ကြောက်ရတာလဲ၊ ဦး မကြောက်နဲ့ပေါ့"

"သူ့မှာလဲ ကြောက်ရတဲ့လူတွေ အများကြီးမို့ ဦးဂ
ကို ကြောက်ရတာကွ"

ကလေးကို ပြောနေခြင်း မဟုတ်တော့ဘဲ ကိုယ့်ကိုပြေ
ခြင်းဖြစ်ကြောင်း မိုးမိုးအေး သိပါသည်။ သို့သော် မသိ
ယောင် ဆောင်နေလိုက်သည်။

"ဟွန်း....ဦးဦးက ဘာမှန်းလဲမသိဘူး"

သားငယ် စိတ်ရှုပ်သွားသည်။

"အေးပါကွာ....အဆင်ပြေတဲ့နေ့ကျတော့ ဦး လာ
ပါ့မယ်၊ ကဲ....ဦးသွားတော့မယ်"

ဦးမြတ်ထွန်းက မတ်တတ်ရပ်လိုက်ပြီး အိမ်ထဲမှ ထ
သွားသည်။

စာဝန်ကျေသော သားက ဦးမြတ်ထွန်း၏လက်ကိုဆွဲ
အိမ်အပြင်သို့ လိုက်ပို့သည်။

လမ်းအဝိုင်းပေါ်မှာ မရပ်မနား လှည့်ပတ်နေ
ရထားလေးကို မိုးမိုးအေး ငေးငိုင်ငိုင်ကြည့်ရင်း ကျန်
ပါသည်။



အခန်း (၆၂)

ယခုရက်ပိုင်းမှာ ဦးမြတ်ထွန်းနှင့် မိုးမိုးအေး တစ်ကြိမ်
တစ်ခါမျှ မတွေ့ရ။

မိုးမိုးအေးကလည်း သူ့အခန်းမှ အပြင်သို့သိပ်မထွက်။

ဦးမြတ်ထွန်းကလည်း မိုးမိုးအေးကို ယခင်ကလို သူ့ရုံး
ခန်းသို့ ခေါ်ခြင်းမရှိ။

ခိုင်းစရာရှိလျှင် မောင်သန်းတင်မှ တစ်ဆင့်သာ ခိုင်း
သည်။

ငါဆက်ဆံတာ၊ ပြောတာဆိုတာတွေက လိုအပ်တာ
ထက်များ ပိုတင်းမာသွားပြီလား....

ကိုယ့်ကိုယ်ကို ပြန်စဉ်းစားနေမိသည်။

တကယ်ဆို သူက ကိုယ့်ကို အလုပ်ခန့်ထားတဲ့ အလုပ်ရှင်၊ ကိုယ့်ရဲ့ အထက်လူကြီး....

အားနာစိတ် ဖြစ်ပေါ်လာရသည်။

ဩော်....ဒါပေမယ့် ကိုယ်က မိန်းမသား၊ ပျော့ပျော့ညံ့ညံ့ ဆက်ဆံခဲ့မိလို့ အနာကြီး နာခဲ့ရပြီ၊ တစ်ခုလပ်မဆိုတာကို မညှာမတာ ပြောချင်တတ်ကြတာ....

တစ်ခုလပ်မဆိုတာကြီးက မိုးမိုးအေးကို ခြောက်လှန့်နေသည်။

အေးလေ....နောက်ကျရင်တော့ ဦးမြတ်ထွန်းကို ငါ တင်းတင်းမာမာ မဆက်ဆံတော့ပါဘူး....

လက်မှနာရီကို လှမ်းကြည့်လိုက်သည်။

(၄) နာရီ ခွဲခါနီးပြီ။

ယနေ့အဖို့ လုပ်စရာလည်းမရှိတော့၍ ပစ္စည်းများကို သိမ်းပြီး ခြင်းထဲထည့်လိုက်သည်။

ဩော်....သည်နေ့လဲ သားမေးနေကျ မေးခွန်းများကို မရေမရာ ဖြေရလိမ့်ဦးမည်။

သားလေးကို သနားမိသည်။

"အေးလေ....ကြာတော့လဲ မေ့သွားမှာပေါ့၊ ဒီလိုနဲ့ပဲ ရပ်တမ်းက ရပ်သွားတာ ကောင်းပါတယ်"

ခုထိ ဘယ်သူကမျှ ဘာမျှ အပြောမခံရသေး။

ဤရုံးမှာ တခြားမိန်းကလေးမရှိတာ တော်သေးသည်ဟု အောက်မေ့လိုက်သည်။





မိန်းမချင်းက ပိုကြည့်ပြီး ပိုမြင်သည်။ မြင်သည်နှင့်လည်း ပြောချင်သည်။ ကိုယ့်အမျိုးတူချင်း ပိုကြောက်နေရသည်ကို တ်မကောင်းဖြစ်ရသည်။

အပြင်ခန်းများမှ လှုပ်ရှားသံများ ကြားရသည်။ ကြားနေကျ ရုံးဆင်းချိန် လှုပ်ရှားသံများဖြစ်သည်။ လက်မှနာရီကို ကြည့်လိုက်သည်။ (၄) နာရီခွဲပြီ။ ခြင်းကိုဆွဲပြီး ထွက်လာခဲ့သည်။

"တီ....တီ"

ဘတ်စ်ကား မှတ်တိုင်နားနီးလာတော့ နောက်မှ ကား ာန်းသံကြားရသည်။

"ဦးမြတ်ထွန်းကားများလား"

လမ်းဘေးသို့ ကပ်ရှောင်ပေးလိုက်သည်။

ဦးမြတ်ထွန်းကားဆိုလျှင် ဘေးမှာ လာရပ်လိမ့်မည်။

"အို....ဟုတ်တယ်ထင်တယ်"

ဘေးမှာ ကားအဖြူလေးတစ်စီးကို တွေ့ရသည်။

သို့သော် မိုးမိုးအေးဘေးမှာ မရပ်ဘဲ ဆက်မောင်းသွား ည်။

"ဟင်း"

ခုမှ ရင်ထဲမှာ အေးအေးဆေးဆေးဖြစ်သွားသည်။

မဟုတ်လျှင် ငြင်းရအခက်၊ လိုက်ရအခက် ပြဿနာကြုံရ းမည်။

သို့သော် ဟုတ်လျှင် သားလေးကတော့ ဝမ်းသာမည်

ကားမှတ်တိုင်မှာ ကားစောင့်သည်။

ကိုယ်လိုလူတွေ အများကြီး၊ ကားတစ်စီးလာသည်နှ

တိုးဝှေ့တက်ရသည်၊ အတွန်းခံရသည်၊ အတိုးခံရသည်

အတိုက်ခံရသည်၊ ခြင်းကို အပေါ်မြှောက်ယူရသည်၊ ခြေ

ပေါက်ပေါက်ကျသည်။

မိန်းမသားဖြစ်သည်ကို အကျဉ်းအကျပ်ကြားမှာ အခွ

အရေးယူချင်သော ယောကျ်ားများကိုလည်း ကြုံရသည်

စက်ဆုပ်ရွံ့မုန်းရသည်။

တတ်နိုင်သမျှ လွတ်ကင်းသည့်နေရာရှာပြီး ရပ်ရသည်

ထိုင်ရသည့်နေ့ဟူ၍ တစ်ခါမျှမရှိ။

လွတ်လွတ်ကင်းကင်း ရပ်စရာလေး တစ်နေရာရလျှ

ကံကောင်းသောနေ့ဖြစ်သည်။

စီးရသည်က မဝေးလှသော်လည်း နီးသည်ဟုလည်

မဆိုသာ။

ဘယ်အခါများမှ ဘတ်စ်ကားတွေကို ချောင်ချော

လည်လည် စီးရပါ့မလဲ....။

ကိုယ်ပိုင်ကားစီးရဖို့ကို မမျှော်လင့်ပါ။ ဘတ်စ်ကာ

ချောင်ချောင်လည်လည်စီးရလျှင် ဝမ်းသာလှပါပြီ။

နှစ်ဆယ့်ငါးမိနစ်လောက် ဒုက္ခခံပြီးမှ ဆင်းရသည့် မှတ်

တိုင် ရောက်သည်။





ဆရာမအိမ်ရှေ့ရောက်သည်နှင့် ပြေးထွက်လာသော သား

လေး။

"ဦးဦးမပါဘူးလား မေမေ"

မေးနေကျ မေးခွန်းဖြစ်သည်။

"မပါပါဘူး သားရယ်"

"ဦးဦးမှ ကြောက်ရတဲ့လူမရှိရင် ကောင်းမှာနော်

မေမေ"

"လူတွေဟာ တစ်ယောက်ကို တစ်ယောက် ခယ်သူကမှ

ကြောက်မနေရရင် ကောင်းတာပေါ့ သားရယ်"

သားနားလည်သည်၊ မလည်သည် စဉ်းစားမနေနိုင်ပါ။

ကိုယ်ပြောင်သည်ကို ပြောလိုက်ခြင်းသာဖြစ်သည်။

"မေမေရော ဘယ်သူ့ကို ကြောက်ရလဲ"

"ကြောက်ရတဲ့လူတွေ အများကြီးပေါ့ သားရယ်"

"မကြောက်နဲ့ပေါ့၊ သားကြီးလာရင် အဲဒီလူတွေကို

ချပစ်မယ်"

"အားကိုးပါတယ် သားရယ်၊ မေမေက သားကို အား

ကိုးတာ"

မုံးမုံးအေး ဝမ်းသာအားရ သားကို ပွေ့ချီလိုက်သည်။

ဆရာမက သားအမိနှစ်ယောက်ကို အိမ်ဝင်းထဲမှ လှမ်း

ကြည့်နေသည်။

"သွားမယ် ဆရာမ"

မိုးမိုးအေး ဆရာမကို နှုတ်ဆက်ပြီး သားကိုချီလျက် ပြန်လာခဲ့သည်။

"သားကြီးနဲ့ဆိုရင် မေမေ ဘယ်သူ့ကိုမှ မကြောက်ဘူး"

"ဟုတ်တယ်....မကြောက်နဲ့"

အားပေးနေသော သား၏ပါးကို ချစ်ခင်စွာ မွှေးလိုက်သည်။

"ဒီတစ်ခါ ဦးဦးကို တွေ့ရင်လဲ အဲဒီလို ပြောရမယ်"

"သားရှိတယ်၊ ဘယ်သူ့မှ မကြောက်နဲ့လို့"

"ဩော်....သားရယ်"

မိုးမိုးအေး စိတ်မကောင်းဖြစ်ရသည်။

"အဲဒါဆိုရင် ဦးဦးလဲ ကြောက်မှာ မဟုတ်တော့ဘူး"

သားက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်။

ခြင်းတစ်ဖက် သားတစ်ဖက်နှင့် မိုးမိုးအေး အိမ်ကို မြန်မြန်ရောက်အောင် လှမ်းနေရသည်။

"မောပြီလား မေမေ"

"မောတာပေါ့ သားရယ်"

မိုးမိုးအေးက မျက်နှာကို မော့ပေးသည်။

ငြိမ်းချမ်းအေးက မိခင်၏ ပါးပြင်ကို အားပါးတရ မွှေးလိုက်သည်။

"ဟင်း....အမောကိုပြေသွားတာပဲ သားရယ်"

ငြိမ်းချမ်းအေးမျက်နှာ ပြုံးပြုံးလေးဖြစ်သွားသည်။

ပြုံးပန်းတစ်ရာစာပေ



သားကိုကြည့်ပြီး တကယ်လည်း မိုးမိုးအေး အမောပြေရသည်။

"ဦးဦး ကားနဲ့ လာကြိုရင် မေမေ မောမှာ မဟုတ်ဘူးနော်"

"အို....မောတယ်"

မိုးမိုးအေး ရင်ထဲမှာ ဖြစ်ပေါ်သည့်အတိုင်း ပြောလိုက်သည်။

"ဟင်....ကားပေါ် ထိုင်လိုက်ရတာ ဘာလို့မောတာလဲ မေမေ"

"ကားဆောင့်တော့ မောတာပေါ့"

မိုးမိုးအေး ကြံဖန်ဖြေလိုက်ရသည်။

"မေမေကလဲ....ဦးဦးကားက မဆောင့်ပါဘူး၊ ကားထဲမှာလဲ အေးနေတာပဲ"

သားလေးမှာ ကားစီးရသည်ကို သဘောကျနေသည်။

"သားနဲ့ ခုလို နှစ်ယောက်တည်းသွားရတာ မေမေက ပိုသဘောကျတယ်....

"မောရင် သားက မွှေးမွှေးပေးတော့ အမောပြေသွားတာပဲ၊ သူများကား မစီးချင်ပါဘူး"

"သူများကားမှ မဟုတ်ဘဲ၊ ဦးဦးကားပဲ"

"ဦးဦးကလဲ သူများပဲ သားရဲ့"

"ဟင့်အင်း....ဦးဦးက သားကိုချစ်တယ်"

ဦးမြတ်ထွန်းနှင့် တစ်ရက် လမ်းကြုံလိုက်မိ၍ ပြဿနာတက်ရခြင်းဖြစ်သည်။

ပြုံးပန်းတစ်ရာစာပေ

"အဲဒီနေ့က ငါမလိုက်ဘဲ အတင်းငြင်းခဲ့မိရင် ကောင်းမှာ"

နှစ်ရက်တည်း တွေ့ကြဆုံကြရုံနှင့် သားက ဦးမြတ်ထွန်းကို သိပ်ခင်သွားသည်မှာ သဘာဝမကျသလို ရင်ထဲမှာ ခံစားရသည်။

သားနဲ့ အမေကြားမှာ ဘယ်သူမှ ဝင်မလာတာဘဲ ကောင်းပါတယ်။

မိုးမိုးအေး ခြေလှမ်းမြန်မြန် လှမ်းလိုက်သည်။

အရာခပ်သိမ်းကုန်တို့မှ လွတ်အောင် ပြေးထွက်သွားလိုက်ချင်သည်။

အိမ်ရှေ့ရောက်တော့ ဈေးဆိုင်မှ ဒေါ်မြတို့ သားအမိလှမ်းကြည့်နေကြသည်။

"သားက မေမေ့ကို အချိုခိုင်းတာကိုး၊ ဦးဦးက ကားနဲ့လိုက်မပို့ဘူးလား"

ဈေးသည် ဒေါ်မြက လှမ်းမေးသည်။

"မပို့ဘူး၊ ဦးဦးက ကြောက်ရတဲ့လူရှိလို့"

"အို....သားကလဲ"

မိုးမိုးအေး မျက်နှာပျက်သွားသည်။

"သားက ဘာတွေလျှောက်ပြောနေတာလဲ"

အိမ်ထဲရောက်သည်အထိ သားကို မိုးမိုးအေး မကျေနပ်။

"ဦးဦးပြောတဲ့အတိုင်း ပြောတာပဲ"

သားမှာ အပြစ်မရှိသည်ကို မိုးမိုးအေး နားလည်ပါသည်။





သားငယ်က သူ့ကို စည်းကမ်းလုပ်ပေးထားသည့်အတိုင်း ယ်အိတ်နှင့် ရေဘူးကို သတ်မှတ်ထားသည့် သံချောင်းားမှာ ချိတ်သိမ်းနေသည်။

သားအမိနှစ်ယောက် အဝတ်အစားလဲပြီးသည်နှင့် မိုးမိုးအေးက ချက်ပြုတ်ရန် မီးဖိုချောင်ဝင်ရသည်။

သားက အိမ်ရှေ့ခန်းမှာ မီးရထားနှင့် ကစားသည်။ မိုးမိုးအေး ဝယ်ပေးထားသော ကားရုပ်ကလေးက းရထားလမ်းဘေးမှာ ငြိမ်သက်စွာ ရပ်တည်လျက်။

အခန်း (၆၃)

"မေမေ....သား ရထားလေးပျက်သွားပြီ၊ မသွားေ
ဘူး"

ငြိမ်းချမ်းအေး မီးဖိုထဲသို့ လိုက်လာပြောသည်။

မိုးမိုးအေး ဟင်းချက်နေရင်းမှ သားကို လှမ်းကြည့်လို
သည်။

သားမျက်နှာလေးက ငိုမဲ့မဲ့ ဖြစ်နေသည်။

"ခဏလေး စောင့်ပါဦး သားရယ်၊ မေမေ ဒီဟင်းအ
ကျက်ရင် လိုက်ကြည့်ပေးပါ့မယ်"

သားငယ်က မီးဖိုထဲမှာပင်ထိုင်၍ မိခင်ကိုစောင့်နေသည
ဟင်းအိုးကျက်သည်နှင့် မိုးမိုးအေး သားနှင့်အတူ အိ
ရှေ့သို့ လိုက်ခဲ့သည်။





ရထားလေး သံလမ်းပေါ်မှာ ငြိမ်သက်စွာ ရပ်လျက်။
မိုးမိုးအေး ခလုတ်ကို နှိပ်လိုက်သည်။ အသံနည်းနည်း
ပြီး ပြန်ရပ်သွားသည်။

ရှေ့မှာ အခုအခံရှိမရှိ ကြည့်သည်၊ ဘာမျှမရှိ။
ခလုတ်ကို ထပ်နှိပ်သည်။ အသံပင် ကောင်းကောင်း
ည်တော့ပါ။

ရထားလေး ဝယ်စဉ်ကတည်းက ပါလာသော လမ်းညွှန်
အုပ်ကလေးကို ကတ်ဘူးထဲမှ ထုတ်ယူလိုက်သည်။

အင်္ဂလိပ်လို ရေးထားသည့် လမ်းညွှန် စာအုပ်ကလေး
စ်သည်။

အားလုံး ကုန်အောင် ဖတ်ကြည့်သော်လည်း ဘာလုပ်
မှန်း မသိ။

ဟိုစမ်း သည်စမ်း မှန်းရမ်းလုပ်ကြည့်သော်လည်း ရထား
လေးက တုတ်တုတ်မျှမလှုပ်။

မိုးမိုးအေးလည်း ဘာလုပ်ရမှန်းမသိ။

"ကဲပါ သားရယ်၊ နောက်နေ့ကျတော့ ပြင်တတ်တဲ့လူ
ပေးပါ့မယ်"

"ဦးဦး လာရင်တော့ ပြင်တတ်မှာ မေမေ"

သည်ပြဿနာ သည်ကိုရောက်လာမည်ဆိုတာ မိုးမိုးအေး
န်းဆမိပါသည်။

"ကဲပါ သားရယ်....မေမေ ဝယ်ပေးတဲ့ ကားလေးနဲ့ ဆော့နော်"

မိုးမိုးအေးက ကားလေးကို သံပတ်ပေးပြီး လွှတ်လိုက်သည်။

ကားလေးက အသံမြည်ပြီး ပြေးသွားသည်။

"ဟင့်အင်း....မကစားချင်ဘူး၊ ရထားနဲ့ပဲ ကစားချင်တယ်၊ ရထားကောင်းအောင် ပြင်ပေး"

"သူ့ရထားက မကောင်းလို့ ပျက်တာပဲ သားရယ် မေမေဝယ်ပေးတဲ့ ကားလေးက ကောင်းပါတယ်"

"ဟင့်အင်း....ဦးဦးကို ခေါ်ပေး"

"ဦးဦးကမှ မလာနိုင်ဘဲ သားရယ်၊ မေမေ ဘယ်လိုလုပ်ရမလဲ"

မိုးမိုးအေး စိတ်ရှုပ်ရပြီ။

"ရထားလေး ပျက်သွားတယ်ဆိုရင် ဦးဦး လာမှာပေါ့"

"သား အဲဒီလို မဆိုးရဘူးလို့ မေမေ ပြောထားတယ် မဟုတ်လား၊ ဇွတ်မလုပ်ရဘူး၊ အဲဒီလို ဆိုးတာ မေမေ မကြိုက်ဘူး"

မိုးမိုးအေးက တင်းတင်းမာမာ ပြောလိုက်၍ ငြိမ်းချမ်းအေး ငြိမ်သွားသည်။

"ရထားပျက်ရင် ကားနဲ့ဆော့ပေါ့၊ ရထားရော ကားရော မရှိတဲ့ ကလေးတွေ ဘယ်လိုလုပ်မလဲ"

ငြိမ်းချမ်းအေး ဘာမျှမပြောတော့ပါ။





"သား အရင်တုန်းကဲဆိုရင် အရုပ်ကလေးတွေပဲ ဆွဲနေတာ မဟုတ်လား၊ ခုဆို အရုပ်လဲ မဆွဲတော့ဘူး၊ အရုပ်ဆွဲမလား၊ မေမေ စာအုပ်နဲ့ ခဲတံ ယူပေးမယ်"

ငြိမ်းချမ်းအေး ခေါင်းယမ်းပြသည်။

"အဲဒါဆိုရင်လဲ လာ....မေမေ ရေချိုးပေးမယ်၊ ရေချိုးပြီးရင် ထမင်းစားမယ်"

မိုးမိုးအေး သားငယ်၏ လက်ကို ဆွဲခေါ်လိုက်သည်။

ငြိမ်းချမ်းအေး မိခင်နောက်သို့ လိုက်ပါရင်းမှ ရထားလေးကို တစ်ချက် လှမ်းကြည့်လိုက်သည်၊

ရထားလေးက သံလမ်းပေါ်မှာ ငြိမ်သက်စွာ ရပ်လျက်။

## အခန်း (၆၄)

ယနေ့ည သားလေး အစောကြီး အိပ်ပျော်သွားသည်။

ငြိမ်သက်စွာ အိပ်ပျော်နေသော သားလေးကိုကြည့်ပြီး မိုးမိုးအေး စိတ်မကောင်းဖြစ်မိသည်။

ပျက်သွားတဲ့ရထားကို ဘယ်သူ့ ပြင်ခိုင်းရမလဲ....

မိုးမိုးအေး စဉ်းစားကြည့်သည်။

ဦးမြတ်ထွန်းကိုတော့ မပြောချင်။

ပြောလျှင် ခုနစ် စဉ် အ မျှင် တန်း ပြီး နောက် ဆက် တွဲ ပြဿနာတွေ လာမှာစိုးသည်။

ရထားကို အကြောင်းပြုပြီး သားဆီ ဆက်လာနေမည်။ သားဆီလာရင်း သံယောဇဉ်တွေ တစ်နွယ်ကနှစ်နွယ် ယှက်လာလျှင်....





တွေးမိသည်ကို ရှက်စိတ်ဖြစ်ရသည်။

အေးလေ....ငါက အစိုးရိမ်ကြီးနေတာလည်း ဖြစ်နိုင်ပါတယ်၊ သူက သူဌေးလူယုံ၊ သည်ကုမ္ပဏီမှာလည်း ရှယ်ယာအများကြီးပါထားတဲ့လူ၊ ငါလို တစ်ခုလပ်ကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ သားကိုခင်တာ ရိုးရိုးဆိုရင်....

ဦးမြတ်ထွန်းကို အထင်သေးသလို တွေးမိ၍ အားနာစိတ်ဖြစ်ရသည်။

ဒါပေမယ့် သူက ရိုးသားပေမယ့် ပတ်ဝန်းကျင်ပြောရင်ဆိုရင်....ခုပဲ ဒေါ်မြတို့သားအမိ ကြည့်တဲ့မျက်လုံးတွေက....အို....ကင်းကင်းရှင်းရှင်း ကောင်းပါတယ်....

ကိုယ့်ဘဝလေးကို ကိုယ့်ဘာသာ အေးအေးချမ်းချမ်းနေချင်သည်။

ဘယ်သူ ပြောတာဆိုတာမျှ မခံချင်၊ ဘာပြဿနာမှ မရှိချင်။

"ဟီး....အီး....ရထားလေးပျက်သွားပြီ၊ ဦးဦး၊ ရထားလေးပြင်ပေးပါ၊ သားရထားလေး ပြင်ပေးပါ"

"သား....သားလေး"

မိုးမိုးအေး ထိတ်ထိတ်ပျာပျာနှင့် သားရင်ဘတ်ပေါ်ကို လက်ဖြင့် ဖိထားပေးလိုက်သည်။

ရထားပျက်သည်ကို စိတ်စွဲ၍ သားလေး ယောင်ယမ်းနေခြင်း ဖြစ်သည်။

သား၏ မျက်လုံးအိမ်မှ မျက်ရည်စလေးများကို မိုးမိုး
အေး အသာအယာ သုတ်ပေးလိုက်သည်။

ပြီးတော့ သား၏ပါးလေးကို ဖွဖွဖြည်းဖြည်း မွှေးလိုက်
သည်။

သားလေး ငြိမ်သက်စွာ ပြန်အိပ်ပျော်သွားသည်။

ဩော်....သားလေးရယ်....

မိုးမိုးအေး သက်ပြင်းတစ်ချက်ချလိုက်သည်။



ခန်း ( ၆ ၅ )

မိုးမိုးအေး အလုပ်လုပ်နေရသော်လည်း စိတ်ကမဖြောင့်။
သားလေးကို မကြာခဏ သတိရနေသည်။

နံနက်က မူကြိုကိုလိုက်ပို့တော့ ခါတိုင်းလို သားလေး
ပျော်ပျော်ရွှင်ရွှင်မဟုတ်။

ကျောင်းကိုရောက်တော့လည်း သူ့အတန်းရှိရာသို့ တစိုက်
ိုက်နှင့် လျှောက်သွားသည်။

ခါတိုင်းလို အမေကို နှုတ်ဆက်ခြင်းမရှိ။

အိမ်ကထွက်ခါနီး သူ့ရထားလေး၏ ခလုတ်ကို နှိပ်
ကြည့်ပြီး မလှုပ်ရှားသော ရထားလေးဘေးမှာ ငေး ငေးငိုင်
ိုင်ဖြစ်နေသော သားလေးကို မြင်ယောင်မိသည်။

ညတုန်းက သားလေး ယောင်ယမ်းပြောဆိုသည်များက
လည်း ကြားယောင်နေမိသည်။

အလုပ်မှာ စိတ်မပါ၍ စာရင်းဇယားများ မကြာခဏ
မှားပြီး ပြန်လုပ်နေရသည်။

ငါ ဆူလိုက်ပြောလိုက်တာများ သူ့ စိတ်မကောင်းဖြ
သွားသလား....

သားလေးကို သနားနေမိသည်။

ရုံးအလာမှာ အရုပ်ဆိုင်ကို ဝင်မေးကြည့်သည်။ သူတိ
ဆိုင်မှာ ထိုရထားမျိုးကို မရောင်း၍ မပြင်တတ်ကြောင်
ပြောသည်။

ဦးမြတ်ထွန်း ဘယ်ဆိုင်က ဝယ်လာမှန်းလည်းမသိ။

ရထားလေးကောင်းသွားအောင် ဘယ်သူ့ကို ခေါ်ပြီ
ပြင်ပေးရမလဲ....

မောင်သန်းတင်ကို ပြင်တတ်မပြင်တတ် ခေါ်မေးပြီးပြီ

ပြင်ဖို့မပြောနှင့်၊ ထိုရထားမျိုးကိုပင် မမြင်ဖူး၊ သူ့ကို
ရှင်းပြရသည်မှာ မောတာသာ အဖတ်တင်သည်။

သားလေးပြောသလို ဦးမြတ်ထွန်းကို ခေါ်ပေးရ
မလား....

သို့သော် အလိုလိုက်လွန်းလျှင် သူ့အဖေလို ပျက်စီးသွား
မှာကိုလည်း စိုးရိမ်သည်။ ခုချိန်မှာ သားလေးက လိမ္မာနေ
သည်၊ ပြောစကားကို နားထောင်သည်။





ဦးမြတ်ထွန်းကို သွားမပြောချင်။ ပြောလျှင် အိမ်ကို
လိုက်ခဲ့ဖို့ ခေါ်သည့်အဓိပ္ပာယ်လည်း ဖြစ်သွားမည်။

အို....မခေါ်တော့ပါဘူး၊ အပြန်ကျရင် အရုပ်ဆိုင်ဝင်
ပြီး သားလေးကို တခြားအရုပ်တစ်ခုခု ဝယ်ပေးလိုက်တော့
မယ်....

မိုးမိုးအေး ဆုံးဖြတ်ချက်ချလိုက်သည်။

ကဲ....တော်ပြီ၊ အလုပ်ချိန်အတွင်းမှာ သားသမီးကိစ္စ
တွေးမနေရဆိုတဲ့ အမိန့်တစ်ခု ထပ်တိုးလာဦးမယ်....

အလုပ်မှာစိတ်ဝင်စားအောင် အာရုံပြောင်းလိုက်သည်။

ညနေ ရုံးဆင်းခါနီးတော့ အခန်းထဲသို့ လူတစ်ယောက်
ဝင်လာသည်ကို သိလိုက်သည်။

လှည့်ကြည့်လိုက်တော့ မောင်သန်းတင်....

"မမမိုးကလေးအတွက် ဆရာဦးမြတ်ထွန်းက အပေးခိုင်း
လိုက်လို့"

လက်ဆွဲစက္ကူအိတ်တစ်ခုကို မောင်သန်းတင်က စားပွဲ
ပေါ်သို့ တင်ပေးသည်။

"ဘာတွေပါလိမ့်"

မောင်သန်းတင်မရှေ့မှာပင် မိုးမိုးအေး ဖွင့်ကြည့်လိုက်
သည်။

ခာတ်ခဲနှင့်လုပ်ရှားသော ပင်ဒါ ဝက်ဝံရုပ်ကလေးနှင့်
မုန့်ပုံးတစ်ပုံး ဖြစ်သည်။

ငါတွေးတာကိုများ သူသိသလား....

မိုးမိုးအေး အံ့ဩနေမိသည်။

"အေး....အေး၊ ကျေးဇူးတင်ပါတယ် မောင်သန်းတင်"

ညနေ ရုံးဆင်းတော့ မိုးမိုးအေး အရပ်ဆိုင်သို့ မသွားဖြစ်တော့ပါ။ ဝက်ဝံရုပ်ကလေးကိုတွေ့လျှင် အာရုံပြောင်းသွားမည် ထင်သည်။

ဦးဦးက ပေးလိုက်သည်ဆိုလျှင် ပိုပြီး ဝမ်းသာသွားလိမ့်မည်ဟုလည်း တွေးလိုက်သည်။

ပျော်သွားမည့် သားလေးကိုတွေးပြီး ဘတ်စ်ကား မှတ်တိုင်ဆီသို့ ခပ်မြန်မြန် လှမ်းလိုက်သည်။

"တီ....တီ"

ဘတ်စ်ကားမှတ်တိုင် ရောက်ခါနီးမှာ နောက်မှ ကားဟွန်းသံ ကြားရသည်။

မိုးမိုးအေး လမ်းဘေးသို့ ကပ်ပေးလိုက်သည်။

ကားအဖြူလေး မိုးမိုးအေးဘေးမှာ ကပ်ပြီး ရပ်လိုက်သည်။

"မမိုးမိုးအေး၊ ကားပေါ်တက်လေ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဦးမြတ်ထွန်း ဖြစ်နေ၍ မိုးမိုးအေး အံ့အားသင့်သွားသည်။

"သားရထားလေး ပျက်သွားတာကို လိုက်ပြင်ပေးမလို့ပါ"





မိုးမိုးအေး အံ့ဩသွားသည်။

"ကဲ....ပတ်ဝန်းကျင်က မြင်မှာပြောမှာစိုးရင် ကားပေါ် မြန်မြန်တက်လိုက်ပါဗျာ၊ ကျွန်တော် ကားမောင်းရင်း ရှင်းပြပါ့မယ်"

မိုးမိုးအေး ကားပေါ်တက်လိုက်သည်နှင့် ကားလေး မောင်းထွက်သွားသည်။

"မောင်ငြိမ်းချမ်းအေးကို စ,တွေ့တဲ့ နေ့ကတည်းက ကျွန်တော် သံယောဇဉ်ဖြစ်တဲ့အကြောင်း မမိုးမိုးအေးကို ပြောပြီးပါတယ်....

"ကျွန်တော်ဆန္ဒအတိုင်းဆိုရင် သားကို နေ့တိုင်း အပြန်ကြိုပြီး လိုက်ပို့ပေးချင်ပါတယ်၊ ကလေးကလဲ ကျွန်တော့်ကို တွေ့တဲ့နေ့ကတည်းက ချစ်ခင်ပါတယ်....

"ပြောရရင် ကလေးကစ,ပြီး ကျွန်တော့်ကို ချစ်ချစ်ခင်ခင် ဆက်ဆံလို့ ကျွန်တော် ကလေးကို သံယောဇဉ်ဖြစ်သွားတာလို့တောင် ထင်ပါတယ်....

"ဒါပေမယ့် မမိုးမိုးအေးက ပတ်ဝန်းကျင်ကိုသိပ်ကြောက်နေတော့ ကျွန်တော် အိမ်ကို မလာဘဲ နေခဲ့ပါတယ်၊ သားနဲ့လဲ လုံးဝမတွေ့ရဘူး၊ မနေ့ကတော့ သားကို သိပ်သတိရတယ်၊ တွေ့ချင်စိတ်လဲ သိပ်ဖြစ်မိတယ်၊ ညတုန်းကဆိုရင် သားကို သတိရပြီး တော်တော်နဲ့ အိပ်မရလောက်အောင် ဖြစ်ရတယ်"

"ရှင်...."

မနေ့ညက သားလေး ယောင်ယမ်းသတိရသည်ကို မိုးမိုး
အေး သတိရပြီး အံ့ဩသွားရသည်။

ဩော်....မေတ္တာဆိုတာ အသွားအပြန် ရှိတယ်ဆိုတဲ့
စကား ရှိတာပဲ....

မိုးမိုးအေးစိတ်ထဲမှာတင် အဖြေရသွားပါသည်။

"ဒါနဲ့ ဒီနေ့မနက်ကျတော့ သားကိုပေးဖို့ ဝက်ဝံရုပ်
လေးနဲ့ မုန့်ပုံးဝယ်ပြီး မောင်သန်းတင်ကို မမိုးမိုးအေးသား
လေးအတွက်ဆိုပြီး သွားအပေးခိုင်းတယ်....

"ကျွန်တော် သတိရနေတာယ်ဆိုတာ ကလေး သိစေချင်လို့
ပါ....

"အဲဒီမှာ မောင်သန်းတင်က ပြောတယ်၊ မမိုးမိုးက
သားလေးရဲ့ရုထားပျက်နေတာ သူ့ကို အပြင်ခိုင်းတယ်တဲ့၊
သူကလဲ မပြင်တတ်ဘူးတဲ့....

"ကျွန်တော်လဲ အစကတော့ လိုက်ခဲ့ဖို့ စိတ်ကူးမရှိပါ
ဘူး၊ ဝက်ဝံရုပ်ကလေးရသွားရင် ကလေး အာရုံပြောင်းသွား
မယ်ထင်လို့၊ မောင်သန်းတင်ကို အဲဒါလေးတွေသာ သွား
ပေးလိုက်ပါကွာလို့ ပြောလိုက်တာ....

"ရှုံးဆင်းတော့ ကျွန်တော့် စိတ်ထဲမှာ နေလို့မရဘူး၊
ရထားလေးကိုလဲ ကျွန်တော်ပြင်ပေးချင်တယ်၊ ရထားလေး
ဘာလို့ ပျက်နေတယ်ဆိုတာ ကျွန်တော် သိတယ်"





ဦးမြတ်ထွန်း ပြောသမျှကို မိုးမိုးအေး ဘာမျှ ပြန်မပြော
ဘဲ နားထောင်နေသည်။ သို့သော် အုဘားလေးအတွက် ဝမ်း
သာနေမိသည်။

ယနေ့ သားထံမှ ခါတိုင်း မေးနေကျ မေးခွန်းများကို
ကြားရတော့မည်မဟုတ်။ သူတွေ့ချင်သူကို တွေ့ရတော့
မည်။

သူပြန်ချင်သော ကားနှင့် ပြန်ရမည်၊
ပြီးတော့ သူ့ရထားလေးလည်း ကောင်းသွားတော့
မည်။

သားအပေါ်မှာ ဦးမြတ်ထွန်း၏ ခင်မင်သံယောဇဉ်တရား
ကိုလည်း နားလည်လိုက်ပါသည်။

ကားလေး၏ ညာဘက်မှ မီးလေး လင်းချည် မှိတ်ချည်
အချက်ပြနေသည်။

အရှိန်လျော့ပြီး ညာဘက်မှ လမ်းထဲသို့ ချိုးဝင်သွား
သည်။

ဆရာမအိမ်နှင့် နီးလာပြီ။
"တီ....တီ"

ဦးမြတ်ထွန်းက ဟွန်းနှစ်ချက် တီးလိုက်သည်။
ဝမ်းသာအားရ ဖြစ်နေမည့် သား၏ ပုံကို မိုးမိုးအေး
မှန်းဆနေမိသည်။
ဆရာမအိမ်ရှေ့မှာ ကားလေး ရပ်သွားသည်။

"ဆရာမ၊ သွားတော့မယ်"

သူ့ဆရာမကို နှုတ်ဆက်ပြီး လွယ်အိတ်တစ်ဖက် ရေဘူး တစ်ဖက်ဆွဲ၍ ငြိမ်းချမ်းအေး ကားဆီသို့ ဒရောသောပါး ပြေးလာသည်။

"အို....သားရယ်....လဲမှဖြင့်"

မိုးမိုးအေး စိုးရိမ်စွာ လှမ်းကြည့်နေရသည်။

ဦးမြတ်ထွန်းက သားကို လက်လှမ်းပြရင်း ရှေ့ဘက် တံခါးကို ဖွင့်ပေးသည်။

"ဦးဦး"

ကားရှေ့ခန်းသို့ အပြေးတက်ရင်း သား၏ ဝမ်းသာ အားရ နှုတ်ဆက်သံ။

"ရေ့....မေမေ"

နောက်ဘက်မှ အမေ့ထံသို့ ရေဘူးနှင့် လွယ်အိတ် လှမ်း ပေးသည်။

"ဦးဦးက သားဆီလဲ မလာဘူး"

ဦးမြတ်ထွန်းကို အပြစ်တင်နေသည်။

သို့သော် မျက်နှာလေးက ပြုံးပြုံးကြည်ကြည်။

"သားက ဦးကို မျှော်နေလို့လား"

"မျှော်တာပေါ့"

"ဦးလဲ နေ့တိုင်း လာကြို ချင်တာပဲကွ"

"ဦးဦးကြောက်ရတဲ့လူ ရှိလို့လား"





"ဟုတ်တယ်"

ဦးမြတ်ထွန်းက ခေါင်းပါညိတ်ပြသည်။

"မကြောက်နဲ့၊ သားကြီးလာရင် ချပစ်မယ်"

ငြိမ်းချမ်းအေးက လက်သီးလေး ဆုပ်ပြသည်။

"မင်း ငရဲကြီးမှာပေါ့ကွ"

ဦးမြတ်ထွန်းက မိုးမိုးအေး သိအောင် အဓိပ္ပာယ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။

"မေမေတောင် ခုမကြောက်တော့ဘူး"

"ဟ....ဒါဆိုရင်တော့ ကောင်းတာပေါ့ကွ"

"ဖြည်းဖြည်းမောင်းပါ ဦးဦးရ"

သား၏ စကားကြောင့် မိုးမိုးအေးပင် အံ့ဩသွားသည်။

"ဟော....ဘာလို့လဲကွ၊ ခါတိုင်းဆို သားက မြန်မြန်မောင်း ကြိုက်တာပါ"

ငြိမ်းချမ်းအေး ဘာမျှပြန်မပြောတတ်။

သို့သော် မိုးမိုးအေး နားလည်လိုက်ပါသည်။

သူ့ခမျာ ဤသို့ ပျော်ရွှင်စွာ အတူသွားရသော အချိန် လေး မြန်မြန်ကုန်သွားမှာစိုးပုံရပါသည်။

ဦးမြတ်ထွန်းလည်း သားဆန္ဒကို ရိပ်မိဟန်တူပါ၏။ကား ရှိန်ကို လျှော့ချလိုက်သည်။

သားက ရှေ့ခုံမှာ လူကြီးတစ်ယောက်လို ဟန်ဟန်ပန်ပန် ထိုင်နေသည်။

သူ့မျက်နှာမှာ ကျေနပ်ခြင်းများနှင့်။ရထားပျက်နေသည
အကြောင်းနှင့် ပြင်ပေးရန် ပြောလိမ့်မည်ဟု မိုးမိုးအေး ထ
ထားသည်။ သို့သော် ပြောဆိုခြင်းမရှိ။

ဩော်....ရထားကို သူ မေ့သွားတယ်ထင်ပါရဲ့။

ဦးမြတ်ထွန်းအပေါ်မှာ သား၏ ခင်မင်မှုကို မိုးမိုးအေ
လေးလေးစားစား နားလည်လိုက်ပါသည်။

ဦးမြတ်ထွန်းလည်း မိုးမိုးအေးလိုပင် တွေးမိသည် ထင်ပ
၏။

"သား ရထားပျက်သွားတဲ့အကြောင်း ဦးဦးကို မပြေ
တော့ဘူးလား"

ဦးမြတ်ထွန်းက သားဘက်သို့လှည့်ပြီး မေးလိုက်သည

"ဟင်....ဦးဦးကို ဘယ်သူပြောလဲ၊ မေမေ ပြောတ
လား"

သူကပင် ပြန်အံ့ဩနေသေးသည်။

"ဦးဦး သိတာပေါ့ကွ"

ဦးမြတ်ထွန်းက ဘယ်သူပြောသည်ဟု မပြော။

"ဦးဦး ပြင်တတ်လား"

"ပြင်တတ်တာပေါ့ကွ"

"ဦးဦးက သိပ်တော်တာပဲ၊ သားကို ပြင်ပေးနော်"

"ပြင်ပေးမှာပေါ့ကွ၊ ပြင်ပေးချင်လို့ ဦးဦး လိုက်လ
တာပဲ"





"သားရထားလေး သနားပါတယ်၊ ခလုတ်ကိုနှိပ်ပေမယ့် မသွားနိုင်ဘူး၊ အစက အသံနည်းနည်းမြည်သေးတယ်၊ ခု တော့ အသံတောင် မမြည်နိုင်တော့ဘူး"

"ဘယ်မြည့်မလဲကွ၊ ဓာတ်ခဲ အားကုန်သွားတာကိုး"

"ဩော်...."

နောက်မှ မိုးမိုးအေး နားလည်လိုက်ပါသည်။

"ဦးဦးက အဲဒါကို ပြောခဲ့ဖို့ မေ့သွားတယ်ကွ၊ ခုတော့ ဓာတ်ခဲတစ်ဒါဇင် ဦးဝယ်လာခဲ့တယ်"

"ဘယ်နှစ်လုံးလဲ ဦး"

"ဩော်....ဟုတ်ပါရဲ့၊ တစ်ဒါဇင်ဆိုတာ ဆယ့်နှစ်လုံးကွ"

သူတို့နှစ်ယောက် စကားပြောနေကြသည်ကို နောက်မှ နားထောင်ရင်း မိုးမိုးအေး ရင်ထဲမှာ ကြည်ကြည်နူးနူး ခံစားရသည်။

သို့သော် ဘာမျှတော့ ပါဝင်ပြောဆိုခြင်းမပြုမိ။

"သား၊ဟွန်းတီးလိုက်ဦးလေကွာ၊ အိမ်ရောက်တော့မယ်"

ကားဟွန်းတီးရန်လည်း သားမေ့နေသည်။

သားက ဦးမြတ်ထွန်းလက်ကို လှမ်းကိုင်၍ ဦးမြတ်ထွန်း ဘက်သို့ တိုးကပ်သွားပြီး ကားဟွန်းကို တီးလိုက်သည်။

"တီ....တီ"

မိုးမိုးအေး ဘယ်ဘက်မှ ဈေးဆိုင်ဆီသို့ မသိမသာ လှမ်း ကြည့်သည်။

တော်သေးသည်၊ ဒေါ်မြမရှိ။ သို့သော် သူ့သမီးက ဆိုင်
ထဲမှ လှမ်းကြည့်နေသည်။

ဤမျက်လုံးအကြည့်များ၏ နောက်ကွယ်တွင် ပြောချင်ဆို
ချင်သည်များကို မိုးမိုးအေး နားလည်နေသည်။

ကားလေးက အိမ်ရှေ့တံခါးကို ဦးတည်လျက် ရပ်သွား
သည်။

ထုံးစံအတိုင်း မိုးမိုးအေး ကားပေါ်မှဆင်းပြီး ဝင်းတံခါး
ဖွင့်သည်၊ အိမ်တံခါးဖွင့်သည်။

ဦးမြတ်ထွန်းနှင့် ငြိမ်းချမ်းအေးက နောက်မှ အိမ်ထဲသို့
ဝင်လာကြသည်။

ဦးမြတ်ထွန်း၏ လက်ထဲမှာ သား၏ လွယ်အိတ်နှင့် ရေ
ဘူး ဆွဲယူလာသည်ကို မိုးမိုးအေး မြင်ရသည်။

"ရော့ သား....ဒါလေးတွေ နေရာတကျ သွားထား
လိုက်ဦး"

မိုးမိုးအေး၏ စည်းကမ်းကို ဦးမြတ်ထွန်းက ကူညီထိန်း
သိမ်းပေးသည်။

သားက ရေဘူးနှင့် လွယ်အိတ်ကို နေရာတကျ သွားထား
သည်။

ဦးမြတ်ထွန်းက ကတ်ဘူးထဲမှ ဓာတ်ခဲများ ထုတ်ယူနေ
သည်။





မိုးမိုးအေး အဝတ်သွားမလဲသေးဘဲ ဦးမြတ်ထွန်း ဓာတ်ခဲ
ထည့်သည်ကို စောင့်ကြည့်နေသည်။

ငြိမ်းချမ်းအေးက ဘေးမှာ ကပ်ထိုင်ပြီး ကြည့်နေသည်။

"ဒါကိုဖိ၊ ဒီလိုတွန်းလိုက်၊ ဒီအပေါ်မှာ သူ့မြားလေး
ပြထားတဲ့ အတိုင်းပေါ့"

ဦးမြတ်ထွန်းပြောသည်က မိုးမိုးအေးကို ရည်ညွှန်းနေ
ခြင်းဖြစ်သည်။

အဖုံးလေး ပွင့်သွားသည်။

အထဲမှ ဓာတ်ခဲများကို ထုတ်ယူလိုက်သည်။

"ဒီမှာ ဓာတ်ခဲထည့်၊ အပေါင်းလက္ခဏာနဲ့ အနုတ်
လက္ခဏာလေးတွေ ပြထားတယ်၊ အပေါင်းဘက်မှာ ခေါင်း
ထားပြီး ထည့်"

ရှင်းပြရင်း ဦးမြတ်ထွန်းက ဓာတ်ခဲအသစ်များ ထည့်နေ
သည်။

ပြီးတော့ အဖုံးလေး ပြန်ပိတ်လိုက်သည်။

"ကဲ....ရပြီသား၊ ရထားလေး ကောင်းသွားပြီ"

ဦးမြတ်ထွန်းက ရထားလေးကို သံလမ်းပေါ် ပြန်တင်
ပြီး ခလုတ်ကို နှိပ်လိုက်သည်။

ရထားလေးက အင်အားပြည့် စက်သံ ထွက်ပေါ်လာပြီး
လမ်းပေါ်မှာ ပြေးလိမ့်သွားပါသည်။

"ဟေး....ဟေး၊ ရထားလေး ကောင်းသွားပြီ"

ငြိမ်းချမ်းအေးက ဝမ်းသာအားရ လက်ခုပ်တီးပြီး ‌ေ
နေသည်။

"ရော့ သား....ဒီမှာ ဦးဦးက ပေးတာ"

မိုးမိုးအေးက သူ့ခြင်းထဲမှ မုန့်ပုံးနှင့် ဝက်ဝံရုပ်ပါသေ
ကတ်ဘူးလေးကို ထုတ်ပေးလိုက်သည်။

ငြိမ်းချမ်းအေး သွားယူလိုက်သည်။

ဦးမြတ်ထွန်းက ရထားကို ခလုတ်ပိတ်၍ ရပ်လိုက်သည

မိုးမိုးအေး အဝတ်လဲရန် အခန်းထဲသို့ ဝင်သွားသည

ဦးမြတ်ထွန်းက ဝက်ဝံရုပ်လေးကို ထုတ်ယူပြီး ခလုတ်
နှိပ်ပြသည်။

ဝက်ဝံရုပ်လေး၏ မျက်စိမှ အစိမ်းရောင်မီးလေး လင်းလ
ပြီး လမ်းလျှောက်သွားသည်ကို ကြည့်၍ ငြိမ်းချမ်းအေ
သဘောကျနေသည်။

"ဟင်း ဟင်း....ဝက်ဝံလေးက ချစ်စရာလေး၊ မေမေရေ..
ဒီမှာကြည့်ပါဦး၊ ဝက်ဝံလေး လမ်းလျှောက်နေတယ်"

သို့သော် မိုးမိုးအေး ထွက်မလာ။

ငြိမ်းချမ်းအေးကိုယ်တိုင် ဝက်ဝံရုပ်လေးကို ခလုတ်ပိ
လိုက်၊ ဖွင့်လိုက်နှင့် ပျော်နေသည်။

ဝက်ဝံရုပ်လေး အလုပ်များနေ၍ ရထားလေး အနား
နေသည်။





ဦးမြတ်ထွန်းက သားအားမှာပင် ကြမ်းပြင်ပေါ်မှာ
င်လျက်။

အဝတ်လဲပြီးပြီဖြစ်သော မိုးမိုးအေးက ဘာလီတစ်ခွက်ကို
င်ပန်းလေးနှင့် တင်လျက် အိမ်ရှေ့ခန်းသို့ ယူလာသည်။

"ဦးမြတ်ထွန်း အပေါ်မှာထိုင်ပါ"

မိုးမိုးအေးက လင်ပန်းလေးကို စားပွဲပေါ်မှာ တင်လိုက်
ည်။

ဦးမြတ်ထွန်း ကုလားထိုင်မှာ ပြောင်းထိုင်သည်။

"မေမေ....သားလဲ သောက်ချင်တယ်"

ငြိမ်းချမ်းအေးက ဝက်ဝံရုပ်ကလေး၏ ခလုတ်ကို ပိတ်
ားခဲ့သည်။

"လာ....ဦးဦးနဲ့ အတူသောက်လှည့်"

"မဟုတ်ပါဘူး၊ ဦးမြတ်ထွန်း သောက်ပါ၊ သားလေး၊
ားအတွက် နောက်မှာ မေမေ ဖျော်ထားတယ်"

"ဟင့်အင်း....ဒီမှာပဲသောက်မယ်"

ငြိမ်းချမ်းအေးက ဦးမြတ်ထွန်းနားမှ မခွာချင်။ ဦးမြတ်
ွန်းဘေးမှ ကုလားထိုင်မှာ ထိုင်နေသည်။

"အေး....အေး....အဲဒါဆိုရင် မေမေ ယူခဲ့မယ်နော်"

မိုးမိုးအေးက ငြိမ်းချမ်းအေးအတွက် အိမ်ရှေ့ခန်းသို့ ယူ
းသည်။

"မမိုးမိုးအေးကော"

"ကျွန်မ မသောက်တော့ပါဘူး"

"အကုန်သက်သာအောင်လို့လား"

ဦးမြတ်ထွန်းက ရင်းနှီးလိုစိတ်နှင့် နောက်ပြောင်လို ခြင်းဖြစ်သည်။

"သောက်တဲ့အလေ့အထ မရှိလို့ပါ"

"ထိုင်ပါ မမိုးမိုးအေး"

ကုလားထိုင်လွတ်တစ်ခုမှာ မိုးမိုးအေး ဝင်ထိုင်လို သည်။

"ကျွန်တော် သားကိုခင်ပါတယ်၊ မမိုးမိုးအေးနဲ့လဲ မင်ရင်းနှီးချင်ပါတယ်"

ဦးမြတ်ထွန်းက မိုးမိုးအေးကို လှမ်းကြည့်လိုက်သည်။

အသက်အရွယ် ငယ်သော်လည်း သားတစ်ယောက် ဘဝကို ရုန်းကန်နေရသော မိခင်တစ်ယောက်အဖြစ် စားမိသည်။

ပတ်ဝန်းကျင်ကို စိုးရွံ့စွာရင်ဆိုင်နေရသော မိန်းက အဖြစ်နှင့်လည်း သနားမိသည်။

လက်ပြတ် ဘလောက်အင်္ကျီဖြူလေးကို ဝတ်ထားသ မိုးမိုးအေး၏ မျက်နှာလေးမှာ ကျူဒြေရရ လှနေဆဲဖြစ်သည် လည်း သတိထားမိသည်။

"မမိုးမိုးအေးကို မိတ်ဆွေကောင်းတစ်ယောက် အ ကျွန်တော် အကြံပေးချင်ပါတယ်....





"ကိုယ့်ထမင်းကိုယ်စားပေမယ့် ပတ်ဝန်းကျင် ဆိုတာ အလေးမထားလို့ မရဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ဥပဒေနဲ့မညီတဲ့ အလုပ်လဲမဟုတ်ဘူး၊ လောကဝတ္တရားတစ်ခုခုကို ဖောက်ဖျက်တာလဲ မဟုတ်ဘူး၊ သူများကို ထိခိုက်စော်ကားတာလဲ မဟုတ်ဘူး၊ လူမှုရေး ဖောက်ပြန်တာလဲ မဟုတ်ဘူးဆိုရင် ပတ်ဝန်းကျင်က ပြောမှာ ဆိုမှာကို ကြောက်နေစရာမရှိပါဘူး....

"လူတွေဆိုတာက အပြောလွတ်အောင် ဘယ်လောက်ပဲ နေနေ ကြံဖန်ပြောချင်တဲ့လူတွေလဲ ရှိတာပါပဲ၊ အဲဒါတွေ အားလုံးသာ ကြောက်နေရရင် ပိုပြီး ပင်ပန်းဆင်းရဲပါတယ်၊ ကြောက်တတ်လေ အပြောခံရလေတော့ ဖြစ်တတ်ပါတယ်....

"ကျွန်တော် သားကိုတွေ့ချင်လို့ ဒီအိမ်လာချင်တယ်၊ ညနေပိုင်း ရုံးဆင်းချိန်မှာ ကျွန်တော် အားတယ်၊ မမိုးမိုးအေးကို လိုက်ပို့ရင်း သားနဲ့လဲ တွေ့ရမယ်၊ ဒါပေမယ့် မမိုးမိုးအေးက ပတ်ဝန်းကျင်ကို သိပ်ကြောက်နေတော့ ကျွန်တော် ဆင်ခြင်ပါတယ်၊ တကယ်ကတော့ ဒီလောက်အထိ ကြောက်နေစရာမရှိဘူးလို့ ထင်ပါတယ်....

"တစ်ခုတော့ရှိတာပေါ့ဗျာ၊ မမိုးမိုးအေးအနေနဲ့ ကျွန်တော်နဲ့ကို ရင်းရင်းနှီးနှီး ခင်မင်ချင်စိတ် မရှိတာဆိုရင်တော့ ကျွန်တော် ဆင်ခြင်ပေးရမှာပေါ့....

"မမိုးမိုးအေးက ငယ်ငယ်ရွယ်ရွယ်ပဲ ရှိပါသေးတယ်၊ ခုလို ကလေးတစ်ယောက်နဲ့ ကိုယ့်ဘဝကိုယ် ရပ်တည်နေရ

တာ ကျွန်တော် တတ်နိုင်သမျှ ကူညီချင်ပါတယ်၊ သားနဲ့လဲ ရင်းရင်းနှီးနှီး နေချင်ပါတယ်''

ငြိမ်းချမ်းအေးက သူ့ဖန်ခွက်ထဲမှ ဘာလီရည်များ ကုန်သွားပြီဖြစ်၍ ဝက်ဝံရုပ်ကလေးနှင့် သွားဆော့နေသည်။

''လွန်ခဲ့တဲ့နှစ်ရက်လောက်က ကျွန်တော် ကိုမျိုးအောင်နဲ့ တွေ့တယ်''

ကိုမျိုးအောင်ဆိုသည်မှာ ဤအလုပ်ကို ဆက်သွယ်ပေးသူဖြစ်၍ တင်နွယ်လတ်၏ အစ်ကိုကြီး ဖြစ်သည်။ ဤအလုပ်ကို ဆက်သွယ်ပေးမှုလည်း ဖြစ်သည်။ မိုးမိုးအေး နားထောင်နေရာမှ ဦးမြတ်ထွန်းကို လှမ်းကြည့်လိုက်သည်။

"ကိုမျိုးအောင်က မမိုးမိုးအေးရဲ့ဘဝကို တော်တော်လေးစုံအောင် ကျွန်တော့်ကို ပြောပြတယ်....

"ကျွန်တော် မမိုးမိုးအေးအတွက် စိတ်မကောင်းဖြစ်မိပါတယ်၊ လောကမှာ တချို့လူတွေဟာ မယုံနိုင်လောက်အောင် တစ်ကိုယ်ကောင်းဆန်တာတွေ၊ တစ်ဖက်သားကို အနိုင်ကျင့်တာတွေ၊ လူမဆန်တာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် လူစိတ်ရှိတဲ့ လူကောင်းတွေလဲ ရှိပါတယ်....

"အစကတော့ ကျွန်တော် မမိုးမိုးအေးကို ကိုယ့်လုပ်ငန်းက အလုပ်သမားတစ်ယောက် ဆိုတာလောက်ပဲ သဘောထားပါတယ်၊ သားနဲ့တွေ့တော့ စတွေ့တဲ့နေ့မှာပဲ သားကို သိပ်ခင်သွားတယ်၊ အဲဒီအထိ မမိုးမိုးအေးကို ကျွန်တော်





င်တဲ့စိတ် သိပ်မရှိပါဘူး၊ ကိုမျိုးအောင်နဲ့ တွေ့ပြီးတော့မှ မိုးမိုးအေးတို့ သားအမိ နှစ်ယောက်စလုံးကို သံယောဇဉ်ဖြစ်သွားမိတာပါ''

ကိုမြတ်ထွန်းက တစ်ယောက်တည်း စကားဆက်မပြတ် ပြောနေသည်။

မိုးမိုးအေးက ဘာမျှပြန်မပြောဘဲ နားထောင်သမားဖြစ်နေသည်။

'ကျွန်တော် မမိုးမိုးအေးကို တစ်ခုပဲ ပွင့်ပွင့်လင်းလင်း မေးချင်ပါတယ်....

"ကျွန်တော့် သားနဲ့ခေါ်ရင် မလိုက်ချင်တာ၊ ကျွန်တော် လာစေချင်တာ ပတ်ဝန်းကျင်က ပြောမှာစိုးလို့လား၊ ကျွန် တော်နဲ့ကို ရင်းရင်းနှီးနှီး ခင်မင်ချင်တဲ့စိတ် မရှိလို့လား ဆိုတာ သိချင်ပါတယ်"

ဦးမြတ်ထွန်းက မိုးမိုးအေးထံမှ အဖြေကို စောင့်နေလိုက်သည်။

"ဦးမြတ်ထွန်းနဲ့ သားနဲ့ သံယောဇဉ်ဖြစ်တာကို ကျွန်မ ကျေနပ်ပါတယ်၊ ဒါပေမယ့် အဲဒါကိုအကြောင်းပြုပြီး အဝင်အထွက်များရင် ပတ်ဝန်းကျင် ပြောမှာစိုးတာလဲ ပါပါတယ်....

"နောက်တစ်ချက်ကတော့ ကျွန်မလဲ ပွင့်ပွင့်လင်းလင်းပဲ ပြောပါမယ်၊ တချို့ယောကျ်ားတွေက တစ်ခုလပ်မဆိုတဲ့

အထင်သေး အမြင်သေး အခွင့်အရေးယူချင်ကြတယ်၊ ခ
လွယ်လွယ်ရမယ်လို့ ထင်ကြတယ်၊ ပိုဝမ်းနည်းစရာကော
တာက ကျွန်မတို့ မိန်းမချင်းကပါ အဲဒီလို မြင်ကြ ပြော
တယ်....

"အဲဒီလို ခံရဖန်များတော့ ဘယ်သူနဲ့မှ ရင်းရင်းနှီးနှီး
မဆက်ဆံချင်တော့ဘူး၊ ကိုယ့်ဘာသာ သားအမိနှစ်ယော
တည်း လူပြောသူပြောလွတ်အောင် နေချင်လာတယ်....

"အထင်သေးတဲ့မျက်စိနဲ့ကြည့်တဲ့ ယောကျ်ားတွေ၊ ပြော
တဲ့ ယောကျ်ားတွေကိုလဲ အထင်သေးလာတယ်၊ ကျွန်မရ
တဲ့ ယောကျ်ားကလဲ သိပ်အထင်သေးစရာလူဆိုတော့ ကျွန်မ
ယောကျ်ားတွေကို အားမနာတတ်တော့တဲ့အထိ စိမ်းလာ
တယ်"

ဦးမြတ်ထွန်း ခေါင်းညိတ်သည်။

"ကျွန်မဘဝမှာ သားကိုချစ်တဲ့စိတ်နဲ့ သားအတွက်ဆိုတဲ
အသိပဲ ထားချင်တယ်"

ဦးမြတ်ထွန်း ခေါင်းညိတ်ရပြန်သည်။

"ကျွန်တော် နားလည်ပါတယ်ဗျာ....

"ကျွန်တော့်ကိုတော့ နေ့တိုင်း လိုက်ပို့ခွင့် မရရ
တောင် အိမ်ကို ဝင်ခွင့် ထွက်ခွင့်ပြုပါဗျာ....

"ကျွန်တော် မမိုးမိုးအေးကို အထင်သေးတဲ့စိတ် လုံးဝ
မရှိပါဘူး၊ အထင်ကြီးတဲ့စိတ်ပဲ ရှိပါတယ်....





"တစ်ခုလပ်ဆိုတဲ့ အယူအဆ အတွေးအမြင်မျိုးလဲ ကျွန်
တော့်မှာ မရှိပါဘူး၊ လေးစားစရာ မိခင်တစ်ယောက်ဆိုတဲ့
အသိပဲ ရှိပါတယ်"

မိုးမိုးအေး ဦးမြတ်ထွန်းကို လှမ်းကြည့်လိုက်သည်။

မိမိထက် အသက် (၅)နှစ်ခန့် ကြီးမည်ဟု ခန့်မှန်းမိ
သည်။ ယောကျ်ားပီသစွာ တည်ကြည်သော မျက်နှာက
တင်းလွန်းသည့်ဘက်မှာ ပိုများနေ၍ အသက်ထက် ပိုပြီး
ကြီးသည်ဟု ထင်ရသည်။

မိမိကို မရိုးသားသော အကြည့်မျိုးနှင့် မကြည့်ရုံမက
တင်းတင်းမာမာပင် ဆက်ဆံခဲ့သူဖြစ်သည်။

အလုပ်သဘောအရ စည်းကမ်း တင်းကျပ်သော်လည်း
မောင်သန်းတင် ပြောသလို စိတ်ကောင်းရှိသူ ဖြစ်မည်ဟု
ယူဆလိုက်သည်။

"ကျွန်မ ဦးမြတ်ထွန်းကို တင်းတင်းမာမာ ပြောမိဆိုမိ
ခဲ့တာ စိတ်မကောင်းပါဘူး"

"ဟာ....ရပါတယ်၊ စိတ်မကောင်းဖြစ်စရာ မရှိပါဘူး၊
ကျွန်တော့်ကြောင့် သားအတွက်ဆွဲထားတဲ့ ကားရုပ်ကလေး
ဆုတ်ဖြဲပစ်လိုက်ရတာကိုတော့ ကျွန်တော် ထပ်ပြီးတောင်းပန်
ပါတယ်"

မိုးမိုးအေး ပြုံးလိုက်မှ မျက်နှာလေး ပိုပြီး နူညက်သွား
သည်။

"ဟေး....လမ်းပြောင်းသွားပြီကွ"

"ဖြောင်း....ဖြောင်း....ဖြောင်း"

ငြိမ်းချမ်းအေးက ဝက်ဝံနှင့် ကစားရသည်ကို ငြီးငွေ့သွားဟန်တူပါသည်။ ဝက်ဝံကို အနားပေးပြီး ရထားကို ပြောင်းကစားရာမှ ရထားလေးက လမ်းကြောင်းပြောင်းပေးသည့်အတိုင်း ယှပ်ရှားသွား၍ လက်ခုပ်သြဘာပေးပြီး ဝမ်းသာအားရ ဖြစ်နေသည်။



အခန်း (၆၆)

ယနေ့ ငြိမ်းချမ်းအေး၏ (၅)နှစ်ပြည့် မွေးနေ့ ဖြစ်သည်။ အချိန်က သာယာလှပသည့် ညဦးယံလေး....

"ဟာ....လှလိုက်တာ"

ငြိမ်းချမ်းအေး ဝမ်းသာအားရ ဖြစ်နေသလို မိုးမိုးအေးလည်း အံ့သြနေသည်။

စိမ်းလန်းသော မြက်ခင်းပြင်ကို ဝိုင်းပတ်အုပ်မိုး၍ မီးရောင်စုံများ ဝေဆာစွာ လှပနေသည်။

မြက်ခင်းပြင်၏ အဝင်မှာ မီးလုံးလေးများနှင့် လှပစွာ ပုံဖော်ထားသော စာတန်းတစ်ခု....

ငြိမ်းချမ်းအေး....

"အို....ဦးမြတ်ထွန်း ငွေကုန်ကြေးကျ အများကြီးခံပြီး အကြီးအကျယ် လုပ်ထားတာပါလား"

မိုးမိုးအေး အားနာစွာနှင့် သားလက်ကိုဆွဲပြီး လိုက်ပါလာသော ဦးမြတ်ထွန်းကို လှမ်းကြည့်လိုက်သည်။

ဦးမြတ်ထွန်းက အေးအေးဆေးဆေးပင် မုခ်ဦးကိုဖြတ်၍ မြက်ခင်းပြင်ထဲသို့ ဝင်သွားသည်။

စားပွဲခင်းများကို အဖြူအနီ စပ်ခင်းထားသည့် စားပွဲများစွာကို တွေ့ရသည်။

အချို့စားပွဲများတွင် လူများရောက်ရှိ စားသောက်နေကြသည်။

လွတ်နေသော စားပွဲတွေလည်း အများကြီး။

အချို့စားသောက်နေသူများက ခုမှဝင်လာသော မိုးမိုးအေးတို့ကို လှမ်းကြည့်ကြသော်လည်း မည်သူကမျှ နှုတ်ဆက်ခြင်းမရှိ။

ဒီလူတွေက ဦးမြတ်ထွန်း ဖိတ်ထားတာလား၊ သူ့ကိုလဲ ဘယ်သူမှ နှုတ်မဆက်ကြပါလား....

မိုးမိုးအေးအတွက် စဉ်းစားစရာ ဖြစ်နေသည်။

ထိုအချိန်တွင် ဘောင်းဘီရှည်အနက်နှင့် ရှပ်အင်္ကျီအဖြူကို သေသပ်စွာ ဝတ်ထားသော စားပွဲထိုး တစ်ယောက် ဦးမြတ်ထွန်းကို လာတွေ့သည်။





ဦးမြတ်ထွန်းက ရှေ့မှ စင်မြင့်နှင့်လည်း မနီးမဝေး၊ လယ်တည့်တည့်လည်းမကျသော စားပွဲတစ်ခုကို ရွေးချယ်လိုက်သည်။

"ကဲ....ထိုင်ကြ"

မိုးမိုးအေးနှင့် သားငယ် ငြိမ်းချမ်းအေးက စင်မြင့်ဘက်သို့ လှည့်ထိုင်သည်။

စင်ပေါ်မှာ လှပသော စာတန်းလေး။

ငြိမ်းချမ်းအေးဟူ၍....

သားငယ်က စာမဖတ်တတ်၍ ဘာမျှမသိ၊ မိုးမိုးအေးက သိနေသည်။

"ဟိုပေါ်မှာ စာရေးထားတယ် တွေ့လား"

သားငယ်က ခေါင်းညိတ်ပြသည်။

"ငြိမ်းချမ်းအေးတဲ့"

"သားနာမည်လား"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

ဦးမြတ်ထွန်းက စားပွဲထိုးကို မှာစရာရှိသည်များ မှာနေသည်။ စားပွဲထိုးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

ပြီးတော့ ဦးမြတ်ထွန်းက စာရွက်တစ်ခုမှာ စာရေးပေးသည်။

စားပွဲထိုးက ခေါင်းညိတ်ပြပြီး စာရွက်ကို ယူသွားသ
ဦးမြတ်ထွန်းက ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြ
လိုက်သည်။

"မိုးမိုးနဲ့ သား....ဟိုမှာကြည့်"

မိုးမိုးအေးရော ငြိမ်းချမ်းအေးပါ ကိုမြတ်ထွန်းညွှန်ပြသ
နေရာသို့ လှမ်းကြည့်လိုက်ကြသည်။

မြက်ခင်းပြင်ဘေးမှ ထန်းပင်အမြင့်ကြီးနှစ်ပင်ကို ပင်စ
မှာ မီးရောင်စုံများ ပြည့်သိပ်နေအောင် ရစ်ပတ်ထားသ

မီးကြိုးတန်းများကလည်း ထန်းလက်များမှ အောက်
တွဲလွဲကျ၍ လေမှာလွင့်နေကြသည်။

ထန်းပင်နှစ်ပင်ကြားမှာ လှမ်းမြင်နေရသည်က လခြ
ကွေးလေး။

"ဟုတ်တယ်နော်....ဦး၊ လှလိုက်တာ"

"ဟုတ်ပါရဲ့ သိပ်လှတာပဲ"

"လကလေးနဲ့ တွဲကြည့်မှ ပိုလှတာ"

ဦးမြတ်ထွန်း ပြောသလို မိုးမိုးအေးက လခြမ်းကလေ
နှင့် တွဲဖက်ကြည့်သည်။

ဟုတ်သည်၊ လူပြုပြင်သောအလှသည် သဘာဝအလှန
ဖက်စပ်ပြီး ပို၍လှနေသည်။

"ဦးမြတ်ထွန်း ပိုက်ဆံတွေ အများကြီး ကုန်မှာပဲနော်





ဦးမြတ်ထွန်း ခေါင်းယမ်းပြသည်။

"မကုန်ပါဘူး"

စားပွဲထိုးများက အချိုရည်ဘူးများကို အရင်လာချပေး
သည်။

အချိုရည်သောက်နေစဉ်မှာပင် စင်မြင့်ပေါ်မှ အော်ဂင်
သံထွက်ပေါ်လာသည်။

အဆိုမပါ၊ အတီးသက်သက် ပဏာမ ဧည့်ခံနေခြင်းဖြစ်
သည်။

ထိုအချိန်တွင် လူများထပ်ရောက်လာကြသည်။

အချို့က မိသားစုများ....

အချို့ဝိုင်းက ယောကျာ်းတွေချည်း....

အချို့ဝိုင်းက လူငယ်ယောကျာ်းလေးတွေချည်း....

မိုးမိုးအေး လှမ်းကြည့်သော်လည်း မည်သူ့ကိုမျှမသိ။
သူတို့ကိုလည်း ဘယ်သူကမျှ နှုတ်မဆက်။

"ဒါတွေက သားမွေးနေ့ကို လာကြတာလား၊ ဦးမြတ်
ထွန်း ဖိတ်ထားတာလား"

သို့သော် ဦးမြတ်ထွန်းကို မည်သူမျှ နှုတ်မဆက်။

ဦးမြတ်ထွန်းကလည်း မည်သူ့ကိုမျှ ကြိုဆိုခြင်း နှုတ်ဆက်
ခြင်းမပြု။

ဦးမြတ်ထွန်းမှာထားသော စားစရာများ စားပွဲပေါ်သို့ တစ်ပွဲပြီးတစ်ပွဲ ရောက်လာနေသည်။

ဝတ်စုံအသစ်ကလေးနှင့် ငြိမ်းချမ်းအေးမှာ ပိုလှပြီး မြူးမြူးကြွကြွလေး ဖြစ်နေသည်။

ရှစ်နာရီထိုးသောအခါ စင်မြင့်ပေါ်သို့ အဆိုတော် မိန်းကလေးငါးယောက်နှင့် ယောကျ်ားလေး နှစ်ယောက် တက်လာသည်။

"မင်္ဂလာပါခင်ဗျာ"

အဖွဲ့ခေါင်းဆောင် ပရိသတ်ကို နှုတ်ဆက်၍ စားသောက်နေသူများ လှမ်းကြည့်ကြသည်။

"ဒီနေ့ည ကျွန်တော်တို့ ငြိမ်းချမ်းအေး စားတော်ဆက်မှာ ထူးခြားတဲ့ အစီအစဉ်လေးတစ်ခုနဲ့ ပဏာမ တင်ဆက်ပါရစေ ခင်ဗျာ....

"အဲဒါကတော့ ဒီနေ့ည ရောက်ရှိနေတဲ့ ပရိသတ်ထဲမှာ စားပွဲအမှတ်ငါးမှ သားလေးငြိမ်းချမ်းအေးဟာ ပဏာမ တေးနဲ့ ဂုဏ်ပြုရမည့်သူ ဖြစ်နေပါတယ်"

မိုးမိုးအေးနှင့် ဦးမြတ်ထွန်း ငြိမ်းချမ်းအေးကို လှမ်းကြည့်လိုက်သည်။

သူ့နာမည်ကို ခေါ်ပြောသံ ကြား၍ ငြိမ်းချမ်းအေး သဘောကျနေသည်။





ဘားစားပွဲများမှလည်း စားပွဲအမှတ် (၅) မှ ငြိမ်းချမ်းအေးကို လှမ်းကြည့်ကြသည်။

"ဒီနေ့ဟာဆိုရင် သားလေးငြိမ်းချမ်းအေးရဲ့ ငါးနှစ်တိတိပြည့်တဲ့ မွေးမင်္ဂလာ မွေးနေ့ဖြစ်ပါတယ်"

တီးဝိုင်းခေါင်းဆောင်က စင်ပေါ်မှ ဆက်ပြောနေပါသည်။

"ကျွန်တော်တို့ဆိုင်ရဲ့နာမည်ကလဲ ငြိမ်းချမ်းအေးဖြစ်ပါတယ်၊တိုက်တိုက်ဆိုင်ဆိုင် သားလေးနာမည်ကလဲ ငြိမ်းချမ်းအေးဖြစ်နေပါတယ်"

ပရိသတ်များထံမှ ရယ်သံအချို့နှင့် လက်ခုပ်သံအချို့ ထွက်ပေါ်လာသည်။

"ဒါကြောင့်မို့ ပဏာမအနေနဲ့ သားလေး ငြိမ်းချမ်းအေးရဲ့ ငါးနှစ်ပြည့် မွေးနေ့ကို ကြိုဆိုပြီး ကျွန်တော်တို့ ငြိမ်းချမ်းအေး စားတော်ဆက် မိသားစုက မွေးနေ့မင်္ဂလာ သီချင်းနဲ့ ဂုဏ်ပြုလိုက်ပါတယ် ခင်ဗျား"

လက်ခုပ်တီးသံများ ထွက်ပေါ်လာသည်။

ဦးမြတ်ထွန်းနှင့် မိုးမိုးအေး လက်ခုပ်တီးသကဲ့သို့ သားဖြစ်သူ ငြိမ်းချမ်းအေးပါ ရောယောင်တီးသောအခါ ပျော်စရာကြီး ဖြစ်သွားသည်။

စင်ပေါ်မှ မွေးနေ့မင်္ဂလာ ဆုတောင်းသီချင်းသံ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာသည်။

ဦးမြတ်ထွန်းက စားပွဲထိုးကို လှမ်းခေါ်ပြီး ပန်းကုံး(
ကုံး ဝယ်လိုက်သည်။

ငြိမ်းချမ်းအေးကို စင်မြင့်ဆီသို့ ခေါ်သွားပြီး သီဆ
များကို ပန်းကုံး တစ်ကုံးစီ အစွပ်ခိုင်းသည်။

သီဆိုသူများက ငြိမ်းချမ်းအေးကို လက်ဆွဲနှုတ်ဆက်
သည်။

ဦးမြတ်ထွန်းက သူ့လက်မှ ကင်မရာလေးနှင့် ဓာတ်ပုံရို
ယူသည်။

စားသောက်နေကြသောပရိသတ်များကလည်း လက်
တီးပြီး ဩဘာပေးကြသည်။

"ဟက်ပီးဘတ်သ်ဒေး"

စားပွဲဆီသို့ပြန်လာသော ငြိမ်းချမ်းအေးကို တစ်ယော
က အင်္ဂလိပ်လို ဆုတောင်းမေတ္တာပို့သည်။ ဦးမြတ်ထွ
ဓာတ်ပုံရိုက်ပြန်သည်။

ငွေကုန်ကြေးကျမများဘဲ မွေးနေ့ပွဲလေးဖြစ်သွားအော
စီစဉ်တတ်သော ဦးမြတ်ထွန်းကို မိုးမိုးအေး စိတ်ထဲမှချီးကျ
နေမိသည်။

သားလေး၏ (၅) နှစ်မြောက်မွေးနေ့ပွဲမှာ ကြီးကျယ
ပျော်စရာဖြစ်သွားသည်ဟု မိုးမိုးအေး ရင်ထဲမှာ ကြည်နူး
သည်။

ပြုံးပန်းတစ်ရာစာပေ



ဦးမြတ်ထွန်းနှင့် သားတို့ စားပွဲမှာ ပြန်ထိုင်ကြသည်။

"ဦးမြတ်ထွန်း အစီအစဉ် သိပ်ကောင်းတာပဲ"

မိုးမိုးအေး ထုတ်ချီးကျူးလိုက်သည်။

"ကျွန်တော့် မိတ်ဆွေတစ်ယောက်ကို ညစာလိုက်ကျွေး
င်း ဒီဆိုင်ကို ရောက်ဖူးတာ ဘာဘည်းက စိတ်ကူးရထားသာ"

မွေးနေ့ညစာစားပွဲကို ပျော်ရွှင်စွာ စားကြရသည်။

သားပန်းကန်ထဲကို ဦးမြတ်ထွန်းကပင် စားစရာများကို
တစ်မျိုးပြီးတစ်မျိုး ထည့်ကျွေးနေသည်။

ကျန်သည့်စားပွဲများမှ လှမ်းကြည့်လျှင် ဦးမြတ်ထွန်းကို
ကလေး၏ဖခင်ဟု အားလုံး ထင်ကြတော့မည်။

မိုးမိုးအေး တွေးပြီး ရှက်စိတ်ကလေး ဖြစ်မိသေးသည်။

သို့သော် ဦးမြတ်ထွန်း၏ အားပေးစကားအရ မိုးမိုး
အေး ပတ်ဝန်းကျင်ကို ရဲဝံ့စွာ ရင်ဆိုင်ခဲ့သည်။

ရုံးအပြန် ဦးမြတ်ထွန်း လိုက်ပို့ပြီး သားလေးပါ ကြိုပို့
လုပ်ပေးသည်ကို မငြင်းဆန်၊ လက်ခံခဲ့သည်။

ဦးမြတ်ထွန်းကလည်း သူ မအားလပ်သည့်နေ့များမှာပင်
ကားတစ်စီး စီစဉ်ပေးသည်။

ရုံးပိတ်ရက်များမှာ ဦးမြတ်ထွန်း အိမ်လာပြီး သားနှင့်
အတူနေသည်။

ပြုံးပန်းတစ်ရာစာပေ

မိုးမိုးအေး ချက်ပြုတ်ကျွေးသော နံနက်စာ၊ ညစာတို့ကို စားပြီးမှ ပြန်သည့်နေ့များ ရှိသည်။

မိုးမိုးအေး ပတ်ဝန်းကျင်ကို ကြောက်သည့်စိတ်နှင့် ကြည့် မနေတော့ပါ။

ကိုယ်လုပ်သည်က ရာဇဝတ်မှုလည်းမဟုတ်၊ လူ့လောက ကို ထိခိုက်စေသည်လည်း မဟုတ်၊ လူမှုရေးဖောက်ပြန်ခြင်း လည်း မဟုတ်။

မှန်ကန်ပါလျက်နှင့် ပြောမှာဆိုမှာ ကြောက်နေခြင်းသည် ကိုယ့်ဘာသာ အားနည်းချက်သာ ဖြစ်သည်။

ကိုယ့်မိသားစုကို အနေကျုံ့စေသည်၊ သားလေး၏ ခင် မင်မှုကို ထိခိုက်စေခဲ့သည်။

ကြောက်လျှင် ပိုပြောချင်ကြသည်။

မိုးမိုးအေး ပြောမှာစိုးသည့်စိတ်များကို ဖျောက်ပစ် လိုက်သည်။

ဦးမြတ်ထွန်းရော သားပါ ရင်းနှီးချစ်ခင်ခွင့်ရ၍ ပျော်ရွှင် ကြသည်။

သူတို့ကိုကြည့်၍ ကိုယ်ပါ ပျော်ရသည်။

ခုညလေးမှာ အထူးသဖြင့် ပျော်စရာ ကြည်နူးစရာ ဖြစ်ရ သည်။





"ကဏန်းလက်မကြော်"

ဦးမြတ်ထွန်းက မိုးမိုးအေးပန်းကန်ထဲကိုလည်း ထည့်ပေး သည်။

"သားက ပြောင်းဖူးလေးတွေ ကြိုက်တယ်"

သား ပန်းကန်ထဲမှာ ပြောင်းဖူးအသေးလေးတွေ အများ ကြီး ဖြစ်နေသည်။

"ဒီအသားတွေလဲ စားဦးကွ၊ အသားစားမှ အားရှိ တယ်၊ ဉာဏ်လဲကောင်းတယ်"

ဦးမြတ်ထွန်းက ငါးအသားဖတ်များ ထည့်ပေးသည်။

"ရော့...မိုးမိုးလဲစား"

မိုးမိုးအေး ပန်းကန်ထဲကိုလည်း ထည့်ပေးသည်။

ဦးမြတ်ထွန်း၏ ဆက်ဆံမှုကို မိုးမိုးအေးသဘောကျသည်။

လန္ဒန်ချီ၍ ရင်းနှီးခင်မင်စွာ ဆက်ဆံလာခဲ့သော်လည်း ရိုးသားစွာ ကူညီသည်၊ ရိုးသားစွာ ကြင်နာသည်။

မရိုးသားသော အပြောအဆို အပြုအမူမျိုး ဘာမျှမရှိ။ မရိုးသားသော မျက်လုံးနှင့်ပင် မကြည့်။

နှမတစ်ယောက်လို စောင့်ရှောက်သည်။

မိုးမိုးအေးကိုယ်တိုင်လည်း ကိုယ့်အလုပ်ရှင်တစ်ယောက် လို မမြင်တော့ဘဲ မိတ်ဆွေကောင်းတစ်ယောက်၊ အစ်ကိုကြီး တစ်ယောက်လို ခင်မင်အားကိုးခဲ့ရသည်။

စင်မြင့်ပေါ်မှာ အဆိုတော်တွေ တစ်ယောက်ပြီး တစ်ယောက် သီဆိုနေကြသည်။

"ဟိုကိုကြည့်လိုက်ဦး"

ဦးမြတ်ထွန်းက သားကို ထန်းနှစ်ပင်နှင့် လခြမ်းလေးဆီသို့ ပြပြန်သည်။

လကလေး အောက်ဘက်သို့ နည်းနည်းနိမ့်ဆင်းလာ၍ ထန်းပင်များ၏ ပင်စည်များကြားမှာ ရောက်နေသည်။

တစ်မျိုးလှပသောရှုခင်းဖြစ်သည်။

စားပြီး၍ အဆိုနားထောင်ရသည်ကို ငြီးငွေ့လာမှ ပြန်လာခဲ့ကြသည်။

ဦးမြတ်ထွန်းက မိုးမိုးအေးနှင့် ငြိမ်းချမ်းအေးကို အိမ်သို့ ကားနှင့် ပြန်ပို့ပေးသည်။

အိမ်ရောက်သည်နှင့် ကားနောက်ပိုင်းမှာ ပါလာသည့် လှပသော စက်ဘီးလေးတစ်စီးကို ချယူလိုက်သည်။

"ရော့....သားအတွက် မွေးနေ့လက်ဆောင်"

"ဟာ....စက်ဘီးလေး လှလိုက်တာ၊ သားသုံးဘီးလေး ပျက်နေပြီ၊ ဒါက နှစ်ဘီးစက်ဘီးလေး၊ သားလိုချင်နေတာ၊ ဦးက တော်လိုက်တာ"





ငြိမ်းချမ်းအေး ဝမ်းသာအားရ စက်ဘီးလေးကို ကိုင်ကြည့်နေသည်။

ဦးမြတ်ထွန်းက စက်ဘီးလေးကိုအိမ်ထဲထိတွန်းပြီး ဒေါက်ထောက်ပေးလိုက်ဘည်။

မိုးမိုးအေးပါ စက်ဘီးလှလှလေးကိုကြည့်ပြီး သဘောကျနေသည်။

သူဟာ ငါတို့သားအမိအပေါ်မှာ သိပ်ကောင်းတဲ့လူ၊ သားလေးကိုလည်း သိပ်ချစ်တဲ့လူ ဟု ကြည်နူးစိတ်နှင့်ပါ တွေးနေမိသည်။

"မနက်ဖြန်ခါကျရင် စက်ဘီးလေးစီးမယ်နော်"

"ဩော်....နေဦးကွ၊ သားက သုံးဘီးသာ စီးတတ်တာ၊ နှစ်ဘီးနဲ့စီးတာ သင်ပေးဦးမှဖြစ်မယ်၊ မနက်ဖြန်ခါ ရုံးပိတ်တယ်၊ ဦးလာသင်ပေးမယ်...."

"မိုးမိုး ကျွန်တော့်ကို မနက်စာကျွေးရမယ်နော်"

"ကျွေးမှာပေါ့"

မိုးမိုးက လိုလိုလားလားနှင့် ပြုံး၍ပြောရင်း ခေါင်းပါ ညိတ်ပြလိုက်သည်။

"ကဲ....ဒါဆို ဦးပြန်မယ်"

ဦးမြတ်ထွန်းက ငြိမ်းချမ်းအေးကို ဧွေ့ခနဲ ပါအောင် ကောက်ချီလိုက်သည်။

"ဒါက မွေးနေ့အနမ်းကွ"

ပါးပြင်လေးကို အမြတ်တနိုး မွေးလိုက်သည်။

ငြိမ်းချမ်းအေးကလည်း ဦးမြတ်ထွန်းကို ချစ်ခင်စွာ ပြန်နမ်းလိုက်သည်။

ထိုမြင်ကွင်းကိုကြည့်၍ မိုးမိုးအေး ရင်ထဲမှာ ကြည်နူးစိတ်ဖြစ်ရပြန်သည်။



## အခန်း (၆၄)

ယနေ့ ရုံးပိတ်ရက်ဖြစ်သည်။

မတွေ့တာကြာပြီဖြစ်သော မိုးမိုးအေးကို သတင်းထူးပေးရန် တင်နွယ်လတ် ရောက်လာသည်။

အိမ်ရှေ့လမ်းပေါ်မှာ ဦးမြတ်ထွန်းနှင့် ဘီးစီးသင်နေသော ငြိမ်းချမ်းအေးကိုကြည့်ပြီး တင်နွယ်လတ် စိတ်မကောင်းဖြစ်မိသည်။

ဩော်....သူ့ခမျာ ပျော်လို့ ဘာမှမသိရှာဘူး ဟု လည်းတွေးနေမိသည်။

"မိုးမိုးရေ"

"ဟယ်....မိနွယ်၊ လာ"

"နှင် ဘာတွေ ချက်ပြုတ်နေတာလဲ"

"အေး....နှင်လဲ မနက်စာ ဒီမှာစားသွား"

"အေး....ကောင်းတယ်၊ ငါလဲ ကူချက်မယ်"

တင်နွယ်လတ်က မီးဖိုချောင်ထဲမှာပင် ထိုင်သည်။

"ဒါဖြင့် နှင် အာလူးအခွံသင်"

မိုးမိုးအေးက အာလူးထည့်ထားသောခြင်းနှင့် ဓားတစ်ချောင်းပေးသည်။

"ဘာချက်မှာလဲ"

"အာလူးနဲ့ ဆိတ်သားချက်မယ်၊ သီးစုံချဉ်ရည်ချက်မယ်၊ ကြက်ဥကြော်မယ်၊ ငရုတ်သီးကြော်ရှိတယ်"

"ဟင်းစပ်သိပ်ကောင်းပါလား....

"ဘာလဲ၊ ဦးမြတ်ထွန်းကိုလဲ ကျွေးရမှာလား"

"အင်း....သူက သားကို စက်ဘီးစီးလာသင်ပေးနေတော့ ကျွေးရမှာပေါ့"

တင်နွယ်လတ် ပြုံးလိုက်သည်။

"စက်ဘီးစီးသင်မပေးလဲ ကျွေးလိုက်ပါဟယ်"

"ကောင်မ"

မိုးမိုးအေးက တင်နွယ်လတ်၏ လက်မောင်းကို ဆွဲလိမ်လိုက်သည်။





"နာတယ်ဟ"

တင်နွယ်လတ် အော်ပြီး လက်ထဲမှ ဓားနှင့် ရွယ်လိုက်သည်။

"နှင်မလာတာ ကြာသွားပြီ"

"အေး....ငါ နှင့်ကို ပြောစရာတစ်ခုရှိတယ်ဟ"

မိုးမိုးအေး မျက်နှာတည်သွားသည်။

"ဘာလဲ ပြော"

"နေမင်းတစ်ရာ ဆုံးသွားပြီဟ၊ ဘိန်းဖြူထိုးရင်း ဆုံးတာ"

"ဟင်...."

မိုးမိုးအေး တွေတွေငေးငေးလေး ဖြစ်သွားသည်။

တစ်နေ့မှာ ဤသို့ဖြစ်နိုင်သည်ဟု သိထားသော်လည်း တကယ်ဖြစ်သည်ကို ကြားရသောအခါ အံ့ဩရမိသည်။

"နှင် စိတ်မကောင်းဖြစ်သွားလား"

"အင်း....ဘယ်လိုပဲဖြစ်ဖြစ် ငါဟာ သူ့ဇနီးဖြစ်ခဲ့ဖူးတယ်လေဟာ၊ ပြီးတော့ သူက သားရဲ့ အဖေ၊ သားအနေနဲ့တော့ အဖေဆုံးသွားတာပေါ့"

"အေး....ငါတောင် စက်ဘီးစီးသင်နေတဲ့သားကို လမ်းပေါ်မှာ တွေ့ခဲ့တော့ အဲဒီလို တွေးမိပြီး စိတ်မကောင်းဖြစ်ခဲ့သေးတယ်"

"ဒါပေမယ့် အဖေတစ်ယောက် လင်သားတစ်ယောက် [illegible]နဲ့ လွမ်းလောက်တဲ့လူတော့ မဟုတ်ပါဘူးဟာ"

မိုးမိုးအေး ဖြေသိမ့်စွာ တွေးလိုက်သည်။

"အေးလေဟာ....သူ့မိုက်ပြစ်နဲ့သူ ဖြစ်တာပဲ၊ ဘယ်တတ်နိုင်မှာလဲ"

"ငါလဲ တတ်နိုင်သလောက်တော့ သူ့ကို ပြုပြင်နိုင်ဖို့ ကြိုးစားခဲ့တာပဲ၊ ဒါပေမယ့် သူ့အမေက သိပ်အလိုလိုက်လွန်းလို့ အဲဒီလိုဖြစ်တာဟ၊ သားကို မပျက်ပျက်အောင် မြှောက်ပေးသလို လုပ်လာခဲ့တာ၊ ပညာရေးကျတော့ အားမပေးခဲ့ဘူး"

"ဟုတ်တယ်ဟ၊ လူငယ်တစ်ယောက်ဟာ ပညာရေးဘက်မှာ စိတ်မဝင်စားရင် ပျက်ဖို့ဘက် များသွားတယ်"

"ငါ့သားကျရင်တော့ အဲဒီလို မဖြစ်စေရဘူးဟာ၊ ငါ အစွမ်းကုန် ကြိုးစားမယ်"

မိုးမိုးအေးက သီးစုံချဉ်ရည်အိုးထဲမှ ငါးခြောက်ရိုးများကို ဆယ်ပစ်လိုက်သည်။

"သူ့အမေလဲ သူ့အပြစ်နဲ့သူပေါ့ဟာ၊ ရှိတဲ့စည်းစိမ်လဲ ကုန်သလောက်ဖြစ်၊ သားလဲဆုံးတော့ အရှုံးတစ်ပိုင်း ဖြစ်နေတာပဲတဲ့"

"ဆုံးတာက အိမ်မှာပဲလား"

ပြုံးပန်းတစ်ရာစာစပေ



"မဟုတ်ဘူးဟ၊ သူ့သူငယ်ချင်းရဲ့ခြံထဲက အိမ်မှာ ဆေးဝင်ထိုးအပ်တန်းလန်းနဲ့ သေနေတာ၊ သူ့သူငယ်ချင်းတွေလဲ အဖမ်းခံရတယ်တဲ့၊ နင် အဘွားကြီး သွားမေးဦးမလား"

မိုးမိုးအေး ခေါင်းယမ်းပြသည်။

"မမေးပါဘူးဟာ၊ ဒီအကြောင်းတွေ သားကိုလဲ မပြောါနဲ့ဟာ"

"မပြောပါဘူး၊ ငါသိပါတယ်"

"ဖြစ်နိုင်ရင် သားကို သူ့အဖေအကြောင်းတွေ ဘာမှတာင် မသိစေချင်ဘူး၊ သိရင်လဲ သာမန်လူတစ်ယောက်လာက်အဖြစ်ပဲ သိတာ ကောင်းပါတယ်"

"ဦးမြတ်ထွန်းကတော့ သားကို သိပ်ချစ်တာပဲနော်"

"ဟုတ်တယ်"

"သားကကော"

"သားက ပိုတောင်ချစ်သေးတယ် ထင်တာပဲ"

"ခုလဲ ဘီးစီးသင်နေတာ နှစ်ယောက်စလုံး ရယ်လို့ပျော်လို့"

"ဦးမြတ်ထွန်းက ကျေးဇူးတင်ဖို့ သိပ်ကောင်းပါတယ်"

"သူ ခုလိုလာနေတော့ ပတ်ဝန်းကျင်က မပြောကြဘူးလား"

တင်နွယ်လတ်က စူးစမ်းကြည့်သည်။

ပြုံးပန်းတစ်ရာစာစပေ

" "ပြောချင်လဲ ပြောမှာပေါ့ဟာ၊ ဒါပေမယ့် ငါ ဘာ
ပြန်မကြားဘူး"

"အေး....မကြားရင်လဲ အေးတာပဲ"

"ငါလဲ အစကတော့ ပတ်ဝန်းကျင်အပြော ခံရမှာ သိ
ကြောက်တာဟ၊ ဒါနဲ့ ဦးမြတ်ထွန်းကိုတောင် အိမ်အလာမ
ဘူး၊ ဒါပေမယ့် သူနဲ့သားနဲ့က တစ်ယောက်ကို တစ်ယောက်
အပြန်အလှန် သံယောဇဉ် ဖြစ်နေကြတာဟ၊ နောက်ဆုံး
တော့ ဦးမြတ်ထွန်းက ငါ့ကိုပြောတယ်....

"ကိုယ်လုပ်တာ ရာဇဝတ်မှုလဲ မဟုတ်ဘူး၊ လူ့အ
အစည်းကို အနှောင့်အယှက်ပေးတာလဲ မဟုတ်ဘူး၊ ဘယ်
သူ့မှလဲ မထိခိုက်ဘူး၊ လူမှုရေးဖောက်ပြန်တာလဲ မဟုတ်
ဘူးဆိုရင် ပြောမှာဆိုမှာ ဘာမှကြောက်နေစရာ မရှိပါဘူး
တဲ့"

"မှန်တာပဲဟ၊ ပြောမှာကြောက်လို့ အပြစ်ကင်းအော
နေလဲ ပြောချင်တဲ့လူကတော့ ကြံဖန်ပြောမှာပဲ"

"အေး....သူက အဲဒီလို ပဲပြောတယ်"

"ဒါနဲ့ နင် မကြောက်တော့ဘူးပေါ့"

"အေးလေ....သူက သားကို သံယောဇဉ်ဖြစ်လို့ ရိုးရိုး
သားသား ဖြူဖြူစင်စင် ဝင်ထွက်နေတာပဲ၊ ပြောချင်ကြ
ပြောရင်လဲ ဂရုမစိုက်ဘူးလို့ သဘောထားလိုက်တယ်"





"မှန်တာပေါ့၊ သူ့ဘာသာပြောလဲ မောရင် တော်လိမ့်
မယ်"

"သူတို့ပြောတာ ပြန်မကြားရတော့ စိတ်လဲ အနှောင့်
အယှက် မဖြစ်ပါဘူး"

"ဘာလို့ ပြန်မကြားရတာလဲ"

"ဘယ်သူနဲ့မှ အပေါင်းအသင်း လုပ်မနေဘူး လေ၊
အပေါင်းအသင်းလုပ်ဖို့အချိန်လဲ မရှိဘူး၊ အလုပ်သွားနေရ
တာ၊ အလုပ်မှာလဲ ကိုယ့်အခန်းမှာ ကိုယ့်ကွန်ပျူတာနဲ့ကိုယ်
မအားရဘူး၊ အိမ်ရောက်တော့လဲ ချက်ရ ပြုတ်ရ လျှော်ရ
ဖွပ်ရနဲ့ ဘယ်သူနဲ့မှ သွားပေါင်းနေဖို့၊ စကားပြောနေဖို့
အချိန်မရဘူး....

"ပြောတဲ့သူပြောတာက ပြဿနာမဟုတ်ဘူးဟ၊ ကိုယ်
မကြားရင် ဘာမှမဖြစ်ဘူး၊ ကိုယ့်ဘက်က နားလို့ ပါဆိုပြီး
အဲဒီစကားတွေ သယ်လာပြီး ပြောတဲ့လူရှိမှ ပြဿနာတက်
တာ"

တင်နွယ်လတ် ပြုံးလိုက်သည်။

"ငါတောင် စကားသယ်သူ ဖြစ်နေပြီလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"နေမင်းတစ်ရာဆုံးတဲ့အကြောင်း လာပြောလို့လေ"

"ဒါကတော့ ပြောသင့်တာပေါ့ဟာ၊ ဘယ်လိုပဲဖြစ်ဖြစ်
ငါ့အနေနဲ့ သိသင့်တဲ့ ကိစ္စပဲလေ"

တင်နှယ်လတ်က အခွံသင်ပြီးသော အာလူးများကို လေး
စိတ် စိတ်နေသည်။

"နင့်ကို ခုလို အေးအေးဆေးဆေးတွေ့ရတာ ငါဝမ်း
သာတယ်ဟာ၊ တကယ်လို့သာ နင် သတ္တိရှိရှိ ထွက်မလာရ
ခုလောက်ဆို တော်တော့်ကို ဒုက္ခဖြစ်နေမှာ"

"အဲဒီလို သတ္တိရှိအောင် အကြံကောင်းဉာဏ်ကောင်
ပေးတဲ့ နင့်ကို ငါ ကျေးဇူးတင်ပါတယ်ဟာ"

"အေး....နောက်ထပ် ပိုပြီး ကျေးဇူးတင်စရာကောင်းတ
အကြံကောင်းဉာဏ်ကောင်း ပေးရဦးမယ်"

"ဘာလဲ"

"နင် ဦးမြတ်ထွန်းနဲ့ လက်ထပ်လိုက်ပါလား"

"ဟယ်....မိန္ဒယ်ရယ်၊ နင်ကလဲ အရမ်းကာရော ပြေ
တာကိုး"

မိုးမိုးအေး သိပ်ကို အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲဟ"

"ငါတို့ ရိုးရိုးသားသား ခင်ကြတာပါဟာ၊ သူက
သားကို သံယောဇဉ် ဖြစ်နေတာပါ၊ ငါ့ကို မရိုးသား
မျက်စိနဲ့တောင် မကြည့်ဖူးပါဘူး"

"ဒါတော့ အစတုန်းက နင်တင်းထားခဲ့လို့ ဖြစ်မှာပေါ

"မဟုတ်ပါဘူးဟာ၊ ငါသိပါတယ်၊ ငါတို့သာသာ အ
လို ဖြူဖြူစင်စင် ခင်မင်ကြတာပဲ ကောင်းပါတယ်"





"နင့်အသက်က သိပ်ငယ်သေးတယ်ဟာ၊ ရုပ်ကလဲ နင်က
ပျိုထက်တောင် လှသေးတယ်"

"ကောင်မ.... မြှောက်မနေနဲ့၊ ငါ ထမင်းကျွေးမယ်လို့
ပြာပြီးသား"

"မြှောက်တာမဟုတ်ဘူးဟာ၊ ငါ တကယ်ပြောတာ၊ နင့်
နေနဲ့ တစ်သက်လုံး ဒီလိုနေသွားလို့ မတော်ဘူး၊ နောက်
ထောင်ပြုရင်လဲ သားကို မချစ် မခင်တဲ့ လူနဲ့ဆိုရင်
လေးကိုပထွေးနှိပ်စက်တာ ခံရမှာ၊ ဦးမြတ်ထွန်းနဲ့ဆိုတော့
ထွေးပြဿနာ မရှိတော့ဘူး၊ သူကလဲ သားကို ချစ်တယ်၊
ားကလဲ သူ့ကိုချစ်တယ်"

"ဩော်....မိန္ဒယ်ရယ်၊ နင်က အရေးအကြီးဆုံးကို မေ့နေ
ကိုးဟ"

"ဘာလဲ"

"သူက ငါ့ကိုချစ်မှ၊ ငါကလဲ သူ့ကို ချစ်ဦးမှကိုးဟ"

"ချစ်လိုက်ကြတာပေါ့ဟာ"

"နင်ပြောတာ လွယ်လိုက်တာ၊ အဲဒီလိုလွယ်လွယ်စဉ်းစား
ငါဒုက္ခဖြစ်ပြီးပြီ၊ နောက်တစ်ခါ အဲဒီဒုက္ခမျိုး ထပ်ဖြစ်မှာ
သိပ်ကြောက်တယ်ဟာ"

"ဦးမြတ်ထွန်းကတော့ နေမင်းတစ်ရာနဲ့ ဘာမှမဆိုင်ပါ
း၊ စိတ်ကောင်းလဲ ရှိတယ်၊ အရည်အချင်းလဲ ရှိတယ်၊

ကိုကြီးကတောင် ပြောသေးတယ်၊ သူတို့လက်ထပ်
ကြရင် ကောင်းမှာတဲ့”

“တော်ပါတော့ဟာ၊ သူ့ဘက်ကလဲ စဉ်းစားတဲ့ပုံ
ပါဘူး၊ ငါ့ဘက်ကလဲ ဘာမှ မစဉ်းစားပါဘူး”

“သူ့ဘက်က စဉ်းစားတယ် ဆိုရင်ကော”

“စဉ်းစားရင် သူ ထုတ်ပြောမှာပေါ့၊ အမူအရာတ
ဖြစ်ဖြစ် ပြမှာပေါ့”

“ပြောပြီပြီ ဆိုရင်ကော နင့်ဘက်က....”

“ငါ အခု ဘာမှမစဉ်းစားသေးဘူး၊ အဲဒီကျမှ စ,စဉ်း
မယ်”

“ခွေးမ....စကားတတ်တယ်”

“မေမေရေ”

အိမ်ရှေ့မှ ခေါ်လိုက်သော သား၏အသံ။

“ဟော....သားနဲ့ မောင်တော်နဲ့ ပြန်လာပြီ”

“မိနွယ်”

တင်နွယ်လတ်ကို ချဉ်ရည်အိုးမွှေနေသော ဇွန်းနှင့်ရိုက်
ရွယ်လိုက်သည်။

“မေမေ....သား စက်ဘီးစီးတတ်ပြီ”

“ဟုတ်လား၊ သားလေးက တော်လိုက်ထာ”





သား နှစ်ခါလဲပြီးမှတတ်တာ မေမေရေ၊ ဦးဦး
လဲမှတတ်တာတဲ့”

ငြိမ်းချမ်းအေးနောက်မှ ဦးမြတ်ထွန်း လိုက်လ

ဦးမြတ်ထွန်းမျက်နှာမှာ ချွေးများနှင့်ဖြစ်သည

သားရေ....လာကွာ၊တစ်ခါတည်းရေချိုးလိုက်

ဦးကော ချိုးမှာလား”

ချိုးမှာပေါ့ကွ၊ ဦးမှာလဲ ချွေးတွေနဲ့ ပေ

ဦးမြတ်ထွန်းနှင့် ငြိမ်းချမ်းအေး ညှော်ခန်းဘ
ကြသည်။

ဦးမြတ်ထွန်းက ဒီအိမ်က ရေချိုးခန်းမှာ ရေ
” သော သစ်ပင်

တင်နွယ်လတ် မေးသည့်က အစိပ္ပာယ်နှင့်....
တိုင်းမှာ

တစ်ခါမှ မချိုးဖူးပါဘူးဟာ၊ ခုဟာကတော့ သား သည်။
ဘီးစီးသင်ရင်း ချွေးတွေနဲ့ ပေလာလို့ နေမှာပါ” န်း

မိုးအေးက ရှင်းပြနေသည်။

အင်း....ငါတော့ နင့်ကိုယ်စား စိတ်ကူးတောင် ယဉ်ချင်
”

ကိုယ်စား မယဉ်ပါနဲ့ဟာ၊ သူလဲ လူပျို၊ နင်လဲ အပျို၊
ဘာပဲ စိတ်ကူးယဉ်လိုက်ပါ”

အစ်ကိုကြီးငြင်တယ်ဟ၊ သူက ငါ့မှမကြိုက်ဘဲ”
ကြရင် ကေပေးရမလား”

“တော်ပ က် မပြောပါနဲ့ဟာ၊ နင့်အတွက်ပဲ ပြော
ပါဘူး၊ ငါ့
ဘင်မ”

“သူ့ဘ ားက တင်နွယ်လတ်၏ ကျောကို အုန်းခနဲ
“စဉ်းစသိုက်သည်။
ဖြစ်ဖြစ် ပြေ

“ပြောပြီး

“ငါ ဒ
မယ်”

“ေ

“



အခန်း (၆၈)

မိုးစက်ကလေးများ ဆွတ်ဖျန်း၍ ရွက်နုဝေသော သစ်ပင်များ နုပျိုလန်းဆန်းနေသည်။

စာသင်ကျောင်းများ ပြန်ဖွင့်ချိန်ဖြစ်၍ ကျောင်းတိုင်းမှာ လုံချည်စိမ်းနှင့် အင်္ကျီဖြူလေးများ မြူးကြွလှုပ်ရှားနေသည်။

ငါးနှစ်ပြည့်ပြီဖြစ်သော ငြိမ်းချမ်းအေးလည်း မူလတန်းကျောင်းမှာ ပြောင်း၍တက်ရပြီ။

အိမ်နီးချင်း ဈေးဆိုင်မှ ဒေါ်မြ၏မြေး အောင်ရွှေသိန်းနှင့် တစ်တန်းတည်းဖြစ်သည်။

သူတို့က စုပေါင်းငှားသော ကျောင်းကြိုကားနှင့် သွားသည်၊ ပြန်သည်။

ငြိမ်းချမ်းအေးကိုတော့ ဦးမြတ်ထွန်းက လာကြိုသည်။ အိမ်အပြန်လမ်းမှာမဟုတ်၊ မူလတန်းကျောင်းက အိမ်ကို လွန်ပြီး သွားရသေး၍ မိုးမိုးအေးက အိမ်မှာဆင်းကျန်ခဲ့သည်။

ဦးမြတ်ထွန်းသာ တစ်ယောက်တည်း သွားကြိုရသည်။

ငြိမ်းချမ်းအေးအတွက် နေ့စဉ် ကျောင်းကြိုပေးရသည်ကို မိုးမိုးအေးအားနာနေသော်လည်း ဦးမြတ်ထွန်းကပင်ပန်းသည်ဟု မထင်၊ လိုလိုချင်ချင် လုပ်ပေးသည်။

အောင်ရွှေသိန်းက ငြိမ်းချမ်းအေးနောက်မှ ခုံတန်းမှာ ထိုင်ရသည်။

ငြိမ်းချမ်းအေးသည် ကျော်ငွေဆိုသော ကောင်လေးနှင့် ဘေးချင်းယှဉ်၍ ထိုင်ရသည်။

ကျော်ငွေ၏ အဝတ်အစားများမှာ နွမ်းနွမ်း ပါးပါး ဖြစ်သည်။

နေ့လယ် ကျောင်းဆင်းလျှင် သူများလို ထမင်းဘူးမပါ၊ မုန့်ဖိုးလည်းမရှိ၊ သူ့အမေထည့်ပေးလိုက်သော မုန့်ကလေးသာ စားရသည်။

တစ်ခါတစ်ရံ ငှက်ပျောသီးလေးတစ်လုံး။

တစ်ခါတစ်ရံ ဘိန်းမုန့်လေး နှစ်တုံး။

တစ်ခါတစ်ရံ မုန့်ပျားသလက်တစ်ချပ်။





ကျော်ငွေကို ငြိမ်းချမ်းအေး သနားသည်။ သူ့မှာ ထမင်းဘူး ပါသည်၊ ရေဘူးပါသည်၊ ပလတ်စတစ်အိတ်ထဲမှာ ဘီစကွတ်မုန့်များပါသည်၊ မုန့်ဖိုးလည်း ရသည်။

"ရော့ ဘီစကွတ်စား"

ငြိမ်းချမ်းအေးက ကျော်ငွေကို မျှကျွေးသည်။

ကျော်ငွေ ဘီစကွတ်တစ်ချပ်စားပြီး အံ့သြနေသည်။ ဤမျှ ကောင်းသော ဘီစကွတ်မျိုးကို တစ်ခါမျှ မစားဖူးသေး။

"သိပ်ကောင်းတာပဲနော်"

ကျော်ငွေ့ မျက်လုံးက ဘီစကွတ်အိတ်ကလေးကို လှမ်းကြည့်နေသည်။

"ရော့....စားလေ"

ငြိမ်းချမ်းအေးက မနှမြော။ ကျော်ငွေကို အားလုံးကျွေးသည်။

ရေခဲချောင်းသည်လာ၍ ငြိမ်းချမ်းအေး ဝယ်စားတော့ ကျော်ငွေ ငေးကြည့်နေပြန်သည်။

"ဝယ်စားလေကွာ"

"ငါ့မှာ ပိုက်ဆံမရှိဘူး"

"ဟင်....မင်းအမေက မုန့်ဖိုးမပေးဘူးလား"

ကျော်ငွေ ခေါင်းယမ်းပြသည်။

"မင်းက တောင်းပေါ့"

"တောင်းရင် ငါ့ပထွေးက ရိုက်တယ်"

"ဘာလဲ ပထွေးဆိုတာ"

ငြိမ်းချမ်းအေး မသိ။

"ငါ့အမေရဲ့ နောက်ယောကျ်ားပေါ့"

"မင်းအဖေကကော"

"ငါ့အဖေက သေပြီ"

"မင်းပထွေးက ဘာလို့ရိုက်တာလဲ"

"ပထွေးဆိုရင် ဘယ်ပထွေးမှမကောင်းဘူးတဲ့၊ ငါတို့အဒေါ်ကြီးက ပြောတယ်၊ ငါတို့ပထွေးက ငါ့အစ်မလဲရိုက်တယ်၊ ငါလဲ ရိုက်တယ်"

"မင်းတို့အမေက မပြောဘူးလား"

"ပြောရင် အမေ့ပါရိုက်တယ်"

"အဲဒါဆိုရင် မင်းအဒေါ်ကြီးပြောတာ မှန်တာပေါ့"

"ငါ့အစ်မလဲ ကျောင်းမနေရတော့ဘူး၊ သုံးတန်းကနေထွက်ပြီး ပြောင်းဖူးပြုတ် ရောင်းရတယ်"

"မင်း တစ်ခါမှလဲ ပြောင်းဖူးပြုတ် ယူမလာဘူး"

"ငါတို့မောင်နှမ ပြောင်းဖူးပြုတ် မစားရဘူးတဲ့၊ ဦးလေးက ပြောထားတယ်"

"ဦးလေးဆိုတာ ဘယ်သူတုံး"





"ပထွေးကို ပြောတာ"

"ဘာလို့ မစားရတာလဲ"

"ငါတို့မောင်နှမ တစ်ခါတုန်းက တစ်ဖူးစီယူစားမိလို့ အရိုက်ခံရတယ်၊ နောက် ဘယ်သူမှမစားရဘူးတဲ့"

ငြိမ်းချမ်းအေးရင်ထဲမှာ ကျော်ငွေ၏ ပထွေးဆိုသူကို မုန်းတီးစိတ်ဖြစ်မိသည်။

"မင်း အဲဒီပထွေးကို မမုန်းဘူးလား"

"သိပ်မုန်းတာပေါ့၊ ငါတို့အဖေရှိတုန်းက ငါတို့အဖေက ငါတို့ကို သိပ်ချစ်တာကွ၊ ကောင်းကောင်းကျွေးတယ်၊ ဗီဒီယိုလဲ ပြတယ်၊ ရိုက်လဲမရိုက်ဘူး၊ သိပ်ပျော်စရာကောင်းတာ"

"မင်းတို့အဖေက ဘာလုပ်တာလဲ"

"ဆိုက်ကားနင်းတာ ငါတို့အဖေမရှိတော့ ငါတို့အမေက ဈေးရောင်းတယ်၊ ငါတို့ကို အမေကလဲ ချစ်တယ်၊ တစ်ခါမှ အရိုက်မခံရဘူး၊ ကောင်းကောင်းကျွေးတယ်၊ ဗီဒီယိုတော့ တစ်ခါတလေမှ ကြည့်ရတယ်၊ အမေက ပိုက်ဆံမရှိလို့တဲ့....

"အခု ပထွေး အိမ်ရောက်လာတော့ ကောင်းကောင်းလဲ မစားရဘူး၊ ဗီဒီယိုလဲတစ်ခါမှမကြည့်ရဘူး၊ အရိုက်ကတော့ နေ့တိုင်း ခံရတယ်"

ကျော်ငွေကို ကြည့်ပြီး ငြိမ်းချမ်းအေး သနားနေသည်။

သူ့လက်ထဲမှ ရေခဲချောင်းလည်း ကျော်ငွေနှင့် စကား ပြောရင်းစား၍ ကုန်တော့မည်။

ထပ်စားချင်သေးသည်၊ ခုမှ သတိရသည်၊ ကျော်ငွေ ားချင်လိမ့်မည်။

ငြိမ်းချမ်းအေး ရေခဲချောင်းနှစ်ချောင်း ထပ်ဝယ်လိုက် ည်။

တစ်ချောင်းကို ကျော်ငွေ့ထံ လှမ်းပေးလိုက်သည်၊



## အခန်း (၆၉)

ညနေကျောင်းဆင်းတော့ ကျော်ငွေနှင့် ငြိမ်းချမ်းအေး ကျောင်းထဲမှ အတူတူထွက်လာကြသည်။

ကျောင်းဝင်းအပြင် ရောက်သည်နှင့် စောင့်နေသော ဦးမြတ်ထွန်းက ငြိမ်းချမ်းအေး၏ လွယ်အိတ်၊ ထမင်းဘူးနှင့် ရေဘူးတို့ကို ဆီးကြိုယူသည်။

ငြိမ်းချမ်းအေးကို ကားတံခါး ဖွင့်ပေးသည်။

ငြိမ်းချမ်းအေးနှင့် ဦးမြတ်ထွန်းကို ကျော်ငွေ ရပ်ကြည့် နေပြီးမှ သူ့အိမ်ဆီသို့ လျှောက်ပြန်သွားသည်။

ဦးမြတ်ထွန်း ကားလေးကို ဖြည်းဖြည်းမှန်မှန် မောင်း ထွက်လာခဲ့သည်။

"တီ....တီ"

လှမ်းဘေးမှာ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်သွားနေ
သာ ကျော်ငွေကို မြင်၍ ငြိမ်းချမ်းအေးက ကားဟွန်းတီး
က်ခြင်းဖြစ်သည်။

ငြိမ်းချမ်းအေး ကားပေါ်မှ လက်ပြသည်။

ကျော်ငွေ လက်ပြန်ပြခြင်းမရှိ။ ငြိမ်းချမ်းအေးကို လှမ်း
ကြည့်ရင်း လမ်းဘေးမှာ ကျန်နေခဲ့ပါသည်။

"သား သူငယ်ချင်းလား"

"ဟုတ်တယ် ဦးဦး၊ သူ့ပထွေးက သိပ်ဆိုးတာ၊ သူ့ကို
နို့ဖိုးလဲ မပေးဘူး၊ထမင်းဘူးလဲ ထည့်မပေးလိုက်ဘူး၊ဗီဒီယို
ဲ မကြည့်ရဘူး၊ နေ့တိုင်းလဲ ရိုက်တယ်"

ကျော်ငွေပြောသည့်အတိုင်း ငြိမ်းချမ်းအေး ပြန်ပြောနေ
င်းဖြစ်သည်။

"သားက သူ့ကို မုန့်မကျွေးလိုက်ဘူးလား"

"ကျွေးတယ်၊ ရေခဲချောင်းလဲ ဝယ်ကျွေးလိုက်တယ်"

ဦးမြတ်ထွန်း ဘာမျှ ပြန်မပြောတော့ပါ။ ကျောင်းဆင်း
ျိန်ဖြစ်၍ လမ်းပေါ်မှာ ကလေးတွေ များနေသောကြောင့်
ားကို သတိထားပြီး မောင်းနေရသည်။



အခန်း (၇၀)

ရေခဲချောင်းနှင့် မတည့်သည်ကို ရေခဲချောင်းနှစ်ချောင်း
စားမိ၍ ညကျတော့ ငြိမ်းချမ်းအေး အာသီးရောင်ပြီးဖျား
သည်။

မိုးမိုးအေး တိုက်နေကျဆေးဖြစ်သော ပင်ဗွိတိုက်သည်။
အဖျားမကျ။

ကိုယ်တွေက ချစ်ချစ်တောက်ပူလာသည်။
ငြိမ်းချမ်းအေး ငြိမ်သက်စွာ အိပ်နေသည်။

မိုးမိုးအေး စိုးရိမ်စွာနှင့် စောင့်ကြည့်နေသည်။

"ကြောက်တယ်....ကြောက်တယ်....အဲဒီ လူကြီးကို မုန်း
တယ်"

အိပ်ခန်းထဲမှာ ကျော်ငွေ၏ ပထွေးနှင့် ငြိမ်းချမ်းအေး
စကားပြောနေသည်။

ကျော်ငွေ့ ပထွေးမှာ လုံချည်တိုတို ဝတ်ထားသည်
အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့် ဒေါသတကြီးဖြစ်ပြီး
ကျော်ငွေကို ရိုက်နေသည်။

ငြိမ်းချမ်းအေးက ထိုလူကြီးကိုကြည့်ပြီး အမုန်းကြီးမုန်း
သည်။

ကျော်ငွေ့ကို သနားသည်။

"မလုပ်ပါနဲ့၊ ခင်ဗျား မရိုက်နဲ့"

ထိုလူကြီးကို အော်ပြောပြီး သူ့လက်ထဲမှတုတ်ကို ဝင်ဆွဲ
သည်။

"ဟင်....မင်းက ဘာဝင်ရှုပ်တာလဲ၊ ကဲကွာ....ကဲကွာ"
ငြိမ်းချမ်းအေးကိုပါ ဒေါသတကြီးရိုက်သည်။

ထို့ကြောင့် ငြိမ်းချမ်းအေး ကြောက်လန့်တကြား အော်
ဟစ်လိုက်ခြင်းဖြစ်သည်။

"သားလေး....သားလေး"

မိုးမိုးအေး သားကို ပွေ့ချီပြီး အိပ်ရာမှ နှိုးအောင် နှိုး
လိုက်သည်။

ငြိမ်းချမ်းအေး နိုးသွားပြီဖြစ်သော်လည်း အကြောက်
မပြေသေး။





"ကြောက်တယ်....ကြောက်တယ်၊ အဲဒီလူကြီးကို ကြောက်
တယ်"

"ဘယ်ကလူကြီးလဲသား၊ မေမေ့ပြောစမ်း"

"မုန်းတယ်....မုန်းတယ်၊ အဲဒီလူကြီးကို မုန်းတယ်"

ငြိမ်းချမ်းအေးမှာ မီးခင်ကိုဖက်ထားသည်။

"မကြောက်ပါနဲ့သားရယ်....ဘယ်သူမှ မရှိပါဘူး"

မိုးမိုးအေး သားငယ်ကိုဖက်ထားပြီး အားပေးသည်။

"သူ သားကိုရိုက်တယ် မေမေ၊ ကြောက်တယ်"

"သားလေး အိပ်မက်မက်နေတာပါ၊ မေမေရှိပါတယ်
သားကို ဘယ်သူမှ မရိုက်ရပါဘူး"

မိုးမိုးအေး ပွေ့ပိုက်ထားသည့် သားတစ်ကိုယ်လုံးမှာ
ချစ်ချစ်တောက် ပူနေသည်။

သားကို အသည်းအတိုင်းထားလို့ ဖြစ်ပါ့မလား။

မိုးမိုးအေး စိုးရိမ်လာသည်။

သားကို ဆေးထပ်တိုက်ချင်သည်။

"သားလေး ခဏဆင်းဦးနော်၊ မေမေ ဆေးတိုက်မယ်"

"ဟင့်အင်း....ကြောက်တယ်....ကြောက်တယ်"

သားက မိုးမိုးအေးကို တွယ်ကပ်ထားသည်။

မိုးမိုးအေး ဘာလုပ်ရမှန်း မသိ။

ရင်ခွင်ထဲမှ သားလေးကို ငေးကြည့်နေရင်းမှ စိုးရိမ်
စိတ်ကြောင့် မျက်ရည်များက အလိုလိုစီးကျလာသည်။

အိမ်မှာကလည်း ကိုယ့်တစ်ယောက်တည်းဖြစ်၍ ဘယ်သူ
ကိုမျှ အကူအညီတောင်းစရာမရှိ။

ဦးမြတ်ထွန်းကို သတိရသည်။ ဦးမြတ်ထွန်းကို အားကိုး
တကြီး အကူအညီတောင်းချင်သည်။

သို့သော် ဦးမြတ်ထွန်း နေသည်က အဝေးကြီး။

သူ့အိမ်မှာ တယ်လီဖုန်း ရှိသော်လည်း ကိုယ့်အိမ်မှာ
တယ်လီဖုန်းမရှိ။

အိမ်နီးချင်းများနှင့်လည်း သီးခြားခပ်ကင်းကင်းနေသော
ကြောင့် ရင်းရင်းနှီးနှီးမရှိ။ အခေါ်အပြော အဆက်အဆံပ
မရှိသလောက် နည်းသည်။

ခုလိုအခါမျိုးကတော့ ပတ်ဝန်းကျင်နှင့် ရင်းနှီးမှုမရှိသည်
မှာ မကောင်းဟု နားလည်လာရပြန်သည်။

ဦးမြတ်ထွန်း ရောက်လျှင် အကောင်းဆုံးဖြစ်မည်။

ဦးမြတ်ထွန်းကို အကြောင်းကြားချင်သည်။ ဘယ်လိုလုပ်
ရမှန်းမသိ။

ဦးခင်မောင်....

ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာသည်။

ဦးခင်မောင်မှာ စိတ်ရင်းကောင်းသည်။ ဤအိမ်လေးသ
ရောက်လာစက မိုးမိုးအေးတို့ သားအမိကို စေတနာနှင့် ကူည





းသည်။ နောက်မှ မိုးမိုးအေး ခပ်မာမာ ပြောလိုက်၍ လုံးဝ
လာဘဲနေခြင်းဖြစ်သည်။

သူ့အိမ်က သုံးအိမ်ကျော်မှာရှိသည်။

သူ့ကို အကူအညီတောင်းပြီး ဦးမြတ်ထွန်းအိမ် ဖုန်းဆက်
င်းလျှင် ရမည်။

သို့သော် သားကို တစ်ယောက်တည်းထားပြီး သွားဖို့
က်နေသည်။

သားကလည်း လူပေါ်မှ ချ၍မရ။

ဦးခင်မောင်အိမ်ကို ဘယ်လိုလုပ်ပြီး သွားပြောရမလဲ။
မိုးမိုးအေး အကြံရခက်နေသည်။

သားလေးမှာ ရင်ခွင်ထဲတွင် မှိန်းနေသော်လည်း အသက်
သည်က သံပ်မြန်နေသည်။

သည်အတိုင်းကြည့်နေရင် သားလေး ကိုယ်ပူလွန်ပြီး ဒုက္ခ
ာက်သွားမှဖြင့် မိုးမိုးအေး စိုးရိမ်လာသည်။

သားကိုပွေ့ပြီး အိပ်ခန်းထဲမှ ထွက်လာသည်။

သားလေးခမျာ မလှုပ်မယှက် ငြိမ်သက်နေရှာသည်။

"အို....သားလေး ဒုက္ခဖြစ်တော့မှာလား"
မိုးမိုးအေးရင်ထဲမှာ ပူလောင်နေသည်။

"သား....သားလေး"

သားလေးက မထူး။

"ဟင်....သားလေး သတိလစ်သွားပြီလား"

သားလေး သေသွားရင်....

မိုးမိုးအေး ဆောက်တည်ရာမရ ဖြစ်လာသည်။

အိမ်ထဲမှာနေ၍မရ။

အိမ်ထဲမှာ ရပ်တည်ရာမရှိ။

အိမ်တံခါးကို ဖွင့်လိုက်သည်။

အပြင်မှာ လေအေးတိုက်နေသည်။

"ကိုယ်တွေ ကျက်ကျက်ပူနေတဲ့ သားလေးကို လေစိမ်းတိုက်တဲ့ထဲမှာ"

မိုးမိုးအေး ဝင်းတံခါးကို ဖွင့်လိုက်သည်။

လမ်းပေါ် ရောက်လာခဲ့ပြီ။

"သား....သားလေး"

သားငယ်က မလှုပ်၊ ငြိမ်သက်နေဆဲ....

လမ်းမပေါ်မှာ မိုးမိုးအေး အပြေးလျှောက်နေမိသည်။ အိမ်တံခါးအားလုံး ဖွင့်ထားခဲ့သော်လည်း စိုးရိမ်၍ ခြင်မဖြစ်မိ။

လောကမှာ သားထက် အရေးကြီးသောအရာ ဘာမှမရှိ။

ခြေလှမ်းကို မြန်မြန်သွက်သွက် လှမ်းလိုက်သည်။

ရှေ့ကဟာ ဦးခင်မောင်အိမ်....





မိုးမိုးအေး သိသည်။

ဦးခင်မောင်အိမ် ဝင်းတံခါးဆီသို့ ခပ်မြန်မြန် လျှောက်သွားသည်။

"ဦးခင်မောင်....ဦးခင်မောင်"

ညဉ့်နက်ပြီဖြစ်၍ အားလုံး အိပ်နေကြဟန်တူသည်။

တစ်အိမ်လုံး မီးများ မှိတ်ထားသည်။

"ဦးခင်မောင်....ဦးခင်မောင်"

"ဟေ....ဘယ်သူလဲ"

ထူးသံ ကြားရသည်။

"ကျွန်မပါ၊ မိုးမိုးအေးပါ"

"ဟင်....ဘယ်က မိုးမိုးအေးလဲ"

"ဟို....ကျွန်မပါ၊ ကျွန်မပါ"

မိုးမိုးအေး ဘယ်လိုရှင်းပြရမှန်းမသိ။

အိမ်ထဲမှာ မီးလင်းလာသည်ကို တွေ့ရသည်။

"ကျွန်မ ဒုက္ခဖြစ်နေလို့ အကူအညီတောင်းတာပါ"

အိမ်တံခါး ပွင့်သွားသည်။

"ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ"

ဦးခင်မောင် ထွက်လာသည်။ သူ့ဘေးမှာ အမျိုးသမီးတစ်ယောက် ပါသည်။

"ကျွန်မသားလေး ကိုယ်တွေ တအားပူနေလို့"

"အဲဒါဆို ကျွန်တော်က ဆရာဝန်မှ မဟုတ်ဘဲ"

"ဟုတ်ပါတယ်၊ ဆေးရုံပို့ချင်လို့ပါ"

ဦးခင်မောင် တံခါးနားရောက်လာသည်။

"ဩော်....ဟိုသားအမိ"

ဦးခင်မောင် မှတ်မိသွားသည်။

"ဘာလဲ....မော်တော်ကား ငှားချင်လို့လား၊ ကျွန်တော့်မှာ မော်တော်ကား မရှိဘူး"

"မဟုတ်ပါဘူး၊ ကျွန်မ ဖုန်းဆက်ချင်လို့ပါ"

"ကျွန်တော့် အိမ်မှာ ဖုန်းမရှိဘူး"

"ဟုတ်ပါတယ်၊ ကျွန်မ ဖုန်းနံပါတ်ပေးပါ့မယ်၊ ဦးခင်မောင် ကူညီဖို့ တောင်းပန်တာပါ"

ဦးခင်မောင် တံခါးဖွင့်သည်။

မိုးမိုးအေးရင်ထဲမှာ ပွေ့ထားသော ကလေးကို တွေ့သည်။

"တော်တော် ဖျားနေလို့လား"

"ကလေးက မလှုပ်တော့ဘူး"

ဦးခင်မောင်၏ဇနီး ရှေ့ထွက်လာပြီး မိုးမိုးအေးရင်ခွင်မှ ကလေးကို စမ်းကြည့်သည်။





"အို....မှာတ်ပါရဲ့၊ ကိုယ်တွေ သိပ်ပူနေတယ်"

"ရတယ်....ရတယ်၊ ဟိုဘက်လမ်းက ဦးကျော်ရှိန်အိမ်မှာ ဖုန်းရှိတယ်၊ ကျွန်တော် သွားဆက်ပေးမယ်"

ဦးခင်မောင် လှုပ်ရှားမှု မြန်ဆန်လာသည်။

မိုးမိုးအေးက ဦးမြတ်ထွန်း ဖုန်းနံပါတ်ပေးသည်။

"ကလေးကို ဆေးရုံတင်ချင်လို့ အမြန်လာပါလို့ပဲ ပြောပေးပါ"

"ဟုတ်ကဲ့....ပြောပေးမယ်"

ဦးခင်မောင် မြန်မြန်သွက်သွက် ထွက်သွားသည်။

"လာလေ....အိမ်ပေါ်က ထိုင်စောင့်"

"ကျွန်မ အိမ်ကပဲ စောင့်တော့မယ်၊ အိမ်တံခါးတွေ ဖွင့်ထားခဲ့လို့"

"အဲဒါဆို ကျွန်မလိုက်ခဲ့ပါ့မယ်"

ဦးခင်မောင်၏ဇနီးက သမီးများကိုနှိုးပြီး တံခါးပိတ်ခိုင်းသည်။ ပြီးတော့ မိုးမိုးအေးနှင့်အတူ လိုက်ခဲ့သည်။

အရေးအကြောင်းရှိလျှင် ဤ ပတ် ဝန်း ကျင် သည် ပင် ကူညီတတ်သူများ ဖြစ်နေသည်ကိုလည်း မိုးမိုးအေး သတိထားလိုက်မိသည်။

ကလေးက ငြိမ်သက်နေဆဲ။

"သားလေး ဘာမှမဖြစ်ပါစေနဲ့"

ဆုတောင်းရင်း မျက်ရည်များကဲ ကျလာပြန်သည်။

မိုးမိုးအေး သားကိုပွေ့၍ အိမ်ဆီသို့ ဖြည်းဖြည်းချင် လှမ်းလာခဲ့သည်။

"မစိုးရိမ်ပါနဲ့၊ ဆေးရုံရောက်ရင် ကောင်းသွားမှာပါ"

ဦးခင်မောင်၏ဇနီးက ဘေးမှ အားပေးနေသည်။

အိမ်သို့ပြန်ရောက်သောအခါ အိမ်တံခါးမှာ ပွင့်လျက် မီးများ လင်းလျက်။

"ထိုင်ပါအစ်မ"

ဦးခင်မောင်၏ဇနီးကို အထိုင်ခိုင်းပြီး ကိုယ်တိုင်လည်း ကုလားထိုင်တစ်လုံးမှာထိုင်၍ ရင်ခွင်ထဲမှ သားလေးကို ကြည့်လိုက်သည်။

ငြိမ်နေသော်လည်း အသက်မှန်မှန်ရှူနေကြည်ကို တွေ့ရ သည်။

"သားလေး ကျန်းမာပါစေ"

ဆုတောင်းနေရသည်။

"ဦးခင်မောင် ဖုန်းဆက်လို့ ရရဲ့လား၊ ဦးမြတ်ထွန်း အိမ်မှာမှ ရှိရဲ့လား၊ ဦးမြတ်ထွန်း အမြန်ရောက်လာရင် ကောင်းမှာ"

"သွား....သွား၊ မလာနဲ့၊ ကြောက်တယ်"

သားလေး ရုတ်တရက် ကြောက်လန့်စွာ အော်၍ မိုးမိုး အေးရော ဦးခင်မောင်၏ဇနီးပါ ထိတ်လန့်သွားကြသည်၊





"သားလေး....သားလေး"

မိုးမိုးအေး သားကို တင်းတင်းကျပ်ကျပ်လေး ဖက်ထား လိုက်သည်။

"မေမေရှိတယ် သားလေး၊ မကြောက်နဲ့နော်"

ကလေးက ငြိမ်သွားပြန်သည်။

မိုးမိုးအေး အိမ်ရှေ့ဆီသို့ လှမ်းမျှော်သည်။

ညဉ့်နက်လာပြီဖြစ်၍ လမ်းပေါ်မှာ အသွားအလာ ကင်း ရှင်းနေသည်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေ၏။

ကားလာလျှင် ကားသံကို ခပ်ဝေးဝေးမှပင် ကြားရမည် ထင်သည်။

မိုးမိုးအေး ကားသံကို နားစွင့်နေသည်။

အိမ်တံခါးဆီသို့ လူတစ်ယောက် လျှောက်လာနေသည်။

ဦးခင်မောင်။

"ဖုန်းဆက်လို့ ရပါတယ်၊ သူ အခုအမြန်လာခဲ့ပါ့မယ် တဲ့"

ဦးခင်မောင်စကားကို ကြားရမှ မိုးမိုးအေး အားတက် သွားရသည်။

ပူသောစိတ်ပင် အတော်လေး အေးသွားသည်။

"ကျေးဇူးတင်ပါတယ် ဦးခင်မောင်၊ ထိုင်ပါဦး"

…ခင်မောင် သူ့ဇနီးဘေးမှ ခုံတွင်ထိုင်၍ ကလေးကို လှမ်းကြည့်နေသည်။

"ကလေးက လန့်ပြီး ယောင်နေတယ်၊ ကိုယ်ပူလွန်းလို့ ပါ"

ဦးခင်မောင်၏ ဇနီးက သူ့ယောက်ျားကို ရှင်းပြနေသည်။

ဆေးရုံသွားရန်အတွက် လိုအပ်သည်များကို မိုးမိုးအေး ပြင်ဆင်ချင်သည်။ သို့သော် ကလေးကို ရင်ထဲမှမချရက်။

"ဟော"

ကားသံဟု ထင်လိုက်သော်လည်း ကားသံမဟုတ်။ မိုးချုန်းသံ ဖြစ်နေသည်။

အိမ်ရှေ့ဆီ လှမ်းကြည့်လိုက်တော့ လျှပ်စီးများ လက်နေသည်ကို တွေ့ရသည်။

"အို....မိုးက ရွာဦးမှာလား"

မိုးရွာလျှင် ဦးမြတ်ထွန်း ကားမောင်းရခက်မှာကို စိုးရိမ်မိသည်။

"မရွာပါနဲ့ဦး မိုးရယ်"

မိုးချုန်းသံများက ကြားနေရဆဲ၊ လျှပ်စီးများက တဝင့်ဝင့်လင်းလျက်။

"ဟော....မိုးသံလား၊ ကားသံလား"





နားကို ပိုစွင့်ထားမိသည်။

"အို....ကားသံနဲ့တူတယ်၊ ဟုတ်တယ်....ကားသံ"

အိမ်ရှေ့ဆီသို့ ထိုးကျလာသော ကားမီးရောင်။

ဦးမြတ်ထွန်း ရောက်လာပြီ၊

ကားတံခါးဖွင့်ပြီး အိမ်ထဲသို့ အမြန်ရောက်လာသော ဦးမြတ်ထွန်းကိုမြင်ရမှ မိုးမိုးအေး ဝမ်းသာဝမ်းနည်းဖြစ်၍ မျက်ရည်များ အဆက်မပြတ်စီးကျလာပြီး ငိုချလိုက်မိသည်။

"မိုးမိုး....သား ဘာဖြစ်လို့လဲဟင်"

ဦးမြတ်ထွန်း စိုးရိမ်သွားသည်။

မိုးမိုးအေး ဘာမျှမပြောနိုင်သေး။ သားကို ဦးမြတ်ထွန်း ထံ ပေးလိုက်သည်၊

ဦးမြတ်ထွန်း ကလေးကို ပွေ့ချီကိုက်သည်။

"အို....ကိုယ်တွေက ပူကျက်လို့ပါလား"

"ဟုတ်တယ်....အဲဒါ ဆေးရုံပို့ချင်လို့"

ဦးခင်မောင် ဝင်ပြောပေးသည်။

"ဟုတ်တယ်....ကလေးဆေးရုံပို့ရမယ်၊ မိုးမိုး မြန်မြန်လုပ် လေ"

လိုအပ်မည်ထင်သည်တို့ကို ခြင်းတစ်ခုမှာ အမြန်ထည့်ယူသည်။

"ရေပုလင်းလဲ ယူသွား၊ ကလေး ရေဆောင်းရင် တိုက်ရမယ်"

ဦးခင်မောင်၏ ဇနီးက သတိပေးသည်။

"ဪ....ဟုတ်ပါရဲ့"

ပိုက်ဆံအိတ်ကို အခန်းထဲသွားယူပြီး ခပ်မြန်မြန် ထွက်လာသည်။

"မိုးမိုး၊ အနွေးထည်ဝတ်ခဲ့ဦး၊ မိုးရွာရင် အေးမယ်"

ဦးမြတ်ထွန်း သတိပေးသည်။

"ဟုတ်ကဲ့"

ဗီရိုထဲမှ ဆွယ်တာအဝါလေးကို ထုတ်ယူပြီး ဝတ်လိုက်သည်။

"ကဲ....သွားလို့ရပြီ"

"အိမ်အတွက် စိတ်ချပြီး သွားကြ၊ ကျွန်တော်တို့ ပိတ်ပြီး သော့ခတ်ထားလိုက်မယ်"

"ဟုတ်ကဲ့၊ သော့ကိုလဲ ဦးခင်မောင် ယူထားလိုက်ပါ"

ဦးမြတ်ထွန်းနှင့် မိုးမိုးအေးက ကားဆီသို့ လျှောက်သွားကြသည်။

ဦးမြတ်ထွန်းက ကားနားရောက်မှ ကလေးကို မိုးမိုးအေး ရင်ခွင်သို့ ထည့်ပေးသည်။

မိုးသားမည်းမည်းတွေက ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်းလျက် လျှပ်စီးများ လက်နေသည်။

"ရွှေ့ကပဲတက် မိုးမိုး"





ဦးမြတ်ထွန်းက ကားတံခါးဖွင့်ပေးသည်။

ဦးမြတ်ထွန်း၏ ကားရှေ့ခုံမှာ မိုးမိုးအေး ပထမဆုံး ထိုင်ဖူးခြင်းဖြစ်သည်။

ကလေးကို သက်သက်သာသာဖြစ်အောင် ပွေ့သည်။

ဦးမြတ်ထွန်း ကားကို ခပ်မြန်မြန်လေး မောင်းထွက်လာခဲ့သည်။

အဝေးဆီမှ မိုးချုန်းသံကြီးတစ်ခု မြည်ဟိန်းသွားသည်ကို မိုးမိုးအေး ကြားလိုက်ရသည်။

အခန်း (၃၁)

ဦးမြတ်ထွန်း ကားကို အမြန်ဆုံး မောင်းသည်။
ည သန်းခေါင်ယံအချိန်ဖြစ်၍ လမ်းများမှာ ကားရှင်းနေသည်။
သို့သော်မိုးသားများနှင့် မည်းအိုနေသော ကောင်းကင်မှ လျှပ်စီးများက တဝင်းဝင်း၊ မိုးချုန်းသံများက အဆက်မပြတ်။ မိုးသက်လေအေးအေးကလည်း ကားကို တိုးဝှေ့တိုက်ခတ်နေသည်။
တော်သေးသည်။ ကလေးဆေးရုံရောက်သည်အထိ မိုးမရွာ။
ဆေးရုံမှာ တာဝန်ကျ ဆရာဝန်များ၏လက်သို့ ကလေးကို အပ်လိုက်သည်။





ဆရာဝန်များက အသေအချာ စစ်ဆေးကြည့်ပြီး ကလေးကို ဆေးရုံတင်ရန် ဆုံးဖြတ်ကြသည်။
"ကလေးအဖေနာမည်"
မိုးမိုးအေး ရုတ်တရက် ပြောမထွက်။
"ခင်ဗျားနာမည်ကို မေးနေတာ"
ဆရာဝန်က ဦးမြတ်ထွန်းကို ကလေးအဖေထင်နေသည်။
"ကျွန်တော့်နာမည် ဦးမြတ်ထွန်းပါ"
ဦးမြတ်ထွန်းက သူ့နာမည်သူ ပြောလိုက်ခြင်းဖြစ်သည်။
သို့သော် ဆရာဝန်က ကလေးအဖေနေရာတွင် ဦးမြတ်ထွန်း နာမည်ကို ရေးလိုက်သည်။
မှားမှန်း သိသော်လည်း မိုးမိုးအေး ပြင်မပေးမိပါ။
နေမင်းတစ်ရာဆိုသော ဆေးသမား၏ နာမည်ကို မပြောချင်တာလည်း ပါသည်။
"ကလေးကို တစ်ယောက်စောင့်ခွင့်ရမယ်"
"ကျွန်မ စောင့်မှာပါ"
မိုးမိုးအေးက ဖြေသည်။
"ကလေးအမေလား"
"ဟုတ်ပါတယ်"
"နာမည်က"
"မိုးမိုးအေးပါ"

ဆရာဝန်က ရေးမှတ်သည်။
"တစ်ယောက်ကတော့ ပြန်နိုင်ပါပြီ"
ဦးမြတ်ထွန်းကို ပြန်စေချင်သည့်သဘော။
"ကျွန်တော် ကလေးအခြေအနေကို ခဏစောင့်ကြည့်ချင်သေးလို့ပါ"

ဦးမြတ်ထွန်း ကလေးအတွက် စိတ်မချဖြစ်နေသည်။
ကလေး သက်သာသွားသည်အထိ သိချင်သေးသည်။

ဆရာဝန်က ဘာမျှ ဆက်မပြောတော့ပါ။
ကလေးအတွက် အခန်းနှင့် နေရာကို တာဝန်ကျဆရာဝန် ဆရာမများက လိုက်ပို့သည်။

ကလေးကို လိုအပ်သော ပြုစုစောင့်ရှောက်မှုများ လုပ်ပေးကြသည်။

ည ၂ နာရီလောက်ရောက်မှ ကလေး ကိုယ်ပူကျသွားသည်။

သူ့ခုတင်လေးပေါ်မှာ နှစ်ခြိုက်စွာအိပ်ပျော်သွားသည်။
ဦးမြတ်ထွန်းရော မိုးမိုးအေးပါ သက်ပြင်းချနိုင်ကြသည်။
စိတ်ထဲမှာလည်း အေးချမ်းသွားသည်။

အပြင်ဘက်မှာ မိုးတွေရွာနေပြီ။
"ကဲ....မိုးမိုးလဲ ပင်ပန်းသွားပြီ၊ အိပ်လိုက်တော့"
သားနေရာဘေးမှာ အိပ်စက်စရာ နေရာလေးတစ်နေရာ ရှိသည်။





မိုးမိုးအေး ဦးမြတ်ထွန်းကို ကြည့်နေသည်။
ကျေးဇူးတင်စကား မပြောမိ။
ပြောစရာလည်း လိုသည်မထင်၊ ရင်ထဲမှာတော့ အပြည့်။
ပြန်သွားမှာကိုပင် အားလျော့သလိုလို။
ဦးမြတ်ထွန်းလည်း မိုးမိုးအေးကို ကြည့်နေသည်။
ဖြစ်နိုင်လျှင် ပြန်မသွားချင်။
သို့သော် ဆေးရုံ၏စည်းကမ်းကို လေးစားရမည်ဆိုသော အသိက ကိုယ့်ဘာသာနှင့်နေသည်။
နှစ်ဦးသား အကြည့်များကို အချိန်ကြာသည်အထိ မလွှဲဖယ်မိကြ။
နောက်မှ မိုးမိုးအေး ဦးစွာ မျက်လွှာချသွားသည်။
ဦးမြတ်ထွန်း သက်ပြင်းမောတစ်ခုကို ရှိုက်လိုက်ရသည်။
"ကျွန်တော် သွားမယ် မိုး"
အသံက ခြောက်ကပ်ကပ်ဖြစ်နေ၍ မိုးမိုးခေါ်နေကျဖြစ်လျက် နောက်ဆုံးမိုးတစ်လုံး ကျန်သွားသည်။
မိုးမိုးအေးရင်ထဲမှာလည်း လှုပ်လှုပ်ရှားရှားဖြစ်နေသည်။
တစ်ခါမျှမကြုံဖူးသော ခံစားမှုတစ်ခု။
လွမ်းသလိုလို၊ ဝမ်းနည်းသလိုလို၊ ကြည်နူးသလိုလို။
ဦးမြတ်ထွန်းကို ဘာမျှကို ပြန်မပြောမိ။
ခေါင်းကို ငုံ့ထားနေမိသည်။
ဦးမြတ်ထွန်း ထွက်မသွားသေးသည်ကို သိနေသည်။
နှစ်ဦးသား ရင်ဆိုင်ရပ်လျက်....
ဦးမြတ်ထွန်း ကြည့်နေမည်ထင်သည်။

မိုးမိုးအေး ပြန်မကြည့်ဝံ့။

ဦးမြတ်ထွန်း ရုတ်တရက် လှည့်ထွက်သွားသည်။

မိုးမိုးအေး ကိုယ့်ရင်ခုန်သံများကို ကိုယ်ပြန်ကြားနေရသည်။

သူ ခပ်လှမ်းလှမ်းရောက်သွားပြီ။

မိုးမိုးအေး လှမ်းကြည့်လိုက်သည်။

ဖြည်းဖြည်းချင်း လျှောက်သွားနေသော ဦးမြတ်ထွန်း၏ ကျောပြင်ကို မြင်နေရသည်။

အို....အပြင်မှာ မိုးတွေ သဲသဲမဲမဲရွာနေတယ်....

ခုမှ မိုးမိုးအေး အသိဝင်လာသည်။

ကားရပ်ခဲ့သည့်နေရာက အပြင်ဘက် ခပ်လှမ်းလှမ်းမှာ....

"သူ မိုးမိတော့မှာပဲ"

စိတ်ထဲမှာ စိုးရိမ်လာသည်။

ကိုယ့်ခြင်းထဲကို လှမ်းကြည့်လိုက်သည်။

ကပျာကယာ ထွက်လာခဲ့ရသည်မို့ ထီးမပါလာခဲ့။

စောစောကမှ ကော်ဖီဝယ်ပြီးပြန်လာသော မိန်းကလေး တစ်ယောက်၏ ပန်းနုရောင်ထီးကလေး အခန်းထောင့်မှာ ထောင်လျက်....

မိုးရေများနှင့်စိုနေဆဲ။

မိန်းကလေးမှာ သူ့သားငယ်ကို ကော်ဖီနှင့်အတူ ဆေးတိုက်နေသည်။

"ညီမလေး....ထီး ခဏငှားပါနော်"

မိုးမိုးအေး မိန်းကလေးကို ခွင့်တောင်းသည်။





မိန်းကလေးက လိုလိုချင်ချင် ခေါင်းညိတ်ပြသည်။

မိုးမိုးအေး ထီးကို အမြန်ယူပြီး ခပ်သုတ်သုတ်လေး လိုက်သွားသည်။

ဦးမြတ်ထွန်းက ဆေးရုံမှ အပြင်သို့ထွက်သည့် နေရာအထိ ရောက်နေပြီ။

မိုးက သဲသဲမဲမဲ ရွာနေဆဲ၊ လျှပ်စီးများက တဝင်းဝင်း။

"ဦးမြတ်ထွန်း"

မိုးမိုးအေး အသံကြား၍ ဦးမြတ်ထွန်း လှည့်ကြည့်သည်။

မိုးမိုးအေး ပန်းနုရောင်ထီးကလေးကို ဖွင့်လိုက်သည်။

"မိုးတွေရွာနေလို့"

မိုးမိုးအေးအသံက တိုးညင်းသည်။

ဦးမြတ်ထွန်း ဘာမျှ ငြင်းဆန်ခြင်းမပြု။

ထီးကလေးတစ်ချောင်းကို နှစ်ယောက်အတူဆောင်း၍ မိုးရွာထဲသို့ ထွက်ခဲ့သည်။

မိုးကသည်းနေ၍ ထိထိကပ်ကပ်သွားသည်ပင် နှစ်ယောက်စလုံး မိုးမလုံ။

ကားအဖြူလေးက ခပ်လှမ်းလှမ်းမှာ ရပ်လျက်။

ကားလေးဆီသို့ တရွေ့ရွေ့သွားနေကြသည်။

နှစ်ဦးသား၏ ရင်ထဲမှာ လှုပ်ရှားနေကြသော်လည်း ဘာစကားမျှ မပြောမိကြ။

ကားအဖြူလေးနား ရောက်ပြီ။

ဦးမြတ်ထွန်း လက်ထဲမှာ ကားသော့ကိုင်ထားသည်။

သို့သော် ကားတံခါးကို မဖွင့်နိုင်သေး။

မိုးမိုးအေးဘက်သို့ လှည့်၍ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းမှ မီးရောင်များကြောင့် မိုးမိုးအေး၏ မျက်နှာလေးကို ဦးမြတ်ထွန်း ကောင်းစွာ မြင်ခွင့်ရနေသည်။

မိုးမိုးအေးကလည်း ဦးမြတ်ထွန်းကို ပြန်ကြည့်နေမိသည်။

"မိုးမိုး"

မိုးသံတွေကြားမှာ ဦးမြတ်ထွန်းအသံက မပီဝိုးတဝါး။

ခေါ်သံနှင့်အတူ ဦးမြတ်ထွန်း၏လက်များက မိုးမိုးအေး၏ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

မိုးမိုးအေး ငြင်းဆန်ခြင်းမပြုမိ။

"ကျွန်တော် မိုးမိုးကို ချစ်တယ်"

ဦးမြတ်ထွန်းက ရင်ထဲမှာရှိနေသည့်အတိုင်း တိုက်ရိုက်ပင် ပြောလိုက်သည်။

အကြည့်ချင်းဆိုင်နေသော မိုးမိုးအေး၏ မျက်လုံးများက အောက်သို့အနည်းငယ်ရွေ့လျား၍ ဦးမြတ်ထွန်း၏ ရင်ဘတ်ဆီသို့ ငေးငေးလေး ကြည့်နေသည်။

"ကျွန်တော် မိုးမိုးကို လက်ထပ်မယ်၊ မိုးမိုးရယ်၊ သားရယ်၊ ကျွန်တော်ရယ် အတူတူနေကြမယ်"

ဦးမြတ်ထွန်းက မိုးမိုးအေးကို သူ့ဘက်သို့ ဆွဲယူလိုက်သည်။

မိုးမိုးအေး အလိုက်သင့်ပါသွားပြီး ဦးမြတ်ထွန်း၏ ရင်ခွင်မှာ မှီလျက်သား ဖြစ်သွားသည်။

ဦးမြတ်ထွန်းက မိုးရေများ စိုရွှဲနေသော မိုးမိုးအေး၏ ကျောပြင်လေးကို ကြင်နာစွာ ပွေ့ပိုက်ထားလိုက်သည်။





မိုးမိုးအေး၏ ပါးပြင်လေးက ဦးမြတ်ထွန်း၏ ရင်မှာ ကပ်လျက်....

မိုးရွာထဲမှာ မလှုံမလဲ ထီးအမိုးအောက်မှာ နှစ်ဦးသား အတန်ကြာအောင် ဖက်ထားမိလျက်သား ရပ်နေကြသည်။

ရင်ခွင်များမှာ နွေးထွေးလျက်....

တစ်ဦး၏ ရင်ခုန်သံကို တစ်ဦး ကြားနေရလျက်....

ဦးမြတ်ထွန်းက မိုးမိုးအေး၏ မျက်နှာလေးကို မော့ယူလိုက်သည်။

ပါးပြင်လေးနှစ်ဖက်ကို ကြင်နာစွာ မွှေးလိုက်သည်။

"မိုးတွေရွာနေတဲ့ည မိုးရွာထဲမှာ မိုးကို စ,ချစ်ရတာ ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့တော့ဘူးဗျာ"

ဦးမြတ်ထွန်း ကြည်နူးစွာ ပျော်ရွှင်နေသည်။

မိုးမိုးအေးမျက်နှာလေးကို ထပ်ပြီး မွှေးလိုက်မိပြန်သည်။

"မိုး....ကျွန်တော့်ကို လက်ထပ်မယ်နော်"

ဦးမြတ်ထွန်းက သေချာအောင် ထပ်မေးသည်။

ဦးမြတ်ထွန်းကို မိုးမိုးအေး ကြည့်နေသည်။

ချစ်ရည်ရွှန်းလဲ့သော မျက်လုံးကလေးများမှ အဖြေကို ဦးမြတ်ထွန်း သိနေပါပြီ။

မိုးမိုးအေး၏ တောက်ပသော မျက်လုံး မျက်လွှာလေးများကို ဦးမြတ်ထွန်း မွှေးမိရပြန်သည်။

"ပြောလေ....မိုး၊ ကျွန်တော်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်"

"သားနေကောင်းလာမှ သားကို ပြောပြချင်သေးတယ်"

"ဟာ....ဟုတ်တာပေါ့၊ ပြောရမှာပေါ့"
"သားက သဘောတူတယ်ဆိုရင်....
"လက်ထပ်ပါ့မယ်"
"မိုးမိုး ကျွန်တော့်ကို...."
မိုးမိုးအေး ဘာမျှ မပြောတော့ဘဲ သူ့ပါးလေးကိုသာ
ဦးမြတ်ထွန်း၏ရင်မှာ ကပ်ထားလိုက်သည်။
"ဩော်....ချစ်စရာကောင်းလိုက်တာ မိုးရယ်"
ဦးမြတ်ထွန်း မိုးမိုးအေးကို ကြင်နာစွာ ပွေ့ပိုက်ထား
လိုက်ရပြန်သည်။
မိုးက သဲသဲမဲမဲ ရွာနေဆဲ။



အခန်း (၄၂)

ယနေ့ ငြိမ်းချမ်းအေး နေကောင်း၍ ကျောင်းပြန်တက်သောနေ့ ဖြစ်သည်။
ကျော်ငွေ့ကို သတိရသည်။ ကျော်ငွေအတွက် မုန့်ပိုထည့်ခဲ့သည်။
ငှက်ပျောသီးက နှစ်လုံး၊ ဘီစကွတ်က ရှစ်ချပ်။
ရေခဲချောင်း မစားရန် မေမေက အထပ်ထပ် အခါခါမှာလိုက်သည်။ ကျော်ငွေ စားချင်လျှင် ဝယ်ကျွေးမည်။
ကျောင်းရောက်တော့ သူများတွေ ကျောင်းရှေ့မှာ ကစားနေကြသည်။
ငြိမ်းချမ်းအေး အသေအချာ ကြည့်သော်လည်း ကျော်ငွေကို မတွေ့။

ရေဘူး၊ ထမင်းဘူး၊ လွယ်အိတ်ထားရန် အတန်းထဲသို့ ဝင်ခဲ့သည်။

အတန်းထဲမှာ ကျော်ငွေကို တွေ့ရသည်။ ခုံပေါ်မှာ တစ်ယောက်တည်း ထိုင်လျက်....

"ကျော်ငွေ"

ငြိမ်းချမ်းအေး ခေါ်လိုက်တော့ လှည့်ကြည့်သည်။

သူ့မျက်နှာလေးက ညှိုးညှိုးနွမ်းနွမ်း။

"မင်း ဘာလို့ ထွက်မကစားတာလဲ"

ငြိမ်းချမ်းအေးကို တွေ့ခါမှ ကျော်ငွေ့မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲလာသည်။

"ဟင်....ဘာဖြစ်လို့လဲ၊ မင်း နေမကောင်းဘူးလား"

ကျော်ငွေက သူ့အင်္ကျီကို မ,လှန်၍ ကျောပြင်ကိုပြသည်။

ငြိမ်းချမ်းအေး လှမ်းကြည့်လိုက်သည်။

"ဟင်....မင်း ဘာဖြစ်လို့လဲ"

ငြိမ်းချမ်းအေး ထိတ်လန့်သွားသည်။

ကျော်ငွေ၏ ကျောပြင်တွင် နီရဲသော အရိုးအစင်းများစွာကို တွေ့ရသည်။

"ငါ့ပထွေး ရိုက်တာ"

"ဟင်...ဘာဖြစ်လို့လဲ"

"မနေ့ညနေ ကျောင်းဆင်း ပြန်သွားတော့ အိမ်ဘေးက ဒေါ်ကြီးတို့ ဗီဒီယိုကြည့်တာနဲ့ ငါတို့မောင်နှမ ခေါ်သွားတယ်၊ သူတို့က ပြတာ၊ အဲဒီ ငါတို့ပထွေး ပြန်လာတော့





ငါတို့ ဗီဒီယိုကြည့်တာ သိသွားတယ်၊ ငါတို့ မောင်နှမ နှစ်ယောက်လုံး အရိုက်ခံရတယ်"

"မင်းအမေက မပြောဘူးလား"

"ငါတို့အမေလဲ အရိုက်ခံရတယ်"

"မင်းအမေက အဲဒီလူကြီးကို ဘာလို့ယူရတာလဲ"

ကျော်ငွေက သူ့ကျောမှအင်္ကျီကို ပြန်ချလိုက်ပြီး ငြိမ်းချမ်းအေးကို ကြည့်လိုက်သည်။

"ငါတို့ပထွေးက အစက အဲဒီလို မဆိုးဘူးကွ၊ ငါတို့အမေနဲ့ မရခင်က ငါတို့အိမ်ကို သူလာတိုင်း ငါတို့အတွက် စားစရာတွေ ပါတယ်၊ သူ့ဆိုက်ကားနဲ့ မာလကာသီးသည် လိုက်ပို့တဲ့နေ့ဆိုရင် ငါတို့ဖို့ မာလကာသီးတွေ ယူလာတယ်၊ ဂေါ်ဖီထုပ်တွေလဲ ယူလာတယ်၊ ဆီးသီးတွေလဲ ယူလာတယ်၊ ပန်းသည်ပို့ရတဲ့နေ့ဆိုရင် အမေ့ဖို့ ပန်းတွေ ယူလာတယ်၊ ဟင်းချက်စရာတွေပဲ ယူလာတယ်....

"ငါတို့လဲ သူ့ကို သဘောကျတယ်၊ အမေကလဲ သဘောကျတယ်....

"ဒါနဲ့ သူနဲ့ယူတော့မယ်ဆိုတာ အမေကပြောတော့ သူနဲ့ယူရင် နေ့တိုင်း ကောင်းတာတွေ စားရမယ်လို့ ထင်တယ်....

"အမေနဲ့ယူပြီးလို့ အိမ်စရောက်တဲ့နေ့က ငါတို့ဖို့ ခေါက်ဆွဲထုပ်တွေ ယူလာတယ်၊ ငါရော ငါ့အစ်မရော သိပ်ပျော်တာပဲ၊ ဗိုက်တွေတင်းနေအောင်စားပြီး အိပ်ကြတယ်၊ ဦးလေးကိုလဲ သိပ်သဘောကျတာပဲ၊ ငါတို့ပထွေးက အဲဒီနေ့ကစပြီး သူ့ကို ဦးလေး ခေါ်ရမယ်လို့ သင်ပေးတယ်....

"နောက်နေ့ကျတော့ ငါတို့ဖို့ ဘာမှ စားစရာ ယူမလာဘော့ဘူး....

"ကလေးတွေက စည်းကမ်းပျက်နေတယ်၊ စည်းကမ်းရှိအောင် လုပ်ရမယ်ဆိုပြီး ဗီဒီယိုလဲ မကြည့်ရဘူး....

"အစ်မကိုလဲ မိန်းကလေး စာတတ်စရာမလိုဘူး ဆိုပြီး ကျောင်းက အထုတ်ခိုင်းတယ်၊ အမေက မထုတ်တော့ အမေ့ကို ရိုက်တယ်၊ ဒါနဲ့ အစ်မ ကျောင်းထွက်ရတယ်၊ နောက်တော့ သူ ညနေ ဆိုက်ကားသိမ်းပြီး အိမ်ပြန်လာရင် ခဏခဏ ရိုက်တယ်၊ မနေ့က ရိုက်တာ အနာဆုံးပဲကွာ"

ကျော်ငွေ ပြောရင်း မျက်ရည်များလည်နေသည်။

"ရော့....မင်းငှက်ပျောသီးစား"

ငြိမ်းချမ်းအေးက ကျော်ငွေကို သနားသွား၍ ငှက်ပျောသီးတစ်လုံး ထုတ်ပေးသည်။

ကျော်ငွေ ငှက်ပျောသီး စားလိုက်သည်။

"ရော့....မင်းဖို့ ဘီစကွတ်လဲ ပါသေးတယ်ကွ"

"အဲဒါတော့ မင်းစားပါကွာ"

ကျော်ငွေက ငြိမ်းချမ်းအေးကို ညှာသည်။

"ငါ့မှာ ရှိသေးတယ်ကွ၊ ဒါက မင်းဖို့"

ကျော်ငွေ ဘီစကွတ်များ စားချပြန်သည်။

"မင်း ကျောင်းမလာတုန်းက ငါ ဘာမှမစားရဘူးကွ"

"မင်းအိမ်က ဘာမှ ထည့်မပေးဘူးလား"





"အိမ်မှာ ပိုက်ဆံမရှိဘူးတဲ့၊ ထမင်းပဲ စားသွားတဲ့၊ ငါ့ပထွေးကပြောလို့ ထမင်းကြမ်းနဲ့ အကြော်ပဲ အိမ်ကစားခဲ့ရတယ်"

"နောက်နေ့တွေကျတော့ ငါ မုန့်ပိုယူခဲ့ပါ့မယ်"

"တော်ပါပြီကွာ၊ ပိုမယူပါနဲ့၊ ဒီလောက်ဆို ငါ ဝပါတယ်"

ကျော်ငွေကို ငေးကြည့်ရင်း ငြိမ်းချမ်းအေး စိတ်ထဲမှာ သနားနေသည်။

ကျော်ငွေ၏ ပထွေးကိုတော့ မမြင်ဖူးဘဲနှင့် မုန်းနေသည်။

## အခန်း (၄၃)

ညနေ ကျောင်းဆင်းတော့မည်။

ကျောင်းကြို သောကားများ တစ်စီးပြီးတစ်စီး ကျောင်း ရှေ့မှာ လာရပ်ကြသည်။

အချို့မိဘများက စက်ဘီးနှင့် လာကြိုသည်။

အချို့က ဘာမှမပါ။ အမေလာကြိုသည်။ အစ်မလာ ကြိုသည်။

ငြိမ်းချမ်းအေးတို့အတန်းက ကျောင်းရှေ့ကို လှမ်းမြင် နေရသည်။

ကားအဖြူ လေး ကျောင်းရှေ့မှ သစ်ပင်အောက်မှာရပ် သည်။

"ဦးဦး ကား"





ငြိမ်းချမ်းအေး လှမ်းမြင်လိုက်သည်။

"ဟေ့ ကောင်....ငြိမ်းချမ်းအေး၊ မင့်ပထွေးကား လာ ကြိုတယ်"

စျေးသည်ဒေါ်မြ၏ မြေး အောင်ရွှေသိန်းက နောက်မှ လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

"ဘာကွ"

ငြိမ်းချမ်းအေး နားမလည်ပါ။

"ဟိုမှာလေ၊ မင်းပထွေး ကားနဲ့လာကြိုနေပြီ"

"အဲဒါ ငါတို့ပထွေး မဟုတ်ဘူးကွ၊ ငါ့ဦးဦး"

"ဟုတ်တယ်ကွ၊ အဲဒါ မင်းပထွေးတဲ့၊ ငါတို့အဘွားနဲ့ ငါ့အမေက ပြောတာ"

"မဟုတ်ဘူးကွ၊ ငါ့ပထွေးမဟုတ်ဘူး"

ငြိမ်းချမ်းအေး အတင်းငြင်းသည်။

"အခုမဟုတ်သေးပေမယ့် နောက်ကျတော့ ဟုတ်မှာတဲ့၊ အဲဒီလူကြီးနဲ့ မင်းအမေက မကြာခင်ယူတော့မှာတဲ့၊ ယူရင် အဲဒီလူကြီးက မင်းပထွေး ဖြစ်မှာတဲ့"

"ဟင်....မင်းကို ဘယ်သူပြောတာလဲ"

"ငါတို့အဘွားလဲ ပြောတယ်၊ ငါတို့အမေလဲ ပြော တယ်"

"မဟုတ်ဘူးကွ....မဟုတ်ဘူး၊ ငါတို့အမေက ဦးဦးကို မယူဘူးကွ"

"ယူမှာကွ"

အောင်ရွှေသိန်းကလည်း မလျှော့။

"မယူဘူးကွ....ငါတို့အမေက မယူဘူး"

ငြိမ်းချမ်းအေးကလည်း အတင်းငြင်းသည်။

"မင်း စောင့်ကြည့်ပေါ့၊ မင်းအမေကိုယူချင်လို့ အဲဒီလူကြီးက မင်းကို ညနေတိုင်း ကျောင်းလာကြိုနေတာပေါ့"

"ဟင်"

ငြိမ်းချမ်းအေး အံ့ဩသွားသည်။

ဘာဆက်ပြောရမှန်းလည်းမသိ။

ဟုတ်လား၊ မေမေ့ကိုလိုချင်လို့ ဦးဦးက ငါ့ကို ကျောင်းလာကြိုတာလား....

ငြိမ်းချမ်းအေး စဉ်းစားနေရပြီ။

မေမေနဲ့ယူလိုက်ရင် ဦးဦးက ငါ့ပထွေး ဖြစ်လာမှာလား။

ပထွေးဖြစ်လာရင် ဦးဦးက ငါ့ကိုရိုက်မှာလား....

ရိုက်မှာမဟုတ်ပါဘူး၊ ဦးဦးက ငါ့ကို သိပ်ချစ်တာပဲ၊ ဒါပေမယ့် ကျော်ငွေတို့ ပထွေးလို အမေ့ကိုမရခင် ကောင်းပြီး အမေ့ကိုရပြီးမှ ရိုက်ရင်....

ငြိမ်းချမ်းအေး ခေါင်းကို ခါယမ်းပစ်လိုက်သည်။

ပထွေး....ပထွေး....ပထွေး....





ငြိမ်းချမ်းအေး ခေါင်းထဲမှာ ပထွေးဆိုသောအသံတွေကို အများကြီး ကြားနေရသည်။

ကျောင်းဆင်းခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

ကျောင်းသားများ အတန်းထဲမှ ပြေးထွက်သွားကြပြီ။

ငြိမ်းချမ်းအေး ဘာမျှမသိမ်းရသေး။

ကျော်ငွေက ငြိမ်းချမ်းအေး၏ ရေဘူး၊ ထမင်းဘူး၊ လွယ်အိတ်တို့ကို ကူသိမ်းပေးသည်။

ငြိမ်းချမ်းအေး ကျောင်းဆင်းရသည်ကို ခါတိုင်းလို မပျော်ပါ။

ဦးဦးနဲ့တွေ့ရမှာကိုလည်း ဝမ်းမသာပါ။

ကျော်ငွေနှင့် နှစ်ယောက်အတူ အခန်းထဲမှ အေးအေးဆေးဆေး ထွက်လာခဲ့ကြသည်။

ကျောင်းဝင်းပေါက်ရောက်တော့ ဦးဦးက စောင့်နေသည်။

"နောက်ကျလှချည်လားကွ"

ဦးဦးမျက်နှာမှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်သည်။

ငြိမ်းချမ်းအေးလက်ထဲမှ ထမင်းဘူး၊ ရေဘူးနှင့် လွယ်အိတ်ကို လှမ်းယူသည်။

ကျော်ငွေက ဦးမြတ်ထွန်းကို လှမ်းကြည့်ပြီး ငြိမ်းချမ်းအေးကို ကျော်၍ လမ်းပေါ်သို့ ရောက်သွားသည်။

ပုံမှန်အတိုင်းပင် ဦးမြတ်ထွန်းက ငြိမ်းချမ်းအေးကိုတံခါး ဖွင့်ပေးသည်။

ဦးဦးက မေမေနဲ့ယူမှာလား၊ အောင်ရွှေသိန်းပြောသလို နောက်ကျရင် ငါ့ပထွေး ဖြစ်လာမှာလား....

အောင်ရွှေသိန်းရဲ့ အဘွားနဲ့အမေက ဘာလို့ အဲသည်လို ပြောတာလဲ....

ငြိမ်းချမ်းအေး နားမလည်နိုင်အောင် ဖြစ်နေသည်။

ယနေ့ ထူးထူးခြားခြား ငြိမ်လွန်းနေသော ငြိမ်းချမ်းအေးကို ဦးမြတ်ထွန်း ကားမောင်းရင်း လှည့်ကြည့်လိုက်သည်။

နေမကောင်းရဲ့လား....

စိုးရိမ်စိတ်ဖြစ်လာသည်။

လက်တစ်ဖက်နှင့် ငြိမ်းချမ်းအေး၏ နဖူးကို စမ်းကြည့်လိုက်သည်။

"သား....နေကောင်းရဲ့လား"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြလိုက်သည်။

ဦးဦးကို လှမ်းကြည့်လိုက်သည်။

ရင်ထဲမှာ ငိုချင်သလို ဖြစ်လာသည်။

ဦးမြတ်ထွန်းက သားငယ်ကို သူ့ဘက်သို့ဆွဲယူပြီး သူ့ အပေါ်မှာ မှီထားလိုက်သည်။





ငြိမ်းချမ်းအေးက ဦးမြတ်ထွန်းကို မှီပြီး လိုက်လာသည်။

ကလေးက နေမကောင်းပြီးစဆိုတော့ အားမရှိသေးဘူး

င်ပါရဲ့၊ နွမ်းနေရှာတယ်၊ သည်အတိုင်းတော့ မဖြစ်သေး

း၊ အားဆေးဝယ်ပေးရမယ်၊ မိုးမိုးကို အားဆေးအတိုက်

င်းရမယ်၊ အေးလေ....မိုးမိုးနဲ့ လက်ထပ်ပြီးလို့ အတူနေရင်

ားကို ငါကိုယ်တိုင် ဂရုတစိုက်လုပ်ပေးနိုင်ပါပြီ....

ဦးမြတ်ထွန်း ရင်ထဲမှာ ပျော်နေသည်။

သားအမိသားအဖသုံးယောက် အတူနေကြရမည့်ရက်ကို

မြန်ဆုံး ရောက်ချင်လှပြီ။

မိုးမိုး သားကို ဘာမှမပြောရသေးဘူး....

ပြောရင် သားလေးက သဘောတူမှာပါ၊ ငါ သူ့ကိုသိပ်

စ်သလို သူလည်း ငါ့ကိုသိပ်ချစ်ပါတယ်....

ငြိမ်းချမ်းအေး၏ ခေါင်းကလေးကို ဦးမြတ်ထွန်း လက်

စ်ဖက်နှင့် ပွတ်သပ်ပေးနေသည်။

ဦးဦးက ကြင်ကြင်နာနာ ပွတ်သပ်ပေးနေမှ ငြိမ်းချမ်း

း ပိုပြီး ငိုချင်သည်။

ဦးဦးကို ပထွေးမဖြစ်စေချင်။

ကျော်ဌေ့ပထွေးနှင့် မတူစေချင်။

ရင်ထဲမှာ ဦးဦးကို မေးချင်တာတွေ အများကြီး။

အောင်ရွှေသိန်း အဘွားနဲ့ အမေ ပြောသလို ဦးဦး မေ

ကို ယူမှာလား။

နောက်ကျရင် ဦးဦးက ပထွေးဖြစ်လာမှာလား။

ပထွေးဖြစ်ရင် သားကိုရိုက်မှာလား။

သို့သော် မမေးရဲ။

ခါတိုင်း ဦးဦးကို မကြောက်ဘဲနှင့် ယနေ့မှ ဦးဦးကို
ကြောက်နေသည်။

အိမ်ပြန်ရောက်သည်အထိ ဦးဦးကို ဘာမျှမပြောမိ။

အိမ်ရောက်၍ ကားရပ်မှ ကားပေါ်မှ ဆင်းခဲ့သည်။

အိမ်ရှေ့မှာထွက်ပြီး မေမေ ကြိုနေသည်။

မေမေ့မျက်နှာက ခါတိုင်းထက် ပိုလှနေသည်ဟု ထင်
သည်။

ဦးဦးက ရေဘူး၊ လွယ်အိတ်၊ ထမင်းဘူးများကို ကာ
ပေါ်မှ ယူပေးသည်။

ငြိမ်းချမ်းအေး နေရာတကျ သွားထားသည်။

ဦးမြတ်ထွန်းနှင့် မိုးမိုးအေး အိမ်ထဲသို့ အတူဝင်လာ
သည်။

"သားက ဖျားပြီး အားနည်းသွားတယ် ထင်တယ်
မလန်းဘူး၊ နွမ်းနေတယ်၊ အားရှိအောင် ကျွေးဖို့လိုမယ်
ကြက်ဥတို့၊ နွားနို့တို့ ကျွေးရဲ့လား"

"ဟုတ်ကဲ့၊ ကျွေးပါတယ်"





"မနက်ဖြန်ခါ အားဆေး ဝယ်ခဲ့မယ်၊ အားဆေးလဲ တိုက်
မှ ဖြစ်မယ်"

"ဟုတ်ကဲ့ပါ"

ဦးဦးနှင့် မေမေ ပြောသည်များ အားလုံးကို ငြိမ်းချမ်း
အေး ကြားနေရပါသည်။

"ကဲ....သား၊ ဦးပြန်တော့မယ်နော်"

ငြိမ်းချမ်းအေး ဦးမြတ်ထွန်းကို လှမ်းကြည့်လိုက်သည်။
မသိမသာလေး ခေါင်းညိတ်ပြသည်။

## အခန်း (၃၄)

ညနေ ရုံးဆင်းချိန်တွင် ဦးမြတ်ထွန်း၏ ကားအဖြူလေး ရုံးရှေ့မှာ အသင့်ရပ်ထားသည်။

"မထူးပါဘူး မိုးရယ်၊ လမ်းကစောင့်စီးတာက ခိုး ကြောင်ခိုးဝှက်နဲ့ မရိုးသားသလို လူထင်စရာ ဖြစ်နေဦးမယ်၊ ရုံးကပဲ တစ်ခါတည်း စီးပါ၊ သားကို ကျောင်းကြိုစရာရှိ လို့ လိုက်ကူညီတယ်လို့ အားလုံးကို ပြောထားပါမယ်" ဟူသော စကားကြောင့် မိုးမိုးအေး ရုံးရှေ့မှာတင် ဦးမြတ် ထွန်းကားကို စီးနေခဲ့သည်မှာ ကြာပါပြီ။

ရုံးမှ လူများလည်း မြင်နေကြ၊ သိနေကြပါပြီ။

မိုးမိုးအေး ကားဘေးရောက်ပြီး မကြာမီမှာပင် ဦးမြတ် ထွန်း ရောက်လာပြီး ကားတံခါး ဖွင့်ပေးသည်။





"ဘာက်လေ မိုးမိုး"

ဦးမြတ်ထွန်း၏ပုံက လွတ်လွတ်လပ်လပ်ဖြစ်သည်။ ဘယ်သူ က ဘာထင်မှာကိုမှ စိုးရွံ့နေပုံမရှိ။

မိုးမိုးအေး ကားရှေ့ခန်းမှာပင် ထိုင်ရသည်။

"သားကို ခုထိမပြောရသေးဘူးလား မိုး"

ကားလေး ထွက်လာသည်နှင့် ဦးမြတ်ထွန်း၏မေးခွန်း ထွက်ပေါ်လာသည်။

"မပြောရသေးဘူး အစ်ကို၊ သားလေးက မနေ့ကမှ ကောင်းကောင်း နေကောင်းပြီး ကျောင်းပြန်တက်တာ"

"ဟုတ်တယ်လေ၊ ဒါကြောင့် မနေ့ညကမျှား ပြော သလားလို့"

မိုးမိုးအေး ပြုံးလိုက်သည်။

"မနေ့ညက မိုးမိုးလဲ ပြောမသို့ပဲ၊ ဒါပေမယ့် သားက အစောကြီး အိပ်သွားလို့ မပြောလိုက်ရဘူး"

"မိုးမိုးရယ်၊ သားရယ်၊ အစ်ကိုရယ်၊ အတူနေချင်လှပြီ လေ"

"မိုးမိုးလဲ နေချင်ပါတယ် အစ်ကို"

မိုးမိုးအေးကို ဦးမြတ်ထွန်း လှည့်ကြည့်လိုက်သည်။

ဘေးမှာ ရှိနေသည့် မိုးမိုးအေး၏ ဖြူနုသော လက် ကလေးကိုလည်း ဆုပ်ကိုင်ထားလိုက်သည်။

"ဒါဆိုရင် ဒီနေ့ည သားကိုပြောနော် မိုး"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"သားလေးက သဘောတူတာနဲ့ အမြန်ဆုံး လက်ထပ်မယ်"

"မင်္ဂလာဆောင်တာတွေ ဘာတွေ မိုး မ လုပ် ချင် ဘူး အစ်ကို"

"ကောင်းတယ်၊ အစ်ကိုလဲ မလုပ်ချင်ဘူး၊ တရားရုံးမှာ လက်ထပ်မယ်၊ ပြီးတော့ အစ်ကိုတို့ရုံးမှာပဲ ရုံးကလူတွေကို အကျွေးအမွေးနဲ့ ဧည့်ခံမယ်၊ အပြင်က မိုး ဖိတ်ချင်တဲ့လူရှိရင်လဲ ဖိတ်ပေါ့"

"တင်နွယ်လတ်တစ်ယောက်ပဲ ဖိတ်ချင်တယ်"

"ကောင်းတယ်၊ ဖိတ်၊ အစ်ကိုလဲ မျိုးအောင်ကို ဖိတ်ချင်တယ်"

မိုးမိုးအေး သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

"သားလေးက သဘောတူမှာပါနော် မိုး"

"တူမှာပါ၊ သားက အစ်ကို့ကို သိပ်ချစ်တာပဲ"

"အစ်ကိုကလဲ သားကို သိပ်ချစ်ပါတယ် မိုးရယ်"

"မိုး သိပါတယ်"

ကားကလေးက လမ်းမကြီးပေါ်မှာ လျှင်မြန်စွာ ပြေးလျက်။





မီးပွိုင့်တွင် မီးနီနေ၍ ဂီယာပြောင်းမှ ဆုပ်ကိုင်ထားသော မိုးမိုးအေး၏လက်ကို ဦးမြတ်ထွန်း လွှတ်လိုက်ရသည်။

"အစ်ကိုတော့ သုံးယောက်အတူနေရမယ့်ရက်ကို တွေးပြီး သိပ်ပျော်တာပဲ"

မီးစိမ်းသွားပြီမို့ ကားလေး ဆက်ထွက်လာသည်။

"မိုးတို့ ခုနေတဲ့ အိမ်လေးမှာပဲ နေမယ်နော်"

"ကောင်းပါတယ်၊ အစ်ကို အခုနေတဲ့ တိုက်ခန်းကို ပိတ်ထားလိုက်တာပေါ့"

"မိုးတို့ ခုနေတဲ့အိမ်လေးမှာ နေရရင် ပိုပြီး ကြည်နူးစရာ ကောင်းမယ်ထင်လို့ပါ"

"အစ်ကိုလဲ သဘောကျပါတယ်"

ကားလေးက အိမ်ရှိရာ လမ်းဘက်ဆီသို့ ချိုးဝင်လာသည်။

ဦးမြတ်ထွန်းက မိုးမိုးအေးလက်ကလေးကို လှမ်းပြီး ဆုပ်ကိုင်ထားလိုက်ပြန်သည်။

"လွှတ်တော့ အစ်ကို၊ အိမ်နားနီးလာပြီ၊ ကြည့်တဲ့မျက်လုံးတွေရှိတယ်"

"မိုးက ပြောမှာကြောက်လို့လား၊ အစ်ကိုတို့ ယူတော့မှာပဲဟာ"

"မယူခင် အပြောမခံချင်လို့ပါ"

ဦးမြတ်ထွန်း လက်ကို လွှတ်ပေးလိုက်သည်။

"သားကို သွားမကြိုခင် အစ်ကို အိမ်မှာ ခဏဆင်းလို့ ရမလား"

"ဘာလုပ်စရာရှိလို့လဲ အစ်ကို"

"မိုးကို မွေးချင်လို့ပါ"

"လက်ထပ်ပြီး အိမ်မှာလာနေတော့မှ အဝမွေးပါ အစ်ကို"

ဦးမြတ်ထွန်း မချင့်မရဲစိတ်နှင့် သက်ပြင်းတစ်ချက်ချရင်း ကားကို ရပ်ပေးလိုက်သည်။

မိုးမိုးအေး ကားပေါ်မှ ဆင်းသွားသည်။



အခန်း (၃၅)

ယနေ့ည မိုးမရွာ၍ အိပ်ခန်းထဲမှာ အိုက်စပ်စပ် ဖြစ်နေသည်။

မိုးမိုးအေး သားကို ယပ်ခတ်သိပ်ရင်း အစ်ကိုနှင့်လက်ထပ်ရေးကိစ္စ သားကိုပြောပြရန် စဉ်းစားနေသည်။

ဘယ်လို စပြောရမှန်း မသိသေး။

"မေမေ....သားကို ပုံပြောပြ"

ငြိမ်းချမ်းအေးက အိပ်ရာဝင် ပုံပြင် နားထောင်ရန် တောင်းဆိုနေသည်။

"ပုံပြောရမယ် ဟုတ်လား....သား"

ငြိမ်းချမ်းအေး အိပ်နေရင်း ခေါင်းညိတ်ပြသည်။

"နေဦး....သား၊ ပုံမပြောခင် သားကို အရေးကြီးတဲ့ စကား ပြောရဦးမယ်"

"ပြီးတော့ ပုံပြောမှာလား"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ပြော"

ငြိမ်းချမ်းအေးက မိခင်ကိုကြည့်ပြီး နားထောင်ရန် အသင့်အနေအထား ဖြစ်နေသည်။

"သား ဦးဦးကို ချစ်လား"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြသည်။

"ချစ်တယ်"

"ဦးဦးက သားကို ညနေ ကျောင်းလာကြိုပြီးတော့ သူ့အိမ်ကိုသူ ပြန်ပြီး တစ်ယောက်တည်း နေရတယ်၊ သူ့မှာ ထမင်းချက်ကျွေးမယ့်လူလဲ မရှိဘူး"

မိုးမိုးအေးသားငယ်ကို ပြောခြင်းဖြစ်သော်လည်း ကလေးဟု ပေါ့ပေါ့သဘောမထားဘဲ သိုင်းသိုင်းဝိုင်းဝိုင်းနှင့် နားဝင်အောင် ကြိုးစားနေသည်။

"သား နေမကောင်းတဲ့ ညတုန်းကလဲ ဦးဦးကိုခေါ်ဖို့ မေမေ့မှာ ခက်လိုက်တာ၊ ဦးဦးကမှ ဆေးရုံကို ကားနဲ့လိုက်ပို့နိုင်မှာ"

ငြိမ်းချမ်းအေး နားထောင်နေသည်။

မိုးမိုးအေးက သားကို ယပ်ခတ်ပေးရင်း ဆက်ပြောသည်။

"သား ရထားပျက်သွားတော့လဲ ဦးဦးကမှ ပြင်တတ်တာ၊ ဦးဦးမရှိတော့ မေမေလဲ မပြင်တတ်ဘူး....

"အဲဒီတော့ ဦးဦးရယ်၊ သားရယ်၊ မေမေရယ် ဒီအိမ်မှာ အတူနေရရင် မကောင်းဘူးလား"





မိုးမိုးအေး စကားကိုရပ်ပြီး သား၏အဖြေကို စောင့်နေသည်။

"ဦးဦးက ဒီအိမ်မှာ နေချင်လို့လား"

"နေချင်တယ်တဲ့"

"ဒါဖြင့် ဦးဦးက မေမေနဲ့ ယူမှာလား"

"ဟင်...."

မိုးမိုးအေး အံ့ဩသွားသည်။

ဤစကားမျိုးကို သား ပြောတတ်လိမ့်မည်ဟု မထင်။

"သား ဘာလို့ အဲဒီလို မေးတာလဲ"

"အောင်ရွှေသိန်းရဲ့ အဘွားနဲ့ အမေက ပြောတယ်တဲ့၊ မေမေနဲ့ ဦးဦးနဲ့ ယူမှာတဲ့"

"ဟင်....သားကို ဘယ်သူပြောလဲ"

"အောင်ရွှေသိန်းပြောတာ"

ကြောက်သော ပုတ်ဝန်းကျင်၏ ပါးစပ်များနှင့် လွတ်အောင် နေသော်လည်း မလွယ်ပါလားဟု မိုးမိုးအေး နှာလည်လိုက်သည်။

"မေမေနဲ့ ဦးဦး ယူမှာလားဟင်"

သားက ထပ်မေးနေပြန်သည်။

"သား သဘောတူရင် ယူမှာပေါ့"

မိုးမိုးအေး ပြုံးပြီး ခပ်ပေါ့ပေါ့လေး ပြောလိုက်သည်။

"ဟင်....မယူရဘူး....မယူရဘူး၊ မေမေ မယူရဘူး၊ ဟီးအီး....မယူရဘူး"

ငြိမ်းချမ်းအေးက ဆက်ခါ ဆက်ခါ အော်ပြောပြီး ငို၏။

မိုးမိုးအေး အံ့သြရုံမက အထိတ်တလန့်ပါ ဖြစ်သွားရသည်။

သားငယ် ဤမျှအထိ ဆိုးဆိုးရွားရွား ငြင်းလိမ့်မည် မထင်ခဲ့။

"သား....သားလေး ဘာဖြစ်လို့လဲဟင်"

မိုးမိုးအေး သိချင်စိတ်နှင့် မေးမိခြင်းဖြစ်သည်။

"ဟင့်အင်း....ဟင့်အင်း၊ မယူရဘူး....မယူရဘူး၊ ဟီးအီး မယူရဘူး....ဟီးအီး"

ငြိမ်းချမ်းအေး တူးတူးခါးခါး ငြင်းသည်။ ရှိုက်ကြီးတငင် ငိုသည်။

မိုးမိုးအေး နားမလည်နိုင်အောင် ဖြစ်ရသည်။

"သားက ဦးဦးကို ချစ်တယ်ဆို"

"ဟင့်အင်း....မချစ်တော့ဘူး၊ မုန်းတယ်၊ ဦးဦးကို မုန်းတယ်၊ မယူရဘူး....ကြောက်တယ်၊ မယူရဘူး....ဟီးအီး"

"အို....သားရယ်"

မိုးမိုးအေး ဝမ်းနည်းကြေကွဲစွာ နားလည်လိုက်ပါပြီ။

ဤကိစ္စနှင့် ပတ်သက်၍ သားလေးက လုံးဝလက်မခံနိုင်သည်ကို အခိုင်အမာ သိလိုက်ရပါပြီ။

"သားလေး....သားလေး လုံးဝ သဘောမတူဘူးလားဟင်"

သေချာအောင် ထပ်မေးလိုက်ခြင်းဖြစ်သည်။





"မယူရဘူး....မတူဘူး....မယူရဘူး"

သားငယ် ရှိုက်ကြီးတငင် ငိုနေသည်ကိုကြည့်ပြီး မိုးမိုးအေး၏ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျလာသည်။

သားလေး ဤမျှ စိတ်ဆိုးခိုက်မည့် အလုပ်ကို မလုပ်ချင်တော့အောင်လည်း ဖြစ်လာရသည်။

သားလေး စိတ်မဆင်းရဲစေချင်။ သားလေး စိတ်ချမ်းသာစေချင်သည်။ သားလေး ဤမျှအထိ ရှိုက်ကြီးတငင် ငိုနေသည်ကို မကြည့်ရက်တော့ပါ။

"သားလေး....မေမေ့ဘက်လှည့်၊ သားလေး သဘောမတူရင် မေမေ ဦးဦးနဲ့ မယူတော့ဘူးနော်"

မိုးမိုးအေး သားကို ကတိပေးလိုက်သည်။

"ဟင်....မေမေ မယူတော့ဘူးနော်၊ ဟုတ်လား"

"မယူတော့ပါဘူး သားရယ်"

"တကယ်နော်"

"တကယ်ပါ သားရယ်"

ငြိမ်းချမ်းအေးက မိခင်ဘက်သို့ လှည့်လာ၍ မိခင်၏ပါးကို နမ်းရင်း တစ်ချက်ရှိုက်လိုက်သေးသည်။

"ဩော်....သားလေးရယ်"

သားငယ်၏ပါးကို ကြင်နာစွာ ပြန်နမ်း၍ ကျောကလေးကို ပွတ်သပ်ပေးလိုက်သည်။

ငိုရသည်မှာ မောသွား၍လားမသိ၊ သားလေး မကြာခင် အိပ်ပျော်သွားရှာသည်။

ဩော်....လောကကြီးမှာ ခက်မယ်ထင်တာတွေက လွယ်ပြီး လွယ်မယ်ထင်တာတွေက ခက်နေပါလား....

မိုးမိုးအေးအနေနှင့် ယောကျ်ားများကို ကြောက်ရွံ့စိတ်နာ ဖြစ်ခဲ့ရသောကြောင့် နောက်ထပ် ယောကျ်ားတစ်ယောက်ကို ချစ်ရန် လက်ထပ်ရန် ဖြစ်နိုင်တော့မည်မဟုတ်ဟု ထင်ခဲ့သည်။

သို့သော် ဦးမြတ်ထွန်းကို ချစ်ခဲ့သည်၊ သားက သဘောတူလျှင် လက်ထပ်မည်ဟုပင် ကတိပေးခဲ့သည်။

ဦးမြတ်ထွန်းကို သိပ်ပြီး ခင်တွယ်လွန်းသော သားကဤကိစ္စကို လွယ်ကူစွာ သဘောကျလိမ့်မည်ဟု ထင်ခဲ့သည်။ ဤသို့ ခက်ခဲလိမ့်မည်ဟု လုံးဝမထင်ခဲ့။

ခုတော့ အခက်ကြီးခက်သည်နှင့် ကြုံရသည်။

အဖြေကို မျှော်လင့်နေရှာမည့် ဦးမြတ်ထွန်းကို သနားမိသည်။

မိသားစုသုံးယောက် သာယာပျော်ရွှင်သော ဘဝလေးတစ်ခု တည်ဆောက်ဖို့ စိတ်[illegible]ယဉ်ခဲ့ကြသည်။

ခုတော့ စိတ်ကူးယဉ် [illegible]က်လေး လေထဲမှာ လွင့်မျောသွားခဲ့ပြီ။

ဦးမြတ်ထွန်းကို ဘယ်လိုပြောရမှန်း မသိ။

ဦးမြတ်ထွန်းနှင့် သား၏သံယောဇဉ်လေးပါ ပျက်သွားတော့မှာလား....





ဦးမြတ်ထွန်း ဘယ်လောက်ခံစားရမလဲ။

မိုးတွေရွာနေသောညက ထီးကလေးတစ်ချောင်းအောက်မှာ နှစ်ယောက်အတူ ရင်ခုန်ခဲ့ကြရသည်။

ရွှံ့ခရီးကို မျှော်၍ ပျော်ခဲ့ကြရသည်။

မိုးမိုးအေး၏ပါးပေါ်မှာ မျက်ရည်များက အဆက်မပြတ်စီးကျနေပါသည်။

ဩော်....ခုတော့ မျက်ရည်မိုးတွေပဲ ရွာနေရပြီ အစ်ကိုရယ်....

## အခန်း (၇၆)

နံနက်ခင်းလေးက ကြည်ကြည်စင်စင်ဖြစ်နေသော်လည်း မိုးမိုးအေး ရင်ထဲမှာ မကြည်လင်။

ရုံးကိုသွားရမှာအတွက် စိတ်ထဲမှာမကောင်း။

ဖြစ်နိုင်လျှင် ရုံးကို မသွားချင်။

အစ်ကို့ကို မတွေ့ချင်။ တွေ့လျှင် စိတ်ကို ထိန်းနိုင်မည် မထင်။

ချုံးပွဲချပြီး ငိုမိမည် ထင်သည်။

ပေါင်းရဖို့ခက်သွားပြီဆိုတာ သိခါမှ အစ်ကို့ကို သိပ်ချစ်နေမိပြီဖြစ်ကြောင်း သိရသည်က ရင်နာစရာကောင်းလှသည်။

သားက ခုနံနက်မှာပင် ထပ်ပြောသေးသည်။





မေမေ....ဦးဦးကို မယူရဘူးနော်၊ ယူရင် သား သည်အိမ်မှာ မနေတော့ဘူးတဲ့။

တကာယ်အရွယ်ရောက်နေသော သားကြီးနှယ်....

သားရယ်....ဘာကြောင့်များ သည်လောက်တောင် တူးတူးခါးခါး ဖြစ်နေရဟာလဲကွယ်။

မိုးမိုးအေး စဉ်းစား၍မရ။

အေးလေ....တစ်ခုလပ်ဖြစ်ပေမယ့် သားတစ်ယောက်ရှိနေပြီမို့ ကွက်လပ်မရှိဘူးလို့ ငါခံယူခဲ့တာပဲ။

သားစိတ်ချမ်းသာအောင် နေပါဘော့မယ်။ ငါ့ဘဝဟာ သားအတွက်ပဲ ဖြစ်စေရမယ်။

သားက ပုံးထဲမှ ဘီစကွတ်မုန့်များကို ပလက်စတစ်အိတ်ကလေးနှင့် သူ့ဘာသာ ထည့်နေသည်၊ သိပါသည်။ သူ့သူငယ်ချင်း ကျော်ငွေဆိုသော ကလေးအတွက်ပါ ပိုထည့်နေခြင်းဖြစ်သည်။

ကျော်ငွေကို သနားကြောင်း၊ ကျော်ငွေ့ အတွက်ပါ မုန့်ပိုပေးဖို့အကြောင်း သားပြောဖူးသည်။

ဩော်....သူများကို သနားတတ်တဲ့၊ စိတ်ကောင်းရှိတဲ့ သားရယ်၊ ကိုယ့်ကိုသိပ်ချစ်တဲ့ ဦးဦးကိုကျမှ မသနားတော့ဘူးလားကွယ်။

မိုးမိုးအေး တွေးမိရာမှ ငိုချင်လာသည်။

အလိုလို မျက်ရည်များ လည်လာသည်။

မိုးမိုးအေး စိတ်မပါသော်လည်း ရုံးသွားရန် ပြင်ဆင်နေကျအလုပ်များကို တွေးရင်း ဆေးရင်း လုပ်နေရသည်။

အားလုံးပြီးတော့ သားအမိနှစ်ယောက် အိမ်မှ ထွက်လာခဲ့ကြသည်။

ထုံးစံအတိုင်း သားကို ကျောင်းဝင်ပို့ပြီးမှ ရုံးသွားရမည်။

အိမ်ကထွက်လာတော့ သားလေးလည်း ခါတိုင်းလို မရွှင်လန်း။

သားကျ ဖျားပြီးမှ အားနည်းသွားတယ်၊ အားရှိတဲ့ အစာတွေ ကျွေးပါ၊ မနက်ဖြန်ခါ သားအတွက် အားဆေးဝယ်လာခဲ့မယ်....။

အစ်ဖိုပြောသောစကားများကို ကြားယောင်လာတော့ ငိုချင်လာသည်။

သားကိုသိပ်ပြီးချစ်သော အစ်ကို....။

သားကို သံယောဇဉ်ဖြစ်ရမှ ကိုယ့်ကိုပါ ခင်တွယ်ပြီး ချစ်သူအဖြစ်သို့ ရောက်ခဲ့ကြရသည်။

ခုတော့ သားကြောင့်ပင် ဓေးကွာကြရတော့မည်။

သားကျောင်းအထိ ဆယ့်ငါးမိနစ်ခန့် ဘတ်စ်ကားစီးရသည်။

ထိုင်စရာနေရာမရ၍ သားအမိနှစ်ယောက် မတ်တတ်ရပ်လိုက်ခဲ့ရသည်။

သားက မိခင်၏ လက်တစ်ဖက်ကို သူ့လက်ကလေး တစ်ဖက်နှင့် ဆုပ်ကိုင်ထားသည်။





ကားမှတ်တိုင်မှဆင်းပြီးတော့ ကျောင်းရောက်အောင် နည်းနည်းလျှောက်ရသေးသည်။ သားက မိခင်လက်ကို ဆုပ်ကိုင်ထားဆဲ။

သို့သော် ခါတိုင်းလို သားအမိနှစ်ယောက် စကားမပြောမိကြ။

ဆိတ်ငြိမ်စွာ လိုက်ပါလာသော သားလေးကို မိုးမိုးအေး သတိထားမိသည်။

သား အာ့တွေများ တွေးနေပါလိမ့်။

မိုးမိုးအေး သိချင်သည်။

"သား နေကောင်းရဲ့လား"

သားငယ်က ခေါင်းညိတ်ပြသည်။

"လမ်းလျှောက်ရတာ မောလား"

သားက ခေါင်းယမ်းပြသည်။

မိုးမိုးအေး ဆက်မမေးဖြစ်၊ မပြောဖြစ်တော့ပါ။

ကျောင်းရောက်တော့ သားကိုထားခဲ့ပြီး ရုံးကို ဘတ်စ်ကားမြန်စီးရသည်။

ခါတိုင်း ရုံးကို မြန်မြန်ရောက်ချင်သည်။ ခုတော့ ရုံးကို မြန်မြန်ရောက်မှာ ကြောက်နေသည်။

အေးလေ....ရုံးရောက်တော့လည်း ကိုယ့်အခန်း ကိုယ်နေမှာပဲ၊ သူနဲ့တွေ့ရမှာ မဟုတ်ပါဘူး။

ရုံးချိန်အတွင်းမှာ ဦးမြတ်ထွန်းက အလုပ်ကိစ္စပြောစရာရှိသည်မှအပ ပြောဆိုဆက်ဆံခြင်းပြုသည်မဟုတ်။

မိုးမိုးအေး အခန်းကိုလည်း လာလေ့မရှိ။

အလုပ်ကိစ္စနှင့် ပြောရသည်ကလည်း နည်းပါသည်။

သို့သော် ညနေအပြန်လိုက်ပို့လျှင်တော့ သားကို ပြောပြီးမပြီး မေးလိမ့်မည်ထင်သည်။

မမေးလျှင်လည်း ကိုယ်က ပြောရတော့မည်။

ပြောလိုက်လျှင်....

သူ စိတ်မကောင်းဖြစ်မှာ သနားသည်။

မိုးမိုးအေး ရင်ထဲမှာ မောနေသည်။

ရုံးကိုရောက်မှာ ကြောက်နေသည်။ ရုံးကိုရောက်ပြီး ညနေရောက်မှာ ပိုကြောက်သည်။



အခန်း (၄၄)

နေ့လယ်ကျောင်းဆင်းချိန်တွင် ငြိမ်းချမ်းအေး ထမင်းတူးလေးကို ဖွင့်လိုက်သည်။

ကျော်ငွေ အတန်းဖြင့်ထွက်သွားရန်အတွက် မတ်တက်ထလိုက်သည်။

သူ့မှာ ထမင်းဘူးမပါ။ အပြင်ထွက်၍လည်း မုန့်ဝယ်ားစရာ ပိုက်ဆံမပါ။

ကျော်ငွေ့ကိုကြည့်ပြီး ငြိမ်းချမ်းအေး သနားသည်။

ကျော်ငွေ့လက်ကို ငြိမ်းချမ်းအေး လှမ်းဆွဲလိုက်သည်။

"မင်း ငါနဲ့အတူတူ ထမင်းစားမလား"

"ဟင့်အင်း....ငါမစားချင်ဘူး၊ မင်းဘာသာစား"

"လာပါကွ၊ ထမင်းတွေ အများကြီး၊ ငါမကုန်ဘူး"

"ငါမစားချင်ဘူးကွာ"

ကျော်ငွေက ငြိမ်းချမ်းအေး၏ ထမင်းဘူးကို လှမ်းကြည့်လိုက်သည်။

"မစားရင် ငါစိတ်ဆိုးမှာနော်၊ ထိုင်ကွာ"

ငြိမ်းချမ်းအေးက ကျော်ငွေ၏လက်ကို အတင်းဆွဲပြီး အထိုင်ခိုင်းသည်။

ချိုင့်ဖုံးလေးထဲမှာ ထမင်းခွဲထည့်ပေးသည်။ ကြက်ဥကြော်တစ်ဝက် ထည့်ပေးသည်။ ငါးကြော်နှစ်ကောင်ပါသည်ကို တစ်ကောင်ခွဲပေးသည်။

"စားကွာ"

ကျော်ငွေ ဟန်မလုပ်တော့ပါ။ ငြိမ်းချမ်းအေး အတင်းစားခိုင်း၍ ဆာဆာနှင့် စားနေမိသည်။

"မင်းဦးလေးက မင်းကို ရိုက်သေးလား"

"ဒီနေ့မနက် ကျောင်းလာခါနီး နားရင်းတစ်ချက် အရိုက်ခံရသေးတယ်၊ နားကိုအူသွားတာပဲ"

"ဟင်....ဘာဖြစ်လို့လဲ"

"အမေ့လက်ထဲမှာ ကျပ်တန်လေးတွေ တွေ့တာနဲ့ ငါက သူထွက်သွားပြီမှတ်လို့ မုန့်ဖိုးတောင်းတာ၊ အရင်တုန်းက အမေက အဲဒီလိုတောင်းရင် ပေးတယ်၊ သူက ပြန်ဝင်လာတော့ ကြားသွားတာနဲ့ ရိုက်တာ"

"မုန့်ဖိုးလဲ မရခဲ့ဘူးလား"

ကျော်ငွေက ခေါင်းယမ်းပြသည်။

ငြိမ်းချမ်းအေး ကျော်ငွေ့ကိုကြည့်ပြီး သနားသည်။ မမြင်ဖူးသော သူ့ပထွေးကိုလည်း ပို၍မုန်းသွားသည်။





"ရော့....ဘီစကွတ်စား"

ထမင်းစားပြီးတော့ ငြိမ်းချမ်းအေးက ကျော်ငွေ့ကို ဘီစကွတ်ပေးသည်။

"ဟင့်အင်း....မင်းဘာသာစား"

"ငါ မင်းဖို့ ပိုယူလာတာကွ၊ ရော့....စား၊ အိမ်မှာ မဖောက်ရသေးတာ တစ်ဘူးရှိသေးတယ်၊ ဦးဦး ဝယ်ပေးတာ"

"မင်းပထွေး ဝယ်ပေးတာလား"

နောက်ခုံမှာ ရွှေကြိုင်နှင့် အတူ ထမင်းစားနေသော အောင်ရွှေသိန်းက လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

"ငါ့ပထွေး မဟုတ်ဘူးကွ၊ ငါ့ဦးဦး"

"မင်းအမေနဲ့ယူရင် မင်းပထွေး ဖြစ်မှာပေါ့ကွ"

"မယူဘူးကွ၊ ငါ့အမေက မယူဘူး၊ ငါ့ပြောပြီးပြီ"

"ယူမှာကွ၊ ယူမှာမို့ မင့်ပထွေးက မင်းကို ကားနဲ့ လာကြိုနေတာပေါ့"

"မဟုတ်ဘူးကွ"

"ဟုတ်တယ်"

"ဟင်...."

"ကဲကွာ"

"ဒေါင်"

ငြိမ်းချမ်းအေး ခုံပေါ်မှာရှိသော သစ်သား ပေတံကို ဆွဲယူပြီး အောင်ရွှေသိန်း၏ခေါင်းကို ပေတံဖောင်းနှင့် ခုတ်ပစ်လိုက်သည်။

"အား....နာတယ်ဗျ၊ နာတယ်....နာတယ်၊ ငြိမ်းချမ်းအေး ပေတံနဲ့ ခုတ်တယ်ဗျ"

အောင်ရွှေသိန်း အာပြကြီးနှင့်ငိုပြီး ဆရာမကို သွားတိုင်သည်။

ဆရာမ ထမင်းစားနေရာမှ အပြေးအလွှား လိုက်လာသည်။

"ငြိမ်းချမ်းအေး....မင်း သူ့ကို ဘာလို့ ပေတံနဲ့ ခုတ်ရတာလဲ"

"သူက ကျွန်တော့်ဦးဦးကို ကျွန်တော့်ပထွေးလို့ ပြောတယ်....

"ကျွန်တော်က မဟုတ်ဘူးလို့ ပြောရက်သားနဲ့ ဟုတ်တယ်ပြောလို့"

"ဟင်....အောင်ရွှေသိန်း မင်းက ဘာလို့ အဲဒီလို ပြောရတာလဲ"

"သူ့အမေနဲ့ အဲဒီလူက ယူမှာ ဆရာမ၊ ကျွန်တော့်အဘွားနဲ့ အမေက ပြောတယ်၊ ဒါကြောင့်မို့ အဲဒီလူက သူ့ကို ကားနဲ့ ကြိုနေတာ၊ ဟီးအီး"

အောင်ရွှေသိန်း၏ မျက်နှာကြီးကို ရိုက်ပစ်ရန် ငြိမ်းချမ်းအေး ပေတံကို ဆွဲယူလိုက်ပြန်သည်။

"ဟဲ့....ဟဲ့....အို....မလုပ်ရဘူးလေ"

ဆရာမက ငြိမ်းချမ်းအေးလက်မှ ပေတံကို ဆွဲယူလိုက်သည်။

"လာ....လာ....မဖြစ်ဘူး၊ မင်းလိုက်ခဲ့"





ဆရာမက ငြိမ်းချမ်းအေးကို အတန်းရှေ့မှ သူ့စားပွဲသို့ ခေါ်သွားသည်။

"ငြိမ်းချမ်းအေး... မင်းရန်ဖြစ်တာ အပြစ်ရှိသလား"

"သူက ကျွန်တော်မကြိုက်တာ ဘာလို့ပြောလဲ ဆရာမ"

"ဟဲ့....အဲဒီလိုပြောရင် မင်း ဆရာမကို တိုင်ရမှာပေါ့၊ ဆရာမ သူ့ကို ရိုက်မှာပေါ့၊ မင်း သူ့ကို ပေတံနဲ့ ခုတ်တာ အပြစ်ရှိသား၊ ပြောစမ်း"

"ရှိပါတယ်"

"မင်းက သူ့ခေါင်းကို ပေတံနဲ့ ခုတ်တယ်၊ သူက တိုင်ထားပြီ၊ မင်းကို ဆရာမ ဆုံးမရမယ်၊ ဟုတ်လား"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြသည်။

"ကဲ....ဟိုဘက်လှည့်"

ငြိမ်းချမ်းအေး လှည့်ပေးလိုက်သည်။

"ဖြန်း"

ကိုယ့်ပေတံနှင့်ကိုယ် အရိုက်ခံရသည်။

တင်ပါးမှာ စပ်သွားသော်လည်း ငြိမ်းချမ်းအေး မငို၊ စိတ်ကို တင်းထားလိုက်သည်။

"ရော့....မင်းပေတံ"

ငြိမ်းချမ်းအေး ပေတံကို ပြန်ယူသည်။

အောင်ရွှေသိန်းက အာပြကြီးနှင့် ငိုနေဆဲ။

"ဟဲ့....တိတ်စမ်း၊ ဒီမှာ သူ့ကို ဆရာမ ရိုက်ပြီးပြီ"

အောင်ရွှေသိန်း ငိုသံတိတ်သွားသည်။

"မင်းကလဲ နောက်ကို သူများမကြိုက်တာ မပြောနဲ့၊ ကြားလား"

အောင်ရွှေသိန်း ခေါင်းညိတ်သည်။

"အေး....နောက်တစ်ခါပြောရင် မင်းလဲရိုက်မယ်၊ ငြိမ်းချမ်းအေး....မင်းကလဲ နောက်တစ်ခါ ဒီလိုမလုပ်ရဘူးနော်၊ ကြားလား"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြသည်။

"နောက်တစ်ခါ ဒီလိုလုပ်ရင် မင်းကို ဒီထက်ပိုနာအောင်ရိုက်မယ်၊ ကြားလား"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြလိုက်သည်။



အခန်း (၃၈)

မိုးမိုးအေးကြောက်သော ရုံးဆင်းချိန်သို့ ရောက်လာပြီ။

တစ်နေ့လုံး ဦးမြတ်ထွန်းနှင့် မတွေ့အောင် ရှောင်နိုင်ခဲ့သည်။ ခုတော့ ရှောင်၍မရ။

ဦးမြတ်ထွန်း၏ ကားလေးနှင့်အတူ ပြန်လာရသည်။

ဦးမြတ်ထွန်းက ကားကို ဖြည်းဖြည်းမှန်မှန် မောင်းနေသည်။

မိုးမိုးအေး နေရသည်မှာ မလွတ်လပ်၊ အသက်ရှူကျပ်သလို ဖြစ်နေသည်။

ဦးမြတ်ထွန်းက ဘာမျှမမေးသေး။

သူ စ,မေးစေချင်သည်။

ကိုယ်က စ,ပြောရမှာ ခက်နေသည်။

လမ်းတစ်ဝက်လောက် ရောက်လာပြီ။

ငါက စပြောမယ်ထင်လို့ မမေးတာလား....

မိုးမိုးအေး ပို၍ အနေရခက်လာသည်။

မိုးမိုးအေး ဦးမြတ်ထွန်းကို လှမ်းကြည့်လိုက်သည်။

မိုးမိုးအေးကြည့်မှန်းသိ၍ ဦးမြတ်ထွန်းက ပြန်လှည့်ကြည့်သည်။

ကြည်လင်သော အပြုံးနှင့်....

"မနေ့ညက သားကို ပြောပြတယ်"

မိုးမိုးအေး စကားစ,လိုက်ရသည်။

"ဟုတ်လား၊ သားက ဘာပြောလဲ၊ သဘောတူတယ် မဟုတ်လား"

မျှော်လင့်ချက် ယုံကြည်ချက်တွေ အပြည့်နှင့် ပြန်မေးနေသော ဦးမြတ်ထွန်းကိုကြည့်ပြီး မိုးမိုးအေး စိတ်မကောင်းဖြစ်ရသည်။

"သားက သဘောမတူဘူးတဲ့"

"ဟာ....မိုးကလဲ နောက်မနေစမ်းပါနဲ့"

"နောက်တာမဟုတ်ဘူး အစ်ကို၊ သားက မယူရဘူး.... မယူရဘူးနဲ့ အတင်းငြင်းပြီး ရှိုက်ကြီးတငင် ငိုတယ်"

မိုးမိုးအေး ကိုယ်တိုင်လည်း ပြောရင်း ငိုနေမိပါပြီ။

"အို....တကယ်ပဲလား မိုးရယ်"

ဝမ်းပန်းတနည်းငိုနေသော မိုး မိုး အေး ကို ကြည့် ပြီး ဦးမြတ်ထွန်း တုန်လှုပ်စွာခံစားရသည်။

"သားက ဘာကြောင့် အဲဒီလိုပြောတာလဲ မိုးရယ်"





မိုးမိုးအေး ဘာမျှပြန်မပြောနိုင်သေး၊ ဝမ်းနည်းစွာငိုရဆဲဖြစ်သည်။

"သားက အစ်ကို့ကိုချစ်ပါတယ်၊ အစ်ကိုစဉ်းစားလို့မရဘူး မိုး"

"မိုးမိုးလဲ သားကို မေးပါတယ်၊ ဦးကို ချစ်လားဆိုတော့ ချစ်တယ်တဲ့"

"ဟင်....ဒါဖြင့် ဘာဖြစ်လို့ သဘောမတူတာတဲ့လဲ မိုး"

"အဲဒီလိုတော့ သားကမပြောဘူး၊ မယူရဘူး၊ သဘောမတူဘူးတဲ့၊ ကြောက်တယ်ဆိုတာလဲ ပါသေးတယ်၊ ငိုလဲ တအားငိုတယ်"

ဦးမြတ်ထွန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

မိုး ပြောတာများ....

ဦးမြတ်ထွန်း စိတ်ထဲမှာ မိုးမိုးအေး အပြောမတတ်၍များ ဖြစ်ရလေသလားဟု စဉ်းစားနေမိသည်။

"မိုး အလောတကြီးပြောတာမဟုတ်ဘူး အစ်ကို၊ ကလေး ဆိုပြီးတော့လဲ ပေါ့တီးပေါ့ဆ ပြောတာမဟုတ်ဘူး"

မိုးမိုးအေး သူပြောပြပုံကို အစီအစဉ်နှင့်တကွ ပြန်ရှင်းပြသည်။

ဦးမြတ်ထွန်း ပို၍ စဉ်းစားရခက်သွားသည်။

"မိုး ပြောပုံဖြောနည်း မှန်ပါတယ်၊ သား ဘာဖြစ်လို့ အဲဒီလိုဖြစ်သွားတယ်ဆိုတာ တွေးလို့မရဘူး"

သားပုံလေးကို ဦးမြတ်ထွန်း မြင်ယောင်နေသည်။

သားကို မုန်းသည့်စိတ်မရှိ၊ သနားသည့်စိတ်သာ ဖြစ်မိသည်။

သားကို အနီးကပ် ပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်၊ စောင့်ရှောက်ခွင့်ရအောင် ကြိုးစားခါမှ ဝေးရတော့မှာလားဟုပင် စိုးရိမ်လာရပြီ။

"မိုးက သားကို ဘယ်လိုပြန်ပြောလိုက်လဲ"

ဦးမြတ်ထွန်း သိချင်သည်။

"သား သဘောမတူရင် မယူပါဘူးလို့ ပြောလိုက်ရတယ် အစ်ကို"

မိုးမိုးအေး ဝမ်းပန်းတနည်း ငိုရပြန်သည်။

ဦးမြတ်ထွန်း ပို၍လေးလံသော သက်ပြင်းတစ်ချက်ကို ချလိုက်ရပြန်သည်။

"မိုးတို့ယူမှာ ကြောက်လို့ ရှိုက်ရှိုက်ပြီးငိုနေတဲ့ သားကို သနားတယ် အစ်ကို"

ဦးမြတ်ထွန်း ခေါင်းညိတ်သည်။

"မယူတော့ပါဘူးလို့ ကတိပေးပြီးမှ သားလေး ငိုတိတ်ပြီး အိပ်သွားတယ် အစ်ကို"

အထီးကျန်ဘဝမှ လွတ်မြောက်၍ လူနှင့်တူစွာ သာယာသောဘဝလေးကို ရတော့မည်ဟု အပျော်ကြီးပျော်နေသော ဦးမြတ်ထွန်း၏ အတွေးကမ္ဘာလေး ပျက်စီးသွားလေပြီ။

ဦးမြတ်ထွန်း၏ ရင်ထဲမှာ ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။





"မနက် ကျောင်းသွားခါနီးတောင် မေမေ ဦးဦးကို မယူရဘူးနော်လို့ ထပ်ပြောသေးတယ် အစ်ကို"

မိုးမိုးအေးက မခြွင်းမချန်ဘဲ အားလုံး ဦးမြတ်ထွန်း သိစေချင်သည်။

"အေးလေ....သားနှလုံးသားက နုနုလေးပါ၊ အစ်ကိုတို့ကလူကြီးတွေပါ၊ မိုးကို အစ်ကို သိပ်ချစ်ပါတယ်၊ ရူးမူးတဲ့ အရွယ်ရဲ့ မရေရာတဲ့အချစ်မျိုး မဟုတ်ဘူး မိုး၊ အလေးအနက်ချစ်ရတာပါ....

"အစ်ကိုဟာ မိဘတွေ မရှိတော့ကတည်းက အထီးကျန်နေခဲ့ရတာကြာပါပြီ၊ ခုမှ အဓိပ္ပာယ်ရှိတဲ့ဘဝလေးကို ရတော့မယ်လို့ ပျော်နေတာပါ....

"ဒါပေမယ့် အစ်ကိုတို့ထက် သားကို ပိုပြီးအလေးအနက်ထား စဉ်းစားရမယ်၊ သားကို အစ်ကိုသိပ်ချစ်တယ်၊ သားနှလုံးသားလေးမှာ ဒဏ်ရာမရစေချင်ဘူး....

"အထူးသဖြင့် သားနှလုံးသားမှာ ဒဏ်ရာရအောင်လုပ်တဲ့ လူဟာ အစ်ကို မဖြစ်ချင်ဘူး....

"မိုးမိုး သားကို ကတိပေးလိုက်တာ မှန်ပါတယ်၊ အစ်ကိုတို့ နှစ်ယောက်စလုံးဟာ အစ်ကိုတို့ စိတ်ချမ်းသာဖို့ထက် သား စိတ်ချမ်းသာဖို့ကို ဦးစားပေး စဉ်းစားရမှာပါ....

"သားရော အစ်ကိုတို့နှစ်ယောက်စလုံးရော စိတ်ချမ်းသာရရင်၊ ပျော်ရရင်တော့ ပိုကောင်းတာပေါ့ မိုးရယ်"

စွန့်လွှတ်ရတော့မည်။ ရည်မှန်းချက်လေးကို ဦးမြတ်ထွန်း နှမြောတသနေသည်။

"အစ်ကို သားနဲ့တော့ တွေ့ချင်သေးတယ်"

"အစ်ကို အခု ကျောင်းသွားကြိုရင် တွေ့ရမှာပေါ့၊ သူပြောတဲ့အထဲမှာ အစ်ကို့ကို ခုအနေအထားအတိုင်းပဲ ချစ်တဲ့သဘောရှိတယ်၊ မိုးနဲ့ယူမှာကိုသာ ကြောက်နေတာလို့ထင်တယ်"

"အစ်ကို သားကို သွားကြိုရင် သူ ဘယ်လို ဆက်ဆံတယ်ဆိုတာနဲ့ သူ့အမူအရာကို ကြည့်ရမှာပေါ့"

"သား နားလည် လက်ခံရင်တော့ ကောင်းတာပေါ့ အစ်ကို"

"မိုးကတော့ အစ်ကိုနဲ့ အတူနေချင်ပါတယ်နော်"

"နေချင်ပါတယ် အစ်ကို"

မိုးမိုးအေး၏ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

"မိုး အစ်ကို့ကိုချစ်တယ်နော်"

"သိပ်ချစ်ပါတယ် အစ်ကို"

မိုးမိုးအေး ဝမ်းနည်းလွန်း၍ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ငိုရပြန်သည်။

"မငိုပါနဲ့ မိုးရယ်၊ သား နားလည်လက်ခံလာအောင် အစ်ကိုတို့ ကြိုးစားကြသေးတာပေါ့"

ကားလေးက လမ်းမကြီးမှ ဘေးဘက်သို့ ချိုးကွေ့သွားလေသည်။



အခန်း (၄၉)

ဦးမြတ်ထွန်း ကျောင်းရှေ့ရောက်သွားတော့ ကျောင်းမဆင်းသေး။

စောင့်နေကျအတိုင်း ကျောင်းရှေ့မှ သစ်ပင်အောက်မှ ကားလေးကို ရပ်စောင့်လိုက်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရပါ။

ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရသည်။

ကျောင်းသူကျောင်းသားများ အပြေးအလွှား ထွက်လာကြသည်။

ဦးမြတ်ထွန်း စောင့်ကြည့်နေသည်။

သံယောဇဉ်တွယ်မိခဲ့ရသော၊ သိပ်ချစ်ရသော သားလေး ငြိမ်းချမ်းအေး....

ကျောင်းသူကျောင်းသား အတော်များများ ထွက်လာပြီးကြသည်အထိ ငြိမ်းချမ်းအေးကို မတွေ့ရ။

ခါတိုင်းဆိုလျှင် ကျောင်းဆင်းသည်နှင့် အပြေးအလွှားထွက်လာသော ငြိမ်းချမ်းအေး....

'ဦးဦး' ဆိုသော ချစ်စရာခေါ်သံလေးနှင့်အတူ ကြားရမြင်ရသည်။

သူနှင့်အတူ အဝတ်အစားနွမ်းနွမ်းပါးပါး ကောင်လေးတစ်ယောက် တွဲလျက် ပါလာတတ်သည်။

ခုတော့ ငြိမ်းချမ်းအေးကို မတွေ့ရ။

ငြိမ်းချမ်းအေးနှင့် တွဲနေကျ အဝတ်အစား နွမ်းနွမ်းပါးပါးကောင်လေးကိုလည်း မတွေ့ရ။

ဆရာမများပင် ခြင်းလေးများဆွဲ၍ အေးအေးဆေးဆေး ထွက်လာနေကြပြီ။

ငြိမ်းချမ်းအေး အတန်းထဲမှာ ကျန်နေသေးလို့လား....

ဦးမြတ်ထွန်း ဆက်စောင့်နေရသည်။

ထွက်လာသူတစ်ယောက်မျှမရှိ။

ကျောင်းတံခါးများ ပိတ်နေပြီ။

ငြိမ်းချမ်းအေး ပြန်သွားပြီလား....။

ဦးမြတ်ထွန်း သံသယဖြစ်ရသည်။

မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး....

ဦးမြတ်ထွန်း မကျေနပ်။

မှားနေပြီ။ တစ်ခုခုတော့ မှားနေပြီ....

ဦးမြတ်ထွန်း မကျေမလည် ခံစားရသည်။





သားငယ်ကို တွေ့ချင်သည်။ သူ့ဆက်ဆံပုံနှင့် သူ့အမူအရာကို အကဲခတ်ချင်သည် ဆိုခါမှ သားငယ်ကို မတွေ့ရ။

မိုးမိုးအေး ပြောစကားအရ ကျောင်းပျက်တာမဟုတ်။ ကျောင်းတက်မှန်း အသေအချာ သိထားသည်။

ကျောင်းတံခါးပိတ်သော ကလေးက ဆရာမကြီးကို သော့ပေးနေသည်။

ဦးမြတ်ထွန်း ဆရာမကြီးထံ လျှောက်သွားသည်။

"ဆရာမကြီး.... သူငယ်တန်းက ငြိမ်းချမ်းအေး ဆိုတဲ့ကလေးကို မတွေ့လို့"

"ဩော်....ပြန်သွားရောပေါ့၊ ကျောင်းထဲမှာတော့ တစ်ယောက်မှ မကျန်တော့ဘူးလေ"

ဆရာမကြီးစကားကြားမှ ဦးမြတ်ထွန်း အားပျက်ရသည်။

"ကျွန်တော် ကျောင်းမဆင်းခင်ကတည်းက ရောက်နေတာပါ ဆရာမကြီး၊ ကြိုနေကျပါ။ သူထွက်လာတာ မတွေ့ရသေးဘူး"

"ဩော်....သူ့အတန်းဖိုင် ဆရာမကလဲ ပြန် သွား ပြီ၊ ကျောင်းကော တက်ရဲ့လား"

"တက်ပါတယ် ဆရာမကြီး"

ဆရာမကြီးပါ ဦးနှောက်စားရသော ပြဿနာဖြစ်လာသည်။

"နောက်ဘက် အပေါက်ကများ ထွက်သွားလား၊ ကြိုနေကျ ဆိုတော့လဲ အခက်"

ဆရာမကြီး စဉ်းစားနေရပြီ။

"နောက်ဘက်အပေါက်ရှိလား ဆရာမကြီး"

"အင်း....မြစည်းရိုးမှာပေါက်နေတာတစ်ခုရှိတယ်၊တချို့ ကလေးတွေက အဲဒီအပေါက်ကနေ ထွက်သွားတတ်ကြတယ်"

ဦးမြတ်ထွန်း စဉ်းစားရပြီ။

သူ ငါ့ကားနဲ့ မလိုက်ချင်လို့ သူ့သူငယ်ချင်းကို ခေါ်ပြီး ထွက်သွားတာလား....

ကျောင်းဝင်းထဲမှာလည်း ကလေးများအားလုံး ကုန်ပြီ၊ ဆရာမကြီးလည်း ပြန်ချင်နေပြီ။ ဦးမြတ်ထွန်းကြောင့် စောင့် နေရဟန်တူသည်။

ဦးမြတ်ထွန်း နားလည်ပေးရမည် ဖြစ်သည်။

"ရပါတယ် ဆရာမကြီး၊ ဒါဆိုရင်လဲ သူ နောက်ဘက် အပေါက်က ထွက်ပြန်သွားတာ ဖြစ်ချင်ဖြစ်လိမ့်မယ်"

ဦးမြတ်ထွန်း ကျောင်းဝင်းထဲမှ ပြန်ထွက်လာသည်။

ကားပေါ်သို့ တက်လိုက်သည်။

စိတ်ထဲမှာ မကျေနပ်သေး။

အနီးဝန်းကျင်ကို လိုက်ကြည့်သည်။ ဘယ်မှာမှမတွေ့ရ။

စောစောက ဆူညံစွာ စည်ကားနေသော ကျောင်းရှေ့ မှာ တိတ်ဆိတ်နေပြီ။

အားလုံး ရှင်းသွားပြီး ကလေးများ ပြန်ကုန်ကြပြီ။

ဦးမြတ်ထွန်း စိတ်မကောင်းစွာနှင့် ကားလေးကို ဖြည်း ဖြည်း သာသာ မောင်းထွက်လာခဲ့သည်။



ခန်း (၁၀)

တီ....တီ....

မိုးမိုးအေးတို့ အိမ်ရှေ့ကိုရောက်၍ ဦးမြတ်ထွန်း ကား ...န်းကို တီးလိုက်သည်။

မိုးမိုးအေး ခပ်မြန်မြန် ထွက်လာသည်။

"သားကို ကျောင်းမှာမတွေ့ခဲ့ရဘူး မိုး"

မိုးမိုးအေး အံ့ဩထိတ်လန့်ဖြစ်သည်ကို မတွေ့ရပါ။

"သူ အိမ်ပြန်ရောက်နေပြီ အစ်ကို"

"ဟင်...."

အံ့ဩရသူက ကိုယ်သာဖြစ်နေသည်၊

"သူ ဘယ်လိုပြန်လာလဲ"

"ဘတ်စ်ကားနဲ့ ပြန်လာတယ်"

"ဟာ...."

ဦးမြတ်ထွန်း စိုးရိမ်မိသည်။

"ခု....သူ"

"အိမ်ထဲမှာ အစ်ကို"

"အစ်ကို သူ့ကို မတွေ့ရဘူးလား"

မိုးမိုးအေး အားနာသော မျက်လုံးများနှင့် ဦးမြတ်ထွန်းကို ကြည့်နေသည်။

"သူ့အစ်ကို့ကို မတွေ့ချင်ဘူးတဲ့၊ အစ်ကိုလာကြိုတဲ့ ကားကိုလဲ မစီးချင်ဘူးတဲ့"

"ဟင်...."

ဦးမြတ်ထွန်း ပို၍ စိတ်မကောင်း ဖြစ်ရသည်။

ရရှိပြီးသား အခွင့်အရေးလေးပါ ဆုံးရှုံးသွားရပြီ။

"ဘာဖြစ်လို့လဲ မိုး"

"မိုးလဲ အသေအချာတော့ မသိဘူး၊ သူ ပြန်လာပြီး တော့ မေမေ ဦးဦးကို မယူရဘူးလို့ ထပ်ပြောတယ်၊ မယ ပါဘူး သားရယ်၊ သားကို ကတိပေးပြီးသားပဲလို့ ပြော တော့ ဦးဦး ကျောင်းကိုလာမကြိုနဲ့လို့ ပြောပေးပါတဲ့ ဦးဦးကားနဲ့ မလိုက်ချင်ဘူးတဲ့"





ဦးမြတ်ထွန်း ခေါင်းညိတ်လိုက်ပါသည်။

ရင်ထဲမှာတော့ နာကျင်စွာ ခံစားရသည်။

"ကောင်းပါပြီ မိုးရယ်၊ အစ်ကို လာမကြိုတော့ပါဘူးလို့ သားကို ပြောလိုက်ပါ"

ဦးမြတ်ထွန်း၏ မျက်လုံးများမှာ မျက်ရည်များနှင့်စေဝါး နေပါသည်။

သို့သော်....

ဦးမြတ်ထွန်း ကားကို မောင်းထွက်လာခဲ့သည်။

## အခန်း (၈၁)

ဦးမြတ်ထွန်း၏ မျက်လုံးများမှာ မျက်ရည်များနှင့်ဝေဝါး နေပါသည်။

ဆုံလည်ကုလားထိုင်နောက်မှီမှာ တင်ထားသော မျက်နှာသုတ် တဘက်ကိုယူ၍ မျက်နှာကို သုတ်လိုက်သည်။ မျက်လုံးများကိုပါ သုတ်ပစ်လိုက်သည်။

ပြီးမှ ရှေ့မှာရှိသော စာကို တစ်ခေါက် ပြန်ဖတ်သည်။

မိုးမိုးအေး၏ အလုပ်မှ နုတ်ထွက်ခွင့် တောင်းသော စာ ဖြစ်သည်။

ဦးမြတ်ထွန်း ကုလားထိုင်နောက်မှီမှာ ခေါင်းတင်လျက် အကြာကြီး တွေးနေသည်။

ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်သည်။

ပြီးတော့ စာတစ်စောင် ရေးလိုက်သည်။



## အခန်း (၈၂)

မိုးမိုး....

မိုးရဲ့ အလုပ်ထွက်ခွင့်တင်တဲ့စာကို ဖတ်ရတယ်။

မိုး အလုပ်မထွက်ပါနဲ့၊ မိုးမှာက သားအမိ နှစ်ယောက်အတွက် အလုပ်လုပ်နေရတာဖြစ်တယ်။

ဒီအလုပ်ကထွက်လိုက်ရင် အလုပ်ရှာရတဲ့ အခက်အခဲရှိဦးမယ်။

ဒီအလုပ်က မိုးတို့သားအမိအတွက် အဆင်ပြေပါတယ်။ လစာကိုလဲ နှစ်ထောင့်ငါးရာအထိ တိုးပေးဖို့ သတ်မှတ်ပြီးပါပြီ။

အစ်ကိုသိပါတယ်၊ မိုးအလုပ်တွက်တာ အစ်ကို့ကြောင့်ပါ။

အစ်ကိုနဲ့ မဆက်ဆံချင်၊ မတွေ့ချင်တော့လို့၊ ဒါမှမဟုတ်ရင်လဲ သားလေး စိတ်မဆင်းရဲစေချင်လို့ဆို

တာ နားလည်ပါတယ်။ သားအတွက်ရော....မိုးအတွက်ပါ အစ်ကို့ဘက်ကပဲ အနစ်နာခံပါ့မယ်။ အေးလေ၊ တကယ်တော့ အစ်ကို့ဘက်ကလဲ မနစ်နာပါဘူး။

အစ်ကို့ကုမ္ပဏီသူဌေးက စင်ကာပူလာဖို့ ခေါ်နေတာကြာပါပြီ။ အစ်ကိုက စင်ကာပူမှာ ကုမ္ပဏီအတွက် လိုတာတွေ ဝယ်ပို့ပေးရမယ်။ ဒီမှာရှိတဲ့ ကုမ္ပဏီကလဲ အခြေခိုင်နေပါပြီ။ အစ်ကို့ဒါရိုက်တာတွေက သုပ်ဘတ်နေကြပါပြီ။

ဒါကြောင့်မို့ ဒါရိုက်တာ တစ်ယောက်ဖြစ်တဲ့ ကိုအောင်မြင့်ကို အစ်ကို့နေရာလွှဲပြီး အစ်ကို စင်ကာပူနိုင်ငံ သွားပါတော့မယ်။

ဒါဆိုရင် မိုးလဲ အလုပ်ထွက်စရာမလိုတော့ပါဘူး။ လိုအပ်တဲ့အကူအညီရှိရင်လဲ ကိုအောင်မြင့်ကို ပြောပါ။ သားအတွက်ဖြစ်ဖြစ်၊ မိုးအတွက်ဖြစ်ဖြစ် ကိုအောင်မြင့်ကိုပဲ ပြောပါ။

ကိုအောင်မြင့်ကို အစ်ကို အားလုံးမှာခဲ့ပြီးပါပြီ။ မိုး အစ်ကိုတို့ ကုမ္ပဏီမှာပဲ အလုပ်ဆက်လုပ်ပါ။ အခုလာမယ့် ကြာသပတေးနေ့ လေယာဉ်ပျံနဲ့ အစ်ကို စင်ကာပူကို လိုက်သွားပါ့မယ်။

မိုးကို နှုတ်ဆက်ခဲ့ပါတယ်။

သားကိုလဲ ချစ်ခင်ခြင်းများစွာနဲ့ နှုတ်ဆက်ခဲ့ကြောင်း မိုး ပြောပြလိုက်ပါ။

ကျေနပ်ပါတယ် မိုးရယ်၊ ဘဝက်ပေါ့။

ပြုံးပန်းတစ်ရာစာစပေ



အစ်ကို့စာကိုဖတ်ပြီး မိုးမိုးအေး မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်။

ဩော်....သူ့ခမျာ ဘယ်လောက် ဝမ်းနည်းလိုက်ရှာမလဲ။

မိုးမိုးအေး တွေးပြီး စိတ်မကောင်းဖြစ်ရသည်။

အစ်ကို့ကို သနားသည်။

သားလေးကို သနားသည်။

ကိုယ့်အတွက်လည်း ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။

အစ်ကိုနှင့် ရေခြားမြေခြား နိုင်ငံရပ်ခြားအထိ ဝေးကြရတော့မည်။

ပြုံးပန်းတစ်ရာစာစပေ

## ခန်း (၇၃)

ယနေ့ ဦးမြတ်ထွန်း စင်ကာပူနိုင်ငံသို့သွားမည်။

ကုမ္ပဏီမှ အလုပ်သမားအားလုံး လိုက်ပို့ကြမည့် ရုံးချိန်
ခတွင်းမှာဖြစ်၍ ရုံးမှ မော်တော်ကား စီစဉ်ထားသည်။

ဦးမြတ်ထွန်းကို အလုပ်မှာ စည်းကမ်းတင်းကျပ်သူအဖြစ်
ုမ္ပဏီမှ အလုပ်သမားအားလုံး သိထားကြသည်။

ဦးမြတ်ထွန်းက စည်းကမ်းပျက်သည်မဆိုထားနှင့်၊ လျော့
လာလျှင်ပင် ချက်ချင်း ခေါ်ပြောသူဖြစ်သည်။

သို့သော် ဦးမြတ်ထွန်းကို ဘယ်သူမှ မမုန်းကြ။

လူမှုရေးကျတော့ ဦးမြတ်ထွန်းက သိတတ်သည်။ စာနာ
က်နှင့် ကူညီသည်။

ဦးမြတ်ထွန်း စင်ကာပူသွားတော့မည်ဆိုတော့ ကုမ္ပဏီမှ
လုပ်သမားအားလုံး စိတ်မကောင်းဖြစ်ကြသည်။





"မမမိုး၊ ဆရာ့ကို လေဆိပ်လိုက်ပို့မှာ မဟုတ်လား"

မောင်သန်းတင်က လာမေးတော့ မိုးမိုးအေး ဝမ်းနည်း
သည်။

"ပို့မှာပေါ့ မောင်သန်းတင်ရယ်"

စိတ်ကိုထိန်းပြီး ဖြေရသည်။

ဖြစ်နိုင်လျှင် သားကိုပါ လိုက်ပို့စေချင်သည်။

သို့သော် သားက ကျောင်းတက်နေသည်။

မိုးမိုးအေး မနေ့က သားကို ပြောချင်သည်။

သို့သော် သားက လိုက်မပို့ချင်ဘူးဟု ပြောလျှင် စိတ်
မကောင်းဖြစ်ရမည်။

သားကို ဘာမှမပြောတာပဲ ကောင်းပါတယ်လေ ဟု
တွေးပြီး ဘာမှမပြောဘဲ နေလိုက်သည်။

"လိုက်ရင် ဆယ်နာရီ ကားထွက်မှာနော် မမမိုး"

မိုးမိုးအေး ခေါင်းညိတ်ပြလိုက်သည်။

နာရီကြည့်လိုက်တော့ ၉ နာရီ ၄၅ မိနစ်။

"အို"

မျက်ရည်များ အလိုလိုကျလာသည်။

သည်နေ့တစ်နံနက်လုံး ငိုချင်နေသည်။

လေဆိပ်ရောက်လျှင် ချုံးပွဲချမငိုမိအောင် မနည်းထိန်းရ
မည်။ ငိုမိလျှင် ပုံပျက်ပန်းပျက် ဖြစ်လိမ့်မည်။

"ကဲ....သွားကြမယ်ဟေ့၊ ကားအဆင်သင့်ဖြစ်ပြီ"

အပြင်မှ ခေါ်သံ ပြောသံများကြားရသည်။

"မမမိုး....သွားမယ်လေ"

မောင်သန်းတင်လာခေါ်၍ မိုးမိုးအေး ထွက်လာခဲ့သည်။

ကားပေါ်ရောက်တော့ လိုက်ပို့သူများတွင် တစ်ရုံးလုံးမှာ မိန်းကလေးဆို၍ ကိုယ်တစ်ယောက်တည်း။

ကားပေါ်မှာ ယောကျ်ားသားများ စကားတွေ ဆူညံစွာ ပြောဆိုလာကြသည်။

ပြောကြသည့်စကားများမှာ ဦးမြတ်ထွန်းမှာ စည်းကမ်းနှင့် ပတ်သက်လျှင် မာရေကျောရေ ပြောတတ်သော်လည်း စိတ်ရင်းကောင်းပုံ၊ သူတစ်ပါးကို ကူညီတတ်ပုံ၊ သူ့ကြောင့် ကုမ္ပဏီ တိုးတက်လာပုံများဖြစ်သည်။

သူ မရှိတော့သည်ကို စိတ်မကောင်းကြောင်း၊ နှမြောကြောင်း လွမ်းဆွတ်တမ်းတစကားများလည်း ပါသည်။

မိုးမိုးအေး ရင်ထဲမှာ ပို၍ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

ငါတို့ ဘယ်တော့မှ ပြန်တွေ့ကြရမှာလဲ။

တွေ့ရော တွေ့ကြရဦးမှာလား။

သူ စင်ကာပူမှာ အိမ်ထောင်ပြုချင် ပြုမှာပေါ့....

ပြုရင်လဲ ပြုသင့်ပါတယ်လေ....

မိုးမိုးအေး တစ်ယောက်တည်းတွေးရင်း ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။

လေယာဉ်ကွင်းကိုရောက်တော့ ဦးမြတ်ထွန်းကို အနောက်တိုင်းဝတ်စုံနှင့် တွေ့ရသည်။

အနောက်တိုင်းဝတ်စုံကို နက်(က်)တိုင်နှင့်တကွ အပြည့်အစုံဝတ်ထားခြင်း ဖြစ်သည်။





"ဟ....ငါတို့ဆရာက ဒီလိုဝတ်လိုက်တော့ ပိုကြည့်ကောင်းတယ်ကွ"

ဦးအောင်မြင့်က ချီးကျူးနေသည်။

အရပ်မြင့်၍ ကျစ်လျစ်သော ကိုယ်လုံးရှိသောကြောင့် အနောက်တိုင်းဝတ်စုံနှင့် ကြည့်ကောင်းလှသည်ဟု မိုးမိုးအေးကိုယ်တိုင်လည်း ကြည့်မဝဖြစ်နေသည်။

ဦးမြတ်ထွန်းက အားလုံးကို လေဆိပ်မှာ ကော်ဖီနှင့် မုန့်တိုက်ကျွေးသည်။

လေယာဉ်တက်ခါနီးတော့ အားလုံးကို လက်ဆွဲနှုတ်ဆက်သည်။

သို့သော် မိုးမိုးအေးကိုတော့ လက်ပြနှုတ်ဆက်သွားသည်။

မိုးမိုးအေး လက်ပြန်ပြသည်။

ငိုချင်စိတ်ကို အားတင်း၍ ထိန်းချုပ်ထားသည်။

လေယာဉ်ပျံကြီးထွက်သွားသည်အထိ အားလုံးက လက်ပြနှုတ်ဆက်နေကြ၍ မိုးမိုးအေးလည်း စောင့်နေရသည်။

သို့သော် လက်မပြချင်တော့ပါ။

လေယာဉ်ပျံကြီး ကောင်းကင်သို့ တက်သွားသည်ကိုသာ ငေးကြည့်နေမိသည်။

ရုံးမှ ကိုယ့်အခန်းကို ပြန်ရောက်သည်နှင့် ကွန်ပျူတာကို အကွယ်အကာပြုပြီး မိုးမိုးအေး အားပါးတရ ငိုချလိုက်ရပါသည်။

၂၂

## အခန်း(၁၄)

ညနေ ကျောင်းဆင်းတော့ သားငယ်ကို မိုးမိုးအေးက ကျောင်းရှေ့မှ စောင့်ကြိုနေသည်။

သစ်ပင်အောက်မှာ စောင့်နေကျ ကားလေး မရှိတော့တာ ကြာပြီ။

"မင်းကို မင်းဦးဦး ကားနဲ့ လာမကြိုတော့ဘူးလား"

ငြိမ်းချမ်းအေး ညနေတိုင်း ဘတ်စ်ကားနှင့် ပြန်သည်ကို တွေ့နေရ၍ ကျော်ငွေ မေးခြင်းဖြစ်သည်။

"မကြိုတော့ဘူး"

ငြိမ်းချမ်းအေးက ခပ်တိုတိုဖြေသည်။

"ဘာဖြစ်လို့လဲ"

ကျော်ငွေ ဆက်မေးနေသေးသည်။





"ဦးဦးက စင်ကာပူရောက်သွားပြီ"

"ဓကာသွားတာလား"

"အပြီးသွားတာလို့ မေမေက ပြောတာပဲ"

"ဟင်....ဒါဆို မင်းအမြဲတမ်း ဘတ်စ်ကားနဲ့ ပြန်ရတော့မှာပေါ့"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြသည်။

"မင်း ဦးဦးက မင်းကို သိပ်ချစ်တာပဲနော်"

ကျော်ငွေက ငြိမ်းချမ်းအေး၏ လွယ်အိတ်၊ ရေဘူး၊ ထမင်းဘူးများ ဆီးကြိုယူပေးသော ဦးမြတ်ထွန်းကို မြင်ယောင်နေသည်။

"ငါသွားတော့မယ်"

ငြိမ်းချမ်းအေးက မိခင်ရှိရာဆီသို့ ပြေးသွားသည်။

ပြီးတော့ သားအမိနှစ်ယောက် ဘတ်စ်ကားမှတ်တိုင်အထိ လျှောက်ရသည်။

ကားမှတ်တိုင်ရောက်တော့ ကျောင်းဆင်းချိန်မို့ ကိုယ်လိုကားစောင့်သူတွေ အများကြီး ဖြစ်နေသည်။

ဘတ်စ်ကားဘစ်စီးလာတိုင်း အတင်းတိုးတက်ရသည်။

သားအမိနှစ်ယောက် တော်ဇတော်နှင့် ကားပေါ်တက်၍မရ။

သုံးလေးကြိမ် ကြိုးစားပြီးမှ ကားပေါ်ရောက်ရသည်။

ကားပေါ်ရောက်တော့လည်း ထိုင်စရာမရှိ။ မတ်တတ်ပင် ကျယ်ကျယ်ရပ်ခွင့်မရ။

အတိုးခံရ၊ အတိုက်ခံရနှင့် ထမင်းဘူး၊ရေဘူး၊လွယ်အိတ် တို့မှာ မလွတ်မလပ် ဖြစ်နေသည်။

တစ်ခါတစ်ရံ လူကြီးတွေကြားမှာ ငြိမ်းချမ်းအေး ညပ်နေ၍ အသက်ရှူရခက်သောကြောင့် မနည်း တိုးထွက်ရသည်။

အိမ်နားက မှတ်တိုင်ရောက်တော့လည်း သားအမိနှစ်ယောက် မနည်း တိုးဆင်းကြရသည်။

ဦးဦးကားနှင့် ပြန်ရစဉ်က ဤဒုက္ခများကို ငြိမ်းချမ်းအေး ဘာမျှမသိ။

ခုတော့ နေ့စဉ်ကျောင်းဆင်းတိုင်း ဒုက္ခဖြစ်ရသည်။

ဦးဦးကားနှင့် ပြန်ရသည်ကို စိတ်ထဲမှာ တမ်းတမိသည်။

ကားထဲမှာ လေအေးပေးစက်ကြောင့် အေးနေသည်။

ဆေးချင်လျှင် ဟွန်းတီး၍ရသေးသည်။

အိမ်ကို မြန်မြန်ပြန်ရောက်သည်။

ခုတော့ အကြာကြီးနေမှ ရောက်သည်။

ဦးဦးက ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး....

ငါ ဦးဦးနဲ့အတူ ဘယ်တော့မှ ကားစီးရမှာ မဟုတ်တော့ဘူး....

ဦးဦးကို လွမ်းဆွတ်သတိရနေသည်။

"ဒါပေမယ့် ကောင်းတယ်....

ကိုယ့်အတွေးကိုယ် ငြိမ်းချမ်းအေး ပြန်ပြင်လိုက်သည်။

မသွားရင် ဦးဦးနဲ့ မေမေနဲ့ ယူမှာ၊ အောင်ရွှေသိန်း အဘွားနဲ့ အမေပြောတာ မှန်တယ်....





မေမေကိုယ်တိုင် ငါ့ကိုပြောတာ....

မေမေကလည်း ဦးဦးကို ယုံနေတာ....

မေမေနဲ့ မယူရသေးလို့ ကောင်းနေတာ....

ယူပြီးရင် ကောင်းချင်မှ ကောင်းမှာ....

ယူလိုက်ရင် ဦးဦးက ငါ့ပထွေးဖြစ်မှာ....

ကျော်ငွေ့ ပထွေးလို ငါ့ကိုရိုက်ရင်....

ငါ ဦးဦးကို မုန်းမှာ....

ဦးဦးကို ငါချစ်တယ်....

ဦးဦးကို ငါ မမုန်းချင်ဘူး....။

အခန်း (၇၅)

ယနေ့ စနေနေ့ ရုံးပိတ်ရက်ဖြစ်သည်။

မိုးမိုးအေး တစ်ယောက်တည်း မီးဖိုထဲမှာ ချက်ပြုတ်နေ သည်။

ခါတိုင်းဆို ခုလိုရုံးပိတ်ရက်မှာ အစ်ကို အိမ်ရောက်နေ တတ်သည်။ သားနှင့်အတူ ကစားရင်း စကားပြောသံ၊ ရယ် သံများ ကြားနေရသည်။

ခုတော့ အိမ်ရှေ့ခန်းမှာလည်း တိတ်ဆိတ်နေသည်။

ရထားသံကားသံ ဘာမျှမကြားရ....

သားလေး ဘာလုပ်နေပါလိမ့်။





တိတ်ဆိတ်လွန်း၍ မိုးမိုးအေး ထွက်ကြည့်လိုက်သည်။ စားပွဲပုလေးမှာ သား ထိုင်နေသည်။

"သားလေး....ဘာလုပ်နေတာလဲ"

မိုးမိုးအေး လှမ်းမေးလိုက်သည်။

"ပုံဆွဲနေတာ မေမေ"

"အေး....အေး....ကောင်းတယ်၊ ဆွဲ ဆွဲ"

ပုံဆွဲဝါသနာပါသော သား ပုံမဆွဲတာ အတော်ကြာပြီ၊ အရုပ်တွေနှင့်သာ ကစားနေခဲ့သည်။

ခုမှ ပုံပြန်ဆွဲနေ၍ အံ့ဩရသေးသည်။

ကိုယ့်ဘာသာ မီးဖိုချောင်ထဲ ပြန်ဝင်လာခဲ့သည်။ ချက်ရပြုတ်ရသည်ကို စိတ်မဝင်စားသလို ဖြစ်နေသည်။

ခြော်....ငါ့ဘဝမှာ ဘာမှအဆင်မပြေပါလား....

ကိုယ့်ကိုယ်ကို အားငယ်မိသည်။

ကိုယ် မချစ်သူနှင့်ကျတော့ ဝိုင်းဝန်းပေးစားကြသည်။ ညားသွားရတာ လွယ်လိုက်တာ....

ရင်ထဲမှာ နာမိသည်။

ကိုယ့်တကယ်ချစ်သူနှင့်ကျမှ....

ခက်လိုက်တာ၊ နိုင်ငံခြားအထိတောင် ဝေးသွားရတယ်။ အစ်ကို့ကို အချိန်တိုင်း သတိရနေသည်။

အချိန်တိုင်း လွမ်းနေသည်။

ခုမှ ကိုယ့်ဘဝသည် သားလေးအတွက် လုံးဝဖြစ်သွားသည်။

ကိုယ့်အတွက် ဘာဆန္ဒမျှမရှိတော့ပါ။

"မေမေရေ"

သားလေးက အသံပေးပြီး မီးဖိုဘက်ကို လာနေသည်။

သူ့လက်ထဲမှာ ပုံဆွဲစာအုပ်ကို ယူလာသည်။

"ဒီမှာကြည့်၊ လေယာဉ်ပျံကြီး ဆွဲပြီးသွားပြီ"

ငြိမ်းချမ်းအေးက သူဆွဲထားသောပုံကိုပြသည်။

လေယာဉ်ပျံပုံမှန်း သိသာပါသည်။

"ဒါလေယာဉ်ပျံကြီး၊ မိုးပေါ်မှာပျံနေတဲ့ပုံ မေမေ"

ငြိမ်းချမ်းအေး သူ့ပုံကို အဓိပ္ပာယ်ဖွင့်နေသည်။

"ဩော်....ဟုတ်ပါရဲ့၊ သားက ဆွဲတတ်လိုက်တာ"

မိုးမိုးအေး ချီးကျူးလိုက်သည်။

"ဦးဦးစီးသွားတဲ့ လေယာဉ်ပျံကြီး မေမေ၊ ဦးဦးက ဘယ်ကိုသွားတာ"

"စင်ကာပူ"

"စင်ကာပူ၊ ဦးဦး စင်ကာပူကိုသွားတဲ့ လေယာဉ်ပျံကြီး"

မိုးမိုးအေး စိတ်မကောင်းဖြစ်ရသည်။





ဦးမြတ်ထွန်း စင်ကာပူသွားကြောင်း မနေ့ညက သားကို ပြောပြသည်။

လေယာဉ်ပျံကွင်းမှ လေယာဉ်ပျံကြီး တက်သွားပုံကိုပါ လွမ်းလွမ်းဆွေးဆွေးနှင့် ပြောခဲ့မိသည်။

ခုတော့ သားက ထိုပုံကို ဆွဲယူလာသည်။

မိုးမိုးအေး နားလည်ခြင်းနှင့်အတူ သားလေးကို သနားလိုက်မိပါသည်။

## အခန်း (၁၆)

"မမမိုး ပါဆယ်ထုပ်"

မိုးမိုးအေး အခန်းထဲသို့ မောင်သန်းတင် ဝင်လာသည်။

သူ့လက်ထဲမှာ လှပသေသပ်စွာ ထုပ်ထားသော ပါဆယ်ထုပ်တစ်ခု။

"မနေ့က လူကြုံနဲ့ ပါလာတာ"

မောင်သန်းတင်က ပါဆယ်ထုပ်ကို စားပွဲပေါ်တင်ထားခဲ့ပြီး ပြန်ထွက်သွားသည်။

"အေး....အေး၊ ကျေးဇူးတင်ပါတယ်"

ပါဆယ်ထုပ်ပေါ်မှစာကို လှမ်းကြည့်လိုက်သည်။

ငြိမ်းချမ်းအေး....

တစ်ဆင့်/မိုးမိုးအေး

လက်ရေးကို မြင်ရုံနှင့် သိပါသည်။





အစ်ကို စင်ကာပူမှ ပို့လိုက်ခြင်းဖြစ်သည်။

"ဘာတွေပါလိမ့်"

သိချင်သည်၊ ဖောက်ကြည့်ချင်သည်။

သို့သော်....

သားကိုပေးလိုက်တာ၊ သားကိုယ်တိုင် ဖောက်ပါစေလေ။

မိမိအတွက် မပါသော်လည်း ကျေနပ်သည်။

အစ်ကိုက အမြဲတမ်း သားကိုသာ ဦးစားပေးသည်။ သားကို အလေးအနက် သိပ်ထားသည်။

မေ့ထားရာမှ လွမ်းလွမ်းဆွေးဆွေးဖြစ်လာရပြန်သည်။

အစ်ကိုလည်း နိုင်ငံရပ်ခြားကနေလွမ်းနေရှာမှာပါပဲလေ။

ကိုယ်လွမ်းရသည်ထက် သူ လွမ်းရမည်ကို ပို၍ စိတ်မကောင်းဖြစ်ရသည်။

## အခန်း (၇၇)

"ရော့....သား၊ စင်ကာပူကနေ ဦးဦးပို့လိုက်တာ"

ညနေကျတော့ သားလေးကို ပါဆယ်ထုပ် ပေးလိုက်သည်။

ငြိမ်းချမ်းအေး သူ့ဘာသာ ဖောက်နေသည်။

မိုးမိုးအေး ဘေးမှ ထိုင်ကြည့်နေသည်။

အထဲမှ ဘူးလေးတစ်ဘူး ထပ်ထွက်လာသည်။

ထိုဘူးလေးကို ငြိမ်းချမ်းအေး ဖွင့်ပြီး အထဲမှ ပစ္စည်းကို ထုတ်ယူသည်။

"လှလိုက်တာ မေမေရာ"





ငြိမ်းချမ်းအေး တအံ့တသြဖြစ်နေသည်။

ပြောင်လက်တောက်ပသော စန္ဒရားပေါ်မှာ ခြေဖျား ထောက်၍ ရပ်နေသော အဖြူရောင် ဘဲလေး ကချေသည် မလေးဖြစ်သည်။

ငြိမ်းချမ်းအေးကိုင်ကြည့်ရင်း ခလုတ်ကလေးတစ်ခုကိုတွေ့၍ နှိပ်လိုက်သည်။

သံစုံတီးသံများ ထွက်ပေါ်လာ၍ ဘဲလေးကချေသည်မလေးက စန္ဒရားပေါ်မှာ လှည့်ပတ်ပြေးလွှားကနေသည်။

ငြိမ်းချမ်းအေး လက်ခုပ်တီး၍ အားပေးရင်း သဘောကျစွာ ရယ်နေသည်။

တီးလုံးဆုံးတော့ ကချေသည်မလေး ရပ်သွားသည်။

ငြိမ်းချမ်းအေး ခလုတ်ကို နောက်တစ်ခါ ထပ်နှိပ်သည်။

တီးသံပြန်ထွက်လာသည်။ ကချေသည်မလေး ကပြန်သည်။

"အထုပ်ထဲမှာ နောက်ထပ် ကျန်သေးတယ်ထင်တယ်"

မိုးမိုးအေး သတိပေး၍ ငြိမ်းချမ်းအေး ပါဆယ်ထုပ်ထဲကို ကြည့်လိုက်သည်။

"ဟုတ်တယ်....ကျန်သေးတယ် မေမေ"

ဘူးပြားပြားလေးတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုဘူးလေးကို ဖွင့်ကြည့်တော့ ရောင်စုံခဲတံလေးတွေထွက်လာသည်။

"ဟာ....ပုံဆွဲခဲတံလေးတွေ မေမေ"

ငြိမ်းချမ်းအေး သဘောကျနေသည်။

"ဦးဦးစီးသွားတဲ့ လေယာဉ်ပျံကြီးကို ရောင်စုံခြယ်မယ်နော် မေမေ"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"အထဲမှာ ကျန်သေးတယ်"

မိုးမိုးအေး မြင်နေရသည်။

ငြိမ်းချမ်းအေး ပါဆယ်ထုပ်ထဲမှ ထပ်ပြီး နှိုက်ယူလိုက်သည်။

ဘူးလေးတစ်ခုနှင့် ထည့်ထားသည့် အကောင်းစား ချောကလက်များ။

ငြိမ်းချမ်းအေး တစ်ခုကို ယူစားလိုက်သည်။

"သိပ်ကောင်းတာပဲ မေမေ၊ ရော့....တစ်ခုစား"

ငြိမ်းချမ်းအေးက တစ်ခုယူပေးသည်။

မိုးမိုးအေး ခေါင်းယမ်းပြလိုက်သည်။

မျက်လုံးမှာ မျက်ရည်များ ရစ်ဝဲနေပြီ။

"မေမေ....ဦးဦးကို လွမ်းလို့လား"





မိုးမိုးအေး ခေါင်းညိတ်ပြရင်း မျက်ရည်များ ကျလာသည်။

"သားလဲ လွမ်းတာပဲ မေမေ၊ စက်ဘီးစီးရင်လဲ ဦးဦးကို လွမ်းလို့ မစီးဘဲနေတာ၊ ရထားလေးနဲ့ ဆော့ရင်လဲ ဦးဦးကို လွမ်းတာပဲ၊ ဝက်ဝံလေးနဲ့ ဆော့ရင်လဲ လွမ်းတာပဲ"

"သားရယ်"

မိုးမိုးအေး သားငယ်ကို ရင်ခွင်ထဲမှာ ဆွဲယူပွေ့ပိုက်၍ ဝမ်းနည်းစွာ ငိုချလိုက်ပါသည်။

အခန်း (၁၁)

နေ့လယ် ကျောင်းဆင်းချိန်မှာ ထမင်းစားပြီးသည်နှင့် ငြိမ်းချမ်းအေးက ကျော်ငွေကို ချောကလက်တစ်ခု ကျွေး၏။

"ကောင်းလိုက်တာကွာ"

ကျော်ငွေ စားရင်းနှင့် အံ့ဩနေသည်။

"အဲဒါ ငါ့ဦးဦး စင်ကာပူကနေ ပို့လိုက်တာကွ၊ မင်းကို ငါပြဦးမယ်"

ငြိမ်းချမ်းအေးက သူ့လွယ်အိတ်ထဲမှ ရောင်စုံခဲတံဘူးလေးကို ထုတ်ပြသည်။

"ဒါလဲ ဦးဦး စင်ကာပူကနေ ပို့လိုက်တာပဲ"

ကျော်ငွေ ခဲတံရောင်စုံဘူးလေးကို ကိုင်ကြည့်သည်။





ငြိမ်းချမ်းအေး၏ ဘေးတစ်ဖက်တွင်ထိုင်သော ဝင်းထူး ဆိုသည့် ကောင်လေးက ပုံဆွဲဝါသနာပါသူဖြစ်၍ ထမင်းစား သည်ကို ရပ်ပြီး လှမ်းကြည့်နေသည်။

"ငါ့ပြစမ်းပါ"

ဝင်းထူးက တောင်းကြည့်ပြီး သဘောကျနေသည်။

"မင်းဦးဦးက မင်းကို သိပ်ချစ်တာပဲနော်"

ကျော်ငွေ သဘောကျစွာ ပြောခြင်းဖြစ်သည်။

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြသည်။

"အိမ်မှာ တီးလုံးနဲ့ကတဲ့ ဘိုမရုပ်လေး ရှိသေးတယ်ကွ၊ ဦးဦး ပို့လိုက်တာပဲ"

ငြိမ်းချမ်းအေးက ထပ်ကြွားနေသေးသည်။

"ဟိုကောင် အောင်ရွှေသိန်း ပြောသလို မင်းဦးဦးက မင်းမေမေနဲ့ မယူဘူးလား"

"မယူဘူးကွ၊ ငါက မေမေ့ကို မယူရဘူးလို့ ပြောထားတယ်"

"ဟင်....ဘာဖြစ်လို့လဲ"

"ယူရင် ဦးဦးက ငါ့ပထွေး ဖြစ်သွားမှာပေါ့ကွ"

"ဖြစ်တော့ ဘာဖြစ်လဲ"

"ဖြစ်ရင် မင်းပထွေးလို ငါ့ရိုက်မှာပေါ့ကွ"

"ရိုက်မှာ မဟုတ်ပါဘူး၊ မင်းဦးဦးက မင်းကိုချစ်တာပဲ"

"ဒါက မေမေနဲ့ မယူခင်မို့ ချစ်တာပဲ၊ ယူပြီးရင် ငါ့ကို ရိုက်မှာပေါ့"

ကျော်ငွေ ခေါင်းယမ်းလိုက်သည်။

"ငါတို့ပထွေးက အစကတည်းက ငါတို့ကို ချစ်မှမချစ်ဘဲ၊ မင်းဦးဦးက မင်းကို ချစ်တာပဲ"

"မင်းအဒေါ်ကြီးက ပြောတယ်ဆို၊ ပထွေးဆိုရင် ဘယ် ပထွေးမှ မကောင်းဘူးတဲ့"

ကျော်ငွေ ပြုံးသည်။

"ဟိုကောင်ကို မေးကြည့်ပါလား"

ကျော်ငွေက ငြိမ်းချမ်းအေး၏ တစ်ဖက်မှာ ထမင်းဘူ သိမ်းနေသော ဝင်းထူးကိုပြသည်။

"သူက ဘာသိမှာလဲ"

"ညနေတိုင်း သူ့ကို စက်ဘီးနဲ့ လာကြိုတဲ့လူကြီး တွေ တယ်မဟုတ်လား"

ငြိမ်းချမ်းအေးက ကျော်ငွေ့ကို ခေါင်းညိတ်ပြလိုက်၏

ဝင်းထူးလက်မှ လွယ်အိတ်၊ ရေဘူး၊ ထမင်းဘူးကို ဦးဦ လိုပင် ဆီးကြိုယူသည်။ ဝင်းထူးကို စက်ဘီးပေါ် မ့တ ပေးသည်။

ဝင်းထူးက စက်ဘီးနောက်မှ ထိုင်၍ ထိုလူကြီးခါး ဖက်ပြီးစီးသည်။

ငြိမ်းချမ်းအေးက ညနေတိုင်း တွေ့နေရသည်။





"အဲဒါ သူ့ပထွေးတဲ့၊ သူ့ကို ရိုက်လား မေးကြည့်ပါ လား"

"ဝင်းထူး....မင်းပထွေးက မင်းကို ရိုက်လား"

"ငါ့မှာ ပထွေးမှမရှိဘဲ"

ဝင်းထူးပြောပုံက မကျေမနပ်ဖြစ်သည်။

"မင်းကို စက်ဘီးနဲ့ လာကြိုတဲ့ လူကြီးက...."

ကျော်ငွေ ထောက်မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒါ ငါ့အဖေပဲ၊ ငါ အဖေလို့ ခေါ်တာ"

"အဲဒါ မင်းအဖေရင်း မဟုတ်ဘူး၊ မင်းပထွေးတဲ့၊ ငါလဲ အစက မသိပါဘူး၊ ဟိုကောင် အောင်ရွှေသိန်းနဲ့ ရွှေကြိုင် တို့နေ့က ပြောနေကြလို့ သိတာ၊ မင်းအဖေက သေသွား ပြီတဲ့၊ ဟုတ်လား"

"ဟုတ်တယ်၊ သေသွားပြီ"

ဝင်းထူး ဝန်ခံသည်။

"ဒါဖြင့် ဒီလူကြီးက...."

ငြိမ်းချမ်းအေး ယောချာအောင် ထပ်မေးသည်။

"သူကလဲ ငါ့အဖေပဲ"

ငြိမ်းချမ်းအေး နားလည်သွားပါပြီ။

"အဲဒီလူကြီးက မင်းကို ချစ်လား"

"ချစ်တာပေါ့"

"မင်းကို မရိုက်ဘူးလား"

"တစ်ခါမှ မရိုက်ဘူး"
"မင်းကကော အဲဒီလူကြီးကို ချစ်လား"
"ချစ်တာပေါ့"
ငြိမ်းချမ်းအေး သဘောကျသွားသည်။
"ရော့....မင်း ချောကလက်တစ်ခုစား"
"ငါ မစားချင်ဘူး၊ ငါပုံဆွဲရင် အဲဒီခဲတံဘူး ငှားမလား"
ဝင်းထူးက ခဲတံရောင်စုံဘူးကိုသာ စိတ်ဝင်စားနေသည်။
"ငှားမယ်၊ ရော့....ချောကလက်စား"
ဝင်းထူး ချောကလက်ကို ယူစားလိုက်သည်။

❚

ဝင်း[illegible]
ဖက်ပြီးစီးသည်။
ငြိမ်းချမ်းအေးက ညမ[illegible]



အခန်း (၁၉)

မိုးလေးက တဖြောက်ဖြောက်ကျ၍ ညသည် အေးအေး ချမ်းချမ်း ဖြစ်နေ၏။

မိုးမိုးအေးနှင့်ငြိမ်းချမ်းအေး သားအမိနှစ်ယောက် အိပ်ရာထဲမှာ ရောက်နေကြပြီ။

"မေမေ"

သား၏ ခေါ်သံကြောင့် မိုးမိုးအေး သားဘက်သို့ လှည့်လိုက်သည်။

"ဦးဦးနဲ့ မေမေနဲ့ ယူလိုက်ရင် ဦးဦးက သားပထွေး ဖြစ်လာမှာပေါ့နော်"

"ဟင်...."

သားထံမှ မမျှော်လင့်သော မေးခွန်းကြောင့် မိုးမိုးအေး တအံ့တသြဖြစ်ရသည်။

သားမှာ ဤအတွေး ဤအသိများ ဘယ်လိုရသည်ဆိုတာကိုလည်း နားမလည်နိုင်အောင် ဖြစ်ရသည်။

"သား ဘာဖြစ်လို့ အဲဒီလို မေးတာလဲ"

"သားသူငယ်ချင်း ကျော်ငွေရဲ့ အမေက ခု သူ့ဦးလေးလို့ ခေါ်နေတဲ့ လူကြီးကို ယူလိုက်တော့ အဲဒီလူကြီးက သူ့ပထွေး ဖြစ်လာတယ်တဲ့"

ကျောင်းမှာ ကလေးချင်းပြောသော စကားများမှ နားလည်လာခဲ့သည်ကို မိုးမိုးအေး ဆက်စပ်စဉ်းစားရသည်။

"ဦးဦးဟာ ဦးဦးပဲပေါ့ သားရယ်"

"ဦးဦးနဲ့ မေမေနဲ့ ယူပြီးရင် ဦးဦးက သားပထွေး ဖြစ်လာမှာတဲ့"

"ဘယ်သူက ပြောတာလဲ သား"

"အောင်ရွှေသိန်း ပြောတာ"

"ဪ"

သိနေခဲ့သော အကြည့်မျက်လုံးများထဲမှ ထွက်ပေါ်လာသော စကားလုံးများ၏ ဒဏ်ချက်သည် ကလေး၏ နူသော နှလုံးသားကို ထိခိုက်စေခဲ့သည်ဟု မိုးမိုးအေး နားလည်လိုက်ပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဦးက သားကို ချစ်တာပါပဲ သားရယ်"

"ကျော်ငွေ့ပထွေးက သူ့အမေနဲ့ မရခင်တုန်းက သူတို့ကို မုန့်တွေ စားရေတွေ ဝယ်ကျွေးတယ်တဲ့၊ သူ့အမေနဲ့လည်း ရပြီးရော သူတို့မောင်နှမကို နေ့တိုင်းရိုက်တယ်တဲ့"





"ဪ"

သားနှလုံးသားမှာ ထိမှန်ထားသော ဒဏ်ချက်များကို ပို၍ သိမြင်လာရပါသည်။

"ဗီဒီယိုကြည့်လို့ ကျော်ငွေ့ကျောမှာ ရိုက်ထားတဲ့ အရှိုးရာတွေ အများကြီးပဲ....

"မုန့်ဖိုးတောင်းလို့ နားရင်းရိုက်တာ နားအူသွားတယ်တဲ့....

"ကျော်ငွေ့ကို သား သိပ်သနားတာပဲ မေမေ"

ကျော်ငွေ့ကျောမှာ အရှိုးရာများသည် သား၏ နှလုံးသားမှာ ဒဏ်ရာများ ဖြစ်သွားသည်ဟု မိုးမိုးအေး နားလည်လိုက်ရပြန်ပါသည်။

"ဟိုညကလေ၊ အိပ်မက်ထဲမှာ ကျော်ငွေ့ပထွေးနဲ့ တွေ့တယ်၊ သူက ကျော်ငွေ့ကို အဘင်းရိုက်နေလို့ သားကဝင်ဆွဲတော့ သားကို အတင်းရိုက်လို့ သား လန့်အော်တာ"

"ဪ...ဖြစ်မှဖြစ်ရလေ သားရယ်"

သား ဖျားသောညက ကြောက်တယ်....ကြောက်တယ်ဟု လန့်အော်သည်ကို မိုးမိုးအေး သတိရမိသည်၊

"ဦးဦးကလဲ သား ပထွေး ဖြစ်လာရင် သားကို ရိုက်မှာ ကြောက်တယ် မေမေ"

"ဪ....သားရယ်၊ မဟုတ်တာ၊ ဦးဦးက သားကို သိပ်ချစ်တာပဲ၊ ဘယ်ရိုက်ပါ့မလဲ၊ ဦးဦးက စိတ်ရင်းလဲ သိပ်ကောင်းတဲ့လူပါ"

"ကျော်ငွေ့ပထွေးက ကျော်ငွေ့ကို ဘာလို့ရိုက်တာလဲ"

"သူက ကျော်ငွေ့ကို မချစ်လို့ဖြစ်မှာပေါ့ သားရယ်၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တူပါ့မလဲ"

"ဟုတ်တယ် မေမေ၊ ဝင်းထူးရဲ့ပထွေးကျတော့ ဝင်းထူးကို မရိုက်ဘူးတဲ့၊ ချစ်လဲချစ်တယ်တဲ့၊ ညနေ ကျောင်းဆင်းရင် ဝင်းထူးကို စက်ဘီးနဲ့ လာကြိုတယ်"

"အဲဒီလိုပေါ့ သားရယ်၊ လူတိုင်း မဆိုးပါဘူး၊ ဦးဦးကဆိုရင် သားကိုချစ်လို့ မေမေနဲ့ ခင်ခဲ့ရတာပါ"

"သားက ပထွေးဖြစ်လာရင် ရိုက်မှာ ကြောက်တယ် မေမေ"

"မဟုတ်တာဘဲ သားရယ်၊ ပထွေးလို့လဲ မစဉ်းစားပါနဲ့၊ ဦးဦးဟာ ဦးဦးပဲပေါ့၊ သားကို ဘယ်တော့မှ ရိုက်မှာမဟုတ်ပါဘူး"

"ကျော်ငွေ့ပထွေးလို ဦးဦးကလဲ မေမေနဲ့ ယူပြီးရင် သားကို ရိုက်မှာကြောက်လို့ ဦးဦးကိုမယူဖို့ သားက ပြောခဲ့တာ"

ဩော်....စောစောကသာ သိခဲ့ရင် ကောင်းမှာ....

ခုတော့ ပြဿနာကို မိုးမိုးအေး သိပါပြီ။

မိုးမိုးအေး ကြောက်ခဲ့သော ပတ်ဝန်းကျင်၏ ရိုက်ခတ်ချက်သည် လူကြီးများကိုသာ မဟုတ်၊ ကလေးများမှာအထိ ရှိခဲ့လေသည်။

"ဦးဦးသိရင် စိတ်မကောင်းဖြစ်မှာ သားရယ်၊ ဦးဦးက သားကို သိပ်ချစ်တာပါ၊ သားက သဘောမတူဘူးဆိုတော့





မေမေက ဦးဦးနဲ့ တစ်ရုံးတည်းမှာ အလုပ်မလုပ်ချင်တော့ဘူးလေ၊ ဒါနဲ့ အလုပ်ထွက်စာ တင်တယ်....

"အဲဒီတော့ ဦးဦးက မေမေ အလုပ်မရှိရင် သားအမိနှစ်ယောက် ဒုက္ခဖြစ်မှာစိုးလို့ အလုပ်မထွက်ပါနဲ့၊ ဆက်လုပ်ပါတဲ့၊ သူ စင်ကာပူသွားပါ့မယ်ဆိုပြီး သွားတာ"

"ဟင်....ဦးဦး သနားပါတယ်"

"ဦးဦးက မေမေနဲ့ ယူမယ်ဆိုတာလဲ သားကိုချစ်လို့ပါ၊ သားကို အနီးကပ် စောင့်ရှောက်နိုင်အောင်လို့ပါ၊ ဟိုညက သားဖျားတယ်၊ ဦးဦး မရှိတော့ မေမေ တစ်ယောက်တည်း ဒုက္ခဖြစ်တယ်၊ ဦးဦးကိုဖုန်းနဲ့ဆက်ပြီး အခေါ်ခိုင်းရတယ်....

"ဦးဦးက ဒီအိမ်လေးမှာ သားရယ်၊ မေမေရယ်၊ သူရယ် သုံးယောက်အတူတူ ပျော်ပျော်ရွှင်ရွှင်နေချင်တာ"

"အဲဒီလိုနေရင် ပျော်စရာကောင်းမှာနော် မေမေ"

"ပျော်စရာသိပ်ကောင်းမှာပေါ့ သားရယ်"

"သားလဲ ဦးဦးကို မလွမ်းရတော့ဘူး"

"ဒါပေါ့သားရယ်"

"ဒါဆို ဦးဦးကို ပြန်ခေါ်လိုက်ပါလား မေမေ၊ လေယာဉ်ပျံကြီးနဲ့ ပြန်လာပေါ့"

မိုးမိုးအေး ရင်ထဲမှာ ဝမ်းသာနေပါသည်။

လွယ်မည်ထင်ခဲ့သော ကိစ္စသည် ပြဿနာကြီး တစ်ခုအဖြစ် မကြာခဏ ကြုံတွေ့ခဲ့ရသည်။

ခုကျတော့လည်း ထိုအခက်အခဲမှာ လွယ်ကူစွာ ဖြေရှင်း၍ ပြီးသွားပြန်သည်။

အစ်ကိုသိရင် သိပ်ဝမ်းသာမှာပဲ....

ဦးမြတ်ထွန်းထံသို့ အမြန်ဆုံး အကြောင်းကြားရန် မိုးမိုးအေး ဆုံးဖြတ်လိုက်သည်။

"ကဲ....သားက ခေါ်စေချင်ရင် ဦးဦးဆီကို မေမေ မနက်ဖြန်ခါ စာရေးပြီး ပို့လိုက်မယ်နော်"

ငြိမ်းချမ်းအေး ခေါင်းညိတ်သည်။

"ဦးဦး ပြန်လာရင် သားရယ်၊ ဦးဦးရယ်၊ မေမေရယ် အတူတူနေကြမယ်နော်"

"နေမယ်"

မိုးမိုးအေး ရင်ထဲမှာ ကြည်နူးပျော်လေး ပျော်နေရပါပြီ။

အစ်ကိုနှင့် ဝေးခဲ့ပြီထင်ထားရာမှ ပြန်နီးရဦးတော့မည်။

မိုးမိုးအေး အိပ်နေရာမှ ထ လိုက်သည်။

"သားလေး၊ အိပ်တော့နော်၊ မေမေ ဦးဦးဆီကိုစာရေးလိုက်ဦးမယ်"

ငြိမ်းချမ်းအေး ခေါင်းညိတ်ပြပြီး မျက်လုံးလေး မှိတ်၍ အိပ်လိုက်သည်။



အခန်း (၉၀)

ယနေ့ ရုံးတက်ရသည်ကို မိုးမိုးအေး ပျော်နေသည်။

အလုပ်လုပ်ရသည်မှာလည်း သွက်လက်မြူးကြွ ဖြစ်နေသည်။

ယခင်ရက်များက လွှမ်းလွှမ်းငေးငေးနှင့် ဆွေးဆွေးမြည့်မြည့် ခံစားရသော အလုပ်ခန်းသည် ခုတော့ ပျော်စရာ ဖြစ်နေသည်။

အစ်ကို မရှိသော်လည်း အနီးမှာ အစ်ကို ရောက်နေသလိုပင် ခံစားရသည်။

မနေ့ကပင် အစ်ကို့ထံ စာထည့်လိုက်ပြီဖြစ်သည်။

စာဖတ်ရလျှင် အစ်ကို သိပ်ဝမ်းသာလိမ့်မည်။

တယ်လီဖုန်း ဆက်ချင်ဆက်လိမ့်မည်။

"မမမိုး....မမမိုး"

မောင်သန်းတင် အပြေးအလွှား ဝင်လာသည်။

“ဟဲ့....မောင်သန်းတင်၊ ဘာဖြစ်လာတာလဲ”

“ဆရာ ဆုံးသွားပြီ မမမိုး”

“ဟင်....ဘယ်ကဆရာလဲ မောင်သန်းတင်”

မိုးမိုးအေး ထိတ်လန့်သွားသည်။

“ဆရာ ဦးမြက်ထွန်း”

“အို....”

မိုးမိုးအေး အသက်ရှူရပ်သွားသလိုပင် ခံစားရသည်။

“ဘယ်လိုဖြစ်လို့လဲ မောင်သန်းတင်”

“ဇင်ကာပူကနေ ပီနန်သွားတာဘဲ၊ ပီနန်ရောက်ခါနီးမှ ဆရာတို့ကားနဲ့ ကားကြီးတစ်စီးတိုက်ပြီး ကားလေးတစ်စီးလုံး မီးလောင်သွားတယ်တဲ့၊ ကားပေါ်ပါတဲ့ လူအားလုံးတစ်ယောက်မှ မရှင်ဘူးတဲ့၊ ဆရာဦးအောင်မြင့်ဆီ စင်ကာပူက ဖုန်းဆက်တယ်”

ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်။

မိုးမိုးအေး ရင်ထဲမှာ ဆို့နစ်နေသည်။

အော်ဟစ်ငိုပစ်လိုက်ချင်သော်လည်း ငို၍မရ။

မျက်ရည်များကတော့ အဆက်မပြတ်စီးကျနေသည်။

အပြင်မှာလည်း ပြောကြဆိုကြသံများ ကြားနေရသည်။

ဦးအောင်မြင့်ကိုယ်တိုင် မိုးမိုးအေး အခန်းသို့ ရောက်လာသည်။

မိုးမိုးအေး မျက်ရည် တွေတွေကျနေလျက် မတ်တတ်ရပ်လိုက်သည်။





“ထိုင်ပါမိုးမိုး....ထိုင်ပါ၊ကြားရတဲ့သတင်းကတော့ စိတ်မကောင်းစရာပဲဗျာ”

“တကယ်ရော ဟုတ်ရဲ့လား ဆရာ”

“အင်း....အဲဒီလို မေးလောက်အောင်ကို မယုံနိုင်စရာပါပဲဗျာ”

“ဘယ်သူဖုန်းဆက်တာလဲ ဆရာ”

မိုးမိုးအေး မယုံချင်သေး။

“သူ့ဌေးကိုယ်တိုင် ဆက်တာ”

မိုးမိုးအေး မေးစရာမရှိတော့ပါ။

မယုံချင်၍ မရတော့မှန်း သိလိုက်ရပြီ။

မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး မိုးမိုးအေး ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ဦးအောင်မြင့်ကိုယ်တိုင်လည်း မျက်ရည်များ ရစ်ဝဲလျက်။

## အခန်း (၉၁)

ငြိမ်းချမ်းအေး စက်ဘီးလေးကို ကိုင်ကြည့်နေသော်လည်း ဘီးစီးချင်စိတ်မရှိ။

ဦးဦးဝယ်ပေးသော စက်ဘီး။

ဦးဦးကို သတိရသည်။

ဦးဦး သေသွားပြီ။

ဦးဦးကို ဘယ်တော့မှ မတွေ့ရတော့ဘူးဟု မေမေပြောသည်။

ဦးဦးကို သနားသည်။

ဧည့်ခန်းထဲမှာ ဦးဦးပေးထားသော အရုပ်ကလေးတွေ။

မီးရထားလမ်းပေါ်မှာ ရပ်လျက်ရှိနေသော ရထားလေး။

ဝက်ဝံရုပ်လေး။





စန္ဒရားနှင့် ကချေသည်မလေး။

အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်။

အရုပ်ကလေးများကိုကြည့်ရင်း ငြိမ်းချမ်းအေး ငိုချင်လာသည်။

မျက်ရည်များက စီးကျလာသည်။

ဝက်ဝံရုပ်ကလေးကို ရင်မှာပိုက်ထားလိုက်သည်။

သားကို လှမ်းကြည့်ပြီး မိုးမိုးအေး မျက်ရည်မဆည်နိုင်ဖြစ်ရသည်။

ကိုယ့်တာဝအကျိုးပေးကို စိတ်မကောင်းဖြစ်ရသည်။

သားက သဘောတူပြီဆိုတော့ ငမ်းသာခဲ့ရသည်။

သုံးယောက်မိသားစုလေး ပျော်ရွှင်စွာ တည်ဆောက်လို့ရပြီဟု စာရေးပေးလိုက်ခါမှ ထိုစာကိုပင် အစ်ကို ဖတ်မသွားရသောအဖြစ်ကို ရင်ထဲမှာ ကြေကွဲစွာ ခံစားရသည်။

သားလေးကို အားပေးရန်အတွက် မိုးမိုးအေး အိမ်ရှေ့ခန်းသို့ လာခဲ့သည်။

သားလေးခမျာ အရုပ်တွကြားမှာ ငြိမ်သက်စွာ ထိုင်လျက်။

## အခန်း (၉၂)

"မိုးမိုးရေ....မိုးမိုးရေ"

အိမ်ရှေ့မှ ခေါ်သံကြား၍ မိုးမိုးအေး ထွက်ကြည့်လိုက်သည်။

အို....ဒေါ်တင်တင်မော်။

ဝင်းတံခါးမှာ ရပ်နေသော ဒေါ်တင်တင်မော်ကို တွေ့ရသည်။

လမ်းပေါ်မှာ လေးဘီးကားလေးတစ်စီး ရပ်စောင့်နေသည်။

"ဒေါ်ဒေါ့ကို တံခါးဖွင့်ပေးပါဦး သမီးရယ်"

တစ်ခါမျှ မခေါ်ဖူးသော အခေါ်အဝေါ်ဖြစ်သည်။





ဒေါ်တင်တင်မော်မှာ ပိန်ချုံးချည့်နဲ့၍ မကျန်းမမာ ဖြစ်နေဟန်တူသည်။

"ဘာကိစ္စရှိလို့လဲ အန်တီ"

ပြတ်ခဲ့ပြီးသော ဇာတ်လမ်းများကို မိုးမိုး အခန့်မဆက်ချင်။

"သမီးရယ်....မြေးကလေးရယ်၊ အန်တီနဲ့အတူ လာနေကြပါကွယ်"

ငြိမ်းချမ်းအေးပါ အိမ်ရှေ့သို့ ထွက်လာသည်။

"မြေးလေး....မြေးလေး၊ ဘွားဘွားမြေးလေး"

ဒေါ်တင်တင်မော် လှမ်းခေါ်သော်လည်း ငြိမ်းချမ်းအေး မမှတ်မိပါ။

"အန်တီ မှားခဲ့တဲ့ဒဏ်တွေ အန်တီ ခံရပြီးပါပြီကွယ်၊ သမီးအပေါ်မှာ အန်တီ အနိုင်ကျင့်ခဲ့မိတာတွေအားလုံးကို တောင်းပန်ပါတယ်ကွယ်"

မိုးမိုးအေး အားနာစိတ်ကြောင့် တံခါးဖွင့်ပေးလိုက်သည်။

ဒေါ်တင်တင်မော် အိမ်ထဲသို့ လိုက်လာသည်။

"ထိုင်ပါ အန်တီ"

ဧည့်ခန်းမှာ ထိုင်မိကြသည်။

"မြေးလေး....ဘွားဘွားဆီလာပါဦး"

ဒေါ်တင်တင်မော်က ခေါ်သော်လည်း သားငယ်က မသွား။

မိုးမိုးအေးရင်ခွင်မှာ ဝင်ထိုင်သည်။

"အန်တီ ကျန်းမာရေးလဲ မကောင်းတော့ပါဘူးကွယ်၊ ကိုယ့်ဘာသာ သိပါတယ်၊ နှလုံးရောဂါက တော်တော်ဆိုးနေတော့ ကြာကြာနေရမှာလဲ မဟုတ်ပါဘူး၊ အန်တီ့မှာ ရှိတဲ့ ပစ္စည်းဥစ္စာအားလုံး သမီးတို့ သားအမိပဲ ပေးခဲ့ချင်ပါတယ်၊အန်တီသေရင် သမီးတို့သားအမိပဲ ဆက်ခံရမှာပါ၊ အန်တီနဲ့ လာနေပေးကြပါ"

မိုးမိုးအေး ဘာမှ မပြောသေးဘဲ နားထောင်နေသည်။

ဒေါ်တင်တင်မော်၏ပုံမှာ စိတ်မာန်ကျနေပြီ ဖြစ်သည်ကိုတော့ သိသာ မြင်သာသည်။

"အန်တီ့အခြေအနေကို ကြည့်ပြီး ယောကျ်ားဘက်က တူမတွေက လာနေပေးချင်ကြဘယ်....

"ဒါပေမယ့် အန်တီသိပါတယ်၊ အန်တီ သေသွားရင် သူတို့က အန်တီ့စည်းစိမ်အားလုံး အပိုင်သိမ်းချင်လို့....

"တကယ်ကတော့ ဒီဥစ္စာတွေအားလုံး သားသေသွားရင် သားကမွေးတဲ့ မြေးလေးပဲ ရသင့်တယ်၊ ဒီအထဲမှာ မိုးမိုးရဲ့ စည်းစိမ်ဥစ္စာလဲ အများကြီး ပါနေတယ်....

"အဲဒီတော့ မိုးမိုးတို့ သားအမိပဲ ရသင့်တယ်....

"အန်တီ့မှာ အားကိုးစရာလဲ မရှိပါဘူး၊ အားကိုးသင့်တဲ့လူကို ရှာကြည့်တော့ သမီးကိုပဲ တွေ့ပါတယ်....

"အန်တီမသေခင် မြေးလေးနဲ့ သမီးနဲ့ အတူနေပါရစေ"





စွန့်ပစ်ခဲ့ပြီးသော စည်းစိမ်ဥစ္စာကို မမက်တော့ပါဘူးဟု မိုးမိုးအေး သံယောဇဉ် ဖြတ်နိုင်သော်လည်း ဒေါ်တင်တင်မော် ပြောသည်မှာ သဘာဝကျသည်ဟု မိုးမိုးအေး စဉ်းစားမိသည်။

ဤပစ္စည်းဥစ္စာများကို မဆိုင်သူကရမည့်အစား တရားဝင်ဖြစ်သော သားလေးသာ ရသင့်သည်။

"အန်တီ့ကို တစ်ခုတော့ ပြောချင်တယ်၊ သားက ခုဆိုရင် စည်းနဲ့ကမ်းနဲ့ ဖြစ်နေတယ်၊ အန်တီ အလိုလိုက်ရင် သား ပြန်ပျက်သွားမှာ စိုးတယ်"

"အန်တီ ကတိပေးပါတယ်၊ သမီးစီစဉ်သလို နေပါမယ်၊ မသေခင် မြေးလေးနဲ့အတူနေပြီး မြင်နေရရင် ကျေနပ်ပါတယ်"

"သားကျောင်းအတွက်တော့ အခက်အခဲရှိတယ်"

"သားကို အိမ်နားက ကျောင်းမှာပဲ ပြောင်းလိုက်ရင် ရပါတယ် သမီးရယ်"

"ကောင်းပြီလေ၊ မိုးမိုး ပစ္စည်းကို မက်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အန်တီ့ကို သနားလို့ ပြောင်းနေပေးပါမယ်၊ အန်တီ့ကို မိခင်တစ်ယောက်လိုလဲ ပြုစုပါ့မယ်၊ ဒါပေမယ့် အရင်တုန်းကလိုလုပ်ရင်တော့ မိုးမိုး ချက်ချင်း ဒီအိမ်ကို ပြန်ပြောင်းလာမှာနော်"

မိုးမိုးအေး စကားပြတ်အောင် ပြောထားရခြင်းဖြစ်၏။

"ပြောင်းပါ သမီးရယ်၊အန်တီ သမီးပြောတဲ့အတိုင်း နေပါမယ်၊ သမီးမှာ စိတ်ထားကောင်းရှိတာ အန်တီသိပါတယ်၊ သမီးလိုက်နေပေးဖို့ စဉ်းစားတာကိုလဲ သိပ်ကျေးဇူးတင်ပါတယ်ကွယ်"

"သားလေး....အဲဒါ သားအဘွား၊ သွားလိုက်ပါဦး"

ငြိမ်းချမ်းအေးက အဘွားဆီသို့ လျှောက်သွားသည်။

"ဩော်....လိမ္မာလိုက်တာ မြေးလေးရယ်"

ငြိမ်းချမ်းအေးကို ပွေ့ဖက်ထားရင်း ဒေါ်တင်တင်မော်မျက်ရည်များ စီးကျလာပါသည်။



## အခန်း (၄၃)

"မမမိုး....မမမိုး"

မိုးမိုးအေးအခန်းထဲသို့ မောင်သန်းတင် အပြေးအလွှားဝင်လာသည်။

"ဟဲ့....မောင်သန်းတင် ဘာဖြစ်လို့လဲ"

"ဆရာဦးမြတ်ထွန်း မသေဘူး မမမိုး"

"ဟင်....ဘယ်သူပြောတာလဲ မောင်သန်းတင်"

"ဆရာဖုန်းဆက်နေတယ်၊ မမမိုးနဲ့ စကားပြောချင်လို့တဲ့၊ ဦးအောင်မြင့်အခန်းမှာ"

"အေး....အေး"

မိုးမိုးအေးရင်ထဲမှာ လှုပ်ရှားရလွန်းသည်။

ဦးအောင်မြင့်အခန်းသို့ ပြေးလုနီးပါး မြန်မြန်လေးသွားနေမိသည်။

အခန်းထဲရောက်တော့ ဝမ်းသာပြုံးနှင့် ဦးအောင်မြင့်က မိုးမိုးအေးကို တယ်လီဖုန်း လှမ်းပေးသည်။

"မိုးမိုးပါ အစ်ကို"

" "
.... .... ....

"ဝမ်းသာလိုက်တာ အစ်ကို"

" "
.... .... ....

"မိုးမိုးရော သားရော ငိုကြရတယ် အစ်ကို"

မိုးမိုးအေးက ပြောရင်းမှ မျက်ရည်များ ရစ်ဝဲလာသည်။

" "
.... .... ....

"မိုးမိုးရေးလိုက်တဲ့စာ ဖတ်ပြီးပြီ၊ ဟုတ်လား"

" "
.... .... ....

"သားကို ပြောလိုက်ပါ့မယ် အစ်ကို"

" "
...............

"ရှင် အစ်ကိုပြန်လာဦးမယ် ဟုတ်လား"

" "
...............

"ဟုတ်ကဲ့ပါ အစ်ကို"

" "
...............

"သားကို ပြောပြပါ့မယ် အစ်ကို၊ သားလဲ သိပ်ဝမ်းသာမှာပါ"

" "
...............

"ဟုတ်ကဲ့၊ ဝမ်းသာနေပါတယ် အစ်ကို"

" "
...............

"မျှော်နေမှာပေါ့"

" "
...............

မိုးမိုးအေး၏ ပါးပြင်လေးများ နီသွားသည်။





မိုးမိုးအေး တယ်လီဖုန်းကို ပြန်ချလိုက်ပါသည်။

မျက်နှာပေါ်မှာ ရှက်ပြုံးတွေနှင့်။

ဆရာဦးအောင်မြင့်ကို မလုံမလဲ လှမ်းကြည့်သည်။

မိုးမိုးအေးကိုကြည့်ပြီး ဦးအောင်မြင့် ပြုံးနေသည်။

"ရှက်မနေပါနဲ့ မိုးမိုး၊ ဦးမြတ်ထွန်း မသွားခင်ကတည်းက ကျွန်တော့်ကို အားလုံး ပြောပြခဲ့ပါတယ်"

"ရှင်"

ခုမှ ပိုရှက်မိသည်။

"ဦးမြတ်ထွန်း ဆုံးပြီဆိုတော့ ကျွန်တော်တို့ အားလုံး မိုးမိုးအတွက် ပိုပြီး စိတ်မကောင်းဖြစ်ကြရတယ်"

"အားလုံးသိနေကြတာလား ဆရာ"

"အင်း....အတော်များများ သိနေကြပါတယ်၊ တချို့က တော့ ရိပ်မိနေကြတာပါ၊ မိုးမိုးတော့ အတော်ခံစားလိုက်ရမှာပဲ"

"ခံစားရတာပေါ့ဆရာ"

"ခုတော့ ဝမ်းသာစရာဖြစ်နေပြီပေါ့"

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

"သတင်းမှားပေးတဲ့လူလဲ အပြစ်တင်လို့ မရဘူးလေ၊ ဦးမြတ်ထွန်းက အဲဒီကားနဲ့ ပါသွားတာကိုး၊ ကွာလာလမ်ပူမှာ ဆင်းနေခဲ့တာ သိမှမသိဘဲ"

"အဲဒါကို တော်တော်နဲ့ မသိကြတာ ပိုဆိုးတာပေါ့ ဆရာ"

"ဒီလိုလေ....ဦးမြတ်ထွန်းဝင်နေခဲ့တဲ့ စက်ရုံက ကွာလာ၊ လမ်ပူမှာ ဆိုပေမယ့် မြို့ပေါ်မှာ မဟုတ်ဘူးလေ၊ မြို့နဲ့ အတော်သွားရသေးတယ်၊ ရာဘာခြံတွေရှိတဲ့ ရွာကြီး တစ်ရွာမှာဆိုတော့ ကားမှောက်တဲ့ သတင်းကို ဦးမြတ်ထွန်းလဲ မသိဘူး....

"ဟိုလူတွေ ပြန်လာမယ်ထင်ပြီး စောင့်နေတာ ငါးရက် အထိ ပြန်မလာမှ သူ့ဘာသာ စင်ကာပူ ပြန်လာရတာ၊ အဲဒီကျမှ အဖြစ်မှန် သိကြရတာ"

"သူပြန်လာမှာ စက်ရုံကိစ္စလို့ ပြောတယ်၊ အဲဒီစက်ရုံပဲ လား ဆရာ"

"ဟုတ်တယ်၊ မြန်မာပြည်မှာ ဖက်စပ်ရာဘာစက်ရုံတစ်ခု တည်ဆောက်ဖို့ နေရာလာကြည့်ကြမှာ၊ အင်း....စက်ရုံနေရာ လဲကြည့်ရင်း ငါတို့ရုံးက အံချောအလှလေးကိုလဲကြည့်ရင်း ပေါ့ ဟုတ်လား....ဟား....ဟား....ဟား"

ဦးအောင်မြင့်က သူ့စကားသူ သဘောကျပြီး တဟား ဟားရယ်နေ၍....

"ဆရာကလဲ"

မိုးမိုးအေး ပါးပြင်လေးများ ပန်းနုရောင်ဖြစ်သွားကြရ ပြန်သည်။



## အခန်း (၄၄)

ယနေ့ တစ်ရုံးလုံး ပျော်နေကြသည်။

ဦးမြတ်ထွန်း မြန်မာပြည်ပြန်ရောက်ပြီး နောက်တစ်နေ့ မှာပင် မိုးမိုးအေးနှင့် လက်ထပ်၍ ရုံးသူရုံးသားများအား လုံးကို ညနေစာနှင့် မင်္ဂလာညစာခံပွဲ ကျင်းပသောကြောင့် ဖြစ်သည်။

တင်နွယ်လတ်၊ ကိုမျိုးအောင်တို့ မောင်နှမကိုလည်း မိုးမိုးအေးနှင့် ဦးမြတ်ထွန်းဖိတ်၍ တက်ရောက်ကြရသည်။

သားငယ်လေး ငြိမ်းချမ်းအေးမှာ ဦးမြတ်ထွန်းသွားလေ ရာ-လက်ကိုဆွဲပြီး တတွဲတွဲပါနေသည်။

မင်္ဂလာဆွေခံပွဲမှာ မိုးမိုးအေး၏မိခင်အဖြစ် ဒေါ်တင်တင်မော် တက်ရောက်သည်။

မိုးမိုးအေး ပြောပြသည်ကို ဒေါ်တင်တင်မော်က သဘောတူ ကြည်ဖြူသည်။

သူ့မြေးလေးကို ချစ်မြတ်နိုးသူအဖြစ် မြင်ရသောအခါ ဒေါ်တင်တင်မော် ပိုပြီးဝမ်းသာနေသည်။

"သမီးရော မောင်မြတ်ထွန်းပါ အန်တီတို့အိမ်ကို အမြန်ဆုံး ပြောင်းလာကြပါကွယ်၊ မောင်မြတ်ထွန်းကိုလဲ သမီးနဲ့ ပတ်သက်ပြီး သားလိုချစ်ပါ့မယ်"

ဒေါ်တင်တင်မော်မှာ လုံးဝပြောင်းလဲသွားလေပြီ။

"အစ်ကိုက အခု အလုပ်တွေများနေသေးလို့ပါ အန်တီ၊ ဒီမှာ တစ်ပတ်လောက်နေပြီးရင် စင်ကာပူ ပြန်သွားရဦးမှာ၊ စက်ရုံတည်ပြီးရင်တော့ သူပြန်လာရမှာပါ၊ အဲဒီကျမှပဲ သမီးတို့ ပြောင်းလာကြပါမယ်၊ အခုတော့ သားကလဲ ကျောင်းပြောင်းမရသေးလို့ပါ"

"အေးပါ သမီးရယ်၊ အန်တီ့ရဲ့ နောက်ဆုံးအချိန်လေးမှာ ခုလို ဝမ်းသာစရာလေးတွေဖြစ်လာရတာ သမီးကို ကျေးဇူးတင်ပါတယ်ကွယ်"

"ငါတော့ နင်နဲ့ သားလေးနှစ်ယောက်လုံးအတွက် သိပ်ဝမ်းသာတာပဲ"





တင်နွယ်လတ်က မိုးမိုးအေး၏ လက်ကို တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်သည်။

"နင့်စေတနာကို သိပါတယ် သူငယ်ချင်းရယ်၊ ကျေးဇူးတင်ပါတယ်"

ထိုအချိန်တွင် ဦးမြတ်ထွန်း၊ ဦးအောင်မြင့်၊ ကိုမျိုးအောင်တို့ဝိုင်းဆီမှ ထွက်ပေါ်လာသော ရယ်သံကို ကြားလိုက်ရသည်။

မင်္ဂလာပွဲလေးမှာ ပျော်စရာ၊ ကြည်နူးစရာများနှင့် ပြည့်စုံစွာ ပြီးစီးသွားပါသည်။

## အခန်း (၉၅)

မင်္ဂလာပွဲလေး ပြီးသောအခါ ဦးမြတ်ထွန်း၊ မိုးမိုးအေးနှင့် ငြိမ်းချမ်းအေးတို့ ကားကလေးနှင့် အိမ်ပြန်လာကြသည်။

လမ်းမှာ လျှပ်စီးများတဝင်းဝင်းလက်နေသည်။ ကောင်းကင်မှာ မိုးသားတိမ်လိပ်များ တရိပ်ရိပ်တက်၍ မိုးထစ်ချုန်းသံများကို ကြားနေရသည်။

"မိုးရေ၊ ဒီနေ့ညလဲ မိုးရွာဦးမယ် ထင်တယ်နော်"

"ရွာရင် ကောင်းတာပေါ့အစ်ကို"

မိုးရွာသော ညတစ်ညမှာ စ,ချစ်ခဲ့ရသည်ကို သတိရ၍ မိုးမိုးအေး ပြောလိုက်ခြင်းဖြစ်သည်။





"မိုးရွာရင် ဘာလို့ကောင်းတာလဲ မေမေ"

သားငယ်၏ အမေးကြောင့် ဦးမြတ်ထွန်းနှင့် မိုးမိုးအေး ရယ်မိကြသည်။

"မိုးရွာတော့ အေးသွားလို့ ကောင်းတာပေါ့ကွ"

ဦးမြတ်ထွန်းက အဆင်ပြေအောင် ဖြေလိုက်သည်။

အိမ်ပြန်ရောက်ကြသောအခါ မိုးမိုးအေးနှင့် ဦးမြတ်ထွန်းတို့ ရည်မှန်းခဲ့သည့်အတိုင်း သားအမိသားအဖ သုံးယောက် အတူတကွ ဆုံစည်းကြရသည်မှာ ပို၍ပျော်စရာဖြစ်ရသည်။

ငြိမ်းချမ်းအေးလည်း အပျော်ကြီး ပျော်နေသည်။

မီးရထားရော၊ ဝက်ဝံရော၊ စန္ဒရားနှင့်ကသည့် အရုပ်ကလေးပါ တစ်ပြိုင်တည်း ခလုတ်များ နှိပ်ထား၍ တစ်အိမ်လုံး ဆူညံနေသည်ကို ကြည့်ပြီး ဦးမြတ်ထွန်းနှင့် မိုးမိုးအေးပါ ပျော်နေကြသည်။

"ဟော....မိုးတွေရွာလာပြီ"

အပြင်မှာ မိုးက သဲသဲမဲမဲ ရွာနေပြီ။

ညအိပ်ကျတော့ မင်္ဂလာခန်းနှင့် မင်္ဂလာ ခုတင်ကို ကုမ္ပဏီ အလုပ်သမားများက အလှပဆုံး ပြင်ပေးထားကြသည်။

သို့သော် အိပ်စက်ကြသောအခါ....

မင်္ဂလာခုတင်မှာ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီးနှစ်ယောက်လည်း မဟုတ်။ မင်္ဂလာသားငယ်လေးက အလယ်မှာ အိပ်လျက်။ နှစ်ယောက်စလုံး၏ ရင်ဘတ်များပေါ်မှာ သူ့လက်ကလေးနှစ်ဖက်ကို ဖြန့်တင်ထားသည်။ သူ့ခြေထောက်နှစ်ဖက်ကိုလည်း တစ်ယောက်စီအပေါ်မှာ လှမ်းတင်ထားသည်။

ဦးမြတ်ထွန်းနှင့် မိုးမိုးအေး၏ လက်တစ်ဖက်စီက သားအပေါ်မှာ တင်ပြီး တစ်ဦးလက်ကိုတစ်ဦး တင်းကျပ်စွာ ဆုပ်ကိုင်ထားကြသည်။

လယ်တွင်းသား စောချစ်

၁၆-၄-၉၅ သင်္ကြန်အတက်နေ့
၁၄း၃၀ နာရီ

ပြုံးပန်းတစ်ရာစာပေ